
NYI SAY
MYANMAR EBOOK CREATOR

# နေမင်းတစ်ထောင်

[ပဉ္စမတွဲ]

ဆင်ဖြူကျွန်းအောင်သိန်း

ပုဂံစာအုပ်



www.facebook.com/NyisayEbookCreator
www.nyisay.com

ပုဂံစာအုပ် အမှတ် ၂၈၄

# နေမင်းတစ်ထောင်

(ပဌမတွဲ)

ဆင်ဖြူကျွန်းအောင်သိန်း

ပုဂံစာအုပ်တိုက်

www.facebook.com/NyisayEbookCreator
www.nyisay.com

# နေမင်းတစ်ထောင် (ပဋ္ဌမတွဲ)

## ဆင်ဖြူကျွန်းအောင်သိန်း

| | | |
|---|---|---|
| စာမူခွင့်ပြုချက်အမှတ် | ♦ | ၅၀၀၁၅၆၀၅၀၂ |
| မျက်နှာဖုံးခွင့်ပြုချက်အမှတ် | ♦ | ၅၀၀၂၄၂၀၅၀၃ |
| ပုံနှိပ်ခြင်း | ♦ | ပထမအကြိမ်၊ ၂၀၀၅၊ ဩဂုတ် |
| အုပ်ရေ | ♦ | ၁၀၀၀ |
| မျက်နှာဖုံးပန်းချီ | ♦ | ညီလှ |
| ကွန်ပျူတာစာစီ | ♦ | ပုဂံစာအုပ်တိုက် |
| မျက်နှာဖုံးနှင့်အတွင်းပုံနှိပ်သူ | ♦ | ဒေါ်နီနီခိုင် (၀၇၁၃၅)၊ သီရိမေရောင်စုံပုံနှိပ်တိုက်၊အမှတ် (၁၉)၊ လမ်း ၉၀၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ |
| ထုတ်ဝေဖြန့်ချိသူ | ♦ | ဒေါ်ခိုင်ခိုင်ဦး (ယာယီ ၈၇၉)၊ ပုဂံစာအုပ်တိုက်၊ အမှတ် ၈၀၉(A)၊ ဗေယျာသုခလမ်း၊ မေတ္တာညွန့်ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ |

www.facebook.com/NyisayEbookCreator
www.nyisay.com

# နေမင်းတစ်ထောင် စတုတ္ထတွဲ အကျဉ်းချုပ်

သင်္ကြန်ကာလတွင် မင်းကြောင်ထိုးရန်အတွက် ရွာထိပ်တွင် မင်းကြောင်ရုံ ဆောက်သည်။ မင်းကြောင်ဆရာမှာ ဘသာဒွေးဖြစ်၍၊ အထိုးခံမည့်သူ ကိုးယောက်ရှိသည်။ ငသိုင်းမှာ မယ်ကျော့က အထိုးခိုင်းသောကြောင့် မင်းကြောင်ရုံသို့ ရောက်လာသော်ငြား၊ မင်ခံပုဆိုးရက်ပေးရန် မတောင်းခံရဲသဖြင့် အမေ့ထံတွင် ပူဆာရသည်။

သို့သော် မင်းကြောင်အထိုးခံသူများထဲတွင် ဝဲမှောင်တွင်ထိုးသူ ငသိုင်းမှာ အမေ ရက်လုပ်ပေးသော 'ရာပုဆိုး' ကို မင်ခံသဖြင့် လူကြီးသူမတွေက သာဓုခေါ်ကြသည်။ ငသိုင်း၏ညီ ငကျိုင်းကား ယာမှောင်တွင် ထိုးသူ ဖြစ်စေကာမူ အရွယ်မရောက်သေးပေ။ ငကျိုင်းကို အပျိုတွေ ဝိုင်းဝန်းပြုစုနေကြစဉ် သူ့အဖေက ထမ်းခေါ်သွား၏။

အိမ်သို့ ငလှိုင်းပြန်မလာသဖြင့် ဇနီးမယ်ဒေါင်းလှက ပုရပိုက်တစ်လွှာကိုင်ပြီး ဆရာဖေထံ လာရောက်တိုင်ကြားသည်။ စာမှာ သားငယ်မယားငယ်ထားသည့် ရည်းစားစာမဟုတ်။ ကျက်လိုသောကြောင့် ကူးထားသည့် မောင်စံသူ့မှာတမ်းဖြစ်သည်။ သူတို့ လင်မယား ထိထိုးရန် တိုင်ပင်နေကြစဉ် မင်းသား မောင်မောင်ဘ ရောက်လာသည်။

ရတနာပုံ ဒုတိယနန်းစံမင်းလက်ထက်တွင် ပေါ်ပေါက်လာသော ထိအမျိုးမျိုးကြောင့် လူအများ အတိဒုက္ခရောက်ရပုံများကို ပြောရာက မှာတမ်းရွတ်တတ်သူ ရောက်လာသဖြင့် အရွတ်ခိုင်းသည်။ သို့သော် ရန်သူကုလားဖြူကို တိုက်ရမည့်အချိန်တွင် စိတ်ဓာတ်ပျော့ညံ့စရာ ပေါ်လာသော မှာတမ်းကို ဆရာဖေ မကြိုက်ပေ။

ငလှိုင်း၏ဇနီးမှာ နားတောင်းကို ၁၅ ကျပ်ဖြင့် ရောင်းပြီး၊ ၂ ကျပ်တန် ထီငါးစောင်ထိုးသည်။ မုချထီပေါက်တော့မည်ဆိုကာ ရုံတော်ကြီးသို့

www.facebook.com/NyisayEbookCreator
www.nyisay.com



သွားသည်။ ငလှိုင်းက စိတ်မချသဖြင့် လိုက်သွားသည်။ ထိဖွင့်ပွဲအပြီးတွင် လင်မယား၊ မောင်နှမ၊ သားအမိတို့ဖြစ်ကြသော ရန်ပွဲတွေ လမ်းဘေးတွင် ပြည့်နေ၏။ ငလှိုင်းကဇနီးကို ချော့မော့ပြီး ပြန်ခေါ်လာသည်။

သိုင်းသည် မြဖူးနှင့် ကလေးတစ်ယောက်ရပြီးမှ ကျော့ခင်ကို တန်းတန်းစွဲကာ ဗလက္ကာရပြုစဉ် ကိုယ့်ဓားဖြင့်ကိုယ်ထိုးမိသဖြင့် ကျော့ခင် ကွယ်လွန်သွားသည်။ သိုင်းလည်း အချောက်ချောက်အချားချား ဖြစ်နေရာက၊ အစ်ကိုငလှိုင်းထံသို့ စိတ်ပြေလက်ပျောက် ရောက်သွားလေသည်။ အောက်အရပ်ရှိ အဘိုးအဘွားထံသွားလျှင် ရထားပေါ်၌ ကုလားနှင့်ဆုံရမည် စိုးသဖြင့် သင်္ဘောစီးသော်လည်း ကုလားနှင့် မလွတ်။ စဥ့်ကူတွင်ဆင်းမည့် ဦးမှဲ့၊ ဒေါ်ဖဲ၊ သမီးကျေးဥတို့နှင့် သိသည်။ သေသူကျော့ခင်ကိုချည်း မြင်ယောင်ကာ ရေထဲခုန်ချသဖြင့် ဦးမှဲ့က ဆင်းဆယ်ကာ အိမ်သို့ သယ်လာ ပြီး၊ အထင်လွဲစိတ်ဖြင့် ခွဲခွာကြရပြီး၊ အစ်ကိုငလှိုင်းထံ ရောက်လာခြင်း ဖြစ်သည်။

ကျိုင်းသည် သင်္ဘောဆိပ်သို့ လှည်းဖြင့် ကုန်စည်ပစ္စည်းပို့ပြီး နားနေစဉ်၊ မြန်မာစစ်သည်တွေနှင့် အမြောက်တွေ စုန်ဆင်းသွားသည်ကို မြင်သဖြင့် အိမ်သို့ အမြန်ပြေးလာ၏။ မြန်မာနှင့် အင်္ဂလိပ်တို့စစ်ဖြစ်ပြီ။ မြန်မာနှင့် ပြင်သစ်တို့ ချုပ်ဆိုသောစာချုပ် အတည်မဖြစ်မီ၊ ပျဉ်းမနား ဘက်တွင် ဘုံဘေဘားမားကုမ္ပဏီ သစ်ခိုးသဖြင့် ဒဏ်တပ်သည်ကို အကြောင်းပြုပြီး မသင့်လျော်သော တောင်းဆိုမှုတွေ တောင်းဆိုရာမှ စစ်ပြုရာ မြန်မာတို့က ခုခံတိုက်ခိုက်သော စစ်ပွဲဖြစ်သည်။ ကိုမိုးကောင်းမှာ အသက် ကြီးသောကြောင့် စစ်သားဖြစ်ခွင့်မရှိသော်ငြား၊ နယ်စပ်ရှိ ရန်သူ့ရိက္ခာစခန်းကို ဖျက်ဆီးပြီး ပုလိပ်သေနတ်တွေ လုလာပြီးနောက် ထူးပေါက်ခံကတုတ်ကို ရန်သူအတိုက်တွင် ခုခံမည်သွားသည်။ ထူးပေါက်ကျသွားပြီးပြီ။

ကိုမိုးကောင်းနှင့် ငချွဲ၊ ငဝဲတို့သည် မီးတိုက်ခံရသော ရွာများမှ

www.facebook.com/NyisayEbookCreator
www.nyisay.com


ရွာသားများ၊ အစော်ကားခံရသော မောင်ဖွားများကို စုဆောင်းပြီး၊ ကုလားဖြူ ကုလားနက်များကို လိုက်လံသတ်ဖြတ်သည်။ အီတာလီယံ အင်ဂျင်နီယာ နှစ်ယောက်သည် ခံတပ်တွေ၏ မြေပုံများကို ရန်သူ့ထံအပ်နှံပြီး လက်နက်ချသဖြင့် ငွေးချောင်းခံတပ်နှင့် မင်းလှခံတပ် လျင်မြန်စွာကျဆုံးပြီးနောက် ဘုရင်မင်းမြတ်သည် လက်နက်ချအပ်ကြရန် အမိန့်ထုတ်ပြန်၏။ မြင်းခြံနှင့် အဝကို ရန်သူသည် အခုအခံမရှိဘဲ သိမ်းပိုက်ပြီးနောက် ဂေါဝိန်ဆိပ်သို့ ရောက်လာ၏။

တိုင်းသူပြည်သားများမှာ ရန်သူနှင့် စစ်ဖြစ်နေသည်ကို မသိသောကြောင့် အထူးအဆန်းအဖြစ် ဝိုင်းကြည့်နေကြသည်။ ဆရာဖေနှင့် ငလှိုင်းတို့ရောက်လာကာ ဆဲဆိုအော်ဟစ်နေချိန်တွင် အရှင်နှစ်ပါးမှာ သူရိယသင်္ဘောပေါ်သို့ ရောက်သွားကြပြီ။ ငလှိုင်းသည် မင်းသား မောင်မောင်ဘနှင့် ပါသွားကာ ရှင်အာသဘ၊ မောင်မောင်လတ်တို့နှင့်အတူ ပုန်ကန်တိုက်ခိုက်သည်။ တောင်ဥယျာဉ်တော်အတွင်း၌ ကုလားတွေ စားသောက်ပွဲကျင်းပနေစဉ် အတိုက်အခိုက်ခံရ၍ စုံစမ်းသောအခါ ဆီးပင်ကြီးစခန်းကို အခြေပြုထားသော ဗိုလ်ထိပ်တင်ဦး (ရှင်အာသဘ)၏ တပ်ကို စုံစမ်းရရှိပြီး၊ သွားရောက်တိုက်ခိုက်သည်။ အရေးနိမ့်ပြီး ဆုတ်ခွာ သွားရသည်။

ထိပ်တင်ဦးသည် မြင်စိုင်းမင်းသားအဖြစ် နာမည်ကြီးလာသည်။ တောင်ငူကြောင်းချီ တပ်မတော်သားများနှင့် မျိုးချစ်များဝင်ရောက်လာသောအခါ အင်အားကြီးလာသည်။ ကျောက်ဆည်ဘက်သို့ ရွှေ့လာသည်။ ဆီးကြို့ခုခံရန် တပ်အဆင့်ဆင့်ချထားသည်။

မမင်းဘော်တို့ သုံးအိမ်ထောင်မှာ ယောကျ်ားသနာဟူ၍ ကျိုင်း တစ်ယောင်သာရှိကာ၊ ကျီးလန့်စာစားနေကြရသည်။ လူငါးကျိပ်ခန့်ရှိသော တောကြောင်များက ဒင်္ဂါးတစ်ထောင်၊ ထမင်းအိုး ၂၀ လာတောင်းစဉ်

www.facebook.com/NyisayEbookCreator
www.nyisay.com



မြင်းစီးကြီးဦးရွှဲနှင့် ဦးမိုးကောင်းတို့ တပ်ရောက်လာသဖြင့် တောကြောင်များ ထွက်ပြေး၏။

သေိုင်းမှာ ကျိုင်းခွင်တောင်သို့ ရောက်နေသည်။ ထိုနေရာမှာ ဝန်းသို စော်ဘွားကြီး ဦးအောင်မြတ်၏တပ်နှင့် လက်အောက်ခံ မြတောင်ဗိုလ်၏ တပ်များ ရှိသည်။ ကောလင်းကို ဝိုင်းထားကြစဉ် စော်ဘွားကြီးထံမှ အမိန့် ရောက်လာသောကြောင့် တပ်ဆုတ်ခဲ့ရရုံမက တပ်ပါ ဖျက်လိုက်ရသော သေိုင်းနှင့် မြတောင်ဗိုလ်မှာ စလေသား ငပြေန့်ကို အမှိုပြုလျက် စလေဘက်သို့ ရွေ့လာကြ၏။ ထို့နောက် မြစ်အနောက်ဘက် ကျပင်းသို့ရောက်လာကြ၏။

မောင်မောင်လှိုင်းပါသော မြင်စိုင်းမင်းသား၏တပ်မှာ မောင်နိုးဆိုသူ သစ္စာဖောက်သဖြင့် တပ်မကြီးရှိသော ရွာခိုင်တပ် အတိုက်ခံရပြီး၊ အင်အားတိုးသည်ထက် တိုးလာသဖြင့် စစ်မျက်နှာဖြန့်ကာ ထိုးစစ်ဆင်နေစဉ် မင်းသားမှာ ဆင်ဖြူမြို့၌ အဖျားရောဂါဖြင့် နတ်ရွာစံ၏။ သို့ကြောင့် မောင်မောင်လှိုင်းမှာ မန္တလေးရှိ ဇနီးနှင့် ကလေးကိုခေါ်ပြီး ဆင်ပေါင်ဝဲသို့ ပြန်ရကောင်းနိုးဖြစ်နေစဉ် တောင်တွင်းကြီး၌ ဇာတ်မင်းသားအဖြစ် ဇာတ်မြှုပ် နေသော ကြည့်မြင်တိုင်မင်းသား၏တပ်သို့ ရောက်သွားလေ၏။

အရေးပိုင်စကော့သည် ကြည့်မြင်တိုင်မင်းသားကို လက်ရဖမ်းဆီး လိုငြား၊ သူ့တပ်ချည်းအမှည့်ခြွေ အခြွေခံရသည်။ မင်းသားမှာလည်း ရှာငန် ဘက်ရှိ အရပ်အနေကောင်းသောနေရာတွင် စိတ်ချလက်ချအိပ်စဉ် အတိုက် ခံရပြီး ကျဆုံးသည်။ မင်းသား၏အပါးတော်မြဲ မောင်မောင်လှိုင်းမှာ စိတ်ဓာတ် ကျဆင်းနေစဉ် ဗိုလ်တုတ်ကျော်ထံသို့ မြင်းမဏိတောင်ရှိ ဗိုလ်မင်းရောင်ထံမှ ငါးရာတပ်တစ်တပ် ခုနစ်ရက်မျှ လာရောက် ကူညီပါရန် မေတ္တာရပ်ခံစာ ရသဖြင့် နတ်မောက်တောင်တွင်းသို့ ရောက်ရပြန်၏။

ကိုမိုးကောင်း၏သမီး မိအိုးသည် သောထွန်းနှင့် အကြောင်းပါပြီး၊ ရေနံချောင်းရှိ ရေနံတွင်းများ၌ ရေနံခပ်သားလုပ်နေသည်။ မြန်မာမင်း

www.facebook.com/NyisayEbookCreator
www.nyisay.com


ရန်သူ့လက်သို့ ပါသွားချိန်တွင် ကိုယ်ပိုင်လက်တွင်းတစ်တွင်း ပိုင်သဖြင့် အခြေအနေ ကောင်းစပြုသည်။ မြစ်ထဲရှိ ရေနံလှေတွေ၊ ရေနံသင်္ဘောတွေ မီးလောင်သောတစ်ညတွင် မိအိုးတို့နွားတင်းကုပ်ထဲသို့ မိစ္ဆာဒိဋ္ဌိမောင်းနှင်ရေး တပ်သားတစ်ယောက် ရောက်လာသည်။ မိစ္ဆာဒိဋ္ဌိဆန့်ကျင်ရေးတွင် မပါဝင်ရသဖြင့် နေမထိထိုင်မသာဖြစ်နေသော မိအိုးမှာ သူ့အဖေ၊သူ့မောင်တွေနည်းတူ တိုက်ခိုက်နေသော အမည်မသိ မျိုးချစ်ပြည်ချစ် သူရဲကောင်းတစ်ယောက်အား တတ်စွမ်းသမျှ ကျွေးမွေးလိုက်ရ၊ အဝတ်အထည် ငွေကြေးပေးလိုက်ရသဖြင့် ကျေနပ်နေလေ၏။

◈

www.facebook.com/NyisayEbookCreator
www.nyisay.com

# နေမင်းတစ်ကောင်

ဆင်ဖြူကျွန်းအောင်သိန်း

(ပဌမတွဲ)

# ၁၀

ရန်သူ၏ မှန်ပြောင်းတွင်းသို့ မြေနီတောင်ကုန်းတွေ လှိုင်းနီထဘိသို့ စီရီဆင့်ပိုးလျက် ဝင်လာသည်။ မြဒေါင်းလံကို ဝင့်ကြွားစွာ လွှင့်ထူထားသော သူသည် မည်သူနည်း။

ကပ္ပတိန်သည် စက်ကင်း လက်ဖတင်နင်လက်သို့ မှန်ပြောင်းကမ်းပေး၏။ ဓားကိုင်၊ လှံကိုင်၊ ဒူးလေးကိုင်၊ သေနတ်ကိုင် မျိုးချစ်ပြည်ချစ်ရဲမက်များမှာ ကျောပြောင်ပြောင်နှင့် ပုဆိုးခါးတောင်းကျိုက်က များသည်။ အင်္ကျီနှင့်လူကား ပါလေကာမျှသာရှိသည်။ အလံကိုင်သူ မည်သူဖြစ်ကြောင်း စက်ကင်း လက်ဖတင်နင်လည်း မသိ။ ခေါင်းယမ်းပြကာ မှန်ပြောင်းကို ကပ္ပတိန်လက်သို့ ပြန်ပေးလိုက်သည်။

"ဗိုလ်ရွှဲတပ်က မဟုတ်တာ သေချာတယ် ကပ္ပတိန်"

ကုလားဖြူကပ္ပတိန်သည် တောင်ပြိုသည့်နှယ် လိမ့်ဆင်းလာသော ရဲမက်များကို မှန်ပြောင်းဖြင့် ဆက်လက်ကြည့်ရာက "ရွှေလရောင်တပ်က

www.facebook.com/NyisayEbookCreator
www.nyisay.com


ဖြစ်ရမယ်" ဟု ပြောသည်။ ထို့နောက် အမြောက်တပ်ကိုပါ ပစ်ရန်အကွာအဝေးနှင့် ဒီဂရီညွှန်းလျက် ပစ်ခတ်မိန့်ပေးသည်။

ရန်သူ၏ မှန်ပြောင်းတွင်းသို့ ဝင်လာသည့် ရဲမက်များမှာ မင်းကြီးရွှေလရောင်၏ တပ်ဖြစ်သည်။ သို့ရာတွင် ပင်းဘက်မှ ရွေ့လာသော ဦးစံထွန်း၏တပ်နှင့် ငလှိုင်း၏တပ်များလည်း ပါလာသည်။ ရှေ့ဆုံးမှ အလံကိုင်လျက် ချီတက်လာသူကား ငလှိုင်းပေတည်း။

ရန်သူသည် မင်းလှခံတပ်ကြီးကိုပင် နိုင်အောင်တိုက်ခိုက်သိမ်းပိုက်နိုင်ပါလျက် ဗိုလ်ရွဲကိုကား မခုခံနိုင်ပေ။ သို့အတွက် မင်းလှမှထွက်ပြေးကာ မြင်ကွန်းတွင် ခိုလှုံနေခြင်းဖြစ်သည်။

ဗိုလ်ရွဲ၏နယ်ပယ်က ကျယ်ဝန်းလွန်းသည်။ မြင်ကွန်းရှိ ရန်သူကို စစ်ကူမရမီ၊ အင်အားမတောင့်တင်းမီ မကွေးဘက်သို့ နှင်ထုတ်လို၏။ သို့ရာတွင် အင်အားနည်းသည်။ သို့အတွက် ဝါးကြီးအိုင်သို့ ဆင်းလာသည့် မင်းကြီးရွှေလရောင်ထံ အကူအညီတောင်းသည်။ မင်းကြီးသည် ဗိုလ်ဆံရှည်၊ ဗိုလ်ဆေးနီတို့၏တပ်များနှင့် ညှိသည်တပ်နှစ်တပ်၊ စုစုပေါင်း လူနှစ်ထောင်ကို စစ်ကူလွှတ်လိုက်သည်။

လူပင်လယ်ကြီးဝေနေခဲ့သည့် တောင်ကုန်းပေါ်သို့ အမြောက်ဆန်များကျရောက်ပေါက်ကွဲသည်။ ကုလားသည် သူတို့၌ သည်မျှအဝေးသို့ လှမ်းပစ်နိုင်သော အမြောက်ရှိကြောင်း မြန်မာတို့သိလျှင် နောက်တွန့်သွားလိမ့်မည်မျှော်လင့်ဟန်ရှိ၏။ မြန်မာကား ဤကဲ့သို့သော ချောက်လှန့်မှုမျိုးကို ပမာထားသူများ မဟုတ်ချေ။ တပ်ဦးသည် မြို့တွင်းသို့ ဝင်လာခဲ့ပြီ။

ကုလားသည် မြို့စွန် ဘုရားတံတိုင်းအတွင်းသို့ ထွက်ပြေးသည်။ အမြောက်လေးလက်ကို မုခ်ဝများ၌ ချထားသည်။

"ဝိုင်းဟ သတ်ဟ၊ တစ်ကောင်မှ မလွတ်စေနဲ့"

မြန်မာတပ်များသည် လေးဖက်လေးတန်မှ ကျယ်လောင်သော ဟစ်

www.facebook.com/NyisayEbookCreator
www.nyisay.com



ကြွေးသံများဖြင့် ဝန်းရံထားသည်။ အချို့သည် တံတိုင်းအတွင်းရှိ ကုလားများကို အပေါ်စီးမြင်ရရန် သစ်ပင်များပေါ်သို့တက်သည်။ ထိုနေရာမှ သေနတ်ဖြင့် ပစ်သည်။

အသံကြီးတွေသာ ကြားရ၏။ လူစုလူအုပ် ထုထည်နှင့် မမြင်ရသည့်အတွက် ကုလားအမြောက်မှာ မပစ်တတ်ဘဲရှိ၏။ သို့ဖြစ်လျှင် ကုလားဖြူ ကုလားနက်တွေ ခြေမကိုင်မိလက်မကိုင်မိဖြစ်အောင် မည်သည့်နေရာမှ အော်နေသနည်း။ အိမ်ကြိုအိမ်ကြားမှ ဖြစ်သည်။

သို့အတွက် ကုလားသည် မြန်မာအိမ်များကိုအမြောက်ဖြင့်ပစ်သည်။ မြို့ပြင်မှ ညာသံပေး ပြေးဝင်လာသံများသည် အမြောက်သံကိုဖုံး၏။ အိမ်တွေ ပြိုကျသည်။ မီးတောက်ကြီးတွေ ထလာသည်။

မြန်မာရဲမက်တွေ သေနတ်ချပြီးမီးငြိမ်းသတ်နေသည်ကို အခွင့်ကောင်းယူကာ ကုလားတပ်ငယ်တစ်တပ် ဘုရားတံတိုင်းထဲမှ ထွက်လာသည်။ မြင်းနှစ်ဆယ်နှင့် ခြေကျင်သမားသုံးဆယ်သည် တဟုန်ထိုးပစ်ခတ်ဝင်ရောက်လာသည်။

"ကျား.... ကျား။ ကျားဘသား ချပါတော့လားဟ"

မြန်မာရဲမက်များသည် အပြိုအပျက်များကြားမှ ခုခံပစ်ခတ်သည်။ သစ်ပင်ပေါ်တက်နေသည့် ရဲမက်များက မြင်းပေါ်သို့ခုန်ချသည်။

"ကျားဘသား၊ ကျား"

ရဲမာန်သွေးသံများနှင့် သေနတ်သံများ လုံးထွေးနေ၏။ မြေပြင်ပေါ်မှ ရဲမက်များက မြင်းပေါ်ခုန်တက်သည်။ ခြေကျင်ကုလားများကို အတင်းဝင်ခုတ်ကြသည်။ ယှဉ်ပြိုင်ဘက် မြန်မာမြင်းတပ်မရှိငြား၊ ကုလားမြင်းတပ်ဆုတ်ပြေးရသည်။ မြင်းတစ်ကောင်နှင့် ကုလားငါးကောင် ကျန်နေခဲ့သည်။

မီးလောင်ပြင်အစပ်တွင် သွေးအိုင်ထွန်းသည်။ အလောင်းများပြန့်ကျဲနေသည်။ ထိုအလောင်းများသည် မြန်မာရဲမက်များအား တွန့်ရွံ့အောင် မတတ်နိုင်။ အသံတွေပိုပြီးများလာသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com


ရန်သူကုလားဖြူ စဉ်းစားရပြီ။

သည်ထုထည်ကြီး ပြိုဆင်းသွားအောင် မည်သို့လုပ်ရမည်နည်း။ လျှပ်တစ်ပြက်ထွက်၍ထွက်၍ တိုက်မည်လော။

ထိုသို့တိုက်လျှင် မြန်မာတွေသေပါလိမ့်မည်။ သို့သော် ကုလားလည်း သေသည်။ ကုလားတစ်ယောက်သေပြီး ကျန်ခဲ့တိုင်း၊ ကုလားကိုပစ်ခတ်မည့် သေနတ်ကောင်းတစ်လက် တိုးလာလိမ့်မည်။ ထို့ပြင် ဘုရားတံတိုင်းအတွင်းမှ ခုခံအားလျော့သွားမည်။

နောက်တစ်ကြောင်း ရှိသေးသည်။

ဤသည်မှာ ညဥ့်အချိန်တွင် အမှောင်အားကိုးဖြင့် ကျော်လွှား ဝင်ရောက်လာမည့် ဓားရဲခုတ်များဖြစ်သည်။

ဓားရဲခုတ်များသည် ရှိန်းဆာယာပိုမောက်ပြီး ကိုယ်ပျောက်သူများ မဟုတ်။ ရှိန်းလည်းမပြီးပါ။ ကုလားများနှယ် သာမန်လူများဖြစ်သည်။

သာမန်လူပင်ဖြစ်ငြား၊ ဓားရဲခုတ်များသည် အသက်ကို မနှမြောကြချေ။ ရန်သူကိုသတ်ရလျှင် မိမိသေပါစေ သဘောထားသူများဖြစ်သည်။ သားရဲ မင်းရဲ စီးနေသူများလည်းဖြစ်ပုံရ၏။

ကပ္ပတိန်လောရင့်သည် အတန်ကြာအောင်စဉ်းစားသည်။ မင်းလှ ခံတပ်ကြီးပေါ်သို့ ထိုးဆင်းနေသည့် နေလုံးကြီးကို လှမ်းကြည့်ရင်း ချိန်ဆ နေသည်။

'....မှောင်သွားရင် အမြောက်တွေ မဆုံးရှုံးနိုင်ဖူးလား....'

ကုလားဖြူစားပြကြီး ချက်ချင်းထရပ်သည်။ အနောက်ဘက်မျက်နှာသို့ အမြောက်လေးလက် ချက်ချင်းစုရုံးရန်နှင့် အမြောက်တွေစုံလျှင် အနောက်ဘက် မြစ်ကမ်းသို့ ဖောက်ထွက်ရန် အမိန့်ပေးသည်။

ထိုအစီအစဉ်အရ ကုလားဖြူ၊ ကုလားနက်များ မြစ်ဖက်သို့ ဖောက် ထွက်သည်။ သေနတ်သံများ မိုးမွှန်အောင် ပစ်ခတ်ပြီး ထွက်ခြင်းဖြစ်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com


မြန်မာရဲမက်များသည် ပြန်လှန်ပစ်ခတ်သည်။ သူဆယ်ချက်ပစ်လျှင် ကိုယ်တစ်ချက်ပစ်သည်။ လက်နက်ချင်းမတူသောကြောင့် လက်ပိုက်ကြည့်မနေ။ ချုံဖုတ်များမှထွက်တိုက်သည်။ ကုန်းကြိုကုန်းကြားမှထွက်တိုက်သည်။

အမိမြေပေါ်တွင် လာရောက်စော်ကား မင်းမူသူကို အဘယ်ကြောင့် ရပ်ကြည့်နေရမည်နည်း။ မြန်မာကို သည်ပုံစော်ကား၍ ရရိုးလား။ လက်နက်ချင်း မတူခါမျှဖြင့် လက်မှိုင်ချကာ ထိုင်နေရိုးလား။ အသက်တစ်ချောင်းသည် အမျိုး၏ ဂုဏ်သိက္ခာနှင့်စာပါက မည်သို့တန်ဖိုးရှိပါသနည်း။

သို့ကြောင့် ဒူးလေးဖြင့် ပစ်သည်။ ဓားဖြင့်ခုတ်၊ လှံဖြင့်ထိုး၊ သေနတ်ဖြင့် ပစ်သည်။ ရန်သူတစ်ယောက်သေလည်း အမြတ်၊ နှစ်ယောက်သေလည်း အမြတ်ပင်။

ရန်သူသည် အရပ်သားလှေများကို လုယူသည်။ အသင့်ဆိုက်ကပ်လာသော ခရီးသည်တင်သင်္ဘောပေါ်မှ ခရီးသည်များကို ပစ္စည်းပစ္စယ၊ ဝန်စည်စလည်များ ယူခွင့်မပြု။ အတင်းမောင်းချကာ အမြောက်လေးလက်တင်ပြီး ထွက်ပြေးလေ၏။

မြန်မာရဲမက်များ ကျဆုံးပါသည်။ သို့သော် အမိမြေအတွက် လူမျိုး၏ ဂုဏ်သိက္ခာအတွက် မြင့်မြတ်သောသေခြင်းဖြစ်သည်။ ထိုပုဂ္ဂိုလ်အတွက်၊ ထိုကဲ့သို့စွန့်လွှတ်သည့်အတွက်၊ ရန်သူ့အလောင်း ငါးလောင်း နောက်ထပ် ရလိုက်ခြင်းဖြစ်သည်။

ရန်သူသည် မြင်ကွန်းမြေမှ ထွက်ပြေးရပြီ။

မိုလ်ရွဲသည် စစ်ကူလာသော မင်းကြီးရွှေလရောင်၏ တပ်မှ မိုလ်များကို အသေအချာ မြင်ဖူးလိုသဖြင့် လာရောက်နှုတ်ဆက်သည်။ သူ့နောက်တွင် သေနတ်ထမ်းလျက် မားမားကြီးပါလာသူက ကိုမိုးကောင်း။

သည်မျှအရပ်ရှည်ပြီး ထိုးကွင်းမြေစိုက်နှင့် လူကြီးကို ခပ်လှမ်းလှမ်းကပင် လှိုင်းမြင်သည်။ သိသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"အဖေရေ၊ အဖေ အဖေ"

"သား ငလှိုင်း"

အဖေခေါ်သံ မကြားရမိကတည်းက၊ ထိုးကွင်းမြေစိုက် အရပ်ကြီး ကလန်ကလားနှင့်ရဲမက်သည် ငလှိုင်းနှင့် တူချေစွ။ သို့သော် ရမည်းသင်းနှင့် မြင်ကွန်း ဝေးလွန်းသဖြင့် မထင်ရဲ။

အဖေခေါ်သံကြားရချိန်တွင်ကား ဆက်မစဉ်းစား။ သူ့သားအသံ ဖြစ်ကြောင်း သေချာသွားပြီ။ သေနတ်လွယ်လျက် ပြေးလာပြီး တအား ကျုံးဖက်သည်။

"အဖေ အဖေ၊ အဖေ နေကောင်းလား။ အမေကော နေကောင်းလား"

ဖအေ့ရင်ခွင်တွင် ခေါင်းမှေးလျက် အငမ်းမရမေးသဖြင့် "ကောင်း သကွ။ အားလုံးကောင်းကြသယ်" ပြောပြီးမှ "လူလေးရာ၊ ရမည်းသင်းမှာ ကြားရာက ဘယ်လိုလုပ်ပြီး လှမ်းလှမ်းကမ်းကမ်းကွာ"ဟု ဆိုသည်။

"ပြောရမှာ အရှည်ကြီးပဲအဖေရေ့။ အမေနေကောင်းလားအဖေ"

"နေကောင်းပါသယ်ကွ။ အေး နေကောင်းသယ် ဆိုသာတောင် အဖေလည်း ရွာကို တစ်ခေါက်ပဲရောက်သယ်"

မယ်ဇလီပင်ရိပ်တွင် သားအဖနှစ်ယောက်သာ ကျန်ခဲ့သည်။ ဗိုလ်ရွဲနှင့် လက်ထောက်ဗိုလ်များသည် ဗိုလ်ဆံရှည်၊ ဗိုလ်ဆေးနီ၊ ဦးစံထွန်းတို့ထံ သွားရောက်နှုတ်ဆက်နေကြပြီ။ ရယ်မောသံများလှိုင်နေသည်။ စကားပြောသံ များ ညံနေသည်။

"ကြံတုန်းကြံခိုက် ရွာကိုသွားရ ကောင်းမလား စိတ်ကူးနေသာ အဖေရ။ တပ်ကို စိတ်မချသာနဲ့"

"အမယ် ငါ့သားက ဗိုလ်ဖြစ်နေပြီ"

ဖအေသည် နောက်ဆုတ်သည်။ သားကို ခြေဆုံးခေါင်းဆုံး ကြည့်သည်။ ပီတိဖြစ်လွန်းသောအသံ ဂုဏ်ယူသောအသံဖြင့် မေးသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"ဗိုလ်မဟုတ်ပါဘူး အဖေရာ။ လူတစ်ရာအုပ်ဆိုရင် သွေးသောက် မဟုတ်လား"

"မှန်တာပေါ့ သွေးသောက်မင်းရာ"

ကိုမိုးကောင်း အူလှိုက်သည်းလှိုက် ရယ်မောသဖြင့် ငလှိုင်းလည်း ရယ်မောရ၏။

"ဟော့ ဒါထက် မင့်ညီသိုင်း"

"အတော်ဒုက္ခပေးသဲ့ကောင်ဗျာ။ တွေ့မှ ဖင်လှန်ပြီး ဝါးခြမ်းပြားနဲ့ ရိုက်ဦးမှ"

"ရိုက်ချင်သပ့ါဆို၊ အနောက်ဘက်ကမ်း လိုက်ခဲ့ပေတော့"

"တကယ်ရိုက်ဖြစ်အောင်ရိုက်မှာ အဖေရေ့။ အစ်ကိုကို မပန်ကြားဘဲ အိမ်ကထွက်အသွားမှာ မရီးက "ဘယ်ကိုတုန်း"မေးတော့မှ "သရက်ကန်က ဘတို့ဆီ" ဆိုပြီး ထွက်သွားသာ အဖေရေ့။ ကျုပ်မှာ သရက်ကန်ကို လူလွှတ်စုံစမ်းရသဗျာ့။ ဘတို့၊ အမေကြီးတို့က မကျန်းမာဘူးဗျ။ အဲသာ သရက်ကန်မှာလည်း ခုနစ်ရက်လောက်နေပြီး ပျောက်သွားလို့၊ ဟိုကအမျိုး တွေလည်း ဒေါင်းတောက်လို့ဗျား"

ထိုသို့ သူကြောင့်ကြခဲ့ရပုံများကို ဆက်တိုက်ပြောပြီးမှ "သူ အခု ဘယ်လိုလုပ်ပြီး မင်းလှကို ရောက်နေသတုန်းအဖေ"ဟု စကားသပ်၏။

"မင်းလှမှာ မဟုတ်ပါဘူးသားရာ။ မင်းကြီးဗိုလ်ဥတ္တမတပ်နဲ့ စကုမှာ ဆုံကြရာမှာ၊ အကြပ်တစ်ယောက်က 'ဗိုလ်မင်းနဲ့တူသဲ့ လူတစ်ယောက် တွေ့ခဲ့သယ်'ပြောလို့ မေးကြည့်ခါမှ သူဖြစ်နေသာ"

"အတော် ဝေးသလားအဖေ"

"ဝေးပါသော်ကော လူလေးရာ။ မြင်းနဲ့ မရပ်မနားသွားရင် တစ်ည အိပ်၊ ခြေကျင်မရပ်မနားသွားရင် ငါးညအိပ်"

"တွေ့ချင်လိုက်သာ အဖေရာ" ညည်းရင်း ခေါင်းကုတ်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ခေါင်းကုတ်ပြီးမှ ထပ်မေးပြန်သည်။

"ဘာမြို့တဲ့တုန်း အဖေ"

"သာသနာပိုင်ဆရာတော် သီတင်းသုံးတဲ့မြို့ပါကွာ။ ပါးစပ်ဖျား တွင်ပါ။ ဘာတဲ့"

"ကြာအင်းလား အဖေ"

"အဲ ကျပင်း.... ကျပင်း။ အဲသည်အရပ်မှာတော့ မြတောင်ဗိုလ် ဗိုလ်သိန်းတဲ့။ ဗိုလ်သိုင်းတဲ့။ ဗိုလ်ပြန့်တဲ့။ မင်းညီက နာမည်တစ်လုံးနဲ့ပါ မောင်"

မှောင်လာပေပြီ။ သားအဖပင် တစ်ယောက်မျက်နှာ တစ်ယောက် ကောင်းစွာမမြင်ရတော့။ ဗိုလ်ရွှဲမှာလည်း ငလှိုင်းကို ငလှိုင်းမှန်းသိသောအခါ အံ့အားလည်းသင့်၏။ ဝမ်းလည်းသာ၏။ သို့ရာတွင် သူသည် ဗိုလ်မဲခေါင်ကို ထားခဲ့ကာ အနောက်ဘက်ကမ်းသို့ ပြန်ရမည်။

"ဘကြီးနဲ့ မောင့်အဖေက ဟိုဘက်ကမ်းကို ပြန်ရမယ်။ လိုက်ခဲ့ကွာ"

"ကျွန်တော့်ရဲမက်တွေက ရမည်းသင်း၊ ပျော်ဘွယ်၊ ပျဉ်းမနား ဘက်ကလူတွေ ဘကြီးရဲ့။ သည်အရပ်သားမပါဘူး။ သူတို့ကို မေးရဦးမယ်"

ဤသို့ဖြင့် ငလှိုင်း၏လူကိုးကျိပ်တပ်မှာ ခြောက်ကျိပ်သာကျန်သည်။ ပျဉ်းမနား၊ ရမည်းသင်းဘက်မှ ရဲမက်များသည် ရွာသို့ပြန်ရန်အတွက် ဦးစံထွန်း၏တပ်သို့ ပြောင်းသွားသည်။ ကျန်ခဲ့သူများမှာ ကျောက်ဆည်နှင့် မြင်စိုင်း၊ ကူမဲဘက်မှ ရဲမက်များဖြစ်သည်။ သူတို့ကား မိစ္ဆာဒိဋ္ဌိသုတ်သင်ရေး စစ်ပွဲကို ဆင်နွှဲရေးသာအဓိက၊ မြေရေသည် အဓိကမဟုတ်။

မြင်ကွန်းတွင် ဗိုလ်ရွှဲကြာကြာမနေနိုင်ခြင်းမှာ အကြောင်းရှိသည်။ အမ်းဘက်မှ ကုလားစစ်ကူများသည် နွားဝန်တင်လမ်းအတိုင်း ငဖဲဘက်သို့ လာနေသည် သတင်းကြားသောကြောင့်ဖြစ်၏။ ထိုလမ်းမှလာသော ရန်သူသာ ရောက်လာခဲ့လျှင် ဖအိုင်း၊ စလင်းအထိ အနှောင့်အယှက် ပေးနိုင်ချေရှိသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com


သို့ကြောင့် ညဥ့်တွင်းချင်း အနောက်ဘက်ကမ်းသို့ ကူးခဲ့ကြသည်။ တအောင့်တနား နားနေပြီးနောက် နွားဝန်တင်လမ်းသို့ ချီတက်လာခဲ့ကြသည်။ ဆင်ခေါင်းသို့အရောက်တွင် စကုပန်းဆေးခံဗိုလ်၏တပ်မှလူများနှင့်တွေ့သည်။

"ဗိုလ်မင်းခင်ဗျား။ ရေနံချောင်းက ကုလားတပ်တစ်တပ် သံကိုင်းက တက်လာပြီး ပန်းလွှားမှာရပ်နေသယ်။ စလင်းကိုလုပ်ကြံနေသဲ့ မင်းကြီးတပ်ကို ညှပ်ပူးညှပ်ပိတ်လုပ်လိမ့်မယ်ထင်သယ်လို့ အကြောင်းကြားခိုင်းပါသယ်"

ဗိုလ်ရွှေ စဉ်းစားရသည်။

'သည်ရန်သူတပ်၊ မင်းကြီးဗိုလ်ဥတ္တမကို နောက်ပိုးသိပ်ရင် မင်းကြီး ခံနိုင်မလား။ မခံနိုင်လို့ရွှေ့ရင် သည်ကုလားဟာ လယ်ကိုင်းအထိ ရောက်လာနိုင်သယ်။ လယ်ကိုင်းနဲ့စကု ဘာဝေးသတုန်း။ စကုကျရင် မင်းလှ....'

နောက်တစ်နည်း စဉ်းစားရပြန်သည်။

'အဲသည်လူတွေ စလင်းမှာရှိသဲ့ ရန်သူနဲ့ ပေါင်းမိရင် ဖအိုင်း၊ စေတုတ္တရာကို ရန်မူမယ်။ အဲသည်နောက်မှာ ငဖဲ....'

ဗိုလ်ရွှေသည် အတန်ကြာအောင် စဉ်းစားသုံးသပ်သည်။ အမ်းဘက်မှ လာမည့် ရန်သူကို ချမ်းသာမပေးသင့်သည့်နည်းတူ၊ သံကိုင်းမှ တက်လာသော ရန်သူကိုလည်း လွှတ်မပေးသင့်ကြောင်း နားလည်သည်။ သို့ဆိုက မည်သူကို မဲမည်နည်း။

ထို့နောက် သူသည် အနောက်အရပ်သို့ ဆက်လက်ချီတက်သွားကာ ကိုမိုးကောင်းသားအဖ နှစ်တပ်နှင့် ဗိုလ်ဝိုင်း၊ ဗိုလ်ချက်တို့တပ်များကို မြောက်အရပ်သို့ လွှတ်လိုက်လေ၏။

တပ်လေးတပ်တွင် မြင်းဆယ်စီးနှင့် လူလေးရာကျော်ပါသည်။ ဗိုလ်ဝိုင်းကို ရှေ့ဖျားတင် ချီတက်လာကြရာ၊ အရဏ်တက်ချိန်တွင် လယ်ကိုင်း၏ အနောက်မြောက်သုံးတိုင်ကွာရှိ မုန်းမြစ်ဘေး သာစည်ရွာသို့ ရောက်လာကြသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ရဲမက်များနားနေကြ၊ ထမင်းဟင်း ချက်ပြုတ်စားသောက်ကြသည်။ အချိန်ရှိသည့်အခိုက် စားသောက်ထားရမည်။ ရန်သူနှင့် တွေ့တော့မည်။ တိုက်ပွဲရှည်မည်လော၊ တိုမည်လော မသိနိုင်။ စစ်မျက်နှာ သာမည်၊ ညိုမည်ကိုလည်း မသိပါ။

"ကုလားတွေ ချောင်းကို ကူးသွားပြီ ဗိုလ်မင်း"

ကိုမိုးကောင်းနှင့် ဗိုလ်ချက်၊ လှိုင်းတို့ထံသို့ ဗိုလ်ဝိုင်းရောက်လာသည်။ ကိုမိုးကောင်းသားအဖမှာ သည်မြေကို မကျွမ်းပေ။ ဗိုလ်ချက်နှင့် တိုင်ပင်ရသည်။

"သဟာ ရှင်းပါသယ်ဗျာ။ စလင်းကို လုပ်ကြံနေသဲ့ မင်းကြီးတပ်ကို 'နောက်ပိုးသိပ်' မယ်လို့ ချောင်းကိုကူးသွားသာပေါ့"

"ကျုပ်တို့ချောင်းကို ကူးလိုက်မလား။ အကဲခတ်ဦးမလား"

"ချောင်းဟိုဘက်ကို လူလွှတ်ထားပါသယ် ဗိုလ်မင်း။ စိတ်အေးလက်အေး နားနေပါဦး"

စလင်းနှင့် နီးနေပြီ။ မင်းကြီးဗိုလ်ဥတ္တမ၏ ရဲမက်များသည် နေရာအနှံ့ရှိသည်။ ရန်သူကို မင်းကြီးမည်သို့ စီမံမည်မသိရပြား၊ စလင်းကို ဝန်းရံထားသော တပ်အချို့ကိုနုတ်ပြီး ကျောလုံအောင် လုပ်မည်လော။ ပေယျာလကန်လုပ်ပြီး စလင်းကို မဲမည်လော။

လင်းရောင်လာစတွင် စစ်စည်စစ်မောင်းသံများ ကြားရပြီ။ ပဲ့တင်ထပ်လာသော စစ်ကြွေးသံများညံသည်။ မရှေးမနှောင်းတွင် သေနတ်သံများပေါ်လာသည်။ သည်ဘက်ကမ်းမှတပ်တွေ မုန်းမြစ်ကို ကူးသည်။ တပ်အချို့ကိုင်းတောထဲတွင် ကျန်နေခဲ့သည်။ တပ်အချို့ ချောင်းထိပ်တွင် ပျောက်သွားပြန်ကာ၊ လူနှစ်ရာမျှသာ ရွှေဘိုဘုရားကြီးနှင့် မလှမ်းမကမ်းရှိ တောအုပ်ထဲသို့ ရောက်လာသည်။

"မင်းကြီး ဗိုလ်ဥတ္တမတပ်ဟေ့"

www.facebook.com/NyisayEbookCreator
www.nyisay.com


ကြဲ့ဝါးသံများကို ကြားရပြီ။

မြင်ကွင်းသည် ပို၍ပို၍ပိပြင်လာသည်။ ကြီးမားသောဖုန်လုံးကြီးသည် လှည်းလမ်းတစ်လျှောက် ရွေ့လာသည်။ ရွေ့လာသောအရာမှာ ရန်သူ ကုလားဖြူနှင့် သူ့နောက်လိုက်ကုလားနက်များဖြစ်သည်။

ဝန်တင်မြင်းများ၏ဟီသံများ၊ အော်ဟစ်အမိန့်ပေးသံများ နီးကပ်လာသည်။

"ဗိုလ်ရွှဲတပ်ပေဟ့"

မျိုးချစ်ပြည်ချစ်ရဲမက်များ ဖိလိုက်မလာစေရန် ပစ်ဆုတ် ဆုတ်ပြေးလာသော ကုလားများသည် တောအုပ်တွင်း ဝင်မိလျှင်ဝင်မိချင်း ငရဲပွက်သံကို ကြားရ၏။ များပြားသော ဓားတွေ၊ လှံတွေ သူယုတ်၏သွေးကို သောက်သည်။

ရန်သူသည် တောအုပ်မှ အလျင်အမြန်ဖဲ၏။ လွင်ကျင်းသို့ အပြင်းဆုတ်သည်။ ကမူကြား၊ မြောင်ချပ်ကြားမှ သေနတ်သံများ ပေါ်လာသည်။ တစ်ချက်ပစ်ပြီး ရပ်သွားသော သေနတ်မဟုတ်။ အဆက်မပြတ်ပစ်သည်။ ရန်သူသည် ပြန်လည်ပစ်ခတ်၏။ သူခွာခဲ့သော တောအုပ်အတွင်းမှလည်း သေနတ်သမားများ ထွက်ပေါ်လာသည်။ နှစ်ဖက်ညှပ်ခံရသောအခါ ရန်သူသည် မြစ်ဘက်သို့ ဆုတ်ပြေးလေ၏။

မြစ်သည် မြစ်ဆိုရငြား ဒူးဆစ်ပေါင်လယ်သာရှိသည်။ ချောင်းကို ဖြတ်ပြေးမည်အကြံဖြင့် ဆုတ်ပြေးလာစဉ်၊ မြစ်ကမ်းပါးထိပ်၌ မမျှော်လင့်သော ဓားရဲခုတ်များနှင့် တွေ့တော့သည်။

"ကျား ကျား ခုတ်လဟ၊ ခုတ်လဟ"

စွန်လက်သည်းချျိုး၊ ကင်မွန်းချျိုး၊ ကလိန်ချျိုးများသည် ရန်သူအတွက် ဆူးချျိုးဖြစ်ငြား မြန်မာရဲမက်များအတွက် ဆူးမဟုတ်ပေ။ သည်ချျိုတွေထဲက သူထွက်လာမည်မထင်။ သို့သော် ထွက်လာပြီးခုတ်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ရန်သူထက်ဝက်ခန့် ချောင်းထဲရောက်သွားသည်။ ကိုင်းတောထဲသို့ ရော၊ သောင်ပြန့်သို့ပါ ဆင်းပြေးသည်။ ကိုင်းတောထဲသို့ ဝင်မိသူများအတွက် သွေးသောက်ဓားများ၊ ရန်ပယ်ဓားများသည် ညာသံပေးလျက် အလုပ်လုပ်သည်။ ရန်သူမှာ၊ ချုံရှိရာသို့ မကပ်ရဲ၊ သစ်ပင်ရှိရာသို့ မသီရဲဘဲ ကွင်းလွင်ကိုရွေးပြီး ထွက်ပြေးရတော့သည်။

သို့ပါလျက်နှင့် မိစ္ဆာဒိဋ္ဌိ ဓားပြသူယုတ်များ မချမ်းသာသေး။ ချောင်းရိုး တစ်လျှောက် လိုက်လံပစ်ခတ်ခံရသည်။ မြန်မာအလောင်း၊ ရန်သူအလောင်း များ ထွေးယှက် ပြန့်ကျဲလျက် ကျန်ခဲ့သည်။

ရဲမက်များသည် မိမိတို့လူများကိုသာ ကောက်ယူ မီးသင်္ဂြိုဟ်သည်။ ရန်သူကိုကား သည်အတိုင်းပစ်ထားသည်။

သေနတ်သံများ ဝေးသည်ထက် ဝေးကွာသွားရာက လုံးဝ ဆိတ်စဲ သွားသည်။ ချောင်းထဲမှ ရဲမက်များသည် ဟိုဖက်ကမ်းသို့ တက်သွား ကြသည်။ ကိုမိုးကောင်း သူ့တပ်ကို ပြန်လည်စစ်ဆေးနေစဉ်၊ သူ့ဘက်သို့ ရဲမက်အချို့ လာနေသည်ကို မြင်းပေါ်မှ မြင်ရ၏။

"ဟော့လူလေး၊ သည်ဘက်ကိုလာနေသဲ့ လူတွေကိုကြည့်လိုက်စမ်း"

ငလှိုင်းသည် သူ့အဖေ၏ပြောသံကြောင့် ကြည့်သည်။ လူတစ်ကျိပ် ကြားမှ ထိုးကွင်းမြေစိုက်နှင့် လူရှည်တစ်ယောက်။ ဓားလွယ်လျက် သေနတ် ဆွဲထား၏။

"ဟော့ကောင် ငသိုင်း၊ ညီလေး"

"ဟာ အစ်ကိုကြီး"

ငလှိုင်း မြင်းပေါ်မှ ခုန်ဆင်းစဉ်၊ ငသိုင်းသည် အံ့သြခြင်း၊ ဝမ်းသာခြင်း တို့ စုံညီလျက် အော်ဟစ်ပြေးလာသည်။ အစ်ကိုကို ဖက်သည်။

"အစ်ကိုကြီး ဘယ်လိုဖြစ်ပြီး သာလောက်ဝေးသဲ့နေရာ ရောက်လာ သတုန်း"

www.facebook.com/NyisayEbookCreator
www.nyisay.com


"ငါ့တော့ပြောလို့။ မင်းကကော"

"မြန်မာ့မြေနေရာတိုင်းမှာ ကုလားသင်္ချိုင်းဖြစ်ရမယ်ဆိုသဲ့ သန္နိဋ္ဌာန်နဲ့ လူတစ်ယောက်အတွက် ကျွန်တော်ကတော့ နေရာတိုင်းမှာ ရောက်မှာပဲ။ ဒါထက် အစ်ကိုကြီး၊ မရီးတော် ကျန်းခံ့သာလို့ မာရဲ့နော"

"မာပါ့ဗျား။ အဲမာဆို၊ ငါလည်း အိမ်ကထွက်လာကတည်းက တစ်ခေါက်မှ ပြန်မရောက်ဘူး။ နောက်လင်များ ယူသွားပြီလားတောင် မသိပါဘူး"

ငသိုင်း အူလှိုက်သည်းလှိုက် ရယ်မောသည်။ ထိုအခါ ငလှိုင်းသည် မျက်နှာထားကို ချက်ချင်းပြောင်း၏။

"ငါ့မှာ ညီပျောက်လို့ ရှာလိုက်ရသာ။ သရက်ကန်ကိုတောင် ရောက်သယ်။ ဒါလောက် ဒုက္ခပေးသဲ့ကောင်၊ သွား တုတ်ကောက်ခဲ့"

ငသိုင်း အရယ်ရပ်ကာ နောက်ဆုတ်သည်။

"အမယ် ပေကတ်ကတ်လုပ်မနေနဲ့၊ တုတ် အခုကောက်ခဲ့"

မြေပြင်ပေါ်သို့ ဟိုဟိုသည်သည် ငုံ့ကြည့်ပြီးနောက် ငသိုင်းသည် ဝါးခြမ်းပြားတစ်ချောင်း ကောက်လာ၏။ ခြေစုံရပ်လျက် လက်နှစ်ဖက်ဖြင့် ကိုင်၍ ပေး၏။

"လှည့်၊ ဟိုဘက်လှည့်"

ရဲမက်များမှာ ပြုံးစေ့စေ့ဖြင့် ဝိုင်းအုံကြည့်နေကြ၏။ ကြည့်နေကြငြား ငသိုင်း လက်ပိုက်ပြီး လှည့်သည်။

"ဟ ငါ့သားကို တကယ်ရိုက်တော့မှာလား"

ငသိုင်း မမျှော်လင့်သော အသံဖြစ်သည်။ ခပ်လှမ်းလှမ်းရှိမျက်နှာစိမ်း ရဲမက်များဘက်သို့ လှမ်းကြည့်ကာ "အဖေ" ဟု ဝမ်းသာအားရအော်၏။ အတင်းပြေး၏။ ဒူးထောက်ပြီး ပေါင်ကိုဖက်ထား၏။

"အဖေ၊ အမေနဲ့ မြဖူးတို့သားအမိ နေကောင်းကြလား"

www.facebook.com/NyisayEbookCreator
www.nyisay.com



"အေး၊ ကောင်းသကွ" ဝမ်းသာမျက်ရည်ကြည်များ လည်လာသည်အထိ ကိုမိုးကောင်းခံစားရင်း ပြန်ဖြေရာက သား၏ပခုံးကို ဆွဲမ၏။ ထရပ်သော်လည်း သေိုင်းသည် ဖအေ့ခါးကို ဖက်သည်။ ရင်ခွင်တွင် မျက်နှာအပ်ကာ ငိုသည်။

"ယောကျ်ားဆိုသာ ငိုရိုးထုံးစံ မရှိဘူးကွ"

သေိုင်း လျင်မြန်စွာ မျက်ရည်သုတ်ရာက "မေ့သွားလို့ပါအဖေ" ဟုပြော၏။ သို့စဉ်တွင် သူတို့ရှေ့သို့ ကျောပြောင်ပြောင်တွင် ဓားလွယ်ထားကာ ဒူးလေးနှင့် မြားတောင့်ကို လက်ကကိုင်ထားသော ရဲမက်တစ်ယောက်ရောက်လာပြီး ဒူးထောက်ထိုင်၏။

"ငမှင် ဘာများ အရေးပေါ်သတုန်းကွ"

သေိုင်းသည် ဖအေကိုမလွှတ်သေးဘဲ ခေါင်းငုံ့မေး၏။

"ဗိုလ်လေးအဖေနဲ့တွေ့တုန်း ကြုံတောင့်ကြုံခဲမို့ တိုင်စရာရှိလို့ပါဗျား"

"တိုင်စမ်းကွာ။ သည်ကောင် သေရည်သောက်သလား"

ကိုမိုးကောင်းက အပြုံးဖြင့် မေး၏။

"သေရည်မသောက်ပါ ဗိုလ်မင်း။ သို့ရာတွင် ကျွန်တော်တို့ဗိုလ်လေးဟာ သူ့ကိုယ်သူ သံနဲ့သွန်းထားသယ် မှတ်သလားမသိဘူး။ ရန်သူနဲ့တွေ့ရင် အတင်းဝင်၊ အတင်းခုတ်၊ အားကြီးအတင့်ရဲပါသဗျား"

"ဟုတ်သလား လူလေး"

"ကျွန်တော်" ဟုသာ သေိုင်းဖြေနိုင်၏။ ရှေ့ဆက်ပြီး ဖြေရန်ခက်၏။ စစ်ပွဲတွင် သွေးကိုမမြင်ရသေးပါက သေိုင်း လူကောင်း၊ လူမှန်။ သွေးကိုမြင်လျှင် လူစိတ်ပျောက်သည်။ သွေးစိမ်းပွက်ပွက်ထနေသော ကျော့ခင်၏မျက်နှာပေါ်လာသည်။ သည်မျက်နှာကြီးသည် သူ့ကို လှုံ့ဆော်တော့သည်။ ကျားခနဲ ကျားခနဲအော်ပြီး ရန်သူ့လည်ချောင်း တစ်ချောင်းပြီးတစ်ချောင်းဖောက်တော့သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com


"ကျော့ခင်က ခေါ်လို့ပါအဖေ" ဟု သိုင်း ဖြေ၍ ဖြစ်ပါမည်လော။ ဖြေလိုက်မိလျှင် နောက်ကြောင်းဇာတ်ကို လှန်ရတော့မည်။ အဖေ ခွင့်လွှတ်ပါမည်လော။ အဖေ စိတ်ဆိုးမည်ကို ကြောက်သည်။ လူယုတ်မာအဖြစ် အဖေ မုန်းတီးသွားမည်ကို သိုင်း အကြောက်ဆုံး။

"အဖေ မေးနေသယ်လေ"

အစ်ကိုက ကျောဘက်သို့ ရောက်လာပြီး ကျောပြင်ကို တံတောင်ဆစ်ဖြင့် ထိုး၏။

"ဟုတ်သလား လူလေး"

"ဟုတ်ပါသယ် အဖေ"

"ရန်သူမှာသာ အသက်ရှိသာမဟုတ်ဘူး လူလေး။ မင်းမှာလည်း အသက်ရှိသယ်။ ငါတို့မြေပေါ်မှာ ခွေးဓားပြတွေ ရှိနေသေးသရွေ့ မင်း မသေရဘူး"

"မြေကြီးရှိသမျှကို ကုလားသချိုင်း လုပ်ပစ်ချင်လို့ပါ အဖေရာ"

ထိုမှတစ်ဖန် စကားဦး လည်သွားသည့်အတွက် လင်းဇင်းဘက်သို့ တက်သွားသော ရန်သူနောက်သို့ လိုက်တိုက်ရင်းက ဤဘက်သို့ရောက်လာကြောင်း သိုင်း ရှင်းပြခွင့်ရသည်။ သူ့ကို ဓီးတောစပ်တွင် မြင်းကိုယ်စီဖြင့် စောင့်ဆိုင်းနေသော ဗိုင်းကြီးနှင့် ဗိုင်းကလေး၊ ကိုရင်ကြီးဗိုလ်တို့ကို လက်ညိုးညွှန်၏။

"အေး၊ သူတို့ စောင့်ဆိုင်းနေရင်လည်း သွားတော့။ သို့သော် သတိတမန် ဉာဏ်မြေကတုတ်တဲ့ လူကလေး"

သိုင်းသည် ဖအေနှင့် အစ်ကိုအား ကန်တော့သည်။

★

www.facebook.com/NyisayEbookCreator
www.nyisay.com

## ၁၁

'ဟော့၊ ဟက်' မြည်သံများနှင့် 'ထွီ၊ ထွမ်' သံများကြောင့် မမင်းဘော်မှာ မျက်နှာကြီး မည်းတက်လာပြီး မန်ကျည်းသီးထုနေသည့် 'ရှားနှစ်တုတ်'ကို ပစ်ချသည်။ မျက်နှာသစ်အိုးဘက်သို့ မကြည်မသာ လှမ်းကြည့်သည်။ တံပူစားနေသော ငရွှေကျိုင်း။

"ဟဲ့ ဟိုကောင်၊ သည်ကိုလာစမ်း"

အမေ့အသံကို ကြားခါမှဖြင့် အငေါက်အငမ်းခံရတော့မည်ဟု ငကျိုင်း သိ၏။ သိသော်ငြား မမေးရဲ။ ကုပ်ကုပ်ကလေးလာကာ အမေ့ရှေ့တွင် ဆောင့်ကြောင့်ထိုင်၏။

"ဘာလုပ်သာတုန်း"

"တံပူစားသာပါခင်ဗျာ့။ မျက်နှာသစ်မလို့ပါခင်ဗျာ"

"သာဟာ အိပ်ရာကထသဲ့ အချိန်လား"

"တစ်နေ့တလေပဲ အမေရာ။ ကိုင်းထဲမှာ အလုပ်လည်း လက်စသတ်ခဲ့တော့"

www.facebook.com/NyisayEbookCreator
www.nyisay.com


"အလုပ်ရှိရှိ မရှိရှိ အိပ်ရာက စောစောထရသယ်လို့ အမေဘယ်နှစ်ခါ ပြောရမတုန်းဟင်"

မမင်းဘော်သည် အရဏ်တက် တုံးကြီးခေါက်သံနှင့်အတူ ထလေ့ရှိသည်။ သမီးနှင့် ချွေးမလည်း သူ့နည်းဘူ ထရသည်။ အိမ်တွင်း၌ တံမြက်လှည်းသူကလှည်း၊ ဆွမ်းအိုးတည်သူက ဆွမ်းအိုးတည်ရင်း မြင်းနွားကိစ္စများဆောင်ရွက်သည်။ ထိုအချိန်တွင် မမင်းဘော်က အိမ်ဝန်းကျင်အနှံ့ လှည့်ပတ်ကြည့်ရှုပြီးနောက် ရွာထိပ်သို့ထွက်သည်။

အိမ်ဝိုင်းတွင်းအနှံ့ လျှောက်ကြည့်ပြီးနောက်တွင် တံမြက်စည်းတစ်ချောင်း၊ ရေအိုးတစ်လုံးဖြင့် ရွာထိပ်သို့ထွက်စမြဲဖြစ်သည်။ အိမ်ဝိုင်းတွင်းအနှံ့လျှောက်ကြည့်ခြင်းမှာ မတော်မသင့်ပစ္စည်းများကို မသူတော်တို့ ပစ်ထားခဲ့မည်စိုး၍ဖြစ်သည်။ ရွာထိပ်သို့ ထွက်လာခြင်းမှာ ရေချမ်းစင်တွင် ရေလဲလှယ်ရန်နှင့် ရေချမ်းစင်မြေတလင်းကို လှည်းကျင်းရန်ဖြစ်သည်။

သားများနှင့် လင်ကို လွမ်းဆွတ်ငြား၊ ရွာဝင်ပြီး ကုလားနှင့် တောကြောင်တို့ မီးရှို့မည်ကို အချိန်မရွေး စိုးရိမ်နေငြား၊ ရေချမ်းစင်သို့ ရောက်လျှင် မမင်းဘော် စိတ်ချမ်းမြေ့သည်။ အလွမ်းပြေသည်။ သဖန်းပင်၏ မြစ်ပျဉ်းများပေါ်ထိုင်ပြီး ရေအိုးတွေကို ကြည့်နေရသည့်ကပင် အရသာရှိသည်။

အတွင်းအပြင် ဆေးကြောပြီး ရေထည့်ထားသဖြင့် အိုးသုံးလုံးစလုံး ရွှဲစိုနေသည်။ သည်ရှုပါရုံသည် စိတ်ရွှင်လန်းမှုကို ပေး၏။ စိတ်ချမ်းသာမှုကို ပေး၏။ အားအင်ပြည့်ဖြိုးကာ တစ်နေ့တာ လုပ်ငန်းများကို မနားမနေ လုပ်နိုင်ရန် ခွန်အားများပြည့်ဝလာ၏။

ဒူးခေါက်ခွက်က ညောင်းသလောက်ရှိသောအခါ မမင်းဘော် ထသည်၊ တံမြက်လှည်းသည်။ နေ့စဉ်လှည်းကျင်းနေသဖြင့် အမှိုက်ထူးထူးထွေထွေ မရှိ၊ သဖန်းရွက်ဝါကြီးတွေသာ ရှိသည်။ ရေဖြင့် နေ့စဉ်ပက်ဖျန်းထားသဖြင့်

www.facebook.com/NyisayEbookCreator
www.nyisay.com


မြေတလင်းသည် ညီညွတ်သိပ်သည်းနေရာ အမှိုက်လှည်း၍ခဏချင်းပြီးစီးသည်။

ထိုကဲ့သို့ တမေ့တမော လုပ်ကိုင်ဆောင်ရွက်၍ ပြန်လာသော လမ်းတစ်လျှောက်၌ မန်ကျည်းခက် ခက်ကြွေတွေတွေ့သော် ကောက်ပစ်၏။ နွားမြီး၊ မြင်းမြီးဖြင့် ငြိပါလာခဲ့ရာက ပြုတ်ကျကျန်ခဲ့သော ဆူးခက်များတွေ့လျှင်လည်း ကောက်ယူကာ လွတ်ရာသို့ပစ်၏။

'ငါနှင့်မဆိုင်' ဟူသည့်စိတ် မမင်းဘော်၌မရှိ။ မမင်းဘော်၏ ဝန်းကျင်ပတ်ချာတွင်လည်း မရှိချေ။

'ငါမြင်သားပဲ၊ ကျော်သွားရုံပေါ့'

သည်သဘောမျိုးလည်း ဆင်သေရွာ၌ မရှိချေ။

ငါမြင်သောကြောင့် ကျော်သွားနိုင်ငြား၊ မမြင်မိသူကို မစူးရပါလော။ မငြိတွယ်ပါလော။ စူးရှသော် အနာတရဖြစ်မည်။ ငြိတွယ်သော် ကာယိန္ဒြေပျက်မည်။ သို့ကြောင့် မန်ကျည်းခက်ကလေးကအစ ကောက်ပစ်ခြင်းဖြစ်သည်။

ထိုသို့ တမေ့တမောဆောင်ရွက်ခဲ့ပြီး၍ အိမ်ပြန်ရောက်ချိန်တွင် ကျောင်း၏ဟောက်သံကို မမင်းဘော်ကြားရ၏။ မမင်းဘော်မှာ ပထမ အံ့ဩ၏။ ဒုတိယထူးဆန်း၏။ တတိယမှာသော်ကား "သြော်၊ ကိုင်းအလုပ် သိမ်းလာလို့ထင်ပ့ါ" ဟု မမင်းဘော် သဘောပေါက်သည်။

သဘောပေါက်သောကြောင့် မရှုံးဘဲထားသည်။ ယမန်နေ့က တစ်ပိုင်းတန်းလန်းကျန်နေခဲ့သည့် မန်ကျည်းသီး လေကြွေများကို ဆက်လက် အခွံခွာသည်။ အစေ့ထုတ်သည်။ သို့စဉ်တွင် ကျောင်းနိုးလာပြီး 'ဟေ့၊ ဟက်' အသံပေးသည်။ လေအန်သည်။ တံတွေးထွေးသည်။ သို့အတွက် ရှေ့မှောက်သို့ခေါ်ခြင်းဖြစ်သည်။

"နေမြင့်အောင်အိပ်ရင် ကိုယ်စောင့်နတ်က ကျိန်ဆဲတတ်သတဲ့ဟဲ့"

"စိတ်ချလက်ချ အိပ်လိုက်သာနဲ့ ပျော်သွားလို့ပါအမေရာ"

www.facebook.com/NyisayEbookCreator
www.nyisay.com


"အေး ဟုတ်ပြီဟေ့။ 'ဟေ့၊ ဟက်' နဲ့ ဘာလုပ်သာတုန်း"

"တံပူကို ပါးစပ်ထဲထည့်လို့ ပြို့သွားတာပါအမေ"

"အဲသည်ငါ့သားပြို့တဲ့အသံကို ဘယ်လောက်ဝေးဝေးက ကြားရမယ် ထင်သတုန်း"

အဖြေရခက်သော မေးခွန်းဖြစ်သည်။ ကျိုင်း ခေါင်းကုတ်ရာ ပွန်းရှ ပြီးသား သျှောင်ကြီး ပြေကျလာသဖြင့် ဖမ်းလိမ်ပြီး ထုံးသည်။

"ပြီးမှထုံး။ အမေ မေးသာဖြေ"

"အဲသာမသိဘူး အမေရဲ့"

"ပါးစပ်ထဲ တံပူထည့်လို့ ပြို့တဲ့အသံကို ကိုယ်တစ်ယောက်တည်းပဲ ကြားရုံကလေးပြို့ရင် မရဖူးလား"

ဤအမေးလည်း ခက်သည်သာပင်။ ထင်ရာဖြေမိ၍ ချော်သွားလျှင် အမေ့လက်ထဲ၌ မန်ကျည်းသီးထုသော ရှားနှစ်တုတ်ကြီးက အသင့်။

"ပြို့အပြီးမှာ 'ဝေါ့'ဆိုသဲ့အသံကလည်း ခုနစ်အိမ်ကြား ရှစ်အိမ်ကြား"

ကျိုင်းမှာ မျက်လုံးပုတ်ခတ် လုပ်နေရုံသာရှိသည်။ အမေပြောမည့် စကားကို သိပြီးဖြစ်သဖြင့် ခေါင်းပုနေရပြီ။

"ဝေါ့ခနဲမြည်သဲ့ အသံ၊ ထွီခနဲ ထွေးသဲ့အသံတွေဟာ ခုနစ်အိမ်ကြား၊ ရှစ်အိမ်ကြား မကျယ်အောင်လုပ်လဲ ရသယ် လူကလေးရဲ့"

"ဟုတ်ပါသယ် အမေ၊ ဟုတ်ပါသယ်"

"သည်နေရာမှာ ငါ့သားတစ်ယောက်တည်း နေသာမဟုတ်ဘူး။ ခြေရင်းအိမ်၊ခေါင်းရင်းအိမ်၊မျက်နှာချင်းဆိုင်အိမ်တွေ ရှိသယ်။သည်အိမ်တွေမှာ ရှိသဲ့လူတွေ ထမင်းစားနေသလား၊သားရေစာ စားနေသလား မင်းသိသလား"

"မသိပါဘူး အမေခင်ဗျာ့"

"တစ်အိမ်အိမ်က တစ်ယောက်ယောက် စားသောက်နေတုန်းမှာ ကိုယ့်ရဲ့ 'ဟေ့၊ဟက်' ဝေါ့ ထွီကြီးကြားရင် ဆက်ပြီးစားချင်ပါဦးမလား။ သူ

www.facebook.com/NyisayEbookCreator
www.nyisay.com



စားသောက်နေသဲ့ပစ္စည်းကို တံတွေးနဲ့ထွေးရာ၊ သလိပ်နဲ့ပက်ရာရောက်သတဲ့"

"အမှတ်မဲ့ ဖြစ်သွားသာပါအမေရာ။ နောက်နောင် မဖြစ်စေရပါဘူး"

"လူလိမ္မာရဲ့သား ယဉ်ပါးသတဲ့။ လိမ္မာပါသားရယ်။ မိမဆုံးမ ဖမဆုံးမ သားလို့ လူများကဲ့ရဲ့မခံရပါစေနဲ့"

"ဟုတ်ကဲ့ပါအမေ"

ငကျိုင်း ဒူးဆန့်ရန် အားထုတ်သော်လည်း အမေ့မျက်လုံးများက စိုက်ကြည့်နေဆဲရှိသဖြင့် ငကျိုင်း မထဝံ့။

"နာဖျားမကျန်းရှိသဲ့ လူကလွဲရင် ဘယ်လူကောင်းမှ အသံထွက်အောင် တံတွေးမထွေးဘူး။ အသံထွက်ပြီး အန်သာအော့သာ ခွေးပဲရှိသယ်"

စကားပြတ်သွားသဖြင့် ပြီးပြီထင်ခါမှ ရှားနှစ်တုတ်ကြီးက ချိုစောင်းပေါ်သို့ ခပ်ဆဆကျလာ၏။

"အဲသာ မှတ်မိအောင်လို့"

ငကျိုင်းသည် ချိုစောင်းကိုပွတ်ရင်း ထလာသည်။ ပါးစောင်မှတံပူကို လွှင့်ပစ်ပြီး မျက်နှာသစ်ကာ အိမ်ပေါ်သို့ပြေးတက်လာသည်။ ငကျိုင်း သစ်ပင်ရိပ်ရှိ မျက်နှာသစ်အိုးမှခွာခြင်း၊ အိမ်ပေါ်သို့ ပြေးတက်လာပုံ လျင်မြန်ခြင်းတို့ကြောင့် မိရိုး ဟန်လုပ်ချိန်မရလိုက်ပေ။ နောက်ဆံကိုလက်ဖြင့်သပ်ရင်း ခြေရင်းဘက် ခပ်လှမ်းလှမ်းသို့ မျှော်ကြည့်နေသည်။

"အမယ်၊ သာက ဘာလုပ်နေသာတုန်း"

ငကျိုင်းသည် မေးလည်းမေး၏။ သူ့နှမ၏မျက်လုံး ရောက်ရှိနေသည့်ဘက်သို့ လှမ်းကြည့်သည်။ ကာလသားတစ်စု။

သူတို့ အလိုအလျောက် စုမိခြင်းဖြစ်နိုင်သည်။ မိရိုးနှင့် အချိန်းအဆက်ရှိသောကြောင့် လာရောက်လူယောင်ပြနေသူထံ ရောက်လာကြခြင်းလည်း ဖြစ်နိုင်သည်။ မည်သို့ဖြစ်စေ သူ့နှမ 'လင်ထောင်' နေသည်ကား ထင်ရှား၏။ သို့ဖြစ်သဖြင့် ငကျိုင်းမျက်နှာထား ရုတ်ခြည်း ခက်ထန်လာ၏။

www.facebook.com/NyisayEbookCreator
www.nyisay.com



မိရိုးသည် သူ့မောင်၏ မျက်နှာထားကို ဖျတ်ခနဲ အကဲခတ်၏။ ချက်ချင်း မျက်လွှာချ၏။ မျက်လွှာချလိုက်ရငြား၊ ရင်ထဲ၌ စိမ့်တက်လာ၏။ သို့အတွက် ဖာထေးရန် စကားစရှာ၏။

“ကိုရင် ထမင်းကြမ်းစားဖို့ ဘာမှ မရှိဘူး။ ငါးပိဖုတ် ဖုတ်ပေးရမလားဟင်”

“နေပေ့စေ”

သံပြတ် သံမာကြောင့် မိမိ၏ဖာထေးမှု၊ အာရုံလွှဲမှု အရာမရောက်ကြောင်း မိရိုးသိသည်။ ချက်ချင်း မောင်၏ရှေ့မှ ဖယ်ခွာသည်။ မိခင်၏မျက်စိအောက်သို့ သွားသည်။ ရက်ကန်းစင်ဝန်းကျင်ကို အလျင်အမြန် ရှင်းလင်းသည်။ ယက်ဖောက်ယောက်သည်။

မမင်းဘော်သည် သူ့သမီးနှင့် သူ့သား မည်သို့ဖြစ်လာသည်မသိ။ သို့သော် ဖျတ်ခနဲ မအေကို အကဲခတ်လိုက်၊ မျက်လွှာချလိုက် လုပ်နေသော သမီးကို မြင်ခါမှဖြင့် တစ်ခုခုဖြစ်လာပြီဟု အတပ်သိ၏။ သည်အရွယ်သည် လှုပ်ခါဆဲအရွယ်ဖြစ်သည်။ စိတ်ရော၊ မျက်လုံးပါ မငြိမ်။ ‘နင် ဘာဖြစ်လာသတုန်း’ မေးရသော် ကောင်းအံ့လော၊ အိမ်ပေါ်တက်သွားပြီး သားထံတွင် စုံစမ်းရ ကောင်းအံ့လော ရှိနေစဉ် ငကျိုင်း ဆင်းလာ၏။

မမင်းဘော် တစ်ချက်မော့ကြည့်၏။ သားမျက်နှာထား ခက်ထန်မာကြောနေ၏။ သူ့လက်ထဲတွင် ကြွေရည်သုတ် သံဇလုံတစ်လုံး။

“ဟဲ့ ဆွမ်းမခူးရသေးဘဲ စားဦးစားဖျား ခူးလာသလား”

“အမေ့ ဆွမ်းကဖြင့် ပွက်တောင် မပွက်သေးပါဘူး အမေရာ။ အခု ဟာက ထမင်းကြမ်းပါ”

ပြန်လည်ရှင်းပြရင်း ငကျိုင်းသည် မအေ့ရှေ့ရှိ ဖျာစုတ်ပေါ်တွင် သာရောက် တင်ပျဉ်ခွေထိုင်၏။ မြဖူးသည် ဆွမ်းမီစေရန် အပြေးအလွှား ဆွမ်းချက်လျက်ရှိရာ၊ ယခုမှ ထမင်းရည်ငှဲ့ရသည်။ ထမင်းရည်နံ့သည် မီးဖိုကျင်း

www.facebook.com/NyisayEbookCreator
www.nyisay.com



ဘက်မှ တငွေ့ငွေ့လွင့်လာ၏။

မမင်းဘော်သည် ထမင်းရည်နံ့ကို ရှူရှိုက်ရာက သား၏ ထမင်းဇလုံကို ကဲကြည့်၏။ ထမင်းအဖြူတွေ ပြောင်လက်တောက်ပနေသည်။ ထမင်းလုတ်များကို တစ်လုတ်ပြီးတစ်လုတ် ဆုပ်ယူနေသော လက်ချောင်းများမှာလည်း ဆီများ ရွှဲပြောင်နေသည်။

"ဆီဆမ်းလာတာကလည်း အများကြီးပါကလား သားရယ်"

ကျိုင်း ဆင်ခြေမပေးပါ။ ထမင်းခွံ့လိုက်၊ ကြက်သွန်တစ်ဥ ခွံ့လိုက် လုပ်လျက်ရှိသည်။

"ဟင်းမရှိလည်း ငါးပိလေးဘာလေး ဖုတ်လို့။ ငါးပိလေးဘာလေး 'အုန်း' လို့"

"ငါးပိလေး ကပျာကယာ ဖုတ်ပေးမလို့ ပြောပါသယ် အမေရာ။ အမေ့သားက"

ကျိုင်း၏ ခက်ထန်သော မျက်နှာပေါ်မှ စူးရှသောအကြည့်ကြောင့် မိရိုး စကားတန့်၏။

"ဟိုမျှော်သည်မျှော်နဲ့ ဖုတ်သဲ့ငါးပိဖုတ် အတူးအခြစ်ကို မစားချင်လို့ပေါ့ဟ"

မိရိုးရင်ထဲတွင် ဒိန်းခနဲဖြစ်ရ၏။ ချက်ချင်း အမေ့ထံ လှမ်းကြည့်လိုက်မိသည်။ အမေ့မျက်နှာတွင် ဒေါသမရှိ၊ ဒေါသငွေ့ မသမ်းငြား မျက်လုံးများကမူ မိရိုး၏အသည်းတိုင်ထိုးဖောက်၏။အကြည့်တွင် အသံမပါပါဘဲလျက် အသံထွက်နေ၏။'ဟုတ်သလား၊ဘယ်သူနဲ့အချိတ်အဆက်လုပ်သာတုန်း'စသည်။

သည်မျှသာဖြစ်ပါလျက် မိရိုးတုန်လှုပ်သည်။

ဒေါသရိပ်၊ ဒေါသငွေ့ မသမ်းသော အကြည့်၏ အဖျားသပ် အကြည့်ဖြစ်သည်။ ထိုအကြည့်မှာ 'တေး' သော အကြည့်ဖြစ်သည်။

တေးထားခြင်းသည် အချိန်မရွေး တောင်းခံမည့် အကြွေးဖြစ်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



အိပ်ပျော်နေဆဲတွင် နိုးပြီး မေးမြန်းစစ်ဆေးမည်။ သဘောမတွေ့လျှင် ထုရိုက်၊ လိမ်ဆွဲ။ ထမင်းစားဆဲ၊ အလုပ်လုပ်နေဆဲ အချိန်မရွေး အစစ်အမေး အကန်အကျောက် ခံရနိုင်သည်။

မိရိုးမှာ နေစရာမရှိအောင် ဖြစ်ရတော့သည်။ ယက်ဖောက်ချည်များ စုပုံမနေစေရန် သတိထားရပြီ။ ထိုင်ပုံကအစ ပြင်ပြီးထိုင်ရပြီ။ မျက်လုံးကို တစ်နေရာတည်းမှာ စူးစိုက်ထားရပြီ။ ဘေးရှိ ဒေါင်းပလုံး၊ ဘူး၊ ခွက်ကအစ နေသားတကျရှိအောင် လုပ်ရပြီ။

သို့ရှိစဉ်၊ ငကျိုင်းက ကြီးမားလေးလံကျယ်ပြန့်သော ခြေဖဝါးကြီးဖြင့် လှမ်းကန်၏။ ဤသည်မှာ 'သမီးတစ်ကောင် နွားတစ်ထောင်သို့ လုံအောင် အမြဲ စောင့်နိုင်ခဲ့သတဲ့ဗျား'ဟူသည့် စကားဖြစ်၏။

ငကျိုင်းသည် ထိုသို့ပြောရာက မြဖူးကို လှမ်းမေး၏။

"ဟော့ မရိုး၊ ထမင်း မနပ်သေးဖူးလား"

"တစ်ပြည်ချက်လောက်ရှိသဲ့ ထမင်းကြမ်းခဲကြီး ထည့်သွားသာ တောင် မဝဖူးလား။ ဝမ်းခေါင်းနှယ် ကျယ် ကျယ်လွန်း"

"နည်းနည်းကလေး လိုနေလို့ပါ မရိုးရာ"

"တစ်အောင့်လောက်နေရင် နပ်ပြီ ကိုရင်ရေ့"

မြဖူး၏အဖြေကို ငကျိုင်း အလေးအနက်မထားဘဲ "ပုတ်ထဲထည့်ပြီး ဗန်းကြီးနဲ့ အုပ်ထားရအောင်၊ အမေ့သမီးက လူဖြစ်နေသာ ခက်သဗျာ" ပြောကာ ထသွားလေ၏။

သား၏စကားထဲတွင် မအေအား မရိုမသေစကား တစ်လုံးမျှမပါပေ။ မထိမဲ့မြင်အကြည့်၊ မလေးမစားအကြည့်လည်း မပါချေ။ သို့သော် မမင်းဘော်မှာ အပြစ်ရှိသူအလား ခံစားရ၏။

မြန်မာတို့တွင် သမီးကိစ္စ၌ ဖအေမပါချေ။

နှမကိစ္စ၊ အစ်မကိစ္စတွင် မောင်မပါချေ။

www.facebook.com/NyisayEbookCreator
www.nyisay.com



မည်သူ့ကိုစွနည်း။ မအေ့ကိစ္စ၊ မအေ့တာဝန် လုံးလုံးဖြစ်သည်။

ယခု ငကျိုင်း၏အသံ၊ အကြည့်များတွင် အပြစ်တင်ဟန် မပါရှိဘြား၊ 'အမေပေါ့လျော့သည်၊ သမီးမထိန်းတတ်'ဟု အပြည့်အဝ ပြောသွားသည်သို့ ရှိ၏။ ကိုယ်ကမွေးသော သားဖြစ်ဘြား၊ သူ့သိက္ခာ၊ သူ့တာကို လေးစားသော အားဖြင့် မမင်းဘော် နှုတ်ဆိတ်နေခဲ့သည်။

သားထသွားတော့မှ မမင်းဘော် အသံထွက်၏။

"မောင်ဖွားတောင် သိမှတော့ ရပ်ကျော်ရွာကျော် ဖြစ်ပြီလားသမီး။ ဘယ်သူနဲ့တုန်း။ ဘယ်သူ့သားတုန်း။ ဘယ်ကတုန်း"

မိရိုးမှာ ဖြေစရာစကားမရှိ။ မျက်ရည်ပေါက်တွေ တစ်လုံးပြီးတစ်လုံး လိမ့်ဆင်းလာခြင်းသာ အဖြေဖြစ်၏။

အမေကလည်း ကိုယ်ချင်းစာသည်။ ဟိုကြည့်သည်ကြည့် ကြည့် သည့်အခိုက်တွင် သူ့မောင်မြင်သွားခြင်းလည်း မဖြစ်နိုင်သလော။

အချိန်းအချက်ပြုကာ ကြည့်နေဆဲ မြင်သွားသည့်နည်းတူ၊ မတော်တဆ အကြည့်ဆုံခိုက် မြင်တွေ့သွားသည်လည်း ဖြစ်နိုင်သည်။ ဖြစ်နိုင်သော်ငြား သတိမှာ ပိုသည်မရှိ။ လိုသာလိုတတ်သည်။

သို့ကြောင့် စာနာစိတ်ကို မျိုသိပ်ထားလိုက်ရ၏။

"မိန်းမတို့လ္ကန္တြေ ရှေ့ပေးလို့မရလို့ ငါ ခဏခဏပြောပါလျက်နဲ့အေ"

မိရိုးထံမှရှိုက်သံသာထွက်၏။ရှက်ကြောက်ရိုသေရမည့်မောင်ဘွား၏ အပြောခံရသောကြောင့် ဖြစ်၏။

"သည်မိန်းမ လ္ကန္တြေကောင်းပေမယ့်၊ အနေအထိုင်ကျစ်လျစ်ပေမယ့် ဆင်းရဲတယ်။ ဆင်းရဲတော့ ရှေ့ပေးရင်တော့ သင်းခံနိုင်မလားဆိုပြီး ရှေ့ထည် လက်ဝတ်လက်စားတွေ အများကြီးပြပြီးခေါ်တယ်။ ဖင်တောင်လုံအောင် မဝတ်နိုင်တဲ့မိန်းမပဲ။ လိုချင်တာပေါ့။ ဒါပေမယ့် လ္ကန္တြေတော့ အပျက်မခံနိုင်ဘူး။ အဲဒါကို 'မိန်းမတို့လ္ကန္တြေ ရှေ့ပေးလို့မရ' ခေါ်တာပဲသမီး"

www.facebook.com/NyisayEbookCreator
www.nyisay.com


မန်ကျည်းသီး အစေ့ထုတ်စရာ ကုန်သွားပြီ။ မမင်းဘော်၏ စကားမှု မကုန်သေး။ မန်ကျည်းသီးတွေကို မြေအိုးထဲသို့ ထည့်သိပ်နေသည်။

"မိန်းမမှာ ရွှေရှိရင်ကောင်းပေမယ့် ဣန္ဒြေမရှိရင် အလကားပဲ သမီး။ ငွေရှိပြီး ဣန္ဒြေသိက္ခာ မရှိတဲ့မိန်းမဟာ အဖိုးမတန်ဘူး။ ဣန္ဒြေရှိမှ လူလေးစားတယ်၊ ရိုသေတယ်လို့ အမေ ပြောပေါင်းများပြီကောအေ"

ဟုတ်ပါသည်။ အမေသည် ဣန္ဒြေရှိသောကြောင့် မိဖုရားဖြစ်သွားသော ဆင်းရဲသူမ ရှေးစကား (ပုံပြင်)ကိုလည်း ပြောပြဖူးပါသည်။

"ယောကျ်ားဟာ မိန်းမကို အရွယ်ကောင်းရင်၊ ရုပ်ကောင်းရင် ကြိုက်တော့ကြိုက်သာပဲအေ့။ ဒါပေမယ့် ရေလာမြောင်းပေးလုပ်သလိုလို ပြိတ်ပြိတ် မိန်းမကျတော့ ကြိုက်ပေမယ့် အထင်သေးတယ်။ ဣန္ဒြေရှိသဲ့ မိန်းမကျတော့ လေးစားစိတ်၊ အထင်ကြီးစိတ်နဲ့ ကြိုက်သာအေရဲ့"

မိရိုးမှာ ခြားအလှည့်ရပ်နေ၍မှ ရပ်နေမှန်းမသိချေ။ သူ့ရင်ထဲ၌ အရှက်ကသာ လွှမ်းမိုးနေသည်။

"မိန်းမသားများဟာ ရယ်စရာရှိပေမယ့် ပြုံးရုံပြုံးသလို၊ ကြိုက်စရာတွေ့လို့ ကြိုက်ပေမယ့် ဣန္ဒြေ ထိန်းသိမ်းစောင့်စည်းရတယ်။ အဲသည်လို မစောင့်စည်းရင် တစ်ချိန်ချိန်မှာ ဒုက္ခတွေ့ရတတ်တယ်ဟဲ့"

အိုးတစ်လုံး ပြည့်သွားသဖြင့်၊ စလောင်းဖုံး ဖုံးသည်။ ပိုပြီး လုံခြုံစေရန် စလောင်းနားနှင့် အိုးနှုတ်ခမ်းအစပ်တွင် ထန်းလျက်နှင့် ထုံးကို ရောတေပြီး 'အန္တာ' ပိတ်၏။ ပိတ်နေငြား အပြောမပျက်။

"ကိုယ်ကကြိုက်လို့ လိုက်လိုက်လျောလျော ပြုံးပြုံးရွှင်ရွှင်လုပ်ရင် မောင်မင်းကြီးသားတွေက ဘယ်လိုထင်သယ်မှတ်သတုန်း။ မျက်နှာရှင် ဘယ်တဲ့။ အညာလွယ်တယ်တဲ့"

အိုးသစ်တစ်လုံး ယူလာပြီး၊ မိရိုးရှေ့တွင် ပြန်ပြီးထိုင်သည်။မန်ကျည်းသီးတွေ ထည့်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"ပါးစပ်က ဖွင့်မပြောပေမယ့် စိတ်ထဲကထင်သွားရင် တစ်သက်လုံး သွားရောပဲသမီးရေ။ အေး၊ အဲသည်လူနဲ့ အကြောင်းပါရင် ဒုက္ခပဲ။ ညားခါစ တော့ မမြင်ဖူး မူးမြစ်ထင်ပေါ့အေ၊ မိုးမမြင် လေမမြင်ပေါ့။ အေး၊ နှစ်တွေ ကြာလာတဲ့အခါ သွေးကလည်း အေးသွားပြီ။ လင်နဲ့မယား လျှာနဲ့သွား ဆိုတာလို မကြာခဏလည်း မသင့်မမြတ်ဖြစ်ရော၊ ကိုယ်တော်ချောတွေက ဘယ်လိုအတွေးပေါက်လာတယ် ထင်သတုန်း"

ဤသည်တို့ကို မည်သို့လျှင် မိရိုး သိပါမည်နည်း။ ယောကျ်ား တစ်ယောက်၏ ရင်ခွင်တွင် ခိုဝင်ရလျှင် မည်သို့ရှိမည်နည်း။ ထိုသူနှင့်ပျော်မြူး ရလျှင် ရင်တဖိုဖိုအရသာသည် ဆတ်သောသစ်ကိုင်းအဖျားသို့ တက်ရသကဲ့ သို့ပင် ရှိချေသလောဟူသည်မျှသာ သိသည့်အတွက် မျက်ရည်သုတ်နေမိ၏။

"ယောကျ်ားများဟာ မိန်းမတစ်ယောက်ကို တပ်မက်ပြီလားဆိုမှဖြင့် ခြေသည်းကစ ဆံပင်အထိ အကုန်တပ်မက်တော့တာပဲ။ အေး၊ သွေးအေးလာပြီ ဆိုတော့လည်း ကြဲဖန်အပြစ်ရှာတဲ့အထဲမှာ မဟုတ်ကဟုတ်က စွပ်စွဲတာဟာ အဆိုးဆုံးပဲ"

'ဘယ်လိုစွပ်စွဲသတုန်းအမေ' ဟု မိရိုး မေးလိုငြား မမေးရဲ။ မမေးစေ ကာမူ မမင်းဘော်ပင် ဖြေပါသည်။

"ကြံဖန်ပြီး အပြစ်ရှာတာကို ပါးစပ်ကထုတ်ပြီး ပြောချင်လည်း ပြော မယ်။ မပြောချင်လည်း မပြောဘူး။ ဘယ်လို အပြစ်ရှာသတုန်းဆိုတော့ 'သည်မိန်းမဟာ ငါနဲ့မရခင်တုန်းက မျက်နှာလွှင်တယ်။ ငါ့ကို ပြုံးပြသလို တခြားလူတွေကိုလည်း ပြုံးပြမှာပဲ။ ဖော်ဖော်ရွေရွေ လိုက်လိုက်လျောလျော လုပ်မှာပဲ' ဆိုပြီး ဖြစ်လာသတော့။ အဲဒါ ဣန္ဒြေမဲ့ခဲ့မိတဲ့အပြစ်"

မိရိုးရင်တွင် ထိတ်လန့်ဝေဒနာ ဖြစ်ပေါ်၏။ ဆူးပေါ်သို့ ဖက်ကျလျှင် ဖက်တွင် ဒဏ်ရာရ၍၊ ဖက်ပေါ်သို့ ဆူးကျလျှင်လည်း ဖက်ပင်လျှင် အနာတရ ဖြစ်ရသည့် စကားစဉ်ကို သတိရလိုက်၏။

www.facebook.com/NyisayEbookCreator
www.nyisay.com


"အမယ်၊ အဲဒါလောက်ဆိုရင် တော်သေး။ 'ဒါလောက်ဖော်ရွေတဲ့ မိန်းမ၊ ငါ့အပြင် ရည်းစား ဘယ်နှစ်ယောက် ထားခဲ့သတုန်း' ဆက်တွေးရင် သေရော၊ ဟင်း။ 'သည်ကောင်မ အပျိုမှဟုတ်ရဲ့လား' ဆက်အတွေးခံရရင် သေတာပဲကောင်းပါတော့တယ် သမီးရယ်။ အဲဒါကြောင့် ဣန္ဒြေရှိပါ ရှိပါ အမေ တဖွဖွပြောတာ"

ဒုတိယအိုးတွင် အစေ့ထုတ်မန်ကျည်းသီးများ မပြည့်ပါ။ မပြည့်ပြား ကုန်သွားပြီ။ မမင်းဘော်သည် ထိုအိုးကို စလောင်းဖြင့် ဖုံးရုံသာဖုံး၏။ အန္တာ မပိတ်ပေ။ လောလောဆယ် သုံးမည့်အိုးဖြစ်သည်။

"စောစောတုန်းက သမီးဘာလုပ်နေလို့ သမီးရဲ့မောင်က အခုလို ပြောသွားရတာတုန်းဟင်။ အမေ့ကို အမှန်အတိုင်းပြောစမ်း"

အိုးပေါ်တွင် လက်တစ်ဖက်တင်ထားရင်း၊ ငဲ့စောင်းကြည့်ကာ မေးသည်။

"နောက်ဖေးလှေကားထိပ်အရောက်မှာ အဘကျော်တို့အိမ်ဘက်မှာ လူစုစုမြင်သာနဲ့ လှမ်းကြည့်မိပါသယ်အမေ။ အဲသာကို ကိုရင်မြင်သွားသာပါ"

အဘကျော်တို့အိမ်မှာ မမင်းဘော်တို့အိမ်၏ ခြေရင်းတွင်ရှိသည်။ ထိုအိမ်၏ရှေ့ပိုင်း ခေါင်းရင်းမကျတကျတွင် ကုတင်တစ်လုံးသည် တမာပင် ရိပ်ခိုပြီး တည်ရှိ၏။

ပြူးပြူးပျာပျာ တိုးတိုးတိတ်တိတ်နှင့် နွားသားသည်လာလျှင် သည် ကုတင်မှာ ချတတ်၏။ ကာလသားများလည်း စုဝေးတတ်၏။ မြို့မှပြန်လာ သော ရွာခေါင်းသည်ပင် သည်ကုတင်တွင် အမောဖြေရင်း အကြောင်းထူး ကိစ္စထူးများကို ဖောက်သည်ချတတ်၏။

ဣန္ဒြေရှိရမည်ဆိုသောကြောင့် ခေတ်ပျက်ကြီးတွင် မျက်လွှာချနေ၍ မလျော်ချေ။ သို့အတွက် ထိုအရပ်သို့ သမီးကြည့်မိရုံဖြင့်ကား မမင်းဘော် အပြစ်မတင်လိုပေ။ သို့သော် ကြည့်ပုံရှိသေးသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"ဒါပေါ့အေ၊ ဘာဖြစ်နေတာတုန်း၊ ဘာလုပ်နေတာတုန်း သိရအောင် ကြည့်ရမှာပေါ့။ ဒါပေသည့် တစ်ယောက်ယောက်ကို စိုက်ကြည့်နေရင်၊ ကြည့်ရင်း ထဘီပြင်ဝတ်တာ၊ ဆံပင်ဖြန့်တာလုပ်ရင်တော့ 'လင်ထောင်'တာပဲသမီး၊ ဣန္ဒြေမရှိတဲ့ မိန်းမဖြစ်သွားပြီ"

ခါးတွင်ညှပ်ထားသော ထဘီစ လျော့ပြေသောကြောင့် ပြင်ဝတ်သည်က အစ အခေါက်မဖြေရပေ။ အခေါက်ဖြေပြီး ပြန့်ပြန့်ရန့်ရန့်ရှိအောင် လုပ်လိုလျှင် ချုံဘက်ပုတ်ဘက် သစ်ပင်ဘက်သို့လှည့်ပြီး စိတ်တိုင်းကျဆောင်ရွက်ရသည်။ ဤသို့မဟုတ်ပါက 'လူလယ်ခေါင်တွင် ထဘီဖြန့်ပြသည်'ဟု အယူရှိကြ၏။ သို့ဖြစ်၍ ထဘီပြင်ဝတ်ခြင်းကို ထည့်မေးခြင်းဖြစ်၏။

"သမီး ဟိုသင်း"

မှသားသင့်မည်ကို မိရိုးစိုးရိမ်သဖြင့် မိမိ မည်သည့်အနေအထားတွင် ရှိခဲ့ပါလိမ့်ဟု မိရိုးစဉ်းစားရသည်။လည်ကုပ်ကို ကုတ်နေမိသလော၊ဆံအိတ်ကို ပင့်နေမိသလော။

"ထဘီမနိုင်ဘူးထင်လို့ ညည်းဘာသာညည်း ပြင်ဝတ်ဝတ်၊ ခေါင်းယားလို့ ညည်းဘာသာကုတ်ကုတ်၊ ယောကျ်ားတစ်ယောက်ယောက် မြင်သွားသလား။ မြင်သွားရင် မာယာလေးဆယ်နဲ့ သူ့ကိုမြူတယ်ထင်သွားပြီ"

မိရိုး စိတ်ရှုပ်ရပြီ။

ဟုတ်သည်။ သူ တစ်ခုခုလုပ်မိသည်။ မည်သို့လုပ်မိသည် မမှတ်မိ။

ယောကျ်ားတစ်ယောက်ကို ညို့လို မြူလို၍ကား မဟုတ်။ မဟုတ်သော်ငြား အမေ့စကားအရ မာယာထဲဝင်သွားပြီ။

အမေ သုံးလေးကြိမ်ပြောဖူးသည်။ အစုံအစေ့မဟုတ်။ ကလေးကို မြှောက်ချီခြင်း၊ ထဘီပြင်ဝတ်ခြင်း၊ ထဘီကျွတ်ဟန်ပြုခြင်း၊ ခေါင်းဖြီးခြင်း၊ ဆံထုံးပြင်ထုံး၊ ပန်းပြင်ပန်ခြင်း၊ ရယ်သံပြုခြင်း၊ စိတ်ဆိုးဟန်ပြုခြင်း၊ မျက်စောင်းထိုးခြင်း၊ သည်မျှသာ မှတ်မိသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com


"အမေ့ကို သမီး မလိမ်ပါဘူးအမေ။ သမီး ခေါင်းယားလို့ ကုတ်မိသလား၊ သန်းဥနှိုက်မိသလားတော့ မသိဘူး"

"အိပ်ယာကနိုးနိုးချင်း ခေါင်းဖြီးဟဲ့ဆိုတာ အဲဒါပေါ့အေ။ အဝေးဖိတ်နေ့ဆို ခေါင်းလျှော်"

"သန်းမရှိပါဘူးအမေရာ။ ဖောက်ယားသာ ဖြစ်မှာပါ"

"ဟဲ့ ဖောက်ယားသာကိုက ခေါင်းလျှော် ပျင်းလို့ဟဲ့" ဆိုရာက မမင်းဘော်သည် သမီး၏မျက်နှာကို စေ့စေ့ကြည့်ကာ မေးခွန်းထုတ်၏။

"အမေ့ကို မှန်မှန်ပြောစမ်း။ ရည်းစားရှိသလား"

အမှတ်မဲ့ အဖမ်းခံရခြင်းဖြစ်သည်။ မိရိုးမှာ မျက်နှာတစ်ပြင်လုံး နီရဲထူပူပြီး အ သွားတော့သည်။ အမူအရာ တစ်စုံတစ်ခုဖြင့် ဖုံးကွယ်ရန် ဟန်လုပ်ရန် သတိမရတော့ပါ။

"အမေတို့မှာ သည်အမေနဲ့ သည်သမီးပဲ ရှိသာပါ သမီးကလေးရယ်။ မှား၏ မှန်၏၊ တော်၏ မတော်၏၊ သင့်၏ မသင့်၏ အမေ မချိန်ဆမစဉ်းစားနိုင်ပေဖူးလား သမီး"

မိရိုး၏ နှုတ်ခမ်းဖျားတွေ တဆတ်ဆတ်တုန်နေသည်။ အရာရာ၌ အကောင်းဆုံးမိတ်ဆွေ၊ မည်သည့်အခါမျှ မကောက်ကျစ် မယုတ်မာသော မိတ်ဆွေ အမေကို ဖွင့်ပြောရန် နှုတ်မရဲ။

"အမေတို့ သမီးတို့ ငါးဟင်းနဲ့ ထမင်းစားတဲ့အခါမှာ ထမင်းလုတ်ကို အရိုးမပါဘူးထင်လို့သာ မျိုချကြတာမဟုတ်လား"

"ဟုတ်၊ ဟုတ်ပါသယ်အမေ"

"အေး၊ အဲသည်နည်းနဲ့ ထမင်းတစ်လုတ်ကို ဝါးလည်းဝါး၊ မျိုလည်းချနေတုန်းမှာ အရိုးကို ဝါးမိရင် အရိုးကိုရှာတယ်၊ ရှာလို့ မတွေ့တဲ့အဆုံးမှာ ဘယ်လောက်ပဲ အရသာတွေ့နေနေ ပါးစပ်ထဲရှိသမျှ အကုန်လုံး ထွေးထုတ်တယ် သမီး"

"ဟုတ်ပါသယ် အမေ" ဟု ဆိုလိုက်ရငြား၊ အမေ့စကားသည် မည်သည်ကို ရည်ရွယ်သနည်း မိရိုး မမှန်းဆတတ်။

"သလိုပဲ သမီးရေ့၊ လူတစ်ယောက်အပေါ်မှာ ဘယ်လောက်ပဲစွဲလန်းစွဲလန်း၊ အရိုးနဲ့တူတဲ့ အပြစ်အနာအဆာတွေ့ရင် သံယောဇဉ်ဖြတ်နိုင်ရမယ်။ အဲသည်အနာအဆာကို 'မွန်'နေတဲ့ ကာယကံရှင်က မသိဘူး။ ဘေးလူဖြစ်တဲ့ အမေကသာ သိနိုင်တာမို့"

မိရိုး သဘောပေါက်သည်။ ပေါက်သော်ငြား သည်ရွာက ဘကြီးကျော်၏မြေး၊ နေ့င်း။ ဟိုဘက်ကမ်း သွေးသောက်စုရွာသား ဦးမှန်း၊ ဒေါ်ချစ်၏သား နေ့င်းဟူသည်ကို ပြောမထွက်အောင် ရှက်ရွံ့နေသည်။

ပြောမထွက်အောင် နှုတ်ဆွံ့ ရှက်ရွံ့မည့်သာ မိရိုး ရှက်ရွံ့နေသည်။ စင်စစ်အားဖြင့် နေ့င်းအား သူကြိုက်ခြင်းမှာ နှိုင်းချိန်စဉ်းစားပြီးမှ ကြိုက်ခဲ့ခြင်းဖြစ်သည်။

နေ့င်း၏အဖေ ဦးမှန်းမှာ သည်နယ်တစ်ခွင်၌ ဟိုးလေးတကျော် ဖြစ်အောင် လုပ်သွားခဲ့၏။

သူ့ညီ ဦးလုံးတွင် သမီးတစ်ယောက်ရှိ၏။ ဆင်ပေါင်ဝဲဈေးသို့ ကိုင်းထွက်သီးနှံများ သွားရောက်ရောင်းချစဉ် စကားပြန်တစ်ယောက်နှင့် မျက်မှန်းတန်းမိ၏။ ထိုစကားပြန်သည် ရိက္ခာကိုင်သော ကော်ပရာတစ်ယောက်ထံမှ ဝတ်ထည်ဖျင်စနှင့် အစားထူး၊ အစားဆန်းများ လက်ဆောင်ပေး၏။ ဤသို့ ကော်ပရာနှင့် ထိုမိန်းကလေး ကြိုက်ကြတော့သည်။

ထိုသတင်းသည် သွေးသောက်စုတစ်ရွာလုံး နားလျှံတော့မှ ဘကြီးဖြစ်သူဦးမှန်း၏ နားထဲသို့ရောက်လာသည်။ ဦးမှန်း ဓားဆွဲပြီးထသည်။ ညီဖြစ်သူထံ အပြေးလာသည်။

"ငါတို့အမျိုးထဲကို ခွေးမဝင်ရ။ လုံး ဘယ်မတုန်း လုံး။ ဟော့ လုံး"

www.facebook.com/NyisayEbookCreator
www.nyisay.com



ဦးလုံးမရှိ။ လွန်ချိကျွန်းသို့ သွားနေသည်။

ညီမရှိသော်ငြား ဦးမုန်း အိမ်ပေါ်တက်သည်။ တူမ၏အခန်းထဲရှိဖာကို မွှေသည်၊ ဖွသည်။ သွေးသောက်စုရှာသူ ကိုင်းသမား၊ ယာသမားများ ခါးပေါ်မတင်နိုင်သော အဝတ်တွေ။

"နင့်သမီးမှာ သည်ဟာတွေ ဘယ်ကရသတုန်း၊ သိလား"

"ကျုပ်မသိဘူး ခဲအိုကြီး။ သူ့ကို တစ်ရွာလုံးက မခေါ်မပြောသာ သိလို့ ဘာဖြစ်သာတုန်း ကျုပ် မေးတုန်း မြန်းတုန်းပါတော်"

"သူ့စကားကို ကိုယ်မသိ၊ ကိုယ့်စကားကို သူနားမလည်နဲ့ စကားပြန်ကို ပုဏ္ဏားဒိုင်ထားပြီး အဝယ်တော်နဲ့ ကြိုက်သတဲ့။ ဒါလောက် ကြိုက်စရာ ရှားသလားဟင်"

ဓားကို မြင်သောကြောင့် ခယ်မမှာ ဆတ်ဆတ်တုန်နေသည့်နည်းတူ၊ တူမမှာ အိမ်ပေါ်မှ ဆင်းပြေး၏။ တူမ၏ကုပ်ကို ဦးမုန်း ဖမ်းဆွဲထားလိုက်သည်။

"မြို့ပေါ်မှာ သင်းရို့ စာရေးထားသာရှိသယ်။ ဤခြံထဲသို့ မြန်မာမဝင်ရ။ ဤလမ်းပေါ်တွင် လှည်းမမောင်းရတဲ့။ သည်တော့ ငါကလည်း ပြောသယ်ဟေ့။ ငါတို့အမျိုးထဲကို ခွေးမဝင်ရ"

ဦးမုန်းသည် ငယ်သံပါအောင် အော်သံများကို ကျောခိုင်းလျက် ဓားဆွဲကာ မြစ်ဆိပ်သို့ပြေးလာသည်။ သွေးစက်စက်ကျနေသော ငှက်ကြီးတောင်ဓားကြီးကို လှေပေါ်တင်ပြီး အပြင်းလှော်ခတ်လာသည်။

ဈေးစည်ချိန်။

သွေးစေးများတွဲခိုနေသော ငှက်ကြီးတောင်ဓားနှင့် လူကြီးတစ်ယောက်။ ဧကားပြန်နှင့် အဝယ်တော်တို့ ကံဆိုးသောကြောင့် ဦးမုန်း၏လက်ထဲမှ ဓားကြီးကို သတိမထားမိကြ။

ကိုင်းထွက်သီးနှံများ ရောင်းချသော အတန်းတွင် စကားပြန်နှင့်

www.facebook.com/NyisayEbookCreator
www.nyisay.com


အဝယ်တော်တို့ ရောက်နေကြသည်။

"သူမလာဖူးလား။ ဘာပြုလို့ မလာတာတုန်း"

"ဘယ်သူ့ကိုမေးတာတုန်း။ မိလွမ်းလား"

"ဟုတ်တယ်" ဖြေပြီးမှ စကားပြန်သည် လှည့်ကြည့်မိ၏။

"ငါဟာ မိလွမ်းရဲ့ဘကြီးပဲ။ ငါ့အမျိုးထဲကို ချွေးအဝင်မခံဘူးဟေ့"

ဒုတ်ခနဲ ဒုတ်ခနဲ ဓားသံနှစ်ချက်အဆုံးတွင် ကိုင်းသီးနံ့တန်းကို အမင်္ဂလာသွေးတွေ လွှမ်းသည်။ ကြောက်လန့်တကြား ပြေးလွှားသံများ၊ အော်ဟစ်သံများ ပွက်လောထသည်။

ဦးမုန်းကား သူရဲဘောမကြောင်။ထွက်မပြေး။ဓားကြီးကိုင်ပြီး သူ့လှေ ထားခဲ့ရာသို့ ပြန်လာသည်။ လှေပေါ်တက်မိပြီးချိန်၌ ပုလိပ်တွေ အပြေး အလွှား ရောက်လာသည်။ သေနတ်ဖြင့် ခြိမ်းခြောက်ပစ်ခတ်သည်။

ဦးမုန်း လှေကိုပြန်ကပ်သည်။ ကျကျနန ကြိုးချည်ပြီးမှ လှေပေါ်မှ ဆင်းသည်။ ဓားရိုးကို ညာလက်၊ ဓားသွားကို ဘယ်လက်ဖြင့် ကိုင်လျက်၊ လက်နှစ်ဖက် ရှေ့ထုတ်၍ ပုလိပ်များ၊ စစ်ဗိုလ်များထံ အေးဆေးစွာ လျှောက်လာသည်။ ယောက်ျားပီသစွာ အေးအေးဆေးဆေး အဖမ်းခံမည့်ပုံ ဖြစ်သည်။

သို့ရာတွင် လက်တစ်ကမ်းသို့ရောက်မှ ဘယ်လက်ရုတ်သည်။ 'ကျားခနဲ ကျားခနဲ' အော်အော်ပြီး တစ်ယောက်ပြီးတစ်ယောက် သွက်လက်စွာ ခုတ်တော့၏။ လက်နက်မဲ့ အရပ်သူအရပ်သားများကိုသာ လူစွာလုပ်တတ် သော ဘိန်းစား သေသောက်ကြူးပုလိပ်များ ဖရိုဖရဲပြေးသည်။ မလှမပ အခုတ်ခံရသည်။

ဤသို့လျှင် ရင်သပ်ရှုမောအံ့ဩစရာ ရဲရင့်သော ဦးမုန်း၏သတင်းသည် ဆင်ပေါင်ဝဲတစ်ခိုင်၌ သင်းပျံ့၏။ မြင့်မြတ်သောအမျိုး၊ ရဲရင့် ထက်မြက်သော အမျိုးအဖြစ် ထင်ရှား၏။

www.facebook.com/NyisayEbookCreator
www.nyisay.com


မိရိုးသည် ထိုအမျိုးကို လေးစား၏။ အထင်ကြီး၏။ အထင်ကြီးသဖြင့် ဦးမှန်း၏သား နှင်းဆိုသူအား ခိုးကြောင်ခိုးဝှက်ကြည့်၏။ လွန်ခဲ့သော နှစ်ကမှ သူခိုး လူမိခံရ၏။ ထိုအချိန်မှစတင်ပြီး နှင်းသည် ဘကြီးကျော်တို့အိမ်သို့ လာတိုင်းလာတိုင်း သည်ဘက်ကို မျှော်ကြည့်မြဲဖြစ်၏။

အကြည့်ဆုံလေတိုင်း နှင်း ပြုံးပြသည်။ မိရိုးကား ပြန်လည်ပြုံးမပြ။ သူ့ရင်ထဲ၌ တွယ်တာနေမိပြီဖြစ်ငြား ပြန်ပြုံးနိုင်အောင် မိရိုးအရှက်မခေါင်းပါး။ မျက်လွှာသာ ချချပစ်ခဲ့သည်။

ဘကြီးကျော်တို့အိမ်ဘက်သို့ မိရိုး မျှော်ကြည့်မိခြင်းမှာ သည်အကြောင်းမျှသာ ဖြစ်သည်။ ဖြစ်သော်လည်း မိန်းမချင်းဖြစ်သော မိခင်အား မိရိုး ဖွင့်ဟဝန်မခံရဲ။ ဝန်ခံရန် ရှက်နေသည်။

မမင်းဘော်သည် သမီး၏မျက်နှာကို တွေတွေကြီးစိုက်ကြည့်နေမိ၏။ သမီး 'ဘူး' ခံနေခြင်းလော။ အပြောရခက်နေသလော။ ထိုသို့ရှိနေစဉ် ငဝဲ၏ဇနီး မယ်ဝါးအသံကြောင့် အာရုံပျက်ရ၏။

"အစ်မရေ၊ ညည်းသည် တော်ရေ့။ ရွာထိပ်မှာတွေ့လို့ ခေါ်ခဲ့သာ၊ အစ်မညီမ မယ်သော့ရဲ့ သားတဲ့"

ထိတ်ခနဲ ဝမ်းသာသည်။ "ဘယ်မတုန်း ဘယ်မတုန်း" မေးလျက် မမင်းဘော် ထသည်။ ထဘီပြင်ဝတ်ပြီးမှ အိမ်ရှေ့သို့ ပြေးထွက်သည်။ ဖာတစ်လုံး၊ အဝတ်ထုပ်တစ်ထုပ် ဆွဲလျက် လျှောက်လာနေသော လူငယ်တစ်ယောက်။ မိသော့နှင့် ချွတ်စွပ်တူသူ။

✱

www.facebook.com/NyisayEbookCreator
www.nyisay.com

# ၁၂

"တိုးလဟ၊ တက်လဟ။ တိုးလဟ တိုး"

အကြပ်သွေးသောက်များ၏ အမိန့်ပေးသံသည် တိုက်မောင်းသံများနှင့် လုံးလျက် ပဲ့တင်ထပ်နေလေ၏။

မင်းကြီးဗိုလ်ဥတ္တမ၏ တပ်တော်ကြီးသည် စလင်းမြို့ကို သိမ်းပိုက်ထားပြီးနောက် လယ်ကိုင်းစကုအထိပင် အာဏာစက် ဖြန့်ကျက်နေခဲ့သည်။ သံကိုင်းဘက်မှလာသော ရန်သူများကို ကိုမိုးကောင်းတို့၏တပ်များက လိုက်လံမောင်းနှင်ချိန်ဝယ်၊ ရန်သူတစ်အုပ်သည် ရခိုင်ရိုးမကိုကျော်လျက် နှစ်စုခွဲပြီး ကျူးကျော်လာသည်။

တစ်စုကို ဗိုလ်ရွှဲ၏တပ်က ကန်တန်း (ဂဒန်း)မှ ဆီးကြိုသုတ်သင်သည်။ ယင်းမှ တပ်ပျက်ပြီးပြေးသော မိစ္ဆာပါပများသည် ဖအိုင်းသို့ရောက်နေသော တပ်နှင့် ပေါင်းမိကာ စလင်းကို ဝင်ထိုးတော့သည်။

မေဂျာအက်ကင်ဆင်နှင့် ကပ္ပတိန်ဒန်းစဖို့သည် မင်းကြီးဗိုလ်ဥတ္တမ၏

www.facebook.com/NyisayEbookCreator
www.nyisay.com



တပ်များ မထင်မှတ်သော အနောက်မျက်နှာမှ ဝင်လာကြခြင်းဖြစ်သည်။ သည်အချိန်တွင် ကိုမိုးကောင်းတို့တပ်မှာ မုန်းမြစ်ဘေးတွင်သာ ရှိသေးသည်။ မြတောင်ဗိုလ်နှင့် သေိုင်းတို့တပ်မှာမူ ကျုံးနှင့် လင်းဇင်းကြားတွင် ရောက်နေသည်။

မိစ္ဆာဒိဋ္ဌိ ဓားပြတပ်များသည် ရွှေမုဋ္ဌောဘုရားကုန်းကို အရအမိ ခြေကုပ်ယူနိုင်ရန် တိုက်ခိုက်သည်။ သည်ကုန်းတော်တွင် တပ်စွဲနေသူမှာ ဗိုလ်သံဆုံ။ ဆေးဖက်ဝင် သစ်သီးသစ်ဥ သစ်မြစ်သစ်ရွက်များကို ဆုံထဲထည့် ထောင်းဘိသကဲ့သို့ စိစိညက်ညက်ကြေအောင် ရန်သူကို ချေမှုန်းလေ့ရှိသဖြင့် အမည်တွင်သော ဗိုလ်သံဆုံ။

မိစ္ဆာဒိဋ္ဌိ မောင်းနှင်ချေမှုန်းရေး ပြည်ချစ်မျိုးချစ် မြန်မာရဲမက်၊ ချင်းရဲမက်များမှာ သေနတ်ချို့တဲ့၏။ ချို့တဲ့ပါလျက်နှင့် ကုန်းတော်မှမရွေ့။ သေနတ်ဖြင့်ပစ်သည်။ ဓားဖြင့် အတင်းဝင်ခုတ်သည်။ ကုလားဖြူ ကုလားနက်များသည် အလောင်းသော်မျှ မကောက်နိုင်ဘဲ ရေကန်ဘက်သို့ဆုတ်ပြေးသည်။ ကန်ပေါင်ပေါ်တွင် အမြောက်နှစ်လက်ရောက်လာပြီ။

ဗိုလ်သံဆုံ၏ မြင်းသည်ကျော်သည် ရွှေတန်ဆာဘုရား ကုန်းတော်ပေါ်ရှိ မင်းကြီးထံသွားရောက် အကြောင်းကြားသည်။

ရွှေတန်ဆာဘုရားမှာ စလင်းမြို့ မြို့ရိုးပေါ်တွင်တည်ရှိ၏။ ရွှေမုဋ္ဌော ကုန်းကို ရခါမျှဖြင့် ရန်သူမတန့်။ သည်ဘုရားအထိ လာလိမ့်မည်။ သည် ကုန်းတော်ကို ရန်သူရလျှင် စလင်းကို ရသည်မည်၏။

သို့ကြောင့် ရွှေတန်ဆာဘုရား ကုန်းတော်ပေါ်ရှိ တပ်ကို မပေး။ ဆင် ကျုံးဘက်သို့ မြင်းသည်စေသည်။ ဗိုလ်သံဆုံထံ စစ်ကူပေးရန်ဖြစ်သည်။ ဆင်ကျုံးဘက်တွင် တပ်စွဲထားသူမှာ ကိုရင်ကြီးဗိုလ်။

ကိုရင်ကြီးဗိုလ်၏တပ် ရွှေမုဋ္ဌောဘုရားဘက်သို့ တိုက်မောင်းသံ တညံညံ၊ သူ့ရဲကြီးအလံ တလူလူဖြင့် ချီတက်လာချိန်ဝယ် ရွှေမုဋ္ဌောဘုရား ကုန်းတော်မှာ ရစရာမရှိတော့ပေ။ စေတီတွေ ပြိုပျက်ကုန်သည်။ တန်ဆောင်း

www.facebook.com/NyisayEbookCreator
www.nyisay.com



တွေမှာ မီးတောက်မီးလျှံများအောက်သို့ ရောက်နေပြီ။ သို့ပါလျက်နှင့် ရန်သူ့အမြောက်သည် မရပ်နားသေး။ ဘုရားတံတိုင်းကို ဖြိုပြန်သည်။

ဘုရားတံတိုင်းသုံးနေရာမှ အပေါက်ကြီးတွေပေါ်လာသည်။ ကုလားဖြူ ကုလားနက်တွေ ဘုရားထဲဝင်လာပြီ။ ငြိမ်နေခဲ့သော ပြည်ချစ်ရဲမက်များ ဖြိုင်ဖြိုင်ထသည်။ ကျားသံ၊ ဓားသံ၊ သေနတ်သံများ ညံသည်။ ရန်သူမှာ ပထမသော် အံ့အားသင့်၏။ သည်မျှ ထောင်းလမောင်းကျေအောင် ပျက်စီးသောနေရာတွင် ချင်း၊မြန်မာရဲမက်များ မရှိတော့ဟု ထင်သောကြောင့်ဖြစ်သည်။

ဆင်းတုတော်အကျိုးအပဲ့နှင့် အုတ်ပုံကြားမှထွက်လာသော သေနတ်များက ရန်သူကို အံ့သြကြီး အံ့သြအောင်လုပ်သည်။ ရဲထွက်ခုတ်ဓားများက ရန်သူကို တံတိုင်းအပြင်သို့ နှင်ထုတ်သည်။

တံတိုင်းအပြင်သို့ ခွေးပြေးဝက်ပြေး ထွက်ပြေးလာသော ရန်သူများမှာ ကိုရင်ကြီးဗိုလ်၏တပ်နှင့် တွေ့တော့သည်။ အစိမ်းစားတော့မည့်နှယ် ကြောက်မက်ဖွယ်အသံကြီးများသည် ရန်သူကိုလွှမ်းချုပ်၏။ ဖရိုဖရဲပြေးသော ရန်သူ့နောက်သို့ မြန်မာရဲမက်တွေ ကပ်လိုက်လာသည်။

အမြောက်နှစ်လက်ကို ရံဝန်းထားသော ရန်သူ မျက်လုံးပြူးရတော့သည်။ ထွက်ပြေးလာသူများနှင့် ရောလျက် မြန်မာရဲမက်တွေ ပါလာသည်။ အမြောက်ကို လုယူသွားသော် မည်သို့လုပ်မည်နည်း။ ရန်သူသည် ကြံရာမရတော့သည့် အဆုံးဝယ်၊ သူ့လူကိုယ့်လူ မခွဲခြားနိုင်တော့ပါ။ အမြောက်ဘက်သို့ ဦးတည်လာသောလူအုပ်ကြီးကို သေနတ်ဖြင့် တရကြမ်းပစ်ရတော့သည်။

မြန်မာရဲမက်တွေ ဘုရားတံတိုင်းအတွင်း ပြန်ဝင်လာကြသည်။ အမောဖြေသည်။ အတားအဆီးများ ထူထောင်ကြသည်။ သို့စဉ်တွင် ခြေမြန်တစ်ယောက် ရောက်လာ၏။

“ရွှေမုဋ္ဌောဘုရားကုန်းမှတပ်နှင့် ဆင်ကျုံးမှတပ်များ ဆင်ခြေရာဘက်သို့ ရွှေ့ပြောင်းပိတ်ဆို့စေ”

ပုဂံစာအုပ်တိုက်

www.facebook.com/NyisayEbookCreator
www.nyisay.com



ရွှေမှုဌေဘာဘုရားကုန်းကို တိုက်ခိုက်သူမှာ ကပ္ပတိန် ဒန်းစဖို့ဖြစ်၏။ ဆင်ခြေရာဘက်သို့ ရောက်လာသူမှာ မေဂျာအက်ကင်ဆင်ဖြစ်၏။ သူက ဒန်းစဖို့ထက် အင်အားနှစ်ဆရှိသည်။ ဤဘက်မျက်နှာတွင် ဗိုလ်ကြာ၏တပ်နှင့် ဗိုလ်နေမိး၏တပ်များသာ ရှိချေသည်။

စတင်ပစ်ခတ်တိုက်ခိုက်သည်နှင့်တစ်ပြိုင်နက်တည်း မြန်မာရဲမက်များ အုတ်ကျောင်းဘက်သို့ရွှေ့သည်။ ဗိုလ်နေမိးသည် ချင်းအမျိုးသမီးဖြစ်သည်။ ဖအိုင်းဘက်တွင် သူ့မိသားစုကို ကုလားဖြူများ သတ်သွားသဖြင့် လိုက်လံလက်စားချေရင်း ဗမာများ၊ ချင်းများကို စုဆောင်းမိရာက တပ်ဗိုလ်ဘဝသို့ ရောက်လာသူဖြစ်၏။

ဗိုလ်နေမိးသည် သူ၏လက်ထောက်ဗိုလ် ဗိုလ်ဗျိုင်းဖြူကိုခေါ်ပြီး၊ တပ်ကို ချက်ချင်းပြန်စုသည်။ ဗိုလ်ဗျိုင်းဖြူက မြင်းတစ်စီး၊ သူက မြင်းတစ်စီးဖြင့် ကုလားတပ်ကို ဝင်နင်းတော့သည်။

"ဗိုလ်နေမိးတဲ့ဟေ့"

ရင်ကို ပဝါနီစည်းလျက် ဓားနှစ်စင်းစီဖြင့် ဝင်မွှေ့သော အမျိုးသမီးနှစ်ယောက်၏ဓားဖျားတွင် ကုလားဖြူ ကုလားနက်များ အလဲအကွဲ ပြေးကြသည်။ သေကြသည်။ မေဂျာအက်ကင်ဆင်သည် အမြောက်နှစ်လက်ကို မြန်မာရဲမက်များကြားထဲသို့ ပစ်သွင်းရန် အမိန့်ပေးနေရာက ပြောင်းတိုသေနတ်ကို ဆွဲထုတ်ရ၏။

အကြောင်းသော်ကား ရင်စည်းပဝါ အနီနှင့် ဗိုလ်နေမိး၏ မြင်းသည် သူ့ထံသို့ ပြေးဝင်လာသောကြောင့်တည်း။

သို့ကြောင့် သူ ဆီးပစ်သည်။

ဗိုလ်နေမိး မြင်းပေါ်မှ ကျသွားငြား မြင်းက မရပ်တန့်။ ရန်သူတွေ အလဲလဲ အကွဲကွဲ ရှောင်တိမ်းနေကြစဉ် မြင်း၏ ကျောပေါ်သို့ ဗိုလ်နေမိး ပြန်ရောက်လာ၏။

www.facebook.com/NyisayEbookCreator
www.nyisay.com



"ဗိုလ်နေမီးရဲ့ဓားကို မြည်းကြည့်စမ်းဟေ့"

စင်စစ်အားဖြင့် ဗိုလ်နေမီးသည် ရန်သူ့ကျည်ကို ရှောင်ရန်အတွက် မြင်းတစ်ဖက်သို့ ခုန်ဆင်းခဲ့သည်။ သို့ရာတွင် ရပ်မနေခဲ့ပါ။ မြင်းနှင့်အတူ ပြေးလိုက်လာပြီး၊ ရန်သူ့အနားသို့ရောက်မှ ပြန်တက်သည်။ ဗိုလ်နေမီး ကျသွားပြီထင်သော ကုလားဖြူကို အံ့အားသင့်ချိန်ပင် မပေးတော့ဘဲ ဓားသွား လက်ဆောင်ပေးသွားလေ၏။

ရန်သူ့သေနတ်သံများ ပေါက်ပေါက်ဖောက်သို့ရှိ၏။ ဗိုလ်နေမီးသည် အမြောက်တွင်အုံနေသော ရန်သူကို မကျေနပ်သေး။ နောက်တစ်ကျော့ ပြန်နင်းရန် မြင်းအလှည့်တွင် မြင်းပေါ်မှ ထိုးကျသွားလေ၏။ သည်အကြိမ်ကား ခုန်ချခြင်းမဟုတ်၊ကျည်ရှောင်ခြင်းမဟုတ်၊ရန်သူ့ကျည်သင့်ပြီး ကျဆုံးရရှာခြင်း ဖြစ်ပေသည်။

ဗိုလ်နေမီးကျသွားချိန်တွင် ရန်သူ့နောက်သို့ ဝါးလုံးထိုး ပြေးလိုက်လာသော မြန်မာတပ်အလယ်သို့ အမြောက်ကျည်ကျရောက်ပေါက်ကွဲသည်။ မြန်မာများ လွင့်စင်ကျိုးပဲ့သည်။ ဖရိုဖရဲ ပြိုကွဲသည်။ ဗိုလ်ကြာ၏တပ်မှာမူ ပြန်လည်စုစည်း၍ မရသေးချေ။

ဆင်ခြေရာဘက်မှ လမ်းပွင့်သွားပြီ။

ရန်သူသည် အက်ကင်ဆင်၏ အလောင်းကို အလျင်အမြန် မြေမြှုပ်ပြီးနောက် ရွှေတန်ဆာဘုရားကုန်းတော်ဘက်သို့ ဦးတည်တော့သည်။မကြာမီ ကုန်းတော်ပေါ်သို့ အမြောက်ကျည်များ ကျရောက်လာတော့သည်။

ကုန်းတော်ပေါ်တွင် မြန်မာတို့၏လက်ဖြစ် ထန်းလုံးအမြောက်ရှိသည်။ မြန်မာမင်း၏ လက်နက်စက်ရုံတော်မှ ထုတ်လုပ်သော အမြောက်များနှယ် မပြေပြစ် မချောမောချေ။ ထန်းပင်ကြီးတစ်ပင်ကို လှဲချထားဘိသို့ မပြေမပြစ် မည်းမည်းကြီးဖြစ်သည်။ ထိုအမြောက်သည် ရန်သူ့အမြောက် တစ်လက်ကို ကျွမ်းထိုးမှောက်ခုံဖြစ်အောင် လုပ်ပစ်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ကုန်းတော်ပေါ်နှင့် ဆင်ခြေလျှောတစ်လျှောက်ရှိ ရဲမက်များ ဝမ်းသာအားရအော်ဟစ်ကြသည်။ သို့ရာတွင် အော်သံများ မဆုံးမီပင် ထန်းလုံးအမြောက် အရင်းပိုင်းသို့ ရန်သူ့အမြောက်ကျည် ကျရောက်လာ၏။ ရဲမက်တွေ လွင့်စင်ကုန်သည်။ ယမ်းအိုးတွေ မီးလောင်ပေါက်ကွဲသည်။ ကြီးမားသောမီးခိုးလုံးကြီးက ထိုအနိဋ္ဌာရုံမြင်ကွင်းကို ဖုံးအုပ်ပစ်လိုက်တော့သည်။

ကုန်းတော်ပေါ်မှ အသံများ တိတ်ဆိတ်နေငြား မြောက်တံခါးဘက်မှ အသံများ ပေါ်လာသည်။ သမုဒ္ဒရာမှ လှိုင်းလုံးကြီးတွေ တက်လာသည့် အသံမျိုးဖြစ်သည်။

မြတောင်မိုလ်နှင့် သေိုင်းတို့သည် သေနတ်သံ၊ အမြောက်သံများ ကြားရလျှင်ကြားရချင်း ကျပင်းသို့သွားမည့် ရည်ရွယ်ချက်ကိုဖျက်ကာ စလင်းဘက်သို့ ချီတက်လာကြသည်။

"ကျား၊ ကျား၊ ကျားဘသား ကျားဟ"

ရဲမက်တို့၏ ကြုံးဝါးသံများ လွင့်ပျံလာသည်။ သည်အသံများကို ကြားရသဖြင့် မြတောင်မိုလ်၏ မျိုးချစ်ပြည်ချစ်ရဲမက်များ ရွနေသည်။ ခြေလှမ်းများ သွက်သည်ထက်သွက်သည်။

ဆင်ခြေရာနှင့် ကုန်းတော်ကြားတွင် မိစ္ဆာဒိဋ္ဌိ ကုလားဖြူ ကုလားနက်စားပြများနှင့် ရဲမက်များ တိုက်ခိုက်နေကြသည်။ ကုန်းတော်ခြေရင်းသို့ ရန်သူမရောက်မီ ဆင်းတိုက်ခြင်းဖြစ်သည်။ ခြံများ၊ ဥယျာဉ်များ၊ ချုံပုတ်၊ သစ်ပင်များသည် ရန်သူအတွက် သင်္ချိုင်းချည်းဖြစ်သည်။

မြတောင်မိုလ်နှင့် သေိုင်း၊ ပြေနို့တို့သည် မြင်းကိုယ်စီဖြင့် တပ်ဦးမှ ပါလာကြ၏။ သူတို့အားလုံးသည် ကုန်းတော်ဘက်သို့ စိတ်စောနေငြား၊ အနောက်အရပ်မှ ရွေ့လာသည့် အ မင်္ဂလာ ယူနီယံဂျက်အလံကို မြင်ရသဖြင့် တန့်ရပ်သွားကြ၏။ ရွှေမုဋ္ဌောကုန်းကို တိုက်ခိုက်သိမ်းပိုက်သော ရန်သူတွေ အက်ကင်ဆင်ကို ကူရန် ရောက်လာကြခြင်းဖြစ်သည်။

•

ပုဂံစာအုပ်တိုက်

www.facebook.com/NyisayEbookCreator
www.nyisay.com



"ရန်သူက မနည်းပါလား ဗိုလ်သိုင်း"

မြတောင်ဗိုလ်သည် လူရိပ်လူခြည်ကို ကြည့်၍လည်းကောင်း၊ ထလာသော ဖုန်လုံးကိုကြည့်၍လည်းကောင်း ခန့်မှန်းခြင်းဖြစ်သည်။

"ဟုတ်သယ် ဗိုလ်သိုင်းရေ့။ ခင်ဗျား အလယ်ကနေဗျာ။ ဗိုလ်ပြန့်ရေလူခွဲဟေ့။ ညာဘက်တောင်ပံက ဝင်ထိုးမယ်"

"ဗိုလ်သိုင်း၊ ကိုရင်လည်းလူ၊ ရန်သူလည်း လူပဲဗျ။ အရဲမကိုးစေချင်ဘူး"

"စိတ်ချ စိတ်ချ၊ အရဲမကိုးဘူး"

သေိုင်းသည် ပြောပြောဆိုဆိုပင် သူ့လူများကိုခေါ်ပြီး အိမ်ကြိုအိမ်ကြားသို့ ဝင်ရောက်လာခဲ့လေသည်။

ရန်သူသည်လည်း မင်းကြီးဗိုလ်ဥတ္တမ၏တပ်များနှင့် မေဂျာအက်ကင်ဆင်၏ ကုလားများ တိုက်ခိုက်နေရာသို့သာ အာရုံရောက်နေခဲ့ကြ၏။ ဈေးဆိုင်များအဆုံးတွင် မြတောင်ဗိုလ်၏တပ်ကို မြင်ရမှ ပျာယာခတ်သွားကြ၏။

မြတောင်ဗိုလ်၏တပ်သည် ရန်သူ ဖရိုဖရဲ ဖြစ်သွားတော့မှ စတင်ပစ်ခတ်၏။ ဆိုင်ကြိုဆိုင်ကြားမှ ပြေးလွှားချဉ်းကပ်လာသော ဓားရဲခုတ်များသည် လျှပ်ပြက်သည်သို့ ဝင်ရောက်ထိုးခုတ်ကြသည်။ ကျား ကျား ဟာစ်ကြွေးသံများသည် ရန်သူ့အသက်ကို ဖြုတ်ခြွေသော အသံများပင်။

ကပ္ပတိန်ဒန်းစဖို့သည် ဈေးဆိုင်များ၏အန္တရာယ်ကြီးပုံကို ချက်ချင်းသိသည်။ ကျယ်ဝန်းရှင်းပြောင်သောနေရာဘက်သို့ ချက်ချင်း ဆုတ်ခွာခုခံသည်။ ထိုအခါတွင် မြတောင်ဗိုလ်သည် လိုက်မလာ။ သေနတ်ဖြင့်သာ လှမ်းပစ်သည်။ သို့အတွက် ထိုအတားအဆီးကို ဖြိုရှင်းရန်အတွက် အမြောက်ကို နေရာအချိုင်းသည်။

သို့သော် အမြောက်မပစ်လိုက်ရပါ။

"ကျားဘသား ကျား၊ ကျားလဟ"

www.facebook.com/NyisayEbookCreator
www.nyisay.com



ပြေန့်၏ရဲမက်များသည် လက်ဝဲတောင်ပံမှ ပေါ်လာ၏။ အသံနှင့် အတူ ဓားတွေ၊ လှံတွေ ရောက်လာသည်။ ချက်ချင်း ပြန်လည်ဆုတ်ခွာစဉ် တွင် လက်ယာတောင်ပံမှ သေိုင်း၏တပ် ရောက်လာသည်။

"မြတောင်ဗိုလ်တဲ့ဟေ့။ ရန်သူကို အရှင်မထားနဲ့၊ ကျား ကျား"

"ကျားဘသား ကျားဟ"

သေိုင်းသည် လူလှိုင်းလုံးကြီးထိပ်မှ မြင်းကို အပြင်းနှင်လာသည်။ ဓားနှစ်လက်ဖြင့် ဘယ်ညာရမ်းသည်။ အမြောက်ရှေ့တွင် ဒန်းစဖို့ ရောက်နေသည်။ သူ့ထံသို့ သေိုင်း၏မြင်း စိုင်းနှင်သွားသည်။ ဒန်းစဖို့ ဆီးကြိုပစ်ခတ်ပါလျက် သေိုင်း၏ဓားနှစ်လက်က ဒလက်လည်သည့်အလား ဝှေ့ဝဲသွားသည်။

"ကျား ကျား၊ ခုတ်လဟ သတ်လဟ ကျား"

သေိုင်း အတင်းနှင်သည်။ အတင်းခုတ်သည်။ မြတောင်ဗိုလ် သတိ ပေးလိုက်သည့်အတိုင်းပင်ဖြစ်သည်။ သူသည် အသွေးအသားနှင့် လူမဟုတ်။ ရန်သူမှာသာ အသွေးအသားရှိသည်ဟု သူထင်သည်။

ဒန်းစဖို့ မြင်းပေါ်မှ ဝေါခနဲ ထိုးကျသွားလျှင် ကုလား အခြေယိုင် သည်။ ပြေးပေါက်ရှာသော ကုလားများအတွင်းသို့ ပြေန့် ရောက်လာသည်။ ကျည်ဆန်များသည် သူတို့ဘေးမှ ဖြတ်သန်းသွားသည်။ ဓားလေးစင်းသည် ခစ်တိုက်သည်နှင့်မတူ နွားသတ်နေသည်နှင့်သာ တူတော့သည်။

ရန်သူသည် ရွှေမှဋ္ဌောကုန်းဘက်သို့ ဒလဟောပြေးသည်။ အမြောက် နှစ်လက်လည်း ဆုံးသည်။ ဒန်းစဖို့လည်း သေသည်။

"အောင်ပြီ၊ အောင်ပြီ"

ဓားများ၊ လှံများ၊ သေနတ်များ လေထဲသို့ ထိုးတက်၏။ အော်ဟစ် သံကြီးသည် တော်လည်း၏။

မင်းကြီးဗိုလ်ဥတ္တမသည် ဒန်းစဖို့တို့ အနောက်မျက်နှာမှ ချဉ်းကပ်လာ သည်ကို ရွှေတန်ဆာ ကုန်းတော်ပေါ်မှမြင်၏။ တောင်မျက်နှာမှ တပ်များကို

www.facebook.com/NyisayEbookCreator
www.nyisay.com



အနောက်မျက်နှာသို့ ရွေ့ပြောင်းဆီးဆို့ရန် မစီမံနိုင်။ဆင်ခြေရာနှင့် ကုန်းတော်ကြား၌ အလောင်းချင်းထပ်အောင် တိုက်နေရသည်။ ထို့ကြောင့် သူကိုယ်တိုင်ဆင်းပြီးတိုက်ရန် စီမံနေစဉ်၊ မမျှော်လင့်သော အမည်မသိတပ်ကို မြင်ရသည်။

ထိုတပ်သည် မည်သူ့တပ်နည်း။ မည်သည့်အရပ်မှ လာသနည်း။ မည်သို့ဖြစ်စေ ထိုတပ်သည် ရန်သူကို အပြင်းအထန် ထိုးနှက်သည်။ ရန်သူရွေ့သွားစဉ်တွင် ဝဲတောင်ပံနှင့် ယာတောင်ပံမှ ဝင်ရောက်တိုက်ခိုက်သည်။ ကုန်းတော်ပေါ်မှ ကြည့်ရသူအတွက် ရန်သူလော၊ မြန်မာလော မသဲကွဲ။ ရဲခနဲ ရဲခနဲ သွေးပွင့်သွေးဖွားတွေ ဖြာကျသည်ကိုသာ မြင်ရ၏။

သို့အတွက် သူသည် လက်ရင်းဗိုလ်များခြံရံလျက် မြင်းငါးစီးဖြင့် ရောက်လာတော့သည်။

"ဟား မြတောင်ဗိုလ်ပါကလား။ ကျုပ်က ဘယ်သူတုန်းလို့"

မြင်းချင်းအဆိုင်တွင် မင်းကြီးဗိုလ်ဥတ္တမက ဝမ်းသာအားရနှုတ်ဆက်၏။

"ကျွန်တော်တို့ လင်းဇင်းကိုတောင် လွန်နေပါပြီမင်းကြီး။အမြောက်သံကြားလို့ ပြန်လှည့်လာပြီး မြောက်တံခါးက ဝင်လာသာပါ"

"ဝမ်းသာပါဘိ၊ ကျေးဇူးကြီးပါဘိ။ ဟိုဗိုလ်က ဘယ်သူတဲ့တုန်း။ တယ်လည်း စွန့်စားပါကလား"

မင်းကြီးမေးငေါ့ပြသူမှာ ငသိုင်းဖြစ်သည်။

"ဗိုလ်သိုင်းပါ မင်းကြီး။ရန်သူ့ကျည်ဆန်ကို သူ့ရင်ဘတ်နဲ့ လိုက်လိုက်တိုးသာ၊ ကျည်ဆန်က ရှောင်ရှောင်သွားရသယ်"

ဗိုလ်ဥတ္တမ အသံထွက်အောင် ရယ်မောသဖြင့် နောက်ပါ လက်ရင်းဗိုလ်တွေ ဝိုင်းဝန်းရယ်မောကြသည်။

"သူ့အဖေက ပုဂံမင်းလက်ထက်တော်က သွေးသောက်ကြီးဗျ"

"အို ဆွေကြီးမျိုးကြီးပဲ"

"သူ့အစ်ကိုက မြင်စိုင်းမင်းသား၊ ကြည့်မြင်တိုင်မင်းသားတို့ရဲ့

www.facebook.com/NyisayEbookCreator
www.nyisay.com


သက်တော်စောင့် မင်းကြီးရဲ့"

"တကယ့် မျိုးကြီးရိုးကြီးပါကလား"

"အခု သူ့အဖေက ဗိုလ်ရွှဲနဲ့ရှိနေပြီး၊ သူ့အစ်ကိုက မင်းကြီးရွှေလရောင်ရဲ့ နယ်မှာရောက်နေပါသယ်"

"ကဲကဲ ဗိုလ်သိန်းရဲ့ ရဲမက်တွေကို ဆုလာဘ်ချီးမြှင့်လိုက်ပါဗျာ"

စကားအဆုံးတွင် လက်ရင်းဗိုလ်နှစ်ယောက် မြင်းပေါ်မှ ခုန်ဆင်းလာကြသည်။ ငွေအိတ်နှစ်အိတ်စီ ဘယ်ညာဆွဲလျက်၊ မြတောင်ဗိုလ်၏ မြင်းရှေ့တွင် ချပေး၏။

"ဗိုလ်သိန်းတို့ သုံးယောက်ကိုတော့"

"မင်းကြီး မင်းကြီး၊ သည်းခံတော်မူပါ"

မြတောင်ဗိုလ်သည် လက်အုပ်ချီကာတောင်းပန်ငြား မင်းကြီး ဗိုလ်ဉတ္တမ ငြိမ်မနေ။ လက်ညှိုးတွင်ဆင့်စီထားသော လက်စွပ်သုံးကွင်းကို ဆွဲချွတ်နေ၏။

"ကျွန်တော်တို့က ရန်သူ့သွေးနဲ့ ခြေဆေးရရင် ပျော်နေပါပြီ။ လက်ဆောင် မပေးပါနဲ့။ ဆုလာဘ် မလိုပါဘူး"

"အဲသာတွေက ကျုပ်ဟာမဟုတ်ဘူး ဗိုလ်သိန်းရေ့။ တိုက်ပွဲမှာ ကျန်ခဲ့သဲ့ ကုလားအလောင်းတွေကရသာ။ နယ်တကာ မြို့တကာက လုယက်သာသာတွေ ဖြစ်ကောင်းဖြစ်မယ်"

မင်းကြီးဗိုလ်ဉတ္တမ၏ လက်ရင်းဗိုလ်များက မြလက်စွပ်တစ်ကွင်းစီ သာရောက် စွပ်ပေးကြသည်။ မင်းကြီး၏စကား မဆုံးသေး။

"သို့မဟုတ် နယ်တကာ ရပ်တကာက ဘုရားပုထိုး၊ ဌာပနာတွေ အောက်လာတာဆိုရင်တော့ ဗိုလ်သိန်းတို့ ကံပေါ့"

မင်းကြီး အားရပါးရရယ်မောသည်။ မြတောင်ဗိုလ်တို့မှာ ဆက်လက်ဘ်ထားရအခက် လွှင့်ပစ်ရအခက် ဖြစ်နေကြလေ၏။

www.facebook.com/NyisayEbookCreator
www.nyisay.com



ငပြန့်ကား၊ မင်းကြီး၏ နောက်ဆက်စကားကို မကြားပေ။ ငွေအိတ်တွေ ဖောက်ကာ ရဲမက်များသို့ ဝေငှပေးနေသည်။ ရဲမက်များကား မင်းကြီးထံမှ ဆုလာဘ်မရလည်း မမှုချေ။ သူတို့သည် ကုလားဖြူ ကုလားနက်များထံမှ သေနတ် အလက်လေးဆယ်ရလိုက်သဖြင့် ပျော်နေကြသည်။ ရန်သူ့အလောင်းများမှ ရှာဖွေတွေ့သမျှကို စုပုံထားသည့် အပုံကြီးကို တကြည့်ကြည့်ဖြင့် ဝမ်းသာနေကြသည်။

"ဗိုလ်သိန်းတို့ စိတ်အေးလက်အေး မနေကြနဲ့ဗျာ။ ဆင်ဖြူကျွန်းနဲ့မျက်နှာချင်းဆိုင် ပခန်းငယ်မှာ ရန်သူတွေ ရောက်နေသယ်။ ညဥ့်ဦးကပဲတင်လွှာ ရောက်လာသဗျာ့"

"သလိုဆို မြန်မြန်ရွှေ့မှပဲ မင်းကြီးရေ့"

"ဗိုလ်သိန်းတို့ အမြောက်နှစ်လက်ရသာ။ တစ်လက်တော့ ပေးခဲ့ဗျာ"

"နှစ်လက်လုံးသာ ယူလိုက်ပါမင်းကြီးရာ။ သယ်ရပိုးရ လွယ်သာမဟုတ်ဘူး။ အမြောက်ကျည်ကလည်း ရှားပါဘိသနဲ့"

"နေရာတကာမှာ စားချည်း အားမကိုးနဲ့လေ ဗိုလ်သိန်း။ တိုက်ပွဲတွေမှာ ပြန်ကြည့်ရင် ကျုပ်တို့မှာ အမြောက်မပါလို့ တစ်ပန်းရှုံးပြီး ဆုတ်ခဲ့ရသာတွေ ရှိသဗျနော"

သို့ကြောင့် ငသိုင်းသည် မြတောင်ဗိုလ်ဘေးသို့ မြင်းချင်းယှဉ်လျက်တိုးကပ်လာ၏။ နှစ်ကိုယ်ကြား ပြော၏။

"အမြောက်ကျည်လည်း ပါပါသယ် ဗိုလ်မင်း။ နွားငှားပြီး ဆွဲသွားသာပေါ့"

ထိုသို့ သညာပေးပြီးမှ ငသိုင်းသည် အသံမြှင့်ပြီးပြော၏။

"အမြောက်ဆန်နှစ်ဆယ်နဲ့ အမြောက်တစ်လက်ထားခဲ့ပြီး ကျန်သာကိုကျွန်တော်တို့ ယူသွားပါရစေ မင်းကြီး"

"ယူဗျား၊ ယူဗျား"ပြောအပြီးတွင် မင်းကြီးဗိုလ်ဥတ္တမသည် လက်ရင်း

www.facebook.com/NyisayEbookCreator
www.nyisay.com


ဗိုလ်နှစ်ယောက်ခြံရံလျက် ထွက်ခွာသွားလေ၏။

ရဲမက်တွေ ရွှင်ပျနေကြသည်။ ကုလားသေနတ် အလက်လေးဆယ် ရလိုက်သောကြောင့်ဖြစ်သည်။ သို့အတွက် လေးလံသော အမြောက်ကြီး ဆွဲယူလာရသည်ကို သူတို့မငြိုငြင်ကြ။ အမြောက်ဆန်တွေ ထမ်းလာရသည်ကို မညည်းညူကြချေ။

သူတို့သည် မြို့စွန်သို့အရောက်၌ နွားနှစ်ရှဉ်းငှားပြီး ဆွဲခဲ့ကြသည်။ နွားနှစ်ရှဉ်း၏ ဆွဲအားမှာ မသေးကွေးငြား မြတောင်ဗိုလ် စိတ်စောနေသည်။ သူ့အရပ် သူ့နယ်ပယ်ကို စိတ်မချချေ။ သူ့နယ်ပယ်မှာ ရောဝတီမြစ်ကြောင်းမှ အချိန်မရွေး လာရောက်နှောင့်ယှက်နိုင်သည် မဟုတ်သလော။

ဒေါင်းဖန်ဝါသူရိန်မင်းသည် အနောက်ဂေါယာကျွန်းသို့ ယွန်းလုလု အချိန်ဖြစ်ပေသည်။ အောင်ပွဲရ မြတောင်ဗိုလ်၏တပ်သည် အင်းဝခေတ်မြို့ဟောင်းတစ်ခုဖြစ်သည့် ကျုံးမြို့ဘက်သို့ ချဉ်းကပ်မိပြီ။ ရဲမက်များ ခြေကုန်လက်ပမ်းကျပြီ။ ဆာလောင်မွတ်သိပ်နေကြပြီ။

"ဗိုလ်မင်း၊ မနားသေးဖူးလား။ ကျုပ်တို့လူတွေ နားချင်ကြပြီ။ ထမင်းလည်း ချက်ဖို့လိုမယ်"

သေိုင်း သတိပေးမှ မြတောင်ဗိုလ်၏ အာရုံသည် ပြန်လည်စုစည်းမိ၏။ မြင်းကို ဇက်သပ်ကာ မြင်းပေါ်မှဆင်း၏။

"နားကြဟေ့၊ ထမင်းခြောက်ချည်း ရေနဲ့နှူးပြီး အခါခပ်သိမ်း မျိုလို့ မဖြစ်သေးဘူးဟေ့။ ထမင်းချက်ကြဦး"

ဟေးခနဲ ညာသံပေးပြီး ရဲမက်တွေ ပစ်ထိုင်ကြ၏။ ဝါးပင်ရှိရာသို့ ပြေးကာ ခုတ်ထစ်ပြီး ရေခပ်သူခပ်၊ ရေသယ်သူသယ်၊ မီးမွှေးသူမွှေးကြ၏။ မီးခိုးတလူလူ ထွက်နေသည့်ဘက်သို့ ပြေးသူပြေးကြ၏။ မီးခိုးအူနေသည့် နေရာသည် ရွာသော်လည်းကောင်း၊ ယာသော်လည်းကောင်း ဖြစ်ရမည်။ မည်သို့ဖြစ်စေ လူရှိမည်ကားဧကန်။ လူရှိလျှင် ဆားတစ်ပွင့်၊ ငါးပိတစ်လက်မ

www.facebook.com/NyisayEbookCreator
www.nyisay.com



ရနိုင်တန်ရာ၏ဟူသော မျှော်လင့်ချက်ဖြင့် ပြေးကြခြင်းဖြစ်၏။

သိုင်းသည် မြတောင်ဗိုလ်နှင့် ကပ်လျက် ခရီးနှင်ခဲ့ရသဖြင့် ရဲမက်များ၏ အနိဋ္ဌာရုံကို မသိချေ။ ရဲမက်များမှာလည်း လေလင်ပန်းသို့ရောက်လျှင် နားရနိုးနိုး၊ လင်းဇင်းကျော်သော် စခန်းချရနိုးနိုးဖြင့် ချီတက်ခဲ့ကြရ၏။

သည်ရဲမက်များမှာ ရဲရောင်သန်မာသူချည်း မဟုတ်ကြပေ။ ငှက်သင့်နေသူ ပါဝင်၏။ ဝမ်းကိုက်နေသူလည်း ပါ၏။ တိုက်ပွဲမှ လောလောလတ်လတ် ဒဏ်ရာရခဲ့သူများလည်း ပါ၏။ အတွဲအပိုးဖြင့် လိုက်လာသူပါ၏။ တောင်ဝှေးထောက်ကာ ကိုယ့်အားကိုယ်ကိုးသူများပါ၏။ ကပ်ဖြင့်သယ်ရသူလည်းပါ၏။

ဒဏ်ရာမရ၊ မဖျားမနာသူများမှာလည်း မြန်မာဘုရင့်တပ်မတော်ကြီး ရှိစဉ်က တပ်မတော်သားကြီးများကဲ့သို့ နီမောင်းသောအဝတ်၊ တောက်ပသော ချပ်ဝတ်တန်ဆာများ ဆင်ယင်ထားသူများ မဟုတ်ကြချေ။ စုတ်ပြဲနေသောအဝတ်တွင် သွေးအလူးလူး၊ ချွေးအလိမ်းလိမ်း၊ ဖုန်အလွှမ်းလွှမ်း ဖြစ်သည်။

သူတို့အား တစ်အိမ် တစ်ယောက် မလိုက်မနေရ ဆင့်ခေါ်ခြင်းမရှိ။ ဆယ်အိမ်တစ်ယောက် လိုက်ကိုလိုက်ရမည်ဟူ၍လည်း အတင်းဆွဲခေါ်လာခြင်းမဟုတ်။ မိမိတို့၏ နှမတွေ၊ အစ်မတွေ၊ သမီးတွေ၊ တူမတွေကို ရန်သူကုလားဖြူ၊ ကုလားနက်တို့ မဖျက်ဆီးရဲစေရန် တွန်းလှန်ချေမှုန်းရေးအတွက် လိုက်ပါလာကြသူများဖြစ်၏။ မိမိတို့၏ သာသနာတော်ကြီး မမှိန်မဝါး မပျောက်ပျက်အောင် ကာကွယ်ရေးအတွက် ပါဝင်ထမ်းရွက်ကြခြင်းဖြစ်၏။

ထိုရဲမက်များသည် 'အငတ်မခံနိုင်ဘူးကွာ' ဆိုပြီး ကြုံရာရွာတွင် ဝင်နေခဲ့၍ရ၏။ မည်သည့်ဗိုလ်၊ မည်သည့်အကြပ်ကမျှ ဆွဲခေါ်လိမ့်မည် မဟုတ်။

'ရန်သူက လက်နက်ကောင်းသကွာ။ သေမှာကြောက်သယ်' ဆိုကာ

www.facebook.com/NyisayEbookCreator
www.nyisay.com



ငုတ်တုတ်ထိုင်ပြီး ကျန်ခဲ့လျှင်လည်းဖြစ်၏။ သို့ပါလျက်နှင့် အငတ်အပြတ် အဆင်းရဲခံကာ လိုက်ပါအမှုထမ်းကြ၏။

ထိုရဲမက်များသည် အချင်းချင်းအသက်ပေးလျက် ကျူးကျော်သူ မိစ္ဆာ ဒိဋ္ဌိ ကုလားဖြူ ကုလားနက် စားပြများကို နှိမ်နင်းရေးတစ်ခုသာ အာရုံရှိ၏။ အိုးအိမ်လယ်ယာ သားမယားဆွေမျိုးမိဘသည် သူတို့အာရုံ၌မရှိ။ ဒဏ်ရာ ရသူများကို တွဲပိုးလာသူများသည် 'အားတင်းထားပါ သူငယ်ချင်းရ။ ရှေ့က တောကိုရောက်ရင် နားရတော့မှာပါ။ ရှေ့ကချောင်းစပ်ရောက်ရင် စခန်းချရ တော့မှာပါ'စသည်ဖြင့် အားပေးလျက် ချီတက်လိုက်ပါလာကြ၏။

ယခု ထမင်းချက်ရန် နားကြပြီ။

ထင်းချိုးသံ၊ ထင်းခွဲသံ၊ စကားပြောသံများကို ဖောက်ခွဲလျက် အဖျား တက်သံများ ပေါ်လာ၏။ အနာကိုက်သဖြင့် ညည်းတွားအော်ဟစ်သူတို့၏ အသံများ ပေါ်ထွက်လာ၏။

သေိုင်းသည် ခင်တန်းအစပ်သို့ ဆင်းသွားသော နေလုံးနီနီကို ငေးမော နေရာက သတိပြုမိ၏။ နေလုံးကြီးသည် ဆင်းကျသွားစဉ်တွင် အရောင် အဝါများ ကွယ်ပ၏။ ထီးထီးဝန်းဝန်းကြီး ကျန်နေခဲ့ရာက ခင်တန်းထိပ်သို့ မဆင်းမီ သေးငယ်သွားသည်။ ကြည့်နေရင်း ပျောက်ကွယ်သွားသည်။

သူ တအံ့တသြဖြစ်နေစဉ် ညည်းတွားသံတွေကို ကြားရသည်။ အသံ ကြားရာသို့ သူ ထပြေးလာသည်။ သေနတ်ဒဏ်ရာရသောလက်ကို လေ ထဲသို့မြှောက်ထားပြီးအော်နေသောရဲမက်။ တစ်ကိုယ်လုံး သွေးစေးတွေ လိမ်း နေ၏။ ဒဏ်ရာကိုလည်း ရရာအဝတ်ဖြင့် ဖြစ်ကတတ်ဆန်း စည်းထား၏။

"ရေနွေးပေးကြစမ်းပါဟ။ ဟာ ဖန်မဆေး ဘာမဆေးကိုးကွ"

ရဲမက်တစ်ယောက်သည် တစ်ထွာခန့်ရှည်သော အငွေ့ထောင်း ထောင်းထနေသည့် ဝါးကျည်တောက်ကိုယူလာ၏။

"ဟိုမှာ ဟိုမှာ နဘူးရွက်တစ်ဆုပ်၊ ချူးပေးပါဦး"

www.facebook.com/NyisayEbookCreator
www.nyisay.com



လက်ငါးချောင်းလုံးစည်းထားသော အဝတ်စုတ်ကြီးကို ရေနူးပြီး ဖြေလိုက်သောအခါ ပေါ်လာသည့် ဒဏ်ရာမှာ မကြီးမား။ လက်ချောင်းနှစ်ချောင်း ပြတ်နေသည်။ သည်မျှသာဖြစ်ငြား အဆမတန် ယောင်ကိုင်းနေသည်။

ဖန်ရည်ဆေးလိုက်ခါမျှဖြင့် ဒဏ်ရာရှင်သည် အအော်ရပ်၏။ လင်းတ ပါးပျဉ်းရွက်ကိုကြိတ်ပြီး အုံပေးကာ အဝတ်ဖြင့်ပြန်စည်းပေး၏။ ရဲမက်အများစုမှာ အရက်လုံရုံမျှသော နံငယ်ပိုင်းများသာ အဝတ်အဖြစ်ရှိ၏။ ပုဆိုးဟူ၍ မည်မည်ရရဝတ်ထားသူဟူ၍ ငသိုင်းနှင့် မြတောင်ဗိုလ်သာ ရှိ၏။

နံငယ်ပိုင်းဝတ် ရဲမက်များမှာ ရဲမက်တစ်ယောက် ဒဏ်ရာရတိုင်း တစ်ထွာဆုတ်ပေးခဲ့ရာ၊ အရက်သော်မျှ မလုံချင်တော့ပေ။ ပုဆိုးဝတ်နှစ်ယောက်၏ ပုဆိုးများသော်မှ စစ်ပွဲတစ်ပွဲတွင် တစ်ခါတိုရာ နံငယ်ပိုင်းသာသာမျှသာ ရှိတော့၏။

တစ်ယောက်ကိုပြုစုမိမှ ရဲမက်များ၏ ဖြစ်ကတတ်ဆန်း အခြေအနေကို ငသိုင်း ရိပ်မိသည်။ သို့အတွက် ဒဏ်ရာရသူများကို တစ်ယောက်ပြီး တစ်ယောက် ဖန်ဆေးပြီး ဆေးထည့်ပေးသည်။ ဖျားသူ ဝမ်းကိုက်သူများကိုလည်း ဆေးဝါးလက်ကျန်ရှိသူများထံမှ တောင်းယူတိုက်ကျွေးသည်။

"ဗိုလ်လေး ဗိုလ်သိုင်း၊ ဗိုလ်မင်းခေါ်နေကြောင်းပါ"

ရဲမက်တစ်ယောက် အပြေးအလွှား လာပြောသဖြင့် ငသိုင်း ထလာရ၏။ မြတောင်ဗိုလ်သည် သူ့မြင်းနှင့် ငသိုင်း၏မြင်းကို ဆွဲလာ၏။

"သွားကြစို့ ဗိုလ်သိုင်း"

"မှောင်ပြီဗျ။ နှစ်ယောက်တည်းသွားလို့ တော်မလား"

"သွားရအောင်ဗျာ။ ဗိုလ်ပြန့်နဲ့ လူနှစ်ရာထားခဲ့။ ဖြည်းဖြည်းလိုက်လာကြလိမ့်မယ်။ ကျုပ်တို့နဲ့ လူတစ်ရာခေါ်ခဲ့"

ငသိုင်း သိသည်။ ရဲမက်များ ထမင်းမစားရသေး။ ထမင်းမကျက်

www.facebook.com/NyisayEbookCreator
www.nyisay.com


သေး၍ ဖြစ်ပေသည်။

"တစ်အောင့်တစ်နား နေပါဦးဗျာ။ ထမင်းမကျက်သေးဘူး"

မြတောင်ဗိုလ်သည် ရှေ့သို့တိုးလာ၏။

"မင်းကြီး ဗိုလ်ဥတ္တမ သတိပေးလိုက်တာ ဗိုလ်သိုင်း မေ့သွားပြီလား။ ပခန်းငယ်မှာ ရန်သူတပ်တစ်တပ် ရောက်နေသယ်ဆိုသာ"

"မမေ့ပါဘူးဗျာ"

"မမေ့ရင် သွားကြစို့။ အဲသည်ရန်သူ ဝင်မွှေမှာ စိုးသယ်။ ကျုပ်စိတ်လည်း လေးနေသဗျာ။ ထမင်း မကျက်သေးရင် လမ်းလျှောက်ရင်း ချက်ပေစေဗျာ"

သိုင်း စောဒက မတက်နိုင်တော့ပါ။ အကြပ်များကို အော်ဟစ်စုရုံးရတော့၏။ ထိုအခါ မိမိအခြေအနေကို သိုင်း ထပ်မံသိရ၏။ မြတောင်ဗိုလ်က အမြောက်နှင့် ပြေန့်အတွက် လူနှစ်ရာထားခဲ့ပြီး မိမိတို့က လူတစ်ရာ ခေါ်သွားမည်ဆို၏။ သူ့လူများကို သုံးရာရှိသေးသည် ထင်နေဟန်တူ၏။

ယခု မည်သူနေခဲ့၊ မည်သူလိုက်ခဲ့ဟု ခန့်ခွဲသောအခါ နှစ်ရာမျှသာ ကျန်တော့သည်။ သည်နှစ်ရာမှ နာဖျားမကျန်းကို ဖယ်လိုက်ပါမူ တစ်ရာ့ ငါးဆယ်ပျော့ပျော့သာ ကျန်မည်။ သို့အတွက် သိုင်းသည် လူငါးဆယ်သာ ခေါ်ပြီး မြတောင်ဗိုလ်နောက်သို့ လိုက်လာခဲ့သည်။

ရဲမက်များမှာ "ထမင်းကျက်အောင်မနေနဲ့။ အိုးနှုတ်ခမ်းကို နွယ်ကြိုးအစိုနဲ့ချည်ပြီး နှစ်ယောက်က တုတ်နဲ့လျှိုထမ်း။ တစ်ယောက်က အိုးအောက်က မီးမြိုက်ရင်းလိုက်ခဲ့ကြ" သိုင်းညွှန်သည့်အတိုင်း ဆောင်ရွက်ကြရ၏။

သာမန် ခုံလျှောက် (ဖိုခနောက်) တွင် တည်ပြီး ထမင်းချက်သော် ဘကျောသည့် ထင်းကို အသုံးပြုစမြဲ။ လမ်းလျှောက်ရင်း ထမင်းချက်ရာတွင်မူ သစ်မာများကို စုစည်းရှို့မြိုက်၍ နေရာမကျ။ သို့အတွက် ထန်းရွက်ခြောက် ကိုသာ အသုံးချကြရ၏။

www.facebook.com/NyisayEbookCreator
www.nyisay.com



ရဲမက်တစ်ယောက်က ထမင်းအိုးအောက်သို့ မီးလောင်နေသော ထန်းရွက်ကိုကိုင်လျက် လိုက်သွားစဉ် နောက်တစ်ယောက်က ထန်းရွက်ခြောက်အသင့်ရှာပေးထားရ၏။ မီးလောင်ထန်းရွက်ကို ထန်းရွက်ခေါင်းမှ ကိုင်ပြီး လိုက်လာသောရဲမက်၊ ထန်းရွက်ခေါင်းကို မီးမလောင်မီ နောက်တစ်ချပ် မီးကူးနိုင်ရန်ဖြစ်သည်။ ဤသို့ဖြင့် နိမ့်သောနေရာတွင် မီးတောက်များပျံ့နေသည့် တပ်တစ်တပ်သည် ကျပင်းဘက်သို့ ဦးတည်ချီတက်သွားလေ၏။

မီးစုန်းများ ထ၍ ထ၍ တောက်သော၊ မြေပိုးမြွေများများ လူးလာမြူးထူးသော အခြောက်တောကြီးသည် ထူးဆန်းသောတပ်ကို အံ့သြတကြီးကြိုဆိုနေလေ၏။

www.facebook.com/NyisayEbookCreator
www.nyisay.com

# ၁၃

"အဿဝဏီ ခြောက်လုံးညီ တူပြိုင်မြင်းခေါင်းလို"

"ဘရဏီမှာ သုံးလုံးသာ ပမာခုံလှောက်လို"

"ကြတ္တိကာကြယ် ခုနစ်သွယ် ကြက်ငယ်စုသလို"

"ဆယ်လုံးအညီ ရောဟိနီ တူပြိုငါးကြင်းလို။ မိုလ်သိုင်း၊ ဟော့ရောင်းရင်း ပြီးတော့ ဘာတဲ့တုန်း"

ယာသော်မှု မရှိ။ ဆူးချုံများ ရှားစောင်းပင်များသာ ပြောက်တိပြောက်ကျားရှိသော ကွင်းပြင်ကြီး၏ ညတွင် ကာလကြာမြင့်စွာ မေ့လျော့နေခဲ့သည့် သံပေါက်များကို မြတောင်မိုလ်ရွတ်မိသည်။ ရွတ်မိငြား၊ ဟိုရောက်သည်ရောက် ဖြစ်နေသဖြင့် သေိုင်းအား လှမ်းပြီး အကူအညီတောင်းရာ "မသိပါဘူးဗျာ" ဟူသည့် အဖြေသာ ရလေသည်။

ကြယ်ရောင်အောက်တွင် လမ်းကိုမြင်ရပါသည်။လှည်းလမ်းရှိသည်။ လူသွားလမ်းရှိသည်။ တောကောင်တို့၏ သွားနေကျ လမ်းဖုန်ဖုန်များလည်း

www.facebook.com/NyisayEbookCreator
www.nyisay.com



ရှိ၏။ လမ်းများသည် ကုန်းတွေ၊ ကမူတွေ၊ လျှိုတွေ၊ မြောင်တွေကို ဖြတ်သန်းလျက်ရှိ၏။ ဤသည်တို့ကို မြင်နေရငြား၊ မိမိဦးတည်သော အရှေ့မြောက်အရပ်သို့ အကယ်ပင် ဦးတည်၍ နေပါသေး၏လော။

စတင်ထွက်ခွာလာစက အရှေ့မြောက်ကို ဦးတည်ငြား၊ ချုံကိုတွေ့၍ တိမ်းသည်။ ချောက်ကိုတွေ့၍ ကွင်းသည်။ အရှေ့အရပ်သို့ ဦးတည်လျက်သား ဖြစ်ကောင်းဖြစ်သွားနိုင်သည်။ ချော်တောင်ကျော်ပြီး အနောက်အရပ်သို့ ရောက်သွားကောင်းလည်း သွားနိုင်ချေသည်။

ထိုအခါတွင် ညဥ့်၏ အလှပန်းများဝေရာ ကောင်းကင်သာ မေးမြန်းစူးစမ်းစရာ ခရီးကြဲဖြစ်တော့သည်။ မြောက်အရပ် အဘယ်မှာနည်း။ အရှေ့အရပ်အဘယ်မှာနည်း။ ဤသည်ကို ကြယ်များကသာ ပြောနိုင်လိမ့်မည်။ သို့အတွက် ဖျစ်ညှစ် စဉ်းစားသည်တွင် နက္ခတ် ၂၇ လုံး သံပေါက် တစ်ပိုင်းတစ်စ ထွက်ပေါ်လာခြင်း ဖြစ်၏။

"ဗိုလ်သိုင်းရ၊ ခင်ဗျား ပွဲကျောင်းထွက် မဟုတ်လား၊ စဉ်းစားပါဦး"

"ဘာဆိုင်လို့တုန်း ဗိုလ်မင်းရာ"

"လမ်းလွဲပြီး လိုရာမရောက်ဘဲ ဖြစ်နေမယ်ဗိုလ်သိုင်းရ။ အဲသာကြောင့် ပြောသာပါ စဉ်းစားပါဦး"

"ခလုတ်ထိမှ အမိတသပေါ့လေ" ဆိုကာ ငသိုင်း ရယ်မောငြား၊လမ်းမှားမည်ကို သူလည်း စိုးရိမ်သည်။ စဉ်းစားသည့်အနေဖြင့် နောက်စေ့ကို ကုတ်ရာ၊ ပျော့စိစိအရာတစ်ခု ပါလာသည်။ လက်ညှိုးနှင့် လက်မကြားတွင် ဖျစ်ကြည့်သည်။ သန်းကြီးမပါတကား။

သန်းမတွယ်လျှင် ခံနိုင်ရိုးလား။မှတ်မှတ်ရရ စစ်ထွက်လာကတည်းက သုံးကြိမ်သာ ရေချိုးဖူးသည်။ တစ်ကြိမ်တွင် တစ်ခေါင်းလုံးရေစိုသဖြင့် ဆံပင်ဖားလျားချလုမ်းသည်။ အမြင်မတော်သော ရဲမက်တွေက ဘီးရှာပြီး ဖြီးသင်ပေးရင်း၊ သန်းရှာပေးကြဖူးသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com


သို့သော် သေိုင်းအာရုံက ဆံပင်နှင့် သန်းထံ မရောက်။ သူ၏ ဗိုလ်မင်း အလိုရှိသောအရာကို စဉ်းစားသည်။ မှတ်ဉာဏ်ကို လှုံ့ဆော်သော အားဖြင့် ချိုစောင်းကိုကုတ်သည်။ သန်းတစ်ကောင် ကြေမွသွားငြား မသိလိုက်။

"အဲ ဟုတ်ပြီဗျို့"

"ဘာတဲ့ ဆိုပါဦးဗျ"

"မျိုးလေးပါးတို့ မှတ်သားစဖွယ် လက်ာသွယ်ပိမ့်။ မိုးလယ်လျှံပတ် နက္ခတ်နှစ်ဆယ် ခုနစ်သွယ်တွင်၊ တူဖွယ်မြင်းခေါင်း တစ်ကြောင်း အဿဝဏီ နှိုင်းပြီခုံလျောက် မဖောက်ဘရဏီ ဟာ ဒါလည်း မဟုတ်သေးပါဘူး"

တဖိတ်ဖိတ်လက်နေသော ကြယ်ညီလာ ကောင်းကင်ကြီးကို မော့ကြည့်ရင်း သေိုင်း အားမလိုအားမရ ဖြစ်မိ၏။ သို့ရာတွင် သူ မှတ်မိသမျှဖြင့် မြတောင်ဗိုလ်စိတ်ကျေနပ်အောင် ကြိုးစားရ၏။

"ဟောသည်နားမှာ မြင်ရသဲ့ ကြယ်ခြောက်လုံးကို သေသေချာချာ ကြည့်၊ ဗိုလ်မင်း။ ခုနက ရွတ်သဲ့ မြင်းခေါင်းပုံမရှိဖူးလား။ အဲသာ အဲသာ အဿဝဏီပဲ။ ဟိုဘက်က နည်းနည်းပြောင်နေသာဟာ ကျီးတာရာပဲ"

"ကျီးတာရာက အဿဝဏီနက္ခတ်ရဲ့ ဘယ်ဘက်မှာရှိသာပါလိမ့်"

"မြောက်ဘက်မှာလေ ဗိုလ်မင်းရ"

"ဟုတ်လိုက်လေကွယ်ရို့" ရွှင်ပျစွာ ရွတ်အပြီး၌ မြတောင်ဗိုလ် ဒိုလ်သိန်းသည် တေးချင်းတစ်ပုဒ်ကို လေချွန်၏။

လောကကြီးသည် ငြိမ်သက်တိတ်ဆိတ်နေ၏။

သည်လမ်းတွင် ရွာဟူ၍ တစ်ရွာတလေ ဖြတ်သန်းနိုင်၏။ ဖြတ်သန်းနိုင်ပါလျက် မီးရောင်မတွေ့မြင်ရ၊ အိမ်ကြက်တွန်သံ မကြားရချေ။

စင်စစ်သော်ကား ကျေးရွာတွေရှိသည်။ ရှိသော်ငြား၊ မီးမထွန်းရဲကြချေ။ မီးရောင်မြင်လျှင် ရန်သူအင်္ဂလိပ် ဓားပြတွေကို လက်ယပ်ခေါ်ရာ

www.facebook.com/NyisayEbookCreator
www.nyisay.com



ကျမည်။ သည်မှာရွာရှိသည်ဟု တောကြောင်များကို အသိပေးရာရောက်မည်။

သို့အတွက် အချို့ရွာများသည် အင်္ဂလိပ်စားပြများနှင့် မတွေ့ရစေရန် နေ့တွင် ပုန်းအောင်းကြ၏။ ယာထဲကိုင်းထဲ လယ်ထဲ ထွက်၍ဖြစ်စေ၊ ချုံကောင်းရာ တောကောင်းရာ၊ ချောက်ကြိုမြောင်ကြား ပိတ်ဆီးရာ စသည်များသို့ သွားရောက်ပုန်းအောင်းနေကြပြီး ညအချိန်ကျမှ တိတ်ဆိတ်စွာ ပြန်လာပြီး အိပ်စက်ကြ၏။

အင်္ဂလိပ်မျက်နှာဖြူ စားပြများကို ရှောင်ခြင်းမှာ ရန်သူနှင့် မဆက်ဆံလို၍ ဖြစ်ပေသည်။

ရန်သူသည် ကြီးစွာ အရှက်ကွဲနေ၏။

မင်းနေပြည်တော်ကို ရက်ပိုင်းဖြင့်ရအောင် တိုက်နိုင်ပါလျက် မြန်မာပြည်ကို မရသောကြောင့် ဖြစ်သည်။ ၁၂၅၀ ပြည့်နှစ် ကုန်လွန်တော့မည်။ အင်္ဂလိပ်မျက်နှာဖြူ စားပြများမှာ ရောက်လေရာအရပ်၌ တိုက်ခိုက်သတ်ဖြတ်ခံနေရဆဲရှိသေး၏။ ဧရာဝတီမြစ်ကြောင်းတွင်သာ ရဲရဲတင်းတင်း သွားနိုင်သော အခြေအနေတွင်သာ ရှိသေး၏။

ထိုအခါ ရန်သူစားပြသည် မြန်မာ့မြေပေါ်၌ အာဏာပိုင်စိုးကြောင်း ပြလိုသဖြင့် ရွာမြင်လျှင်ဝင်၏။ သူကြီးဆယ်အိမ် ရွာခေါင်းခန့်သည်။ သည်မျှလုပ်နိုင်လျှင် ဟုတ်လှပြီထင်၏။ သို့ရာတွင် ရွာတွေကလည်း သည်မျှကလေးကိုပင် အလုပ်မခံလိုသဖြင့် နေ့တွင် ပုန်းရှောင်၏။

ညကျမှ ပုန်းရှောင်သော ရွာများကား၊ စည်းလုံးညီညွတ်မှု မရှိသော ရွာများနှင့် ရွာသေးရွာမွှားများဖြစ်ကြသည်။ သူတို့ ပုန်းရှောင်သောအရာမှာ၊ ရန်သူကို ခေါင်းပြု၍သော်မှ မကြည့်ရဲသော တောကြောင်များဖြစ်၏။

တောကြောင်သည် ထမင်းတောင်းမည်၊ ငွေတောင်းမည်။ မရလျှင် စီးနင်းတိုက်ခိုက်သတ်ဖြတ်မည်။ အဆုံးတွင် ရွာကိုမီးတင်မည်။ ရွာသိမ်ရွာငယ်များမှာ လူရှိသည်ဟု အသိမခံရဲသဖြင့် လုံခြုံမည်ထင်သည့် နေရာများသို့

www.facebook.com/NyisayEbookCreator
www.nyisay.com


ကလေးမြေးငယ်ခေါ် အထုပ်အပိုးဆွဲပြီး ညလုံးပေါက်ပြေးရှောင် ပုန်းအိပ်ကြရ၏။ သို့ဖြစ်၍ ဤနည်းဖြင့်လည်း မီးမှောင်တိတ်ဆိတ်ခြင်း ဖြစ်၏။

သို့သော် ဟိုးအဝေးတွင် မီးရောင်မြင်ရ၏။ ကမ္ဘလာအနက်ထဲမှ ပတ္တမြားတုံးကြီး၊ သေးချေကြီးချေ။

"ချောင်းကောက်လောက်က ထင်သဗျို့"

ငသိုင်း လှမ်းပြောသည်။ ဗိုလ်သိန်း၏ဘေးသို့ ရောက်အောင် မြင်းနှင်၏။ မြတောင်ဗိုလ် နှုတ်တုံ့မပြန်။ သို့ရာတွင် "ဘာပါလိမ့်" စဉ်းစားနေသည်။

"ငထောင်၊ ငပြောင်တို့ အိုးစားနှစ်ဖွဲ့ ထောက်လှမ်းချေကြဟေ့"

ငသိုင်း လှည့်ပြောသည်။ ရဲမက်တစ်ကျိပ် မှောင်ကြီးထဲတွင် ပြေးထွက်သွားကြသည်။ ကျန်ရဲမက်များမှ ထမင်းစားလိုစိတ်ကို မျိုသိပ်လျက် လက်နက်များအသင့်ပြင်ကြသည်။ မီးဖိုကြီး အထင်အရှား ဖိုထားသူမှာ ရန်သူသာလျှင် ဖြစ်မည်။ အခြားသူ မဖြစ်နိုင်။

နွယ်တမယ်ရွာဘက်သို့ မျှော်ကြည့်၏။ အမှောင်နှင့် မည်းမည်းသာ။ နားစွင့်ကြည့်၏။ မည်သည့်အသံမျှ မကြားရ။ မြတောင်ဗိုလ်နှင့် ငသိုင်းတို့သည် ထိုမီးတောက်ဘက်သို့ တရွေ့ရွေ့ ချီတက်ခဲ့၏။

တစ်ဖက်ဆည်ကန်တစ်ခုသို့အရောက်တွင် မြတောင်ဗိုလ်သည် အရေးတကြီး လှည့်မေး၏။

"ဩော် ဗိုလ်သိုင်း။ ကျုပ်တို့ ထမင်းစားပြီးပြီလား"

"မနက်ကျမှ မေးရမှာဗျာ့"

ငသိုင်း ငေါ့သဖြင့် အသံထွက်အောင်ရယ်မောသည်။ ဤသို့ဖြင့် ရဲမက်များ နားနေခွင့်ရသည်။ ထမင်းစားကြသည်။ သို့ရာတွင် ထမင်းစားပြီးသည်အထိ ကင်းသမားတစ်ကျိပ် ပြန်မရောက်။ ငသိုင်း ပူပန်လာသည်။

"ကျွန်တော် လိုက်သွားဦးမယ် ဗိုလ်မင်း။ ကင်းသမားတွေ ရန်သူ့သောင်ချောက်များ မိရော့လား"

www.facebook.com/NyisayEbookCreator
www.nyisay.com



သို့စဉ်တွင် ကင်းသမားများ ပြန်ရောက်လာကြသည်။

"ဗျိုင်းကြီး၊ ဗျိုင်းကလေးရဲ့တပ်ဗျူ့ ဗိုလ်လေးရေ့"

"သည်ဗိုလ်တွေ စလင်းမှာမတွေ့သာ ဒါကြောင့်ကိုး" ဟု မြတောင်ဗိုလ်သည် စိတ်ဝင်စားစွာ ရေရွတ်ရင်း ထထိုင်၏။

"ကျွန်တော်တို့ ရောက်သွားတော့၊ ကင်းသမားတွေနဲ့ တွေ့ပါသယ်။ ကုလားဟာ မြစ်ကိုဖြတ်ကူးအလာမှာ ဗျိုင်းကြီး၊ ဗျိုင်းကလေးတို့ ဆီးကြို တိုက်ဖျက်ပေမယ့် မရဘူး။ ဆင်ဖြူကျွန်းကို ကုလားရသွားသယ်တဲ့"

ငသိုင်းမှာ "ဟင်"ခနဲ အော်မိသည်။ မြတောင်ဗိုလ်ကလည်း "မနေ့တုန်းက ဘယ်အချိန်မှာ ဖြစ်သာတုန်း"ဟု မေးသည်။

"သုံးရက်ရှိသွားပါပြီ ဗိုလ်မင်းခင်ဗျား။ ရန်သူဟာ ရွာထဲကိုရောက်လျှင် ရောက်ချင်း၊ မဟာစေတီလှဘုရားထဲဝင်ပြီး၊ ဇရပ်တန်ဆောင်းတွေကို မီးတိုက်ပါတယ်။ ရာဟုထောင့်က တံတိုင်းနိမ့်သဲ့အတွက် သစ်တပ်ကြီး တည်ထားပါသတဲ့"

ငထောင် အစီရင်ခံအပြီးတွင် ငပြောင်ကလည်း ဖြည့်စွက်ပြန်သည်မှာ "ထန်းညီနောင်သုံးပင်မှာ ဘူးလည်သီးအောက်က အပေါက်ဖောက်၊ ယက်မလျှိုပြီးလည်း မျှော်စင်လုပ်ထားပါသယ်" ဟူ၍ ဖြစ်သည်။

"သစ်တပ်ကြီး တည်နိုင်ရအောင်၊ ကုလားမှာ လူဘယ်လောက်ပါလို့တုန်း"

မြတောင်ဗိုလ် ဗိုလ်သိန်းက သစ်တပ်ကို စိတ်ဝင်တစားမေး၏။

"ကုလားကဖြင့် နှစ်ရာမဲ့မဲ့ပါဗိုလ်မင်း။ သို့ရာတွင် ငါးကြင်းဆီနဲ့ ငါးကြင်းကိုကြော်သာပါ"

"ဟဲ့ ဘယ်လို ဘယ်လို"

"ကုလားဟာ ပခန်းငယ်က မြစ်ကိုဖြတ်ပြီး စွန်းရွာကို ကူးပါသယ် ဗိုလ်မင်း။ ကမ်းပေါ်ကို ကုလားရောက်ရောက်ချင်း ဗျိုင်းကြီး၊ ဗျိုင်းကလေးတို့ နှစ်တပ်ပေါင်း ငါးရာအားနဲ့ တိုက်လိုက်သာ၊ ဆုံကုန်း ရေနံစု အစဉ်လိုက်

www.facebook.com/NyisayEbookCreator
www.nyisay.com


ဆုတ်ပေးရပါသယ်။ မဲထီးကျောင်း၊ ရွှေကျောင်း၊ ဦးရန်ကင်းကန် တိုက်ပွဲတွေမှာ ကုလားထွက်ပြေးပြီး၊ ဘုရားထဲ ဝင်ခိုသာပါပဲ"

"အမောင့်စကားမှာပါသဲ့ ငါးကြင်းဆီနဲ့ ငါးကြင်းကိုကြော်သာ မပါသေးပါကလားကွယ့်"

"မှန်ပါဗိုလ်မင်း။ အရပ်ရပ်တိုက်ပွဲတွေမှာ မြန်မာရဲမက်တစ်ရာကျော်ကျပြီး၊ တစ်ရာကျော် သုံ့ပန်းဖြစ်သွားပါသယ်ခင်ဗျား"

ငသိုင်း ပြင်းထန်စွာ တောက်ခေါက်သည်။ လိုရင်းသို့ မရောက်သေးသဖြင့် ငထောင် စကားဆက်၏။

"သုံ့ပန်းတစ်ရာကျော်ကို တန်ဆောင်းတွေ၊ ဇရပ်တွေ၊ အိမ်တွေအဖျက်ခိုင်းပြီး၊ သစ်တပ်အဆောက်ခိုင်းသာပါပဲခင်ဗျား"

မြတောင်ဗိုလ် "ဟင်း" ချလိုက်ပြီးမှ မေး၏။

"သဟာဖြင့် ဗျိုင်းကြီး၊ ဗျိုင်းကလေးမှာ လူမရှိတော့ဘူးပေါ့"

"အိုနာကျိုးကန်းပါ ပေါင်းမှ၊ တစ်ရာလောက်ပဲ ရှိပါတော့သယ်"

"ဘယ့်နှယ်လုပ်မတုန်း ဗိုလ်သိုင်း"

"ဗိုလ်ပြန့်ရောက်အောင် စောင့်သေးသာပေါ့ဗိုလ်မင်းရယ်"

စောင့်ရမည်သာဖြစ်၏။မိမိတို့တွင်လည်း ဗျိုင်းနှစ်ယောက်ပေါင်းထက် အနည်းငယ်သာ သာလွန်သော အင်အားရှိ၏။

"ကုလားဟာ ကျပင်းကို ထိုးမှာလား၊ စလင်းကိုထိုးမှာလား"

"သစ်တပ်တည်ပုံထောက်တော့၊ ဆင်ဖြူကျွန်းကို ဗဟိုပြုပြီး မွေမယ့်သဏ္ဌာန်ပဲ ဗိုလ်မင်း"

"ဖြစ်နိုင်တယ်"ဟု ပြောပြီးမှ မြတောင်ဗိုလ်သည် တွေးတွေးဆဆဖြင့် မေးလိုက်လေသည်။

"နောက်ထပ်ရောက်လာမယ့် သူတို့လူတွေအတွက် အသင့်ဖြစ်အောင် စီမံထားသာကော မဖြစ်နိုင်ဖူးလား"

www.facebook.com/NyisayEbookCreator
www.nyisay.com


"ဖြစ်နိုင်ပါသော်ကော ဗိုလ်မင်းရာ"

"သလိုဆိုရင် နောက်လာသဲ့ ကုလား ခွေးနေရာမရဖြစ်သွားအောင် သစ်တပ်ထဲကအကောင်တွေကို ကနေ့ညမောင်းထုတ်ရရင် မကောင်းဖူးလား"

"အလွန်ကောင်းသာပါဗျာ"

ငသိုင်းသည် ဗိုလ်သိန်းစိတ်နှင့် ထပ်တူရှိ၏။ မိဇ္ဈာဒိဋ္ဌိ ကုလားဖြူ ကုလားနက် အင်္ဂလိပ်ဓားပြများအား သည်မြို့သည်ရွာမှသာမက မြန်မာပြည် တစ်ပြည်လုံးမှပါ မောင်းထုတ်လို၏။ ငပြန့် အရောက်ကိုပင် မစောင့်ဆိုင်းဘဲ ယခု ညတွင်းချင်း အမှုန့်ချေပစ်ချင်၏။ အရေခွံဆုတ်ပြီး အရိုးကို မီးတိုက်ပစ် ချင်၏။ သို့ဖြစ်သဖြင့် အံကြိတ်ကာ ထောက်ခံ၏။

"ဒါပေသည့် ကျုပ်တို့လူတွေ ပင်ပန်းနေပြီဗျာ"ဟု ဗိုလ်သိန်းပြော၏။ ခဏဆိုင်းနေပြီးမှ "အင်အားလည်း နည်းသယ်"ဟု ဆိုပြန်သည်။ ထိုအချက် များမှာ ငြင်းစရာမရှိသဖြင့် ငသိုင်း ငြိမ်နေမိသည်။

အတန်ကြာအောင် တိတ်ဆိတ်သွားပြီးမှ "ဗိုလ်သိုင်း"ဟု ခေါ်သည်။

"အမိန့်ရှိပါ ဗိုလ်မင်း"

"စစ်ကူခေါ်ရင် ဘယ်မှာရနိုင်မတုန်းဟင်"

"ပေါင်းလောင်းဘက်မှာ ဗိုလ်သာစည်တော့ ရှိလေရဲ့။ မင်းကြီး ဗိုလ်ဥတ္တမရဲ့ ဩဇာခံမဟုတ်သဲ့အတွက် ကျုပ်တို့ကို ကူ မကူ မသေချာဘူး ဗိုလ်မင်း"

"နေပါဦး၊ ယမ်းဖိုကုန်း ဗိုလ်ထွန်းအောင်ဆိုသာကော"

သည်လူကို ငသိုင်း မသိ။ သို့ကြောင့် သိသူရှိလေမည်လားဟု မှောင် ထဲသို့ လှည့်ကြည့်သည်။ ငပြောင်၏ အသံပေါ်လာသည်။

"အကဲပေါ ဗိုလ်မင်း။ အလကားလူပါ"

"ဟဲ့ ဟဲ့ ဘယ်လိုပြောလိုက်သာတုန်း"

ဗိုလ်သိန်း အထိတ်တလန့် ရေရွတ်၏။

www.facebook.com/NyisayEbookCreator
www.nyisay.com


"နောက်လိုက်သုံးယောက်ရှိရာမှာ သူရာသမား၊ ကြက်ဖဲသမားတွေ ချည်းပါပဲဗိုလ်မင်း။ သူတို့ အလုပ်အကျွေးပြုနေသဲ့ ဗိုလ်ထွန်းအောင်ကလည်း သူ့ငယ်သားတွေထက် ပိုမိုဆိုးသွမ်းသဲ့ မုဒိန်းတန္တ အကဲ့ပေါ။ ကုလားရဲ့ အရိပ်ကိုတောင် ဓားနဲ့ခုတ်ဖူးသူမဟုတ်ပါ။ သာကြောင့် အလကားကောင် ဆိုရခြင်းပါခင်ဗျား"

"တောကြောင်ဆိုပါတော့"

"မှန်ပါသယ် ဗိုလ်မင်း"

"အဲသည်တော့ ဗိုလ်သိုင်းရေ၊ ဗိုလ်သာစည်ထံက အကူအညီ ရလို ရငြား ဆက်သွယ်ရင်း ရန်သူ့အခြေအနေကို ထောက်လှမ်းစုံစမ်းကြရအောင်"

"ကောင်းပါသယ်။ ကောင်းဆို အခုပဲ သွားကြစို့"

"သည်လို လောလော လောလော မလုပ်ပါနဲ့ဗျာ။ တစ်ရေးတစ်မော အိပ်စက်ပါဦး၊ နားနေပါဦးလားဗျာ"

သိုင်း ရယ်မောသည်။ အရှေ့အရပ်သို့ လက်ညှိုးညွှန်၏။ အရှေ့ ကောင်းကင်၏ မဟူရာပင်လယ်ထဲတွင် ရွှေသောင်စွယ်ကလေး ထွန်းလက် နေသည်။ ထိုအခါတွင်မှ အိပ်တန်းထ ငှက်ကလေးများ၏ ကျီကျီကျာကျာ အသံကို ဗိုလ်သိန်း သတိပြုမိပြီး ဟက်ဟက်ပက်ပက် ရယ်မောလေတော့သည်။

"ကျုပ်က စောသေးသယ် ထင်နေသာဗျာ။ သာလိုဆိုလည်း ဆင်းသည်တွေ၊ သစ်သီးဝလံသည်တွေနဲ့ ရောနှောပြီး လိုက်ကြစို့ဗျာ"

မြတောင်ဗိုလ် ထရပ်ငြား၊ သိုင်း မလိုက်အားသေး။ တပ် အနေ အထားကို စီမံရသေးသည်။ ကျေးရွာများသို့မသွားရန်၊ နွားကျောင်းသား အယောင်ဆောင် ရန်သူ့သတင်းပေး မျိုးပျက်မျိုးယုတ်များကို သတိထားရန်၊ ဘင်းတာဝန် မပေါ့လျော့ရန် အထပ်ထပ်မှာကြားပြီးမှ မြတောင်ဗိုလ်ထံ ရောက်လာ၏။

သူတို့သည် နွယ်တမယ်ရွာတွင် တောဈေးသည်များကိုစောင့်သည်။

ပုဂံစာအုပ်တိုက်

www.facebook.com/NyisayEbookCreator
www.nyisay.com



ဈေးသည်များမှာ ချောင်းကိုကူးပြီး မသွားလိုကြ။ ဟိုဘက်ကမ်းတွင် ရန်သူ ရောက်နေသည့်အတွက် သည်ဘက်ကမ်းတွင် ရသမျှဖြင့် ချရောင်းနေကြ သည်။ သည်အချက်ကို အခွင့်ကောင်းယူပြီး ငသိုင်းနှင့် မြတောင်မိုလ်သည် မြက်ထမ်းသမားထံမှ မြက်နှမ်ထုံးကို နှစ်ပြားစီဖြင့် ဝယ်လိုက်ကြသည်။

တောဈေးသည်တွေ ရောက်ချိန်တန်၍ မရောက်သောကြောင့် ဈေးဝယ် များသည် ချောင်းကို ဖြတ်ကူးလာကြ၏။ ရန်သူ့အဝယ်တော်များကလည်း ချောင်းကူးပြီး လာရောက်ရောင်းချရန် ဆွယ်တရားဟောကြ၏။

"အစ်မရေ၊ ဟောသည်ငရုတ်သီးတွေ သစ်တပ်ကိုလာပို့ရင် တစ်ကျပ် ပေးမယ်တဲ့။ လိုက်သွားရအောင်"

"ဟဲ့ အဲသာ၊ ညည့်ငရုတ်သီးကို ဝယ်ချင်လို့ မဟုတ်ဘူးဟဲ့။ နင့်ကို သစ်တပ်ထဲ ဆွဲသွင်းမှာ။ အသက်နဲ့ကိုယ် မြဲပြီး ပြန်ထွက်လာရမယ် ထင်သလား"

"မင်းမရှိသဲ့ တိုင်းပြည်မှ မဟုတ်သာ"

ခရမ်းသီးနှင့် ပဲသီးများဘေးတွင် ထိုင်နေသော မိန်းမပျိုမှာ မတန် တဆလည်း ဈေးအဆစ်ခံရ ဈေးဦးလည်း မပေါက်သေးသဖြင့် ဒေါသဖြင့် ဝင်ပြောရာက "ဘာမှမကြောက်နဲ့၊ ငါလည်း လိုက်မယ်" ဆို၏။

ထိုအခါ ပထမ စတင် တားဆီးသော မိန်းမရွယ်က မေး၏။

"မင်းမရှိသဲ့ တိုင်းပြည်မှ မဟုတ်သာဆိုတော့ ဘယ်မတုန်း မင်း"

"အခု အဲ ဟိုသင်း"

ပဲ၊ ခရမ်းသည်မှာ လွှတ်ခနဲ ပြောမိပြီးမှ စကားမဆက်တတ်တော့ချေ။ ယခု ရောက်ရှိနေသော ကုလားဖြူ၊ ကုလားနက်များကို မင်းအဖြစ် အစိုးရ အဖြစ် သူလည်း အသိအမှတ် မပြုလိုချေ။ သို့အတွက် "အိ အ" ဖြင့် စကားတန့်သွားခြင်း ဖြစ်၏။

"ငါတော့ မသွားဘူးဟေ့။ မတော်တဆ သစ်တပ်ထဲ ဆွဲခေါ်ရင်

www.facebook.com/NyisayEbookCreator
www.nyisay.com



တိုင်စရာတောစရာ ရှိသာမဟုတ်ဘူး။ မရောင်းရရင် ပြန်ရွက်သွားမယ်"

အခြားမိန်းမရွယ်တစ်ယောက်ကလည်း ဝဲယာရှေ့နောက်ရှိ မိန်းမများကြားသာရုံပြောသည်။ ဟိုဘက်ကမ်းသို့ သွားရောက်ရောင်းချရေးမှာ၊ ဤနည်းဖြင့် ပျောက်ပြယ်၏။ မြတောင်ဗိုလ်နှင့် သေိုင်းကား၊ မြက်ထုံးကိုယ်စီရွက်လျက် ဈေးပြန်များနှင့် ရောနှောလိုက်ပါလာကြ၏။

အမှန်မှာသော် သေိုင်းတို့သည် မြက်ထုံးကို ယောကျ်ားပီပီ ပခုံးဖြင့် ထမ်းသင့်၏။ သို့ရာတွင် ခေါင်းပေါ်မှာ ရွက်သောအခါ မျက်နှာကို အထူးတလည် ဖုံးကွယ်ရန် မလိုတော့ချေ။ သို့အတွက် မသာတံခါးအတိုင်း တောင်အရပ်သို့ ဦးတည်လာကြ၏။

'ပျံလွင့်' လေတော်သားများဖြင့် စည်ကားခမ်းနားခဲ့သော ရွာကြီးမှာ ကျိုးနှင့် ဖုတ်ဖုတ် ဆိုရမည်သို့ ခြောက်ကပ်နေ၏။ သည်အထဲတွင် မီးလောင်ထားသည့် အိမ်များကို ပြောက်တိပြောက်ကျား မြင်ရပြန်သောအခါ၊ ပိုမိုအကျည်းတန်၏။ ချောင်းကမ်းပါးနှင့် မလှမ်းမကမ်းမှ 'သိ' ပြီးလာခဲ့ကြရာ အနောက်တံခါးအနီး၌ လူတစ်အုပ်ကိုမြင်ရသည်။

"ဗိုလ်မင်းရေ၊ မျက်နှာကို မမြင်စေနဲ့ဗျို့"

သေိုင်းသည် ဟန်မပျက်လျှောက်ရင်း သတိပေးသည်။

သူတို့နှင့် တဖြည်းဖြည်း နီးကပ်လာသူများမှာ လမ်းဖောက်လုပ်နေသူများဖြစ်၏။ ပန်းထိမ်တန်းဘက်သို့ ဦးတည်လျက် လမ်းမြေဖို့နေကြသည်။ ထိုသူများမှာ ကုလားစစ်ဗာရီများ မဟုတ်။ မြန်မာတွေ ဖြစ်သည်။

"ဘာလုပ်ကြသာတုန်းဗျ"

ရွာသားဟုထင်ရသူတစ်ယောက်နှင့် ရင်ဆိုင်တွေ့သဖြင့် သေိုင်း မေး၏။

"သူပုန်တွေလေဗျာ"

"ဗျာ၊ သူပုန်ဟုတ်လား"

"ဟုတ်သယ်။ တမြန်နေ့က ကုလားမင်းတပ်တွေနဲ့ ဗျိုင်းကြီး၊

www.facebook.com/NyisayEbookCreator
www.nyisay.com


ဗျိုင်းကလေးတပ်တွေ တိုက်ကြတုန်းက ဖမ်းမိသာတွေပေါ့"

"ဩော် အင်း အင်း မနည်းပါကလား"

ဗိုလ်သိန်း ပြောရင်းက ချောင်းစပ်ရှိ အကန့်အဆီးတစ်ခုကို မြင်၏။ တုတ်တစ်ချောင်း ကိုင်ထားသည့် ကုလားနက်တစ်ယောက် အော်ဟစ်နေသည်။ သူ၏နောက်နှင့် မလှမ်းမကမ်းတွင် သေနတ်ကို အသင့်ပြင်ထားသည့် ကုလားနက်များရှိသည်။

"ဟိုတုတ်နဲ့ ကုလားက ဘာတုန်းဗျ"

"ဓိးကပ်ဗိုလ်ပေါ့"

"ဘာ ဓိးကပ်ဗိုလ် ဟုတ်စ"

"ဓိး(ဆိး)ဆူးတွေကို ကပ်လုပ်ပြီး ကာထားသဗျ။ အဲသည်ထဲမှာ သူပုန်တွေနေရသဗျ။ ဓိးကပ်ထဲကလူတွေကို အုပ်ချုပ်လို့ ဓိးကပ်ဗိုလ်ခေါ်သာ။ အဲ ယောင်မှားပြီး အနားကို မသွားနဲ့နော်။ သေနတ်နဲ့ အပစ်ခံရလိမ့်မယ်"

"ဟုတ် ဟုတ်ကဲ့၊ သည်ကောင် အဲ အဲ သူတို့ကို ဘယ်လိုခေါ်ရသတုန်း"

"အင်္ဂလိပ်ကို သခင်"

"ထွီ" ခနဲ ကျယ်လောင်သောအသံကြီး ထွက်လာသည်။ ထွီခနဲ ရွံရှာစက်ဆုတ်စွာ တံတွေးထွေးသူမှာ ငသိုင်း ဖြစ်သည်။ သို့သော် ရန်သူ့နယ်တွင်းပါကလား၊ ယခုစကားပြောနေသူသည် မျိုးယုတ်လော မျိုးစစ်လော မကွဲပြားဟု ချက်ချင်းဆင်ခြင်မိသဖြင့် နှုတ်ခမ်းကို ပွတ်သည်။ ပါးစပ်တွင်းသို့ ပိုးကောင် ဝင်လေဟန် လုပ်သည်။

ရပ်ပြီး စကားပြောသော ရပ်ကြီးသားသည် သတိမထားမိဟန်ဖြင့် ဆက်ပြောသည်။

"ကုလားနက်ကို ဆပ်လို့ ခေါ်ရသယ်"

"ဩော် ဟုတ်ကဲ့ ဟုတ်ကဲ့"

www.facebook.com/NyisayEbookCreator
www.nyisay.com



မြတောင်ဗိုလ်သည် စိုးစဉ်းမျှ နားမလည် မသိသော တောသား တစ်ယောက်ကဲ့သို့ ခါးတကုန်းကုန်းဖြင့် စကားပြော၏။ ရပ်ကြီးသားလည်း လမ်းလုပ်နေသူများဘက်သို့ ပုဆိုးစဆွဲလျက် လက်တလွဲလွဲဖြင့် ထွက်သွားလေ၏။

ဗိုလ်သိန်းနှင့် ငသိုင်းသည် တောင်အရပ်သို့ ဆက်လျှောက်လာကြသည်။ မြကျောက်ဆည်ဘုရားဘက်သို့ ဝင်ပေါက်ထွက်ပေါက်အတွက် အရေးတကြီးကြည့်သည်။ မဟာစေတီလုဘုရားဘက်သို့ကား သစ်တပ် တည်ထားသဖြင့် ပိုပြီး ဂရုတစိုက် ကြည့်ကြသည်။

ဗျိုင်းကြီး၊ ဗျိုင်းကလေးတို့ထံမှ ငပြောင်၊ ငသောင်တို့ သယ်ယူ ဖောက်သည်ချသည့်အတိုင်း မှန်ပေသည်။ သစ်တပ်၏ အနောက်မျက်နှာ တွင် ကုလားနက်အစောင့်နှင့် မြင်းအချို့ရှိသည်။ ငသိုင်းတို့ ဝမ်းသာအားရ ချဉ်းကပ်သွား၏။

"ဟရေးချွတ်ကရား အောင်းအောင်း"

မျက်နှာရှေ့သို့ ကျနေသော အမြိတ်များကို လက်ဖြင့် သိမ်းကာ၊ ဗိုလ်သိန်း လှမ်းကြည့်၏။ လက်ယပ်ခေါ်နေသည့် ကုလားနက်။

"ခေါ်နေပြီဗိုလ်သိုင်း၊ ဘယ့်နှယ်လုပ်မတုန်း"

"သွားလိုက်သာပေါ့ဗျာ။ အထဲဝင်ပို့ရရင် ပိုကောင်းသာပေါ့"

မြက်သည်နှစ်ယောက်သည် လုံ့စွပ်တပ် ကုလားနက်ရပ်နေသည့် အဝင်ပေါက်ဝသို့ လှမ်းလာကြ၏။ လက်ယပ်ခေါ်သော ကုလားက မြက် ဆုံးကို လက်ညှိုးထိုးပြ၏။ "ကျား ရူပြား" ဟု ပြော၏။

"ဘယ်လောက်တုန်း မေးသာထင်သယ်"

သို့သော် ဗိုလ်သိန်းရော ငသိုင်းပါ ပြန်မပြောတတ်။ သို့အတွက် ကုလားနက်ကို ပြန်ကြည့်နေစဉ် သစ်တပ်တွင်းမှ အသံတစ်သံပေါ်လာ၏။

"ဘယ်လောက်နဲ့ ရောင်းမလဲဟေ့ တောသားတွေ"

www.facebook.com/NyisayEbookCreator
www.nyisay.com



"တစ်ထုံးတစ်မူးနဲ့ ရောင်းမယ်ဗျို့"

"များတယ်ဟေ့ တစ်ပဲပေးမယ်။ တစ်ပဲနဲ့ရောင်းနိုင်ရင် အထဲကို ရွက်ခဲ့ကြ တောသားတွေ"

မြန်မာစကား ပီပီသသဖြင့် လှမ်းပြောသူမှာ မည်သူနည်း။ အပြောရိုင်းလှသည်။ စကားပြန် မြန်မာယုတ် တစ်ယောက်ယောက် ဖြစ်ရမည်။

"ရောင်းမလားဟေ့"

"ဟုတ်ကဲ့ ရောင်းမယ် ရောင်းမယ်"

သိုင်းက ပြန်ဖြေရင်း ရှေ့မှ ပြေးဝင်ခဲ့လေ၏။ ထင်သည့်အတိုင်းပင် ပိုးပုဝါတစ်စထောင် ခေါင်းပေါင်းနှင့် သျှောင်ချောကြီးနှင့် မြန်မာတစ်ယောက်ကိုတွေ့ရ၏။ သူသည် အုတ်တံတိုင်းနောက်တွင် ခါးထောက်လျက်ရပ်နေ၏။ အုတ်တံတိုင်းမှာ ရင်ဆို့မျှသာ မြင့်သဖြင့် လက်ခုပ်တစ်ဖောင်မြင့်အောင် မသေမသပ် ဆင့်ထား၏။

"တည့်တည့်သွား၊ ညာဘက်မှာ မြင်းစောင်းရှိတယ်။ မြက်ထုံးတင်တဲ့စင်ပေါ်မှာ ထားပစ်ခဲ့"

"မြက်ဖိုးပေးပါ"

သိုင်း၏ ကြေးအထပ်ထပ် လက်ဝါးကြီးက ထိုသူ၏မျက်နှာရှေ့သို့ ရောက်သွားချေသည်။

"ထို့ တော်တော်ညစ်ပတ်တဲ့ တောသား။ ပြန်လာမှယူ၊ သွားပို့ချေ"

သိုင်းတို့သည် စကားပြန်ညွှန်သည့်အတိုင်း လာခဲ့ကြသည်။ သည်မှာလည်း အကျဉ်းသားတွေရှိသည်။ တွင်းတူးသူတူး၊ တိုင်ထူသူထူ၊ အုတ်ခဲထုသူ ထုနေကြသဖြင့် ကုလားနက် အစောင့်အကြပ်တွေရှိသည်။ ရေတွင်းနစ်တွင်းမှ ရေများ သယ်ယူဖျန်းပက်နေသူများထဲ၌ သိုင်း သိသူပါ၏။ သို့ကြောင့် စကားပြန်ရှေ့တွင် ဖြန့်ပြခဲ့သော လက်ဝါးကြီးဖြင့် မိမိ မျက်နှာကို ပွတ်လိုက်တော့သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com


သူတို့သည် တအိအိလျှောက်လာရင်း ရွက်ထည်တဲတွေကို ရေတွက်သည်။ ရွက်ထည်တစ်တဲလျှင် လူမည်မျှနေသနည်း ကြည့်သည်။ တစ်ဝန်းလုံးတွင် သက်ငယ်မိုး အဆောက်အအုံဟူ၍ မြင်းတင်းကုပ်တစ်ခုသာ ရှိသေးသည်။ ထိုမြင်းတင်းကုပ်ကိုမြင်ပါလျက် မချိုးမကွေ့၊ ဆက်လျှောက်လာခဲ့ကြရာ "ဟေးဟေး" အော်သံကြားမှ ပြန်လှည့်လာကြသည်။

ဟေးဟေးအော်သော ကုလားဖြူမှာ မျက်နှာတစ်ပြင်လုံး မှည့်ခြောက်တွေ စွဲနေသည်။ မြက်ထုံးချပြီး ပြန်လာသော သေိုင်းကိုကြည့်ပြီး ရယ်မောသည်။ ထိုအခါတွင်မှ ဗိုလ်သိန်းလည်း သေိုင်းမျက်နှာကို ကြည့်မိသည်။ မျက်နှာအစင်းကျားကြီးကို ကြည့်ပြီး ရယ်မောရတော့သည်။

"မရယ်နဲ့လေ။ ရေခပ်နေသဲ့ လူတွေထဲမှာ မျက်နှာသိ ပါသယ်။ နှုတ်လုံရင် တော်ရဲ့၊ နှုတ်မလုံရင် ခက်မယ်။ ခေါင်းပေါင်းပြင်ပေါင်း၊ ဖရိုဖရဲဖြစ်အောင် မျက်နှာပေါ်ဆွဲချ"

သေိုင်း တီးတိုးပြောမှ ဗိုလ်သိန်း အရယ်ရပ်သည်။ နံငယ်ပိုင်းစုတ်ဖြင့် ခေါင်းကို ပြင်ပေါင်းသည်။ စကားပြန်ကို တံခါးအပြင်တွင် တွေ့သဖြင့် "မြက်ဖိုး" ဟု သေိုင်းကပြောသည်။

"ဘာမြက်ဖိုးတုန်း"

"ခုနတုန်းက မြင်းဇောင်းထဲ သွားပို့ချေဆိုသဲ့ မြက်ဖိုးပေါ့၊ ဘာမြက်ဖိုးရမတုန်း"

ထိုသူသည် ပဲစေ့တစ်စေ့ ထုတ်ပေး၏။

"တစ်ထုံးဖိုး ကျန်သေးသယ်"

မြက်ဖိုးကား ထွက်မလာ။ သေိုင်းအား စေ့စေ့ကြည့်ကာ "မင်း သူပုန်ဘွလား" ဟူသည့် အမေးသာ ထွက်လာ၏။

"ဘာသူပုန်တုန်း၊ မြက်ဖိုးပေးပါ"

"ဟိုမှာ အုတ်ခဲထု ရေခပ် မြေကြီးတူးနေသာတွေဟာ သူပုန်တွေပဲ။

www.facebook.com/NyisayEbookCreator
www.nyisay.com



မောင်မင်း သူတို့လို ဖြစ်သွားချင်သလား”

စကားပြန်ဟု သိကတည်းက လက်ယားနေခဲ့သော ငသိုင်းသည် လက်ကို လာအဆွဲခံရသဖြင့် စောင်းကြည့်၏။ ဗိုလ်သိန်းက “လာပါ၊ သွားကြပါစို့၊ နောက်လာပြီး မရောင်းရဲ့ရှိသာပေါ့” ဟု လေအေးဖြင့် ပြောသည်။

စကားပြန်က ပြုံး၏။ ငသိုင်း မဲ့ပြုံးပြုံးသည်။ လည်ပင်း သေးသေးမျှင်မျှင်ကို လက်ဝါးစောင်းခုတ်လိုက်ရလျှင် မည်မျှ အရသာရှိမည်နည်း။

# ၁၄

ဗိုလ်သာစည်သည် မင်းကြီးဗိုလ်ဥတ္တမ၏ ဩဇာခံမဟုတ်ဘဲ ဗိုလ်ဖျိုင်းကြီးနှင့် ဗိုလ်ဖျိုင်းကလေး၊ မြတောင်ဗိုလ်တို့အား လေးစားသည်။ သို့ဖြစ်သဖြင့် မြတောင်ဗိုလ်ထံမှ စစ်ကူတောင်းသောအခါ ကိုယ်တိုင်ဦးစီးပြီး လိုက်ပါလာသည်။ ဖျိုင်းနှစ်ဦး၏ အဖြစ်အပျက်ကို ကြားသိရချိန်တွင် သူပါ စစ်မျက်နှာတစ်ခုဖွင့်ပြီး ပါဝင်ဆင်နွှဲရန် သဘောတူတော့သည်။ သို့ရာတွင် ပြေန်နှင့် ရဲမက်စုပါဝင်သည့် အမြောက်မှာ ရောက်ခါစရှိသေး၏။ ကောင်းစွာ မနားကြရသေး။ ဖျိုင်းကြီး ဖျိုင်းကလေးတို့၏ ရဲမက်များမှာလည်း တက်ကြွထက်သန်မှု နည်းပါးနေသေးသည်။

သို့အတွက် မဟာစေတီလှဘုရားပရိဝုဏ်တွင်းရှိ မသမာကောင်စားပြများကို တိုက်ခိုက်ရေးမှာ နောက်တစ်ညသို့ ရွှေ့သွားရသည်။ ထိုသို့ရွှေ့ခြင်းသည် ကိုယ့်အကြောင်းနှင့်ကိုယ် မှန်ကန်သော်ငြား အမှားလည်း ဖြစ်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



မိမိတပ်လူများမှာ အရေအတွက်လျော့ပါးသွားပြီဆိုငြား သုံးရာကား ရှိ၏။ ဗိုလ်သာစည်၏လူများမှာ လေးရာကျော်သည်။ တပ်သုံးတပ်ပေါင်းသောအခါ ခုနစ်ရာခန့်ရှိရာ၊ သိုသိပ်ဖို့ အရေးကြီးသည်။ သို့အတွက် သိုသိုသိပ်သိပ်ကား နေကြပါ၏။

သိုသိပ်ပုံမှာ အစုအဝေးကြီး ကုန်းကမူပေါ်မတက် ကွင်းပြင်သို့ မသွားခြင်းသာဖြစ်သည်။ ချုံရိပ်ခိုပြီး ထင်းခွေ၊ ရေခပ် ထွက်သည်။ ဟင်းသီးဟင်းရွက် အရှာထွက်၏။ သို့ရာတွင် ရန်သူသည် ချောင်းမြောင်းပုန်းလျှိုးကာ မှန်ပြောင်းဖြင့် ကြည့်နိုင်၏။ မှန်ပြောင်းအားသည် မံသစက္ခုထက် ကောင်းသည်။ ဤသို့ဖြင့် မိမိတို့ ပုန်းလျှိုးနေကြောင်းကို ရန်သူ မသိနိုင်သလော။

မည်သို့ဖြစ်စေ၊ ရက်ရွေ့သဖြင့် မှားယွင်းသွားသည်ကား အမှန်ပင်။

အကြောင်းသော်ကား၊ နောက်တစ်နေ့နံနက်တွင် ရန်သူသည် အမြောက်တစ်လက်၊ လူနှစ်ရာဖြင့် ချောင်းကိုကူး၍ ရောက်လာသောကြောင့်တည်း။

ထိုသတင်းကို ရလျှင်ရချင်း ဗိုလ်သာစည်သည် "ချောင်းမ" တောသို့ ချီတက်ကာ ဆီးကြိုတိုက်ခိုက်တော့သည်။ ရန်သူသည် တောအုပ်ကို သတိထားပြီး ကွင်းလေ့ရှိငြား၊ သည်အကြိမ်တွင် မကွင်းနိုင်။ တောအုပ်၏တစ်ဖက်တောင်ကုန်းပေါ်တွင် တိုက်မောင်းသံ တဒူဒူ၊ သူရဲကြီးအလံ တလူလူဖြင့် မြန်မာရဲမက်များကို မြင်နေရသည် မဟုတ်သလော။

သည်တောအုပ်ကို ကွင်းရှောင်ရန်မဖြစ်။ သို့အတွက် တောအုပ်ထဲ အဝင်တွင် ဓားရဲခုတ်များနှင့် တိုးတော့သည်။ မောင်းသံနှင့် ဟစ်ကြွေးသံများသည် တောအုပ်တစ်ဖက်ရှိ ကုန်းပေါ်မှအားပေး၏။ တောအုပ်ထဲမှ ဟစ်ကြွေးသံများက အပြင်ရှိ ရဲမက်များကို အားပေး၏။

မြန်မာနာရီ တစ်နာရီခန့် တိုးဖော့ပြီးသည်တွင် ကုလားသည် တောအုပ်ထဲမှ ထွက်လာ၏။ ကွင်းပြင်တွင် ခြေကုပ်ယူမိပြီး 'မြန်မာတွေ သေပေရော့' ကြုံးဝါးလျက် အမြောက်ကို နေရာချထားသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com


'အုန်း' ခနဲ မြည်ဟီးသံကြီးပေါ်လာသည်။ မတ်တတ်ရပ်လျက်တစ်ဖုံ ဒူးထောက်လျက်တစ်နည်း စီတန်းနေသော ကုလားများရှေ့သို့ အမြောက်ဆန်ကျရောက် ပေါက်ကွဲတော့သည်။

မြင်းပေါ်မှ ဓားတဝင့်ဝင့်နှင့် ကုလားဗိုလ်သည် မျှော်ကြည့်၏။ လက်ယာဘက် ကုန်းတစ်ခုပေါ်ရှိ ချုံကြားတွင် အမြောက်တစ်လက်။ ချက်ချင်းတုံ့ပြန်ရန် အမိန့်ပေးသည်။ နောက်ထပ် အမြောက်ဆန်တစ်ဆန် ကျလာသည်။ ကုလားကျိုး၊ ကုလားပဲ့၊ ကုလားသေများ လွှမ်းသည်။

ရန်သူသည် မြန်မာအမြောက်ဘက်သို့ ပြန်လှန်ပစ်ခတ်ရာ မြန်မာအမြောက်ကိုထိသည်။ တစ်ပြိုင်နက်တည်းပင် အမြောက်ဘက်သို့တစ်စု၊ ကမူထိပ်သို့တစ်စု အပြေးတက်ရင်း ပစ်ခတ်သည်။

မြန်မာရဲမက်များလည်း သေနတ်ဖြင့်ပစ်၊ ဒူးလေးဖြင့်ပစ်လျက် တောမီးကြီး လောင်ကျွမ်းလာသံမျိုးဖြင့် ပြေးဆင်းလာကြ၏။ တပ်ချင်း မတိုးဇော့ရမီ မြန်မာရဲမက်များ လေးချိုးတစ်ချိုး ကျဆုံးသည်။ မိမိအဖော်များ ဘိုင်းခနဲ ဘိုင်းခနဲ တစ်ယောက်ပြီးတစ်ယောက် လဲကျသည်ကိုမြင်ရသဖြင့် တွန့်သူလည်းတွန့်၏။ သို့ရာတွင် မြန်မာရဲမက်များ မပြေး။ အတင်းဝင်ခုတ်သည်။ သေနတ်ဖြင့် ရိုက်၊ လှံဖြင့်ထိုးသည်။

"ကျားဘသား၊ ကျား၊ ကျား"

မုန်တိုင်းကြီး တိုက်ခိုက်လာသည့်နှယ်၊ အော်သံအသစ် ပေါ်လာသည်။ အပြေးအလွှား ချီတက်လာသော မြတောင်ဗိုလ်၏တပ် ဖြစ်သည်။ သူတို့တွင် သေနတ်ကောင်း အနည်းငယ်ပါသည်။ ရန်သူ့အမြောက် ထိမှန်ခံရသော မြန်မာအမြောက်ကို သိမ်းပိုက်သော ရန်သူအစုကို ဆီးကြိုပစ်ခတ်သည်။

ရဲမက်များ ပြန်လှန်ပစ်ခတ်ရင်း တရွေ့ရွေ့တိုးလာသည်။ ရန်သူသည် အမြောက်ကို မသိမ်းပိုက်နိုင်ဘဲ ပြန်လည်ဆုတ်ခွာ ထွက်ပြေးသည်။ သို့သော် အခြားတစ်ဖက်တွင် ဗိုလ်သာစည်၏တပ်သည် ရန်သူနှင့် လုံးထွေးသတ်ပုတ်

www.facebook.com/NyisayEbookCreator
www.nyisay.com



နေ၏။ မြတောင်ဗိုလ် မျှော်ကြည့်သည်။ ရန်သူ့ကြားထဲ ရောက်သွားသော ဗိုလ်သာစည်။

သို့ကြောင့် ကွင်းပြင်ထဲသို့ မြင်းကိုစိုင်းပြီးဝင်သည်။ သူ့ဘေးတွင် ငသိုင်းပါလာသည်။ရဲမက်များလည်း ညာသံပေးလျက် အပြေးချီတက်လျက် ပါလာသည်။ သည်လူအုပ်ထဲသို့ အမြောက်ဆန်ကျရောက်ပေါက်ကွဲငြား၊ အတက်မရပ်၊ အပြေးမတန့်။ အလောင်းတွေကို ခုန်လွှားချီတက်၏။

"ချလဟ ခုတ်လဟ သတ်လဟ၊ ကျား၊ ကျား"

ဓားကိုဝှေ့၍ မြင်းကို စိုင်းလာစဉ် မြတောင်ဗိုလ်၏မြင်း နိမ့်ခနဲ ဖြစ်သွား၏။ မြင်းကို သေနတ်မှန်ခြင်း ဖြစ်၏။ မြတောင်ဗိုလ် ဟပ်ထိုးကျ သွားငြား၊ အလိုက်သင့်ဖြစ်အောင် လိမ့်သည်။ ခုန်ထသည်။ ကျည်ဆန်များ သူ့ဘေးသို့ စုပြုံကျသည်။ ချက်ချင်း ရန်သူ့ကြားသို့ ပြေးဝင်ခုတ်ထစ်သည်။

ငသိုင်းသည် အလောင်းများ သွေးအိုင်ကြီးများကို မြင်ရသောအခါ ပျော်ရွှင်သည်။ မောင်းတင်ချိန်မရသဖြင့် လုံစွပ်ဖြင့် ဆီးထိုးသော ကုလားဖြူ၏ လုံစွပ်ကို တွက်ပစ်သည်။ ရိပ်ခနဲ ဝင်လာသော နောက်တစ်ချောင်း ကိုကား ငုံ့တိမ်းပြီး လက်ပြန်တွက်ပိုင်းချ၏။

ထို့နောက် တိမ်းချော်သွားသော ကုလားဖြူ ပြန်အလှည့်၌ မေးစေ့ အောက်မှ ပင့်ခုတ်ပေးပြီး၊ ရဲမက်တစ်ယောက်ဘေးသို့ ပြေးကပ်သည်။ နောက် ဆုတ်ပြီး မောင်းတင်နေသည့် ကုလားနက်၏လက်ကို ခုတ်ချသည်။ ပါးက ပူခနဲ၊ နားရွက်က ပူခနဲ ဖြစ်သွားငြား၊ ဆက်ကာဆက်ကာ ခုန်ဝင်သည်။

သွေးတွေ ရွှဲနေသော ကျောခင်း၏ မျက်နှာသည် ဆံပင်ဖားလျားဖြင့် ပေါ်လာ၏။ ငသိုင်းကို အားပေးဘိသို့ရှိ၏။

"ကျား ကျား။ ကျားဘသား"

ဓားကိုကိုင်မြှောက်လျက် ခွေကျသွားသော ရဲမက်တစ်ယောက်၏ ဓားကို ဖျပ်ခနဲ ဆွဲယူသည်။ ဘယ်ညာ ဓားနှစ်ချောင်း ဖြစ်သွားပြီ။ ငသိုင်း

www.facebook.com/NyisayEbookCreator
www.nyisay.com


ပို၍ပျော်လာသည်။ အသက်ကိုရင်းပြီး တိုက်ခိုက်နေရသည်မထင်၊ ကခုန်နေရသည်ဟု ထင်သည်။ ဓားနှစ်လက်ကို မွှေ့ယမ်းပြီး ဦးထုပ်ဆောင်းထားသော ဦးခေါင်းမှန်သမျှကို ခုတ်သည်။

ဟစ်ကြွေးသံများ စဲသွားသည်။

သေနတ်သံများလည်း တိတ်သွားပြီ။

"ဗိုလ်သာစည်နဲ့ မြတောင်ဗိုလ်ကော"

သည်အသံကိုကြားရမှ ငသိုင်း သတိရသည်။ သူသည် အလောင်းပင်လယ်ကြီးထဲ၌ ဓားနှစ်လက်ကိုင်ကာ ရပ်နေ၏။ အသံရှင်ကို လှည့်ကြည့်သောအခါ ဗိုလ်ဗျိုင်းကြီး။ မျက်နှာကအစ တစ်ကိုယ်လုံး သွေးဖုံးနေသည်။

"ဗိုလ်သာစည်က ရင်မှာ ပဝါစည်းသလား"

ဝင်မေးသော နောက်တစ်ယောက်မှာ ဗိုလ်ဗျိုင်းကလေး။ သူလည်း မတ်တတ်ရပ်နေသောကြောင့်သာ လူကောင်းဟုသိရငြား၊ တစ်ကိုယ်လုံး သွေးအတိ။ အမေးရှိသောအခါ ငသိုင်း စဉ်းစားရသည်။ ယမန်နေ့ညနေက ဗိုလ်သာစည်ကို မည်သည့်အသွင်ဖြင့် မြင်သနည်း။ ပဝါနီကို ရင်မှာစည်းထားသည်။ ဘယ်ဘက်လက်ဖမိုးကို 'အိမ်လုံးချမ်းသာ' ရွက် ကပ်ထားသည်။

"ပဝါစည်းထားသဗျ။ ဘယ်ဘက်လက်ဝါးကြီးကလည်း ယောင်ကိုင်းနေသယ်။ အဲသာကို ပေါ့တီးပေါ့ဆပဲဗျား၊ သစ်ရွက်ကလေးတစ်ရွက်ပဲ ကပ်ထားသယ်။ သေနတ်မှန်သာ မဖြစ်လောက်ပါဘူး၊ ပျောက်သွားမှာပါတဲ့"

"မြတောင်ဗိုလ် ဗိုလ်သိန်းကကော"

"သူလည်း ရင်မှာ ပဝါစည်းလေ့ရှိသာပါပဲ"

ပြောရင်းဆိုရင်း သုံးယောက်သားကြည့်သည်။ အလောင်းတောကြီးထဲတွင် မြတောင်ဗိုလ်နှင့် ဗိုလ်သာစည်ကို ရှာဖွေကြသည်။ မျက်နှာများကို မကြည့်၍မရ၊ ကြည့်မိသောအခါ ငသိုင်း ရင်ဆို့ရ၏။ ဓားကိုဆုပ်လျက် အံကြိတ်ထားသော အလောင်းများ၊ မျက်လုံးပြူးနေသော အလောင်းများ၊

www.facebook.com/NyisayEbookCreator
www.nyisay.com


သွားဖြဲနေသော အလောင်းများမှာ မြင်ရက်စရာ မရှိ။

"ဗိုလ်သိုင်း၊ ဗိုလ်သိုင်း၊ လာကြည့်ပါဦးဗျ"

ဗျိုင်းကြီးခေါ်ရာသို့ ငသိုင်း ခုန်ပျံပြီးရောက်သွား၏။

ပဝါနီစည်းထားသော အလောင်းတစ်လောင်း။ သို့သော် ဦးခေါင်း မရှိပါ။ ယဉ်ကျေးပါသည်ဟု သူတို့ကိုယ်ကို ကင်ပွန်းတပ်ထားသော အင်္ဂလိပ်ဓားပြများသည် မိစ္ဆာဒိဋ္ဌိ ဓားပြချေမှုန်းရေး မျိုးချစ်ပြည်ချစ် သားကောင်းကြီး၏ ဦးခေါင်းကို ယုတ်မာရက်စက်စွာ ခေါင်းဖြတ်ယူဆောင်သွားကြပါပြီကော။

ငသိုင်းသည် သေချာစေရန်အတွက် ပိနေသော ဝဲလက်ကို ဆွဲထုတ်၏။ ဟုတ်ပါသည်၊ဗိုလ်သာစည်မှဗိုလ်သာစည်ပါ။ယောင်ကိုင်းနေသော လက်ဝါးကြီးမှ သွေးပုပ်ပြည်ပုပ်တွေ စီးထွက်နေဆဲ။

"ဟုတ်တယ်၊ ဗိုလ်သာစည်ပဲ"

"မိုက်ရိုင်းလိုက်သဲ့ ခွေးအယုတ်တမာတွေ"

ဗျိုင်းကလေးသည် ငိုသံကြီးဖြင့်အော်၏။ တောက်ခေါက်၏။ "လာကြ၊ အခုချက်ချင်း လိုက်တိုက်ကြရအောင်" ဟု ပြောသည်။

"အလောင်းတွေ သင်္ဂြိုဟ်ကြဦးစို့ ညီငယ်ရယ်။ လောလောဆယ်မှာ မြတောင်ဗိုလ်ကို ရှာပါဦး"

သူတို့သည် အလောင်းတွေကို စုပုံကာ မီးရှို့သည်။ ကောက်ယူသော အလောင်းများထဲ၌ ဗိုလ်သိန်းမပါပေ။ အလောင်းများ တစ်ဝက်ကျိုးချိန်၌ တစ်ဖက်ချိုင့်ထဲမှ ရဲမက်တစ်ကျိပ် တက်လာ၏။ သူတို့သည် ငသိုင်းကို မြင်လျှင်မြင်ချင်း "ဗိုလ်လေး ဗိုလ်လေး" အော်လျက် ပြေးလာကြ၏။

ငသိုင်းသည် မ ယူဆဲအလောင်းကို အသာအယာပြန်ချ၏။

"ဗိုလ်မင်း မြတောင်ဗိုလ်နဲ့ ဗိုလ်ပြန့်ကို ကုလားဖမ်းသွားပြီ"

"ဘာကွ" အော်ကာ ငသိုင်းသည် ဓားကို ဆွဲထုတ်၏။ ရှမ်းခနဲ

www.facebook.com/NyisayEbookCreator
www.nyisay.com



မြည်ဟိန်းထွက်ပျံလာနေကျ သွေးသောက်ဓား မထွက်။ သွေးစေးကပ်ပြီး 'ကိုက်' နေသည်။

"သေချာရဲ့လား ရဲမက်တို့"

"သေချာလို့ ကျွန်တော်တို့ နောက်ယောင်ခံ လိုက်သွားသာပါ။ ချောင်းဖြူက နွယ်တမယ်ဘက် ကူးသွားကြလေရဲ့"

"ဗိုလ်ဗျိုင်းကြီးတို့၊ ဗိုလ်ဗျိုင်းလေးတို့ လိုက်ကြစို့ဗျို့"

ဓားကို တစ်အားဆွဲချွတ်ရင်း အော်သည်။

"ငါတို့ ရဲမက်တွေကို အားလုံးကုန်စင်အောင် ကောင်းကောင်းမွန်မွန် သင်္ဂြိုဟ်ရစ်ကြပါကွယ်တို့"

သူသည် ပစ်ချထားသောသေနတ်ကို ကောက်ယူကာ၊ ဗျိုင်းညီနောင်ဘက်သို့ အပြေးထွက်လာသည်။

"ကျုပ်တို့ သေချင်သေပေစေဗျို့၊ ရအောင် ကယ်ကြစို့"

ငသိုင်းနှင့် ဗျိုင်းကြီး၊ ဗျိုင်းကလေးတို့သည် ချုံကောင်းရာ သစ်ရိပ်ကောင်းရာသို့ပင် မခိုမကပ်တော့ဘဲ လမ်းသာရာကိုရွေးကာ အပြေးလာကြသည်။ မွန်းတိမ်းစနေသည် အထက်အောက်ညှပ်လျက် ပူနေသည်။ သူတို့သည် အပူကို အရေးမထား ကိုယ့်လူကို ကယ်ဆယ်ရန်သာ အရေးထား၏။

နွယ်တမယ်ရွာခြေသို့ ကပ်မိကြပြီ။

ခုနစ်ရာတပ်အင်အားဖြင့်ပင် မချေမှုန်းနိုင်သော ရန်သူကို သုံးယောက်အားဖြင့် မည်သို့ ထိုးဖောက်မည်နည်း။ မိမိလူကို မည်သို့ ကယ်ဆယ်မည်နည်း။ လောလောဆယ်တွင် ကုက္ကိုပင်တစ်ပင်အရင်းတွင် ကပ်ထိုင်ကြသည်။ အမောဖြေရင်း တိုင်ပင်ကြသည်။

မိန်းမတွေ၊ ကလေးတွေ ပြေးလာသည်။ အော်ဟစ်သံ၊ ငိုကြွေးသံများ ဘွဲ့လျက် ပါလာသည်။ မိန်းမများမှာ ဆံပင်အပြေပြေ၊ ထဘီအကျွတ်ကျွတ်။ သူအိုလူမင်းများမှာ လဲသူလဲ ကွဲသူကွဲ။ ငသိုင်း လှမ်းကြည့်သည်။ မီးခိုးတွေ

www.facebook.com/NyisayEbookCreator
www.nyisay.com



အူနေသည်။ ချက်ချင်း မီးတောက်ကြီး ထလာသည်။

"ပါပမျိုးတွေ ပါပမျိုးတွေ၊ ရက်စက်လှချည့်လား"

အမယ်အိုတစ်ဦးသည် ရင်ခေါင်းသံကြီးဖြင့်ညည်းရင်း ကုက္ကိုပင်ရိပ်သို့ ဝင်လာကြသည်။ သေနက်ကို လူမမြင်စေရန် ပြောင်းရိုးများ၊ ကိုင်းပင်များဖြင့် ဖုံးလာပြီး ဘေးမှာချလျက် တိုင်ပင်နေသော သေိုင်းတို့အား မမြင်ရှာ။

"တူသောအကျိုး မပေးကြပါစေနဲ့တော်"

"အမေ။ ဘယ်မှာ မီးလောင်သာပါလိမ့်"

အဖွားအို၏ရှေ့သို့ ဒူးထောက်လျက်သား သေိုင်း ရောက်သွား၏။ အမယ်အို မဖြေသေးဘဲ မီးတောက်ဘက်သို့ မျှော်ကြည့်ကာ မျက်ရည်သုတ်နေဆဲ၌ အဖွားအိုနှစ်ဦး ဟောဟဲသံကြီးဖြင့် ရောက်လာကြပြန်၏။

"ရှင်မယ်သက သည်ရောက်နေသာကိုး"

"မမယ်အောင်နဲ့ ရှင်အုန်းရေ၊ ကိုယ်ကျိုးဖြင့် နည်းကြပါပေါ့လား။ အိုကြီးအိုမကျမှ ဒုက္ခရောက်ကြရပြီ"

ဦးစွာ ရောက်နှင့်နေသည့် ရှင်မယ်သခေါ် အမယ်အို ပြောပြောဆိုဆို ငို၏။ သေိုင်းမှာ ဆက်မေးရန် အားနာသဖြင့် စလွယ်သိုင်းထားသော ဘူးသီးခြောက် ရေဘူးကို ဖြုတ်ပေး၏။

"အမေ ရေသောက်လိုက်ပါဦး"

"မသောက်ပါရစေနဲ့ကွယ် သားရယ်။ အမေတို့ရွာကို ပါပမင်းရဲ့ တပ်တွေက မီးတိုက်လိုက်ပြီသားရဲ့"

"အယုတ်တမာတွေက ဘာအကြောင်းနဲ့ သလိုလုပ်ပါလိမ့်ခင်ဗျာ"

ထိုအခါ အမေဒေါ်မယ်အောင်က "သလိုသားရေ သလိုကွယ့်" ဆိုသံနှင့်အတူ အနားကပ်လာ၏။

"မွန်းတည့်ချိန်ကြီးမှာ ပါပမင်းရဲ့တပ်တွေက ရွာထိပ်ညောင်ပင်ကြီး

www.facebook.com/NyisayEbookCreator
www.nyisay.com


အောက်ကို အိမ်ရှိလူကုန် လာရမယ်ဆိုလို့ အမေတို့ သွားကြရသယ်။ ညောင်ပင်ကြီးမှာ လူနှစ်ယောက်ကို လေးပေါင်လေးလက်ကားပြီး 'ကားစင်' တင်ထားသကွယ်။ မြတောင်ဗိုလ်တဲ့"

"ဟင် မြတောင်ဗိုလ်"

သိုင်း ယောင်ယမ်းထပြီးမှ ပြန်ထိုင်သည်။

"အမေတို့ နယ်တစ်ကြောမှာ လူချစ်လူခင်များပြီး ကြည်ညိုသူပေါသဲ့ ဗိုလ်မင်းပါသားရယ်။ သူ့ကို ကားစင်တင်ပြီး သတ်ပြသာ၊ အမေတို့ ဘယ်လို လုပ်ပြီး ကြည့်ရက်ပါမတုန်း သားရဲ့"

အမယ်အို သုံးဦးသည် ခေါင်းချင်းဆိုင်ကာ ငိုကြသည်။

'ငပြန့် ဘယ်ရောက်သွားတုန်း၊ ငပြန့်ကျတော့ ဘာကြောင့် မသတ်သတုန်း'

စကားမဆက်မီ သိုင်းအား အတွေးကွန်ကြီး ဖြန့်တွေး၏။

"အမေတို့ မကြည့်ရက်လို့ မကြည့်သာကို သူပုန်မယားဆိုပြီး ဆံပင်ဆွဲပြီး ပါးရိုက်သကွယ်"

"ဆံပင်ဆွဲ မြေပေါ်တွန်းလှဲပြီး၊ ရင်ဝကို ဖနောင့်နဲ့ ပေါက်သာပါ သည့်ပြောပါဦး ရှင်မယ်သရယ်"

"အမေတို့ ဘာမှပြန်မပြော၊ ဘာမှ ပြန်မလုပ်ကြဖူးလား"

"ယောကျ်ားဆိုလို့ အဖိုးကြီးအို နှစ်ကျိပ်လောက်ပဲ ပါပါသယ်ကွယ်။ ကျန်သာတွေက ဘုစုခရုနဲ့ အိမ်ထောင်သည်မိန်းမတွေ အဖွားကြီးအိုတွေပဲပါ သာကလား။ ဘာလုပ်နိုင်မှာတုန်း။ မခံမရပ်နိုင်သဲ့ မိန်းကလေးတွေက သူတို့ မျက်နှာကို တံတွေးနဲ့ထွေးသယ်"

ငုံ့မခံလျှင် သိုင်းကျေနပ်ပြီ။မည်သို့တုံ့ပြန်သည်ဖြစ်စေ၊တတ်နိုင်သည့် နည်းဖြင့် တုံ့ပြန်ရေးသာ အဓိက။

"အဲသာနဲ့ပဲ ရွာကို မီးရှို့ရရောလား အမေရာ"

www.facebook.com/NyisayEbookCreator
www.nyisay.com



ဗျိုင်းကြီး၊ ဗျိုင်းကလေးတို့ပါ ရောက်လာပြီး မေးသည်။

"သူတို့ မျက်စိအောက်မှာ ဆံပင်ဆွဲဖနောင့်နဲ့ပေါက် ပါးနားရိုက်နေသာမြင်တော့ ကိုဖိုးဟန်ကွယ်၊ သည်းခံပါ တောင်းပန်လျက်က ကုလားဖြူရဲ့ မျက်နှာကို ခုန်ပြီး ဒူးနဲ့တိုက်ပါလေရော"

ငသိုင်းတို့ မျက်နှာများတွင် အားရရွှင်လန်းရိပ်များ တက်လာတော့သည်။

"သို့ပေမယ့် အသက် ၇၀ ကျော် အဖိုးကြီးပဲကွယ်၊ ဘယ်မှာ အားခွန်ဗလရှိပါ့မတုန်း။ ကုလားက သေနတ်အချွန်နဲ့ ထိုးလိုက်သာ ပွဲချင်းပြီးပါပဲကွယ်။ အဲသည်တင် သူ့ပုန်ရွာဆိုပြီး မီးတင်တော့သာပါပဲ"

ဗျိုင်းကြီး၊ ဗျိုင်းကလေး တောက်ခေါက်သည်။ ငသိုင်း လက်သီးဆုပ်သည်။

"အိမ်တွေ မီးတင်တော့၊ မလုပ်ဖို့ တောင်းပန်သူတွေ သေနတ်နဲ့ ပစ်သတ်၊ ကလေးတွေ အပေါ်မြှောက်ပြီး အောက်က သေနတ်အချွန်နဲ့ခံ။ တချို့ကလေးတွေ မအေသေလို့ ငိုနေတုန်း၊ ခြေထောက်နစ်ချောင်းဆွဲ မီးထဲလွှင့်ပစ်နဲ့ စိတ်ထင်တိုင်း ကျဲသွားသာပါပဲ သားတို့ရယ်"

"အမေတို့ နွယ်တမယ်ရွာအတွက် ကျွန်တော် အသက်နဲ့လဲပြီး လက်တုံ့ပြန်ပါမယ်ဗျာ"

မျက်ရည်သွယ်သွယ်ကျလျက် ရိုက်ကြီးတငင် ပြောနေသူအား အမေကြီးမယ်သ မော့ကြည့်သည်။

သည်ရွာတစ်တန်းတွင် ဗျိုင်းကြီး ဗျိုင်းကလေးနှင့် ငသိုင်း၊ မြတောင်ဗိုလ်တို့အား မသိသူမရှိ။ အချို့မှာ စားအိမ်သောက်အိမ်ဖြစ်သည်။ သို့တစေသွေးစေးတွေလိမ်းနေသော၊ ဖုန်တွေချွေးတွေ ပေကျံနေသော သည်ရုပ်တွေကိုကား ရုတ်တရက် မမှတ်မိ။

အမေကြီးမယ်သသည် မျက်ခွံကို ရှုံ့လိုက်ပြီး လက်ညှိုးထိုး၏။

www.facebook.com/NyisayEbookCreator
www.nyisay.com


"ကိုရင်ဗျိုင်းကြီး" ဟု အော်လျက် ဖက်ငိုသည်။

"သားတို့ရယ်၊ ပြုသူအသစ် ဖြစ်သူအဟောင်းလို့ပဲ သဘောထားပြီး ရန်ကိုရန်ချင်း မတုံ့နှင်းကြပါနဲ့ကွယ်တို့။ ဗိုလ်သိန်းအတွက် အမေတို့ တတ်အားသရွေ့ စုပြီး ဆွမ်းသွတ် အမျှအတမ်းဝေပေးပါ့မယ်"

"ကျန်သဲ့ ရဲမက်တွေအတွက်ပါ အမျှဝေပါအမေ"

"စိတ်ချ သားတို့ စိတ်ချ"

"သာထက်အမေ။ ဗိုလ်ပြန့်ကို သူတို့ဖမ်းလာသာ မမြင်လိုက်ကြဖူးလား"

အမယ်ကြီးအိုသုံးယောက် တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်နေပြီးမှ "ပါးမှာ အမာရွတ်ကြီးနဲ့ ဂင်တိုတို သူငယ်မဟုတ်လား။ မောင်မြတောင်နဲ့ ပါပါလာတတ်သာ" ဟု အမေကြီး ရှင်အုန်းက သေချာအောင် မေး၏။

"ဟုတ်ပါသယ် အမေ။ ဗိုလ်ပြန့်ပါပဲ"

"ဖမ်းလာသာဆိုရင် ကြိုးတွေဘာတွေနဲ့ တုပ်မှာပေါ့။ အခု အမေတို့ မြင်လိုက်တာတော့ သူလိုင်ါလိုပဲ။ အေးလေ ဘာပဲဖြစ်ဖြစ် တစ်ရွာလုံး ကုန်အောင် ရှို့မသွားသာဟာ မောင်ပြန့်မျက်နှာကြောင့်ကွယ်။ မောင်မင်းကြီးသား ကျေးဇူးကြီးလှပါပေသယ်တော်"

ငသိုင်းတို့သည် အမယ်အိုများကို ကန်တော့ပြီးနောက် ပြောင်းရိုးနှင့် ထင်းစည်းများကို ထမ်းလျက်၊ ချောင်းထဲသို့ ဆင်းခဲ့ကြ၏။

စလင်းချောင်းသည် ရှက်စနိုး ခေါင်းမြီးခြုံသောအားဖြင့် ငုံသောင်ဖုံးထား၏။ သောင်ဖုံးရသည်ကို မလုံခြုံဟု ထင်သည့်အတွက် ကိုင်းတောကြီးပါ တစ်မျှော်တစ်ခေါ် ဖုံးလွှမ်းထားသည်။

ငသိုင်းနှင့် ဗျိုင်းညီနောင်သည် ငှက်ပျောသီးတစ်ဖီးစီ ဝယ်လာကြကာ ကိုင်းတောစပ် ရေစီးကြောင်းတွင်ထိုင်သည်။ ဓားများကို ရေထဲသို့ ချစိမ်

www.facebook.com/NyisayEbookCreator
www.nyisay.com



ထားရင်း ငှက်ပျောသီးများကို နွားတော်ရေကျ စားကြသည်။

"ငပြန့်သစ္စာဖောက်သယ် ထင်သဗျို့"

ငသိုင်းက စတင် ပြောခြင်း ဖြစ်သည်။

"ရှင်းနေသာပဲ ဗိုလ်သိုင်းရာ။ သူသာ သစ္စာဖောက် မဟုတ်ရင် မြတောင်ဗိုလ်လိုပဲ ကားစင်တင်ပြီး အသတ်ခံရမှာပေါ့။ အခုတော့ ကြိုးနဲ့လည်း အတုတ်မခံရ၊ ရယ်လို့မောလို့ဆိုတော့"

ပြောရင်းဆိုရင်း ဗျိုင်းကလေး တောက်ခေါက်သည်။ "အခုသွားပြီး ဓားနဲ့ နတ်နတ်စဉ်းပစ်ချင်သယ်" ဆိုသည်။

"နတ်နတ်စဉ်းသာက နောက်။ ရန်သူ့သစ်တပ်ထဲကို ဘယ်လိုဝင်မလဲဆိုသာ အလျင်စဉ်းစားပါဦးကွာ"

"သည်ဟာတော့ မပူနဲ့။ ကျုပ် သိသယ်"

ငသိုင်းက သူနှင့် မြတောင်ဗိုလ်တို့ မြက်ပို့စဉ်က မြင်ခဲ့ရသည့် ဝင်ပေါက်ထွက်ပေါက်ကို သဲပေါ်တွင် ပုံဆွဲပြ၏။

"အရှေ့ဘက်က ဇရပ်တွေ၊ တန်ဆောင်းတွေ၊ မီးလောင်သာလောင် အဖျက်ခံရသာ ခံရပေမယ့်၊စေတီတွေ ကျန်သေးသယ်။အုတ်တန်ဆောင်းကြီး တစ်ခုလည်း အသစ်ကြီးရှိသယ်"

"ဟော့ ဗိုလ်သိုင်းရ။ သစ်တပ်ကို ဝင်မစီးခင် ဓိးကပ်ကို ဝင်စီးရ မကောင်းဖူးလား"

ဗိုလ်ဗျိုင်းကြီး၏ အကြံအစည်။

"သည်ထဲမှာ ငါတို့လူတွေ အများကြီးကွ။ သူတို့လွတ်ရင် ငါတို့မှာ အားပြန်ပြည့်လာမယ်။အဲသည်မှာ ရုတ်ရုတ်သဲသဲဖြစ်နေတုန်းမှာ သစ်တပ်ကို ဝင်စီးရင် ပိုမကောင်းဖူးလား"

ထို့နောက်တွင် ရေထဲမှ ဓားများကိုဆယ်ယူပြီး တိုက်ချွတ်ဆေးကြော ကြသည်။ ငှက်ပျောသီး တစ်ဖီးစီကုန်သောအခါ၊ အိပ်စရာနေရာရှာကြသည်။

•

ပုဂံစာအုပ်တိုက်

www.facebook.com/NyisayEbookCreator
www.nyisay.com


ကိုင်းတောအလယ်၌ ယာတဲတစ်လုံးရှိသည်။ အကာအရံမရှိ၊ ကိုင်းပင်များ မိုးထားသည်။

"တဲထဲဝင်ပြီး တစ်ရေးလောက် အိပ်လိုက်ရရင်တော့ကွာ"

"အိပ်ရာကလည်း နိုးရော၊ ကားစင်ပေါ် ရောက်နေမှာ သတိထားဦးလေ"

သေိုင်း သတိပေးမှ ဗျိုင်းကလေးမှာ "ဟုတ်သားပဲ" ရေရွတ်နိုင်သည်။

"ငပြန့် ဘာကြောင့် သစ္စာဖောက်တုန်း သိလား။ ဆုငွေငါးရာ လိုချင်လို့ သိရဲ့လား"

ဗျိုင်းကလေး တောက်ခေါက်ပြန်ပြီ။ ဓားကို ဆုပ်ပြန်ပြီ။

"ကျုပ်တို့ မောမောပန်းပန်းနဲ့ အိပ်ပျော်နေတုန်းမှာ တစ်ယောက်ယောက်မြင်သွားပြီး၊ ရန်သူကိုသွားသတင်းပေးရင် တစ်ထောင်ရမှာ။ ကျုပ်က အဆစ်ပါမယ်။ ကျုပ်ကို ဆုငွေမထုတ်ပေးမယ့် ကျုပ်လည်း ကားစင့်အတင် ခံရမှာ"

"နေရယ်၊ မြန်မြန်ဝင်ပါတော့"

ဗျိုင်းကလေး ဆန္ဒပြငြား၊ နေမဝင်သေးပါ။ မွန်းလတ်ကျော်ရုံသာ ရှိသေးသဖြင့် ကြက်ဆူပင်နှင့် ကိုင်းပင်များ ရောနှောပေါက်နေသည့် ချုံကောင်းရာသို့ တိုးဝင်အိပ်စက်ကြသည်။ ခေါင်းသုံးလုံးဆိုင်ပြီး အိပ်သော်ငြား၊ သေိုင်းမှာ တစ်မှေးသာရသည်။ နောက်ထပ် အိပ်မပျော်တော့ပါ။

သို့ရာတွင် ကျီးကန်းတွေ အိပ်တန်းပြန်ချိန်ဝယ် သေိုင်း မေ့ခနဲ အိပ်ပျော်သွားသည်။ "ထကြတော့လေ" ဗျိုင်းကြီးအသံ ပေါ်လာတော့မှ ငေါက်ခနဲ ထထိုင်သည်။ ကိုင်းတောထဲ၌ မှောင်နေပြီ။

ချောင်းပြင်ထဲ၌ အမှောင်ထုကသာ မင်းမူနေသည်။ ရွာကြီးဘက်တွင်မူ မီးရောင်များ တလက်လက်မြင်ရသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"ရေခပ်ဆိပ်မှာ လူနည်းနည်းပါးပါး ရှိသေးတယ်။ နောက်ကျရင် ဝင်ဖို့ခက်မယ်။ သွားကြစို့"

ဗျိုင်းကြီး၏ သတိပေးသံအဆုံးတွင် အထမ်းသမားသုံးယောက်သည် ချောင်းပြင်ထဲသို့ ဆင်းလာကြသည်။ ရေခပ်ဆိပ်တွင် ရေချိုးသူ ရေခပ်သူ ဟူ၍ တစ်ယောက်စနှစ်ယောက်စသာ ရှိတော့သည်။ ရေခပ်ဆိပ်လမ်းအတိုင်း တက်လာကြရာက ဖျောက်ဆိပ်ပင်အောက်တွင် ဝင်ပုန်းကြသည်။

သူတို့တွင်ပါသော အစည်းများကို သစ်ပင်တွင် ထောင်ထားသည်။ သေိုင်းက သစ်ပင်ပေါ်တက်သည်။ ဗျိုင်းကြီးနှင့် ဗျိုင်းကလေး ပြေးကပ်သည်။ ကင်းတဲအပြင်မှ ရန်သူ အသံမထွက်ဘဲ ငြိမ်သွားသည်။ ကင်းတဲနောက်တွင် ဂန့်ဂျာရှူနေသော ရန်သူများလည်း အသံတိတ်သွားကြ၏။

ထိုအချိန်တွင် ဓိးကပ်တွင်းသို့ သေိုင်းရောက်သွားပြီ။ "မြောက်ဘက် တံခါးပွင့်နေပြီ၊ တိုးတိုးတိတ်တိတ်ပြေးကြ" ဟု ခပ်အုပ်အုပ်ပြောသည်။ ဗျိုင်း ညီနောင်မှာ ပြေးထွက်လာသူများအတွက် ပေးစရာလက်နက်အဖြစ် သေနတ် ဆယ်လက်သာ ရှိ၏။

"ခေါင်းပြားနဲ့ငစံ။ အထဲက ငါ့အသံကြားမှ တိုက်ဟေ့။ သစ်တပ်ကို စီးမယ်"

ဗျိုင်းကလေးသည် ဓိးဆူးများကာရံထားသော တံခါးကို ပြန်ပိတ်ခဲ့သည်။ မဟာစေတီလှ ရာဟုထောင့်သို့ နှစ်စုခွဲပြီး ချီတက်ခဲ့သည်။ အရှေ့ဘက် စေတီများကြားသို့ ဝင်ရောက်လာသူမှာ သုံးဦးသာရှိသည်။ သစ်တပ်ကို ကုတ်တွယ်တက်ပြီး ခုန်ချကြသည်။

ရွက်ထည်တဲ အများစုမှာ မီးလင်းနေသည်။

ရန်သူသည် ဓိးကပ်ပွင့်သွားသည်ကို သိသေးဟန်မရှိ။ အေးဆေးစွာ ရယ်မောနေကြသည်။ စကားပြောနေကြသည်။ သေိုင်းတို့ တစ်ယောက် တစ်တဲစီ ချဉ်းကပ်သည်။ ရုတ်တရက်ပြေးဝင်ပြီး ရန်သူတွေကို ခုတ်ပိုင်းသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ပြီးလျှင် နောက်တစ်တဲ။

ဒုတိယတဲထဲတွင် ကုလားဖြူနှစ်ယောက်နှင့် ရယ်မောကာ သေရည်သုံးနေသူမှာ ပြေန့်ဖြစ်သည်။ ပြေန့်ကိုမြင်သောအခါ သေိုင်း သတိလွတ်သည်။ အဝ၌ကပ်လျက် တောင့်တောင့်ကြီးရပ်နေသော အစောင့်ကို မမြင်နိုင်။ အတင်းပြေးဝင်ကာ၊ သုံးယောက်လုံးကို ဘယ်ပြန်ညာပြန်ပိုင်းချိန်တွင် အစောင့်က ပစ်သည်။ "ရန်သူ ရန်သူ" ဟု ငယ်သံပါအောင် အော်သည်။

သေနတ်သံပေးသော အော်သော ရန်သူကို ပါးစပ်ပိတ်ပြီးချိန်၌ သေိုင်း၏ နှာခေါင်းထဲတွင် သွေးညှီနံ့ကြိုင်လှောက်၏။ တစ်ပြိုင်နက်တည်း ကျောခင်း၏ သွေးနီကြောင်း သွေးပွင့်များ ဆင်ယင်ထားသော မျက်နှာကြီး ပေါ်လာ၏။

ရမ်းသမ်းပစ်ခတ်သော သေနတ်သံများ၊ ဗျိုင်းကြီး၊ ဗျိုင်းကလေးတို့၏ ကြုံးဝါးသံများ၊ ဓားစာမိသောရန်သူ၏ ငယ်သံငယ်ရင်းပါအောင် အော်သံများ ပွက်လောရိုက်နေသည်။

ဓားသုံးလက်တို့အတွက် လူမှားစရာမလို။ မည်းမည်းမြင်သမျှသည် ဓားစာဖြစ်၏။ ဓားသွားမှ သွေးစေးများသည် ဓားအရင်းသို့ စီးဆင်း၏။ အရင်းမှတစ်ဆင့် အရိုးပေါ်သို့လျှံကျ၏။

သေိုင်းသည် ရန်သူထူထူထဲသို့ ခုန်ဝင်၏။ ဘယ်ညာတွက်၏။ ခုန်ထွက်၏။ ရင်ဝမှပူခနဲဖြစ်သွားပြီး၊ နောက်တစ်အုပ်ထဲသို့ ခုန်ဝင်သည်။ လုံ့စွပ်တစ်ချောင်း သူ့ရင်ဝမှာဖောက်ဝင်ပြီး၊ သူမသိ။

"မြတောင်ဗိုလ်ကွ၊ ကျားကျား"

"ဗျိုင်းကြီး၊ ဗျိုင်းကလေးတဲ့ဟေ့"

"မြေကြီးရှိသမျှ ကုလားသင်္ချိုင်းဖြစ်ရစေမဟေ့"

အပြင်မှစောင့်နေသော ခေါင်းပြားနှင့် ငစံတို့လည်း အဝင်ဝများကို ညာသံပေးကာ ပစ်ခတ်တိုက်ခိုက်ကြသည်။ သေိုင်းသည် အနောက်ဘက်

www.facebook.com/NyisayEbookCreator
www.nyisay.com



သစ်တပ်သို့ ရောက်လာသည်။ သစ်တပ်ကို ခုန်တက်သည်။ ပေါက်ပေါက်လော်သံနှယ် သေနတ်သံများ ပေါ်လာချိန်တွင် သစ်တပ်နံ့ရံမှ ကျွံကျသည်။ မြေပြင်ပေါ်သို့အရောက်တွင် ငသိုင်း မလှုပ်တော့ပါ။ သို့ရာတွင် လက်ဆုပ်ကား မပြေ။ ဓားမလွတ်။

www.facebook.com/NyisayEbookCreator
www.nyisay.com

# ၁၅

စနေထောင့်မှ မိုးသားများ လိပ်၍လိပ်၍ တက်လာသည်။

မိုးသားမိုးတိမ်များ တက်လာလျှင် မိုးရွာသည် မရွာသည် အပထား အပူသက်သာသွားသည်။ လေပြည်ကလေး တစ်ချက်ဝှေ့အပြီးတွင် တဖျော ဖျော တဝေါဝေါ သစ်ရွက်ကြွေသံများ ပေါ်လာသည်။

မမင်းဘော်သည် စနေထောင့်သို့ မျှော်ကြည့်၏။ ခေါင်းပေါ်သို့ မော့ ကြည့်၏။ နေကိုဖုံးထားသည့် တိမ်ဧရိယာသည် ကြီးမား၏။ သို့ကြောင့် ဥနဲပင်ရိပ်မှ ထသည်။ တောင်မြောက်လေးပါးကို ကြည့်ပြီးမှ ဥနဲပင် ပင်စည် ဘက်သို့လှည့်ကာ ထဘီပြင်ဝတ်၏။

"မိန်းကလေးတို့ရေ၊ မိုးသားတက်လာတုန်း ကောက်လိုက်ဦးစို့ဟေ့"

ဝါခင်းပြင်ကြီးကား ငွေသီးငွေပွင့်များ ဆင်ထားဘိသို့၊ ပင်ညှိုး ပင်လျော်များတွင် ဖွေးဖွေးလှုပ်နေသည်။ ဝါကြဲထားသောအကန့်မှာ မြေညီ မဟုတ်။ နိမ့်ဆင်းသွားသည့်နေရာ ရှိသည့်နည်းတူ ထောင်တက်သွားသည့်

www.facebook.com/NyisayEbookCreator
www.nyisay.com



နေရာလည်း ရှိ၏။ ကမူလည်းပါ၊ ချိုင့်ဝှမ်းလည်းနှော၏။

ပင်နီဝါများ ဝါဖြူများသည် ဝါသီးထဲမှ ကွဲထွက်လာပြီးနောက် လေအနော့ကို တလှုပ်လှုပ်စောင့်နေကြ၏။ လေကလေး ခပ်သော့သော့ နော့လျှင် သူတို့ လေဟုန်စီးကာ ပြေးမည်။ ဝါပင်များကြားတွင် ကြဲပက်ထားသော 'ပဲငရှန်' များကလည်း တဖျောက်ဖျောက် အသံပေးကာ ကွဲစပြုနေပြီ။ ကောက်ရန်ဆွတ်ရန် သင့်နေပြီ။ မမင်းဘော်တို့ သမီးယောက္ခမ သားမိ တစ်တွေ မတတ်နိုင်။ သို့ကြောင့် နေရိပ်ခိုနေရခြင်း ဖြစ်သည်။

မမင်းဘော်မှာ လက်လေးဖက်မရှိ။ သို့အတွက် ဝါပေါက်တွေကိုသာ ဖျင်အိတ်ထဲသို့ထည့်နိုင်၏။ ဖြစ်နိုင်လျှင်ကား မြေပေါ်ရှိ ပဲငရှန်များကိုလည်း သိမ်းချင်သည်။ အချိန်မီ မသိမ်းလျှင် အသီးခွံသာကျန်မည်။

"ဟဲ့ မိန်းကလေး"

ဝါနီတန်း အစပ်သို့အရောက်တွင် မမင်းဘော် အသံမြှင့်ပြီးခေါ်၏။ လှမ်း၍လည်း ကြည့်သည်။ မိရိုးနှင့် မြဖူးတို့ ဥသျှစ်ပင်ရိပ်မှ ပြေးထွက်လာကြ၏။ မြဖူး၏ခါးပေါ်တွင် ခါးထစ်ခွင်လျက် ပါလာသော ကလေးသည် ညာသံပေးပြီး မြူးနေ၏။

"ဟဲ့ အရိပ်ထဲပြန်ဝင်စမ်း၊ ကလေးကို နေပူမယ်"

မမင်းဘော် စိုးရိမ်တကြီးအော်ပြီး၊ မြဖူး ပြန်မပြေး။ ဆက်ပြေးလာရာက ကလေးကို ယောက္ခမထံ လွှဲယမ်းပေးရင်း "အရီးမြေးကိုခေါ်။ အရိပ်ထဲမှာ အရီးတို့မြေးအဖွား နေပါ" ပြောပြောဆိုဆို ဖျင်အိတ်ကို ဖြုတ်ယူ၏။

မမင်းဘော်သည် မြေးကို အလိုက်သင့် ဖမ်းယူ၏။ နေကိုမော့ကြည့်ရာက "မိုးသားရှိတုန်း သွက်သွက်ကောက်ကြဟေ့" ပြောအပြီး၌ နေမပူပါဘဲလျက် မြေး၏ဦးခေါင်းကို လက်ဝါးဖြင့်အုပ်လျက် သစ်ပင်ရိပ်သို့ ပြေးလာ၏။

ခေါင်းကို နေမပူစေရန် လက်ဝါးဖြင့် အုပ်မည့်သာအုပ်သည်၊ ခါးထစ်ခွင်မည့်သာ ခွင်သည်။ သူ့မြေးထွန်းလူမှာ ၄ နှစ်ပြည့်တော့မည်။ ဥသျှစ်ပင်

www.facebook.com/NyisayEbookCreator
www.nyisay.com


ရိပ်တွင် ထန်းပလက်မြင်း၊ ထန်းပလက်ဓား၊ ထန်းရွက် စစ်သူကြီးခမောက်များ ကျန်နေခဲ့သည်။ အရိပ်သို့ ဝင်မိလျှင်ဝင်မိချင်း၊ ထွန်းလူ ခမောက် ပြေးဆောင်း၊ ဓားကောက်ကိုင်ပြီး မြင်းစီးသည်။

"ချွေပိုညင်း၊ ထွာဒန်ကျင်းဟေ့"

"ဟုတ်တယ်။ ရွှေဘိုမြင်း ခွာသံပြင်းသဟေ့"

ထိုင်ဖန်များသဖြင့် ချောနေသော သစ်မြစ်ပေါ်တွင် မမင်းဘော် ထိုင်သည်။ ခမောက်ကို ဖြုတ်သည်။ နဖူး၌ သီးနေသောချွေး၊ နားထင်မှ လည်ပင်းအထိ စီးကျနေသောချွေးများကို ပုဆိုးစုတ်ဖြင့်သုတ်သည်။

"မေကြီး နို့ချို့မယ်"

ဖွားအေ ထဘီဖြေပြီး ချွေးအသုတ်တွင် မနေဘ်နွယ်သရက်ခိုင်နှယ် တွဲကျနေသည့် ရင်သားအစုံကို ထွန်းလူမြင်သည်။ မြင်းကိုပစ် ဓားကိုချကာ ရင်ခွင်ထဲသို့ အတင်းပစ်လှဲ၏။

ကလေး၏ခေါင်းနှင့် မေးစေ့နှင့် မဆောင့်မိစေရန် တိမ်းရ၊ ခမောက်နှင့် မျက်လုံးကို မထိုးမိစေရန် မျက်စိမှိတ်ပေးရငြား၊ မမင်းဘော် မငြိုငြင်။ အလိုက်သင့် ထွေးပွေ့သည်။

"နို့လည်း မထွက်ပါဘူးသားရယ်"

အမေကြီး မည်သို့ပြောသည်ဖြစ်စေ၊ ထွန်းလူ နားမဝင်။ ဖွားအေ၏ နို့ပိန်ကြီးကို စုံကိုင်ငုံစို့လျက် မျက်တောင်စင်းလာ၏။ ထိုအခါ ဖွားအေမှာ ခံမိကိုယ်ကို ခမောက်ဖြင့် ယပ်ခတ်ရင်း မြေးကို ပါးစပ်ဖြင့် မှုတ်ပေး၏။

"ဥသြ ဥသြ"

အကြိမ်ပေါင်းမည်မျှ ကြားရစေကာမူ ချိုမြိန်သောတေးသံသည် ဘဲဘော ဒဟပ်ပင်ကြီးပေါ်မှ ပျံ့ဝဲလာ၏။

"ယောက်ဖခွေးခေါ်၊ ယောက်ဖခွေးခေါ်"

ပီသလိုက်ပါသည့် ရွှေငှက်ငယ်။ အဘယ်မှ တွန်ပါသနည်း။ ဝါခင်း

www.facebook.com/NyisayEbookCreator
www.nyisay.com



အဆုံး တောအုပ်ပေါ်သို့ မမင်းဘော် လှမ်းကြည့်၏။ သူ လှမ်းကြည့်ခါမှ ငှက်နှစ်ကောင် ပျံသွား၏။

"ဘာငှက်တွေပါလိမ့်။ ဩော် ချိုးတွေပဲ"

ချိုးနှစ်ကောင်သည် ယာခရိုးဟိုဘက်ကွင်းစပ်တွင် ဆင်းသက်ကြ၏။ ရွက်ဝါများ ဝေါခနဲ ကြွေကျသဖြင့် ချိုးနှစ်ကောင် ထပျံသည်။ ဝေးဝေးမပျံဘဲ ချက်ချင်းပြန်ဆင်း၏။

မမင်းဘော်သည် မြေးကိုလက်ဖြင့် ပုတ်သိပ်ရင်း ဆေးလိပ်တိုကို ကောက်ကိုင်သည်။အိတ်ရှူ့ထဲမှ မီးခတ်သံတုံးကိုထုတ်သည်။မီးကျွမ်းလက်စ မှို့ကို သံတုံးဖြင့်ဖိသည်။ အစွယ်တွင် နီလာရောင်သမ်းနေသည့် လိပ်သည်း ကျောက်အစွန်ကို သံတုံးဖြင့် အသာဖိဆွဲလိုက်ရာ ရှဲခနဲ မီးဖွားများပွင့်သည်။ တစ်ပြိုင်နက်တည်းပင် အဝတ်ကို မီးလောင်သော ညှော်နံ့လှိုင်၏။ မှို့ကို မီးစွဲခြင်း ဖြစ်ပေသည်။

ထိုမှို့ကို ဆေးလိပ်ပေါ်အတင်တွင် မမင်းဘော်၏အကြည့် ချိုးနှစ်ကောင်ဘက်သို့ တစ်ချက်ရောက်သွား၏။ လူတစ်ယောက် ကိုင်းပင် စိမ်းစိမ်းဝါဝါတွေ ထမ်းလျက် တရွေ့ရွေ့လာနေ၏။

မှို့မီးက လက်ကိုလောင်သည်။ မမင်းဘော် ငုံ့မကြည့်၊ ခါပစ်သည်။ ထိတ်ခနဲ ဝမ်းသာသည်။ ထရပ်သည်။ သို့သော် ဒူးမဆန့်မိ ရင်ခွင်ထဲက ကလေးကို သတိရသဖြင့် ကုန်းပွေ့သည်။ ထရပ်သည်။

ကလေးနို့စို့လျက် တန်းလန်းမို့ ထဘီပြေနေသည်ကို မမင်းဘော် မေ့လျော့ပြီ။ ရင်သားပေါ်သည်ကိုလည်း မသိတော့ပါ။ အတင်းပြေးသည်။ မောင်ကြီး မောင်ကြီး ခေါ်သံတွေ ရင်ထဲမှာ ညံနေ၏။

အဘယ်မျှပင် မျက်နှာကို လူမမြင်အောင် ခမောက်စုတ်ကြီး ဆောင်းထားပါစေ။ အရပ် လေးတောင်ရှည်သော မောင်ကြီး။ သန်လျက်ထမ်း ဘီလူးနှစ်ကောင် ရင်ဘတ်၌ နားခိုနေသော၊ ထိုးကွင်းမြေစိုက်နှင့် မောင်ကြီး။

www.facebook.com/NyisayEbookCreator
www.nyisay.com


"မောင်ကြီး မောင်ကြီး"

ခါးကို အားရပါးရဖက်ပြီး မမင်းဘော် ငိုချလိုက်လေ၏။

ခိုဝင်စရာ အရိပ်ကောင်း ပျောက်ဆုံးနေရာမှ ပြန်လည်ရရှိသဖြင့် ဖြစ်ပေါ်သော ဝမ်းသာပီတိသည် မမင်းဘော်အတွက်မူ ငိုခြင်းသာဖြစ်၏။

"နှမသယ် နေကောင်းသယ်နော်"

နေစော်နံသော အဖွားကြီးအိုတွင် နှစ်သက်စရာမရှိပြား၊ ကိုမိုးကောင်းသည် ချွေးစို့နေသော နဖူးပြင်ကို မြတ်နိုးစွာ နမ်း၏။

"လူမြင်ကွင်းထဲမှာ ကြာကြာရပ်နေလို့ မတော်ဘူး မောင်ကြီး"

မမင်းဘော်သည် ချက်ချင်း လူချင်းခွာသည်။ လျှောကျနေသည့် ရင်ဝတ်ကို လက်တစ်ဖက်တည်းဖြင့် ကျွမ်းကျင်စွာ ပြင်ဝတ်သည်။

"အားလုံး နေကောင်းကြပါသယ်။ မောင်ကြီးကောဟင်"

"ကောင်းသယ်၊ ကောင်းသယ်"

ဒဟပ်ပင်အောက်ရှိ တဲဘေးတွင် လှည်းချွတ်ထားကာ လှည်းဦး ချထား၏။ ကိုမိုးကောင်းသည် ထမ်းလာသောအရာကို လှည်းပေါ်သို့ ပစ်တင်ပြီး၊ လှည်းအောက်မြေပြင်ပေါ်တွင် ထိုင်၏။

မြေပေါ်တွင် ထိုင်ရစေကာမူ မေတ္တာတရားများ စုအုံရုံးဝန်းနေသော အိမ်ယာသို့ ပြန်ရောက်လာပြီ။ စိတ်ချမ်းမြေ့ရ၏။ ကြည်နူးဝမ်းသာရ၏။ ရှက်ခြောက်များခင်းထားသော မြေပြင်ပေါ်လှဲအိပ်၏။

"မြေကြီးပေါ် ခေါင်းမချနဲ့ မောင်ကြီး"

မမင်းဘော်သည် ကိုမိုးကောင်း၏ဘေးသို့ တိုးကပ်ကာ ကျုံ့ကျုံ့ထိုင်သည်။ ဒူးအကွေးပေါ်သို့ အဝတ်စုတ်ဖုံးသည်။ ပြီးမှ ကိုမိုးကောင်း၏ ဦးခေါင်းကို သူ့ဒူးပေါ်တင်သည်။

"ပေးပေး၊ နှမသယ်ရဲ့ မြေးကြီးကိုပေး။ အနို့ နေပါဦး၊ သည်ကောင်ကြီးရဲ့ နာမည် ထွန်း.... အဲ ဘယ်သူ"

ပုဂံတအုပ်တိုက်

www.facebook.com/NyisayEbookCreator
www.nyisay.com



"ထွန်းလူလေ"

ကိုမိုးကောင်းသည် အိပ်ပျော်နေသော မြေးကို သူ့ရင်ဘတ်ပေါ်တင်ထားပြီး မျက်စိမှိတ်ထား၏။ သို့သော် စိတ်ချလက်ချ နားနေရသော အရသာကို ကိုမိုးကောင်း ကြာရှည်မခံစားနိုင်ပါ။ နားစွင့်သောအကျင့် ပါနေသဖြင့် ချက်ချင်း ခေါင်းထောင်၏။

"ဘာသံတုန်း နှမသယ်"

မမင်းဘော်မှာ 'သူဘာပြောပါလိမ့်' နားလည်ရန် နားစွင့်ရသေး၏။ နှစ်ခြိုက်စွာ ပြုံးလိုက်သည်။

"တဲပေါ်မှာ ကျိုင်းအိပ်နေသာပါတော်။ သူ့ဟောက်သံပါ"

အိစက်သောဒူးပေါ်သို့ ခေါင်းပြန်ကျသွားကာ မျက်စိမှိတ်လိုက်၏။ သို့ရာတွင် တစ်အောင့်အကြာ၌ ခေါင်းကြွလာပြန်၏။

"နှမသယ်ရဲ့ သမီးနဲ့ ချွေးမကော"

"ရှိသယ်မောင်ကြီး။ ဝါကောက်နေကြသကော"

"ဂဒန်းရွာရဲ့တောင်ဘက်က လျှိုထဲမှာ ငဝဲကျန်ခဲ့သယ် နှမသယ်။ သူ့ကို သွားခေါ်ရဦးမယ်"

သို့ကြောင့် မမင်းဘော်သည် ကျိုင်းအား လှမ်းနှိုးရ၏။ ကျိုင်းသည် အိပ်မှုန်စုံမွှားဖြင့် လုံကွင်းစွန်တောင်ဆွဲလျက် ဖရိုဖရဲထလာ၏။

"စောပါသေးသယ် အမေရာ"

"သားရေ။ လှည်းနားရောက်အောင် လာဦးဟဲ့"

"ဟင်" ဆိုကာ ကျိုင်းမှာ ကြက်သေ သေသွား၏။ "အဖေ မသေဘူးနော်" အော်ပြီး ဖအေကို ပြေးဖက်၏။ လက်မောင်းကို ဖက်ထား၏။ လက်မောင်းကို ဖက်ရသည်ကို အားမရသဖြင့် ရင်ဘတ်ပေါ်ရှိ ထွန်းလူကို တွန်းချပြီး၊ ရင်ဘတ်ပေါ် ခေါင်းအုံးပြီး အိပ်၏။ ကိုမိုးကောင်းကလည်း သား၏ လည်ကုပ်ကို ပြုံးပြုံးကြီး ဖက်ထား၏။

"ရွာထဲသွားပြီး ငဝဲမယားကို တိုးတိုးတိတ်တိတ် ပြောချေ။ ငဝဲကို ဂဒန်းရွာရဲ့တောင်ဘက်က လှိုဏ်ထဲမှာ ထားခဲ့ရသာ သွားခေါ်ကြရမယ်။ သိုသို သိပ်သိပ် သွားလိုက်စမ်းသား"

ငကျိုင်းမှာ ပျင်းရိညည်းတွားမှု မရှိတော့ချေ။ နံငယ်ပိုင်းကို ခါးတောင်းကျိုက်၊ ခမောက်ဆောင်း၊ ဓားဆွဲပြီး ချက်ချင်း ထွက်ခွာသွားတော့သည်။

"ငဝဲ ဒဏ်ရာရလာသလား မောင်ကြီး"

"ဝမ်းပျက်နေသာပါ နှမသယ်ရယ်"

"အစားမမှန်၊ အအိပ်မမှန်၊ တွေ့ရာအိပ်၊ တွေ့ရာစား ဘဝကိုး မောင်ကြီးရဲ့"

ကိုမိုးကောင်း မေးဆတ်ပြ၏။ ပက်လက်လှန် အိပ်နေသူ၏ ခေါင်းညိတ်ခြင်းသည် ခေါင်းဆတ်ခြင်းသာ ဖြစ်တော့သည်။

"ကျုပ်ကတော့ မှောင်မှ ငုံ့ပေါက်ကဝင်ရင် ရသယ်ထား၊ ငဝဲက ထမ်းခေါ်ရမှာမို့ 'ငုံ့ပေါက်' က သွင်းလို့ရမယ် မထင်ဘူး"

"ရွာခရိုးတွေမှာ ငုံ့ပေါက်မရှိတော့ဘူး မောင်ကြီး"

"ဟင်" ဆိုပြီး၊ ကိုမိုးကောင်း မျက်လွှာပင့်ကြည့်၏။

"ရွာမှာလည်း အနောက်တံခါး၊ တောင်တံခါး၊ မြောက်တံခါး၊ အရှေ့တံခါး ရယ်လို့ မရှိတော့ဘူးမောင်ကြီး။ တောင်တံခါး တစ်ပေါက်ပဲ ထားရသယ်"

ကိုမိုးကောင်းမှာ မြေးကိုပွေ့လျက် တအံ့တသြ ထထိုင်မိ၏။

"ပုလိပ်တွေက အိမ်တိုင်းကို ဝင်ကြည့်ပြီး ငုံ့ပေါက်ရှိသဲ့အိမ်ကို ဖမ်းသယ် မောင်ကြီး။ ရိုက်ဟယ် နက်ဟယ် နှိပ်စက်ကန်ကျောက်ပြီး ခေါ်သွားသယ်။ ငွေပေးမှ ပြန်လွှတ်သယ်"

"ငါတို့တစ်တွေ ညံ့ကုန်ကြပါပြီကော"

"ငုံ့ပေါက်က လွယ်သာကိုး မောင်ကြီးရဲ့။ ဖမ်းဆီးနှိပ်စက်သဲ့ကြားက မသိမသာ ဖောက်သူက ဖောက်ပြန်ရော။ အဲ ပုလိပ်လာသံ ကြားတော့မှ

www.facebook.com/NyisayEbookCreator
www.nyisay.com



ကပျာကယာ ပိတ်ကြသာပေါ့လေ။ လောလောလတ်လတ် ပိတ်ထားသာတွေ့တော့၊ ပုလိပ်က အိမ်ရှင်ကိုသာ မဟုတ်တော့ဘူးမောင်ကြီးရေ့။ ဆယ်အိမ်ခေါင်းရော၊ သူကြီးပါ ဖမ်းတော့သယ်"

"ဘယ်သူမှ သူကြီးမလုပ် ရွာခေါင်းမလုပ် ဆယ်အိမ်ခေါင်းမလုပ်ရင် သင်းတို့ ဘာတတ်နိုင်မှာတုန်း"

ကိုမိုးကောင်းမှာ မေးကြောကြီးတွေ ထောင်လာ၏။

"ဩော် မောင်ကြီးရယ်။ ရွာခေါင်း ငပေါက်၊ ဆယ်အိမ်ခေါင်း ကျောက်ဖြုန်းဆိုရင်၊ ရွာခေါင်းဆယ်အိမ်ခေါင်း မလုပ်တော့ဘူးပြောလို့ ဂတ်တဲရှေ့မှာ နေလှမ်းခံရသယ်။ ထမင်းတစ်ဆုပ်ပဲကျွေးသယ်။ လုပ်ပါမယ်ဆိုမှ ပြန်လွှတ်သာ"

"အင်း။ ငါတို့ သက်စွန့်ကြိုးပမ်း ဆောင်ရွက်သမျှ သဲထဲရေသွန် ဖြစ်ပါပေါ့လား နမသယ်ရယ်"

ဆို့ဆို့နစ်နစ် အသံကြီးသည် ရင်ထဲအသည်းထဲ၏ နက်ရှိုင်းဝေးလံလွန်းသောနေရာမှ တုန်ခါလျက် တက်လာ၏။ နာကျင်စွာမြည်တမ်းသူ မျက်ရည်မထွက်ငြား မမင်းဘော် ငိုကြွေးရသည်။

သူ့လင် အိုးပစ်အိမ်ပစ်၊ အစားဆင်းရဲ အနေဆင်းရဲဘဝဖြင့် တိုင်းပြည်နှင့် လူမျိုးအတွက် ဆောင်ရွက်ခဲ့ခြင်းသည် သူ ဆောင်ရွက်ခြင်းနှင့် မခြားပေ။ ယခု သူ့လင်ဆုံးရှုံးခြင်းသည်လည်း သူဆုံးရှုံးရခြင်းပင်ဖြစ်သည်။ သို့အတွက် မမင်းဘော် ဝမ်းပန်းတနည်း ငိုသည်။

ငိုရင်းကလည်း "တံခါးတစ်ပေါက်တည်းထားသာက အဝင်အထွက်ကို တစ်နေရာတည်းက စောင့်ကြည့်နိုင်အောင်လို့ပေါ့ မောင်ကြီးရယ်။ ကိုင်းထဲ ယာထဲက အပြန်နောက်ကျရင် ရွာပြင်မှာ အိပ်ပေတော့၊ နေဝင် တံခါးပိတ် မောင်ကြီးရဲ့" ဟု ရှိုက်သံထွေးလျက် ရှင်းပြသည်။

"ကျုပ် စိတ်မချမ်းသာအောင် မငိုပါနဲ့ နမသယ်ရယ်။ နမပြောသလို

www.facebook.com/NyisayEbookCreator
www.nyisay.com



ဆိုရင်တော့ ကျုပ် ယာထဲမှာပဲ နေမှာပေါ့ ဘာဖြစ်တုန်း။ သို့ပေသည့် ငဝဲ...."

ကိုဝဲကို လူတွဲမခေါ်နိုင်။ ကိုမိုးကောင်း ထားခဲ့ရသည်ကိုက တွဲခေါ်၍ မဖြစ်တော့၊ ကိုဝဲ မလိုက်နိုင်တော့၍ ဖြစ်သည်။ လက်ထုပ်ခေါက်ကို ကြုံရာ ကျောက်တုံးပေါ်တွင်သွေးပြီး လျှက်ထားသောကြောင့် သည်မျှ ထူထောင်နေ နိုင်ခြင်းဟု ကိုမိုးကောင်း ယုံသည်။ ယခု ငကျိုင်းနှင့် အဖော်တွေ ရောက်သွား ပါက ကပ်ဖြင့် သယ်ရလိမ့်မည်။

ကပ်ဖြင့်သယ်ရသော သည်လူနာကို ယာထဲချုံထဲတွင် ပုန်းလျှိုး ကွယ်လျှိုးထား၍ ဖြစ်ပါမည်လော။ သည်အချက်ကို ကိုမိုးကောင်း ကြိုတင် တွေးသည်။ ရွာထဲသို့ သွင်း၍ရပါမှ တစ်မိသားလုံး ဝိုင်းဝန်းပြုစုနိုင်သည်။

"သို့ပေသည့်၊ ငဝဲကို ဘယ့်နှယ်လုပ်မတုန်း"

"ဘုန်းကြီးကျောင်းမှာထားမှာပေါ့မောင်ကြီးရာ။ ဆေးဝါးနားလည်သဲ့ ကိုယ်တော်နဲ့ ပိုပြီးတောင် နီးနီးကပ်ကပ်နေရသေး"

"တော်ပါပေသယ်။မယ်မင်းတို့မိန်းမများဟာ အရေးဟဲ့အကြောင်းဟဲ့ ဆိုရင် ဖြတ်ထိုးဉာဏ်ကောင်းပါပေ့"

ကိုမိုးကောင်းသည် မယား၏လက်ကို မြတ်မြတ်နိုးနိုး ဆုပ်ကိုင်လျက် မြေကြီးပေါ်သို့ ပြန်လှဲသည်။

"မောင်ကြီး မအိပ်နဲ့တော့။ သည်နေရာမှာ မောင်ကြီး ထပ်လှဲလို့ မရတော့ဘူး မောင်ကြီး။ ကျင်ကောင်တွေ ရောက်နေပြီ"

ရေမချိုး မိုးမချိုး နှစ်ရှည်လများနေခဲ့သူ။ ကြေးညှော်တွေနှင့် ချွေးတွေ သွေးတွေ ထုတက်နေသည်။ သူ့အနံ့ကို မေတ္တာနံ့လွှမ်းနေသော မယ်မင်း ဆော် ခံနိုင်ငြား၊ ကရင်နီကောင်တွေ မခံနိုင်။ အသားပုပ်တစ်ခု ရောက်လာပြီ အမှတ်ဖြင့် အုံလာကြပြီ။

ကိုမိုးကောင်း၏ ကိုယ်နံ့စွဲနေသည့် သစ်ရွက်ခြောက်များပေါ်တွင် ဘရင်နီကောင်တွေ ခဲနေ၏။ အနက်ဖျော့ဖျော့အကောင်များက မှန်မှန်ပြေး

www.facebook.com/NyisayEbookCreator
www.nyisay.com



လွှားနေကြ၍ ဖြူလျော့လျော့အကောင်များက လျင်မြန်စွာပြေးလွှားရင်း ကိုယ်ပေါ်သို့ပါတက်လာကြပြီ။

"တဲပေါ်သွားကြစို့ မောင်ကြီး ထ"

ပြောပြောဆိုဆို မြေးကို ကောက်ပွေ့စဉ် ယာခရိုးရှိ ဆီးဆူးတံခါး ပွင့်လာချေသည်။ ဝင်လာသူများမှာ ကိုချွဲ၏ဇနီး မယ်ငြိမ်းနှင့် သမီးမြမြူး။ ကိုဝဲ၏သမီး မိဆယ်နှင့် ရွှေခက်။

"လာကြဟေ့၊ တဲပေါ်မှာ ထိုင်ကြရအောင်"

ကိုမိုးကောင်းသည် သူ ထမ်းလာခဲ့သည့် အစည်းကြီးကို လှည်းအောက်တွင်ထားခဲ့သည်။ အင်ပင်ပေါက်များခင်းထားသည့် ကိုင်းပင်မိုး တဲပေါ်သို့ ရွှေ့ထိုင်သည်။

"မယ်ဝါး ဘယ်မှာကျန်နေခဲ့တုန်း"

တဲပေါ်တွင် ထိုင်မိလျှင်ထိုင်မိချင်း ကိုမိုးကောင်းသည် ကိုဝဲ၏ဇနီးအား သတိတရ မေး၏။

"အမေ ကိုရင်ကျိုင်းနဲ့ ပါသွားသယ်အဘ"

"ကပ်နဲ့သယ်ရမှာ။ သူတို့နှစ်ယောက်တည်းနဲ့ ဖြစ်မလားဟ"

"သာရှန်းတို့ လေပွေတို့၊ ငကွန်းတို့ကို တောထဲလိုက်ရှာပြီး ခေါ်သွားမယ် ပြောပါသယ် အဘ"

အဖြေကြားရမှ ကိုမိုးကောင်း ဟင်းချနိုင်သည်။ ဟင်းချနေဆဲမှာပင် မယ်ငြိမ်းက အလောသုံးဆယ်မေး၏။

"သွေးသောက်ကြီး သူကောဟင် ကိုချွဲ"

"အဖေ ဘယ်မှာကျန်ခဲ့သတုန်းအဘ"

မြမြူးကလည်း အသက်မရှူဘဲ မေး၏။

တိုက်ပွဲများအတွင်း၌ မတုန်လှုပ် မထိတ်လန့်သော မျိုးချစ်ပြည်ချစ် စစ်သားကြီးသည် မျှော်လင့်တကြီး မေးနေသည့် မျက်နှာနှစ်ခုကို မြင်ရ

www.facebook.com/NyisayEbookCreator
www.nyisay.com


သောအခါ တုန်လှုပ်သည်။

'ရောင်းရင်းရေ၊ ငါ ဘယ်လို ဖြေရမတုန်းဟ'

နှုတ်ခမ်းနှစ်လွှာတွင်းမှ တိုးထုတ်လိုက်ရမည့် စကားနှစ်လုံးသည် ကြီးမားလေးလံလှ၏။

မြန်မာအင်္ဂလိပ် ဒုတိယစစ်ပွဲကို မိလိုက်သော ရဲမက်ကြီးငချွဲသည် ကုလားဖြူ အင်္ဂလိပ်ဓားပြနှင့် နောက်ပါကုလားမည်းများကို လွန်စွာ စက်ဆုတ် မုန်းတီး၏။ သူခိုးက လူလူဟစ်ပြီး ရန်ပြုသော သည်တတိယစစ်ပွဲ တွင်ကား သူသည် ပြင်းထန်စွာ တိုက်ခိုက်၏။

မင်းတုန်းမြို့သည် သူတို့ညီအစ်ကို သုံးယောက်၏ ဇာတိမြို့ဖြစ်ရာ မင်းလှနှင့် ပတိမ်းငဖဲ ဖအိုင်းစေတုတ္တရာကို ဗိုလ်ရွှဲ၏တပ်များက အောင်နိုင် အုပ်စီးထားပြီးနောက် မကြာမီပင် ဝင်ရောက်တိုက်ခိုက်ကြတော့သည်။ ထိုမြို့မှာ ဒုတိယစစ်ပွဲကတည်းက ရန်သူ့လက်သို့ ကျရောက်ခဲ့သဖြင့် ဂတ်နှင့် ပုလိပ်တန်းလျားနှင့် ခိုင်မာနေပြီ။ စစ်ကဲကြီး ဦးသံတိုင်၏ ဩဇာအာဏာ အောက်၌ ပိပြားနေ၏။

မင်းတုန်းမြို့ကို ဗိုလ်ရွှဲ၏တပ်က လေးဖက်လေးတန်ညှပ်လျက် စီးနင်းတိုက်ခိုက် သိမ်းပိုက်သောအခါ ဦးသံတိုင်မှာ ကိုယ်လွတ်ထွက်ပြေး ရ၏။ "ဘာဗိုလ်ရွှဲတုန်း၊ လာဝံ့ရင် လာစမ်းပါ"ဟု ကြုံးဝါးခဲ့သမျှ အလဟဿ ဖြစ်ရုံမက အရှက်ကွဲခဲ့ရသည်။

သို့သော် ကုလားဖြူ ကုလားနက်နှင့် ပုလိပ်များ၊ လဲဗျီးများ အကူ အညီဖြင့် မကြာမီပင် ဦးသံတိုင်က ထိုးစစ်ဆင်လာ၏။ ထိုပွဲတွင်လည်း ခစ်ကဲကြီးမှာ ပုဆိုးကျွတ်တရွတ်သီလျက် ပြေးရပြန်၏။ သို့ကြောင့် အမြောက် လေးလက်ပါသောတပ်များဖြင့် ထပ်မံဖြည့်တင်းပြီး တိုက်ခိုက်သောအခါ ဗိုလ်ရွှဲမှာ မြို့ကို လက်လွှတ်ရတော့သည်။

မင်းတုန်းမြို့ကို လက်လွှတ်ရသော တိုက်ပွဲတွင် မျိုးချစ်ပြည်ချစ်

www.facebook.com/NyisayEbookCreator
www.nyisay.com



ရဲမက်များသည် အမိမြေကို မက်မောစွာ ဖက်တွယ်ထားသောအားဖြင့် အလောင်းချင်းထပ်အောင် ခုခံ၏။ တစ်ထွာချင်း တစ်မိုက်ချင်းသာ တရွေ့ရွေ့ဆုတ်၏။ မင်းပုန်းဘုရားသို့ ရောက်သောအခါတွင် ရဲမက်များ မဆုတ်တော့ပေ။ ဝေးလျှင် ထန်းလုံးအမြောက်၊ နီးလျှင်စိန်ဖြင့် ပစ်ခတ်သည်။

ရန်သူသည် ဘုရားကို အမြောက်ဖြင့်ပစ်ကာ ဖြိုချသည်။ အုတ်တံတိုင်းလေးဖက်ကို ချေမှုန်းပစ်ခြင်းဖြင့် မြန်မာရဲမက်များ အကာအကွယ်မဲ့အောင် လုပ်ပစ်သည်။ လုပ်ပစ်ပြီး၊ အုတ်ကျိုးအုတ်ပဲ့ အပြိုအပျက်များကြားမှ သေနတ်ဖြင့်ပစ်သည်။ သေနတ်မရှိသူများ ကျည်ကုန်သူများက အနားရောက်မှ ခုန်ထွက်ပြီး ဓားဖြင့်ခုတ် လှံဖြင့် ထိုးသည်။

ရန်သူသည် ဘုရားကိုသိမ်းပိုက်နိုင်ရန် မဲနေစဉ် ဗိုလ်ရွှေနှင့်ကိုမိုးကောင်းတို့သည် ဝဲယာပန်းလျက် နောက်ပိုးသိပ်သည်။ အမြောက်လေးလက်၏နောက်တွင် ရှိနေသော ရန်သူသည် နှစ်စုခွဲပြီး တုံ့ပြန်တိုက်ခိုက်၏။ သေနတ်သံများ စစ်ကြွေးသံများ ညံနေချိန်ဝယ်၊ အုတ်ခဲရောင်နှင့် သွေးရောင် ခွဲမရသော ဘုရားပြိုအတွင်း၌ ငချွဲတစ်ယောက်သာ ကျန်တော့၏။

ငချွဲသည် ဓားကိုဆွဲလျက် အုတ်ပုံထိပ်၌ မားမားကြီးရပ်နေ၏။

"ဟေ့ လက်နက်ချလိုက်"

အမိန့်ပေးသူမှာ ရန်သူ့တပည့် စစ်ကဲကြီးဦးသံတိုင်ဖြစ်၏။

"ဟောသာ လက်နက်ချသာပဲဟေ့"

ငချွဲပစ်လိုက်သောအုတ်ခဲ ထက်ပိုင်းကျိုးသည်။ ဦးသံတိုင် စီးထားသည့် မြင်းကို ထိ၏။ ဦးသံတိုင် နောက်သို့ ဆုတ်သွား၏။

"ဟေ့ မောင်။ စိတ်ကူးမလွဲနဲ့၊ မောင့်လို သူရဲကောင်းကို အချည်းနှီး မသေစေ့ချင်ဘူး။ လက်နက်ချရင် ဌာနအုပ်ရာထူးပေးမယ်"

"နင့်အမေလင် ဌာနအုပ်"

ကိုချွဲသည် ဒေါသတကြီး ဆဲရေးသည်။ အုတ်ခဲဖြင့် ပစ်ပြန်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com


ထက်ပိုင်းကျိုးမဟုတ်၊ လက်သီးဆုပ်အရွယ်ဖြင့် ဖြစ်သည်။ စစ်ကဲတော်မင်း၏ နဖူးကို ဒေါင်ခနဲ မှန်သည်။ မြင်းပေါ်မှ ကျမတတ်ဖြစ်သွားသည်။

စစ်ကဲတော်မင်းသည် ခေါင်းပေါင်းပုဝါဖြင့် ဒဏ်ရာကို ချက်ချင်း ဆို့သည်။ ပစ်သတ်ရန် အမိန့်ပေးမည်ပြုပြီးမှ ရယ်မောသည်။ လှလှပပ လက်စားချေသည့်အနေဖြင့် ကားစင်တင် ရင်ခွဲရန် စိတ်ကူးပေါ်သည်။

"လက်ရဖမ်းကြ"

လှံစွပ်တပ်ထားသော သေနတ်ဆယ်လက်သည် အုတ်ပုံကြီး၏ အောက်ခြေ အရပ်ရှစ်မျက်နှာမှ တရွေ့ရွေ့တက်လာကြသည်။ ကိုချွဲသည် အုတ်ခဲကျိုးတွေဖြင့် ဆီးကြိုပစ်ခတ်သည်။

"ကျားဘသား၊ ကျားဟေ့"

အနီးဆုံးသေနတ် နှစ်လက်ကြားသို့ ခုန်ဝင်သည်။ ဓားဖြင့် ဘယ် ညာ တွက်သည်။ ရန်သူ့ခေါင်းနှစ်လုံး လိမ့်ဆင်းသွား၏။

"ကျားဘသားဟေ့၊ ကျားလဟ"

အုတ်ပုံကြီးပေါ်မှ ပြေးဆင်းသည်။ စစ်ကဲတော်မင်း၏ မြင်းပေါ်သို့ ခုန်အတက်တွင် သေနတ်ဖြင့် ပစ်ချခံလိုက်ရလေ၏။ စစ်ကဲသည် မိမိအား သွေးစိမ်းရှင်ရှင်ထွက်အောင် ပြုသူအား၊ လက်စားမချေရသဖြင့် မကျေနပ်။ သေနတ်ဒဏ်ရာမှ သွေးပွက်ပွက်ထွက်လျက် အသက်ပျောက်နေသူကို ခြေဖြင့် တက်နင်းသည်။ အားရအောင် ကန်ကျောက်သည်။ ထို့နောက် ခေါင်းကို ဖြတ်ယူသည်။

ညီ ကိုချွဲ ကျဆုံးချိန်တွင် အစ်ကိုဗိုလ်ရွှဲလည်း သေနတ်ဒဏ်ရာဖြင့် ကျဆုံးရပြန်သည်။ စစ်ကဲဦးသံတိုင်သည် ဦးခေါင်းပြတ်နှစ်လုံးကို မြို့လယ် ဂတ်တဲခြံစည်းရိုးတွင် ချိတ်ဆွဲပြသထား၏။

"အရှင် အင်္ဂလိပ် အစိုးရမင်းကို အံတုသူတိုင်း သည်လို အသေဆိုးနဲ့ သေရမယ်မှတ်"

www.facebook.com/NyisayEbookCreator
www.nyisay.com



အိမ်ရှိလူကုန် မလာမနေရ အမိန့်ထုတ်ကာ လာရောက်ကြည့်သူများ ရှေ့တွင် ဦးသံတိုင်ကြီးဝါးခြင်း ဖြစ်သည်။ အချို့သည် မကြည့်ရက်သဖြင့် မျက်နှာလွှဲ၏။ ငိုသူငို အံကြိတ်သူကြိတ်။

ကိုမိုးကောင်းသည် ဝမ်းကိုက်ရောဂါ ဖိစီးသဖြင့် ချောင်းဖျားရွာ၌ ကျန်နေခဲ့သော ကိုဝဲအား ထိုသတင်းကို မပြောရက်ပေ။ ယောက်ျားရင့်မာကြီး ကိုပင် မပြောဘဲထားလျှင် မယားနှင့် သမီးအား မည်သို့ပြောရက်ပါမည်နည်း။

"ကျွန်တော်မယောက်ျား သေပြီလား သွေးသောက်မင်း"

မယ်ငြိမ်းသည် ကိုမိုးကောင်း၏ ခြေဖဝါးကိုကိုင်လှုပ်ပြီးမေး၏။ ကိုမိုးကောင်းမှာ အဖြေရှာ၍ မတွေ့သေး။

"စစ်ထွက်ယောက်ျားဆိုသာ ရှင်ရင်ရှင်၊ မရှင်ရင် သေရမှာပေါ့။ ကျွန်တော်မ သွေးမနည်းပါဘူး။ ကျွန်တော်မ အမှန်ကို ကြားပါရစေ"

'နင့်လင် နောက်မယားရပြီး မင်းလှမှာ ကျန်နေခဲ့လေရဲ့'

သည်နှယ်လိမ်ရသော် ကောင်းအံ့လော။

'တိုင်းကျိုးပြည်ကျိုးဆောင်သဲ့ မျိုးချစ်ပြည်ချစ် သူရဲကောင်း သေတာ တောင် ကျယ်ကျယ် မငိုဝံ့သဲ့ဘဝပါကလား'

ကိုမိုးကောင်းမှာ တွေးရင်း ရင်ဆို့လာသည်။ ဤသို့လျှင် ယာထဲသို့ လူအုပ်ကြီးရောက်လာသည်ကို မြဖူးနှင့် မိရိုး ရုတ်တရက် မသိ။ ငိုမဖွယ် ရယ်မရသံတွေ ကြားရတော့မှ ပြေးလာကြသည်။

"ကိုချွဲ သေပြီမဟုတ်လားဟင်။ အမယ်လေး ကိုချွဲရေ၊ ကျုပ်တို့ကို ပစ်ထားခဲ့တော့မလားတော်ရဲ့။ သမီးတို့ရေ ညည်းတို့အဖေ မရှိတော့ဘူး"

မယ်ငြိမ်း၏ ငိုသံသည် ယာခင်းတစ်ခုလုံး သိမ့်သိမ့်ခါအောင် ညံ၏။ သမီးနှင့်တူမများ ဝိုင်းဝန်းငိုပြန်သောအခါ တစ်တောလုံး သိမ့်သိမ့်တုန်ပြီ။

သည်အသံများကို ကိုမိုးကောင်း သည်းမခံနိုင်ပါ။ တဲပေါ်မှဆင်းပြီး၊ လှည်းဦးချထားသည့် လှည်းဘက်သို့ လျှောက်အလာတွင် ခြေလှမ်းများ

www.facebook.com/NyisayEbookCreator
www.nyisay.com


တန့်၏။ မျက်နှာစိမ်းလူငယ်တစ်ယောက် လှည်းဘေးတွင် မျက်နှာငယ်ကလေးဖြင့် ရပ်နေ၏။

"ဘကြီး ကျန်းခံ့သာလို့ မာပါရဲ့လားခင်ဗျာ။ ဘယ်တုန်းက ရောက်ပါသတုန်းခင်ဗျာ"

သူက ကျွမ်းဝင်ပျူငှာစွာ နှုတ်ဆက်ငြား၊ သည်လုလင်ကို ကိုမိုးကောင်း မသိ။ လေယူလေသိမ်းမှာ သည်ရွာသားမဟုတ်။ ရွာနီးချုပ်စပ်မှလည်း မဖြစ်နိုင်။

"အမောင်က"

"ဩော်၊ ဘကြီးက ကျွန်တော်ရောက်နေတာမှ မသိသေးဘဲကိုး။ ကျွန်တော်လေ ဒွေးကြီးမင်းဘော်ရဲ့ တူအရင်းပါ။ မြတ်သာဦးတဲ့။ ဒေါ်သော့ရဲ့သား"

"အေး ဟုတ်ပြီဟုတ်ပြီ။ ကြည့်ရင်း ကြည့်ရင်းနဲ့ ဘယ်သူနဲ့တူပါလိမ့် စဉ်းစားနေသာကွ။ ဒါကြောင့် မိသော့နဲ့တူသာကိုး။ အင်း အင်း မိသော့ရဲ့သား မြတ်သာဦး"

"ဟုတ်ကဲ့ပါခင်ဗျာ"

"ဘတို့ အမေကြီးတို့ နေကောင်းထိုင်သာ ရှိကြရဲ့လား"

"အဘိုးကဖြင့် ဒေါင်ဒေါင်မြည်ပါပဲ ဘကြီး။ အဲ အဘွားကသာ ရွှေတစ်နေ့ ငွေတစ်နေ့ခင်ဗျာ"

"ရပ်ရွာကော အေးချမ်းသာယာရဲ့လား။ လုပ်ငန်းကိုင်ငန်းကော အဆင်မှ ပြေကြရဲ့လားကွယ်"

"လုပ်ခင်းဆောင်တာ အဆင်ပြေပေမယ့်၊ သူကြီးမကောင်းဘူး ဘကြီး"

"ငပြုံးချို မဟုတ်လား"

အုန်းပင်စုရွာမှ တောကဲကြီး ဦးထွန်းအေး၊ ဇနီး ဒေါ်ယုံတို့သည် ကိုမိုးကောင်း၏ မိဘတစ်ပိုင်း ဖြစ်ခဲ့ကြ၏။ သို့အတွက် သူတို့၏သား

www.facebook.com/NyisayEbookCreator
www.nyisay.com



ပြေးချိုသည်လည်း ညီသဖွယ်ဖြစ်ခဲ့ပြေး၊ နောက်ပိုင်းတွင် အယူလွဲခဲ့သည်။ သည်အကြောင်းသည် ကိုမိုးကောင်းတို့ မြန်မာမင်းပိုင်နက်တွင်းသို့ ပြောင်းရွှေ့လာခဲ့ခြင်းများတွင် တစ်ကြောင်းအဖြစ် ပါဝင်၏။

ယခု သည်ပြေးချို မည်သို့ ဖြစ်သနည်း။

"သူ့သမီးနှာမည်က မြတ်လေးစိန်တဲ့ခင်ဗျာ။ အလွန်လှ အလွန်ယဉ်ကျေး"

"အေးပေါ့။ မင်းတို့ကြိုက်မှတော့ ချောပြီလှပြီပေါ့ကွာ။ သာနဲ့ပဲ မင်းနဲ့ မြတ်လေးစိန်နဲ့ ကြိုက်ကြရောဆိုပါတော့"

ငိုသံများ တိတ်သွားသဖြင့် ကိုမိုးကောင်း ပြုံးမိသည်။

"မှန်ပါသယ်ခင်ဗျာ။ သူ့အဖိုးနဲ့ အဖွားက သဘောတူပေမယ့်၊ သူ့အဖေက သဘောမတူတဲ့အတွက် ဇီးကုန်းကိုပို့ပစ်လို့၊ ကျွန်တော် အခုလို ဖြစ်လာရတာပါ ဘကြီးရယ်"

"လွမ်းဖျားလွမ်းနာ ကျသယ်ဆိုပါတော့"

"မဟုတ်ပါဘူး ဘကြီးခင်ဗျာ။ ဇီးကုန်းကို ကျွန်တော် စနည်းနာပြီး လိုက်သွားမိလို့ပါ"

www.facebook.com/NyisayEbookCreator
www.nyisay.com

# ၁၆

၁၂၅၁ ခုနှစ်၊ ဝါခေါင်လ၏ မိုးတစိမ့်စိမ့်ရွာနေသော နေ့တစ်နေ့တွင် သာယာဝတီခရိုင်တစ်ခုလုံး သွက်သွက်ခါသွားသည့် သတင်းတစ်ရပ်သည် အရပ်ဘက်နှင့် ပုလိပ်ဘက်အရာရှိများထံသို့ ရောက်ရှိသွား၏။ သတင်းမှာ 'ဇီးကုန်းမြို့အနီးရှိ မရင်းကိုင်းရွာမှ ဘုန်းတော်ကြီး ဦးသူရိယဦးစီးသော လယ်သမားတစ်ထောင်ကျော် ဇီးကုန်းမြို့သို့ ချီတက်တိုက်ခိုက်မည့် သတင်း' ဖြစ်သည်။

နွားနှင့်အပြိုင်နွဲလျက် မိုးထဲလေထဲတွင် လယ်သမားတွေ လုပ်ငန်းခွင်ဝင်နေချိန်ဖြစ်သောကြောင့်၊ အရာရှိကြီးတွေ မယုံကြည်ကြပေ။ သူတို့ မယုံကြည်သော်ငြား၊ ဆရာတော် အရှင်သူရိယသည် အဖြူရောင်အောက်ခံ ကြက်လျှာစွန်းသုံးခုတွင် မြစိမ်းရောင်ဒေါင်းကြီး မြူးကြွနေသည့် အလံကြီးကို ကျောင်းတွင် လွှင့်ထူလျက် သွေးထိုးတရားများ ဟောကြားနေပြီ။

ဆရာတော်သည် ကုလားဖြူ အင်္ဂလိပ် ဓားပြများ၏နောက်မှ ကပ်ပါလာသည့် အင်္ဂလိပ်တိုင်းပြည်မှ အင်္ဂလိပ်များ၏ အန္တရာယ်ကို မြင်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



တောကြိုအုံကြား ချွေးလေးပျားတောအနှံ့ ဝင်ရောက်လာပြီး ဗမာမ၊ ကရင်မ၊ မွန်မ တွေကို ယူသည်။ ကြာလျှင် မြန်မာပျောက်မည့်အရေးကို သတိထားမိသည်။

မြန်မာပျောက်လျှင် သာသနာကွယ်မည်။

မြန်မာပျောက်မည့် အန္တရာယ်ဆိုးကြီးကို ဖန်တီးသူမှာ မည်သူနည်း။ ကုလားဖြူ အင်္ဂလိပ်စားပြဖြစ်သည်။

ကုလားဖြူ အင်္ဂလိပ်စားပြသည် ဗုဒ္ဓဘာသာများအား စော်ကားသော အားဖြင့် ကျောင်းကန်ဘုရားတွင် ဖိနပ်စီးသည်။ ဘိန်းဆိုင်နှင့် အရက်ဆိုင်၊ အမဲသားဆိုင်များ ဖွင့်လှစ်သည်။ မြန်မာလယ်သမားများ ချစ်တီးနှင့် အမှု ဖြစ်တိုင်း ကရင်၊ ဗမာ၊ မွန် လယ်သမားများသာ ရှုံးသည်။

သည်အချက်များကိုညွှန်ပြကာ မသမာကောင် အင်္ဂလိပ်စားပြများကို တိုက်ခိုက်ရန် ဟောကြားသောအခါ လယ်သမားထုကြီးက ဓားတွေကို မြှောက်ပြီးအော်ကြ၏။

"အယုတ်တမာတွေကို သတ်ပစ်"

လှံတွေမြှောက်ပြီး အော်ကြ၏။

"ငပဟီးနဲ့ ငရေးကို သတ်မယ်"

ငပဟီးမှာ ဇီးကုန်းမြို့ရှိ ရာဇဝတ်ဝန်ကလေး မစ္စတာဟီးဖြစ်၍ ငရေးမှာ ပုလိပ်အင်စပက်တော် မစ္စတာဒီဒဘလယူရေးဖြစ်သည်။ သို့သော် မြန်မာ ထဲမှလည်း အင်စပက်တော်ရှိသေးသည်။ သူ့အမည်မှာ ဦးရွှေသော်ဖြစ်သည်။ ဦးရွှေသော်က မရင်းကိုင်းသို့ အချိန်မီသွားရောက်ကာ နှိမ်နင်းပစ်ချင်သည်။

ဟီး သဘောမတူပါ။

ငွေတိုက်နှင့် အချုပ်အပြင်၊ မြို့ကိုပါ အကာအကွယ် ပေးထားရမည်။ လက်ရှိကုလားပုလိပ်၊မြန်မာပုလိပ် စုစုပေါင်း ၂၅ယောက်ဖြင့် မလုံလောက်လှ။ သို့အတွက် ဝေးလံသော 'ဘော်လင်း' ဂတ်ကို နေ့ချင်းရွှေ့ခဲ့ရန်၊ သေနတ် ရထားသော သူကြီးများ၊ အခွန်တော်ရှိသော သူကြီးများ မြို့ပေါ်သို့ ချက်ချင်း

www.facebook.com/NyisayEbookCreator
www.nyisay.com



လာရန် အမိန့်ထုတ်ပြန်လိုက်လေသည်။

လယ်သမားများကား၊ ဦးသာပဲဆိုသူ ဘာနုန်းနုံး သောက်ရနိုးနိုးဖြင့် မျက်နှာလိုမျက်နှာရ သစ္စာဖောက်ကြောင်း မသိကြ။ အင်းမှား ထိုးနှံကြသည်။ အပ်မြှုပ်ကြသည်။ တစ်ပွဲတိုး ထုံးမန်းမှုတ်ကြသည်။ ခိုဘက်တိုက်ခိုက်ရန် အစီအစဉ်ချမှတ်သည်။ ဗိုလ်ချုပ် ရွေးကြသည်။

အစီအစဉ်မှာ နှစ်ခုဖြစ်သည်။ ဘော်လင်းဂတ်ကိုဝင်းရန်နှင့် စာပို့ ရထားတွင်ပါသော အစောင့်များထံမှ သေနတ်များလုယူရန်တို့ ဖြစ်ကြ၏။

သို့အတွက် ဦးမှင်နှင့် ဦးချစ်စုခေါင်းဆောင်သော လယ်သမားငါးရာ သည် ရိုးမနှင့်နီးသော ဘော်လင်းဂတ်သို့ နေဝင်ရီတရောတွင် ချီတက်လာ ကြသည်။ ဂတ်အနီးသို့ရောက်လျှင် ကျန်လူများ လူယောင်ဖျောက်သည်။ လူသုံးယောက်ကို ကြိုးဖြင့်တုတ်ပြီး တရားခံလာပို့သူ ခုနစ်ယောက်သာ ပါလေဟန်ဖြင့် ဂတ်ထဲသို့ဝင်သည်။

ဌာနအုပ်မှာ သတင်းရပြီးဖြစ်သဖြင့် ဂတ်တစ်ခုလုံး ရွှေ့ပြောင်းရန် စီစဉ်နေ၏။ သို့ရာတွင် အချိန်လင့်သွားပြီ။ နက်ဖြန်နံနက်ကျမှ စောစောထွက် ရန် စိတ်ကူးလျက် အစီအစဉ်ကို ရွှေ့ဆိုင်းထားချိန်ဖြစ်၏။

သို့ရှိစဉ် လာရောက်ပြီး တရားခံပို့သူများအား မယုံကြည်ချေ။

"ဟေ့ ရှေ့မတိုးနဲ့၊ တိုးရင်အပစ်ပဲ"

"အရေးကြီးတဲ့ တရားခံတွေ၊ ဒီလိုပဲ ထားရမလား"

"မသိဘူး။ တို့ကတော့ ဌာနထဲဝင်လာရင် အပစ်ပဲ"

ဦးချစ်စုနှင့် ဦးမှင်တို့ အကြံထုတ်ရပြန်သည်။ အတန်ကြာမှ "လူသတ် ဘရားခံတွေဗျာ့။ ဒီအတိုင်း ထားမပစ်ခဲ့နိုင်ဘူးဗျာ။ ဓါးကုန်း သွားပို့ပါရစေ" ဟအော်ပြောသည်။ ဌာနထဲမှ တုံ့ပြန်သံထွက်မလာ။

"ဓါးကုန်းသွားပို့ရင်လည်း အခုလိုပဲ လက်မခံရင် အခက်ဗျ"

"ပုလိပ်သားတစ်ယောက် ထည့်ပေးလိုက်ပါလားဗျာတို့"

www.facebook.com/NyisayEbookCreator
www.nyisay.com


ဌာနထဲတွင်လည်း၊အရေးတကြီးတိုင်ပင်နေသည်။လူစုကွဲသွားအောင် သေနတ်သံပေးရသော် သင့်အံ့လော။ အဝင်ခံပြီး ခြေထောက်တွေ ပစ်ချိုးကာ၊ ဖမ်းရသော် ကောင်းအံ့လော။

"ဆရာတို့ ဘယ်လိုတုန်းဗျာ။ ဌာနထဲလည်း မဝင်ရ၊ လူလည်း မထည့်နဲ့"

"ဟေ့ တစ်ယောက်ဝင်ခဲ့"

"ငါဝင်သွားမယ်ဟေ့၊ အရိပ်အခြည်ကြည့်ပြီး ဝင်စီးကြကွာ"

ဦးချစ်စုသည် ဦးမှင်အား တီးတိုးမှာကြားခဲ့ကာ၊ ဂတ်တဲထဲသို့ ဝင်လာသည်။ စန္ဒရီသည် သေနတ်ဖြင့် ချိန်ထား၏။ စန္ဒရီကို ကျော်လွန်သွားလျှင် သွားချင်း၊ မှောင်ထဲမှ လက်များက ကုပ်ကိုဖမ်းကိုင်၏။

"ခွေးမသား သူပုန် သေပေတော့"

"နင်တို့အကြံ ဒါအကုန်ပဲလား"

ဆဲဆိုသံများ ရိုက်နှက်သံများ၊ ဦးချစ်စု၏ အော်ဟစ်ငြင်းဆန်သံများ ဆူညံသွားတော့သည်။ ကျန်ခဲ့သော ဦးမှင်မှာ၊ ရန်သူ့ထောင်ချောက်တွင်း၌ ကိုယ့်လူမိနေပါကလားဟု ယခုမှ ရိပ်မိသည်။ ဦးချစ်စုကို ရန်သူ့လက်တွင် သည်အတိုင်း ထားပစ်ခဲ့၍ မဖြစ်။

"ဟေ့ တို့ခေါင်းဆောင်ကို ကယ်ရမယ်။ ထွက်ကြဟေ့"

မှောင်ထဲတွင် ငြိမ်သက်နေသော လယ်သမားများ ပုလိပ်ဌာနတွင်းသို့ ဓားလှံတွေမြှောက်လျက် ပြေးဝင်လာကြလေ၏။

"ချဟ သတ်ဟ၊ ကျား ကျား ကျား"

"ဟေ့ မဝင်နဲ့ မလာနဲ့ ရပ်ရပ်"

"ကျားဘသား၊ ကျားဟေ့"

စန္ဒရီသည် ရှေ့ဆုံးမှ မည်းမည်းကို ပစ်လိုက်သည်။ ထို့နောက် တစ်ဆက်တည်း သေနတ်သံများပေါ်လာသည်။ လယ်သမားတွေ ထွေးခနဲ

www.facebook.com/NyisayEbookCreator
www.nyisay.com


လုံးခနဲ ခွေကျကုန်သည်။ လုံပျံတစ်စင်းသည် တိုင်ကွယ်ပြီး ပစ်နေသော စန္ဒရီ၏မျက်နှာထဲသို့ စိုက်ဝင်သွား၏။

"တက်ကြ တက်ကြ။ ကျား ကျား ကျား"

ပြေးဝင်သွားသူတိုင်း စန္ဒရီအနားသို့မရောက်။ ထိုနေရာသို့ ရောက်မှသာ အခြားပုလိပ်များနှင့် လုံးထွေးသတ်ပုတ်နိုင်မည်။ သို့မှသာ ဓားကို သုံးစွဲကာ သေနတ်များကို လုယူနိုင်မည်။

ယခုသော်ကား ပြေးဝင်သွားသမျှကို ဆည်ဝမှ ဗျိုင်းနှယ် စောင့်ကြို ပစ်ခတ်နေသည်။ အဝင်ဝ၌ အလောင်းတွေပုံနေသည်။ "ချပါတော့လား သတ်ပါတော့လား" အော်သံများ ပျောက်ကွယ်သွားသည်။ လူများလည်း ရှဲ၍ ရှဲ၍ သွားကြပြီ။

ထိုအချိန်တွင် အခြားစစ်ကြောင်းတစ်ကြောင်းကို ဆရာတော်ဦးသုရိယနှင့် ဦးမောင်ကလေးတို့ ဦးစီးလျက် သာလုတံတားသို့ ရောက်လာကြသည်။ ဤနေရာတွင် ရထားရပ်တန့်အောင် လုပ်ရမည်။ သို့အတွက် တံတားကို မီးတင်သည်။ ဤအခါကျမှ မိုးကတဝေါဝေါ အသံပေးလျက် သွန်ချလာ၏။

ရထားလာချိန်လည်း နီးကပ်လာပြီ။

"ဟော့ အမှိုက်ရှာပြီး ထပ်ရှို့ကြပါဦးဟ"

ဦးမောင်ကလေး ထပ်မံဆော်ဩသည်။ မိုးလွတ်သည့် အကြိုအကြားမှ အမှိုက်ရှာပြီး မီးမွှေးသည်။ သစ်ကိုင်းသစ်ခက်တွေတင်သည်။ မီးက အတောက်နေးသည့်နည်းတူ တံတားသစ်သားမှာ မိုးရည်ဝနေသဖြင့် မီးမလောင်။

တံတားပေါ်ရှိ သံလမ်းတွေ တကျိုကျိုမြည်၏။ လယ်သမားသူပုန်တစ်ယောက်က သံလမ်းနှင့် နားကပ်ပြီး နားထောင်ရာက "ရထားလာနေပြီ ဒိုလ်ချုပ်။ ဘယ့်နှယ်လုပ်မတုန်း။ တံတားကိုလည်း မီးမစွဲသေးဘူး" ပြောသည်။

ဦးမောင်ကလေး မျှော်ကြည့်သည်။ ရထားမီးကို မမြင်ရသေး။

"မီးတောက်အောင် လုပ်ကြပါဟ"

www.facebook.com/NyisayEbookCreator
www.nyisay.com


ဝင်းခနဲ မီးရထားမီးပေါ်လာပြီ။

"ငြိမ်းကြဟေ့ ငြိမ်းကြ။ တို့အကြံကို ပုလိပ်တွေ ရိပ်မိသွားရင်၊ ရထား နောက်ပြန်ဆုတ်သွားလိမ့်မယ်"

သို့သော် ဦးမောင်ကလေး၏အပြော နောက်ကျသည်။ ရထားပေါ်တွင် ပါနေကျ အစောင့်ပုလိပ်များသာမက အမ်းပုလိပ်များပါ ပါလာသည်။ မစ္စတာ ဟီးက သာယာဝတီအရေးပိုင် မစ္စတာတော့နှင့် ရာဇဝတ်ဝန်ကြီး စနေဒင် ထံသို့ ကြေးနန်းရိုက်ကာ အစီရင်ခံထားသည်။ ထို့ပြင် မီးရထားရုံပိုင် မစ္စတာ ကန်တီထံသို့လည်း ကြိုတင်သတိပေးထားသည်။

ရထားသည် တစ်စင်းတည်းမဟုတ်၊ နှစ်စင်းဖြစ်သည်။ လာနေကျ ရထားတွင် ငွေငါးသိန်းပါလာသည်။ ပါနေကျအစောင့်ပုလိပ်လည်း ပါသည်။ သို့ရာတွင် ရှေ့က အထူးရထား၌ အမ်းပုလိပ်ငါးဆယ်နှင့် မြို့ပိုင်သာမက ရာဇဝတ်ဝန်ကြီးနှင့် အရေးပိုင်ပါ ပါလာသည်။

မည်သို့ဖြစ်စေ၊ ရထားတွေ ရပ်သွားပြီ။ ရှေ့က အမ်းပုလိပ်ရထားမှာ တံတားနှင့်နီးမှ ရပ်ရသဖြင့် လမ်းချော်ကျလေ၏။

"ကျား ကျား။ ကျားဘသား တက်ကြ တက်ကြ"

တိုက်မောင်းသံ တဒူဒူပေါ်လာသည်။

"ခုတ်လဟ သတ်လဟ။ အမ်းပုလိပ်တွေ မလွတ်စေနဲ့"

လယ်သမားသူပုန်များသည် အမ်းပုလိပ်ရထားကိုရော၊ ငွေပါသည့် စာပို့ရထားကိုရော မိုးဖွဲ့အောက်၌ စီးနင်းတိုက်ခိုက်ကြသည်။

"တိုးလဟ၊ တိုးလဟ"

မောင်းသံလာရာ အမိန့်ပေးသံလာရာသို့ သေနတ်ကျည်ဆန်တွေ စုပြုရောက်ရှိလာ၏။ စာပို့ရထားပေါ်တွင် ပုလိပ်နှင့် သူပုန်များ လုံးထွေးတိုက် ခိုက်ကြသည်။ အမ်းပုလိပ်များကား တွဲနားကပ်လာသူတိုင်းကို အေးဆေးစွာ ပစ်ချသည်။ တစ်ယောက်တလေ ကျွံပြီးဝင်လာသူကို ရိုက်ဖမ်းသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"ဆုတ်လဟာ၊ ဆုတ်လဟာ"

ဦးမောင်ကလေး ဆုတ်မိန့်ပေးသည်ကို အချို့သာကြား၏။ မကြားသူများသည် ဆင်နှင့် ဆိတ်ပမာ ကွာခြားသော ရန်သူကို အသက်စွန့်ပြီး တိုက်ခိုက်သွားကြလေသည်။

စစ်ရေးအရ လယ်သမားသူပုန်များ အရေးနိမ့်ငြား၊ စိတ်ဓာတ်ရေးအရ မရှုံးနိမ့်ပါ။ ရန်သူအင်္ဂလိပ် ဗျာများသွားသည်။ သူ့လက်အောက်၌ ကျွန်စိတ်ဝင်ကာ ပျော်ရွှင်နေကြပြီဟူသော သူ့အထင်မှားကြောင်း သိသည်။

ကျေးရွာများသို့ အမ်းပုလိပ်နှင့် ရိုးရိုးပုလိပ်တွေ ပြုဆင်းလာကြပြီ။ အိမ်တွေ မီးရှို့ခြင်းနှင့် မိန်းမတွေကို ဘလက္ကာယပြုခြင်းမှာ သူတို့၏ သင်္ကေတ ဖြစ်သည်။ ကျောတွင်ဖြစ်စေ၊ ရင်ဘတ်တွင်ဖြစ်စေ၊ စဓဗဝ စမလေးလုံး ပါသူမှန်သမျှ အကုန်ဖမ်းသည်။ မြန်မာ့ဓလေ့၊ ကရင်ဓလေ့၊ မွန်ဓလေ့အရ ထိုးကွင်းထိုးထားသူ၊ အင်းကွက်ရှိသူများလည်း မလွတ်ပေ။

ကျေးရွာတွေတွင် ရှို့မီးတထိန်ထိန် လူသတ်ပွဲတခြိမ့်ခြိမ့်ကျင်းပနေစဉ် ဓိးကုန်းမြို့သို့ မယောင်မလည် ရောက်လာသူမှာ မြတ်သာဦးဖြစ်၏။ အသိမိတ်ဆွေ ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ မြန်မာတို့အတွက် မြန်မာပြည်ဘွင်း၌ တည်းခိုစရာ မခက်ခဲပေ။

လူယဉ်ကျေးတို့၏ အထိမ်းအမှတ် ရေချမ်းစင်သည် အသိမရှိသူတို့အတွက် အေးမြကြည်လင်သောရေများ အလျှံပယ်ပေး၏။ ဘုန်းကြီးကျောင်းနှင့်လျှင် ထမင်းလည်း မပူရပေ။ ဘုရားကျောင်းကန်တွင်လည်းကောင်း၊ လမ်းဆားတွင်လည်းကောင်း တည်ဆောက်ထားသော သာလာယံဇရပ်၊ ဇရပ်ဆါင်းတုံးများသည် တည်းခိုအိပ်စက်စရာ နေရာများဖြစ်သည်။

မြတ်သာဦးမှာ ထမင်းပါသည်။ ရေဘူးပါသည်။ သို့အတွက် ဇရပ်ဘစ်ဆောင်တွင် အေးအေးလူလူ အိပ်စက်နေခိုက် အစစ်ဆေးခံရ၏။ ဆင်ဘတ်နှင့် ပေါင်တွင် ဘီလူးတွေ၊ အင်းတွေ၊ ထိုးကွင်းတွေ ရှိသည့်အတွက်

www.facebook.com/NyisayEbookCreator
www.nyisay.com



တစ်ဆင့်တက်ကာ အဖမ်းခံရတော့သည်။

"မင်း ဘယ်ကလာတာတုန်း"

"ခနဖြူ၊ အုန်းပင်စုကပါ"

မြတ်သာဦးမှာ သည်မျှသာ ဖြေနိုင်သည်။ "ဘယ်သူ့ဆီလာတာတုန်း" မေးသောအခါ၊ အဖြေရခက်ပြီ။ စွန့်စားပြီး "ရည်းစားဆီလာတာပါ" ဖြေကြည့်သည်။ သည်မျှဖြင့်မပြီး။

"ဘယ်သူ့သမီးတုန်း။ နာမည် ဘယ်လိုခေါ်လဲ"

ဖြေ၍ မဖြစ်ပြီ။ မိန်းမသား၏ ဂုဏ်သိက္ခာကို ထိပါးရာကျရော့မည်။

"အဲသာတော့ မဖြေပါရစေနဲ့ဗျာ"

"မင်း သူပုန်မဟုတ်လား။ ဦးသူရိယနဲ့ ဦးမောင်ကလေး ဘယ်မှာပုန်းနေသတုန်း၊ ပြောစမ်း"

မသိသောအမှုအတွက် တရားခံဖြစ်ရချေပြီ။ အမည်နာမကို ယခုမှသာ ကြားဖူးသူများ အဘယ်မှာရှိသနည်း၊ မည်သို့ သိပါမည်နည်း။

မြတ်သာဦးကို ခြေနှစ်ချောင်းပူးပြီး အဆင်းခိုင်းသည်။ ချောပြောင်နေသော သစ်သားတလိမ့်တုံးကြီးဖြင့် လိမ့်သည်။ အရိုးချည်းရှိသော ညို့သကျည်းတွင် အရေပါးကလေးသာ ဖုံးထားသည်။

"သေပါပြီဗျာ။ ဘကြီးတို့ မတရား မလုပ်ကြပါနဲ့"

မြတ်သာဦး ကုန်းပြီးအော်သည်။

"ဟေ့ အသံမထွက်ပေစေနဲ့"

သေရည်မှုးသံကြီးဖြင့် တစ်ဘက်ခန်းမှ လှမ်းပြီး အမိန့်ပေး၏။

"ပြောစမ်း၊ သူရိယနဲ့ မောင်ကလေး ဘယ်မှာတုန်း"

"ရပ်၊ ဘယ်သူလဲ"

"မစ္စတာဟီး"

"လာခဲ့"

www.facebook.com/NyisayEbookCreator
www.nyisay.com



ရာဇဝတ်ဝန်ကလေး မစ္စတာဟီးကား တင်ယောက်တည်းမဟုတ်ပါ။ လယ်သမားသူပုန် ငါးရာခန့် ခြံရံလျက် ရောက်လာခြင်း ဖြစ်သည်။

သာလှတံတားတိုက်ပွဲမှ ခွာစစ်ဆင်ခဲ့သော ဦးမောင်ကလေးသည် ဖရိုဖရဲဆုတ်ခွာလာသည့် လယ်သမားများကို ချက်ချင်းပြန်စုသည်။ ပြန်လည် အားတက်လာအောင် တရားဟောသည်။

သို့ဖြင့် ပြန်လည်တက်ကြွလာသော လယ်သမားသူပုန်များသည် ပုလိပ်ဌာနာကို တစ်စုဝိုင်းထားသည်။ ကျန်တစ်စုက ဟီး၏အိမ်ကို ဝိုင်းထား သည်။ ထွက်ပေါက်များမှ အသင့်စောင့်နေကြသည်။

အားလုံးအသင့်ဖြစ်လျှင် အိမ်အနီးရှိ ကောက်ရိုးပုံကို မီးလောင်တော့ သည်။ ပျာတာနှင့် ထမင်းချက် ဘဏ္ဍာစိုးတို့ အော်ဟစ်ပြေးလွှားကြသည်။ ဟီးလည်း မီးအခြေအနေကြည့်ရန်၊ ပြောင်းတိုသေနတ်ကိုင်လျက် နောက် ဖေးတံခါးမှထွက်၏။ ဤသို့ဖြင့် သေနတ်လည်းဆုံး၊ လူလည်းအဖမ်းခံရ သော ဟီးသည် လူကောင်ရိုင်းကြီးအဖြစ် ဂတ်သို့ရောက်လာခြင်းဖြစ်၏။

လယ်သမားသူပုန်များသည် ပုလိပ်တွေကို ကြိုးဖြင့်တုတ်၊ သေနတ် တွေယူသည်။ အချုပ်ကိုဖွင့်သည်။ မြတ်သာဦးကိုယ်မှ ကြိုးကိုဖြေပေးသည်။

မြတ်သာဦးမှာ စားပွဲပေါ်မှဆင်းစတွင် ထော့ကျိုးထော့ကျိုးဖြစ်နေ သေးငြား၊ သူ့ကို နှိပ်စက်သော ဒုဋ္ဌသူရာများကို မြင်သည့်ခဏတွင် ထော့ကျိုး ပျောက်၏။ သေနတ်လွယ်ထားသည့် သူပုန်တစ်ယောက်ထံမှ ဓားကို ပြေးဆွဲ၏။ လုပ်စဉ်က လုပ်ငြား၊ စော်ကားစဉ်က စော်ကားငြား၊ ကိုယ့် အလှည့်တွင် ပုလိပ်မူးများ မခံရဲ။ တောင်းပန်သံများ ညံသွား၏။

သေနတ်ကျည်ဆန်များတွင် သူပုန်တွေ အာရုံရောက်နေ၏။ သည် အခိုက်အတန့်ကို မစ္စတာဟီး အခွင့်ကောင်းယူကာ ထွက်ပြေး၏။ ငွေတိုက်သို့ ရအမိပြေးကာ အသင့်ပြင်၏။

လယ်သမားသူပုန်တွေ ငွေတိုက်ဘက်သို့ ချီတက်လာကြသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



သေနတ်ကိုင်တွယ်နည်း၊ ပစ်ခတ်နည်းကို ကျကျနန သင်ကြားထားသော ပုလိပ်နှင့် သေနတ်ကို ယခုမှကိုင်ဖူးသောသူပုန် ယှဉ်၍မရ။ သူပုန်တွေ ရှေ့ မတိုးနိုင်။ သို့တစေ ငွေတိုက်တစ်ခြမ်း မီးတင်ခံလိုက်ရသေးသည်။

ရှေ့မတိုးနိုင်သော သူပုန်များမှာ၊ မြို့ကို လှည့်လည် စောင့်ကြပ်နေသော ပတ္တာရောင်ပုလိပ်များက နောက်ပိုးသိပ်သောအခါ၊ ငွေတိုက်မှ ခွာရသည်။ မည်သို့ဖြစ်စေ၊ အမ်းပုလိပ်အင်အားမှာ နှစ်ဆဖြစ်လာသည်။ မြတ်သာဦးလည်း မတရားနိပ်စက်ခံရသဖြင့် သူပုန်ဖြစ်သွားတော့သည်။

သူပုန်များ၏လက်သို့ သေနတ် ၁၅ လက် ပါသွားသည်။ ငွေတိုက်တိုက်ပွဲတွင် ငါးလက် ပြန်ရသည်။ ကျန်သေးသောဆယ်လက် ပြန်ရရေးအတွက် အမ်းပုလိပ်တွေ အပူတပြင်းတောနင်းသည်။ သူပုန်များသည် အမ်းပုလိပ်များကို ချုံခိုတိုက်သည်။ သေနတ်ရှိသော သူကြီးများကို ဖမ်းဆီးရန်ကြိုးစားသည်။ သို့ရာတွင် နှစ်လုံးပြူးတကားကားဖြင့် ဝင့်ဝါမင်းမူခဲ့သည့် သူကြီးများသည် မြို့ပေါ်မှ လုံးဝထွက်ခွာမလာကြပေ။

မြတ်သာဦးမှာ သည်အရပ်သားမဟုတ်။ သူပုန်များသွားရာသို့ ဓားဆွဲပြီးလိုက်နေရရာ၊ တောအန့် တောင်အန့်ဖြစ်သည်။ မည်သို့သွား၍ မည်သို့ပြန်ရမည်လည်း မသိတော့ချေ။

သို့ရှိစဉ် တစ်နံနက်တွင် မြတ်သာဦးတို့အဖွဲ့မှာ အမ်းပုလိပ်များ၏ ဝိုင်းဝန်းတိုက်ခိုက်ခံရသည်။ စမ်းကြီးရွာမှ လွှတ်ထားသော ကင်းတွေကပင် သူတို့ရောက်နေသည်ကိုသိပြီး ပုလိပ်ကို သတင်းပေးသလော၊ မိမိတို့အထဲမှ တစ်ယောက်ယောက်ကပင် ပုလိပ်ကို သွားခေါ်သလော၊ စဉ်းစား၍မရအောင် ရှိ၏။

သူပုန်များသည် အိပ်ရာမှနိုးနေကြပြီဖြစ်သဖြင့် ကောင်းစွာ ခုခံတိုက်ခိုက်နိုင်၏။ ထိုးဖောက်တိုက်ခိုက်၏။ မြတ်သာဦးလည်း ပုလိပ်တစ်ယောက်ကို ဓားဖြင့်ဝင်ခုတ်ပြီး ဖောက်ထွက်၏။ သေနတ်သံများ စဲသွားချိန်ဝယ်၊ ခေင

အမည်ရှိ သူပုန်တစ်ယောက်နှင့် သူသာ ရိုးတစ်ခုထဲသို့ရောက်နေကြောင်း သတိထားမိသည်။

"သူငယ်ချင်း ငါတို့ဘယ်လိုလုပ်မတုန်း"

မြတ်သာဦး မဖြေတတ်ပါ။

"ဘယ်သွားရင် ကောင်းမတုန်းကွာ"

ဤသည်ကိုလည်း မြတ်သာဦး မသိပါ။ ခေင်သည် မြတ်သာဦးကို ကြည့်ကာ များစွာ စိတ်ပျက်သွား၏။

"သူငယ်ချင်းက ဘာမှမသိပါကလား"

"အပြစ်တင်သမျှ ခံရတော့မှာပဲဗျာ။ ကျွန်တော် ဘာမှ မသိဘူး"

"ငါ့အမျိုးတွေ မြန်အောင်ဘက်မှာ ရှိတယ်ကွ။ အဲဒီ သွားကြမယ်"

ဥမင်တွင်းသို့ရောက်နေစဉ် အလင်းကွက်ကလေး မြင်လိုက်ရဘိသို့ ရှိသဖြင့် မြတ်သာဦး ဝမ်းသာစွာ သဘောတူ၏။ မြန်အောင်ကနောင်တွင် အဘွားဘက်မှအမျိုးတွေ ရှိသည် မဟုတ်သလော။

★

www.facebook.com/NyisayEbookCreator
www.nyisay.com

# ၁၇

"ဟော့ ငါ့တူရ။ သူပုန်ဆိုသာ အစိုးရကိုပုန်ကန်တိုက်ခိုက်သူကို ခေါ်သာကွယ်။ အင်္ဂလိပ်ကုလားဖြူက အစိုးရမှမဟုတ်သာ၊ ငါတို့တိုင်းပြည်ထဲဝင်ပြီး လုယက်တိုက်ခိုက်နေသဲ့ ဓားပြကပဲ။ သည်တော့ မင်းတို့ကို သူပုန်ခေါ်လို့ မရဘူးလေ။ မင်းတို့ဟာ သူပုန် မဟုတ်ဘူး။ ဓားပြနှိမ်နင်းသူတွေပဲ"

မြတ်သာဦး၏အကြောင်းကို တမေ့တမော နားထောင်အပြီးတွင် ကိုမိုးကောင်းက ရှင်းပြသည်။

"မသိပါဘူး ဘကြီးရာ။ အများကသူပုန်ခေါ်လို့ ကျွန်တော်ခေါ်သာပါ"

"ဓိကုန်းနဲ့ အုန်းပင်စု အလှမ်းကြီးပဲကွ။ ငါ့တူ သူပုန်ထဲ ရောက်သွားသာ အုန်းပင်စုက မသိနိုင်ပါဘူး"

"ကျွန်တော်လည်း ဒီလိုပဲထင်ပြီး အေးနေတာဘကြီးရေ့။ သို့ပေမယ့် သူကြီးဦးပြုံးချိုက အဖေ့ကိုခေါ်ပြီး စစ်ဆေးတော့မှ မြတ်လေးစိန်ရဲ့ အမျိုးတွေက ဓိကုန်းကို ကျွန်တော်ရောက်တာသိတယ်။ ပုလိပ်ကိုသတ်ပြီး သူပုန်တွေနဲ့

www.facebook.com/NyisayEbookCreator
www.nyisay.com


ပါသွားတာသိလို့၊ အကြောင်းကြားတယ်ဆိုတာ သိရတော့တယ်"

ကိုမိုးကောင်းသည် မိမိနှင့် ဆက်ဆံရေးပျက်သွားသော ပြေုးချို၏ အသွင်ကို မနောတွင် ပုံဖော်နေရာက ဖြတ်မေး၏။

"ဆက်ဦးလေကွာ။ ငါတူ သည်ကိုပြေးလာရပုံတွေ"

"ဦးပြုံးချိုက အဖေ့ကိုပြောတယ် ဘကြီး။ ခင်ဗျာ့သားကို ပုလိပ်လက် မအပ်ရင် ကျုပ်ပါ ထိန်ချန်မှုဖြစ်လိမ့်မယ်။ စိတ်တော့မရှိနဲ့ ပြောတော့၊ အမေက ဘူးကွယ်တယ်ခင်ဗျာ့။ နောက်ပြီး တောင်းပန်တယ်ခင်ဗျာ့။ ဒီလို အချီအချ ပြောနေသံကြားတဲ့ ဆယ်အိမ်ခေါင်း ကိုအေးက အမေ့လာပြောလို့၊ အမေလည်း ချက်ချင်း ငွေတစ်ရာထုတ်ပေးပြီး ကျွန်တော့်ကို ကနောင်ဘက်သွားပြီး ရှောင်နေဖို့လွှတ်လိုက်တာပါ"

"ကနောင်ဘက်မှာလည်း ပုလိပ်တွေ ရှုပ်နေမှာပါကွယ်။ တစ်ကြော တည်းဖြစ်နေသာကလား"

"မှန်ပါသယ်ဘကြီး။ အဲဒါနဲ့ ကြီးတော်က ခရီးလမ်းစဉ် သေသေ ချာချာပြောပြီး၊ သင်္ဘောပေါ် တင်ပေးလိုက်တာပါခင်ဗျာ"

"သည်ရွာရောက်မှပဲ ဟိုမှာထက်ဆိုးနေသာ တွေ့သမှုတ်လား။ အိုး ထဲမှာ ပူလို့ ခုန်ချတော့မှ မီးဖိုထဲ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်တော့သာကလား"

ကိုမိုးကောင်း ရယ်မောသံဖြင့် ဖြေသိမ့်ပြီးမှ "သည်အထိတော့ သင်းတို့ မလိုက်နိုင်ပါဘူးကွယ်၊စိတ်အေးချမ်းသာစွာနေပါ"ဟုပြောခိုက်ဝယ် မမင်းဆော် ရောက်လာသဖြင့် စကားပြတ်၏။

"မောင်ကြီးရေ။ မယ်ငြိမ်းက သပိတ်သွတ်ချင်တယ် ပြောနေတယ်၊ ဖြစ်မယ်မထင်ဘူး၊ ဖျောင်းဖျပါဦး"

"သေသူကို ရည်စူးပြီး ကောင်းမှုပြုသာပဲ။ လုပ်ပါစေ"

"စဉ်းစားပါဦးမောင်ကြီးရယ်။ ကုလားမွေးတဲ့ ခွေးတွေ ရွာထဲမှာ ရှိနေတာ မောင်ကြီးလည်း အသိ"

www.facebook.com/NyisayEbookCreator
www.nyisay.com



"နမသယ်ရယ်။ ခိုးရင်း ဝှက်ရင်း ဒဏ်ရာရလာပြီး သူခိုးသေသွဲ့အခါ သူခိုးရဲ့မယားခမျာ ကျယ်ကျယ်မငိုရဲဘူးတဲ့။ အခုဟာက မျိုးချစ်ပြည်ချစ် သူ့ရဲကောင်းသေသော။ ဘောက်မဲ့ကြောင့် ဆွမ်းမသွတ်ရဲ၊ မငိုရဲရမှာတုန်း"

ထိုနေ့ညတွင် ရွာသို့ ကိုဝဲပြန်ရောက်လာ၏။ အခြေအနေ အဆိုးကြီး မဟုတ်ငြား ကိုမိုးကောင်းအား မမီပေ။ ယာထဲတွင် ထားခြင်းထက်၊ ကျောင်းတွင် ထားမှသာ ဈေးကနမည် ယူဆကြသဖြင့် ကျောင်းသို့ပို့သည်။ ဦးပဥ္စင်းများကလည်း ကျက်သရေခန်းထဲတွင် အကျအနပြင်ဆင်ပြီး နေရာ ပေးသည်။ ထိုအတောအတွင်း ကိုချွဲအတွက် ပြုလုပ်သည့် သပိတ်သွတ် အလှူလည်း အထမြောက်သွားသည်။

ကိုချွဲအတွက် သပိတ်သွတ်လျှင် ကိုမိုးကောင်းနှင့် ကိုဝဲအတွက် အဘယ်ကြောင့်မသွတ်သနည်း။ ထိုနှစ်ယောက်အတွက် သပိတ်မသွတ်ခြင်း သည် မသေသေး၍သာ ဖြစ်ရမည်ဟု ပုလိပ်သတင်းပေးတို့ တွေးမိသည်။ ထိုအတွေးက ပုလိပ်ထံ ရောက်သွားသောအခါ မမင်းဘော်နှင့် မဝါးကို သူကြီးအိမ်သို့ဆင့်၏။

"ငမိုးကောင်းနဲ့ ငဝဲ ဘယ်မှာတုန်း"

"သေသည်ရှင်သည် သတင်းစုံစမ်းတုန်းပါပဲတော်"

မမင်းဘော်က ဦးဆောင်ဖြေသောအခါ မယ်ဝါးလည်း သည် လမ်းကြောင်းပေါ်လျှောက်ရသည်။

"မှန်မှန်ဖြေနော်၊ ငါ့ဘာမှတ်တုန်း"

"တော့်ကို ပုလိပ်မှတ်ပါသယ်တော်"

သူကြီးသည် မမင်းဘော်၏ အဖြေအတွက် အော်ပြီးရယ်ချင်၏။ ပုလိပ်ကိုကြောက်သဖြင့် မျက်နှာလွှဲကာ ပြုံးရ၏။ ပုလိပ်မှာ 'ဟုတ်ရာဆို နာလိုခံခက် အမျက်ထွက်' တော့သည်။

"ဘာ မခန့်တရန့်ပြောသာတုန်း၊ ဖမ်းချုပ်ရမလား"

www.facebook.com/NyisayEbookCreator
www.nyisay.com


"ဖမ်းချုပ်ရုံမကလို့ သတ်ချင်လည်းသတ်ပေါ့တော်။ တော်တို့ လက်ခုပ်ထဲကရေပဲ၊ သွန်ချင်သလိုသွန် မှောက်ချင်သလိုမှောက်"

"ငမိုးကောင်း ဘယ်မှာနေတုန်း"

"မနှစ်တုန်းကတော့ မင်းလှဘက်မှာလိုလို သန့်သန့်ကြားသာပေါ့"

"ငဝဲကော၊ ဟိုကောင်မ ဖြေစမ်း"

"မင်းတုန်းမှာ နောက်မယား ယူထားဆို ထင်ပေါ့"

မရေမရာနှင့် မတိမကျချည်းဖြစ်သည်။ သို့အတွက် ကျှိုင်းကို ဆင့်ခေါ်ပြန်သည်။ ကျှိုင်း မသွားပါ။

မသွားခြင်းမှာ အမေက ရှောင်နေရန် သညာပေးသည့်အတွက် ဖြစ်သည်။ မမင်းဘော်က အရှောင်ခိုင်းခြင်းမှာလည်း သတင်းကြားထားသဖြင့် ဖြစ်သည်။

ပုလိပ်သည် မျိုးချစ်ပြည်ချစ် ရဲမက်များနှင့် ပတ်သက်သည်ဟု မသင်္ကာသူ၏ ဆွေမျိုးသားချင်းများအနက် ယောကျ်ားသားများကို ကိုယ်ထိလက်ရောက် စော်ကားသည်ဟု မမင်းဘော်ကြားသိသည်။ သူကြီးရှေ့တွင် ခြေဖြင့်ကန်သည်၊ သေနတ်ဒင်ဖြင့် ဆောင့်သည်၊ ထိတ်တုံးခတ်သည်။

ထိုအခြေအနေတွင် လက်ဆောင်ပစ္စည်းနှင့် ငွေကြေးပေးလျှင် သက်သာခွင့်ရ၏။ တုံးပေကတ်သတ် ခံနေလျှင်ကား ပုလိပ်ဌာနသို့ ခေါ်သွားပြီ၊ ထောင်းလမောင်းကျေအောင် သွေးပွက်ပွက်အန်အောင် နှိပ်စက်ပြီ၊ နှိပ်စက်ခံရလွန်း၍ သေသွားလျှင် မြွေကိုက်သေသယောင် ကြိုးဆွဲချသေသယောင် သိဆည်၏။

ကျှိုင်းကား ပုလိပ်ဌာနသို့ အပါခံမည့်သူ မဟုတ်။

ကုလားဖြူ အင်္ဂလိပ်စားပြဲများ၏ လက်အောက်တွင် နေသားကျကာ ကျွန်မွေးပေါက်နေသော ဒေသများ၌ 'ပြည့်တန်ဆာမ' ဟူသည့် ကိုယ်ရောင်းဆျးသည်များသည် ပုလိပ်ရောဂါ၊ ဘိန်းစား၊ အရက်ဆိုင်၊ အမဲသားဆိုင်များ

www.facebook.com/NyisayEbookCreator
www.nyisay.com



နှင့်အတူ ပေါ်ပေါက်ထွန်းကားနေလေပြီ။

ထိုပြည့်တန်ဆာမများကို 'အရင်းမထုတ် စီးပွားလုပ်သည့် ပခြုပ်သည်' ဟူ၍ ခေါ်ရာက 'ပခြုပ်' ဟု အယဉ်သုံးခေါ်ကြ၏။ ကျွန်နိုင်ငံတွင် ပုလိပ်များတွင်ကျယ်ချိန်တွင်ကား၊ ပခြုပ်မှ 'ကွိတ်' သို့ပြောင်းသွားပြန်၏။ သို့အတွက် ဥဒါန်းစကားတစ်ရပ် မြန်မာတို့ နှုတ်ဖျား၌ ပေါ်လာ၏။

"ယောက်ျားဖျင်းတော့ ပုလိပ်။ မိန်းမဖျင်းတော့ ကွိတ်"

ကျောင်းကား၊ ပုလိပ်ကို ကွိတ်နှင့်ပင် တန်းတူရည်တူ ထားသူမဟုတ်ပေ။ ပုလိပ်ကို ခွေးဝင်စားဟူ၍သာ သတ်မှတ်သူဖြစ်၏။ သို့အတွက် ကျောင်းသည် ဝေါက်ငမ်းဆဲရေးခါမျှဖြင့် ပုလိပ်မျက်နှာကို ဒူးဖြင့်တိုက်ပြီး၊ သေနတ်ကို လုယူသွားပေလိမ့်မည်။

ကိုင်းထဲယာထဲတွင် မားမားမတ်မတ် လုပ်ကိုင်နေသူမှာ ကျောင်းဖြစ်သည်။ သည်သား ဝရမ်းပြေးဖြစ်လျှင် ခက်ချိမ့်မည်။ အဖေမှာလည်း ပေါ်ပေါ်ထင်ထင် မနေဝံ့သေး။ သည်အခက်မှာ ရှည်လျား၍ ချက်ချင်းလက်ငင်းကျရောက်မည့် အခက်အခဲများမှာ မမင်းဘော်အား ဖမ်းမည့်အရေးဖြစ်သည်။

မမင်းဘော် အဖမ်းခံရပါက တစ်အိမ်လုံး ဖရိုဖရဲဖြစ်မည်။

ပုလိပ်သည် မမင်းဘော်ကို ဖမ်းဆီးနှိပ်စက်ရုံဖြင့် တင်းမတိမ်မူ၍ သမီးပျိုနှင့် အရွယ်ကောင်းချွေးမကို ရမယ်ရှာလာပါမူ တွေးရဲစရာ မရှိတော့ပေ။ သို့ကြောင့် မမင်းဘော်က ကျောင်းအား အရှောင်ခိုင်းခြင်း ဖြစ်သည်။

တစ်ချိန်သောအခါက သွေးသောက်ကြီး ဦးမိုးကောင်း မယားဟုရွာထဲ၌ ဂုဏ်တင်ခဲ့သော မမင်းဘော်၊ ယခု ခေါင်းလျှိုနေရပြီ။ သူကြီးအိမ်ရောက် ပုလိပ်က မကြာခဏ ခေါ်ငင်ခြိမ်းခြောက်နေသည် မဟုတ်သလော။

မငြိမ်းနှင့် မဝါးလည်း သို့နှယ်သာ။ မြင်းစီးကြီးဦးရွှေ၏ ညီများအဖြစ် ဂုဏ်ရှိခဲ့သမျှ ယနေ့မူ သူကြီးအိမ်သို့ မကြာခဏ သွားရသူများအဖြစ် မျက်နှာ

www.facebook.com/NyisayEbookCreator
www.nyisay.com


ငယ်ရလေပြီ။

စင်စစ်အားဖြင့် ဗိုလ်ရွှဲနှင့် ဗိုလ်ဝဲ၊ ဗိုလ်ချွဲ၊ ဗိုလ်မိုးကောင်းတို့သည် မိစ္ဆာဒိဋ္ဌိအင်္ဂလိပ်ဓားပြ နှိမ်နင်းရေးသမား မျိုးချစ်ပြည်ချစ် သူရဲကောင်းများသာ ဖြစ်၏။ ဂုဏ်အသရေ ရှိသူများသာ ဖြစ်၏။

သို့ရာတွင် သူကြီးအိမ်သည် 'မင်း' အိမ်ဖြစ်၏။

မင်း အိမ်ကို လူတွေရှောင်ကြ၏။

မင်း အိမ်မှ မကြာခဏ အခေါ်ခံရသူသည် မလွတ်မကင်းသော အကြောင်းရှိသူဖြစ်ရမည်။ ထိုအစဉ်အလာရှိသည့်အတွက် တစ်နေ့ထက် တစ်နေ့၊ တစ်လထက်တစ်လ မငြိမ်း၊ မဝါးတို့ မျက်နှာငယ်လာရခြင်း ဖြစ်၏။

မည်သို့ဖြစ်စေ၊ ကိုဝဲ၏ အခြေအနေကောင်းလာပြီ။ ယာထဲသို့ရွှေ့ပြီး နေထိုင်နိုင်နေပေပြီ။

မမင်းဘော်နှင့် မငြိမ်း၊ မဝါးတို့ကား ပင်ကိုကပင် မောက်မာမှု၊ ဝင့်ဝါမှု ကင်းသူများ ဖြစ်ရကား မတုန်လှုပ်ပေ။ ကာယကံရှင်က မတုန်လှုပ်ငြား၊ မထိမဲ့မြင် လုပ်လိုသူ၊ သွေးတိုးစမ်းလိုသူများ ပေါ်လာလေ၏။ ဤသို့ဖြင့် တစ်နေ့သောအခါတွင် မိဆယ်၊ ရွှေခက်နှင့် မိလန်းတို့ ရန်ဖြစ်ကြတော့သည်။

မိလန်းကား ငဝဲ၏တပည့် မုဆိုးငကွန့်၏သမီး ဖြစ်သည်။

ငဝဲနှင့် ငကွန့်သည် မုဆိုးဖြစ်ကြငြား မျိုးရိုးဇာတိ သန့်စင်မြင့်မြတ်မှုနှင့် ယဉ်ကျေးခြင်းတွင်ကား မတူကြချေ။ ကိုဝဲ၏သမီးတွေ ငြိမ်ဆိတ်အေးချမ်းသည်နှင့်အမျှ ငကွန့်၏ သမီးမှု စွာလန်သည်။

ရေခပ်လမ်းတွင် မိန်းကလေးသုံးယောက် ရန်ဖြစ်ကြသည်။ ရန်စသူသည် အကြောင်းမရှိ အကြောင်းရှာပြီး ရန်စသဖြင့် ရန်စ စရာအကြောင်း မရှားပါးပေ။

"မိန်းမတွေကိုက ကုပ်ကမြင်းတွေ၊ ထွီ"

မည်သူ့ကိုပြောပါလိမ့်ဟု ရွှေခက်ကြည့်သည်။ သူတို့ညီအစ်မကို

www.facebook.com/NyisayEbookCreator
www.nyisay.com



တည့်တည့်ကြည့်ပြီး ပြောနေခြင်းပါတကား။

"မိလန်း၊ ပါးကောင်းလို့ လက်ဝါးတောင်းသာလား"

ရွှေခက်ကား မေးရုံသာရှိသေး၏။ မိဆယ်က ထဘီပြင်ဝတ်ကာ ပြေးသွားပြီ။ ပြေးသွားသော်ငြား၊ ရေခပ်လမ်းတွင် သူတို့သုံးယောက်သာ ရှိသည် မဟုတ်။ အခြားသူများလည်းရှိရာ ဝိုင်းဝန်းဆွဲကာ ဖျင်ကြသည်။ လူကိုသာ ဆွဲနိုင်ငြား၊ မိလန်း၏ပါးစပ်ကို ရအောင် မပိတ်နိုင်ကြ။ မိလန်း၏ နှုတ်ဖျား၌ အဆဲပဒေသာပင်ကြီး ပေါက်လာသည်။ ပါးစပ်ကို ပိတ်သူက ပိတ်လိုက်၊ မိလန်းက ရုန်းကန်ပြီး ဆဲလိုက်။ ပိတ်လိုက်၊ ရုန်းဖယ်ဆဲလိုက်။

မိဆယ်နှင့် ရွှေခက်တို့မှာ ရက်ကြောက်စဖွယ် အသုံးအနှုန်းများဖြင့် မဆဲတတ်ပေ။ ဆေးရွက်ကြီးတစ်ရွက်ကို အရိုးတခြား အသားတခြားဖြစ်အောင် ဆွဲဆုတ်ဘိသို့၊ မိလန်းကို ဆွဲဆုတ်ချင်သည်။ ပြန်လှန် မဆဲတတ်။

ထိုအခါတွင် ဘေးမှ ဆွဲသူဖြန်ဖြေသူများ မခံချင်ဖြစ်လာကာ သူကြီးအိမ်သို့ သွားရောက် တိုင်တောကြသည်။ သူကြီးအိမ်တွင်လည်း ပုလိပ်တစ်ဖွဲ့ ရောက်နေသဖြင့် မိလန်း မျက်လုံးပြူးသည်။

ကာယကံရှင် မိဆယ်နှင့် ရွှေခက်က သက်သေဖြစ်ပြီး၊ တိုင်ကြားသူများမှာ တရားလိုဖြစ်နေတော့သည်။

"ကိုယ့်ရပ်ရွာထဲမှာ တစ်မြေတည်းနေ တစ်ရေတည်းသောက်နေကြသဲ့ ညီအစ်မချင်းတွေပဲ။ ဘာပြုလို့ သာလောက် ရိုင်းရိုင်းစိုင်းစိုင်း ဆဲရသတုန်း"

သူကြီးက တရားဟောကာ၊ မိလန်းကိုဖိသည်။ တိုင်ကြားသူများက မိလန်းကို ဒဏ်တပ်စေချင်သဖြင့် မိလန်းဆဲပုံအတိုင်း ဆဲပြသည်။ ဆဲရသူ ပါးစပ်မရှက်ငြား၊ ကြားရသောသူကြီး နားရှက်သည်။ လက်ဝါးကာပြပြီး တစ်စုံတစ်ရာ ပြောမည်အပြုတွင် သေရည်သောက်နေသည့် ပုလိပ်များထဲမှ လက်မောင်းတွင် အစင်းတစ်စင်းပါသည့် ပုလိပ်က လှမ်းပြော၏။

"ထိတ်တုံးထဲထည့်လိုက်သူကြီး၊ ထိတ်တုံးထဲထည့်"

www.facebook.com/NyisayEbookCreator
www.nyisay.com



သစ်သားကို ခြေနှစ်ချောင်း သွင်းနိုင်ရန် အပေါက်နှစ်ပေါက် ဖောက်ထားပြီး၊ အလျားလိုက် ထက်ခြမ်းခြမ်းထားသော ထိတ်တုံးသုံးတုံးက စီရီနေ၏။ မိလန်းမျက်လုံးပြူး မျက်ဆန်ပြူးဖြစ်ကာ ထိုင်ပြီး ရှိခိုး၏။

"ခုမှ ရှိခိုးမနေနဲ့၊ ငါတို့က ဘုန်းကြီးမဟုတ်ဘူး ပုလိပ်။ လာခဲ့"

မိလန်း ထိတ်တုံးထဲရောက်သွားပြီ။ မိဆယ်၊ ရွှေခက်တို့ကိုယ်စားနာကျည်းသူများလည်း ဝမ်းသာအားရ ပြန်သွားကြပြီ။

"သူကြီးမင်း ကျွန်တော်မကို ကယ်တော်မူပါဦး"

"နင့်အပြစ်ကို နင်သိလျက်နဲ့၊ ငါ ဘယ်လိုလုပ်ပြီး ကယ်ရမတုန်း"

"ကျွန်တော်မက ဒေါသဖြစ်ပြီး ဆဲမိသဲ့ အပြစ်ပဲ ရှိသာပါတော်။ သူတို့က ကျွန်မထက် အပြစ်ကြီးပါသယ်။ သူပုန်သမီးတွေပါ"

"တော်စမ်း ကောင်မလေး"

သူကြီး အော်ဟစ်ငေါက်ငန်းပြီး၊ မိလန်းစကားကို ပုလိပ်ကြားသွားပြီ။ "မိန်းကလေး ပြန်ပြောစမ်း"ဟု လှမ်းအမိန့်ပေး၏။

"ကျွန်တော်မ ဆဲသာဟာ လူကောင်းသူကောင်းတွေ မဟုတ်ပါဘူး။ သူပုန်သမီးတွေလို့ ပြောသာပါရှင့်"

"သူပုန် ဟုတ်လား"

"ဟုတ်ပါသယ်။ သူတို့ ဘကြီးက ဗိုလ်ရွှဲ၊ သူတို့အဖေက ဗိုလ်ချွဲ"

"သူကြီး လွှတ်လိုက်စမ်း"

မိန်းမသားများ ဟိရိဩတ္တပ္ပရှိသော ကာလဖြစ်သဖြင့် မိလန်းလက်ပန်းပေါက်မခတ်ဘြား၊ ရင်ထဲ၌ လက်ပန်းပေါက်ခတ်သံများ တဖျောင်ဖျောင်မြည်တော့၏။ ပုလိပ်သည် ဤနည်းဖြင့် သတင်းပေးတစ်ယောက်ကို မွေးလိုက်ကာ၊ ဘုန်းကြီးကျောင်း 'ကြာထပ်' ပေါ်တွင် ဗိုလ်ဝဲရှိကြောင်း သတင်းရသွားလေ၏။

ဘုန်းကြီးကျောင်းတွင် ဗိုလ်ဝဲ မရှိတော့ပါ။

ပုဂံစာအုပ်တိုက်

www.facebook.com/NyisayEbookCreator
www.nyisay.com



သို့သော် ရှိသည်ထားဦး။ ဗိုလ်ဝဲတွင် သေနတ်တစ်လက် ဓား တစ်ချောင်းသာ ရှိပါလိမ့်မည်။ ဤသည်ကိုပင် ပုလိပ်များ မကပ်ရဲ။ သူတို့ ကပ်ရဲလျှင် အေးဆေးစွာ ပြီးစီးသွားမည်။

ပုလိပ်များ မကပ်ရဲသဖြင့် ကုလားတပ်ကို သတင်းပေးသည်။ ကုလား တစ်ရာတပ်ကြီး ဘုန်းကြီးကျောင်းကို လာဝိုင်းသည်။ ကျောင်းပေါ်ကို ဖိနပ်သံ တဂေါက်ဂေါက်ဖြင့် တက်လာကတည်းက ဘုန်းကြီး မကြိုက်တော့ပါ။ သို့သော်လည်း သည်းခံ၏။

"ဘုန်းကြီးရဲ့ကျောင်းမှာ သူပုန်ရှိသယ် ကြားတယ်။ ရှာမယ်တဲ့"

စကားပြန်သည် ဗုဒ္ဓဘာသာ ယဉ်ကျေးမှုကို နားလည်ပါလျက် ရှိသေစွာ မပန်ကြား။ ဘုန်းကြီးသည် ဒေါသကိုထိန်းရင်း ခေါင်းညိတ်ပြ၏။ တိုက်အုပ်ဆရာတော်ကလည်း ပဉ္စင်းပျိုတွေ၊ သာမဏေတွေ ကျောင်းသား ကြီးတွေကို ကျောင်းထောင့်တစ်နေရာတွင် သုံးစုခွဲပြီး ငြိမ်သက်စွာ အထိုင် ခိုင်းထား၏။

"ငါတို့ အမျိုးကောင်းသားတွေ တတ်စွမ်းသမျှ အသက်သွေးချွေးနဲ့ ရင်းပြီး ခုခံတိုက်ခိုက်ခဲ့ကြပြီးလို့၊ အားမတန်တဲ့အတွက် မာန်လျှော့လိုက်ကြ ရပြီ။ မောင်ပဉ္စင်းတို့ သည်းခံကြ၊ သည်းခံကြ"

ဝုန်းခနဲ အသံကြား၏။ ရွှေရောင်တဖိတ်ဖိတ်နှင့် စာတိုက်သေတ္တာ ကြီးတွေ။ သည်စာတိုက်ထဲ၌ ပေထုပ်တွေ ပြည့်နေသည်ကို မြင်ပါလျက် တွန်းလှဲ၏။ အနောင့်တွင် ရွှေရောင်ဝင်းနေသည့် ပေစာထုပ်တွေ။

ပဉ္စင်းနှင့် သာမဏေကျောင်းသားတို့ ရှိခိုးပြီးမှ ဖတ်ရှုတ်ရ အံရသော ဓမ္မစေတီတွေ။

"မကြည့်ကြနဲ့။ မျက်လွှာချထားကြ"

တိုက်အုပ်အရှင်ဇဝနသည် မီးမလောင်အောင် ကြပ်မတ်၏။

မျက်နှာကြက်ပေါ်မှ ဂလုံးဂလွမ်း ဝုန်းဒိုင်းသံများကို ကျယ်လောင်

www.facebook.com/NyisayEbookCreator
www.nyisay.com



သင့်သည်ထက် ကျယ်လောင်စွာ ကြားကြရ၏။

မျက်နှာကြက်ကို လျှာထိုးပျဉ်များဖြင့် ကပ်ထားသည်။ အရှည် အတောင်နှစ်ရာ၊ အကျယ် အတောင်တစ်ရာခန့် ကျယ်မည်။ လျှာထိုး စပ်ကြောင်းများကို 'တလိန်း' ထေးပြီးမှ မျက်နှာကြက်ပေါ်၌ ပန်းချီကား တစ်ချပ် ရေးခြယ်ထား၏။

အရှည် အတောင်နှစ်ရာ၊ အကျယ် အတောင်တစ်ရာရှိသည့် ပန်းချီ ကားကြီးကို မည်သူရေးဆွဲခဲ့သည်ဟု အမှတ်အသားမရှိ၊ မည်မျှကြာအောင် ရေးဆွဲခဲ့ရသည်ဟူ၍လည်း ကမ္ပည်းတင်မထား၊ တာဝတိံသာနတ်ပြည်မှ သင်္ကဿနဂိုရ်ပြည်အထိ ရှည်လျားသော စောင်းတန်းသုံးသွယ်အနက်၊ အလယ်ရှိ ပတ္တမြားသား စောင်းတန်းဖြင့် မြတ်စွာဘုရား သက်ဆင်းတော် မူဟန်ဖြစ်သည်။

ထက်မိုးယံတွင် နတ်တွေ၊ ဗြဟ္မာတွေက မြတ်စွာဘုရားအား ဝန်းရံ ရှိခိုးပူဇော်လျက် ပါလာကြသည်။ မြေပြင်တွင် ရဟန်းတွေ၊ မင်းပရိသတ်တွေ၊ တိုင်းသူပြည်သားတွေ ဆီမီးတန်ဆောင်ဖြင့် ကြိုဆိုနေကြသည်။

သည်မျှဖြင့်ကား သည်ပန်းချီကားကြီးမှာ မပြည့်ဝ၊ မဝေဆာ။

မြတ်စွာဘုရား ခိဋ္ဌာန်တော်မူသဖြင့် စကြဝဠာတိုက်တစ်သောင်း၊ ဟင်းလင်းပွင့်သည်။ ဗြဟ္မာ့ဘုံမှ အဝီစိသို့ တိုးလျှိုပေါက် မြင်ရသည်။ ဤသို့လျှင် ငရဲကြီးရှစ်ထပ်နှင့် အရံငရဲငယ်များ၊ နတ်ပြည်ခြောက်ထပ်နှင့် ဗြဟ္မာနှစ်ဆယ်ပါ ရေးဖြည့်လိုက်သောအခါ အံ့မခန်းပန်းချီကားကြီး ဖြစ်နေ တော့သည်။

သည်ပေါ်တက်ပြီး ကြမ်းတမ်းစွာလျှောက်နေသောအခါ ပန်းချီအလှ ပျက်ချေမည်လောဟု စိုးရိမ်တကြီးကြည့်ကြ၏။ ရွှေရောင်ကြာပွင့်ကြီးတွေ ကွာကျမှဖြင့်။ ကြာပွင့်တွင် ဆွဲထားသည့် ရွှဲလုံးကြီးတွေ ပြုတ်ကျမှဖြင့် ဟူသည့် ကြောင့်ကြမျက်လုံးများဖြင့် တမော့မော့ဖြစ်နေကြသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



မျက်နှာကြက်ပေါ် ပြီးသောအခါ ကျက်သရေခန်းကို မှောက်လှန်၏။

ထိုမှ အားရပြန်လျှင် ဘုရားဆင်းတုတော်တင်သည့် ညောင်စောင်းတွေ၊ ပလ္လင်တွေကို လှဲဖြိုပြန်သည်။

နှစ်ကျိပ်ရှစ်ဆူကိုယ်တော်များ သီတင်းသုံးသည့် ကျောင်းဆောင်ကြီးမှာ ကြီးမား၏။ ရှင်းလင်း၏။ လူတစ်ယောက်ပုန်းနေလျှင်အလွယ်တကူမြင်နိုင်၏။ သို့ပါလျက်နှင့် ကုလားနက်တွေကို လှဲဖြိုရန် ကုလားဖြူ လက်ဖတင်နင်က အမိန့်ပေး၏။ ဝေါခနဲ လွင့်ပြိုကျဆင်းလာသော ထိုဆင်းတုတော်များကို မျက်နှာဖြူလက်ဖတင်နင် တက်နင်းရာ ချော်လဲတော့သည်။

သို့အတွက် ဒေါသတကြီးဆဲဆိုပြီး၊ ဆင်းတုတော်များကို သိမ်းကျုံးကန်သည်။ ဆင်းတုတော်သုံးဆူသည် ခါးထောက်ရပ်နေသည့် ကုလားဖြူကပ္ပတိန်၏ ညို့သကျည်းနှင့် ဒူးကို ထိမှန်သည်။

ကပ္ပတိန် ကောက်ယူပြီး မြှောက်သည်။ ကြမ်းပေါ်မကျမီကန်လွှတ်သည်။

"ဦးသာသနတဲ့ဟေ့"

ဝါတော် သုံးဆယ်၊ သက်တော် ငါးဆယ်ရှိသော ကျောင်းထိုင်ဆရာတော်ဘုရားကြီး ခုန်ထတော့သည်။

တင်ပျဉ်ခွေနှင့် မတ်တတ်ကြားတွင် ဧကသီကိုချွတ်ပြီး ခါးတောင်းကျိုက်ပြီး ဖြစ်တော့သည်။ ခုန်ထပြီးနောက် ကုလားဖြူစားပြ၏ ရင်ဝကို ဒူးဖြင့် ခုန်တိုက်သည်။ လှုပ်ရှားမှု မြန်ဆန်လွန်းသည်။ စားပြ၏လက်ထဲမှ သေနတ်တိုနှင့် စားရှည်သည် ဘုန်းကြီးလက်ထဲ ပါသွားပြီ။ စားပြ ခန္ဓာစဲလျက် ကျန်ခဲ့သည်။

ဆင်းတုတော်တွေကို စော်ကားလိုစိတ်ဖြင့် တမင်တက်နင်းရာက မဟန်နိုင်ဘဲအလဲတွင် ကျောင်းဆောင်နှင့် နဖူးဆောင့်မိပြီး နဖူးကိုလက်ဝါးဖြင့် အုပ်နေသော လက်ဖတင်နင်စားပြလည်း အံ့အားသင့်ချိန်မရလိုက်ဘဲ

www.facebook.com/NyisayEbookCreator
www.nyisay.com



အသက်ပျောက်တော့သည်။

တိုက်အုပ် အရှင်ဇဝနၢ၏ ကြိမ်းမောင်းငေါက်ငမ်းမှုအောက်တွင် မျက်စိဖွင့်လိုက်၊ ဟင်းချကာ ပြန်ပိတ်လိုက်လုပ်နေရသည့် ဦးပဥ္စင်းတွေ ခုန်ထသည်။ ခဲမှန်သော ပျားအုံထဲက ပျားတွေသဖွယ် ပြေးလွှားပျံ့နှံ့သည်။ ကုလားဖြူ ကုလားနက်များနှင့် လုံးထွေးသတ်ပုတ်ကြသည်။

ကိုရင်ငယ်၊ ကျောင်းသားငယ်များ အော်ဟစ်ငိုယိုပြီး ထွက်ပြေးကြသည်။ ကိုရင်ကြီး၊ ကျောင်းသားကြီးတွေမှုကား ကျောင်းအောက်ရှိ ရန်သူများ အပေါ်သို့ ခုန်ချကြသည်။ ကုလားသွေး မြန်မာသွေးသည် ကျောင်းပေါ် ကျောင်းအောက် နေရာအနှံ့ စီးပြန့်သည်။

သေနတ်သံများ ကျယ်လောင်စွာပေါ်လာသည်။ ကြွေးဝါးသံများ ဟစ်ညာသံများမှ သေနတ်သံကိုလွှမ်းလျက် ဟိန်းစည်၏။

ရှိင်းစိုင်းသော၊ ယုတ်မာသော ဓားပြများသည် လျှပ်တစ်ပြက်အတွင်း တိုက်ခိုက်ပျောက်ကွယ်သွားသည့် ဘုန်းကြီး၊ ပဥ္စင်းနှင့် သာမဏေ ကျောင်းသားများနောက်သို့ မလိုက်နိုင်။ ပျောက်သွားကြပြီ။ သို့အတွက် ကျောင်းကြီးကို မီးတင်ရှို့လေ၏။

ရွာထဲမှ မီးအချက်ပေးမောင်းသံ ပေါ်လာသည်။

မီးချိပ်မီးကပ်နှင့် ရေပုံးရေဝတ်ဆွဲလျက် ရွာသားတွေ ပြေးလာကြသည်။ ကျောင်းတစ်ပတ် ပတ်မိအောင် ဇာတ်ခင်းထားသည့် ရုပ်စုံကျောင်းကြီးကို မီးဘေးမှကယ်ရန် ပြေးလာကြခြင်းဖြစ်ငြား၊ သေနတ်ဖြင့် ဆီးကြို အပစ်ခံရသည်။ ဒဏ်ရာရသူများ၊ မရသူများ ပြန်ပြေးလာကြ၏။

အံ့ကြိတ်ကြ၏။ အံ့အားသင့်ကြ၏။

"ငါတို့ ကိုးကွယ်သဲ့ ဆရာတော် ခွေးသတ်လို့ ပျံလွန်တော်မူပြီ"

"ငါတို့ဘိုးဘွားအဆက်ဆက်က တည်ဆောက်ခဲ့တဲ့ ရုပ်စုံကျောင်းကြီးကို ခွေးတွေက မီးနဲ့ရှို့သယ်"

www.facebook.com/NyisayEbookCreator
www.nyisay.com



ရင်ထုပြီး ငိုကြသည်။ လူးလိမ့်ငိုယိုကြသည်။

"မိစ္ဆာဒိဋ္ဌိ ခွေးအယုတ်တမာတွေ သေပါစေ"

ဖာသာလဝါနေသူတွေ ဓားကိုဆွဲကြ၏။

"သတ်ကြ တိုက်ကြ။ ကုလားဖြူ ကုလားမည်း တစ်ယောက်မကျန် သတ်ကြဟေ့"

ရန်သူကို ရန်သူဟု မြင်ထားသူများအဖို့မှု ဆိုဖွယ်မရှိပြီ။

"အမျိုးဘာသာ သာသနာအတွက် အိမ်ရှိလူကုန် ဓားဆွဲထွက်ကြဟေ့"

ယောကျ်ားတွေသာမက မိန်းမတွေပါ ဓားဆွဲလျက် ထွက်လာကြသည်။အဘိုးအို၊ အဘွားအိုများလည်း ဘယ်လက်ဖြင့် မျက်ရည်သုတ်ရင်း ညာလက်ဖြင့် ဓားဆုပ်လျက် လိုက်ပါလာကြသည်။

မည်သည့်အရာဖြင့်မျှ ခြိမ်းမောင်းဟန့်တား၍ မရနိုင်သော ဒေါသလှိုင်းတံပိုးကြီးသည် မီးလျှံအောက်ရှိ ရပ်စုံကျောင်းကြီး တည်ရှိရာသို့ လိမ့်ဆင်းလာ၏။ မသမာကောင်များသည် သေနတ်ဖြင့်ပစ်လျှင် ကျည်ကုန်ခြင်းသာ အဖတ်တင်မည်ဟုသိသဖြင့် လျင်မြန်စွာ ဆုတ်ခွာထွက်ပြေးလေ၏။

ဆင်ပေါင်ဝဲမှ 'ဘုန်းကြီးဗိုလ်'ကား၊ ဤသို့လျှင် ယုတ်ကန်းသော ပုလိပ်တစ်ဦးမှ စတင်ခဲ့ခြင်းဖြစ်ပေ၏။ သေရည်မူးနေသော ပုလိပ်ကသာ၊ မိလန်းကို သတင်းပေးအဖြစ် မမွေးခဲ့လျှင် သာသနာတော် အစော်ကားခံရစရာမရှိ။ ကျောင်းကြီး မီးလောင်စရာမရှိ။ ဘုန်းကြီးဗိုလ်ဟူသည့် မိစ္ဆာဒိဋ္ဌိ ချေမှုန်းရေးသမားလည်း ပေါ်လာစရာ အကြောင်း မမြင်ပေ။

ယခုသော်ကား ဆင်ပေါင်ဝဲတစ်နယ်လုံး ဓားဆွဲပြီး ထကြပြီ။

ဘုန်းကြီးဗိုလ်၏ ဇာစ်မြစ်ကိုသိသူ အဘိုးအိုများသည် မြေးများအား တပ်ထဲ အဝင်ခိုင်းကြသည်။

ဦးသာသနသည် 'မင်းကျောင်း' ဘုန်းကြီးတို့ ဆောင်ရွက်မြဲ စာပေ ပရိယတ္တိလုပ်ငန်းများဖြင့် နယ်ပယ်စည်ကား၊ သာသနာတော်ထွန်းကားရေး

www.facebook.com/NyisayEbookCreator
www.nyisay.com


ကိုသာ ဆောင်ရွက်တော်မူ၏။ သို့ရာတွင် သူ၏ ဇာစ်မြစ်မှာကား 'ပွဲကျောင်း' ဖြစ်သည်။

ပွဲကျောင်းထွက်ဖြစ်သည်နှင့်အညီ ဓား၊ လှံ၊ သေနတ် လုပ်တတ်၏။ ထိုအတတ်၌ ကျွမ်းကျင်၏။ လက်ဝှေ့လက်ပမ်း၊ သိုင်း၊ ဗန်တို ဗန်ရှည်၊ ဆင်စီးမြင်းစီး၊ စစ်ဆင်စစ်တက် တတ်ကျွမ်း၏။

သို့တစ်စေ 'ဤအရာများကား၊ သံသရာမှ လွတ်မြောက်ကြောင်း တရား မဟုတ်' ဟုဆိုကာ စွန့်ပယ်ထားခဲ့၏။

တိုင်းဖျက်ပြည်ဖျက် မသမာကောင်စားပြများက ဆော်ကားလာသော အခါ အရှင်သာသန ဓားကိုင်ရ၊ သေနတ်ကိုင်ရပြီ။

ဘုန်းကြီးဗိုလ်၏ တပ်ကြီးသည် တောမအောင်း လျှိုမြောင် မရှာချေ။ သင်ပန်းတောင်တွင် မြဒေါင်းလံထူကာ သစ်ရိုပ်ငါးရိုပ် ကောင်းရာအရပ်တွင် တပ်တည်ထားသည်။ ရန်သူလာလျှင် အဆင့်ဆင့်တိုက်ခိုက်ရန် တပ်များ ချထားသည်။

ကိုမိုးကောင်းပြန်လာစဉ်က သေနတ်နှစ်လက်ပါလာသည်။ သူသည် သေနတ်များကို ဝှက်ထားပြီး ယာထဲတွင် နေသည်။ ယာထဲသို့ နေ့စဉ် လာသော မမင်းဘော်နှင့် မြဖူး၊ မိရီး၊ မြတ်သာဦးတို့က ရွာသတင်းကို မပြော သဖြင့် ကိုမိုးကောင်း မသိ။ သို့ရာတွင် သူ့သား ငကျိုင်း ပျောက်နေသဖြင့် စိတ်ထဲ မသိုးမသန့်ဖြစ်၏။

သို့ဖြင့် သေနတ်ဝှက်ထားသည့် နေရာကို ကိုမိုးကောင်း စစ်ဆေး၏။ သေနတ်တစ်လက် ပျောက်နေ၏။

မှန်သည်။ ငကျိုင်းကား သင်ပန်းတောင်တွင်ရောက်နေပြီ။ ဘုန်းကြီး ဗိုလ်သည် သူ့တပည့်၏အစွမ်းကိုသိသဖြင့် လက်ရင်းဗိုလ်အရာတွင် ထား၏။ ဆင်ပေါင်ဝဲကို စီးနင်းသောညတွင် ငကျိုင်းသည် လူတစ်ထောင်ပါတပ်ကို ကွပ်ကဲလျက် အနောက်မျက်နှာမှ ဝင်ရောက်တိုက်ခိုက်၏။

ပုဂံစာအုပ်တိုက်

www.facebook.com/NyisayEbookCreator
www.nyisay.com



မိစ္ဆာဒိဋ္ဌိ သုတ်သင်ရေးတပ်သည် ပုလိပ်ဌာနနှင့် ငွေတိုက်၊ စစ်တပ်ကိုသာ အရအမိ စီးနင်းတိုက်ခိုက်သည်။ ရပ်ရွာကို မထိပါ၊ မတို့ထိ။ သို့တစေ ရန်သူက အရပ်သူအရပ်သားတို့၏ အိုးအိမ်များကို မီးတိုက်သည်။ မီးရောင်ရှိမှ မြင်သာထင်သာသောကြောင့် ဖြစ်၏။

ဘုန်းကြီးဗိုလ်၏တပ်များသည် မိမိတို့သေကြေသည်မှာ အကြောင်းမဟုတ်။ ရန်သူသေကြေရေးသာ အကြောင်း။ မြန်မာ့မြေတစ်နေရာဖြစ်သော ဆင်ပေါင်ဝဲမှ ရန်သူပြေးရေးသာ အကြောင်းဟု သဘောထားသည်။ သို့အတွက် လူအားသုံးပြီး တိုက်ခိုက်သည်။ မျက်နှာဖြူအင်္ဂလိပ်စားပြနှင့် သူ၏ တပည့်တပန်း ကုလားနက်နှင့် ပုလိပ်များပါ ကျောကော့ပြေးရသည်။

ဆင်ပေါင်ဝဲမှပြေးသော ရန်သူသည် တောင်အရပ်ရှိ စခန်းအောင်မြေသို့ သွားရောက်ပူးပေါင်းသည်။ ဘုန်းကြီးဗိုလ်သည် ထိုနေရာသို့ သွားရောက်တိုက်ခိုက်မည်။ ထိုမှတစ်ဆင့် မြေထဲ (သို့သော် ရန်သူက မဖွယ်မရာ အမည်ပေးထားသဖြင့် အာလံဖြစ်နေသော) မြို့ကိုပါဆင်းပြီး တိုက်ခိုက်ရန် စီမံသည်။

ဆင်ပေါင်ဝဲတိုက်ပွဲတွင် မြန်မာတို့ဘက်မှ သောက်သောက်လဲသေကြေ၊ ဘုန်းကြီးဗိုလ်၏ အင်အားမှာ လျော့ပါးမသွားချေ။ အနောက်ဘက်ကမ်းမှ လူတွေပါ တသဲသဲဝင်ရောက်လာကြသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com

## ၁၈

မြန်မာ့မြေပေါ်တွင် မင်္ဂလာမရှိသော အရာတစ်ခုရောက်နေသည်။ ထိုအရာမှာ အပြာနှင့် အနီ ကြက်ခြေခတ်ထားသော ဓားပြ ကုလားဖြူအလံဖြစ်သည်။

ထိုအလံသည် ဆင်ပေါင်ဝဲမြို့ဘက်သို့ ဦးတည်လာနေပြီ။

"ရန်သူတွေ အများကြီးပဲ ဗိုလ်မင်း"

သစ်ပင်ပေါ်မှ ကင်းသမား၏အသံကို ကြားလျှင်ကြားချင်း ကျော်ငြိမ်းသည် ခါးတောင်းကျိုက်ပြီး သစ်ပင်ပေါ် တက်ကြည့်၏။ အမြောက်နှစ်လက် မြင်းဆယ်ကောင်ပါသော ရန်သူပါတကား။

ဖုန်လုံးနှင့် ရန်သူ လုံးထွေးနေသဖြင့် အရေအတွက် မခန့်မှန်းတတ်။ လေပြည်အသွေးတွင် ရန်သူနှင့် ဖုန် ကွဲပြားသွားပြီ။ ငါးရာခန့်ရှိမည်။ သို့သော် ကျော်ငြိမ်း၏တပ်မှာ လူတစ်ရာသာရှိသည်။

သို့အတွက် သစ်ပင်ပေါ်မှဆင်းကာ မြို့ဘက်သို့ ခြေမြန်ခဲ့မက် ဘစ်ယောက်ကို လွှတ်လိုက်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"သေသေချာချာ ချိန်ပြီး၊ မိလောက်မှ ပစ်ကြဟေ့။ အသံထွက်ရင် ပြီးစတမ်း သဘောထားသာက ဓားပြ။ အသံထွက်ရင် ပြီးစတမ်းမလုပ်နဲ့"

ချောင်းအတက် သစ်ပင်ချုံပုတ် ကျောက်တုံးသစ်တုံးများဘက်သို့ လူစုခွဲမည့် ရဲမက်များကို ကျေိုင်းမှာကြားသည်။ ဟိုရှေ့တစ်ခေါ်အကွာရှိ ဇရပ်ပေါ်တွင်ကား လူငါးကျိပ်ပါ ရဲမက်အစု တစ်စု။

ချောင်းကမ်းပေါ်သို့ ရန်သူတက်လာပြီ။ ဇရပ်ပေါ်မှ ရဲမက်များ အလံထူကာ လူယောင်ပြသည်။ ကုလားဖြူများ၏အလယ်မှ မြင်းဖြင့် ပါလာသော မုတ်ဆိတ်ဖြူဖြူနှင့် ဓားပြကြီးသည် ရှေ့သို့မျှော်ကြည့်၏။ နောက်သို့ လှမ်းကြည့်၏။ ဇရပ်ကို ဘယ်ညာခွဲပြီး ဝိုင်းရန် အမိန့်ပေးသည်။

အမြောက်နှစ်လက်လည်း တက်လာပြီ။

"တက်တက်။ ထိုးလဟ ခုတ်လဟ၊ တက်တက်"

ဇရပ်ရှေ့မှ လူတွေ အော်ဟစ်ကြသည်။ သေနတ်ဖြင့်လည်း လှမ်းပစ်သည်။ ရန်သူလည်း လှမ်းပစ်သည်။ ဓားတမြောက်မြောက်ဖြင့် မြင်းပေါ်မှ အမိန့်ပေးနေသော ကုလားဖြူ ကားခနဲ ကျသွား၏။

အမြောက်နှစ်လက်ဘေးတွင် စောင့်ကြပ်လျက် လိုက်ပါလာသည့် ရန်သူသည် ညာဘက်သို့ မျက်နှာမူလိုက်သည်။ သူတို့လူ ကျသွားခြင်းမှာ ဇရပ်ဘက်မှပစ်သောကြောင့်မဟုတ်။ ညာဘက် ချုံဖုတ်ထဲမှ ပစ်သောကြောင့် ဖြစ်သည်။

အမြောက်ဘေးရှိ မြင်းပေါ်မှ နောက်တစ်ယောက် ကျသွားပြန်ပြီ။

ရန်သူသည် ဘယ်ဘက်သို့လည်း လူစုခွဲကာ အဆက်မပြတ်ပစ်တော့သည်။ သို့သော် ချုံများထဲမှ နောက်ထပ်မပစ်တော့ချေ။ ထိုအချိန်တွင် ဇရပ်ရှေ့မှ လူအုပ်လည်း ပျောက်သွားသည်။

ကျေိုင်းကား ကျည်နှစ်တောင့်ကုန်ခါမျှဖြင့် ရန်သူခပ်သင့်သင့် နှစ်ယောက် ပြုတ်သွားသဖြင့် ကျေနပ်နေ၏။ မြို့အဝင် ကိုင်းတောထဲတွင်

www.facebook.com/NyisayEbookCreator
www.nyisay.com



လူပြန်စုသည်။

"အမြောက်နားက ခွေးကို ဘယ်သူပစ်တာတုန်းဟေ့"

"ကျွန်တော်ပါဗိုလ်မင်း"

ငစောဖြစ်သည်။ သို့အတွက် ငစောဘေးတွင် ထိုင်နေသော ရဲမက်နှစ်ယောက်ကို လှမ်းမေးရသည်။

"ငစောပြောသာ ဟုတ်သလား။ ငထွေးနဲ့ ရွှေအ"

"ဟုတ်.... ဟုတ်ပါသယ်၊ ဗိုလ်.... ဗိုလ်မင်း"

"တော်သကွာ ရော့ဟော့"

ဘုရင်မင်းမြတ်နှယ် လက်စွပ်၊ လက်ကြပ်၊ လက်ကောက် ဆုချစရာမရှိ။ ငှက်ပျောသီးတစ်ဖီးသာ ငကျိုင်း ပစ်ပေးနိုင်၏။

ထိုအချိန်တွင် ရန်သူသည် မြို့စွန်သို့ရောက်နေပြီ။ ဗိုလ်စဝနေ၏တပ်နှင့် ဗိုလ်သာအေးတပ်က ဆီးကြိုတိုက်ခိုက်နေပြီ။ သေနတ်သံများ၊ ဟစ်ကြွေးသံများသည် အနောက်ဘက်ကမ်းတိုင် ပွဲတင်ထပ်၏။ ရန်သူသည် ရှေ့တိုးလိုက် နောက်ဆုတ်လိုက် ဖြစ်နေရာက လူအုပ်ထဲသို့ အမြောက်နှစ်လက်ဖြင့်ပစ်သည်။

မြန်မာရဲမက်တွေ ဖရိုဖရဲဖြစ်သွားသည်။ တော့တော့ဆိုင်ဆိုင် အလံထူမောင်းတီးပြီးတိုက်သော တပ်ကြီးသည် ဝဲယာအစုနစ်စု ဖြစ်သွားသည်။ သည်အစုများသည် အားသစ်လောင်းပြီး ဒူးလေး၊ လောက်လေး၊ လင်းလေးနှင့် ဓားလှံ နှစ်ဖက်ချွန်များသုံးစွဲကာ ပစ်ခတ်ထိုးခုတ်ကြသည်။

မည်သည့်ရွာက မည်သည့်ဘုရားကိုဖြိုပြီး မှန်ပြတောင် လုပ်သည် ဟူသောသတင်း။

မည်သည့်ရွာကို မိစ္ဆာတပ်တွေကမီးရှို့လုယက်သွားသည်။ ဘုန်းကြီးတွေသတ်ပြီး ကျောင်းကို မီးတင်သွားသည် ဆိုသော သတင်း။

သည်သတင်းတွေကြားစဉ်က တောက်ခေါက်ရုံသာ ခေါက်ခဲ့သူများ၊

www.facebook.com/NyisayEbookCreator
www.nyisay.com



အံကြိတ်ရုံကြိတ်၊ လက်သီးဆုပ်ရုံသာ ဆုပ်ခဲ့သော လယ်သမား၊ ကိုင်းသမား ယာသမားများ။ သူတို့ မျက်ဝါးထင်ထင် မြင်ရသောအခါ ဒေါသကို မထိန်း နိုင်ကြတော့၊ အတင်းဝင်ရောက် ထိုးခုတ်ကြသည်။

အဝေးပစ်လက်နက်နှင့် တူသောအရာဟူ၍ ဒူးလေးနှင့် လောက်လေး၊ လင်းလေးသာပါသည်။ သည်တောသားများကို လက်ညှိုးကလေး ကွေးကာ ကွေးကာ ပစ်သတ်လျှင် ခံနိုင်ရိုးလား ထင်ခဲ့သော လက်ဖတင်နင်လောက်မှာ မျက်ပြူးရလေပြီ။ ပြေးပေါက်ရှာရလေပြီ။ အဆတစ်သောင်းမျှ ကြီးမားသော ဘောက်ဖတ်ကြီးကို အဆတစ်သောင်းမျှ ငယ်သော ပုရွက်ဆိတ်တွေ ဝိုင်းအုံခဲနေ ကြပြီ မဟုတ်သလော။

"ရဲမက်တွေ ထကြဟေ့။ ငါတို့ အချိန်ကျပြီ"

ငကျိုင်းသည် သေနတ်ကို ရဲမက်တစ်ယောက်သို့ပေးပြီး၊ ထိုရဲမက် ထံမှ ဓားကိုယူသည်။ ဓားနှစ်လက် စွဲလျက် ချုံကြိုချုံကြားမှ ဦးဆောင် ချီတက်ခဲ့သည်။

"ကျား ကျား၊ ကျားဘသား ကျား"

လူအုပ်ထဲသို့ အမြောက်ဆန် ပစ်သွင်းရန် ဟန်ပြင်လိုက်၊ သူ့လူ ကိုယ့်လူ ထွေးသွားလိုက် ဖြစ်နေသဖြင့် အမိန့်ပေးရခက်နေသော ကုလားဖြူ ဘေးသို့ ငကျိုင်းရောက်သွားသည်။

ကုလားဖြူသေနတ်ဆွဲမထုတ်နိုင်မီ ဗိုက်ပွင့်ကာ မြင်းပေါ်မှထိုးကျ၏။ အမြောက်စောင့်တွေသည် အလန့်တကြား ပြန်လှန်တိုက်ခိုက်၏။

"ငစောညာဘက်။ ဟ ငထွေးနောက်မှာ။ ကျား"

ငကျိုင်း အော်ပြီး ကုလားဖြူ၏လက်ကို ညာဓားဖြင့် ခုတ်ရင်း၊ ပြေးဝင်လာသော ကုလားနက်ကို ဘယ်ဓားဖြင့် ဆီးပက်သည်။ မြင်းပေါ်မှ ကျသွားသော ကုလားဖြူသည် အူတွေပွေ့လျက် ထရပ်၏။

"ဟ ငစော ငစော"

www.facebook.com/NyisayEbookCreator
www.nyisay.com


သေနတ်သံများ ပေါ်လာသည်။ သေအံ့မူးမူးမှ သေနတ်ဆွဲပြီး၊ ပစ်မိပစ်ရာ ပစ်သော ရန်သူနှစ်ယောက်ကြားသို့ ကျော်ဟိန်းရောက်သွားသည်။ စင်ယော်သုတ်တစ်ချက် ပန်းကုံးလည်ပြတ်တစ်ချက် သွင်းပေးလိုက်သည်။

ငစော ရင်ဘတ်မှ သွေးတန်းငါးခု ပန်းထွက်လာသည်။ သို့ရာတွင် အခုတ်မပျက်၊ရန်သူကြားသို့ ပြေးဝင်သည်။ အူတွေပွေ့ထားသော ကုလားဖြူ ယိုင်ထိုးယိုင်ထိုးဖြင့် ငစောထံလာသည်။ ငစော နှစ်ချက်ဆင့်ခုတ်ရာ၊ လည်ချောင်းမှ ဆီးစပ်အထိ ဟင်းလင်းပွင့်သွားမှ ဘိုင်းခနဲလဲကျ၏။

"ဗိုလ်မင်း ဗိုလ်မင်း"

ရွှေအ ထိတ်လန့်တကြားအော်စဉ်၊ သူ့ကျောထဲသို့ ကျည်ဆန်ဝင်ရောက်၏။ ကျော်ဟိန်းသည် စောင်းငဲ့ကြည့်ပြီး ဒူးထောက်တိမ်းပေး၏။ လှံစွပ်ဖြင့် ပြေးထိုးသော ကုလားနက် အရှိန်လွန်သွားမှ ဦးဆက်ကို သစ်လုံးဖျဉ်းသည့်နှယ် ဖျဉ်းချလိုက်သည်။ ဦးဆက်မှ ခါးအထိ အဝတ်ရောအသားပါ ပြတ်ကျပြီး ဖွေးခနဲဖြစ်သွား၏။ ခဏကြာမှ ရဲခနဲ သွေးပြင်ကြီးဖြစ်လျက် ခွေကျသွား၏။

ဒူးကွေးလျက် ကျသွားသော ရွှေအ ကုန်းထစဉ်၊ လှံစွပ်တင်ချောင်း ဝင်လာသည်။ ထိုလှံစွပ်ကို ကျော်ဟိန်း ညာဓားဖြင့် ခတ်ထုတ်သည်။ တစ်ပြိုင်နက်တည်း ရင်ခွဲအသည်းလှန်လိုက်သည်။

ရန်သူသည် လူလှိုင်း၊ လူတံပိုးဒဏ်ကို မခံနိုင်။ အလောင်းသော်မျှ မကောက်နိုင်ဘဲ ထွက်ပြေးရတော့သည်။

"ဝေး အောင်ပြီဟေ့၊ အောင်ပြီဟ"

ကျွမ်းထိုးသူ ထိုးသည်။ ကသူ ကသည်။ ဓားတွေ၊ လှံတွေ၊ ခက်ရင်းဆွကို လေထဲသို့ ပစ်မြှောက်ကြသည်။ သို့သော် သည်ဘက်မျက်နှာတိုက်ပွဲ၌ ဗိုလ်ဇဝန ကျဆုံးသွားသည်ကို လူအုပ်ကြီး မသိလိုက်ကြ။ ထို့နည်းတူပင် အရှေ့ဘက်မျက်နှာမှ ရန်သူတပ်ကြီးတစ်တပ် ချဉ်းကပ်လာသည်ကိုလည်း မသိကြချေ။

www.facebook.com/NyisayEbookCreator
www.nyisay.com



ငကျိုင်း၏တပ်သည် ချောင်းဘက်သို့ ဆုတ်ခွာခဲ့ကာ အရိပ်ကောင်းတွင် စခန်းချသည်။ ထမင်းဟင်း ချက်ပြုတ်ကြသည်။ ဒဏ်ရာရသူများကို ပြုစုကြသည်။ စောစောတုန်းက လူတစ်ရာ တင်းတင်းပြည့်ခဲ့သောတပ်မှာ ထိခိုက်ရှနာသူများပါ ထည့်သွင်းရေတွက်မှ လေးကျိပ်သာကျန်တော့သည်။

ထိုသို့ဖြစ်ငြား ငကျိုင်း၏ရဲမက်တွေ ပျော်ရွှင်နေသည်။ တေးချင်းတညည်းညည်းဖြင့် ထမင်းချက်သည့်နည်းတူ၊ တေးချင်းတကြော်ကြော်ဖြင့် ရေချိုးနေကြသည်။ ငကျိုင်းလည်း ကမ်းထဲတစ်ဝက် ရေထဲတစ်ဝက်ဖြစ်နေသော သစ်တုံးတစ်တုံးပေါ်တွင် ဝမ်းလျှားထိုးလျက် လက်မှသွေးစေးကို ရေနူးနေ၏။

ရေပြင်ထဲက သူ့အရိပ်သည် တွန့်ချေခေါက်ချေ လှုပ်နှဲ့၏။ ငကျိုင်းမြင်သည်ကား ဤသို့ မဟုတ်။ လည်ချောင်းမှ ဆီးစပ်အထိ ပွင့်နေသော ရင်ဘတ်ကြီး။ အကျိအချွဲတွေ အူသိမ်အူမ၊ အစာသစ် အစာဟောင်း။

ဝေါခနဲ ပြို့တက်လာ၏။

ကြီးမားလုံးနက်သော အသံကြီးတစ်သံပေါ်လာ၏။ သေနတ်သံများလည်း သဲ့သဲ့ကြားကြရပြန်၏။

"ဣမသ္မိံကာယေ၊ ဤတစ်လံ ဤမျှလောက်သော ငါ၏ခန္ဓာကိုယ်၌ ကေသာဆံ၊ လောမာအမွေး၊ နခါ ခြေသည်းလက်သည်း၊ ဒန္တာ သွား၊ တစော အရေ"

"ဗိုလ်မင်း၊ အမြောက်သံ ကြားသယ်"

ရဲမက်တစ်ယောက် ရေစပ်သို့ရောက်လာသည်။

"ဘယ်ဘက်ကတုန်း၊ မြောက်ဘက်ကလား"

ငကျိုင်း ကုန်းထသည်။

"အရှေ့ဘက်ကလို့ ထင်ရသာပဲခင်ဗျာ့"

ငကျိုင်းသည် လက်ကို သစ်တုံးနှင့် ပွတ်လိုက်၊ ရေထဲနှစ်လိုက်

www.facebook.com/NyisayEbookCreator
www.nyisay.com


လုပ်သည်။ ဓားကိုလည်း ဆယ်ယူတိုက်ချွတ်သည်။

"ထမင်း ကျက်ကြပြီလား။ အေးလေ၊ သတိဝီရိယ ထားကြဟေ့"

ငကျိုင်း ထရပ်သည်။ ရန်သူ ဆုတ်ခွာထွက်ပြေးရာ အရပ်သို့ မျှော်ကြည့်၏။ ရန်သူ စိတ်မကျေပွဲ နွှဲမည့်အရိပ်အယောင် မမြင်ရချေ။ သို့သော် မြစ်ထဲသို့ နောက်ထပ် သင်္ဘောတစ်စင်း ရောက်လာပြန်ကာ၊ အနောက်ဘက်မှ ရန်သူများ ချဉ်းကပ်လာကြပြန်ပြီ။

ရန်သူသည် အင်ကြီးအားကြီးဖြင့် နှစ်ဖက်ညှပ်တိုက်ငြား၊ မြန်မာ ရဲမက်တွေ ကြံ့ကြံ့ခံနေသည်။ငကျိုင်း၏တပ်မှာ တိုက်ပွဲဖြစ်နေမှန်း သိပါလျက်၊ စစ်ကူမသွားနိုင်ပေ။ ဓားသောက်နားနေပြီး၍ တပ်စုချိန်တွင် လူသုံးကျိပ်သာ ကျန်တော့၏။ ဒဏ်ရာရသူများသာမက မရသူများပါ အိမ်ပြန်ကုန်ကြသောကြောင့် ဖြစ်၏။

"ရန်သူတွေ ပြေးကုန်ပြီ ဗိုလ်မင်း။ ဗိုလ်မင်း ထမင်းမစားရသေးတာနဲ့ အခန့်သင့်သွားပြီခင်ဗျာ"

ရဲမက်တစ်ဦး ပြောပြောဆိုဆို သူ့ရှေ့သို့ လာရောက် ဒူးထောက်၏။ လက်ထဲတွင် ငှက်ပျောရွက်ခြောက်ဖြင့် ထည့်ထားသော ထမင်းနီနီတစ်ခဲ။ ထမင်းဘေးတွင် ဆားအနည်းငယ်၊ ငါးပိ လက်သည်းခွံမျှပါသည်။

ငကျိုင်းသည် ထမင်းခဲပေါ်သို့ ဆားဖြူးသည်။ တစ်ဖွဲ့ဖွဲ့စားသည်။ အလွန်ချိုမြိန်သော ထမင်းပါတကား။ မညက်တညက် မှိုချလိုက်သော ထမင်းသည် အူတစ်လျှောက် ပြေးဆင်းသွားသည်။ လမ်းဆုံးရောက်သော အခါ အသံပေါင်းစုံ မြည်ကြွေးသည်။

တတိယအလုတ်၊ စတုတ္ထအလုတ်။

ပဥ္စမအလုတ် ခွံ့ချိန်တွင် သွေးသံရဲရဲနှင့် လူတစ်ယောက်ပေါ်လာသည်။ ဆီးစပ်မှ လည်မျိုအထိ ဟောက်ပက်အခွဲခံရသောရန်သူ၏ သွေးခဲကြီးတွေ၊ အူတွေ၊ အစာသစ်တွေ။

www.facebook.com/NyisayEbookCreator
www.nyisay.com



ငကျိုင်းမှာ ပြုံ့တက်လာသည်။ သို့သော် ဝမ်းထဲ၌ အစာမရှိ။ အစာတွေ့သည့်အခိုက် စားထားမှ။

သို့အတွက် ငါးပိနှင့် တို့စားသည်။ အာရုံပြောင်းသည်။ ထိုအခါ ငစောပေါ်လာသည်။ ရင်ဘတ်မှ သွေးတွေ ပန်းထွက်လျက် လျှောက်ပြေးနေသော ငစော။ ငကျိုင်းမှာ အာရုံပြောင်းရပြန်သည်။

'ဟယ်။ သည် အခဲကလေးပဲ ကျန်တော့သာ'

လက်သီးဆုပ်ရွယ် ထမင်းခဲကို ငကျိုင်း မမျိုနိုင်တော့ပါ။ ပြုံ့သည်ထက် ပြုံ့ပြုံ့လာသဖြင့် ရေနှင့် မျှောချလိုက်ရတော့သည်။

ငကျိုင်းမှာ မိမိကိုယ်ကို စစ်ဆေးရပြီ။

'ငါဘာဖြစ်သတုန်း။ စစ်တိုက်သယ်ဆိုသာ သွေးတွေ မြင်ရမှာပဲ။ ကျိုးမှာ၊ ပဲ့မှာ၊ သေမှာပဲ'

တရားချငြား၊ မြင်မကောင်းသော သွေးရွဲရွဲ ရင်ဟင်းလင်းကြီးသည် ငကျိုင်းအား ဆက်လက် ချောက်လှန့်နေ၏။

"ဗိုလ်မင်း။ ဗိုလ်ချုပ် အခေါ်တော်ရှိသယ်တဲ့"

ငှက်ပျောရွက်ခြောက်ကို ငုံ့ကြည့်နေရာက ငကျိုင်း လှမ်းကြည့်သည်။ ရဲမက်တစ်ယောက်သည် မြင်းကိုဆွဲလျက် တရွေ့ရွေ့ချဉ်းကပ်လာသည်။

"ဘာများ အရေးကြီးလာသတုန်း ရန်ပြေး"

"ဟိုသင်း။ အိုလေ ဟိုရောက်ရင် ဗိုလ်မင်းမြင်မှာပါ။ ကျွန်တော်လည်း အခေါ်ခိုင်းလို့ ပြေးလာရသာပါ"

ရန်ပြေး၏အသံ တုန်ယင်နေသဖြင့် ငကျိုင်း စိတ်လေးသည်။ စိတ်လေးလေးဖြင့်ပင် သင်ပန်းတောင်သို့ မြင်းဖြင့် အမြန်ပြန်လာခဲ့ရသည်။ ဘုန်းကြီးဗိုလ်၏ တဲဝတွင် ရဲမက်တွေ ပြည့်နေသည်။ တဲထဲတွင်ကား၊ ဘသာဖျေးနှင့် ဆေးသမားနှစ်ယောက် ရှိသည်။

"ငကျိုင်း ရောက်လာပါပြီဘုရား"

www.facebook.com/NyisayEbookCreator
www.nyisay.com



ဘသာဒွေး၏အသံကိုကြားသဖြင့် ဘုန်းကြီးဗိုလ် မျက်လုံးဖွင့်ကြည့်၏။ မျက်လုံးမကောင်းပုံကို သတိပြုမိတော့မှ သူ့ဆရာ မည်သို့ဖြစ်ပါလိမ့် ကျိုင်း ကြည့်မိ၏။ ရင်ဘတ်တွင် အဝတ်စည်းထားသည်။ စည်းထားသောအဝတ်မှာ သွေးစေးအခြောက်ဖြင့် ချပ်ခဲကြီးဖြစ်နေ၏။

"ငကျိုင်း၊ သည်နားတိုးစမ်း"

လေသံသဲ့သဲ့သာထွက်သဖြင့် ဘသာဒွေးက တစ်ဆင့်ပြောရ၏။ ငကျိုင်းသည် ကွပ်ပျစ်ဘေးသို့ကပ်သွားပြီး ဒူးတုပ်၏။

"သည်တပ် တပ်ကို၊ ဇဝန အုပ် အုပ်ချုပ်လိမ့်မယ်"

အရှင်ဇဝနသည် တောင်ဘက်မျက်နှာစစ်ပွဲတွင် ကျဆုံးသွားခဲ့ပြီ။ ငကျိုင်း မည်သို့ဖြေရပါမည်နည်း။

"ဇဝနရဲ့လက်အောက်မှာ အားကြိုးမာန်တက် အမှု.... အမှုထမ်း.... ထမ်းကြ။ မိတ်.... မိစ္ဆာပါပ"

ဘုန်းကြီးဗိုလ် ငြိမ်သက်သွားသည်။ မျက်စိပြန်ဖွင့်ပြီး စကား ဆက်မည့် အချိန်ကို နားစွင့်နေကြသည်။ ဘုန်းကြီးဗိုလ်ကား ထပ်မံ မလှုပ်ရှားသော ငြိမ်သက်ခြင်းဖြင့် ငြိမ်သက်သွားလေပြီ။

ရန်သူသည် ဘုန်းကြီးဗိုလ်ကျဆုံးကြောင်း မသိပါ။ မသိသော်လည်း သင်္ဘောပေါ်သို့ ပြန်တက်သွားပြီး ရေလယ်တွင် ကျောက်ချ ညအိပ်သည်။ နောက်တစ်နေ့ နေထွက်တစ်ပြုတွင် ပြန်လည်တိုက်ခိုက်ပြန်သည်။

မြန်မာတို့ တရွေ့ရွေ့ ဆုတ်ခွာရသည်။ ရန်သူသည် အသက်ရှူခွင့် မပေးဘဲ သင်ပန်းတောင်အထိ လိုက်လံတိုက်ခိုက်သည်။ သင်ပန်းတောင်မှပါ ဆုတ်ခွာပေးရပြန်သောအခါတွင်ကား ခြောက်လမျှသာ ကြာမြင့်သော ဘုန်းကြီးဗိုလ်၏ မိစ္ဆာဒိဋ္ဌိသုတ်သင်ရေး တိုက်ပွဲမှာ ဆုံးခန်းတိုင်တော့သည်။

ရန်သူကုလားဖြူ အင်္ဂလိပ်စားပြများမှာသော်ကား၊ တိုက်ပွဲ မပြီး သေးပါ။ ကျေးရွာအားလုံးကို တစ်စမကျန် မီးတိုက်ပစ်သည်။ ရွာတိုင်း

www.facebook.com/NyisayEbookCreator
www.nyisay.com



အိမ်တိုင်းသည် ဘုန်းကြီးဗိုလ်ဘက်မှ ပါဝင်ခဲ့သည်မဟုတ်သလော။

ကျေိုင်းသည် အိမ်သို့ပြန်ရောက်ကတည်းက တငေးငေး တငိုင်ငိုင် ဖြစ်နေရာက ခုနစ်ရက်အကြာတွင် အိမ်မှ ပျောက်ကွယ်သွားလေ၏။

ဆင်သေရွာမှာမူ ရန်သူက လာရောက် မီးမတိုက်မီကတည်းက ရွာပျက်နေပြီ။ ပျက်ရပေမည်၊ ဘုန်းကြီးဗိုလ်၏ လက်ရင်းဒါယကာ၊ ဒါယိကာမများမှာ ဆင်သေရွာဖြစ်သည်။ အခြားရွာတွေကို မီးတင်သည့်နည်းတူ လုပ်လိမ့်မည် ယုံကြည်ကြ၏။ အဝေးအလံရွာများသို့ ပြောင်းသူက ပြောင်းသွားပြီ။ တတ်စွမ်းသူများကမူ အိမ်ကိုပါဖျက်ပြီး သယ်ဆောင်သွားကြလေတော့သည်။

မမင်းဘော်နှင့် မယ်ငြိမ်း မယ်ဝါးတို့မှာ။ သုံးအိမ်ထောင်ပေါင်းပါမှ ကျေိုင်းနှင့် မြတ်သာဦးဟူ၍ ယောကျ်ားသား နှစ်ယောက်သာရှိသည်။ သည်အထဲမှ ပေါ်ပေါ်ထင်ထင်တစ်ယောက် ပျောက်သွားသောအခါ မြတ်သာဦးသာ ကျန်တော့သည်။

ကိုမိုးကောင်းနှင့် ကိုဝဲမှာ မတတ်နိုင်တော့ပါ။ ပုန်းကွယ်ရာမှ ထွက်လာရပြီ။ အိမ်တွေဖျက်ပြီး ယာထဲသို့ သယ်ကြရသည်။ ထိုအခါတွင်မှ ပွဲကောင်းကြီး လွတ်ရလေချင်းဟု ရင်ဘတ်စည်တီးဖြစ်ကြရ၏။

အရပ်ရှစ်မျက်နှာတွင် မီးခိုးလုံး မတက်သောနေ့ဟူ၍ မရှိပါ။ ရန်သူသည် အညိုးကြီးစွာဖြင့် ရွာတွေကို မီးရှို့သည်။ ခြေဦးတည့်ရာသို့ အသက်လုပြီး ပြေးသောမိခင်နှင့် ကွဲကျန်ခဲ့သည့် ကလေးငယ်များကား၊ မျက်နှာဖြူမျက်နှာမည်းတို့ လုံ့စွပ်ကစားစရာဖြစ်၏။

ကလေးအချို့သည် လေထဲသို့ လွှင့်ပစ်ခံရပြီး ပြန်အကျ၌ လုံ့စွပ်ဖြင့် အထိုးခံရ၏။ အချို့ကား ဓားဖြင့်အပိုင်းခံရ၏။ အချို့မှာသော် မီးတောက်ထဲသို့ ပစ်အသွင်းခံရ၏။ အချို့မှာမူ ခြေနှစ်ချောင်းကိုဆွဲကာ မြေကြီးပေါ်ကိုင်အရိုက်ခံရ၏။

www.facebook.com/NyisayEbookCreator
www.nyisay.com


သို့အတွက် ရရာ တုတ်၊ ဓား၊ လှံဆွဲပြီး ခုခံကြသည်။

ဤသို့လျှင် တစ်လခန့် တရားမဲ့ လှည့်လည်ရမ်းကား၍ အားရမှ ရန်သူသည် ဆင်သေရွာသို့ရောက်လာ၏။ ရန်သူအတွက် မီးရှို့စရာ အလွန်နည်းပါးနေပြီ။ သို့အတွက် ကိုင်းထဲယာထဲသို့ လက်လီစိတ်ပြီး လိုက်ကြရသည်။

ကိုမိုးကောင်းတို့ ယာထဲသို့ ကုလားနက်ငါးယောက်နှင့် ပုလိပ်တစ်ယောက်ရောက်လာ၏။ သူတို့သည် မမင်းဘော်ကိုသာ ထမင်းချက်လျက် တွေ့ရ၏။

"မယ်မင်းနာမည် ဘယ်သူတုန်း"

"မင်းဘော်"

"မင်းဘော်ပါဘုရားလို့ပြော၊ သေသွားချင်သလား"

"ဩော် မင်းဘော်ပါတော်၊ အဲ ဖ.... ဖ ....ဘုရား"

"မယ်မင်းယောကျ်ား ဘယ်မှာတုန်း"

"ဟင်းစားရှာဖို့အတွက်"

"လျှာမရှည်နဲ့၊ မေးတာဖြေ"

"အမဲလိုက် ထွက်သွားတယ်"

"သည်လို ဟိုနားတစ်အိမ်၊ သည်နားတစ်အိမ် နေဖို့ ခွင့်မပြုဘူး။ ရွာထဲမှာ စုစုစည်းစည်းနေရမယ်။ ရွာထဲကို ဆင်းနေဦး"

ပုလိပ်သည် စာရွက်ကို ငုံ့ကြည့်ပြီးမှ ဆက်ပြောသည်။

"မယ်မင်းတို့ သည်ရွာမှာ မနေရဘူး။ ဟိုဘက်ကမ်း သွေးသောက်စုကို ခုနစ်ရက်အတွင်း အပြီးပြောင်းရမယ်"

"တော်"ဟု မမင်းဘော် ထိတ်လန့်စွာအော်၏။ "လုပ်ခင်းဆောင်တာတွေ တိုးလို့တန်းလန်းနဲ့ ဒီလိုပဲ ထားခဲ့ရတော့မလား" မေး၏။

"ခုနစ်ရက်ကကျော်လို့ သည်နေရာမှာ မရွှေ့မပြောင်းဘဲတွေ့ရင်

www.facebook.com/NyisayEbookCreator
www.nyisay.com



အဖမ်းခံရပြီ မှတ်ပေတော့"

မမင်းဘော်မှာ ကြောင်တောင်ကြီးရပ်လျက် ကျန်ခဲ့သည်။

ပုလိပ်များ၊ ကုလားဖြူများမှာ တစ်ကိုင်းဝင်တစ်ကိုင်းထွက် တစ်ယာဝင် တစ်ယာထွက်ဖြင့် ကိုယ်တိုင်သွားနေကြရ၏။ သူကြီးအိမ်သို့ ဆင့်ခေါ်ရန် အတွက် သူကြီးမရှိ။ ဆယ်အိမ်ခေါင်းမှတစ်ဆင့် အမိန့်ထုတ်ပြန်လိုငြား၊ ဆယ်အိမ်ခေါင်းတွေ ပျောက်နေသည်။ သို့အတွက် ကိုယ်တိုင် ဆင်းနေကြ ရသည်။

မမင်းဘော်မှာ ကိုယ်ကျွတ်လက်သပ် ထားခဲ့ရမည့် ယာပြင်ကြီးကို ကြည့်လျက် မျက်ရည်ဝေနေသည်။ အဖူးဖြိုင်ဖြိုင်ဝေနေသော ဝါခင်းကြီး၊ အပွင့်လှိုင်လှိုင်ဝေနေသည့် ပဲခင်း၊ အသီးဖြိုင်ဖြိုင် ဆွဲနေသည့် ငရုတ်ခင်းတို့ကို ကြည့်ရင်း ကြည့်ရင်း ရင်ဆို့လာသည်။

သို့သော် တရားမဲ့သော ပါပ တိရစ္ဆာန်များအောက်တွင် မည်သို့ လုပ်မည်နည်း။ မတရားလုပ်သည်ကို ငုံ့မခံလိုက တိုက်။ မတိုက်နိုင်လျှင် မတရားလုပ်သမျှကို ခေါင်းငုံ့ခံရန်သာရှိသည်။

မအေ စိတ်ဆင်းရဲသော်ငြား၊ မိရိုးအတွက်မှာသော် အကြိုက်ကျ သွား၏။ သူတို့ပြောင်းရမည့်ရွာမှာ သူ့ရည်းစား ငနှင်းနေသောရွာ ဖြစ်သော ကြောင့်တည်း။

ရွာထဲတွင် သူကြီးဆယ်အိမ်ခေါင်းနှင့် ရွာဆော်ရွာခေါင်း ပုလိပ် သတင်းပေးတို့ စည်ကားစွာရှိစဉ်ကသာ ကိုမိုးကောင်း ငြိမ်နေခဲ့သည်။ ယခု သည်အရာတွေ ပြိုကွဲသွားသောအခါ ပေါ်ပေါ်ထင်ထင် ထွက်လာပြီ။ အိမ်ထောင်ကို မားမားမတ်မတ် ဦးစီးပြီ။

ကိုဝဲလည်း ထိုနည်းလည်းကောင်းဖြစ်ရာ၊ နောက်တစ်နေ့မှစတင်ပြီး လွန်ချီကျွန်းဘက်သို့ အိမ်ပျက်တွေကို လှည်းဖြင့် ရွှေ့ကြသည်။ ကာလ ပျက်ကြီးဖြစ်ငြား ငမိုးကောင်းတို့အတွက် လူမရှားပေ။ ဟိုရွာသည်ရွာမှ

www.facebook.com/NyisayEbookCreator
www.nyisay.com


ကူညီမည့်သူတွေ အလျှိုအလျှို ရောက်လာကြသည်။ သို့လျှင် ခုနစ်ရက်ခေ့သောနေ့၌ အိမ်သုံးလုံးနှင့် အိမ်ထောင်ပရိဘောဂရော လူသူပစ္စည်းများပါ လွန်ချီကျွန်း၏ ဟိုဘက်ကမ်းသို့ ရောက်သွားကြလေ၏။

ရန်သူသည် မြန်မာတို့အား အညှိုးတကြီး စော်ကားသောအားဖြင့် ရွာတွေမီးတိုက်၊ လူတွေသတ်၊ ပစ္စည်းလုယူသည်။ အသက်မသေ ကျန်သူများအားလည်း အခြေပျက်အနေပျက်ဖြစ်စေရန် နယ်နှင်ပြန်သည်။

ကိုမိုးကောင်းနှင့် ကိုဝဲသည် သွေးသောက်စု ရွာခေါင်းထံတွင် အိမ်နေရာတောင်းပြီးနောက် လုပ်ခင်းဆောင်တာ မြေနေရာကို ရှာဖွေသည်။ တစ်နှစ်တစ်ခါ ဧရာဝတီ မြစ်ရေတက်တိုင်း ရွှေတောငွေတောကြီး ထထပြီး ဖြစ်ထွန်းသော ကိုင်းနေရာကို ရှာသည်။ ဆင်သေရွာဘက်က မြစ်ကမ်းနှင့် မတူသဖြင့် ကိုင်းမြေမရှိ။ လွန်ချီကျွန်းတွင်လည်း နေရာလွတ်မရှိ။

သို့အတွက် ယာမြေ တီကျင်းကြသည်။

သို့သော် ယာသည် ကျိန်းမသေချေ။ မိုးလေဝသ ဖောက်ပြန်ချိန်၌ ဝမ်းစာမဆိုထားဘိ မျိုးသော်မှ အနိုင်နိုင်။ တစ်ခါတစ်ရံ မျိုးပါဆုံးသည်။ သို့ကြောင့် တောလည်ရင်း သစ်ခုတ်ရင်း နေရာကောင်းကို ကြည့်ရသည်။

သွေးသောက်စုချောင်းသည် ရွာကိုဝန်းခွေပြီးမှ ဧရာဝတီမြစ်ထဲသို့ စီးဝင်၏။ ထိုချောင်းအတိုင်း ဆန်တက်ကာ၊ ရွာနှင့် တာငါးရာကွာတွင် ကိုမိုးကောင်းတို့ ယာခုတ်ကြသည်။ ချောင်းနှင့်နီးသော်ငြား ယာကမြင့်သည်။ ယာမှအထက်သို့ ထပ်မံဆန်တက်ပြန်ရာ တာတစ်ထောင်ကွာခန့်၌ နေရာကောင်းကိုတွေ့သည်။

နေရာကောင်းမှာ ဝှမ်းသည်။ တောကြီးမျက်မည်းလည်း မဟုတ်။ ချောင်းမှ ရေကို သစ်ခက်ဆည် သဲပေါင်ဆည်ဖြင့်ယူလျှင် ရေမိုးလုံလောက်သော လယ်ကေတစ်ရာခန့် တစ်ဆက်တစ်စပ်တည်း ရနိုင်၏။

မယ်ငြိမ်းသည် လင်နှင့် သားမက်ကို တမ်းတချိန်မရ။ မြေရှိင်း

www.facebook.com/NyisayEbookCreator
www.nyisay.com



ယာသစ်တွင် သားအမိနှစ်ယောက် နေကုန်နေခန်းလုပ်သည်။ ထိုအခါ မြတ်သာဦးသည် ဒေါ်ကြီး၏ အလုပ်ကိုပစ်ကာ သားအမိထံ သွားရောက် ကူညီသည်။ သည့်အတွက် မြတ်သာဦးအား ကျေးဇူးတင်မိသူမှာ မြဖူး။

မြဖူးသည် မအေနှင့်ညီမကို သွားရောက်ကူညီချင်၏။ ကူညီပြန်လျှင် ယောက္ခမ စိတ်အားငယ်မည်လား တွေးပူရသည်။ ယောက္ခမမှာလည်း သား သုံးယောက် ဆုံးရှုံးထားသူ မဟုတ်သလော။

မြဖူး ကြောင့်ကြမည့်သာ ကြောင့်ကြသည်။ မမင်းဘော်မှာ သား တွေကို တမ်းတချိန်မရရှာ။ ဆောက်လုပ်ပြီးစ အိုးအိမ်နှင့် တီကျင်းပြီးစ မြေရိုင်းယာသစ်ကို စီမံခန့်ခွဲနေရသည်နှင့် မအားလပ်ချေ။

သူတစ်ပါးရွာသို့ ရေကြည်ရာမြက်နုရာ ပြောင်းလာသူများမဟုတ်။ ကိုမိုးကောင်းတို့မှာ နယ်နှင်ခံများဖြစ်သည်။ ကြက်ပျောက်လည်း နယ်နှင်ခံ လူသစ်၊ ခရမ်းသီးပျောက်လည်း လူသစ်ကို ယိုးစွပ်တတ်သည်။

ကိုမိုးကောင်းတို့ ကိုဝဲတို့ သုံးအိမ်ထောင်မှာကား ထိုနယ်မဟုတ်။ လေးစားစွာ အဆက်ဆံခံရသည်။ တစ်ဖန် ရွာခံလူငနှင်းရှိနေပြန်သဖြင့် ငနှင်းနှင့် အဖော်အပေါင်းများပါ အုပ်ကြီးချပြီး လာရောက်ကူညီကြသည်။

တစ်နှစ်အတွင်းမှာပင် သုံးအိမ်ထောင်၏ နေထိုင်စားသောက် လုပ်ကိုင် ရေးမှာ အသားကျစပြုလာသည်။ ယာကလည်း ချောင်းနီးသဖြင့် မဆွံ့ပါးလှ။ မမင်းဘော်မှာ တစ်လလျှင် တစ်ခေါက်နှစ်ခေါက် ဟိုဘက်ကမ်းတွင် ကျန်ခဲ့ သော ယာနှင့်ကိုင်းကို မြတ်သာဦး အဖော်ခေါ်လျက် အလွမ်းပြေ ကြည့်ရာက မသွားဖြစ်တော့ချေ။

စင်စစ်အားဖြင့် မမင်းဘော်အား ယာထက် လယ်ကဖိလာပြီ။

သည်အိမ်ထောင်စု သုံးစုပိုင် လယ်ဧကတစ်ရာကို လုပ်ကိုင်ရာတွင် လယ်ကိုမြင်ဖူးသူ သုံးဦးသာရှိသည်။ ကိုဝဲမိသားစုနှင့် မမယ်ငြိမ်းမိသားစုမှာ လယ်ကို လုပ်တတ်ရန်ဝေးစွ မြင်သော်မျှ မမြင်ဖူးကြချေ။ မြတ်သာဦးမှာ

www.facebook.com/NyisayEbookCreator
www.nyisay.com


လယ်လုပ်ဖူးသူဖြစ်သဖြင့် မမယ်ငြိမ်းအတွက် ဟန်ကျ၏။

လယ်ကို ကျွမ်းကျင်စွာလုပ်တတ်သူမှာ ကိုမိုးကောင်းလင်မယားသာ ဖြစ်သည်။ ဖြစ်သော်လည်း မနိုင်ပါ။ သူရင်းငှား ငှားရသည်။ သူရင်းငှားမှာလည်း လယ်ကို ယခုမှမြင်ဖူးသူဖြစ်သဖြင့် ကိုမိုးကောင်းသာ ပင်ပန်းသည်။

အသက်ကြီးခါမှ ပင်ပန်းတကြီးရှိသော လင်ကိုမြင်ရတိုင်း မမင်းသော်မှာ မျက်ရည်ဝေရသည်။ သားတွေကို လွမ်းသည်။ လင်ကို သနားသည်။ သို့အတွက် တစ်ခါတစ်ရံ ညည်းညူတတ်၏။

"ရေနံချောင်းသွားပြီး၊ အေးအေးဆေးဆေး နေကြပါစို့ မောင်ကြီးရယ်"

ကိုမိုးကောင်း ချက်ချင်း ခေါင်းယမ်း၏။

"သူတစ်ထူးရဲ့ မျက်နှာရိပ် မျက်နှာကဲကို ကြည့်ပြီး စားရသဲ့ ထမင်းဟာ ဘယ်မှာ အဆီအသား ဖြစ်မှာတုန်း နမသယ်ရာ"

"ကိုယ့်သမီးနဲ့ ကိုယ့်သမက်ပဲ မောင်ကြီးရ"

"သမက်ပေမယ့် အနေဝေးသကွယ့်။ သမီးကလည်း လင်ကို ဘယ်လောက်ပဲ ဩဇာညောင်းညောင်း၊ လင့်မျက်နှာကို ကြည့်နေရသာပါပဲကွယ်။ ပြီးတော့ သူတို့မှာ ကလေးတွေနဲ့"

"နှစ်ယောက်တည်းများ မောင်ကြီးရယ်။ ကောသထဲ ထည့်ပြောနေ"

ကလေးမြေးငယ်အကြောင်းသို့ ရောက်လာသောအခါ သားရေးသမီးရေးသည် ကိုမိုးကောင်း၏ အာရုံထဲသို့ ဝင်ရောက်လာ၏။ ထိုအခါ မြတ်သာဦးနှင့် မြမြူး၏အကြောင်းသည် ကိုမိုးကောင်း စတင်စရာ စကားဖြစ်လာ၏။ မမင်းသော်ကလည်း အခန့်သင့် အခွင့်ကြုံဆဲတွင် မိရိုးနှင့် ငနင်းတိစ္စကို ထုတ်ဖော်တိုင်ပင်ရလေတော့၏။

✱

www.facebook.com/NyisayEbookCreator
www.nyisay.com

# ၁၉

ထောင်ရောင်နေကသာ ရွှေဘုန်းဝင်း။ ညွှတ်ခကာ ရာမင်းမင်း။ ဘွေသီဟာ မြင့်မှာ ပြာလင်းလင်း။ ဖြန့်ရှစ်ဆိုင်ကာ ထီးစင်း။ ဇေယျာသံကျူး ညွင်းလို့လို့ မြွက်သာကြည်။ ကျွန်းလေးမည် ငယ်ကို စိုးမည့်ဥက္ကန္ဒ၊ ကောင်းညွှန့်ငယ် နေဇာ ရှစ်ဖြပ်မှာ လက်ျာသခ်ီ မြတ်သည်သာနှင့်လေး။

မိဒေါင်းလှ ရင်ထဲတွင် ထိတ်ခနဲ ဖြစ်သွားၡ၏။ စည်းအဝင် စဉ်းငယ် နောက်ကျသွားသောကြောင့်ဖြစ်သည်။ တစ်ပြိုင်နက်တည်း စောင်းဆရာ၏ မျက်လုံးသည် ရောက်ရှိလာ၏။ မိဒေါင်းလှမှာ စိတ်ကို ချက်ချင်းထိန်းရသည်။ လင့်ဘက်သို့ မကြည့်မိစေရန် သတိထားရတော့သည်။

မင်းတစ်ရာတို့ ညွှတ်ခဝပ်စင်းရသော ဘုရင်မင်းမြတ်၏ ဘုန်းတော်သည် နေအစင်းပေါင်း တစ်ထောင်နှယ် တောက်ပလင်းဝင်း၏။ သည်အဓိပ္ပာယ်ကို မိဒေါင်းလှသိသည်။ သို့ကြောင့် သီဆိုရသည်မှာ အရသာရှိသည်။

မျက်လွှာချလျက် စည်းလိုက်နေသော လင်သည် မောင်မောင်လှိုင်း

www.facebook.com/NyisayEbookCreator
www.nyisay.com


လည်း မိမိနှယ် ပီတိဖြစ်နေရာ၏။ ရှင်ပျလန်းကြည်နေရာ၏ ဟူသည့် အတွေးဖြင့် အပျော်ချင်းဆိုင် အပြုးချင်းပြိုင်ရန် မိဒေါင်းလှသည် လင်ကို လှမ်းကြည့်၏။

ထင်သကဲ့သို့ မဟုတ်ပါတကား။ ရေငတ်ပန်းနှယ် ညှိုးငယ်နေပါတကား။

'ဘာဖြစ်တာပါလိမ့်၊ ငါ့ကြောင့်များလား'

ထိတ်ခနဲ ခံစားရမှုနှင့် အတွေးသည် ပြိုင်၏။ ပြိုင်သည့်ခဏဝယ် စည်းအဝင်လစ်သွားသည်။သည်အရာကို မောင်မောင်လှိုင်းသိငြား၊မယားကို မကြည့်။မိဒေါင်းလှသည် သူ့ကို လင်နှယ်တစ်ဖုံ၊ဆရာနှယ်တစ်ဝ ချစ်ကြောက်ရှိသေ၏။ ပညာခန်းနှင့်စပ်လျဉ်းလျှင် သည်းမခံတတ်သဖြင့် ကြောက်သည်။

ကြောက်သူအား မျက်လွှာပင့်ကြည့်သော ပရိသတ်အလယ်၌ မျက်နှာမလှ ဖြစ်နိုင်၏။ ယခုပွဲမှာ အကမဟုတ်။

မင်္ဂလာဧည့်ခံပွဲလာ ပရိသတ်အတွက် အာရုံခံစားစရာမှာ အသံသာရှိ၏။ အကပါလျှင် အသံ၏ချွတ်ယွင်းမှုကို အကဖြင့်ဖုံးနိုင်၏။လက်စွဲများ၏အမူအရာဖြင့် ဖာထေးနိုင်၏။ ယခု အားကိုးမရှိ။

သည်နှယ်ထီးထီးကြီးကို လှမ်းကြည့်လိုက်ပါက ထိတ်လန့်နိုင်၏။ ထိတ်လန့်လျှင် ချွတ်ချော်နိုင်၏။ ချွတ်ချော်သွားလျှင် မိဒေါင်းလှ ပြုပြင်တတ်ပါသည်။ လုပ်တတ်ပါသည်။ သို့သော် ပရိသတ်ထဲ၌ ပညာရှင်တွေပါမည်။ ပရိသတ်အများစု ချီးကျူးခြင်းထက်၊ ပညာရှင်တစ်ယောက်တလေက အရေးကြီး၏။ 'ပညာမဲ့တစ်သောင်း ကဲ့ရဲ့ညောင်းလည်း လူကောင်းတစ်ယောက် ချီးပင့်မြှောက်က ပျောက်၏' ဟူ၍ ရှိသည့်နည်းတူ 'ပညာမဲ့တစ်သောင်း ချီးပင့်လောင်းလည်း၊ သူကောင်းတစ်ယောက် ကဲ့ရဲ့ထောက်က ပျောက်ပြယ်' လေ့ရှိသည် မဟုတ်သလော။

သည်မျှမကသေး၊ 'မောင်လေး ပါသယ်ကြားလို့လာသာ၊ ဆရာဖေ့

www.facebook.com/NyisayEbookCreator
www.nyisay.com



တပည့်နဲ့တိုးသယ်။ ညွှံလိုက်သာ၊ ဆရာဖေကိုမှ အားမနာ'ဟု အပြောခံရမည်။

ကြည့်စမ်း။

ကမ္ဘောဇ ဟော်နန်းတစ်ခုတွင် သဲကြီးမဲကြီး စစ်တုရင်ကစားဆဲ၌ ကွယ်လွန်သည့် ဆရာဖေပါ ကြားက နာမည်ညှိုးဦးမည်။

သည်ပွဲမှာ ကိုမောင်လေး၏ပွဲဖြစ်သည်။ ကိုယ်ရင့်တစ်တူ လူများမို့ ကိုမောင်လေး ခေါင်းညိတ်သောပွဲ။ သည်ရက်ရောက်မှ ကောက်ကာငင်ကာ မျက်စိနာသည်။ ပွဲတွေ အားလုံးပျက်သည်။ အပျက်မခံနိုင်သော ပွဲတွေက 'ကိုဖေဒါ့ ဆိုင်းဆိုရင် ပြီးရော၊ ဘယ်သူဝင်တီးတီး' ဆိုကာ တပည့်တွေကို ခေါ်သွားကြ၏။

သည်ဆေးဆရာကြီး၏ သားမင်္ဂလာဆောင်သို့မူ ထည့်စရာတပည့် မရှိ။ သို့ဖြင့် မောင်မောင်လှိုင်းလင်မယားထံ ရောက်လာခြင်းဖြစ်သည်။ သို့အတွက် မောင်မောင်လှိုင်း ဂရုဓမ္မ စိုက်ထုတ်သည်။

"သိင်္ဂါရွှေသား၊ သိကြားဆက်သ ရံရွှေသော်တာ၊ ခြယ်လှယ်စီကာ ဆောင်ဆောင်ဘုံသာ။ သူဇာတည့် ပုံနှုန်းထား.... ပုံနှုန်းထား။ ယဉ်မူရာ သားများ အများလှိုင်၊ ဘယ်တူပါနိုင် သွန်းမြိုင်ရှာပြိုင် ဆော်နှိုး။ ဘုန်း သိတာမိုး တိုးစည်လျှံဖြိုး၊ သီးမျိုးစုံစွာ မလွှာ တည့်သောင်းသောင်း၊ ရွှေရံ များနှင့် ရုံးပေါင်းရုံးပေါင်း။ ခက်ဖြာ ညွန့်ရှင် စုံစုံလင်လင် စည်ပင်ပွားလို့ နတ်လူသာကြည်၊ ဆုယူ ဆက်ကာပန်။

"ကျိုပ်မှန်ရင့်မို့ ရွှေသွားစက်တော်စုံငယ်ကိုလေ ရွှေဘုံစံခန်း။ စိန်ကြောင် မှန်နန်းပေါ်မှာ"

ချီးမွမ်းသံများ ကြားရ၍ မိဒေါင်းလှ ဝမ်းမသာပါ။ ခေါင်းတွေ တဆတ်ဆတ်ညိတ်သည်ကိုလည်း မသာယာပါ။ ရွက်ထားသောဝန်ထုပ် ကြီး ကျသွားသဖြင့် ဝန်ပေါ့သွား၏။ ယပ်တောင်ကလေးဖြင့် ယပ်ခတ်လိုက် ရသဖြင့် နေသာထိုင်သာရှိရ၏။

www.facebook.com/NyisayEbookCreator
www.nyisay.com


သို့သော် မိဒေါင်းလှ မရှင်မြူးပါ။ အကြောင်းသော်ကား သူ့လင် မကြည်လန်းသောကြောင့်ပေတည်း။

မောင်မောင်လှိုင်းမှာ စောစောကကဲ့သို့ မည်းနှမ်းငြား မရှင်ပါ၊ မပြုံးပါ။ ပစ္စည်းပစ္စယများ သိမ်းဆည်းသယ်ပိုးသူများကို ညွှန်ကြားရာတွင် တက်တက်ကြွကြွ မရှိပါ။ အခမ်းအနားရှင်များအား နှုတ်ဆက်ရာတွင်လည်းကောင်း၊ စောင်းဆရာနှင့် ပလွေသမား၊ ပတ္တလားသမားတို့ကို နှုတ်ဆက်ရာတွင် လည်းကောင်း ယဲ့ယဲ့သာပြုံး၏။

"မောင်မောင်၊ မိဒေါင်းကို ဘာအလိုမကျသတုန်းရှင်"

အသင့်ပါလာသော နွားလှည်းပေါ်သို့ ရောက်လျှင်ရောက်ချင်း မိဒေါင်းလှ မအောင့်အည်းနိုင်ဘဲ မေးတော့သည်။

"ဘာမှ မဖြစ်ပါကလား ရှင်မရယ်"

"မဖြစ်ဘူးသာဆိုသယ်၊ တူရိယာသံကြားရင် မြူးနေကျရွှင်နေကျ မောင်မောင့်မျက်နှာ ရွှင်မှမရွှင်သာ"

မောင်မောင်လှိုင်း လျော့ရဲရဲပြုံး၏။

"ရှင်မဆိုသဲ့ ရာမင်းမင်းက ဆက်နေသယ်။ ဆရာသာကြားရင် ထကန်မှာပဲလို့ တွေးမိရာက ဆရာ့ကို သတိရလို့ပါကွယ်"

"ဩော် မောင်မောင်ရယ်" ဟု ကြင်နာသံကလေးဖြင့် မြည်တမ်းရင်း မိဒေါင်းလှသည် လင့်ကျောပြင်ကြီးကို မှီတွဲ၏။

"ဟဲ့ မိဒေါင်းလှ၊ လူသူလေးပါးမြင်မယ်ဟဲ့"

မောင်မောင်လှိုင်းသည် မိဒေါင်းလှ၏ ခေါင်းကို နင်တံအရင်းပိုင်းဖြင့် လက်ပြန်ခေါက်လိုက်လေသည်။ မိဒေါင်းလှ ပြုံးတူးပျာတာ ကြည့်၏။ ဥယျာဉ်များကြားတွင် ရှင်းလင်းတိတ်ဆိတ်နေသည်။

"ဘယ်သူမှဖြင့် မရှိဘဲနဲ့" ဆိုကာ ကျောကို မှီပြန်သည်။ "မောင်မောင် မိဒေါင်းကို ထားခဲ့သာ ဘယ်လောက်ကြာသယ် မှတ်သတုန်း" မေး၏။

www.facebook.com/NyisayEbookCreator
www.nyisay.com



လင့်ထံမှ စကားမတုံ့သဖြင့် သူ့ဘာသာသူဖြေ၏။

"သုံးနှစ်ခြောက်လနဲ့ ဆယ်ရက်ရှင့် ဆယ်ရက်"

"သည်ကြားထဲမှာ ဆရာ့အိမ်ကို ဘယ်နှစ်ခေါက် ရောက်သတုန်း ရှင်မ"

ရှင်မတို့သားအမိ၊ မည်သို့ လုပ်ကိုင်စားသောက်နေထိုင်သနည်း မမေး။ သူ့ဆရာထံ အကြိမ်မည်မျှ ရောက်သနည်းဟူ၏။ မေးရက်ပါပေ့ မောင်မောင်ရယ်ဟု မိဒေါင်းလှ အော်ပစ်ချင်သည်။

မိဒေါင်းလှမှာ လင်က ထားပစ်ခဲ့ငြား၊ မျက်နှာမငယ်ရပါ။ ဖအေ မအေမှာလည်း အိုမင်းရွတ်တွ မဟုတ်သေးပေ။ ထို့ပြင် မောင်နှင့် ညီမပါ အတူနေအဖြစ် ရှိနေပြန်သောအခါ သားအမိနှစ်ယောက်မှာ မပူမပန် မကြောင့် မကြနေနိုင်သည်။ လူ့ပ်ကာရှားကာဖြင့် မိဘကို ကူညီရန်ရှိသည်။

ဝမ်းရေးအတွက် မပူရသဖြင့် မိဒေါင်းလှမှာ လွမ်းရေးသာထူသည်။ ငါ့လင် ရှိမှရှိပါသေးစ၊ ကျန်းမာပါစေ ချမ်းသာပါစေ။ သို့သော်၊ ယဉ်ကျေး သန့်ပြန့်မြင့်မြတ်သော နေပြည်တော် မန္တလေးမှာ ယုတ်ညံ့လာသည်။ ရှေးကလည်း လူမျိုးခြားတွေ မရှိမဟုတ်။ ရှိပါသည်။ ရှိသော်ငြား မများပါ။

ယခုသော်ကား၊ အမျိုးဘာသာ သာသနာကို စောင့်ရှောက်မည့် တရားမင်း ကွယ်သောအခါ အမျိုးဘာသာ သာသနာကို ဖျက်ဆီးသည့် ရန်သူ မတရားမင်း ဓားပြအင်္ဂလိပ်သည် နိုင်ငံကို ဖျက်ဆီးတော့သည်။

သာလာယံဇရပ် မြန်မာပြည်ထဲသို့ ဝင်လာသမျှသည် ကြွယ်ပိုး ကြွယ်ဝရှိသူ အလွန်နည်း၏။ ဝေါ်ပြတ်လိန်ပိန်နေသော အသူရကယ် ကောင်တွေ ဖြစ်သည်။ ထမင်းသော်မျှ မမြင်ဖူးသူများသည် မြန်မာပြည်၌ ထမင်းကို မြင်ရသောအခါ ဝမ်းသာအားရ ရေနှင့် လွေးသည်။

ထမင်းကို ယခုမှမြင်ဖူးသဖြင့် အရတော်စွဟုအော်ဟစ်ကာ မန်ကျည်း သီးမှည့်တစ်ဆစ်နှင့် ထမင်းစားသည်။ အချို့လည်း ပဲအစိမ်းနှင့် ထမင်းနှင့်

www.facebook.com/NyisayEbookCreator
www.nyisay.com


လွေးသည်။ မြန်မာပြည်ကြီးသည် ထိုအငတ်အပြတ်များအတွက် နတ်ဘုံနတ်နန်းဖြစ်ရာ၊ ခွေးလေးပျားတောအနံ့ ဖြန့်ကြက်ကြသည်။ ထိုအခါ ရွှေမြို့တော်ဟောင်း မန္တလေးသို့လည်း အလုအယက်ဝင်လာကြသည်။ ရေးကသာယာလှပ တင့်တယ်ခဲ့သော ဘူမိနက်သန် မြေမြတ်မြေမှန်မှာ ဤသို့လျှင် အငတ်အပြတ် မကောင်းဆိုးရွားများ တရဟောဝင်လာသဖြင့် အသရေနွမ်းခဲ့ရပြီ။

မိဒေါင်းလှသည် လည်းကောင်း၊ အခြားသော မြန်မာများသည် လည်းကောင်း အမိမြေ၌ သရေတင့်သူများဖြစ်၏။ သွားပုံလာပုံ ပြောပုံဆိုပုံ နေပုံထိုင်ပုံကအစ ယဉ်ကျေးသည်။ သို့ရာတွင် မည်သည့်လူမျိုးမှန်းမသိသော အသွေးစုံအရောင်စုံ လူမျိုးများသည် မယဉ်ကျေးချေ။

မျက်လုံးပြာဟောက်ဟောက်ကို တိမ်စွဲနေသော မျက်လုံးချည်းသာ မိဒေါင်းလှထင်၏။ မျက်လုံးဝါကျင်ကျင်ကိုကား လူ့မျက်လုံးဟု မထင်။ ဆိတ်သတ္တဝါ၏ မျက်လုံးအဖြစ် မိဒေါင်းလှမြင်သည်။

လင်၏ဆရာလည်းဖြစ်၊ မိမိ၏ဆရာလည်းဟုတ်သော ဆရာဖေထံသို့ မိဒေါင်းလှတစ်ခေါက်ရောက်သည်။ ဆရာ့ကို မတွေ့။ ဆရာ့ဇနီးထံမှသာ "ညည်းတို့ဆရာ စာမရေးတော့ဘူး။ တစ်ခါတလေ ရေးပြန်ပါလည်း အဖမ်းခံရမယ့်စာတွေ" ဟု ညည်းသည်။ ညည်းညူရင်း ထုတ်ပြသောစာမှာ "အမျိုးကို ဆဲချင်" သော တေးထပ်ဖြစ်သည်။

ဆရာ့ထံမှ မောင်မောင့်သတင်း ရလိုရငြား မိဒေါင်းလှစောင့်သည်။ နေစောင်းမှပြန်လာခဲ့သည်။ လမ်းတွင် တွေ့ရသမျှ မျက်လုံးပြာ မျက်လုံးဝါတွေကို လူဟု မမြင်။ သို့အတွက် တိရစ္ဆာန်တောထဲ ရောက်နေသည်ဟု မိဒေါင်းလှ ထင်သည်။ လူတစ်ယောက်နှင့် တွေ့ရန် အရေးအတွက် တိရစ္ဆာန်ကန္တာရကို မိဒေါင်းလှ နောက်ထပ်မဖြတ်သန်းတော့။

"မေးနေသယ် ရှင်မရဲ့၊ ဖြေပါဦး"

ပုဂံစာအုပ်တိုက်

www.facebook.com/NyisayEbookCreator
www.nyisay.com



နှင်တံဖုသည် မိဒေါင်းလှ၏ ငယ်ထိပ်ပေါ်သို့ နောက်ပြန်ကျလာ၏။

"နာသယ်မောင်မောင်ရဲ့။ ရောက်ပါသယ် မောင်မောင်ရယ်။ မီး မလောင်ခင်က တစ်ခေါက်ရောက်သာ ဆရာ့ကို မတွေ့ဘူးမောင်မောင်"

"မောင်မောင် ပြန်ရောက်ရောက်ချင်း အိမ်ကိုတောင် မလာဘူး ရှင်မရေ့၊ ဆရာတို့အတန်း မီးလောင်ထားသယ်ကြားလို့၊ ဘယ်လိုများ နေကြ၊ စားကြမတုန်း သိချင်လို့ ပြေးသွားသာ။ တရုတ်အိမ်ဖြစ်နေပြီကွယ်"

"မိဒေါင်းကို ဘာကြောင့် မပြောသတုန်းမောင်မောင်"

မေးလည်းမေးသည်။ ကျောကိုလည်း ထုသည်။

"စကားမစပ်မိကြဘဲကိုး ရှင်မရဲ့။ ဆရာတို့အိမ်နေရာမှာ ရောက်နေသဲ့ တရုတ်တွေကိုမေးတော့၊ ဆရာ့ဆီက ဝယ်သာမဟုတ်ဘူး၊ ဦးထွန်းဝဆီက ဝယ်လိုက်သာတဲ့"

"ဘယ်က ဦးထွန်းဝတုန်း မောင်"

"ရွှေတိုက်စာရေးလေ ရှင်မရဲ့။ အဲသာနဲ့ ဦးထွန်းဝရဲ့ တပည့် ကိုသာအောင်ဆီ သွားရပြန်တာပေါ့။ အဲသာနဲ့ ကိုသာအောင်က ဦးပေါက်ဆိန်နဲ့ စင်တော်မင်းသမီး ဦးကြိုင်ဆီ လိုက်ပို့သဗျ"

"အဲသည်တွေ လျှောက်သွားနေသာနဲ့ မယားနဲ့သားဆီကို ချက်ချင်း မရောက်သာကလား။ အခုမှ ပေါ်သယ်"

ယခုတစ်ကြိမ်တွင်မူ တင်ပျင်ခွေထားသော ပေါင်ကို လိမ်ဆွဲသည်။

"ယားသယ်ရှင်မရေ မလုပ်ပါနဲ့ဟ"

မောင်မောင်လှိုင်း တွန့်လိမ်လူးယမ်းသည်။ နွားနှစ်ကောင်ကား သူတို့ကို လှန့်သည်ထင်သဖြင့် ခြုံသံတလွင်လွင်ပေးကာ အဟုန်မြင့်ပြေး၏။

"မင်းသမီးဦးကြိုင် ပြောတော့မှ အရေလည်သာကလား။ ဆရာတို့ အတန်းမီးလောင်သွားပြီး မကြာခင်မှာ ကိုယ့်နေရာကိုယ်ပြန်ပြီး တတ်စွမ်း သမျှ အိုးအိမ်တည်ထောင်ဖို့ စီစဉ်ကြတော့၊ ခွေးက"

www.facebook.com/NyisayEbookCreator
www.nyisay.com


"အရေးထဲမှာ ဘယ်ခွေးက ပါလာရတာတုန်း မောင်မောင်ရဲ့"

"အင်္ဂလိပ်ကိုပြောသာကွာ၊ နားဝေးလိုက်သာ" ဟု မောင်မောင်လှိုင်းငေါက်သည်။ "သူ့စိတ်ချည်းပဲ" ဆိုကာ မိဒေါင်းလှ မကျေမချမ်းဖြင့် လူချင်းခွာသည်။

"ခွာရင်လည်း လူချင်းကွာအောင် ခွာနော်။ လှည်းဆောင့်လို့ အသားချင်း လာထိရင် နင်တံခေါင်းနဲ့အနက်ပဲ"

ရယ်သံစွက်၍ပြောသဖြင့် မိဒေါင်းလှပြန်ကပ်ကာ ပခုံးကိုကိုက်သည်။

"ဟဲ့ ခွေးမရဲ့ နာသယ်ဟဲ့"

"ကဲပါ ဆက်ပြောပါဦးမောင်မောင်ရာ"

"ခွေးက အမိန့်ထုတ်သတဲ့။ အိမ်တွေပြန်ဆောက်ရင် သွပ်မိုးရမယ်တဲ့၊ သွပ်မမိုးနိုင်ရင် မဆောက်ရဘူးတဲ့"

"ဟုတ်ပြီ။ ကျွန်မကြားသာနဲ့ ကိုက်နေပြီပေါ့"

"ပြောစမ်းရှင်မ၊ ပြောစမ်း။ ဘယ်လိုကြားလို့တုန်း"

"ဆရာတို့ အတန်းမှာနေသဲ့ ရှမ်းတွေ၊ မြန်မာတွေ မနေနိုင်အောင်၊ အင်္ဂလိပ် အဲ ခွေးက မီးရှို့သာတဲ့"

"ဖြစ်နိုင်သယ်။ သည်ခွေးဟာ မြန်မာတစ်မျိုးသားလုံးရဲ့ရန်သူ။ သည်တော့ မဟုတ်သာမှန်သမျှ ယုတ်ကန်းမှုမှန်သမျှ အကုန်လုပ်မှာ"

"မောင်မောင်ရယ်၊ စာရေးဆရာမှာ ဥစ္စာပစ္စည်းဆိုလို့ ပေစာထုပ်တွေ၊ ပုရပိုက်တွေ၊ စာအုပ်တွေပဲ ရှိမှာပေါ့။ မီးလောင်ပြန်တော့လည်း သူဌေးက ရွှေထုပ်ကိုပိုက်ပြီး ခါးကော့ဆင်းနိုင်ပေမယ့်၊ ဆရာခမျာ ဆွဲဆင်းစရာ ကြေးပြားထုပ်တောင် ရှိမှာမဟုတ်ဘူး"

"တပည့်တွေ တရန်းရန်းနဲ့ ရရစားစား ဝါးဝါးမျိုမျိုပါကွယ်"

"သူ့အသက်တမျှ တန်ဖိုးထားသဲ့ စာတွေလည်း မီးထဲပါသွားပြီ။ ထန်းရွက်တဲတောင်မှ အနိုင်နိုင်နေမှာပါ။ အဲသည်လို စာရေးဆရာကို သွပ်မိုး

www.facebook.com/NyisayEbookCreator
www.nyisay.com



အိမ်ဆောက်မယ် စည်းကမ်းထုတ်သာဟာ သက်သက်ယုတ်မာတာ"

မောင်မောင်လှိုင်း ခေါင်းညိတ်သည်။

"ဟုတ်ပါသယ်။ ငါတို့ဆရာ မနေနိုင်အောင် ရပ်ကွက်ကို မီးရှို့ပြီး သည့်စည်းကမ်းထုတ်ပြန်တော့၊ အင်္ဂလိပ် မျက်နှာကြည့်မလား၊ မစင်ပုံကို ကြည့်မလား မေးရင် မစင်ပုံကြည့်မယ် ဖြေမယ့်ဆရာဟာ၊ ငါထင်တယ် ရှင်မ။ မအေတွေ၊ နှမတွေ မိုးမွှန်အောင် ဆဲမှာသေချာသယ်"

မောင်မောင်လှိုင်းသည် ပြောရင်းက "မိုက်မနော် ပြုမဟေးရယ်လို့ သူ့ပထွေးတော့ ထွက်၍ မဟောင်၊ ကုလားမြင်သူ့အမေ...." တို့ကို ပြန်လည် ကြားယောင်၏။ မျက်နှာဖြူ အင်္ဂလိပ်စားပြများနှင့် စပ်လျဉ်းလာလျှင် အသက်မရှူဘဲ တစ်တစ်ခွခွ ဆဲလေ့ရှိပုံများကို မြင်ယောင်၏။

"စင်တော်မင်းသမီးဦးကြိုင် ပြောသာဆက်ပါဦး မောင်မောင်"

"ဦးထွန်းဝက သုံးဆယ်စော်ဘွားကြီးဆီ ခေါ်သွားသယ်တဲ့။ မန္တလေး မှာ ဆရာဆက်နေရင် အကွက်အုပ်သတ်မှုပဲဖြစ်မလား၊ကုလားဖြူကိုသတ်မှုပဲ ဖြစ်မလား။ လူသတ်မှုဖြစ်မှာ သေချာသဲ့အတွက် ခေါ်သွားသာတဲ့"

"ဆရာက သိပ်ဒေါသကြီးသလားဟင်"

"မောင်မောင်ဘနဲ့ဆို အော်ကြီးဟစ်ကျယ် ငြင်းခုံပေမယ့် ဒေါသ မထွက်ပါဘူး။ တပည့်တွေလည်း ခေါင်းခေါက်သာကလွဲလို့ ဒေါသကြီးသာ မတွေ့ဖူးပါဘူး။ ဟော ကုလားနဲ့ ပတ်သက်လာရင်တော့ နင့်အမေငါချင်း မိုးမွှန်တော့သာပဲရှင်မရေ့"

"လူကြုံရှိရင် စာကလေးဘာကလေး ရေးပါလားမောင်မောင်"

မောင်မောင်လှိုင်း ခေါင်းယမ်းသည်။ ရှေ့တူရူသို့ ငေးမောနေပြီးမှ "မောင်မောင်ရေးသဲ့စာကို ဆရာဖတ်နိုင်မှာမဟုတ်ဘူး"ဟု အသံအက်အက်ဖြင့် ပြော၏။

"ဘာဖြစ်လို့တုန်း မောင်မောင်၊ ဟင် ဘာပြုလို့တုန်း"

www.facebook.com/NyisayEbookCreator
www.nyisay.com


မိဒေါင်းလှသည် အထိတ်တလန့်ဖြင့် သေားသို့တိမ်း၏။ လင့်မျက်နှာကို မော့ကြည့်သည်။ အုံ့မှိုင်းနေသော ဖြေမဆည်နိုင်မျက်နှာ။

"ဆရာ ဘာဖြစ်သတဲ့တုန်းမောင်မောင်"

"လွန်ခဲ့သဲ့ ဆယ်ရက်လောက်တုန်းက ကိုသာအောင်နဲ့ ရွာထိပ်မှာ တွေ့လို့ ပြောသွားသယ်။ ဆရာ မရှိတော့ဘူးတဲ့"

မိဒေါင်းလှသည် လင့်ပခုံးပေါ်ခေါင်းတင်လျက် ငိုကြွေးတော့သည်။ ငိုသံအလျှော့တွင် မကြည်မဖြဆက်ပြော၏။

"မနှစ်တုန်းက သကြန်တွင်းမှာ စော်ဘွားကြီးနဲ့ စစ်တုရင် ကစားနေတုန်းမှာ အပျိုတော်တွေက ရေလောင်းတယ်တဲ့။ တစ်ကိုယ်လုံး ရွှဲနေတဲ့ အတွက် အဝတ်လဲပါဦးလို့ စော်ဘွားကြီးရော ဦးထွန်းဝရော ပြောသတဲ့။ ဆရာဟာ တစ်ခုခုအာရုံဝင်စားရင် ထမင်းဟင်းတောင် မေ့သာကလား"

မိဒေါင်းလှ အသံတိတ်ငြား၊ ပြတ်တောင်းမှု ရှိုက်ဆဲရှိ၏။

"သည်စစ်တုရင်လည်း စော်ဘွားကြီးဆီရောက်မှ စွဲသွားသာရှင်မရဲ့။ ကုလားအပေါ်ဖြစ်သဲ့ဒေါသ၊ ရွှေမြို့တော်ကို လွမ်းသဲ့စိတ် ပြေအောင်လုပ်သာ လည်း ဖြစ်ကောင်း ဖြစ်မှာပေါ့လေ။ အဲသည်ရေစိုကြီးနဲ့ အကြာကြီးထိုင်သဲ့ အတွက် အအေးမိဖျားပြီး ဆုံးရှာပြီ"

မောင်မောင်လှိုင်းမှာ မငိုတတ်၍ မငိုစေကာမူ နွားကို မမောင်းမိ။ နွားနှစ်ကောင် မည်သည့်အရပ်သို့ ဆွဲသွားသည်ကို သတိမထား၊ ငေးငေး ကြီးသာ လိုက်ပါလာမိလေ၏။

နွားနှစ်ကောင်သည် သဝေမထိုးပါ။ ကိုယ့်အိမ်ကိုယ့်ယာသို့ တန်းတန်း မတ်မတ်ဝင်လာသည်။ လှည်းချွတ်နေကျနေရာတွင် အလိုအလျောက် ရပ်သည်။ လှည်းရပ်နေငြား လင်မယားနှစ်ယောက် မဆင်းကြ။

"ဟောတော်၊ ဘာလုပ်နေကြသာတုန်း။ အိမ်ရောက်သာတောင် ဒကားက မပြတ်ကြသေးဖူးလား"

www.facebook.com/NyisayEbookCreator
www.nyisay.com



မိဒေါင်းလှ၏ညီမ မိဖြူဥသည် ကွမ်းရူးနေရာက လှမ်းအော်ပြီး ရယ်မောသဖြင့် ဒေါ်လေးမယ်က လှမ်းဟန့်၏။

"ခဲအိုဆိုသာ သွေးမတော်သဲ့ သူစိမ်းယောက်ျားဟဲ့။ အပြောအဆို အနေအထိုင် ဆင်ခြင်စမ်း ကောင်မ"

ဒေါ်လေးမယ်သည် သုံးချောင်းထောက်လှေကားဖြင့် ကွမ်းပင်ထိပ်သို့ တက်နေရာက သမီးငယ်ကြားရုံ လှမ်းပြောခြင်းဖြစ်၏။ ကွမ်းပင်များသည် တိုင်တစ်ဆုံးတက်သဖြင့် ကွမ်းတစ်ဆုပ် ရမည့်အရေး တက်ချေဆင်းချေရူး ရ၏။ သို့အတွက် အညွန့်ကိုဆွဲချ အရင်းပိုင်းကို မြေမှာမြှုပ်သည့် 'ကွမ်းခွေ' နေခြင်းဖြစ်၏။

ဖြူဥသည် အမေ ဟန့်သောကြောင့် ပါးစပ်ပိတ်သွားငြား၊ မျက်လုံးများမှ လှည်းပေါ်မှ မခွာပေ။ အိမ်သို့ရောက်ပါလျက် လှည်းပေါ်မှ မဆင်းသေးဘဲ မည်သည်တို့ကို ပြောနေကြပါသနည်း။ မည်မျှ စိတ်ဝင်စားဖွယ်ကောင်းနေပါသနည်း။

နွားနှစ်ကောင်မှာ လှည်းထဲမှ ထွက်ချင်လှပြီ။ ခွာတရှပ်ရှပ် ခေါင်းတခါခါ လုပ်နေကြပြီ။ သို့အတွက် အမြင်မတော်သော ငကြင်ပြေးလာကာ လှည်းထောက်ခွ ထောက်ပြီး နွားနှစ်ကောင်ကို ထမ်းပိုးကြိုးဖြုတ်ပေးလိုက်၏။

ထိုအခါတွင်မှ မောင်မောင်လှိုင်းတို့ လှည်းပေါ်မှဆင်းရန် သတိရ၏။ လှည်းပေါ်မှဆင်းငြား စကားမပြတ်။

"မင်း မင်းဆိုသာ အဓိပ္ပာယ်မရှိဘူး။ မင်းမင့်ဆိုသာကမှ မင်းအပေါင်းတို့ရဲ့ အရှင်သခင်မင်းဟ၊ ငနောကလေးရဆိုပြီး ဆရာပြောထားသာ ပြေးပြီး သတိရသယ်၊ ဆရာ့ကို လွမ်းသယ်"

"ကျွန်မလည်း ဆရာကတော် မမပိုကို သတိရသယ် မောင်မောင်။ သြော် ဆရာမရှိသဲ့နောက် ကလေးတွေနဲ့ ဘယ်လိုနေပါလိမ့်"

လှည်းဘောင်မှ မောင်မောင်လှိုင်း ခွာသွားသောကြောင့်သာ စကား

www.facebook.com/NyisayEbookCreator
www.nyisay.com


ပြတ်သွားပြီး၊ မိဒေါင်းလှမှာ ပြောစရာမကုန်သေးပေ။ သို့အတွက် အိမ်ပေါ်အရောက်တွင် "မောင်လည်း စိတ်ပြေလက်ပျောက်ဖြစ်အောင် အမျိုးတွေနဲ့လည်း တွေ့ရအောင်၊ အောက်အရပ်ကို တစ်ခေါက်တစ်ကျင်းလောက်" ဟု စကားဆက်သည်။

မောင်မောင်လှိုင်းသည် အင်္ကျီကိုချွတ်ပြီး အိမ်ရှေ့သို့ မျက်နှာမူထားသော ကြည့်မှန်ကြီးအောက်ရှိ သမင်ချိုတွင် အင်္ကျီကိုချိတ်သည်။ မိဒေါင်းလှက ပုဆိုးအဟောင်းတစ်ထည်ယူပေးရင်း သို့်င်းအကြောင်း စကားစသည်။

"မတ်တော်မောင် ကိုရွှေသိုင်းလည်း ဘယ်တော ဘယ်တောင်ရောက်နေသယ်၊ သတင်းပလင်း မရဖူးလား မောင်မောင်"

ထိုအခါတွင် "သတင်းရဖို့ မလိုတော့ဘူး ရှင်မရေ့" အစချီကာ မုန်းချောင်းအနီးတွင် သားအဖသုံးယောက် ဆုံခဲ့ပုံများကို တအေးတဆေးဇာတ်လှန်မိလေတော့သည်။

"အဲသာကြောင့်၊ အဖေတို့သားအဖလည်း သေရင်သေ၊ မသေရင်ခုလောက်ဆို အိမ်ပြန်ရောက်လောက်ပြီ"

"မောင့်နှမတွေလည်း"

မိဒေါင်းလှသည် ယောက်မတွေကိုလည်း သတိရသည်။ သတိရသောကြောင့်၊ "မောင့်နှမတွေလည်း၊ အခုလောက်ဆို အိမ်ထောင်ရက်သားကျကုန်ကြပြီလား မသိဘူး" ပြောလိုက်ခြင်းဖြစ်၏။ သို့သော် မြန်မာ့ယဉ်ကျေးမှုတွင် သမီးများ၊ နှမ၊ အစ်မများ၏ လင်ယူသားမွေးကိစ္စကို ဖအေနှင့်မောင်ဖွားရှေ့၌ မပြောဆို မဆွေးနွေးရသော ထုံးစံရှိ၏။

သို့ကြောင့် မိဒေါင်းလှ စကားမဆက်ဖြစ်။

"အဖေတို့ အမေတို့နဲ့ နှမတွေ ဘယ်လိုနေလို့ ဘယ်လိုစားကြသယ်ကိုယ်က သားကြီးမဟုတ်လား၊ တစ်ခေါက်တစ်ကျင်းတော့ သွားကြည့်သင့်

သာပဲရှင်မရယ်။ အဖေရော သေိုင်းရော ရန်သူနဲ့တိုက်ရင်း ကျဆုံးသွားကြရင် မောင်မောင် ပိုပြီး သွားသင့်သပေါ့။ သို့သော်လည်း ရောက်သွားပါပြီတဲ့ မောင်မောင် ဘာတတ်နိုင်မှာတုန်း။ စဉ်းစားရပြန်ရော"

"မအိုးတို့ ရေနံချောင်းမှာဆိုသာ မောင်မောင် သိပြီလားဟင်"

"ရှင်မ ပြောလို့ သိပြီးပါပြီလေ။ ရေနံချောင်းလိုနေရာမျိုးကို သာပြီး မသွားချင်သေးသယ်။ ကိုယ့်မြေဆီမြေနှစ်ကို ရန်သူတွေ အငမ်းမရ လုယက်နေသာမြင်ရရင် ဒေါသထွက်လိမ့်မယ်"

ကုလားဖြူ အင်္ဂလိပ်စားပြများကို မိဒေါင်းလည်း ရွံရှာစက်ဆုတ်သည်သာပင်။ သို့ကြောင့် ကိုယ်ချင်းစာစိတ်ဖြင့် နှုတ်ပိတ်နေသည်။

"ကိုယ့်တိုင်းပြည် ကိုယ်မပိုင်သဲ့ဘဝမှာ ငါတို့နိုင်ငံ သာလာယံဇရပ်ကြီး ဖြစ်ပြီ။ဇရပ်ရဲ့ ခါးပန်းတွေ ခွာယူလည်း ပြောမယ့်လူမရှိတော့ဘူး။ပန်းဆွဲတွေ ဖြုတ်ယူလည်း တားမြစ်မယ့်လူမရှိဘူး။ အင်း ရန်သူ ရန်သူ။ ရန်သူကို မချေမှုန်းနိုင်ဘဲ ခေါင်းငုံ့ပြီး ကျွန်ဘဝနဲ့ အသက်ရှင်နေမယ့်အစား သေသာကမှ မြတ်ပါသေးတယ်ကွယ်"

မိဒေါင်းလှသည် အထိတ်တလန့်ဖြင့် လင်ကိုပြေးဖက်သည်။

သို့ရာတွင် နေ့ခင်းကြောင်တောင်ကြီးပါကလား။ အဖေအမေ၊ မောင်ညီမများ မြင်သွားနိုင်ပါကလားဟု အသိဝင်လာသဖြင့် မိဒေါင်းလှ ချက်ချင်း နောက်ဆုတ်မိသည်။

"မောင်မောင်ရယ်၊ တစ်တိုင်းတစ်ပြည်လုံး ဖြစ်ကြသာပါ"

"အစ်မရေ၊ ခဲအိုကြီးရေ"

ဖြူဥ မောကြီးပန်းကြီး ပြေးတက်လာ၏။

"ပုလိပ်၊ ပုလိပ်၊ ပုလိပ်တွေ"

မောင်မောင်လှိုင်း ထရပ်သည်။ မိဒေါင်းလှက မောင်မောင်လှိုင်း မျက်နှာမူရာအရပ်ဘက်သို့ပြေးပြီး ရှေ့မှပိတ်ရပ်၏။ သို့ရာတွင် ပုလိပ်

www.facebook.com/NyisayEbookCreator
www.nyisay.com


များသည် အိမ်အနီးသို့ ရောက်မလာချေ။ သူတို့အား မိဒေါင်းလှ၏ အမေနှင့် အဖေက ဆီးကြိုနေပြီ။

"မောင်မောင်လှိုင်း ခဏတစ်ဖြုတ်လာပြီး၊အညာဆိုပြီး ထွက်သွားသာ သုံးလေးနှစ်တောင် ကျော်ခဲ့ပါပြီ ပုလိပ်တော်မင်းတို့ရယ်"

ဦးသာထူးသည်လည်းကောင်း၊ ဒေါ်လေးမယ်သည်လည်းကောင်း၊ ပုလိပ်ငါးယောက်နှင့် ရှာခေါင်း၏ရှေ့တွင် ဆောင့်ကြောင့်ထိုင်လျက်၊ ဒူးနှစ်လုံးပေါ်တွင် လက်နှစ်ဖက် ဆန့်တန်းတင်ထားကြရ၏။

"ရောက်လာရင် ရှာခေါင်းကို ချက်ချင်း အစီရင်ခံရမယ်။ အခု သည်အိမ်မှာ လူဘယ်နှစ်ယောက်ရှိသလဲ"

"ငါးယောက်"

"ငါးယောက်ပါဘုရားလို့ ပြောရသယ် ဦးသာထူး။ ခင်ဗျား တယ်မိုက်သကိုး"

ရှာခေါင်းက မျက်နှာလိုမျက်နှာရ သညာပေးသော်လည်း၊ ဦးသာထူး ငြိမ်နေသည်။ ကာယကံရှင် ဦးသာထူး၏ရင်ထဲ၌ မည်သို့ရှိမည် မောင်မောင်လှိုင်း မသိငြား၊ သူ့ရင်ထဲတွင်မူ ဒေါသလှိုင်းတံပိုးထန်၏။ ပုလိပ်ရော ရှာခေါင်းကိုပါ အမှုန့်ကြိတ်ပစ်ချင်၏။

"အဖေနဲ့အမေ ရှိသားပဲမောင်မောင်ရယ်။ လာပါ၊ တစ်မနက်လုံး ထိုင်နေရသာ ညောင်းရောပေါ့"

အံကြိတ်၊ လက်သီးဆုပ်ထားရာမှ ဓားကိုပြေးမဆွဲမိ မိဒေါင်းလှ ဆွဲခေါ်သည်။ အိမ်ခန်းဘက်သို့ မောင်မောင်လှိုင်း မျက်နှာမူမိမှ ဆွဲထားသည့်လက်ကို မိဒေါင်းလှ ဖြုတ်၏။

⁂

www.facebook.com/NyisayEbookCreator
www.nyisay.com

## ၂၀

"ရန်ကုန်မြို့မှ ပန်းလှိုင်ကျအောင်၊ တာရရှစ်တိုင် နှိုင်းပြိုင်မယှဉ်း၊ ရန်ကင်းစံရာ မှန်စွာနည်းတူ ခနေဖြူလည်း၊ ခြောက်ဆူတိုင်ဖွဲ့ ကုန်ခဲ့သုံးဂါ ညောင်ပင်သာနှင့် သချာတစ်ရပ် ထပ်ကြပ်မိုးညို့၊ တောင်ပို့တစ်ရာ သညာတစ်ဝ ဟသ်ာတနှင့် ဌာနပါညီသုံးစီမျှသာ ခြားကွာရေကြော၊သာရဝေါနစ်ဖော် သေအော်ကျဲခေါင်း၊ ကနောင်း ရွှေကျင် သုံးရွာတွင်လည်း သချာသုံးစီ တာပေါင်းညီသည်"

မိမိတို့ စီးလာသော သင်္ဘောမှာ ရေစုန်ဖြစ်သည်။ မိမိ ယခု ရွတ်နေသည့် လေ့တာစဉ်လင်္ကာမှာ ရန်ကုန်မှစတင်သော အဆန်ခရီးဖြစ်နေသည်။ မိခေါင်းလှမှာ သူ့လင်ရွတ်သမျှကို နားထောင်နေရာက အဖြေကို ငုံ့နေမိသည်။

'သည်လိုရွတ်နေလို့လည်း၊ သူသိချင်သာ ပေါ်မှာမဟုတ်ဘူး'

သူတို့သည် လှေကားခြေရင်းသို့ လှမ်းမြင်နေရ၏။ လှေကားဘေးတွင် သံကြိုးကာထားသော ကွက်လပ်ကလေးရှိသည်။ ကွက်လပ်ထဲတွင် ခုံရှိသည်။ ခုံပေါ်၌ အဝတ်ဖြူခင်းထားသည်။ သည်အဝတ်ဖြူပေါ်တွင်

www.facebook.com/NyisayEbookCreator
www.nyisay.com


သဘော်သား ခေါ်တောကုလားများ တစ်ယောက်ဝင်တစ်ယောက်ထွက် အလှည့်ကျ ဝတ်ပြုနေကြသည်။

သူတစ်ပါးတို့၏ ရိုသေကိုင်းရှိုင်းမှုကို မြင်ရသောအခါ မိမိတို့ ဝန်းကျင်ကို မောင်မောင်လှိုင်း သတိရသည်။

မန္တလေးရွှေမြို့တော်တွင် ဘုန်းတော်ကြီးကျောင်းတွေ လက်ညှိုးထိုး မလွဲရှိသည်။ သို့အတွက်ကြောင့် နံနက်ချိန်ခါတွင် တင်မြို့လုံးရွှေရောင်လွှမ်း သည်။ဆွမ်းခံကြသော သံဃာတော်အရှင်မြတ်များသည် တင်ရာစီငါးဆယ်စီ သူ့စာသင်တိုက်နှင့်သူ ကျက်သရေရှိစွာ ကြွချီတော်မူကြသည်။

လောကတွင် သည်သံဃာရတနာထက် ပိုပြီးမြတ်သောအရာ မရှိ ချေပြီ။ သို့အတွက် ဝန်ကြီးမှူးကြီးကအစ ဝေါ်ပေါ်၊ ရထားပေါ်၊ လှည်းပေါ်မှ ဆင်းပြီး ရှိခိုးကြသည်။ ရပ်ရွာအုပ်ချုပ်ရေးအတွက်၊ ပြေးလွှားဆောင်ရွက် နေသည့် မင်းမှုထမ်းများကလည်း မည်မျှအရေးကြီးသည်ဖြစ်စေ ထိုင်ပြီး ရှိခိုးပြီးမှ ခရီးဆက်သည်။

ထိုမင်းမှုထမ်းများ နေရာတွင်ရောက်လာသော ပုလိပ်များကား ထိုသို့ မဟုတ်။ ထိုင်ပြီးရှိခိုးရန် ဝေးစွ၊ မတ်တတ်မှပင် လက်အုပ်မချီ။ သူတို့အား သံဃာတော်များက လမ်းဖယ်ပေးရသည်။

သည်အချက်ကို သတိရသောအခါ မောင်မောင်လှိုင်း မျက်နှာညှိုး၏။ ညှိုးရာက ခက်ထန်လာသည်။

"လှေတာစဉ်ရွှတ်နေရာက ဘာတွေ တွေးနေပြန်ပါလိမ့် မောင်မောင်ရယ်"

လင့်မျက်နှာကို မှန်ရှု၏သို့ ကြည့်နေသော မိအေါင်းလှသည် ချက်ချင်းပင် ဒူးကိုဆုပ်၏။

"ဆက်ပါဦး မောင်မောင်ရယ်"

"မောင်မောင်ရွှတ်နေသာက အဆန်ခရီး၊ သွားနေသာက အစုန်ခရီးမို့ အဆင်မပြေဘူးထင်လို့ပါ ရှင်မရာ"

www.facebook.com/NyisayEbookCreator
www.nyisay.com



တစ်ဒင်္ဂအတွင်း၊ မန်းရွှေမြို့တော်သို့ သူစိတ်ဝဲလွင့် သွားခဲ့သည်ကို ကာယကံရှင် မောင်မောင်လှိုင်းသော်မှ သတိမထားမိ။

"အိုမောင်မောင်ရယ်၊ ပြောင်းပြန်လှန်ယူမှာပေါ့။ ဆိုပါဦး ဆက်ပြီးတော့"

"အရိမဒ္ဒနာ အောင်ချာပူရဲ ရေးမင်းစံသည် ပုဂံမြို့က ချီပြန်ထသော်၊ အင်းဝဘုန်းခေါင် ရာမင့်နောင်လျှင် ရွှေတောင်ရပ်မှိုင်း ရပ်ဆိုင်းစံပွယ် ပျော်ဖွယ် တစ်ရက် ပဝက်စံင တစ်ကွစံညီး ငမြာကြီးဝယ်၊ ထပ်မီးယှဉ်တွဲ တစ်နေ့တည်းမှ ရဲပဒိုင်းရွာ တစ်ရက်ကွာ သော်၊ နီလာရောင်မှုန်း ကျောက်တစ်လုံး၌ စုရုံးတစ်စဉ် ဖောင်တော် ယှဉ်၍၊ ရေယာဉ်သီတာ ကွန်းထောက်ရွာလည်း"

"မောင်မောင့်ဟာက ရွှေကျင်ကနေပြီး ဘယ်လိုလုပ်ပြီး ပုဂံကို ရောက်သွားရသတုန်း။ မိဒေါင်းဖြင့် နားမလည်ပေါင်"

"အင်းဝ ဆင်ဖြူ့ရှင်မင်းတရားကြီး၊ ရွှေတိဂုံစေတီတော်မြတ်ကြီးကို ထီးတော်အသစ် ဆက်ကပ်တော်မူအပြီးမှာ ရွှေဖောင်တော်နဲ့ ဆန်ခဲ့သဲ့ခရီးပါ ရှင်မရာ။ ကလေးကိုဆွဲဦး ရေထဲကျသွားဦးမယ်"

မယားကို ရှင်းပြရာက သတိပေးရင်း မောင်မောင်လှိုင်းဆက်ရွတ်၏။

"ရေယာဉ်သီတာ ကွန်းထောက်ရွာလည်း၊ ခြားကွာမဝေး လေးတိုင်စီမှန် တိုင်ရှစ်ပြန်တွင် ဗိမာန်သိင်္ဂါ ရတနာသီဃ် ရွှေဝတိုင်ခဲ့ စခန်းဖွဲ့၍ လေးဆယ့်လေးသာ ယူဇနာမှူ သချာတွက်ကိန်း ဂဏန်းထိန်းသော်၊ နှစ်သိန်းလေးသောင်း သချာပေါင်းတည့်။ ခါကောင်းဆန်းသစ် သက္ကရာဇ်သာမောဥဩငြင်းသိ ကျူးချိန်ပြီကို သီဂိဝင်းလျှံ ရွှေဖောင်ပျံနှင့် မင်းစံအောင်ချက် သန်လျက်ကျွန်းငှ ဆိုက်တော်မူသည်၊ နတ်လူပီတိရွှင်လန်းတည်း" တဲ့ဗျား။

မိဒေါင်းလှသည် လင့်မျက်နှာကို မမှိတ်မသုန်ကြည့်နေ၏။ မောင်မောင်လှိုင်းသည် အဆုံးပိုဒ်ကို အဆုံးသတ်ပြီးမှ သူ့မယား၏မျက်နှာထားကို သတိထားမိ၏။ အလိုမကျ ခပ်ညိုညို။

ပုဂံစာအုပ်တိုက်

www.facebook.com/NyisayEbookCreator
www.nyisay.com



မောင်မောင်လှိုင်းသည် ဇနီးသည်အား စိုက်ကြည့်လိုက်ပြီးလျှင် ခပ်သောသောကလေးရယ်မောလိုက်ကာ "ရှင်မရယ် စိတ်မဆိုးတတ်ရင် မဆိုးရဘူးကွယ့်။ မယ်မင်းလုပ်ပုံက ရယ်ချင်ရက်နဲ့ တမင်နှုတ်ခမ်းစူထားသကပဲ" ဆိုသည်။ မိဒေါင်းလှမှာလည်း တမင်မူထားရသဖြင့် မပြုံးဘဲမနေနိုင်တော့။

"ရေနံချောင်းတောင်ရောက်နေပြီမောင်မောင်။ ဆင်းပြီး မေးမြန်းသွားရရင် မကောင်းဖူးလားဟင်"

ရေနံချောင်းဆိပ်ကမ်းသည် ရေနံလှေ၊ ရေနံသင်္ဘောများဖြင့် ဆီးကြိုလင့်၏။ အဝေးရှိတောင်မင်းကို မည်သည့်တောင်ဟု သူတို့ မသိ။

"မဆင်းချင်လည်း ခုနက မောင်မောင်ချန်ထားခဲ့သဲ့ အပိုဒ်ကို ရွတ်ပြ။ အဲသည်မှာမှ ရေနံချောင်းပါမှာ"

"ဟိုတိမ်ခြေထဲက ညို့ညို့ကြီးဟာ ပုပ္ပားတောင်တော်ဆိုသာလားနောင်တော်"

အရေးထဲတွင် ဘေးချင်းကပ်နေရာရှိ လူတစ်ယောက်အား မောင်မောင်လှိုင်း လှည့်မေးနေသည်။

"ဟုတ်ပါ့ဗျား၊ ဝိဇ္ဇာဇော်ဂျီ တပသီတို့ ပျော်မွေ့သဲ့ ပုပ္ပားတောင်မြတ်ပါပဲ။ ပန်းမျိုးစုံသဲ့အတွက် ပုပ္ဖတောင်ခေါ်သာ။ အနို့ ညီမောင်တို့က"

စကားကြွယ်သူနှင့် တွေ့နေသည့်အတွက် ရေနံချောင်းမှ ခွာသည်အထိ စကားမပြတ်တော့ချေ။ မိဒေါင်းလှမှာ မကြည်မသာ အောင့်အီးနေပြီး၊ စကားပြတ်သယောင်ရှိလေမှ ဒူးကိုထု၏။

"သူများခိုင်းသာတော့ ရွတ်မပြဘူး။ ကေန္တာ မောင်မောင် မရဘူးမဟုတ်လား"

"ရပါသယ်ဗျာ၊ ရပါသယ် ဟဲဟဲ"

သူ့ဘက်မှ ချွတ်ယွင်းသွားသဖြင့် ရယ်သံပေး၏။

"ရရင် ဆိုပြပါ မောင်မောင်"

www.facebook.com/NyisayEbookCreator
www.nyisay.com



"ညီးညီးထိန်ပြောင် ရွှေစီးဖောင်နှင့်၊ ရွှေတောင်အသွင် လောင်းရွှေလျှင်လည်း စက်ရှင်လျှံဝင်း ဆန်ပြန်လျှင်းသော်၊ ရေကင်းရောက်အောင် နှစ်တိုင်ဆောင်၏။ ကနောင်သုံးသား ဒွေးကားပြန်အောင် တစ်ဆောင်ပုံအုပ် တလုတ်မော်လေး။ ညောင်စာရေးဇယ အဌရွှေတောင်၊ တိမ်မှောင်ရစ်ဆို့ ပြည်မြို့ရိပ်မြုံ ဇလုံတောင်ထိပ် ညောင်ပင်ဆိပ်နှင့်၊ ရုံးဆိပ်မြေထဲ တစ်ကွဲ လင်းချောင်းငုင်းခြောက်မှာ ငါးတိုင်သာတည်း။တစ်ခါဆင့်ကဲ ဆင်ပေါင်ဝဲနှင့်"

"ဟုတ်ပြီမောင်မောင်။ ဆင်ပေါင်ဝဲပြီးရင် ဘာလာမတုန်းဟင်"

မိမိသွားမည့်ခရီးဆုံး၏ အမည်ပါလာသဖြင့် မိဒေါင်းလှ ပျော်သွား၏။ အိုးခွက်ထည့်သော တောင်းပေါ်သို့ လက်တင်မေးထောက်လျက် မျက်တောင် မခတ်ဘဲ မော့ကြည့်၏။

"ဆင်ပေါင်ဝဲနှင့် မိကျောင်းရဲရွာ ငါးတိုင်သာလျှင် ခြားကွာသည်ချည်း၊ တစ်နည်းမြင်ကွန်း မြောက်ယွန်းကာမေး မကွေးသာလွတ် ဝက်မစွက်သာကဲ၊ ကျောက်ရဲသာချယ် ပခန်းငယ်သာထွေ စလေသာစုံ စဥ့်ကူအုံသာ သည်က လာသော်၊ ယသာမြို့က ရိမဒ္ဒငယ် တာရမှတ်ပိုင် ငါးတိုင်စီသာ ခြားဝေးကွာသည်၊ စဥ့်လာရှေးက ထုံးစံတည်း"

"မောင်မောင့်ဥစ္စာက ရေနံချောင်းမှ မပါသာကြီး"

မိဒေါင်းလှက အလိုမကျသံဖြင့်ဆို၏။

"ရှင်မရယ်။ ဆင်ဖြူ့ရှင်မင်းတရားကြီး ရွှေလက်ထက်တော်က စခန်းစဥ့်ပဲကွယ်။ ဝက်မစွက်ဆိုသာ ပါသားကပဲ။ အဲသည်အချိန်တုန်းက မယ်မင့် ရေနံချောင်းဟာ လူမှနေသေးရဲ့လား မသိပါဘူးကွယ်"

"အလောင်းစည်သူမင်းကြီး တိုင်းခန်းလှည့်လာတော့၊ အဲသည်ရေနံချောင်းကို ခေါ်သဲ့နာမည် ရှိနေပါပြီမောင်မောင်ရဲ့။ ကမ်းယံ အဲ မဟုတ်သေးပါဘူး။ ဆိပ်တော့ ပါပါသယ်"

"ဆိပ်သာကွန်းထောက်"

www.facebook.com/NyisayEbookCreator
www.nyisay.com


"ဟုတ်သယ် ဟုတ်သယ်၊ ဆိပ်သာကွန်းထောက်။ အဲသည်ရွာမှာ ရွှေဖောင်တော်ဆိုက်တော့ သိပ်မွှေးသဲ့ရေတွင်းတွေ ရှိသယ်လေ။ အဲသည် ရေမွှေးတွင်းတွေက မိဖုရားတွေ မချခွာနိုင်ဘဲဖြစ်နေလို့ ကွပ်မျက်ခံရသဲ့အတွက် မိဖုရားညီအစ်မခုနစ်ဖော်ဟာ ရေမွှေးတွင်းတွေကို စိတ်နာပြီး ကျိန်စာတိုက်လို့၊ ရေမွှေးက ရေနံမည်းမည်းကြီးတွေ ဖြစ်လာသာတဲ့"

မောင်မောင်လှိုင်း ခေါင်းညိတ်ပြသည်။

"ဆင်ဖြူရှင်မင်းတရားကြီး ရွှေလက်ထက်တော်တုန်းက ဝက်မစွတ်ပဲ၊ ဘုရင့်ဖောင်တော် လှေတော်တွေ ဆိုက်ကပ်ဖို့ သင့်လျော်လို့၊ မောင်မောင် ရွတ်ပြသဲ့ လှေတာစဉ်ထဲမှာ ဝက်မစွတ်ပဲပါသာဖြစ်မှာပေါ့။ ရေနံချောင်းလည်း ရှိကောင်းရှိနေမှာပါလေ"

ရေနံချောင်းဆိပ်ကမ်းမှ တက်လာသူများအနက်၊ အချို့သည် အထက်တန်းဘက်သို့ သွားကြ၏။ ယင်းတို့အနက် အချို့သည် ပထမတန်း အပြင်ဘက်တွင် ထိုင်ပြီး၊ အချို့က အထဲသို့ဝင်သွားကြသည်။ ဤသည်တို့ အနက် တစ်ယောက်စနှစ်ယောက်စသည် ပြန်ထွက်လာကြပြန်၏။

"ကိုရင်"

မောင်မောင်လှိုင်းသည် မျက်စိနောက်သဖြင့် ဖောင်လင့်ဘက်ရှိ ရွှေစောလူးဘုရားကို လှမ်းလင့်ဖူးမြော်နေစဉ် တစ်စုံတစ်ယောက်သည် သူ့တို့ ဖျာဘေးသို့ လာရောက်ဒူးထောက်၏။ မောင်မောင်လှိုင်း လှည့်ကြည့်ပြီး မျက်မှောင်ကြုတ်၏။

"မောင်မောင်က ညည်းကို မှတ်မိပုံမပေါ်ဘူး။ ညည်း မိအိုးမဟုတ်လား"

"ဟုတ်ပါသယ်မမရယ်၊ မိအိုးပါရှင်"

ထိုအခါကျမှ မောင်မောင်လှိုင်း ရယ်မောသည်။ "ဘယ်က ကုလားမ ဘုန်းလို့ ကြည့်နေသာဟ" ဆိုသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



မိအိုးသည် "ကိုရင်ကဖြင့် မတွေ့သေးဘူးပြောပြီ" ဆိုကာ ဖျာပေါ်ဝင်ထိုင်၏။ ဟိုဆွဲသည်ဆွဲ ဆွဲနေသောရဲလောင်းကို ကောက်ချီသည်။

"မမတို့ အခုမှ ကလေးရသယ် ဟုတ်လားရှင့်"

"အေးပေါ့။ ကလေးက အခုမှ နှစ်ခါလည်သယ်"

မိဒေါင်းလှမှာ ယောင်းမ၏အခြေအနေကို မမေးဘဲနှင့်သိသည်။ ရွှေလက်ကောက်တွေ တချင်ချင်အပြင်၊ ရွှေဆွဲကြိုး၊ ရွှေဘီး၊ ရွှေဆံထိုးများက အခြေအနေကို ဝင့်ကြွားစွာ ပြောနေ၏။

"မမတို့ အခုဘယ်သွားမှာတုန်းရှင့်"

"ညည့်မောင် စိတ်ပြေလက်ပျောက် ရှိပါစေတော့လို့ ဆင်ပေါင်ဝဲကို သွားမလို့"

"ဝမ်းသာလိုက်တာမမရယ်။ ကျွန်မလည်း အဖေတို့အမေတို့ဆီ သွားမလို့။ ကလေးတွေအဖေ မပါဘူး။ ကလေးနှစ်ယောက်ပဲ ပါသယ်ရှင့်။ ဒါထက် ကိုရင်၊ ကျုပ်တို့အခန်းထဲရွှေ့ပါလား၊ အေးအေးဆေးဆေး စကားပြောရအောင်"

"မစီးချင်ပါဘူးဟာ၊ သည်မှာ ပြောလည်း ရသားဟာကို"

မိအိုး နှစ်ခွန်းမပြောရဲပေ။

"ဩော် သာထက်၊ ကိုရင်တို့ ဆင်ပေါင်ဝဲမှာ ဆင်းပြီး ဘယ်သွားမှာတုန်းရှင့်"

"နင့်မွေးသဲ့ ဆင်သေရွာကို သွားမှာပေါ့ဟ ကုလားမရ"

မောင်မောင်လှိုင်းပြောလျှင်လည်း ပြောလောက်ပါပေသည်။ ဆင်သေရွာတွင် ညိုပြာညက်ဖြစ်ခဲ့သော မိအိုးမှာ မိဒေါင်းလှထက် သုံးဆခန့် မည်းနေပြီ။

"ဆင်သေရွာမှာ အဖေတို့ မရှိတော့ဘူးတဲ့ ကိုရင်ရှင့်"

"ဟေ။ သာဖြင့်၊ သာဖြင့်"

www.facebook.com/NyisayEbookCreator
www.nyisay.com


"လွန်ချီကျွန်းရဲ့ တစ်ဖက်ကမ်းက သွေးသောက်စုရွာကို ရောက်သွားပြီတဲ့ကိုရင်။ ကျုပ်လူကြုံနဲ့ စာပေးလိုက်ရာမှာ စာပြန်လာလို့ သိရတာပါရှင့်"

ထိုအခါ သေိုင်းသည် ဖျပ်ခနဲ အာရုံထဲသို့ဝင်လာ၏။

"သေိုင်းတို့၊ ကျိုင်းတို့၊ မိရိုးတို့အကြောင်း မပါဖူးလား"

"မပါဘူးရှင့်။ အရင်လို ကိုင်းမလုပ်ဘဲ လယ်လုပ်နေသဲ့အကြောင်း၊ ဘကြီးချွဲဆုံးသဲ့အကြောင်းပဲ ပါသယ်ရှင့်"

မောင်မောင်လှိုင်းသည် လွန်ချီကျွန်းကိုအာရုံထဲ၌ပေါ်အောင် ကြိုးစားကြည့်သည်။ သူသည် ဆင်သေရွာကို ငယ်စဉ်ကပင် ခွာခဲ့သည်။ ညီတွေ ရှင်ပြုစဉ်၊ နှမတွေ နားထွင်းစဉ်ကသာ တစ်ခေါက် ပြန်ရောက်သည်။ သို့အတွက် မစမ်းဝါးမိ။

"လွန်ချီကျွန်းမှာ သင်္ဘောဆိုက်သလား"

"ကိုရင်ရှင့်။ လွန်ချီကျွန်းမှာ သင်္ဘောမကပ်ဘူးတဲ့။ ကျွန်မ ကုလားတွေကို မေးကြည့်ပြီးပါပြီရှင့်၊ ဆင်ပေါင်ဝဲကျမှ ကပ်ပါသတဲ့ရှင့်"

"အင်း သေိုင်းနဲ့ ကျိုင်းအကြောင်း မပါဘဲကိုး" ဟု ငေးမောရင်း မောင်မောင်လှိုင်း ညည်းတွားသည်။

"ဟိုရောက်ရင် သိရမှာပဲကိုရင်ရယ်"

မိအိုးသည် နှစ်သိမ့်စကားဆိုရာက မောင်ထံတွင်ခွင့်ပန်ပြီး ယောက်မ သားအမိကို အထက်တန်းခန်းသို့ခေါ်သွားသည်။ မောင်မောင်လှိုင်းသည် ဝဲယာကမ်းများကို ငေးမောရင်း လိုက်ပါလာသည်။ ညောင်းသောအခါတွင် ပက်လက်လှန်ပြီး စာဖတ်သည်။ သင်္ဘောသားမှ နေရောင်တန်း ဝင်လာ ချိန်တွင် သူ ထထိုင်၏။

သည်အချိန်သည် ထမင်းအိုး တည်ချိန်ဖြစ်၏။ အောက်ထပ်ရှိ မီးဖိုခန်းတွင် မီးဖိုတွေရှိသည်။ ကိုယ့်ထင်းဖြင့်ကိုယ် ထမင်းဟင်း ချက်ပြုတ်နိုင်သည်။ နောက်ကျသွားပါက မီးဖိုတစ်ဖို အားသည်အထိ စောင့်ရမည်။

မောင်မောင်လှိုင်း လည်ရှည်သော်ငြား၊ ရဲလောင်း သားအမိကား ပေါ်လာနိုင်ခဲလှ။ နေလုံးကြီးသည် အနောက်ဘက်ကမ်းရှိ သစ်ပင်များကြားသို့ ဝင်စပြုပြီ။ မောင်မောင်လှိုင်းသည် စာအုပ်ကိုသိမ်းပြီး အိုးခွက်တောင်းကို ဖွင့်သည်။ အရေးကြီးသည်မှာ ထမင်းအိုး။

ထမင်းအိုးထဲတွင် ပြောင်ရှင်းနေသည်။ နံနက်ကတည်းက ရေဆေးထားဟန်ရှိသည်။ သို့အတွက် အောက်ဆုံးတွင်ထားသော ဆန်အိတ်ကို ဖြေသည်။ ဖြေပြီး ပြန်သောအခါ ဆန်ခြင်သည့် 'လမယ်တောင်း' ကို ရှာ၍ မတွေ့။

"မောင်မောင် ထမင်းချက်ဖို့ လုပ်နေပြီကိုး"

မိဒေါင်းလှ အပြုံးကလေးဖြင့်ရောက်လာသည်။ လက်ထဲတွင် ယွန်းအစ်များနှင့် ကြွေပန်းကန်တစ်ချပ်ပါလာသည်။

"မောင်မောင် ထပြီး ထမင်းချက်နေမှာစိုးလို့ ပြေးလာသာ။ မောင်မောင့်နမမှာ ထမင်းရော ဟင်းရော အစုံပါလာသာရှင့်။ သည်အရပ်က 'ဖျပ်ဆန်' ဆိုသာ သိပ်ကောင်းသတဲ့တော့်။ စားဦးစားဖျားကလေး စားလိုက်ပါဦး"

ထွေးခံနှင့် ရေတကောင်း ယူပေးသည်။ ထမင်းရူးထည့်ကာ ဟင်းထည့်သော ယွန်းအစ်များကို စီပေးသည်။

"သားကလေးကော"

"သူ့အစ်ကို သူ့နမနဲ့တွေ့လို့ ပျော်နေလေရဲ့"

"အင်း။ တွေ့ရက်ကြုံလို့ တွေ့ကြသာပဲလေ။ တွေ့ချင်တော့လည်း ကြုံကြုံဖန်ဖန် တစ်ခရီးတည်း သင်္ဘောတစ်စီးတည်း"

လက်ဆေးရင်း ခပ်ညည်းညည်းမြည်တမ်းရင်း၊ မောင်မောင်လှိုင်း ထမင်း စတင်စားသည်။ အောက်ကုန်များဖြင့် ချက်ပြုတ်ထားသော ဟင်းတွေက များသည်။ဒေသထွက်ဟူ၍ 'ရင်ပေါင်စာ' ဟင်းတစ်ခွက်သာပါသည်။

"မောင်မောင့်နမက ချမ်းသာနေပြီ မောင်မောင်"

www.facebook.com/NyisayEbookCreator
www.nyisay.com



မောင်မောင်လှိုင်း ခေါင်းသာညိတ်ပြ၏။

"သူတို့မှာ ရေနံတွင်းနှစ်တွင်း ပိုင်နေပြီတဲ့တော့။ ကုလားက လာ ဝယ်သာ မရောင်းဘူးတဲ့။ တစ်တွင်းက ပင်ပင်ပန်းပန်း ကိုယ်တိုင်တူးထား ရသာမို့ မရောင်းရက်ဘူးတဲ့"

မောင်မောင်လှိုင်းမှာ ဇနီး၏စကားကို မကြားတစ်ချက် ကြား တစ်ချက် ဖြစ်ရပြီ။ ဖြစ်ရခြင်းမှာ သာလာယံဇရပ်ကြီးထဲသို့ တာကျိုးဘိသို့ တရကြမ်းဝင်လာသော လူမျိုးခြားများသည် မြန်မာတို့လက်တွင်းရှိ ရေနံတွင်း များကို ဝယ်ယူနေကြပြီ။ သို့ဖြစ်လျှင် မြန်မာတို့၏ ယာတွေ လယ်တွေ ဥယျာဉ်တွေလည်း သူတို့ လက်ထဲသို့ ရောက်ကုန်တော့မည်လော။ သို့ဖြစ်လျှင်....

"ဩော် မောင်မောင်ရယ်။ ထမင်းစားရင်း သက်ပြင်းချရသယ်လို့"

မိဒေါင်းလှ၏ အသံကိုကြားရမှ၊ မောင်မောင်လှိုင်းမှာ မိမိကိုယ်ကို သတိရ၏။ မယား လောင်းပေးသော ရေအောက်တွင်လက်ထိုးခံပြီး လက် ဆေးသည်။

"မြိန်ရဲ့လား မောင်မောင်"

"အင်း မြိန်ပါ့။ ဩော် ထနောင်းဖူးပြုတ်တွေ သိုးကုန်ဦးမယ်နော်။ အမေတို့ကို လက်ဆောင်မပေးရဘဲ နေဦးမယ်"

"မောင်မောင်တို့အရပ်မှာ ထနောင်းမရှိသာကျနေသာပဲ"

မိဒေါင်းလှသည် ပြောပြောဆိုဆို ကုလားမုန့်များ ထည့်ထားသော ချိုင့်တစ်လုံးကို ချပေး၏။

"ရှင်မရယ်။ ဆင်သေဘက်မှာလည်း ထနောင်း ရှိသည်ပါ့။ သို့ရာတွင် မောင်မောင်တို့ အမရပူရအရပ်က ထနောင်းဖူးလောက် မကောင်းဘူး"

မိဒေါင်းလှသည် လင်ကိုတကြည့်ကြည့် စကားတပြောပြော တပြုံးပြုံးဖြင့် အစ်များ၊ ချိုင့်များကို သိမ်းဆည်းကာ အထက်တန်းဘက်သို့ ထသွားသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



လမ်းတွင် တွေ့ရသမျှ သင်္ဘောများမှာ ကုလားပိုင်တွေချည်း ဖြစ်၏။ ကုလားကုမ္ပဏီပိုင်၊ ကုလားပုဂ္ဂလိကပိုင် စသည်ဖြင့်။ မြန်မာပိုင်နှင့်တူသော ရေယာဉ်မှာ လက်လှော်လှေတွေသာရှိသည်။ ထိုကုလားပိုင် သင်္ဘောတွေကို ကြည့်ပြန်လျှင်လည်း လုပ်ကိုင်ဆောင်ရွက်သူ မြန်မာဟူ၍ တစ်ယောက်မျှ မပါ။

'ဘာလိုလိုနဲ့ ငါတို့ မြန်မာနိုင်ငံကြီးကို ကုလားကြီးစိုးပြီး၊ ကုလားနိုင်ငံ ဖြစ်ရတော့မယ် ထင်ပါရဲ့။ ဩော် အမျိုးပျောက်တော့မှာပါကလား'

သင်္ဘောသည် နောက်တစ်နေ့ညတွင်မှ ဆင်ပေါင်ဝဲတွင် ဆိုက်ကပ်၏။

ဆင်ပေါင်ဝဲသည် ဘုန်းကြီးဗိုလ်ထစဉ်က ကုလားတို့ မြို့လုံးကျွတ် မီးတိုက်ပစ်ခဲ့သည်ကို မေ့လျော့နေပြီ။ မီးတထိန်ထိန် ဆိုင်းသံတခြိမ့်ခြိမ့်ရှိ၏။ ဆင်သေရွာနှင့် ဆင်ပေါင်ဝဲကို အိမ်ဦးနှင့် ကြမ်းပြင်ပမာ သဘောထားခဲ့သော မောင်မောင်လှိုင်းတို့ မောင်နှမအတွက် ဆင်ပေါင်ဝဲသည် သူစိမ်းဖြစ်နေပြီ။

မောင်မောင်လှိုင်းတို့ လင်မယားအလိုဖြင့် လွန်ချိကျွန်းသို့ ခြေကျင်လျှောက်ရ၏။ ကလေးကိုချီ၊ လက်ဆောင်တောင်းနှင့် စားအိုးစားခွက်တောင်းကို တစ်ယောက်တစ်တောင်း ရွက်ရုံ ထမ်းရုံသာ။

ယခုသော်၊ နှမပါ၏။ နှမမှာ ရွှေတွဲလွဲ၊ ငွေတွဲလွဲသာမက ပစ္စည်းကများ၏။ ကလေးလည်း နှစ်ယောက်ပါသေးသည်။ လောဘသားတို့သည် ရွှေကိုမမြင်မီက ငြိမ်ဝပ်သောစိတ်ရှိငြား၊ ရွှေကိုမြင်ချိန်၌ စိတ်ရိုင်းဝင်တတ်၏။ မဖြစ်။

"ဆိုင်းသံတွေက ဘာလုပ်သာတုန်းဗျ"

ကူလီကူလီဟုအော်ပြီး သင်္ဘောပေါ်တက်လာကာ ပစ္စည်းတွေကို ကူညီသယ်ချပေးခဲ့သော လူတစ်ယောက်အား ပိုက်ဆံနှစ်ပြားထုတ်ပေးရင်း၊ မောင်မောင်လှိုင်း စုံစမ်းရသည်။

"အာဝါဒေးပွဲတော်လေ။ ကနေ့ ကူလီထမ်းလို့ရသမျှ သည်

www.facebook.com/NyisayEbookCreator
www.nyisay.com



အာဝါဒေးကြီးမှာ ပျော်လိုက်မယ်"

အကျီမပါ၊ နံငယ်ပိုင်း ပေါင်လယ်ရောက်နေသော ကုလီဆိုသူသည် တဟဲဟဲရယ်မော ကြူးဝါးနေ၏။

"သာဖြင့်ဗျာ။ ကျုပ်တို့ကို အဲသည်ရောက်အောင် တစ်လက်စတည်း လိုက်ပို့ပေးစေချင်ပါသယ်။ အခစားနားပြောပါ"

"နှစ်ယောက်သယ်မှ နိုင်မယ် ကျောင်းဒကာ။ တစ်ယောက် တစ်မူးပဲ ပေးပါတော့"

ဤသို့ဖြင့် မြို့လယ်ရှိ အာဝါဒေးကွင်းဆိုသော ပွဲခင်းသို့ မောင်မောင်လှိုင်းတို့ သားအမိ၊ သားအဖ၊ မောင်နှမတစ်တွေ ရောက်လာကြကာ၊ ရုပ်သေးပွဲ ပွဲခင်းထဲတွင် ပစ္စည်းတွေချသည်။ သင်္ဘောပေါ်တွင် ခင်းခဲ့သော ဖျာတွေကို ခင်းသည်။

ရုပ်သေးပွဲခင်း၏ သုံးဖက်သုံးတန်တွင် နွားလှည်းတွေ ဝန်းရံထား၏။ အချို့ လှည်းဦးချထားသည်၊ အချို့ ထောက် ထောက်ထားသည်။ ပေါင်းမိုး ပါသည်လည်းရှိ၊ မပါသည်လည်းရှိ၏။ သို့ဖြစ်ငြား၊ လှည်းအားလုံး၏ နောက်မြီးသည် ပွဲခင်းဘက်သို့ လှည့်ထား၏။

'သည်လောက် လူများရအောင်၊ ဘယ်သူ့ ရုပ်သေးမို့တုန်း'

မောင်မောင်လှိုင်းသည် မျက်လုံးကို လက်ဝါးကာပြီး ရုပ်သေးစင်ကို လှမ်းကြည့်၏။ ရင်တားအဖြူ၊ တိုင်ဖုံးအနီဖြစ်ငြား၊ လေတွင် တဖျပ်ဖျပ် ခါနေသော နဖူးစည်းမှာ အစိမ်းဖြစ်သည်။

'ပုဂံမြို့၊ မောင်ဘကျော် ရုပ်စုံသဘင်ကြီး'

သို့ကြောင့် သည်မျှလူစည်ခြင်းပါတကားဟု မောင်မောင်လှိုင်း မှတ်ချက်ချ၏။ ပညာကြီးသော ဦးဘကျော်၏စင်ကို တော်ရုံတန်ရုံလူ မတက်ရဲပေ။ ပညာပြည့်ဝသူတွေချည်း ဖြစ်တန်ရာသည်။

မောင်မောင်လှိုင်း သွားကြည့်ချင်စိတ်ပေါ်လာသည်။ စင်နောက်သို့

www.facebook.com/NyisayEbookCreator
www.nyisay.com



သွားလိုစိတ်ကို ချက်ချင်းထိန်းရ၏။ အသိတစ်ယောက်ယောက်ပါခဲ့သော် "ဆရာလှိုင်း တစ်ဆိတ် နန်းထိုင်ပေးစမ်းပါ" ဆိုသော် အခက်။ သို့ကြောင့် အာဝါဒေးဟူသည့် အရာကိုသာ ဆားကင်းရန်ကင်း စူးစမ်းတော့မည်စိတ်ကူးဖြင့် နမဘက်သို့လှည့်၏။

မိအိုးသည် ရွှေလက်ကောက်များဝတ်ထားရာ တံတောင်ဆစ်နှစ်ဖက် ပြည့်နေခဲ့ပါလျက် ယခု တစ်ဝက်သာရှိတော့သည်။ 'သြော်၊ ချွတ်ပြီး သိမ်းထားထင်ပဲ့' တွေးလျက် မယားကိုကြည့်၏။ ခဏတစ်ဖြုတ် လျှောက်ဦးမည် ပြောရန်ဖြစ်၏။

မောင်မောင်လှိုင်း အံ့သြ၏။ မိဒေါင်းလှ လည်ပင်းတွင် ရွှေဘယက်ကြီး တန်းလန်း။ လက်တွင်လည်း လက်ကောက်တွေ တဝင်းဝင်းဖြင့်။

အာဝါဒေးကွင်းထက်သို့ ပျံတက်သော ဖုန်ထုကြောင့် ငွေလလင်းချင်းစွာ မသာနိုင်၊ မြူဆိုင်းနေသည်ထင်ရ၏။ ပတ်မတုတ်သံမှလွဲ၍ မည်သည့်အသံမျှ ပီပီသသ မကြားရ။ အုန်းအုန်းအုတ်အုတ် ဝေါဝေါသံများ လွှမ်းနေ၏။

အစားအသောက်ဆိုင်များ၊ ပစ္စည်းဆိုင်များတွင် လူပါးသည်။ ထိုဆိုင်များကို လွန်လာသည့်အခါကျမှ ကြီးမားသော လူအုပ်ကြီးကို တွေ့ရ၏။ လောင်းကစားဝိုင်းများပေတည်း။

အနီထောင်၊ တိုင်ထောင်၊ ဘဲကွင်း၊ ကျောက်ဂျက်၊ ဖဲသုံးချပ်၊ အံစာဂျင်၊ ၃၆ ကောင်ထီ။

တစ်မျိုးလျှင် တစ်ဆိုင့်မဟုတ်၊ လေးငါးဆိုင်ရှိသည်။ သို့ပါလျက်နှင့် ကြိတ်ကြိတ်တိုးနေကြသည်။

အနီထောင်မှာ ရောင်စုံမျှင်တွေကပ်ထားသော ပျဉ်ပြားဖြစ်သည်။ သည်အထဲရှိ အနီမျှင်ကို လေးဖြင့်ပစ်ရသည်။ မှားတစ်စင်းတစ်ပြား၊ နှစ်ပြားဖိုး သုံးချောင်း။ တစ်ပဲဖိုး ခုနစ်ချောင်း။

www.facebook.com/NyisayEbookCreator
www.nyisay.com


အနီပေါ်တွင် မြားတစ်ကြိမ်စိုက်ပါက တစ်ပဲလျော်သည်။ ပစ်သူနှင့် ပစ်ကွင်းမှာ တစ်လံမျှသာကွာသည်။ အလွယ်ကလေးပဲ၊ အနီးကလေးပဲ သဘောဖြင့် ပစ်ကြသည်။ တကက်တခေါက်ခေါက်ဖြင့် လွဲကြရသည်။

မောင်မောင်လှိုင်းသည် ပစ်သူများ၏ကျောဘက်တွင် ကြာရှည်စွာ ရပ်နေ၏။ အနီတစ်ချောင်းနှင့် မိမိနှာခေါင်းတည့်အောင် ရပ်နေ၏။ မိမိနှာခေါင်းနှင့် တည့်သောအနီကို ပစ်သူပေါ်လာ၏။ ထိုအခါတွင်မှ ပစ်သူတွေ တကက်ခေါက်ရခြင်းအကြောင်းကို မောင်မောင်လှိုင်း သဘောပေါက်သည်။ အနီချောင်းသည် ငြိမ်မနေ၊ လေးထဲမှ မြားကိုလွှတ်သည်နှင့် ရွေ့သွားပြီ။

"အင်း ကုန်ကြဦးမှာပါကလား။ မွဲကြဦးမှာပါကလား"

နောက်တစ်ဆိုင်သို့ရွေ့လာရင်း မောင်မောင်လှိုင်း ညည်းသည်။ "ဘာပြောတယ်" ဟူသည့် မေးသံကြားသဖြင့် မောင်မောင်လှိုင်း လှည့်ကြည့်သည်။ ပုလိပ်။

"လူတွေ ပျော်ပျော်ပါးပါး ရှိနေသာကို မနှောင့်ယှက် မဖျက်ဆီးပါနဲ့၊ ဖမ်းချုပ်လိုက်ရမလား"

မောင်မောင်လှိုင်း ခေါင်းဆတ်ပြကာ ဆက်လျှောက်လာ၏။ တိုင်ထောင်။

"ဘောလုံးတစ်လုံးကို တစ်ပြားတည်းရယ်။ နှစ်ပြားဖိုး သုံးလုံး။ တစ်ခါပြုံရင် တစ်ပဲလျော်သနော်၊ လာကြ လာကြ"

တိုင်ထောင်ဆိုင် အများအပြားတွင် လူတွေပြည့်နေသည်။ ဤအော်သံမှာ လူနည်းသောဆိုင်မှ အော်သံဖြစ်၏။

တောင်ဆုပ်မရှိတရှိ တိုင်ငါးတိုင်ကို ရှေ့နောက်စီပြီး ထောင်ထား၏။ ဤသည်ကို တစ်ပြားပေးဝယ်ရသည့် ဘောလုံးဖြင့်ပစ်ရသည်။ အားရပါးရ လွှဲပစ်ပါသည်။ လေးတိုင်ထက် ပိုလဲသူမရှိ။ တစ်ကြိမ်ပစ်လျှင် အကုန်လဲမှ တစ်ပဲလျော်မည်။ အကွာအဝေးကလည်း မမီမကမ်း။ ဤသို့ဖြင့် မချင့်မရဲ

www.facebook.com/NyisayEbookCreator
www.nyisay.com


ဖြစ်တိုင်း ဝယ်ဝယ်ပေါက်ကြား၊ ဆယ်ယောက်တွင် တစ်ယောက် အလျော်မရ။

ဘဲကွင်းမှာလည်း လက်တစ်ကမ်းတွင်ရှိသော ဘဲအုပ်တွင်းသို့ ကြိမ်ကွင်းကို ပစ်ရခြင်းဖြစ်သည်။ သည်အရာမှာလည်း အသည်းယားစဖွယ်ပင်။ ဘဲ၏လည်ပင်းတွင် တစ်ပြားတန် ကြိမ်ကွင်းစွပ်သွားပါက တစ်ပဲရမည်။

သို့သော် တိတိကျကျ စွပ်မိအောင် ပစ်နိုင်သူ ရှား၏။ မတင်မကျ ဖြစ်နေလျှင် ဘဲက ခေါင်းခါချ၏။ လက်ထဲမှကွင်းကို ပစ်လွှတ်လိုက်ခါမှ ရကွင်းတီးပေးသဖြင့် ဘဲတွေလန့်ဖျပ်ကုန်ကြသည်လည်း ရှိ၏။

ဂျောက်ဂျက်ကား၊ အံစာတုံး၏မျက်နှာပြင်ခြောက်ဖက်၌ ကြက်၊ဆင်၊ ကျားနှင့် ငါး၊ ပုစွန်၊ လိပ် ရေးထားသော အံစာတုံးသုံးတုံးကို ခွက်ဖြင့် အုပ်ကာ ခလောက်လိုက် ဖွင့်ပြလိုက်ဖြင့် အလျော်အစားလုပ်သည်။ တိုင်ရှည်ပါသော ရေနံဆီမီးခွက်တွေ တလက်လက်ဖြင့် သည်မှာလည်း လူမနည်းပေ။

"မင်္ဂလာရယ်မှ မဏ္ဍိုင် ရောင်ဆိုင်ငယ်မှ လေးလီ၊ သာမောငယ်စည် နတ်ပြည်ထိလှ၊ ပျော်ဖွယ်ငယ်ကောင်း မင်းအပေါင်းတို့လေး"

ပွဲဦးနတ်ကတော်၏ အသံလာရာသို့ မောင်မောင်လှိုင်း ခေါင်းငဲ့၏။ ထိုသို့ ခေါင်းငဲ့သည်တွင် သူ့ဘေး၌ ပုလိပ်ရပ်နေသည်ကို မောင်မောင်လှိုင်း သတိပြုမိ၏။ ဦးထုပ်ကိုဆောင်းပြီး မေးတွင်ကြိုးသိုင်းထားငြား မောင်မောင်လှိုင်း မှတ်မိသည်။ ခုနတုန်းက သူ့ကို ခြိမ်းခြောက်သော အမှိုက်သရိုက်ပါတကား။

မောင်မောင်လှိုင်းသည် ပုဆိုးကိုပြင်ဝတ်ပြီး ဆက်လျှောက်၏။ ပွဲကြီးထဲတွင် ပွဲတော်ကလေးဖြစ်နေသော ၃၆ ကောင်။ အရုပ် ၃၆ ခု ရေးထားသည့် ပိတ်ကားကြီးအောက်တွင် ကန်ဟော့ပွဲကြီးက ဟီးနေ၏။ အမွှေးတိုင်မှ အနံ့တထောင်းထောင်း။

"ဖွင့်တော့မယ်၊ ဖွင့်တော့မယ်၊ ထိုးကြ၊ ထိုးကြ"

မပီမသအော်သော တရုတ်သံတစ်လှည့်၊ ပီပီသသအော်သော ဗမာသံ

www.facebook.com/NyisayEbookCreator
www.nyisay.com


တစ်လှည့်သည် ပွဲကလေးကိုလွှမ်း၏။

"ဆိတ်တစ်ပြား၊ ကြွက်တစ်ပြား၊ စွန်တစ်ပြား"

"တစ်ပြား လက်မခံဘူး။ ထိုးကြ ထိုးကြ၊ ဖိုးသူတော် ကျောင်းကလာ၊ ကြပ်လည်း မပါ၊ ဖိနပ်လည်း မပါ"

"ဖိုးသူတော်ကို တစ်ပဲထိုးကြရအောင်ကွာ"

"ကြပ်မပါ ဖိနပ်မပါပေမယ့်၊ ကြေးစည်ပါသယ်ကွ။ ကြေးစည်တစ်မူးထိုးရအောင်"

ကြိတ်ကြိတ်တိုးနေသော လူများသည် မိမိတို့နွားနှင့်ဖက်ရန်းမှရသောဈွေးနဲ့စာများကို ၃၆ ဆ ရလိုဇောဖြင့် ထိုးကြ၏။

"ဒိုင်ပိတ်ပြီ၊ ဖွင့်တော့မယ်"

အောဲသံအဆုံးတွင် ကားချပ်ထိပ်ပေါ်၌ တင်ထားသော ယွန်းကွမ်းအစ်ကိုဖြုတ်သည်။ ကွမ်းအစ်အဖုံးကို ဖွင့်ပြီး စက္ကူတစ်ရွက်ဆွဲထုတ်ကာ ပရိသတ်ဘက် ထောင်ပြ၏။

"ကျားဟ၊ အို ကျားကြီးပါကလား"

"ကျားမဟုတ်ပါဘူး၊ ကြောင်ပါ။ စာနဲ့လည်း ရေးထားပါသဗျာ"

ဗမာတစ်ယောက်က ဒိုင်၏ကိုယ်စား ရှင်းပြ၏။

"ဖိုးသူတော် ကျောင်းကလာ၊ ကြပ်လည်းမပါ ဖိနပ်လည်းမပါဆိုပြီး ကြောင်ဖွင့်ရသလားကွ၊ ရှင်းစမ်း"

မြို့သားမျက်နှာကြီး ဖြစ်ဟန်တူသော အသက်အစိတ်ရွယ် လူငယ်။ သျှောင်ကြီးပြေမကျပြေား ပွရှုတွဲအိနေသည်။ ခေါင်းပေါင်းပဝါကို လည်မှာ 'ယောက်' ထားသည်။ သူရာမူးယစ်နေဟန်ရှိပြေား၊ သူ့နောက်တွင် လူသုံးယောက်ပါသည့်အတွက် အထက်ပါဗမာက ရှင်းပြ၏။

"သည်လိုပါ ကျောင်းဒကာကလေးရဲ့။ ဖိုးသူတော် ကျောင်းကလာ၊ ဖိနပ်မပါ ကြပ်မပါလို့ဆိုတဲ့အတွက် ကိုယ်ချည်းသက်သက်ပါ"

www.facebook.com/NyisayEbookCreator
www.nyisay.com



"အေးဗျာ၊ ဟုတ်သဗျာ"

"ကိုယ်ချည်းသက်သက်ဆိုတဲ့အတွက် ကိုယ်ပေါ်မှာ မင်သေ့တော့ ပါပါတယ်။ သူ့မှာပါတဲ့ မင်သေ့က ကြောင်ရုပ်ပါ"

"အောင်မယ်လေး ငွေတစ်ဆယ်ရှုံးပါပေါ့ မွေးမေရေ့"

လူငယ်သည် လက်နှစ်ဖက်ကို မြှောက်မြှောက်ပြီး ကသည်။ ခြေကိုလည်း ကွေးချေဆန့်ချေလုပ်ပြီး ကရာ ဖိနပ်ကျွတ်၏။ ခြေထောက်မှ ကျွတ်ထွက်လာသဖြင့် ဖိနပ်ခေါ်ရငြား၊ သည်ဖိနပ်မျိုးကို မောင်မောင်လှိုင်းမမြင်စဖူးပေ။ ဂေါ်ရာတွေ ကုလားဖြူတွေ စီးနင်းလေ့ရှိသော ဖိနပ်မျိုးတွင် အဖတ်ကလေးပါသည်။

သူ့ဖိနပ်ကို လူတွေ အထူးအဆန်းအဖြစ် ဝိုင်းကြည့်နေမှန်းသိသဖြင့် သေရည်သမားသည် ဖိနပ်ကို ပြန်မစီးသေးဘဲ ဆက်လက်ကခုန်နေ၏။

"ဒါ မတရားဘူးကွ၊ ပိုက်ဆံပြန်ပေး"

"ဖိုးသူတော်မှာ ဖိနပ်မပါသဲ့အတွက် ခြေထောက်ကို ပုရွတ်ဆိတ်ကိုက်သယ်ဆိုပြီး ပုရွတ်ဆိတ်ဖွင့်ပါတော့လား"

"အရုပ်တွေထဲမှာ ပုရွတ်ဆိတ်မပါဘူးဟ၊ လာပါကွာ"

"ဒိုင်လိမ်သယ်။ ဝိုင်းလုကြရအောင်ဟေ့"

သို့သော် ၃၆ ကောင် ကားချပ်ကြီးဘေးသို့ ပုလိပ်တစ်ယောက်လာရပ်၏။ ဒိုင်သည် ပုလိပ်အား ရွှေသားတဝင်းဝင်းဖြင့် ကြိုဆို၏။ ဆူဆူညံညံ အသံများလည်း ချက်ချင်းဆိတ်စဲ၏။

မောင်မောင်လှိုင်း ဆက်လျှောက်ခဲ့သည်။ သူ့နောက်တွင် ကပ်လျက်လိုက်ပါနေသော ပုလိပ် ပါမပါကြည့်ရသေးသည်။ မပါတော့ပါ။ ဖဲသုံးချပ်မှာ ဆိုင်မရှိပေ။ နေရာကောင်းတွင် တဘက်တစ်ထည် ဖြန့်ခင်းလိုက်ပါက သုံးချပ်ဝိုင်းဖြစ်တော့၏။ သည်ဝိုင်းများမှာလည်း လူတွေခဲနေသည်။

"ဟောသာ မထိုးနဲ့၊ အဲသာ မထိုးနဲ့၊ သည်ဟာကိုထိုး"

www.facebook.com/NyisayEbookCreator
www.nyisay.com


ထပ်ထားသော စက္ကူဖဲသုံးချက်ကို လက်တစ်ဖက်ဖြင့် ကိုင်ထား၏။ ပရိသတ်ဘက်ကို ထောင်၍ ထောင်၍ ပြသည်။ တစ်ချပ်မှာ အနီ၊ နှစ်ချပ်မှာ အဖြူ။

"ထိုးကွ ထိုးကွ၊ ဟောသာအနီ"

ဖဲသမားက ဖတ်ခနဲ ဖတ်ခနဲ ဖဲသုံးချပ်ကိုလှန်၏။ အဖြူနှစ်ချပ်အေားရှိ ငွေများကိုသိမ်းယူနေစဉ် တောက်တက်ခတ်သံများ ရေရွတ်သံများ ညံ၏။

"ဟောသာ မထိုးနဲ့၊ သည်ဟာ မထိုးနဲ့၊ အဲသာထိုး"

လှန်ပြကာ ပြကာ လုပ်အပြီး၌ တစ်ချပ်စီ စီပြီးမှောက်ထား၏။

"သည်ပဝါ တစ်ကျပ်ထားပြီး ထိုးသကွာ"

လွယ်လွယ်ကလေးထင်ပြီး ဝင်ထိုးရာ ရှုံးသဖြင့် စိတ်မကျေပွဲနှဲရာတွင် အင်္ကျီပါ ဆုံးခဲ့ပြီဖြစ်သော အသက် ၆၀ ရွယ် လူတစ်ယောက်၏ နောက်ဆုံး မိုက်မဲမှု။

"တစ်ကျပ် မရဘူးနောင်တော်၊ ငါးမူးပဲရမယ်"

"အေး၊ အေး။ မင်းတို့ ပြောသလိုပေါ့ကွာ"

ဖဲလှန်သည်။ ပဝါသမားတစ်ဦးသာ အလျော်ခံရသည်။

"ဟောသာထိုး။ သည်ဟာမထိုးနဲ့၊ အဲသာ မထိုးနဲ့"

"နောင်တော် နောင်တော်။ ဟို ညာဘက်အစွန်ကဟာ အနီဗျ။ လက်စွပ်ချထိုးလိုက်ပါလား"

မောင်မောင်လှိုင်းအား သူ့အားမှလူက လက်တို့ခြေတို့ဖြင့် ပြော၏။ အလံရှူးဟူသည် ဤအရာပါတကားဟု တွေးမိသဖြင့် ပွဲခင်းဘက်သို့ လှည့်လာစဉ် "တစ်ပြားရှိရင် ကွမ်းပုံရမယ် ညီတော်" ဟု ပြောနေသော လူတစ်ယောက်ကို ရင်ဆိုင်မိ၏။

"ကွမ်းပုံတစ်ပြား၊ ဆေးတစ်ပဲ။ လုပ်မလား ညီတော်၊ အလွန် စည်းစိမ် ရှိသနော၊ ဟောဟို ဆီးဖြူပင်ရိပ်မှာ"

www.facebook.com/NyisayEbookCreator
www.nyisay.com



ဆီးဖြူပင်ရိပ်သည် ဝေးဝေးလံလံမဟုတ်။ ဖဲသုံးချပ်ဝိုင်း၏ ကျောဘက် ဝါးနှစ်ရိုက်ကွာတွင်ရှိသည်။ မီးတလက်လက်ဖြင့် လူ ပြောက်တိပြောက်ကြား ရှိသည်။ မောင်မောင်လှိုင်းသည် 'ဘာပါလိမ့်' တွေးကာ ချဉ်းကပ်လာသည်။

မီးခွက်သေးသေးကလေးငါးခု လူဆယ်ယောက်။ ကွေးကွေးကလေး တွေ လှဲနေကြသည်။ ဘေးဘက်တွင် ထိုင်နေသူတစ်ကျိပ်ခန့်ရှိသည်။ သုံးယောက်သည် ကွမ်းရွက်များကို ကွမ်းညှပ်ဖြင့် ညှပ်နေကြသည်။

မောင်မောင်လှိုင်းကို မြင်လျှင် နှာသံတစ်သံက ကြိုဆို၏။

"ကွမ်းပုံဆိုရင် သည်ဘက်လာ၊ ဆေးဆိုရင် ဟိုဘက်သွား"

ယခုထိ မောင်မောင်လှိုင်းမှာ မည်သည့်အရာဟု မသိသေး။ ထိုင်နေ သော လူအုပ်ဘေးတွင် ဝင်ထိုင်ကာ တီးတိုးမေးရ၏။

"အဲသာ ဘာလုပ်နေကြသာတုန်းဗျာ"

"ဘိန်းရှုနေကြသာ"

မောင်မောင်လှိုင်းမှာ အသက်ရှူ ရပ်သွားမည်သို့ရှိ၏။ 'ဩော်၊ ကျင်ငယ်နံ့လိုလို၊ နွားချေးမီးလောင်နံ့လိုလို နံ့သာဟာ သည်အနံ့ကိုး' ဟု မှတ်ချက်ချမိ၏။

"သူတို့ကပြောတော့ ဆေးဆိုပါကလား မိတ်ဆွေရ။ ဟိုဘက်နားမှာ နတ်လမ်းညွှန်နေသဲ့လူက ဆေးဆိုရင် တစ်ပဲတဲ့"

"ဘိန်းကို ဘိန်းစားက ဘိန်းမခေါ်ဘူး၊ ဆေးခေါ်သဗျ"

"ဩော် ဩော်၊ တစ်ပဲဖိုးဝယ်မှ ရောင်းသပေါ့နော်"

"ဘိန်းတစ်ခါရှူ တစ်ပဲလေ။ တစ်ပဲပေးရင် အဲဟိုဖျာပေါ်မှာ တုံးလုံး လှဲပြီး ရှူရသယ်"

နှစ်ယောက်တစ်တွဲ မျက်နှာချင်းဆိုင်ပြီး လှဲနေကြ၏။ ဒူးကိုကွေးပြီး ဒူးချင်းထိထားကြ၏။ သစ်သားဆေးတံနှင့် တူသောအရာကို မီးခွက်ပေါ် တင်ထား၏။ ဒူးချင်းဆိုင်နေသူနှစ်ယောက်အနက်၊ တစ်ယောက်ထသွားပြီး

www.facebook.com/NyisayEbookCreator
www.nyisay.com


ခြေရင်း၌ထိုင်နေစဉ်၊ စောင့်နေသူများထဲမှ တစ်ယောက်က ဝင်လှဲ၏။

"ထလာသဲ့လူက ထွက်မသွားသေးဘဲ ဘာပြုလို့ ထိုင်နေသာ တုန်းဟင်"

"သူက ဝါရင့်နေသဲ့ ဘိန်းစားဖြစ်ရမယ်။ သူထိုင်သဲ့ဘေးမှာ အဖန် အိုးရှိသယ်။ သည်ဟာကို သောက်ပြီး ဘိန်းငိုက်နေသာလေ"

"ခုနတုန်းက ကွမ်းပုံလို့လည်း ကြားခဲ့ပါသေးသယ်"

"ဘိန်းတစ်ပဲဖိုး မတတ်နိုင်လို့၊ ကွမ်းရွက်နဲ့ ဘိန်းနဲ့ရောပြီး ရှူသယ် လေ။ တစ်ပြားပဲ ပေးရသယ်"

ကွမ်းပုံစီမံနေသူတစ်ယောက်သည် လူရိပ်မြင်သဖြင့် လှမ်းခေါ်၏။

"လှာနော် လှာနော်။ တစ်ပြားရှိရင် ကွမ်းပုံရှူနိုင်သယ်။ ဝါသနာမပါ လည်း အပျော်သဘောပေါ့"

မောင်မောင်လှိုင်းမှာ သက်ပြင်းကို ခိုးချမိ၏။ ထို့နောက် ထရန် ဟန် ပြင်ရင်း "စိတ်မရှိပါနဲ့ခင်ဗျာ။ နောင်ကြီးကကော ဘာစောင့်နေသာပါလိမ့်" ကပ်မေး၏။

"ကျုပ်လား၊ ကြည့်ကောင်းလို့ ကြည့်နေသာပါ။ ဘိန်းစား မဟုတ် ပါဘူး ဟဲ ဟဲ ဟဲ"

မောင်မောင်လှိုင်း ထမည်အပြုတွင် နှာသံဖြင့် အော်သံပေါ်လာပြန်၏။

"လှာနော် လှာကြ။ ကွမ်းပုံတစ်ပြား၊ ဆေးတစ်ပဲ"

လူယောင်မြင်သောကြောင့် ခေါ်ခြင်းဖြစ်ရာ၊ လူတစ်ယောက် ရောက် လာ၏။သူသည် လူအုပ်ထဲတွင်မထိုင်။ ဈေးခေါ်နေသူအား ခြေဖြင့်ကန်သည်။

"မင်းတို့ကို ဘယ်သူလိုင်စင်ပေးသလဲ။ အားလုံးဖမ်းတယ်"

ဘိန်းရှူနေသူများ ဘိန်းပျောင်း ထိုးသူများသည် ထိုသူ၏စကားကို မကြားဘိသို့ ငြိမ်သက်မြဲ ငြိမ်သက်နေကြ၏။ ထိုင်နေသူများထဲမှ နှစ်ယောက် ထပြေးရာ တစ်ယောက်မှာ ချက်ချင်းပြန်ထိုင်၏။

www.facebook.com/NyisayEbookCreator
www.nyisay.com



ထိုအချိန်မှာပင် မှောင်ရိပ်ထဲမှ လူတစ်ယောက် ထွက်လာ၏။ ဖမ်းတယ်ဆိုသူ့ဘေးတွင် လာရပ်၏။ သူတို့၏ တီးတိုးပြောသံများကို မောင်မောင်လှိုင်းကြားရပြီး နားမလည်ပါ။ လူနှစ်ယောက်တို့၏ လက်နှစ်ဖက် ပူးယှက်သွားကြသည်။ ဤအခြင်းအရာမှာ အသံသော်မျှမထွက်ပြီး မောင်မောင်လှိုင်း နားလည်သည်။

'လာဘ်ပေးသယ်ဆိုသာ လက်စသတ်တော့ သလိုကိုး'

မောင်မောင်လှိုင်းသည် ထိုနေရာမှ ဝမ်းနည်းကြေကွဲစွာ ထွက်ခွာလာခဲ့၏။ မြန်မာတို့၏ ရန်သူ ကုလားဖြူစားပြ အင်္ဂလိပ်သည် မြို့ရွာများကို မီးရှို့ဖျက်ဆီးရုံဖြင့် အားမရ။ မျိုးချစ်ပြည်ချစ် သားကောင်းရတနာများကို သတ်ဖြတ်၍လည်း မတင်းတိမ်။ ကျန်သူများကိုပါ သတ်ဖြတ်နေပါတကား။

လူခေါ်နေသော ဘိန်းစား၏အသံကို ကြားခဲ့ရကာမျှဖြင့် ထိုသူသည် လူရာမဝင်ဟု မောင်မောင်လှိုင်း ခန့်မှန်း၏။

မောင်မောင်လှိုင်းသည် ဘိန်းစားအကြောင်းကို ကြားဖူး၏။ အုန်းပင်စုရွာမှ အမေကြီးတို့ ဆင်သေရွာသို့ ရောက်လာစဉ်က ပြောခြင်းဖြစ်သည်ဟု ထင်၏။

ဘိန်းရှူသူကို ဘိန်းစားဟု ခေါ်သည်။

ထိုဘိန်းစားသည် လူတို့တွင် ရှိစမြဲဖြစ်သော စွမ်းအားဗလ အားမာန် သတ္တိ ဂုဏ်သိက္ခာများ ကုန်ခမ်းနေသူဖြစ်သည်။ ဘိန်းရှူပြီးလျှင် ဘိန်းဆိပ်သင့်ကာ ဘိန်းမှိန်းနေမည်။ ဘိန်းဆိပ်ပြေသောအခါ၊ အလုပ် လုပ်လိုစိတ်မရှိ။ ထမင်းဟင်းစားသုံးရန်ထက် ဘိန်းကိုပင် ထပ်မံရှူချင်သည်။ ဘိန်းရှူလိုသော်ငြား၊ ပညာစွမ်းအင်ဖြင့် ဆောင်ရွက်ရသောအလုပ်၊ ကာယစွမ်းအင်ဖြင့် ဆောင်ရွက်ရသောအလုပ်၊ မည်သည့်အလုပ်ကိုမျှ မရွက်ဆောင်နိုင်သောကြောင့် ဝင်ငွေမရှိ။ ငွေမရှိသော်ငြား ဘိန်းရှူလိုစိတ်ပြင်းပြသည်။

ဘိန်းစားသည် ငွေရမည့်နည်းလမ်းကို ကြံဆ၏။ ရပြီ။

www.facebook.com/NyisayEbookCreator
www.nyisay.com



ခိုးမည်။

ခိုးရာတွင် စွန့်စွန့်စားစား ဖောက်ထွင်းဝင်ရောက်ပြီး ခိုးယူခြင်း၊ အိမ်ရှင်နိုးလျှင် သတ်ပုတ် ထွက်ပြေးခြင်းစသည်တို့ကို လုပ်သော သူခိုး မဟုတ်။ အိမ်ရှေ့တွင်လုမ်းရန် မတင့်တယ်၍ နောက်ဖေးတွင် လှမ်းထားသော ထဘီ။

ပုဆိုးမဟုတ်၊ တဘက်မဟုတ်၊ ခေါင်းပေါင်းမဟုတ်၊ အင်္ကျီမဟုတ်။ မိန်းမများ ကိုယ်တိုင်က သိုသိုသိပ်သိပ် လှမ်းထားရသောထဘီ။ သည်ကဲ့သို့သော မြန်မာတွေ များပြားလာရေးအတွက် ဘိန်းဆိုင်ကို မုန့်ဆိုင်ကဲ့သို့ ဖွင့်ခွင့်ပေးထားခြင်း မဟုတ်ပါလော။

ခိုးရာမှာပင် အထက်တန်းကျသော ပစ္စည်းကို မခိုးရဲသည့်၊ အောက်တန်းကျသော မြန်မာလူညံ့တွေ များပြားလာမည့် မြန်မာပြည်၏ ရှေ့ရေးသည် ကျွန်၏အောက် သပေါက်ဖြစ်တော့မှာပါတကား။ မြန်မာဘိန်းစား တစ်မျိုးသားလုံးသည် တရုတ်ကုလားတို့၏ ခိုင်းဖတ်၊ စေဖတ် ဘဝသို့ ကျရောက်ကာ ချေးလုံးလုံး ဖြစ်ကြရတော့မှာပါတကား။

မောင်မောင်လှိုင်းသည် မသာပို့ပြီး ပြန်လာခဲ့သူ၏ ကြေကွဲခြင်းဖြင့် ပွဲခင်းထဲသို့ ဝင်ခဲ့၏။ ဖိနပ်ကိုချွတ်ကာ ခါးကုန်းကာဖြင့် ကျော်ရ၏။ ခွရ၏။ 'ကန်တော့'သင့်သူကို ကန်တော့၍ တောင်းပန်သင့်သူကို တောင်းပန်၏။

"မောင်မောင်၊ မိဒေါင်းလှတို့သည်မှာရှင့်"

စောင်ခြုံခေါင်းပေါင်း ပေါင်းထားကြသဖြင့် မောင်မောင်လှိုင်း ကျော်သွားရာက ပြန်လှည့်လာပြီး ဝင်ထိုင်၏။

"သယ်။ ငါဘုရင် ဘာထင်သတုန်း။ ရာဇမဟိန် ပါပဟိန်၊ ခါကြိမ်ခုအခိုက် ဒုစရိုက်ကို သိုက်မြိုက်စွာကျင်းလို့၊ လူ့နယ်တွင်း အဆိုးဟူသမျှ အတိုးချ၍၊ သေရည်အရက် ဘိန်းကင်းကဖော် လော်စာရောင်းဝယ် ကုန်သည်ယုတ်များကို မဟာသူကောင်းတော်ဘွဲ့ ပေးကြစေဗျား"

www.facebook.com/NyisayEbookCreator
www.nyisay.com



ကပြသောဇာတ်က မကောင်းသော၊ ယုတ်ညံ့သော မင်းတစ်ပါးကို ဖော်ပြကာ သင်ခန်းစာပေးသည့် "ပါပဟိန်နှင့် နာဂသိန်" ဇာတ်။ မောင်မောင်လှိုင်း မြင်ခဲ့ရသည့် မြင်ကွင်းမှာ မြန်မာတို့အား နာလန်မထူနိုင်အောင် ယုတ်မာစွာ ဖျက်ဆီးနေသော ပါပဟိန် ဓားပြအင်္ဂလိပ်၏ ယုတ်မာမှုများ။

"ကိုရင် ကစားခဲ့သေးသလားရှင့်" ဟူသည့် မိအိုး၏ အမေးကို သော်မျှ မောင်မောင်လှိုင်း မဖြေနိုင်။ ငေးမောလျက် ဟင်းချနေလေ၏။

www.facebook.com/NyisayEbookCreator
www.nyisay.com

## ၂၁

စိမ်းလန်းသော ကုန်းမြင့်သာမောသည် မြစ်ဘက်သို့ တရွေ့ရွေ့ နိမ့်ဆင်းလာ၏။ သောင်ခြေထောက်ပင်သည် ဧရာဝတီမြစ်ရေပြင်ကို အနိမ့်ပျံလျက် ထိးမိုးပေး၏။ သောင်မြစ်ဖြူဖြူ နီနီများသည် ရေသောက်ဆင်းရင်း ကူးတို့လှေကို ကြိုဆိုလျက် ရှိပေ၏။

ထန်းရွက်သုံးလေးရွက် ဖြစ်သလိုမိုးထားသော အကြော်တဲမှာ ရှင်းလင်းနေ၏။ မြစ်ကမ်းစပ်တွင်လည်း လှေကလေး သုံးလေးစင်းသာရှိသည်။ အကြော်သည်သည် ရေစီးအတိုင်း မျှောချလာပြီး ဝင်ကပ်သောလှေကိုကြည့်၏။ လှေပေါ်တွင် ပါလာသူများကို မြင်သောအခါ မျက်လုံးပြူးသွား၏။

'မင်းကတော် စိုးကတော်တွေများလားဟဲ့'

လှေပေါ်တွင် ခရီးသည်အပြည့်မပါ။ ကလေးသုံးယောက်နှင့် လူကြီးသုံးယောက်သာ ပါသည်။ အကြော်သည် မျက်လုံးပြူးရခြင်းမှာ မိန်းမနှစ်ယောက်ကိုယ်တွင် ရွှေတွေသီးနေသည့်အတွက် ဖြစ်ပေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ခရီးသွား နည်းပါးသောကြောင့် ကူလီမရှိ။ လှေသမားပင် အထုပ်အပိုးတွေ တောင်းတွေကို ကူချပေးကာ နံငယ်ပိုင်းဖြင့် ချွေးသုတ်ရင်း အကြော်တဲထဲသို့ဝင်ပြီး ရေသောက်သည်။

"လှူပြည့်အောင် ဘာပြုလို့ မစောင့်သတုန်း ငခင်။ သုံးယောက်တည်းပါကလား"

ငါးပေါင်းကြော်သည်၏အမေး။

"နေမပူခင် ဟိုဘက်ကမ်းရောက်ချင်သယ်၊ ငါးမူးပေးပါမယ်ဆိုသာနဲ့ ကူးလာသာပါအစ်မရာ"

လှေစင်းလုံးငှားပြီး ကူးလာသူများမှာ မောင်မောင်လှိုင်းတို့တစ်တွေ ဖြစ်ပေ၏။ မိဒေါင်းလှသည် တဲရှေ့တွင် အဝတ်တစ်ထည်ခင်းပြီး သူ့သားကို ချသည်။ ကလေးကြီးနှစ်ယောက်ကို အစောင့်ထားခဲ့ပြီး လှေဘက်သို့ ပြန်ပြေး၏။

"ဟဲ့ကလေး အိုဟဲ့"

အကြော်သည် လန့်ဖျပ်အော်ဟစ်အောင် လုပ်သူမှာ ပေါ်လာ။ ဗန်းထဲမှ ဘူးသီးငါးပေါင်းကြော်တစ်ခု မပြောမဆို နှိုက်စားသောကြောင့် ဖြစ်သည်။

"ကျွန်မလည်း ပေးဦးလေ"

သင်းထုံက လက်ကမ်းသောအခါ ပေါ်လာသည် အကြော်ဗန်းကို လက်ညှိုးထိုးပြ၏။ သင်းထုံသည် အကြော်ဗန်းဘေးသို့ ပြေးလာပြီးမှ အကြော်သည်ကို လှမ်းကြည့်၏။

"မေမေလာမှ တောင်းပါရှင့်"

မောင်နှမနှစ်ယောက် ယဉ်ကျေးပုံ ယဉ်ကျေးပေါက် ခြားနားမှုကို အကြော်သည် သဘောကျ၏။ ပြုံးပြုံးကြီး ခေါင်းညိတ်၏။

"ယူ ကလေး ယူ၊ ကြိုက်သာယူ"

www.facebook.com/NyisayEbookCreator
www.nyisay.com



အကြီးနှစ်ယောက် ပါးစပ်တလှုပ်လှုပ် စားနေသည်ကို မြင်ရသော အခါ ရဲလောင်းသည် လက်မြှောက်၏။ "ပေး" ဟု အော်၏။ ထိုးထိုး ထွန့်ထွန့်လုပ်၏။ ပေါ်လာသည် လမ်းမလျှောက်တတ်သေးသော ထိုကလေး အား မုန့်မပေး။ "ဗန်းထဲမှာ သွားယူပါလား" ဟု ပြော၏။

ထိုအခါ သင်းထုံ ပြေးလာ၏။

"ရော့ ရော့၊ မောင်လေးရော့"

ကလေးကို မုန့်ခွံ့၏။ လက်ထဲသို့လည်း ထည့်၏။ ပစ္စည်းတွေ စစ်ဆေးပြီးသွားသဖြင့် လူကြီးတွေ အကြော်တဲနားသို့ရောက်လာကြ၏။ မိဒေါင်းလှက ကလေးကို ကောက်ချီသဖြင့် မောင်နှမနှစ်ယောက်သား အဝတ် ပေါ်ဝင်ထိုင်သည်။

"အမောပြေ၊ ရေသောက်ကြပါဦး"

အကြော်သည်သည် ကလေးနှစ်ယောက်အမေ မည်သူဟု သိချင် သဖြင့် လောကွတ်လုပ်၏။

"ကျေးဇူးကြီးလှပါသယ် အစ်မခင်ဗျာ့"

"ဘယ်ကလာလို့ ဘယ်ကိုသွားကြမှာတုန်း မောင်ရင်"

"ကျွန်တော်တို့လင်မယားက မန္တလေးရွှေမြို့တော်ကပါခင်ဗျာ့။ သည် ကုလားမက ကျွန်တော့်နှမ၊ ရေနံချောင်းကပါ။ ဟိုဘက်ကမ်း ဆင်သေရွာက ပြောင်းလာသဲ့ ဦးမိုးကောင်း၊ ဒေါ်မင်းဘော်တို့ရှိရာ သွေးသောက်စုရွာကို သွားမလို့ပါခင်ဗျာ။ ဘယ်လောက်ဝေးပါသတုန်း။ လှည်းကြုံများ တွေ့ပါ့ မလားခင်ဗျာ"

နှစ်သက်ဖွယ်အပြောအဆိုကို ကြားရသဖြင့် အကြော်သည် နှစ်လို၏။ ချက်ချင်း ပျာပျာသလဲဖြစ်သွားကာ "အတော်စောစောကပဲ ဦးမိုးကောင်း သမက် ငနှင်းကို မြင်လိုက်သေး" ဆိုရာက လေ့သမားကို လှမ်းပြော၏။

"ခင်ရေ၊ ရှာပေးလိုက်စမ်းပါကွယ်"

www.facebook.com/NyisayEbookCreator
www.nyisay.com


ထိုအခါတွင်မှ မိဒေါင်းလှသည် လှေသမားကို သတိရ၏။

"မောင်ကြီးကို လှေခမပေးရသေးပါကလား။ သြော် အစ်မကြီး၊ ကလေးတွေ ယူစားထားသဲ့ မုန့်ဖိုးရှင့်"

မိဒေါင်းလှသည် ခါးကိုဆန့်ကာ မှုးစေ့ပဲစေ့တွေ ထုတ်နေဆဲတွင် မိအိုးက ငါးမူးပြားတစ်ပြား ထုတ်ပေးပြီး ဖြစ်သွားသည်။ အကြော်သည်ကိုလည်း "နှစ်ခုမှ တစ်ပြားပါ ညီမရယ်။ မပေးပါနဲ့" ပြောနေသည့်ကြားက ကြေးပြားတစ်ပြားပေးသည်။

လှေသမားခေါင်သည် ဟိုမျှော်သည်မျှော် လှမ်းမျှော်ရာက လူတစ်ယောက်ကို လှမ်းမြင်သဖြင့် လှည်းကောက်ခဲ့ရန် လှမ်းပြောပြီးနောက် ခရီးသည်များကို နှုတ်ဆက်ကာ မြစ်ဘက်သို့ ဆင်းသွား၏။

"စောပါသေးသယ်လေ။ မကြာခင် လှည်းလာပါလိမ့်မယ်။ သွေးသောက်စုနဲ့ သည်နေရာနဲ့ တစ်တိုင်ခွဲလောက်ပဲ ဝေးသာပါ"

အကြော်သည်က နှစ်သိမ့်စကားဆိုရာက မဖြေရသေးသောမေးခွန်းကိုဖြေ၏။

"တစ်တိုင်ခွဲဆိုတော့ အဝေးသားပါကလား"

"အမောင်တို့ မြို့သားခြေနဲ့ ဝေးပေမယ့်၊ ကျုပ်တို့ တောသူခြေနဲ့ဖြင့် မဝေးပါဘူး"

ပြောပြောဆိုဆို လှည်းဆန့်ကြည့်ရာက "သွေးသောက်မင်း ဦးမိုးကောင်းကို သည်ဘက်ကမ်း ပြောင်းမလာခင်ကတည်းက သိကြပါသတော်။ သားသုံးယောက်ရှိရာမှာ" ဟုဆိုရာက အကြော်သည် စကားတန့်၏။ မောင်မောင်လှိုင်းကို အကဲခတ်၏။

"အမောင်က သွေးသောက်မင်းနဲ့ ဘယ်လိုတော်စပ်ပါလိမ့်"

"သားခင်ဗျာ့။ သားအကြီးဆုံးပါ။ သည်ကုလားမက သားသုံးယောက်အောက်က သမီးအကြီးဆုံး"

အကြော်သည် ကျေနပ်ဝမ်းသာရှိ၏။

"အဖေ့ကိုသိသယ်ဆိုတော့၊ အဖေတို့ အမေတို့ ကျန်းကျန်းမာမာ ပဲလားခင်ဗျား"

"မာကြပါသယ်။ ရောက်စတုန်းက လယ်ယာတီကျင်းရလို့ ပင်ပန်း ပေသည့်၊ အခုတော့ ဟန်ကျနေကြပါပြီလေ"

အကြော်သည် မျှော်ကြည့်ရာဘက်သို့ မောင်မောင်လှိုင်းလည်း လည်ဆန့်ကြည့်၏။ ချုံတန်းထက် အရပ်မြင့်သော လူတစ်ယောက်၊ ဦးခေါင်း မြင့်ချေနိမ့်ချေ မရှိဘဲ ဖုန်တထောင်းထောင်းဖြင့် လျှင်မြန်စွာရွေ့လျားလာ၏။ နှင်တံတဝင့်ဝင့် လုပ်နေသောကြောင့် လှည်းမောင်းလာသူဟု မောင်မောင်လှိုင်း သိရတော့သည်။

လှည်းမှာ 'ဝက်ခြံ'အိမ်ဖြစ်သဖြင့် နှစ်အိမ်ထောင်ပစ္စည်းများ ချောင်ချိစွာ တင်နိုင်သည်။ ငါးပေါင်းကြော်သည်သည် ခရီးသွားဧည့်များအား ယခုမှ မြင်ဖူးငြား၊ သိဟောင်းကျွမ်းဟောင်းသဖွယ် ပစ္စည်းတွေကူညီတင်ပေးသည်။ သွေးသောက်ကြီး ဦးမိုးကောင်း၏ သားနှင့်သမီးဆိုသောကြောင့် စေတနာ သဒ္ဒါတရားများ ပွားတက်လာခြင်း ဖြစ်၏။

"လှည်းကို ဖြည်းဖြည်းမောင်းနော်။ သွေးသောက်စုရွာက သွေး သောက်ကြီး ဦးမိုးကောင်းအိမ်ကို သိသမှတ်လား"

"ကလေးတောင် သိပါသယ် အရီးရာ၊ နှစ်ဆောင်ပြိုင်အိမ်ကြီးပါ"

"အေး အေး။ ကဲ သွားကြပေတော့"

နွားလှည်းသည် အကြော်တဲရှေ့မှ တအိအိထွက်ခွာလာသည်။ ကလေးအကြီးနှစ်ယောက်ကိုသာ လှည်းပေါ်တင်ပေးပြီး၊ လူကြီးတွေက ခြေလျင်လိုက်ကြသည်။ သည်တွင် ရဲလောင်း ငိုသည်။ သို့အတွက် မိဒေါင်းလှပါ လှည်းပေါ်တက်ရသည်။

မောင်နှမနှစ်ယောက်၊ လှည်းနှင့် ခပ်လှမ်းလှမ်းမှ စကားပြောရင်း

www.facebook.com/NyisayEbookCreator
www.nyisay.com



လိုက်ပါလာကြစဉ် မိအိုးသည် တစ်ခုသောညဉ့် ရန်သူပိုင် ရေနံလှေများကို မီးရှို့ထွက်ပြေးလာသော ရဲမက်တစ်ယောက် ရောက်လာပုံကို ပြန်ပြောင်းပြောပြ၏။ မောင်မောင်လှိုင်းမှာ "ဒါမှငါ့နှမကွ"ဟု ချီးမွမ်း၏။ "ဒါမှ ဦးမိုးကောင်း သမီးကွ" ဟု ဂုဏ်တင်၏။

လှည်းလမ်းသည် ယာခင်းများကြားမှ ဖြတ်သန်းရာက ဖွတ်ချေးမြေများ တောင်ကတုံးများကို ဖြတ်သန်းပြန်၏။ ဟိုတစ်စု သည်တစ်စု ပေါက်ရောက်နေသည့် သနပ်ခါး၊ စစ်စေး၊ ထနောင်း၊ လွန်၊ အင်ကြင်းများကြားတွင် အပွင့်ဝေဝေနှင့် ဒဟတ်ပင်များက တစ်သွင်လှနေချေ၏။ မောင်မောင်လှိုင်းမှာ ဆရာ့ကို သတိရမိသည်။ တစ်ဆက်တည်း သူ ခဏတာ ကျင်လည်ခဲ့ရသော နတ်မောက်မြေမှ ဆရာကြော့၏ လေးချိုးတစ်ပုဒ် လူးလွန့်လာသည်။

"ယဉ်မရိုင်း အင်တိုင်းရယ်တဲ့ ခပ်ဆန်ဆန်၊ လူမရောက် ဂူချောက်ချောင် တောင်ခေါင်းတုံးမှာ စုရုံးကာ သူတို့ ပေါက်ရှာကြ၊ အညှောက်ကြူ ကြူ မွှေးရှာဘူ့၊ အခေါက်ဖြူဖြူ ကလေးရယ်နှင့် ကျေးငှက်ပျော်စံ"
"ဇလပ်ဝါ ခတ္တာခပါတဲ့၊ သာတန်ဆောင် ဝါခေါင်လတွင်မှ၊ ပွင့်ဖူးကြချိန်အမှန်၊ ဝဿန္တလေချိုဖျန်း။ ယဉ်မဆုံးနိုင်ဘူ့၊ ပင်လုံးကုန်ခိုင်ညှာတံမတော့၊ နံ့သာကျုံ ဝါဖန်နော့ပါလို့၊ ယဉ်တမူ မြင်သူမောလောက်တဲ့ လောကဓာတ်ခန်းမှာလ၊ ပြောစမှတ်ဆန်းပေရဲ့ တောဒဟတ်ဟန်း"

တောခြောက်အတွင်းမှ ထွက်လာမိလျှင်၊ ယာတွေကို တွေ့ရပြန်သည်။ ကျေးငှက်သံကို နားထောင်ခဲ့ရသော မောင်နှမမှာ ယာသမားတို့၏ တေးဟာစ်သံများကို ပြောင်းလွဲနားဆင်ကြရပြန်သည်။

လှည်းသမားသည် လမ်းခွဲတွင် လူကြုံတွေ့တိုင်း "ငနှင်း ပြောလိုက်ပါ၊ မြတ်သာဦး ပြောလိုက်ပါ။ ညွှဲသည်လာသယ်လို့" ဟု မှာကြားနေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com


ထိုအသံကို ကြားရမှ မိအိုးသတိတရ ပြောမိသည်။

"အဖေတို့ အမေတို့မှာ လယ်ရှိသယ်လို့ ငါးပေါင်းကြော်သည် ပြောလိုက်သယ်ကိုရင်။ သလိုဆို အလုပ်များချိန်ကြီးပဲ"

"အေးဟ။ အိမ်မှာ ရှိမှ ရှိကြပါ့မလား"

သည်အခါ မောင်နှမနှစ်ယောက် ဖအေ့အသက်ကို တွက်စစ်မိကြ၏။

"အဖေ့အသက် ၆၀ ကျော်ပြီလားကိုရင်"

"အဖေ ၆၅။ အမေ ၆၀ ရှိပြီလဟာ"

"လယ် လုပ်မှ လုပ်နိုင်ပါဦးမလားကိုရင်ရယ်"

မမြင်ရသည်မှာ ကြာပြီဖြစ်သော အဖေ့ကို စိတ်မှန်းဖြင့် မိအိုး သနားနေမိသည်။ အဖေ ပိန်နေမည်လော၊ ဝဖီးနေမည်လော၊ မည်းခြောက်နေမည်လော၊ စိုပြည်နေမည်လော ဟူ၍လည်း စိတ်ဖြင့် မှန်းကြည့်မိ၏။

"အမေရေ လှည်းပေါ်တက်ပါတော့၊ ဘကြီးလည်းတက်"

ကလေးတွေအသံကို ကြားရမှ လှည်းရပ်စောင့်နေကြောင်း သတိမူမိကြ၏။ လမ်းခွဲတွေသို့ မှားဝင်လိုက်ပါသွားမည်စိုးသဖြင့် လှည်းသမားက စောင့်ဆိုင်းနေခြင်းဖြစ်၏။

သွေးသောက်စု ရွာကြီးကို မြင်ရပေပြီ။

ပေပင်နှင့် အုန်းပင်၊ ထန်းပင်၊ မန်ကျည်းပင်၊ မြန်မာကုက္ကိုပင်များ မှိုင်းသည်းအုပ်ဆိုင်းထားသည်။ ညှို့သည်များမှာ ရောက်လိုဇောဖြင့် မျှော်မောကြ၏။ ငါ့အဖေ အမေ နေသောရွာ ဟူသည့်အသိကြောင့် ရင်ထဲ၌အေးချမ်း၏။

လှည်းသံတအီအီဖြင့် ရွာထဲသို့ဝင်လာပြီ။ ဟိုအိမ်သည်အိမ်မှ လှမ်းကြည့်သူများရှိ၏။ မျက်နှာစိမ်းတွေမို့ လည်ပင်းရှည်ကြည့်ကြ၏။ သို့သော် အိမ်အများစုမှာ တိတ်ဆိတ်နေသည်။ အချို့အိမ်က အိမ်အဝင်ဝကို ထန်းရွက်ခြောက် ဆို့ပစ်ခဲ့သည်။ စောင့်ရန်းတန်းရှိသော အိမ်များမှာမူ အိမ်ကို ဟောင်းလောင်းထားခဲ့ပြီး ဝိုင်းအဝင်ဝမှာသာ ဆူးခက်ဖြင့် ပိတ်ထားခဲ့ကြသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



လှည်းသည် အနောက်ဘက်သို့ မျက်နှာမူကာ မောင်းလာရာမှ လက်ယာဘက်သို့ ချိုးကွေ့သေးသည်။ တစ်ခေါ်မျှ မောင်းလာပြီးမှ ဥယျာဉ်တစ်ခုအတွင်းသို့ ဝင်လာရာ "အိမ်ရှင်တို့ ဧည့်သည်ပါသဗျို့" အော်သည်။

"ဘယ်သူတုန်းဟဲ့၊ ဘယ်က ဧည့်သည်တွေတုန်း"

ဒေါ်မင်းဘော်သည် ဖြိတ်ဆာထွေးတစ်ခုကို ဖြောက်ကာ ဖြောက်ကာ ရှင်းနေရာက လည်ဆန့်ပြီး မေး၏။

"အမေရေ၊ ကျုပ် ငလှိုင်းပါ အမေရ"

မောင်မောင်လှိုင်းသည် လှည်းပေါ်မှခုန်ချပြေးလာသည်။ "ကိုယ့်သား အသံမှ မမှတ်မိတော့ဖူးလား အမေရ" အော်ရင်း ချဉ်းကပ်လာသည်။

ဝင်းပြက်ကြည်လန်းလာသော မျက်နှာကြီးဖြင့် "ငလှိုင်း၊ လူလေး၊ သားကြီး" ဟု အော်ချိန်တွင်ကား သားကြီးသည် မအေအား ဖက်ထားပြီ။ တွန့်ရှုနေသော ပါးကြီးကို အတင်းနမ်းပြီ။

"လူလေး၊ ငါ့ချွေးမ မင်းသမီး မပါဖူးလား"

"မိဒေါင်းလှ ပါပါသယ်အမေရ။ အဲသည်ချွေးမနဲ့ မတွေ့ခင် ကုလားမတစ်ယောက်ကို တွေ့ပါဦး"

ကျောဘက်သို့ရောက်လာသော မိအိုးအား အမေ မြင်သာစေရန် မောင်မောင်လှိုင်း ဘေးသို့ တိမ်းပေး၏။

"သမီး သမီး၊ ဟဲ့ အဲသာ မိအိုးပဲ"

"ဟုတ်ပါသယ် အမေရှင့်"

မိအိုးလည်း ဆောင့်ကြောင့်ထိုင်နေရာက အမေ့ရင်ခွင်ထဲသို့ ဟပ်ထိုး ပြေးဝင်ပြီးဖက်သည်။ ချွေးစော်နံနေသည့် အမေ့လည်တိုင်ကြီးကို နမ်းသည်။

"ငါ့သမီးကို ချိုးချိုးနိမ်နိမ်တော် ကုလားမတဲ့"

"တစ်လမ်းလုံး အဲသလို ခေါ်လာသာ အမေရ။ သမီးလည်း မခေါ်ပါနဲ့ မပြောရဲလို့ ငြိမ်နေခဲ့ရသယ်ရှင့်"

www.facebook.com/NyisayEbookCreator
www.nyisay.com



ဒေါ်မင်းဘော်မှာ ကြည်နူးခြင်း ကူငွေကူငွာဖြင့် ရယ်မောသည်။ ရယ်မောဆဲမှာပင် မျက်ရည်တွေ တလိမ့်လိမ့်စီးဆင်းလာ၏။ ထိုအခါ မိအိုးလည်း မအေကိုဖက်လျက် အားရပါးရ ငိုချလိုက်တော့သည်။

မိဒေါင်းလှမှာ ရဲလောင်းကိုလည်း ချီထားရ၊ ပေါ်လာနှင့် သင်းထုံကိုလည်း ထိန်းရမို့၊ ပစ္စည်းများ မချနိုင်။ လှည်းသမား သယ်ချသည်ကိုသာ စောင့်ကြည့်နေရ၏။ လှည်းသမားမှာလည်း ဂရုတစိုက် ကိုင်တွယ်နေရသဖြင့် ကြန့်ကြာ၏။ သို့ကြောင့် မိအိုးသည် သင်းထုံကိုလက်ဆွဲလျက် ပြေးလာပြီး မိခင်၏လက်ထဲသို့ ရဲလောင်းကို ထည့်ထားခဲ့၏။

"ရော့ အမေ့ဖို့ မန္တလေးလက်ဆောင်။ ဟောသာက ရေနံချောင်းလက်ဆောင်"

ရဲလောင်းကို ဒေါ်မင်းဘော်၏လက်ထဲသို့ ထိုးထည့်ပြီး လှည်းဘက်သို့ လျှောက်သွားတော့သည်။

"အမယ်လေး နည်းသဲ့ကောင်ကြီး မဟုတ်ပါလား"

ဒေါ်မင်းဘော်သည် ရဲလောင်းကို ဝမ်းသာအားရ လက်တစ်ဖက်ဖြင့် ပိုက်လျက်၊ သင်းထုံကို လက်တစ်ဖက်ဖြင့်ပွေ့ရင်း မိအိုးအား မေး၏။

"နေစမ်းပါဦး၊ အဲသာတွေဟာ ဘယ်သူ့ကလေးတွေတုန်းဟဲ့"

"အမေချီထားသာက ကိုရင့်သား၊ ရဲလောင်းတဲ့။ အမေပွေ့ထားသာက ကျုပ်သမီး သင်းထုံတဲ့ရှင့်"

"အင်း အင်း၊ သာကြောင့် ငါ့သမီးနဲ့တူသာကလား။ သူကလေးကျတော့ အသားမည်းပါကလား"

"သြော် အမေရဲ့။ ပေါ်လာကို ခါးထစ်ခွင်ပြီး နေပူကျဲထဲမှာ ထမင်းသွားသွားပို့ရပေမယ့် သူ့ကျတော့ သလောက် မပင်ပန်းတော့ဘူးအမေရဲ့"

"ပေါ်လာ ဘယ်ကပေါ်လာတုန်း"

"အမေ့မြေး၊ သမီးရဲ့ သားဦးပါရှင့်။ သားရေ ဟောသည်မှာ

ပုဂံစာအုပ်တိုက်

www.facebook.com/NyisayEbookCreator
www.nyisay.com



အမေကြီးဆီ လာပါဦးကွယ်"

ဒေါ်မင်းဘော်မှာ မြေးကိုကြည့်ပြီး ဝမ်းသာရခြား၊ ရင်ထဲ၌ မတင်မကျ ခံစားရ၏။ သူ့မြေး ပေါ်လာမှာ သင်းထုံနှယ် မသိမ်မွေ့လှ၊ ထောင့်မကျိုးလှဟု ထင်မိသဖြင့်ပေတည်း။

ပစ္စည်းတွေ အိမ်အောက်သို့ သွင်းပြီး၍ မအေ့နေရာဝင်ပြီး ချက်ရန်ပြုတ်ရန် မိအိုးပြင်ဆင်နေချိန်တွင် ဦးမိုးကောင်း ပြန်ရောက်လာ၏။ ခြေလက်ကို ဖြစ်ကတတ်ဆန်း ဆေးလာသဖြင့် ရွှံ့မစင်။ ကိုယ်အထက်ပိုင်းတွင်ကား ရွှံ့ပြောက်များသည် နေသွေ့သဖြင့် ခြောက်ကုန်ပြီ။

"ညှိုသည်ဆိုလို့ ကမန်းကတန်းပြေးလာသာ၊ လက်စသတ်တော့ ရွှေမြို့တော်က စာရေးဆရာ လင်မယားပါကလား"

မောင်မောင်လှိုင်းသည် ကလေးကိုချထားခဲ့ပြီး ဖအေ့ထံပြေးလာသည်။ ငန်းပြားနှင့် ဓား၊ ခမောက်၊ ရေဘူးတို့ကို ယူသည်။ ဖအေ့ခါးကို ဖက်သည်။ ဦးမိုးကောင်းသည် ဆီမွှေးနံ့သင်းနေသော သား၏ခေါင်းကို အသာအယာ ပုတ်သည်။ "လယ်ကိုင်းမှာ သားအဖတစ်တွေ ဆုံပြီးကတည်းက ငသိုင်း သတင်း မကြားတော့ဘူး လူလေး။ သူ အခုပြန်ရောက်မလာဘူး" ဟု အိမ်အောက်သို့ ဝင်လာရင်း စကားစ၏။

"ကျွန်တော်လည်း ထောက်ရာပင်အရောက်မှာ ဝါးကြီးအိုင်ဘက်ကို ကူးသွားရသာအဖေခင်ဗျာ့။ ညီညီက စလေတစ်ဖက်ကမ်း ကျပင်း မဟုတ်လား။ အလှမ်းကွာလွန်းပါသယ်ခင်ဗျား။ သတင်း မရပါကလားခင်ဗျား"

"သည်ကောင် ပြန်ရောက်မလာဘူး"

"မိန်းမများ ရနေရော့လားခင်ဗျား"

သည်စကားအရောက်၌ အဖေ့မျက်နှာ ညှိုး၏။ သို့ကြောင့် အခြားစကားသို့ ပြောင်းသည့်အနေဖြင့် "ငရွှေကျိုင်းကော၊ အိမ်ထောင်ကျပြီလား အဖေခင်ဗျာ့" ဟု မေးလိုက်သည်။

"သည်ကောင်လည်း ဘုန်းကြီးဗိုလ်အထမှာ"

ဤသို့လျှင် ဦးမိုးကောင်းသည် ဆင်ပေါင်ဝဲတစ်မြို့လုံး ဖျက်ဆီးခံရပုံအစ၊ ဘုန်းကြီးဗိုလ်ကွယ်လွန်ပြီး ငရွှေကျိုင်း ပျောက်သွားပုံအလယ်၊ ဆင်သေရွာမှ လူအချို့ ဝေးလံရာသို့ ဖြန့်ကြက်နယ်နှင်ခံရပုံ အဆုံးတို့ကို နာကျည်းကြေကွဲစွာ ဇာတ်လှန်ရပြန်သည်။

"ငါမကျေချမ်းသာက မြို့ကို မီးတင်ခံရသာ မဟုတ်ဘူး။ ငါ မပါရသာကွ၊ ငါ မပါလိုက်ရသာ"

လူကလည်း နုလန်ထစ၊ အိမ်သူအိမ်သားများကလည်း သတင်းမြဲထား၊ လှုပ်ရှားမှုကာလလည်း တိုတောင်းသဖြင့် ဦးမိုးကောင်းမှာ ပွဲကြီးပွဲကောင်းနှင့် လွဲခဲ့ရသည်။ သို့ဖြစ်သဖြင့် စကားစပ်မိတိုင်း ယူကျုံးမရ ဖြစ်ရသည်။

"ဆရာတော်လည်း သခ်ါရ၊ သေနတ်မမှန်လည်း တစ်နေ့နေ့မှာ ပျံတော်မူမှာပဲ။ မြို့လည်း မီးနဲ့တွေ့လို့ လောင်ကျွမ်းသာ ခမ္ဘတာပဲ၊ ဖြေလို့ရသယ်။ အခုတော့...."

"အဖေမပါပေမယ့်၊ အဖေမွေးထားသဲ့ အဖေ့သားက အဖေ့ကိုယ်စား"

"ဟ လူလေးရ။ တာဝန်ရှောင်သူတွေသာ ကိုယ်စားထည့်။ လူငှားထည့်သာကွ။ အမျိုးဘာသာ သာသနာအရေးမှာ လူစားထည့်ရမှာလား"

အဖေ့စိတ်သည် မိမိထက် ပြင်းထန်ဆဲပါတကားဟု မောင်မောင်လှိုင်းသိရပြန်သောအခါ ထပ်မံပြီး စကားလိုးလွှဲရပြန်သည်။

"ငကျိုင်း ပျောက်သွားသာဟာ၊ တိုက်ပွဲမှာ ကျသာလား၊ အဖော်ကောင်းလို့ တစ်နေရာကို ပါသွားတာလားအဖေခင်ဗျာ"

"အကြောင်းတစ်ခုခုကြောင့် ထွက်သွားရာက အခုတော့ ပြန်တွေ့ပါပြီ။ တွေ့ပေမယ့် ဘာပြုလို့ ထွက်သွားတာတုန်း မေးလို့ မရပါဘူးကွာ"

"တော်ပါသေးရဲ့အဖေရာ။ ငသိုင်း ပြန်မရောက်သဲ့အထဲ ငကျိုင်းသည်း သေလားရှင်လားမသိ ဖြစ်သွားရင်၊ အမေ စိတ်ဆင်းရဲမှာခင်ဗျာ"

www.facebook.com/NyisayEbookCreator
www.nyisay.com



"အံမာ၊ ငါ စိတ်ဆင်းရဲမှာတော့ မစိုးရိမ်ဘူးဟုတ်စ"

ပြုံးစစဖြင့် မာန်မဲသည်ကို မောင်မောင်လှိုင်း မဖြေတတ်ဘဲရှိနေစဉ် ဒေါ်မင်းဘော်သည် မြေဆေးခံခွက်ဆွဲလျက် ပြောင်းဖူးဖက်ဆေးလိပ်တို တစ်ဖက်ဖြင့် ရောက်လာသည်။ ကွပ်ပျစ်စင်၏အောက် မြေပြင်ပေါ်တွင် တုံးခု ထိုင်သည်။ မောင်မောင်လှိုင်းသည် ချက်ချင်း အမြင့်မှခုန်ဆင်းပြီး မအေကို ချိုင်းမှမသည်။

"မြေကြီးပေါ်မှာ အေးလို့ပါသားရယ်"

သို့အတွက် မောင်မောင်လှိုင်းပါ ဖင်ထိုင်ခုံတစ်ခုရှာပြီး မအေ့ဆေားတွင် ဝင်ရောက်ပူးကပ်ထိုင်သည်။ မအေ့ခါးကို ဖက်ကာ ခေါင်းကို ဒူးပေါ်တင်ထား သည်။ ဒေါ်မင်းဘော်လည်း ပြုံးရွှင်စွာ ဆေးလိပ်ညှိအပြီး၌ မော့ပြော၏။

"မောင်ကြီးသားဘုန်းကြီးကလေးနဲ့ တွေ့ပုံတွေ့နည်းပြောလိုက်ပါဦး"

▣

ကိုဝဲတို့မှာ သည်ဘက်ကမ်းသို့ ပြောင်းရွှေ့လာပြီး မကြာမီကာလတွင် လုပ်ငန်းကိုင်ငန်း အဆင်ပြေလာ၏။ အိမ်မှာလည်း ဟိုဘက်ကမ်းမှ ဖျက်ယူ ပြောင်းရွှေ့လာကတည်းက အပျက်အစီးများပြား၏။ သို့အတွက် အိမ် တစ်လုံးဆောက်ရန် လိုအပ်လာခဲ့တော့၏။

သို့ဖြင့် မည်သည့်ရွာတွင် အိမ်ရောင်းရန်ရှိသနည်း စနည်းနာကြ၏။ အသစ်ဆောက်လျှင် တောတက်ပြီး သစ်ခုတ်ရ၊ လွှစင်ထောင်ပြီး သစ်ခွဲရ၊ လက်သမားရှာရနှင့် ကရိကထများသည်။ ပြီးပြည့်စုံသော အိမ်တစ်လုံးကို တက်ကစီး ဝယ်လိုက်ပါက ဖျက်ယူပြီး၊ မူလ အနေအထားအတိုင်း ပြန်လည် တပ်ဆင်ရုံသာ။

စုံစမ်းရင်းဖြင့် ချောင်းဦးရွာ၌ အိမ်သစ်တွေရှိကြောင်း သတင်းရသည်။ ဦးမိုးကောင်းကို အဖော်ခေါ်လျက် သွေးသောက်စုချောင်းအတိုင်းမြှောင်လျက် ဦးဝဲ ဆန်တက်ခဲ့သည်။ နံနက်စောစော ကျိုးမနိုးမီက ထမင်းထုပ်ကိုယ်စီဖြင့်

www.facebook.com/NyisayEbookCreator
www.nyisay.com


လာခဲ့ကြရာ ဆွမ်းခံပြန်ချိန်နီးမှ ရွာထဲသို့ ဝင်မိကြသည်။

ရွာမှာ တောနင့်နီး၏။

သို့အတွက် ရွာသားများသည် အားလပ်ချိန်၌ သစ်ခုတ်ပြီးစုဆောင်းသည်။ အိမ်တစ်လုံးစာရလျှင် အိမ်ဆောက်သည်။ လူနေရန် မဟုတ်၊ ရောင်းရန် ဖြစ်သည်။ သံမပါ၊ ထုပ်စွပ်လျှောက်စွပ်၊ မှိုတော စို့စွဲများချည်းဖြစ်သည်။ ဦးမိုးကောင်းနှင့် ဦးဝဲတို့သည် အိမ်ဆယ်လုံးကို လိုက်လံကြည့်သည်။ ခပ်သင့်သင့် အိမ်တစ်လုံးကို စျေးနှာစုံစမ်းရာ တစ်ရာ့ငါးဆယ်ဆိုသည်။

သို့ဖြင့် ဆစ်ရင်း ဆွက်ရင်းဖြင့် အိမ်ရှင်သည် တစ်ရာ့သုံးဆယ်တွင် ပေနေတော့သည်။ ထပ်ဆစ်၍ မရတော့ပါ။ ဦးဝဲ ရက်သတ်လိုပြီ။ သို့သော် တိုင်ပင်ဦးမှဟု ဦးမိုးကောင်းကို လှည့်ကြည့်သည်။

အိမ်အရောင်းအဝယ်တွင် ဦးမိုးကောင်း စိတ်မရောက်။ အိမ်ရှေ့သို့ ရောက်နေသည်။

"နောင်ကြီးကောင်း၊ တစ်ရာ့သုံးဆယ် ဘယ့်နှယ်တုန်း"

"ဟို ပတ္တပိဏ်ဘုန်းကြီးကို ကြည့်စမ်းကွ"

ခြေတစ်လှမ်းချင်းအပေါ်တွင် ရှုမှတ်လျက်၊ သပိတ်ပိုက်ကြွသွားသော ရဟန်းတစ်ပါးဖြစ်သည်။

"ဘာပြုလို့တုန်း နောင်ကြီးကောင်း"

"မင့်တူကျိုင်းနဲ့ တူသလားလို့"

"ဗျာ"ဆိုကာ ဦးဝဲ သုတ်ခနဲ ထသည်။ အိမ်ရှင်ကို လက်ဟန်ခြေဟန် ပြပြီး ထားခဲ့သည်။ ရဟန်းတော်သည် အိမ်စဉ်ကြွ၏။ ဦးမိုးကောင်းတို့ ပြေးလိုက်လာပြီး "အရှင်ဘုရား"ဟု အသံပေး လက်အုပ်ချီ၏။ ရဟန်းတော် လှည့်မကြည့်။

ဘေးမှကြည့်သောအခါ များစွာတူသည်။

"ကိုယ်တော်ကျိုင်း"

www.facebook.com/NyisayEbookCreator
www.nyisay.com



ဦးဝဲအသံပေးငြား အချည်းနှီး။

ဘေးမှကြည့်ရသည်ကို အားမရသဖြင့် ရှေ့သို့သွားကြည့်သည်။ အရိပ်မလွတ်သဖြင့် ခွာကြည့်ရသည်။ သစ်ခေါက်ဆိုး သင်္ကန်းညိုကြီးကြောင့် ရဟန်းမှာ အိုစာနေသည်။ ကိုမိုးကောင်းတို့ အသံအမျိုးမျိုးပေးစေကာမူ ကျောင်းသို့သာ တိုင်ခဲ့သည်။ မျက်လွှာ တစ်ချက် မပင့်။

ဦးမိုးကောင်းနှင့် ဦးဝဲမှာ ကျောင်းထိုင်ဆရာတော်ထံ ချဉ်းကပ်ရတော့သည်။

"အရှင်ဘုရား၊ သည်ဦးဇင်းဟာ မြစ်အနောက်ဘက်ကမ်းက ပျောက်သွားသဲ့ တပည့်တော်သားနဲ့ အလွန်တူနေပါသဘုရား။ သို့သော် စကားပြန်မရသဲ့အတွက် ခက်နေကြောင်းပါဘုရား"

"စကားမပြောဘူး ဒါယကာ။ ဝစီပိတ်အကျင့်ဟာ ဝါဆိုလပြည့်နေ့ကျမှ ပြီးဆုံးလိမ့်မယ်"

ကျောင်းထိုင်ဆရာတော်ကလည်း တစ်ချက်သာကြည့်ပြီးနောက် မျက်လွှာချထားချေသည်။

"သည်လိုဆိုလျှင်၊ သူ ရဟန်းပြုပေးဖို့ လျှောက်ထားစဉ်က ဘယ်ရွာက ဘယ်သူလို့ ပြောပါသလဲဘုရား"

"ဘုန်းကြီး မမှတ်မိဘူး ဒါယကာ။ မြစ်အနောက်ဘက် ဆိုသာပဲ မှတ်မိတယ်။ အေး၊ ဒါယကာရဲ့ မိဘများက ခွင့်ပြုရဲ့လားမေးတော့၊ သေပြီသဘောထားကြပါသယ် ဘုရားလို့ပြန်လျှောက်တယ်။သည်တော့၊ ဘုန်းကြီးလည်း မိဘစွန့်ပစ်ခံရသဲ့ အဝဇာတသား၊ သံဝေဂရလို့ ရဟန်းပြုသယ် အထင်နဲ့ ရဟန်းပြုပေးလိုက်သာပဲ"

စစ်ပွဲအပြီး၌ ပျောက်သွားသောလူကို သေပြီထင်ကြစမြဲတည်း။ ဤသဘောဖြင့် လျှောက်သည့်အတွက် လျှောက်သူ၌လည်း တာဝန်ကင်း၏။ လက်ခံသူ၌လည်း အပြစ်လွတ်သဖြင့် ဆင်ဖေ့ရန်ရှောင် လုပ်တတ်ပုံကို

www.facebook.com/NyisayEbookCreator
www.nyisay.com


ဦးမိုးကောင်းမှာ စောဒက မတက်သာချေ။

"သူ၊ အရှင်ဘုရားထံတော်ပါး ရောက်နေသာ ကြာပြီလားဘုရား"

"ဘုန်းကြီးဗိုလ် ထပြီးစလောက်ပဲဒါယကာ။ ကျုပ် အသိနောက်ကျလေချင်းလို့ ယူကျုံးမရ ဖြစ်မိတယ်ဒါယကာ"

ဦးမိုးကောင်းနှင့် ဦးဝဲ တစ်ယောက်မျက်နှာ တစ်ယောက် ကြည့်မိကြ၏။ ခုနက မျက်လွှာချထားသောကိုယ်တော်သည် ဘုမသိဘမသိ ဒါယကာစိမ်းနှစ်ယောက်အား ရှုးစိုက်အကဲခတ်နေ၏။

"မှန်ပါ၊ ဘယ်လိုအကြောင်းကြောင့်ဆိုသာ သိပါရစေဘုရား"

"ဒကာတို့က ဘယ်ရွာကဆိုသာ ပြန်ပြီးလျှောက်ကြဦး"

"သွေးသောက်စုရွာကပါဘုရား၊ ဆင်သေရွာက လူအတော်များများ နယ်နှင်ဒဏ်ခံရရာမှာ တပည့်တော်တို့က သွေးသောက်စုကို ရောက်လာပါသဘုရား။ တပည့်တော်တို့လည်း ဗိုလ်ရွှဲရဲ့တပ်က ပြန်လာကြရာမှာ မကျန်းမမာဖြစ်နေကြသဲ့အတွက် အဲသည်ပွဲကြီးနဲ့ လွဲခဲ့ရပါသဘုရား။ သူက ဗိုလ်ရွှဲရဲ့ ညီအရင်းဘုရ။ ဗိုလ်ဝဲ ခေါ်ပါသဘုရား"

"သူက သွေးသောက်ကြီး ဦးမိုးကောင်းဘုရ"

"ဟဲ့ကျောင်းသားတွေ၊ ကိုရင်တွေ လာကြစမ်း"

ထိုခဏအတွင်း၌ ဦးမိုးကောင်းတို့ရှေ့သို့ ငှက်ပျောဖီးတွေ၊ ထန်းလျက်တွေ၊ ပေါက်ပေါက်ဆုပ်တွေ၊ မုန့်တွေရောက်လာတော့သည်။

"စားကြ ဒကာတို့ စားကြ"

"မှန်လှပါ။ ခုနက ပြတ်သွားသဲ့စကား ဆက်တော်မူပါဦးဘုရား"

"ကျုပ်ကျောင်းနဲ့ ဧရာဝတီမြစ်ဟာ ၆ တိုင်လောက်ဝေးသယ်။ ရွာသူရွာသားတွေထဲက ဆင်ပေါင်ဝဲကို မရောက်ဖူးသူတွေ အများကြီးရှိသယ်။ အကွာအဝေးကလည်း ဆယ်တိုင်လောက် ရှိလေတော့ ဘုန်းကြီးဗိုလ်ထသာ မသိလိုက်ဘူး"

www.facebook.com/NyisayEbookCreator
www.nyisay.com



"အရှင်ဘုရားနှယ်။ သုံးတိုင်လောက်ပဲဝေးသဲ့ တပည့်တော်တို့တောင် ယာထဲရောက်နေလို့ မသိလိုက်ဘူးဘုရား့"

"တပည့်တော်လည်း သလိုပဲဘုရား။ အမြောက်သံကိုတောင် မိုးခြိမ်းသံ ထင်နေသာကလား"

ဦးမိုးကောင်းရော ဦးဝဲပါ၊မိမိတို့အဖြစ်ကို ရင်နာစွာ လျှောက်တင်ကြ၏။

"အဲသာနဲ့၊ ဆင်ပေါင်ဝဲ မီးသင့်လို့ ဆိုသာတောင်၊ အတော်ကြီး နောက်ကျမှ သိရသယ်။ ကျုပ်လည်း ဘယ်ရပ်ကွက် ဘယ်သူ့အိမ်က စလောင်သာတုန်း စုံစမ်းတော့မှ တိုက်ပွဲဖြစ်ပြီး ကုလားရှို့သာတဲ့"

"ရွာတွေလည်း လိုက်ရှို့သာပဲဘုရား့"

"အဲသာနဲ့ ဘယ်သူတွေနဲ့တိုက်သာတုန်း ထပ်ဆင့်ခြေရာခံတော့မှ ကျုပ်နဲ့ စာသင်ဘက် ဦးသာသန ဘုန်းကြီးဗိုလ်ဆိုပြီး ထတိုက်သာတဲ့။ ကျုပ်သိချိန်မှာ အားလုံး ပြီးစီးသွားပြီ၊ နာလိုက်သာဒကာတို့ရာ။ ကျုပ်ကျောင်းမှာ ပဥ္စင်းပျိုတစ်ကျိပ်၊ ကိုရင်နှစ်ကျိပ်၊ လူပျိုပေါက်ကျောင်းသားကြီး နှစ်ကျိပ်ရှိသယ်။ လာကြပေ့ဆိုရင် ကျုပ် နောက်က လိုက်ကြမှာချည်းပဲ"

ဆရာတော်သည် လက်ဖျားတခါခါဖြင့် ညည်းတွား၏။

"ဘုန်းကြီး ဦးသာသနက သူ့ဘာသာသူ အေးအေးဆေးဆေး သီတင်းသုံးနေသာပါဘုရား။ တမင်သက်သက်လာပြီး စော်ကားလို့"

"ဦးသာသနကို ပုဂ္ဂလဓိဋ္ဌာန် မစော်ကားခင်ကတည်းက၊ ဌာပနာတိုက်တွေဖောက်၊ ဘုရားတွေဖျက်၊ ကျောင်းတွေ၊ အိုးအိမ်တွေ မီးရှို့နဲ့ သိမ်းကျုံးပြီး စော်ကားနေသာကြာပြီပဲ၊ တိုက်ရမှာပေါ့။ ပင်လယ်ထဲ ဆင်းပြေးအောင် တိုက်ရမှာ။ လူဖြစ်ကျိုး မနပ်လိုက်လေ"

"တပည့်တော်တို့ ဦးတင်ပါသေးသယ်ဘုရား"

"ကောင်းပြီ ဒါယကာတို့၊ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ"

ပြန်ခါနီး ဝတ်ဖြည့်သဖြင့် ဆရာတော်က မေတ္တာပို့သည်။ သို့သော်

www.facebook.com/NyisayEbookCreator
www.nyisay.com


ကိုဝဲသည် မထဖြစ်သေးဘဲ "တပည့်တော်တို့ကိုမြင်လို့ တပည့်တော်ရဲ့ တူကလေး ထွက်သွားပါဦးမယ်ဘုရား။ သူဟာ ဘုန်းကြီးဗိုလ်ရဲ့တပ်မှာ တောင်ဘက်မျက်နှာက တိုက်ခဲ့သဲ့ဗိုလ်ဘုရာ့" ဆက်လျှောက်ပြီးမှ ထရပ်၏။

ဆရာတော်မှာ ပထမသော် အံ့အားသင့်၏။ ဒုတိယ ပြုံးရယ်၏။ တတိယသော် ဝမ်းသာအားရထရပ်၏။

"စိတ်ချ စိတ်ချ၊ တခြား မသွားစေရဘူး"

ဘုန်းတော်ကြီးကျောင်းမှ ပြန်လာသောအခါ အိမ်ရှင်သည် ထမင်းဟင်း အသင့်ချက်ပြုတ်လျက် စောင့်ဆိုင်းနေ၏။ ဦးမိုးကောင်းတို့သည် ထမင်းစားရင်း ထပ်မံဈေးဆစ်သည်။ ငွေချေမည့်ရက်ပေးကာ ပြန်ခဲ့ကြသည်။

ဦးမိုးကောင်းမှာ ဦးပဥ္ဇင်း၏သတင်းကို ဒေါ်မင်းဘော်အား ပြောသင့် မပြောသင့် ချိန်ဆပြီးမှ ဖွင့်ပြောသည် ဦးမိုးကောင်း မျှော်လင့်သည့်အတိုင်းပင် ခရီးလမ်း ကြမ်းပါစေ၊ ဝေးလှမ်းပါစေ၊ သွားပါရစေ ပူဆာလေတော့သည်။

သို့ဖြင့် ဝါဆိုလဆန်း အဖိတ်နေ့အရောက် မိသားစုသုံးစု၊ လှည်းသုံးစီးဖြင့် ချောင်းဦးရွာကျောင်းသို့ လာခဲ့ကြသည်။ ဦးပဥ္ဇင်းသည် မိဘဆွေမျိုးများကို အတွေ့မခံ၊ နောက်တစ်နေ့ကျမှ အတွေ့ခံသည်။

"ဒကာကြီး ဒကာမကြီးတို့၊ ကျုပ်ဒုက္ခကို သိကြရဲ့လား"

စကားပြောကား ပြောပါ၏။ မျက်လွှာချထား၏။

"အဖေအမေတို့မှာ ကြီးတောင့်ကြီးမားမှ အားကိုးရာမဲ့ဖြစ်နေကြပါပြီ သားရယ်။ လူထွက်ပြီး လိုက်ခဲ့ပါ"

ဒေါ်မင်းဘော်သည် သား၏ခြေကိုဖက်ပြီး ငိုကြွေးသည်။

"ကျုပ်ဒုက္ခကို မသိဘဲနဲ့၊ ဒုက္ခအသစ် မပေးပါနဲ့ ဒကာမကြီး။ စားရမဲ့ သောက်ရမဲ့ဖြစ်ရင် ကျောင်းနားမှာလာပြီး တဲထိုးနေကြ။ ကျုပ် ဆွမ်းခံပြီး ကျွေးမယ် ဟုတ်ပြီလား"

ဦးပဥ္ဇင်း ထိုသို့ပြောပြီး ထသွားတော့သည်။ ဒေါ်မင်းဘော်မှာ

www.facebook.com/NyisayEbookCreator
www.nyisay.com



ဖြေမဆည်နိုင်ပြား ဦးမိုးကောင်းမှာ တွေးတောစရာရသည်။ ‘ကျုပ်ဒုက္ခကို သိကြရဲ့လား။ ကျုပ်ဒုက္ခကို မသိဘဲနဲ့’ သည် နက်နက်နဲနဲ စဉ်းစားစရာ ဖြစ်တော့သည်။

လပြည့်ကျော် တစ်ရက်နေ့တွင်ကား၊ ဆရာတော်၏ရှေ့မှောက်တွင် သားအမိသားအဖဆုံမိကြပြန်သည်။ မမင်းဘော်သည် ‘တစ်နေ့’က နည်းတူ အငိုဖြင့် စကားစ၏။

“သားသုံးယောက်ရှိသာ၊ အမေ့မှာ သည်သားပဲ ကျန်ပါတော့သယ် သားရယ်။ အမေ သဘောမတူ၊ ခွင့်မပြုဘူး။ လူထွက်ပါ”

အနိုင်အပိုင် ဆိုသောစကားဖြစ်သည်။ သို့သော် ဦးမိုးကောင်း သဘောမကျ။

“ပဉ္စင်းရဲ့မယ်တော်၊ မယ်မင်း သည်စကားမျိုးမပြောပါနဲ့။ တစ်နေ့တုန်းက ဦးပဉ္စင်း ပြောသွားသဲ့ အထဲမယ် ‘ကျုပ်ဒုက္ခကို သိကြရဲ့လား’ ဆိုသာ ပါသယ်ကွယ်။ ကိုယ်ချင်းစာပါဦး”

“သားမှာ ဘယ်လိုအခက်အခဲတွေ ရှိနေသတုန်း။ အမေ့ကိုပြောပါ။ အမေ့အသက်နဲ့လဲပြီး ကာကွယ်မယ်”

ဦးပဉ္စင်းသည် ငြင်သာစွာခေါင်းယမ်း၏။

“ဒကာမကြီး မတတ်နိုင်ပါဘူး”

“လူမထွက်နိုင်ရင်လည်း နီးနီးနားနား သွေးသောက်စုကျောင်းကို ကြွပြီး သီတင်းသုံးပါ သားရယ်”

ဒေါ်မင်းဘော် တစ်ထစ်လျှော့ပြား၊ ဦးပဉ္စင်း မလျှော့ပါ။

“မီးဖိုနားကပ်ထိုင်ရင် ပိုပြီး ပူမှာပေါ့”

ထိုအခါတွင် ကျောင်းထိုင်ဆရာတော်ကြီးက ဝင်ရောက်မိန့်တော်မူ၏။

“ဒကာမကြီးရဲ့သား ရဟန်းပြုသာကို သဘောမတူဘူးလို့ ပြောသဲ့ စကားရှိသယ်။ စကားကို ပြင်ပေးစေချင်သယ်၊ ဝန်လေးသယ်”

www.facebook.com/NyisayEbookCreator
www.nyisay.com



ဒေါ်မင်းဘော်မှာ သူ့သား သူ့ထံပြန်လာရေးသာ အာရုံစောနေသဖြင့် အတွင်သာ မျက်ရည်သုတ်နေ၏။ သို့အတွက် ဦးမိုးကောင်းက "မအေ ခွင့်မပြုပေမယ့်၊ တပည့်တော် ခွင့်ပြုပါတယ်ဘုရား" ဟု လျှောက်လေ၏။ သို့ဖြစ်သဖြင့် သား၏ခြေကိုဖက်ပြီး "အမေ့ကို သနားပါဦးသားရဲ့။ အမေ သေရပါတော့မယ်" ပြော၏။

ဦးပဥ္ဇင်းမှာ ခြေကိုဖက်အထားခံရသဖြင့် ထလည်း မသွားနိုင်ရှာ။ မျက်လွှာချနေရာက "စစ်ပွဲမှာ သေသွားပြီ သဘောထားပါလေ" ဟု ဆို့နင့်သံဖြင့်ဆို၏။

◙

"အခု ညီလေး ငရွှေကျိုင်း၊ လယ်ထဲမှာလား အဖေ"

မောင်မောင်လှိုင်း အလွန်စိတ်ဝင်စားသည်။ မည်သည့်အရာက သည်လူရှင်လူပျော်အား ရဟန်းဘောင်သို့ ပို့လိုက်ပါသနည်း။

"လူထွက်ဖို့ဝေးလို့၊ သည်ရွာကျောင်းမှာ ရွှေ့ပြီး နေဖို့ပြောသာတောင် လက်မခံပါဘူး လူလေးရာ"

"အမေ့ပဲ သနားပါသယ်အဖေရာ။ သူ့သားကို အလွန်ချစ်လွန်းလို့သာ၊ မပြောကောင်းသလား ပြောကောင်းသလား မစဉ်းစားနိုင်တော့ဘဲ လူထွက်ခိုင်းသာ"

"မအေဆိုသာ သည်လိုပဲ လူကလေးရေ့"

ဦးမိုးကောင်းသည် အိမ်နောက်ဖေးဘက်သို့ ငေးမောနေလေ၏။ သူငေးရာသို့ မောင်မောင်လှိုင်းလည်း လိုက်ကြည့်ရာက ထန်းသားတိုင် ထန်းသားထုတ် လျှောက်တင်ထားသော မမိုးရ၊ မကာရသေးသည့် အိမ်တစ်လုံးကို လှမ်းမြင်၏။

"ဟိုထောင့်ကအိမ်က ဘာလုပ်ဖို့တုန်း အဖေခင်ဗျာ"

"မင့်နှမ မိရိုးလေ"

www.facebook.com/NyisayEbookCreator
www.nyisay.com



ဦးမိုးကောင်းသည် သူ့သားအား ငုံ့ကြည့်ရာက "ဩော် ဟုတ်သား ပဲ။ လူလေးမှ မသိသေးတာကလား" ဟု ဆို၏။ သို့အတွက် ဒေါ်မင်းဘော်က ဆက်ပြော၏။

"အမေတို့ သည်ရွာကိုရောက်လာပြီး တစ်နှစ်လောက်အကြာမှာ မောင့်နမကို နေရာချပေးလိုက်သယ်။ သည်ရွာသားပေါ့ကွယ်။ အခု သူတို့ အိမ်ခွဲဖို့အတွက် အဲသာကလေး ထူထောင်ပေးရသာ"

"အဖေခင်ဗျာ။ ထန်းသားက ခိုင်ပါ့မလား"

"မိုးမစို မြေမထိသဲ့ ထုတ်လျှောက် ဒိုင်းမျှားကတော့ အနှစ် လေးငါး ဆယ်နေပါသကွာ။ မြေကြီးနဲ့ထိနေသဲ့ တိုင်ကဖြင့် လွန်ရောကျွံရော ဆယ်နှစ်။ မင့်အမေများရဲ့ အရပ်ဒေသလို မိုးကောင်းသဲ့ အရပ်များမှာတော့၊ သုံးနှစ်တောင် နေမှနေပါ့မလား မသိဘူး"

ထန်းသားဝမ်းပိုင်းများမှာ ချောမွတ်နေသဖြင့် မောင်မောင်လှိုင်း စိတ်ဝင်စားစွာ ကြည့်နေသည်။

"ရွှေပေါ်ထိုးသာလား အဖေခင်ဗျာ"

"ငါ့သားလည်း မြို့သားဖြစ်နေမှကိုးကွယ့်။ သာတွေ ဘယ်သိမတုန်း"

ဦးမိုးကောင်း ရယ်ဟဟပြောသဖြင့် "ဘယ်သိမှာတုန်း မောင်ကြီး ရယ်။ ဘထွေးဘုန်းကြီးနဲ့ ပါသွားတုန်းက ကလေးပဲရှိသေးသာ" ဟု ဒေါ်မင်းဘော် ဝင်ပြော၏။

"ရွှေပေါ်မသုံးပါဘူး လူလေးရာ။ ဓားနဲ့ 'ဖျဉ်း'ထားသာပါ။ ရွှေပေါ် ထိုးရင် အမျှင်တွေ လန်ကုန်မှာပေါ့"

အိမ်ဝိုင်းထဲသို့ လူအချို့ဝင်လာကြသည်။ ရွံ့အပေပေ ရေအစိုစိုနှင့်၊ သနပ်ခါးတစ်ကွက် ချွေးတစ်ပြက်ဖြင့် လယ်သူမတွေဖြစ်သည်။ "ဘယ်သူ တွေပါလိမ့်" ဟု မောင်မောင်လှိုင်း ကြည့်နေဆဲ၌ "ကိုရင်" ဟု အော်ကာ ပြေးလာပြီး၊ ရှေ့တွင် ဒူးထောက်တော့မှ မိရိုးမှန်းသိသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com


"ငါ့နှမ မိရိုးပါကလား။ ငါ ဘယ်ကသရဲတုန်းလို့"

"လုပ်ပြီ၊ မတွေ့ရသေးဘူး" ပြောပြောဆိုဆို ဒူးကို ငုံ့ကိုက်သည်။ မောင်မောင်လှိုင်းက နဖူးကို အသာတွန်းထားရင်း "နင့်ယောင်းမနဲ့ ကုလားမ တစ်ယောက် မီးဖိုထဲမှာ ဘာလုပ်နေကြသတုန်း၊ သွားကြည့်ချေ" ဟု ပြော၏။

မိရိုးသည် အဟုတ်မှတ်ပြီး ထသွားရာက မိအိုးကို အတွေ့တွင် ဖက်ပြီး ရယ်မောတော့သည်။

"အစ်မကို ကုလားမတဲ့၊ ကျုပ် အဟုတ်မှတ်လို့"

"ငါ့မလဲအေ၊ကိုရင်နဲ့တွေ့မှပဲ ဗမာစင်စစ်က ကုလားမဖြစ်တော့သယ်"

"လက်ကောက်တွေကလည်း အများကြီးပါကလား။ ကိုယ့်ညီမ လေးဖို့ တစ်ရန်တလေ လုပ်မလာဘူး"

ထိုစကားအရောက်တွင် မိဒေါင်းလှ ထလာ၏။

"ရော့ပါတော် ရော့ပါ။ ပေးဖို့ အသင့်ပါပဲ"

မိဒေါင်းလှသည် တစ်ဖက်သုံးရန်ဝတ်ထားသော လက်ကောက်များကို ချွတ်ပေးလေတော့သည်။ ဘယ်ဘက်လက်မှ သုံးရန်အကုန်တွင် မိအိုးက တားမြစ်၏။

"တော်ပြီ ယောင်းမ၊ တော်တော့"

မိအိုးသည် သူ့လည်ပင်းမှ ဘယက်ခွက်နှင့် ရွှေဆွဲကြိုးကို ညီမအား ဆင်ပေး၏။ တစ်တောင်ခန့် လူချင်းခွာပြီး ကြည့်လိုက်ရာက "ရွှေနဲ့လူနဲ့ ဘခြားစီဟဲ့" ဟုဆိုကာ ရယ်မော၏။

"သလိုဆို မဝတ်တော့ဘူး"

မိရိုး ခြေဆောင့်၏။လက်ကောက်ကိုချွတ်၏။မိအိုးလည်း ရယ်မောပြီး သိမ်းဖက်သည်။ ချွေး၍ အဆီပြန်နေသော ပါးကြီး၊ နဖူးကြီးကို နမ်းသည်။

"ချစ်လို့ ကျီစားတာဟဲ့ ခွေးမရဲ့။ ဪ မမ၊ ဘယ်သူ့မှ မပေးနဲ့ ဘာ့နော်။ မမကို အပိုင်ပေးသာ"

www.facebook.com/NyisayEbookCreator
www.nyisay.com



မိဒေါင်းလှကို လှည့်ပြောရာက ညီမ၏ခေါင်းကို ခေါက်သည်။ ထို့နောက် သူ့လက်ကို ငုံ့ကြည့်သည်။ ခြောက်ရန် ကျန်သေးသည်။

"ယောင်းမတစ်ယောက် ကျန်သေးသယ်။ မြဖူး မဟုတ်လားဟင် ညီမ"

"ဟုတ်သယ်အစ်မ။ သူ့ခမျာ ကလေးတစ်ယောက်နဲ့ သနားစရာပါ၊ ပေးပါ အစ်မရယ်၊ ပေးခဲ့စမ်းပါ"

မတ်တတ်ရပ်ကာ ပြောနေကြရာက မီးဖိုဆောင်သို့ သွားရောက်ထိုင်မိကြစဉ် မြဖူးသားအမိ၊ မြမြူးလင်မယားနှင့် ယောက္ခမ၊ ကိုဝဲမိသားစု လေးယောက်တို့ တစ်ပြုံတစ်မကြီး ရောက်လာကြပြန်တော့သည်။ နှင်းမှာမူ လယ်ထဲတွင် သူရင်းငှားနှင့် ကျန်နေခဲ့သေးသည်။

ရောက်လာသော လူအုပ်ကြီးသည် မောင်မောင်လှိုင်းဘေးတွင် ဝိုင်းကြသည်။ ရွှင်လန်းအားရစွာ နှုတ်ဆက်သံများ၊ စကားပြောသံများ ညံနေရာက မိန်းမသားများမှာ မီးဖိုချောင်ဘက်သို့ ရွှေ့ပြောင်းသွားကြသည်။

မိအိုး၏ ကလေးနှစ်ယောက်ကို ချီကြ၊ မိဒေါင်းလှ၏ သားကို နမ်းကြဖြင့် ဆူညံနေကြရာ ဒေါ်မင်းဘော်၏ရင်တွင်းဝယ် ပီတိလှိုင်းများ ဘောင်ဘင်ခတ်နေလေ၏။

✱

www.facebook.com/NyisayEbookCreator
www.nyisay.com

# ၂၂

"သမီးရဲ့ယောင်းမ၊ မင်းသမီးရဲ့ကိုယ်ပေါ်က ရွှေတွေလည်း ညည့်ဟာဆို"

ဒေါ်မင်းဘော်သည် အရေအတွက် မည်ရွေ့မည်မျှဟု မခန့်မှန်းတတ်သော ငွေအိတ်ကြီးကို စိုက်ကြည့်နေရာက မေး၏။ မိအိုးသည် မအေအား မော့ကြည့်၏။

"အမေ့ကို ဘယ်သူပြောသတုန်းရှင့်"

"ဘယ်သူပြောရမတုန်းအေ။ ညည့်အစ်ကိုနဲ့ ညည့်ယောင်းမက ပြောသာပေါ့"

မိအိုးသည် သူ့တွင် ဝတ်ဆင်လာသည့် ရွှေထည်လက်ဝတ်လက်စားတစ်ဝက်ကို သဘော်ပေါ်မှာကတည်းက မိဒေါင်းလှအား ချွတ်ပေးခဲ့သည်။

သမီးယောင်းမ ယှဉ်ရပ်လျှင် မိဒေါင်းလှမှာ လက်စွပ်တစ်ကွင်းသာရှိသည်။ မြင်ရသူတွေက ရွှေတွေညွတ်နေသူအား အထင်ကြီးသည်နှင့်အမျှ လက်စွပ်တစ်ကွင်းသာရှိသူအား အထင်သေးလိမ့်မည်။ အခိုင်းအစေလောဟု၍ပင် ထင်ကောင်းထင်ကြပေလိမ့်မည်။ ရွာအဝင်တွင်လည်း ယောက်မ

www.facebook.com/NyisayEbookCreator
www.nyisay.com



မျက်နှာငယ်လိမ့်မည်။ ယောက်မ မျက်နှာငယ်ခြင်းသည် မိမိမောင် သိမ်ငယ်ခြင်းပင် မဟုတ်သလော။

သို့အတွက် ချွတ်ပေးခဲ့ခြင်းဖြစ်သည်။ သည်အကြောင်းကို မိရိုးပင် မသိချေ။ ယခု သူတို့က ဖွင့်ပြောထားသဖြင့် မိအိုး မငြင်းသာ။

"ကျွန်မ ယောင်းမ မျက်နှာမငယ်အောင်လို့ပါရှင့်။ ပြီးတော့"

ပြီးတော့တွင် ရပ်ထားခြင်းမှာ ပေါ်လာနှင့် သင်းထုံတို့ ပြေးလာနေသည်ကို မြင်ရသောကြောင့်ဖြစ်သည်။

"လူကြီးသူမ မိဘဆရာသမားရှေ့မှာ ခါးကုန်းသွားရသယ်လို့ မေမေ ဘယ်နှစ်ခါ ပြောရမတုန်းဟင်"

ပြောလည်း ပြောသည်။ တင်ပါးကိုလည်း လက်ဝါးဖြင့်ရိုက်သည်။ သင်းထုံကိုမူ ခေါင်းခေါက်ဟန် ရွယ်ရုံသာရွယ်၏။ မခေါက်။

"သတိထားနော်။ အရိုက်မခံရစေနဲ့။ ထိုင်နေကြစမ်းကွယ်တို့"

သားသမီးအပေါ်တွင် ကြီးမားသောမေတ္တာ မည်မျှပင်ထားစေကာမူ အထားတတ်ရန်လိုကြောင်း အမေ သင်ကြားဖူးသည်။ စေတနာ ကရုဏာ ဒေါသောဖြင့် ပြောသည်ကို ကလေး နားမလည်။ စေတနာဖြင့် ငေါ်ခြင်းသည် ကလေးအား အငေါ်သင်ပေးရာ ရောက်သည်။ စေတနာဖြင့် ကြမ်းကြုတ်စွာ ပြောခြင်းသည်လည်း အပြောရိုင်းအောင် သင်ကြားပေးရာ ရောက်သည်ဟု အမေပြောဖူး၏။ သို့အတွက် မိအိုးသည် ဒေါသတကြီး မပြောမိရန် သတိထား၏။

ပေါ်လာသည် ခဏသာ ကုပ်ကုပ်ကလေး ထိုင်နေပြီးနောက်၊ မသိမသာ ထသွား၏။ သင်းထုံသာ ကျုံ့ကျုံ့ကလေး ကျန်ခဲ့၏။

"အမေတို့ဆီ ငါ့သမီးလာသာတော့ ဟုတ်ပါရဲ့အေ။ အကုန်အကျများလှသယ်"

"သွား သွား၊ သည်နားမလာနဲ့"

www.facebook.com/NyisayEbookCreator
www.nyisay.com



အဖေ့အသံကြားရသည်။ မိအိုး လှည့်ကြည့်ရသည်။ ထင်းတုံး တစ်တုံးကိုပုဆိန်ဖြင့် ပေါက်နေသော ဦးမိုးကောင်းနှင့် ထင်းတုံးထိပ်သို့ ရောက်လာသော မြေး ပေါ်လာ။

"မတော်တဆ ပုဆိန်ကျွတ်ရင် သားကလေးကိုထိမယ်။ ထင်း ပေါက်လည်း မှန်နိုင်သယ်၊ ဆုတ်ဆုတ်"

ဖြောင်းခနဲ ခွမ်းခနဲ ပုဆိန်သွားကျသံများ ပေါ်လာ၏။

"အဖေရော အမေရော အသက်ကြီးပါပြီ အမေရာ။ အဖေ အဲသည်လို ထင်းပေါက်သာလည်း မကြိုက်ဘူး။ လယ်ထဲဆင်းသာတော့ ပြောမနေနဲ့ အမေရှင့်"

"စာရင်းငှား ငှားထားပါသအေ"

"သမီးကန်တော့သာကို တုံးလုံးစာထားချင်လည်းထား၊ ဘုရားတည် ကျောင်းဆောက် လုပ်ချင်လည်း လုပ်ပါရှင့်"

"အေးအေ့။ ညည့်အဖေနဲ့ညည်းနဲ့ စိတ်ကူးတူသအေ။ အမေတို့မှာ စုဆောင်းထားသာရှိသယ် သမီးရဲ့။ ဟိုဘက်ကမ်းက ပြောင်းလာရပေမယ့် အမေတို့ မကသိဘူး။ အဲသာကြောင့် ညည့်အဖေက ဘုရားငုတ်တိုကိုင်ပြီး ဘုရားကြီးတည်ချင်သယ်၊ ကျောင်းဆောက်ချင်သယ် ပြောနေသာ"

သွေးသောက်စုရွာမှာ သမိုင်းဝင် ရွာတစ်ရွာဖြစ်သည့်အလျောက် ကျောင်း၊ ဘုရား၊ ရေတွင်းရေကန်ရှိသည်။ သို့သော် အိုမင်းပြီ။

"တည်ပါအမေ၊ ဆောက်ပါအမေ။ သမီး သာဓုခေါ်ပါသယ်ရှင့်"

မိအိုးသည် ငွေထုပ်ကြီးဘေးရှိ ငွေထုပ်အသေးကလေးကို အမေ့ လက်ထဲ ထည့်ပြန်၏။ ငွေထုပ်ကြီးကို ဖအေ့လက်ထဲထည့်ပြီး ကန်တော့စဉ် ကမှု "ဘုန်းကြီးပါစေ၊ သက်ရှည်ပါစေ၊ သွားလေရာရာမှာ ခလုတ်မထိ ဘေးမရှိပါစေနဲ့ဖျား။ အေး အနန္တော အနန္တငါးပါးကို ဘယ်တော့မှ မမေ့နဲ့။ ကုလားဖြူ အင်္ဂလိပ်ဟာလည်း ငါတို့ရန်သူဆိုသာ ဘယ်တော့မှ မမေ့နဲ့။

စားဟူသမျှ ကုလားကိုခုတ်ဖို့။ ကုလားဟူသမျှ ငါတို့တစ်တွေ စားနဲ့ခုတ်ဖို့”ဟု ဆုလည်းခြွေ၊ ဩဝါဒလည်း ပေးသည်။

ယခု အမေကလည်း “ငါ့သမီး ကာယသုခ စိတ္တသုခနဲ့ ပြည့်စုံပါစေ။ သွားလေရာမှာ ခလုတ်မထိ ဆူးမငြိပါစေနဲ့တော်”ဟု ဆုပေးသည်။ ဆုပေးပြီးလျှင်ပြီးချင်း၊ တစ်စုံတစ်ရာ သတိရဟန်မေးသည်။

“ယူလာသဲ့ငွေတွေလည်းကုန်၊ ရွှေတွေလည်း ပြောင်တလင်းခါပြီးပြန်သွားရင် လင်မယား စကားများနေဦးမှာလားအေ”

“ဝေးပါသေးအမေရှင့် ဝေးပါသေး။သူ့အမျိုးတွေလာတိုင်း လက်ချည်းမပြန်ရအောင် လုပ်လွန်းလို့၊ သူ့အမျိုးတွေကိုယ်တိုင်က တောင်းပန်ယူရသဲ့အမေ့သမီးပါရှင့်”

“သာဓုတော် သာဓု”

“ဘဲဥတစ်လုံးကို လင်မယားနှစ်ယောက်၊ မနက်ပြန်ညပြန်စားပြီးရေနံဆွဲခဲ့ရ၊ တွင်းတစ်တွင်းကို ကိုယ်တိုင်တူးခဲ့ရလို့ နမြောတော့ နမြောသာပေါ့အမေရာ။ ကိုယ့်မှာရှိပြန်တော့လည်း အမျိုးတွေ ဆင်းရဲပြီး ကိုယ်ချည်းမချမ်းသာချင်ဘူး အမေရှင့်”

“အခု ညည်းယောက်မတွေနဲ့ ညီမသာမကဘူး၊ ဟိုကောင်မတွေပါပေးသာ၊ ရွှေတစ်ဆယ်သား မအောက်ဘူး”

“၁၅ ကျပ်သားပါအမေ။ သာပေမယ့် ဘကြီးဝဲသမီးတွေဟာ သမီးတို့အမျိုးပဲ မဟုတ်လား အမေရှင့်”

ဒေါ်မင်းဘော် ခေါင်းညိတ်သည်။

“ဟုတ်ပါသယ်။ အဲသာလောက် ပေးနိုင်ပုံထောက်ရင်၊ သမီးမှာ ရွှေတစ်ပိဿာ အနည်းဆုံး ကျန်ခဲ့ရဦးမယ်”

“ရွှေဒင်္ဂါးတွေ လေးငါးပိဿာတော့ ရှိမယ်ထင်သာပဲ အမေရှင့်”

“သာဓုအေ၊ သာဓု။ စီးသဲ့ရေ ဆည်သဲ့ကံသင်းတဲ့ သမီး။ တိုးပွား

www.facebook.com/NyisayEbookCreator
www.nyisay.com


အောင်လုပ်၊ မလျော့ပေစေနဲ့"

"ဟုတ်ကဲ့ပါအမေရှင့်။ သမီးပြန်သွားရင် ဈေးနားမှာ ကုန်တိုက် တစ်တိုက်ဖွင့်ဖို့ စီမံထားခဲ့ပါသယ်ရှင့်"

တောသူမကြီးသည် ကုန်တိုက်ကိုမသိပြား 'ကုန်' ဟု ပါသောကြောင့် ရောင်းရေးဝယ်တာ စီးပွားရေး တစ်ခုခုဖြစ်ရမည်ဟူ၍ကား နားလည်၏။

"ညည်းပြောတော့ ရေနံတွင်းနှစ်တွင်း ရှိသဆို"

"ဟုတ်ပါသယ်ရှင့်။တခြားတွင်းပိုင်တွေက တစ်တွင်းကို သုံးလေးရာနဲ့ ကုလားကိုရောင်းကြသယ် အမေရှင့်"

"အလို ဘာပြုလို့ ရန်သူကို ရောင်းရပါလိမ့်တော်"

"မျက်နှာဖြူကုလားက စက်နဲ့တူးသဲ့အတွက် သမီးတို့ လက်တွင်း တွေထက် နက်အောင် တူးနိုင်ပါသယ် အမေရှင့်။ နက်သဲ့တွင်းထဲကို တိမ်သဲ့ တွင်းထဲက ရေနံတွေ ရောက်သွားသာတစ်ကြောင်း၊ လက်တွင်းသေးမှာ စက် တွင်းကလာပြီး စောင်းတူးရင်လည်း၊ တားဆီးလို့ မရသာတစ်ကြောင်းကြောင့် ရောင်းပစ်ကြသာလည်း ပါပါသယ်ရှင့်"

"ကုလားဖြူဟာ နည်းနည်းနောနော ယုတ်မာသာ မဟုတ်ပါကလား။ ငါကြားဖူးသာထက်တောင် ယုတ်ကန်းနေပါကလား"

ဒေါ်မင်းဘော်မှာ ဒေါသမဖြစ်ချင်စေကာမူ ဖြစ်ရချေပြီ။

"သူတို့ကတော့ တွင်းရိုးတွင်းစားတွေကိုး အမေရ။ ငွေစက္ကူကို မီး ရှို့ပြီး ရေနွေးအိုးတည်သယ်လို့ သမီး ကြားဖူးအောင် ကြွယ်ဝကြသရှင့်"

"ငွေစက္ကူ"

ဒေါ်မင်းဘော်မှာ ငွေစက္ကူကို မြင်ဖူးသူမဟုတ်ပေ။ သို့အတွက် ငွေ စက္ကူသည် သူ့အတွက် အလွန်တရာ ထူးဆန်းလှပါဘိတောင်း။

"ဟုတ်ပါသယ်ရှင့်။ စက္ကူပေါ်မှာ တစ်ကျပ်၊ နှစ်ကျပ်၊ ငါးကျပ်၊ တစ်ဆယ်၊တစ်ရာရိုက်ထားသာလေ။ တစ်ရာတန်ဆယ်ရွက်ဟာ တစ်ထောင်

www.facebook.com/NyisayEbookCreator
www.nyisay.com



ဆိုပေမယ့် ခါးကြား ညှပ်သွားလို့ရသယ်။ ငွေဒင်္ဂါး တစ်ထောင်ကဖြင့် အလေးကြီး၊ အများကြီးပါရှင့်"

ငွေစက္ကူဝေးစွ စက္ကူရိုးရိုးကိုပင် စတိသဘောသာ မြင်ဖူးရှာသော တောအမယ်ကြီးအိုမှာ ရင်ကိုမ နေ့ရ၏။

"ငွေစက္ကူမီးရှို့ ရေနွေးအိုးကျို ဟုတ်လား"

"ကြားဖူးသာကို ပြောတာပါအမေရှင့်။ ကြွယ်ပိုးကြွယ်ဝ ချမ်းသာသူတွေအဖို့ ရေနံတွင်းရောင်းပြီး ပွင့်ဖြူဘက်၊ စကုစလင်းဘက်မှာ လယ်တွေဝယ်ထားလည်းဖြစ်သာပဲ။ သမီးတို့ကတော့ ငွေနဲ့ရင်းရသာ မဟုတ်ဘူး။ ချွေးနဲ့ ရင်းခဲ့ရသဲ့တွင်းတွေ မရောင်းရက်ဘူးအမေရှင့်"

"ကုလားဖြူရဲ့လက်ထဲ ရောင်းမယ့်အစား၊ တစ်ပိဿာပဲရရ နေလေစေအေ"

"အမေရေ ဆာသဗျို့"

လူမရောက်မီ ကြားရသော မောင်မောင်လှိုင်းအသံ ဖြစ်သည်။ ဒေါ်မင်းဘော်လည်း "ဟော ဖြစ်လာပြီ၊ ငယ်ကျင့် မပျောက်ဘူး" ဟု မြည်တွန်ရင်း လှမ်းကြည့်သည်။ မောင်မောင်လှိုင်းတို့ မိသားဖသားတစ်တွေသည် မြတ်သာဦးကို အဖော်ခေါ်လျက် လယ်တွေယာတွေ လျှောက်ကြည့်ရာမှ ပြန်လာကြသည်။

"အဖေရေ၊ မိကျောင်းပန်းတွေ ဖွေးနေသာမြင်တော့ ဆရာကြော့ရဲ့ တေးချင်းကို သတိရသဗျာ"

ဦးမိုးကောင်းသည် ပေါက်လက်စ ထင်းတုံးပေါ်ထိုင်ကာ နားနေ၏။

"ဘာတဲ့ကွာ၊ ဆန်းပေဘိ တောင်းငယ်မှ ပန်းငွေမိကျောင်းထင်ရဲ့"

"ဟုတ်ပါ့ အဖေခင်ဗျာ"

ဟုတ်ပါ့ ပြောလိုက်ရစေကာမူ ဆန်းပွေ့ဘိတောင်းလော၊ ဆန်းပေဘိတောင်းလော မသဲမကွဲဖြစ်နေသည်။ စိတ်ထဲမှ ရွတ်ကြည့်သည်။

'နီနံ့သာဖြူ အတော်ဖက်ပါလို့ သည်အငူမော်အတက်မှလ၊

www.facebook.com/NyisayEbookCreator
www.nyisay.com


ကျော်ကရမက်ကယ်က မွေးလှတယ်။ ဂိမ်အကူးပေမို့ ချိန်ဦးဝဿန်ဖိလို့ ဟန်ချိချိ ပျံပရစ်တွေက ဖူးလှစ်သွယ်။ ။ ရပ်မြေပြင် သည်အလှည့်မှာတော့ ခတ်ရွှေရင် ပလီခဲ့တာမို့၊ သည်နွဲ့နွဲ့ ခိုင်စံပယ်ငယ် မြိုင်လယ်မှ ကြိုင်လှောင်း။ ခပေါင်းပင် လက်မောင်းလိမ်လည်တင်လို့ ကြိမ်နွယ်သွင် တစ်မည်ရှိပေငဲ့၊ လေနှင်ရာ ငွေစင်အိသကဲ့သို့ နှစ်အခြေ ခေတ်ရေထိပြန်တော့၊ ချောင်ငူမှာ တောင်သူတို့ သိရန်ဖို့၊ ဆန်းပွေဘိ တောင်းတယ်မှ ပန်းငွေမိကျောင်း'

"မိကျောင်းဖွေးဖွေး မိုးအေးအေးသာဆိုတယ်၊ အိုက်နေပါကလား အဖေရာ"

"မိုးမှမရွာဘဲကိုး လူလေးရ။ အခု ဘယ်တွေရောက်ခဲ့တုန်း"

"အဖေတို့ယာရယ်၊ သုံးဦးစပ်လယ်ရယ်၊ အဖေလုပ်ထားသဲ့ သစ်ခက်ဆည်ရယ် ရောက်ခဲ့သယ်ခင်ဗျာ့။ အဖေ့ဆည်က ဉာဏ်ကြီးသူတွေမှ လုပ်တတ်မှာပါ"

ဦးမိုးကောင်းသည် သွားမည်း ကကျိုကကျဲတွေပေါ်လာသည်အထိ ဟဲခနဲ တစ်ချက်ရယ်၏။

"သွားရင်းလာရင်း မြင်ဖူးသာပါလူလေးရာ။ တချို့အရပ်တွေမှာ ဆင်းရဲသားဆည်ခေါ်ပေမယ့် တချို့အရပ်မတော့ မှဆိုးမဆည်တဲ့ကွ"

ဦးမိုးကောင်း ရယ်မောပြန်သည်။

မောင်မောင်လှိုင်း ရည်ညွှန်းသောအရာမှာ 'သစ်ခက်ဆည်' ဖြစ်ပေ၏။ စီးဆင်းနေသော ရေလုံးရေရင်းကို အလုံအခြုံ ဆည်ရန်မဆိုထားဘိ၊ အတားအဆီးသော်မျှ မလုပ်ရဲပေ။

တမံတုတ်ပြီး ပိတ်ရန်အတွက် ဖို့နိုင်သောအားနှင့် ခိုင်ခံ့အောင် လုပ်နိုင်သောအားအပြင် ထိုရေတွေကို လက်ခံယူလိုသောမြေ အလုံအလောက် ရှိရမည်။ ဦးမိုးကောင်းမှာ ဤအရာတွေကို တစ်ခုမျှ မပိုင်စိုး။ သို့အတွက် တမံ မတုတ်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ရေသွားရေလာနေးအောင်၊ အပန်တြတား အခုအဆို့လည်း မလုပ်ဝံ့ပါ။ ချောင်းရေလျှံတက်လာမည် စိုးရိမ်သောကြောင့်ဖြစ်သည်။

သစ်ခက်ဆည်ကား၊ ရေဝင်လာနိုင်ရန် မြောင်းပေးထားသည်။ ရေဝင်စေချင်သည့်အတွက် မြောင်းဝအောက်၌ အတားအဆီးလုပ်ထားသည်။ သို့ရာတွင် ချောင်းရေတွေ ဘောင်းလန်အောင် ဝင်လာမည်စိုးသဖြင့် သစ်ခက်ကိုသာသုံးရဲသည်။ ရိုင်ဖျာ၊ သစ်သား၊ ကပ်၊ ဝါး မသုံးဝံ့။

ကရော်ကမည် မည်ကာမတ္တ လုပ်ထားသည့်အတွက် သည်ရေလွှဲဆည်မျိုးကို မုဆိုးမဆည်ဟု မညာမတာခေါ်ကြ၏။

မောင်မောင်လှိုင်းမှာမူ သည်မျှကိုပင် ချီးကျူး၍ မဆုံးတော့ပေ။ သဲပေါင်ကို မျှောပြီး ဖော်ထားသည်။ သဲပေါင်နှင့် မျှတရုံသာ ချောင်းရေလာလျှင် ရသမျှကလေးကို မြောင်းထဲသို့ ပို့ပေးနိုင်ရန် ဖြစ်သည်။ သဲပေါင်ကိုကျော်သည်အထိ များသောရေကိုကား ဆည်တိုင်နှင့် သစ်ခက်များကဟန့်တားပေးသည်။

ဆည်တိုင်များကလည်း ချောင်းရေကို ကန့်လန့်မခံ၊ သဲပေါင်နည်းတူ အလိုက်သင့်မျှောထားသည်။ ချောင်းရေအားကြီးလျှင် တိုးဝေ့ချိုးဖဲ့ မသွားစေရန်ဖြစ်သည်။

"သစ်ခက်ဆည်ပဲ ကြည့်ခဲ့သလားကွယ့်။ 'ရှု' ကော ကြည့်ခဲ့သေးလား"

"ကြည့်ခဲ့ပြီလား အဖေခင်ဗျာ့။ ညီလေးမြတ်သာဦး ပြောသားအလိုတော့ အတော်ပင်ပန်းဆိုပါကလား"

သွေးသောက်စုချောင်းသည် ချောင်းခြောက်ဖြစ်သည်။ သို့အတွက် ရေအမြဲမရှိချေ။ ချောင်းညာတွင် မိုးရွာခိုက်၌ ဝါးလုံးထိုးဆင်းသည်၊ ထို့နောက် ရေကင်းသော ချောင်းဖြစ်မြဲ ဖြစ်သွားသည်။

ဦးမိုးကောင်းတို့၏ လယ်ကေတစ်ရာမှာ အမြဲတစေ ရေလိုသည်

မဟုတ်။ ရေမလိုချိန်တွင် ချောင်းရေလာလျှင် မည်သို့လုပ်မည်နည်း။ ရေလိုချိန်တွင် ချောင်းရေမလာလျှင်လည်း မည်သို့လုပ်မည်နည်း။

ထိုမေးခွန်းနှစ်ခုကို ဖြေရန်အတွက် ဦးမိုးကောင်းမှာ မြေဖြုန်းရသည်။ ဖြုန်းတီးပုံမှာ ဆယ်ကေခန့်ကျယ်သော ကန်ကြီးတူးထားရခြင်း ဖြစ်သည်။

ရေလိုချိန်တွင် လာသောချောင်းရေကို လယ်ထဲသို့လွှတ်၏။ ရေမလိုသေးချိန်တွင် လာသောရေကိုကား ကန်ကြီးထဲသို့ ပို့လွှတ်သိုလှောင်ထားရ၏။ ချောင်းရေလည်း မလာ၊ လယ်တွင်လည်း ရေလိုအပ်သောအခါ ကန်ရေကို အသုံးချရပြီ။

သို့သော် ကန်ရေ၏မျက်နှာပြင်က အခါခပ်သိမ်းမြင့်တက်မနေပေ။ လယ်မြေကလည်း၊ ရေပြင်အောက် အမြဲတစေ နိမ့်ကျမနေလေ။

ရေက သူ့အလိုအလျောက် မစီးမဝင်လျှင် လူက လုပ်ရလိမ့်မည်။

ဝါးကိုယက်ပြီး အင်တွဲထေးကာ ရေလုံပုံးဖြစ်အောင် လုပ်ပြီးနောက် စပါးလှေ့သော သုံးချောင်းထောက်စင်မျိုးတွင် ကြိုးတပ်ပြီး ရေတင်သည်။ ဤသည်က ခန္တဲ့။ သို့သော် ခန္တဲ့ပုံးတစ်ပုံးသည် အဆက်မပြတ် အသုံးပြုသောအခါ သုံးရက်မျှဖြင့် ဘလမ္ဘစောင်းရန်း ဖြစ်သွားတော့သည်။

ထိုအခါတွင် ဦးမိုးကောင်းသည် သူတွေ့ဖူးမြင်ဖူးသော 'ခူမောင်း'ကို သတိရ၏။ ထန်းပင်ကို ထက်ခြမ်းခြမ်း၊ ဝမ်းသားအူတွေကို ပေါက်ဆိန်ဖြင့် ပေါက်ထုတ်၊ တူးရွင်းဖြင့် ကော်ထုတ်လိုက်သောအခါ ရေတံလျှောက် ဖြစ်လာပြီ။ ဤအရာကို ကန်ထဲထက်ဝက် ကုန်းပေါ်ထက်ဝက်ထားသည်။ ထိပ်နှစ်ဖက်တွင် လူကိုင်စရာ တန်းတွေ၊ တိုင်တွေ တည်ဆောက်သည်။

ကန်ဘက်မှလူက 'ခူမောင်း' ရေတံလျှောက်၏အရင်းကို နင်းသည်။ အရင်းနိမ့်ပြီး ရေထဲသို့အကျတွင် အဖျားဘက်မှ လူက နင်းလိုက်သည်။ ခူမောင်းအရင်းသည် ထောင်တက်လာသည်။ ရှိသမျှရေသည် အဖျားဘက်သို့ လျှောဆင်းကာ လိုရာအရပ်သို့ စီးထွက်သွားလေတော့၏။

www.facebook.com/NyisayEbookCreator
www.nyisay.com



ထန်းသားရင့်ရင့်ကို သုံးမိလျှင် နောက်တစ်နှစ်အထိ ခံသည်။ များသောအားဖြင့်ကား 'ခူမောင်း' ကို တစ်နှစ်တစ်ကြိမ် အသစ်လဲသည်။ အလုပ်ပူချိန်တွင် ခါးကျိုးသွား ပဲ့သွားသော် မခက်လော။

"ပင်ပန်းသာပေါ့လူလေးရာ။ ထန်းပင်ကြီး ထက်ခြမ်းခြမ်းထားသာ ကလား။ အစကတည်းက နင့်နေအောင်လေးသာ၊ ရေဝလာတော့ သေလုအောင် လေးပြီးပေါ့မောင်ရာ"

မောင်မောင်လှိုင်းသည် ပြောစရာစကား မကုန်သေးသည့်အတွက် ထင်းပေါက်တစ်စကိုဆွဲယူကာ ဖင်ခုထိုင်၏။

"ကျွန်တော် လယ်တွေယာတွေ လိုက်ကြည့်သာက အကြောင်းမဲ့ မဟုတ်ဘူးခင်ဗျာ။ ငါ့အဖေလည်း အသက်ကြီးပြီ။ ငါတစ်လှည့် လုပ်ကျွေးသဲ့ သဘောနဲ့ လယ်ထဲယာထဲ ဆင်းမယ်။ မပြန်တော့ဘူးဆိုသဲ့ အကြံနဲ့ အဖေခင်ဗျာ"

"မလုပ်ပါနဲ့သားရာ။ မင့်အမေရဲ့ဘဒွေးက မောင့်ကို စာရေးဆရာ ဖြစ်စေချင်လို့ ယာထဲကိုင်းထဲက ဆွဲထုတ်သွားသာပဲ"

"အဲသည် ရေကန်စပ်က ခူကြီးကိုမြင်လို့ မြတ်သာဦးကလည်း ရှင်းပြရော"

ဦးမိုးကောင်း ဟက်ဟက်ပက်ပက် ရယ်မောသည်။

"နောက်တွန့်သွားရော ဆိုပါတော့ စာရေးဆရာရာ"

မောင်မောင်လှိုင်းမှာ ရှက်ပြုံးဖြင့် "မှန်ပါသယ် အဖေခင်ဗျာ" ဟု ဝန်ခံလိုက်ရာက "စိတ်လည်း မကောင်းဘူးခင်ဗျာ။ ငါ့မိဘကတော့ ငါ့ကို လူဖြစ်အောင် ကျွေးမွေးသုတ်သင်နိုင်ခဲ့ပေမယ့်၊ ငါကတော့ ငါ့မိဘကို မလုပ်ကျွေးနိုင်ပါကလားလို့ တွေးရင်း ရင်ဆို့လာသယ်ခင်ဗျာ" ဟု စိတ်မကောင်းသံဖြင့် ဆို၏။

"သလိုလည်း မတွေးပါနဲ့ လူလေးရာ။ အဖေ ခြောက်ဆယ်ကျော်

www.facebook.com/NyisayEbookCreator
www.nyisay.com


ပေမယ့် မအိုသေးပါဘူးသားရဲ့။ လုပ်နိုင်ကိုင်နိုင်သေးသယ်။ ငွေကြေးလည်း ဆင်းတောင့်ဆင်းရဲ မဟုတ်ဘူး"

သား၏စိတ် ပြေရာပြေကြောင်းပြောရာက ဦးမိုးကောင်းသည် သစ်တုံးပေါ်မှဆင်းပြီး ပုဆိန်ကိုကိုင်သည်တွင် မောင်မောင်လှိုင်း ကပျာကယာ ထရပ်သည်။

"အဖေ ခင်ဗျာ၊ ကျွန်တော့်ပေးပါခင်ဗျာ"

ပြောပြောဆိုဆို ပုဆိန်ကို ဝင်ဆွဲသည်။ ဦးမိုးကောင်းက လက်ဝဲလက်ဖြင့် ဆီးဟန့်ရင်း "ကဲ့ကူဆံ ကညစ်ကိုင်သဲ့လက်က ပုဆိန်ကိုင်လို့ ဘယ်တော်ပါမတုန်း လူလေးရာ။ ထင်းပေါက်လည်း ရမှာမဟုတ်ဘူး။ သုံးလေးချက်ပေါက်ရုံနဲ့ လက်ဝါးလည်း အဖုပေါက်လာမယ်" ဆိုပြီး ပုဆိန်ကို သစ်တုံး၏တစ်ဖက်သို့ ရွှေ့ထောင်သည်။

"သြော် သာ့ထက်၊ မောင့်ညီဘုန်းကြီးကို သွားမဖူးတော့ဖူးလား"

ထင်းတုံးပေါ်တွင် ပြန်ထိုင်ကာ ဦးမိုးကောင်း မေးသည်။ မောင်မောင်လှိုင်းမှာ ငိုင်တွေသည်။ ဖြေစရာစကား ရှာနေသည်။

"ပြန်ခါနီးပြီမို့၊ မင်းတို့မောင်နှမ သွားချင် တွေ့ချင်မလားလို့ မေးသာပါကွာ။ လမ်းကလည်းကြမ်း ခရီးကလည်း အတန်တော့ဝေးသား"

"ဦးဇင်းကျိုင်းရှေ့ကိုရောက်ရင် ကျွန်တော် ဘာပြောမိမယ် ထင်ပါသတုန်း အဖေခင်ဗျာ"

"အဖေ မသိပါဘူး လူလေးရာ"

ဖအေက မော့ပြောနေရသဖြင့် မောင်မောင်လှိုင်း ပြန်ထိုင်သည်။

"မိအိုးကတော့ အမေပြောသလိုပဲ၊ လူထွက်ပြီး မိဘကိုလုပ်ကျွေးဖို့ ပြောမယ်ထင်သယ်ခင်ဗျာ။ သည်လိုပြောလို့ တော်ပါ့မလား။ အမြင့်မြတ်ဆုံး ဘဝ၊ အကောင်းဆုံးနေရာက ဆင်းလာဖို့ပြောသာ အပြစ်မရှိပေဖူးလား အဖေခင်ဗျာ။ အဲသလို စဉ်းစားမိသဲ့အတွက် ကျွန်တော် ပြောဖြစ်မယ်

www.facebook.com/NyisayEbookCreator
www.nyisay.com



မထင်ဘူး ခင်ဗျာ့။ သာဖြင့် ဘာပြောမတုန်း၊ ပြောစရာ မရှိဘူးခင်ဗျာ့"

"စာရေးဆရာရဲ့ အတွေးပေကိုးကွယ်၊ ရေပက်လို့ မဝင်ဘူး။ သည်တော့ အဖေမှာလိုက်မယ်။ ဓားကို ဘယ်တော့မှ မချနဲ့။ အလံ ဘယ်တော့မှ မလှဲနဲ့။ သားစဥ်မြေးဆက် မှာပစ်ခဲ့။ ဓားဟာ ကုလားကို ခုတ်ဖို့၊ ကုလားဟာ ငါတို့ ဓားစမ်းဖို့ဖြစ်သယ်လို့ ဟုတ်ရဲ့လား"

"ဟုတ်ကဲ့ပါ အဖေခင်ဗျာ့"

"ဟိုမှာ မောင့်အမေ ဘာပြောချင်လို့မသိဘူး။ လည်ပင်းတရှည်ရှည်နဲ့"

မောင်မောင်လှိုင်းသည် အိမ်အောက်သို့ သမင်လည်ပြန် လှမ်းကြည့်၏။ ဆေးလိပ်ကြီးတငေါ့ငေါ့ဖြင့် ဆေးလိပ်တောင်းကို ရှေ့ချပြီး၊ ဆေးလိပ် လိပ်ရန် တာစူနေ၏။ သူ့ရှေ့တွင် အစိခံဖက် ဆေးလိပ်ဖက် စည်းကြိုးမြိတ်ဆာ ရေခွက်၊ ကတ်ကြေးတို့သည် ပတ်ဝိုင်းစီဘိသို့ရှိ၏။

မိအိုးသည် ဖအေ့ဘေးမှ မောင်ထသည်ကိုမြင်သဖြင့် မအေ့အပါးမှ ငြင်သာစွာ ခွာသည်။

"ဘကြီးတို့ ပြန်တော့မယ်ဆို။ ကျွန်တော့်တော့ ဘာမှမပေးကြဘူး"

သုတ်ခနဲ ဝင်လာပြီးပြောသူမှာ ငသိုင်း မြဖူးတို့သား ထွန်းလူဖြစ်၏။ သူသည် ကျောင်းမှ ဆွမ်းခံထွက်လာခြင်းဖြစ်ကြောင်း သူပိုက်ထားသော သပိတ်ကို မြင်ကာမျှဖြင့်သိသည်။

ဦးမိုးကောင်းသည် ထိုမြေးကိုမော့ကြည့်၏။ မီးဖိုဘက်သို့လည်း မျှော်ကြည့်၏။ လမ်းဘက်သို့လည်း ကြည့်၏။

အိမ်မမှ သီးခြားခွဲထုတ်ထားသော မီးဖိုအိမ်ကလေးထဲတွင် မြဖူး ရှိသည်။ အငွေ့တထောင်းထောင်းထနေသည့် အိုးတစ်လုံးကို မွှေနေသည်။ လမ်းတွင် ဖန်ဝါနီမြန်းရွှေသင်္ကန်းနှင့် မြတ်ရဟန်းငါးပါးနှင့် သပိတ်ထမ်း ကျောင်းသားများ။

မိအိုးသည် ဆွမ်းခူးထည့်ထားသော ဆန်ဆေးတောင်းကို ဇွန်းတပ်လျက်

www.facebook.com/NyisayEbookCreator
www.nyisay.com



သွက်သွက်လှမ်းလာသည်။ "သားလေး၊ ခဏနေဦး" ဟု ပြောကာ လမ်းသို့ ထွက်သွားသည်။ ဖိနပ်ချွတ်ပြီးမှ တစ်ပါးချင်း ဆွမ်း လောင်းသည်။

"သားလေး လာဦး၊ ဒွေးလေး ပေးစရာရှိလို့"

မိအိုး ပြန်လာပြီး ထွန်းလူကို ပခုံးမှဖက်သည်။ ပြေကျနေသော ဆံပင်ကို သျှောင်တွင်ရစ်ပေးသည်။ သို့အတွက် ဦးမိုးကောင်း လှမ်းအော်သည်။

"ဟဲ့ ဆွမ်းသပိတ်နဲ့ အိမ်အောက်ကို မဝင်ကောင်းဘူး"

တူဝရီးနှစ်ယောက် တန့်သွားသည်။ ဦးမိုးကောင်း၏ အော်သံကြားသဖြင့် မြဖူး လှမ်းကြည့်ရာက အိမ်ကလေးထဲမှ ထွက်လာသည်။

"ယောင်းမ ဘာမှမပေးနဲ့တော့။ ညည်းပေးတာ များနေပြီ"

မြဖူးသည် သပိတ်ပိုက်ထားသောသားကို ခပ်လှမ်းလှမ်းသို့ ဆွဲခေါ်သွားပြီး "သားနဲ့ အမေ့ဖို့ ဒွေးလေးပေးသာတွေ ရှိသယ်သား။ မတောင်းနဲ့တော့နော်" ဟု ဖျောင်းဖျသည်။ ထွန်းလူ ခေါင်းညိတ်သည်။

"သား အခုစားဖို့ အမေ ပေါက်ပေါက်ဆုပ် ပေးလိုက်မယ်နော်"

ထွန်းလူ ခေါင်းညိတ်ပြန်သည်။

မီးဖိုဘက်သို့ မြဖူး အပြေးကလေးထွက်သွားလျှင် မောင်မောင်လှိုင်က ထင်းတုံးဘေးသို့ ဆွဲခေါ်လာကာ ခါးပုံကိုဖြေရင်း မေး၏။

"သားကြီး။ ဘာစာရောက်ပတုန်း"

"လောကနီတိရောက်ပါပြီ ဘကြီးခင်ဗျာ"

"တော်ပါပေသယ်သားရယ်။ ရော့၊ သားဖို့ မုန့်ဖိုး"

ဒင်္ဂါးတစ်ပြားကို အင်္ကျီအိတ်ထဲသို့ ထည့်ပေးရာက "သား ကြီးရင် ဘာလုပ်မတုန်း" မေးသည်။

"သူပုန်ထမယ် ဘကြီးခင်ဗျာ"

မောင်မောင်လှိုင်ရော ဦးမိုးကောင်းပါ ရယ်မောကြသည်။ မောင်မောင်လှိုင်သည် သားတော်၏ခေါင်းကို ပွတ်သပ်သည်။ နဖူးကို နမ်းသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



သိမ်းကျုံး၍လည်း ပွေ့ဖက်သည်။

"ဘမျိုးပဲကွ၊ ဘိုးတူရမှာပေါ့"

ဦးမိုးကောင်းမှာ အရယ်အမောမရပ်သေး။

"မျက်နှာဖြူ အင်္ဂလိပ်ဓားပြတွေကို ငါတို့မြေပေါ်က နှင်လွှတ်ရမယ် ငါ့မြေး၊ ဓားဆိုသာ ကုလားကိုခုတ်ဖို့၊ ကုလားဆိုသာ ငါတို့ ဓားစမ်းဖို့ မှတ်ထားဟ"

မေးကြောကြီးတွေ ထောင်ထလျက် ဦးမိုးကောင်းပြောနေစဉ် မိအိုး ရောက်လာပြီး ထွန်းလူ၏အင်္ကျီအိတ်ထဲသို့ ဒင်္ဂါးနှစ်ပြားထည့်၏။

"သားလေး စာကြိုးစားနော်"

မိအိုးသည်ထွန်းလူ၏ရှေ့တွင် ဒူးထောက်ထိုင်၏။ထွန်းလူ၏အရပ်မှာ မိအိုးထက်မြင့်နေသည်။ ကလေးကို စေ့စေ့ကြည့်ရင်း မိအိုးမှာ မျက်ရည် တွေတွေကျ၏။ ကလေးကို ထင်းတုံးဘေးသို့ ဆွဲခေါ်လာကာ ထင်းတုံးပေါ် ထိုင်တော့မှ အနေတော်ဖြစ်သည်။ ထွန်းလူ၏နဖူးတွေ၊ ပါးတွေကို နမ်းရာက လည်ကိုဖက်ပြီး ငိုလေတော့သည်။

ထွန်းလူမှာ ဆွေအုပ်မျိုးအုပ်ကြားထဲတွင် ကြီးပြင်းရသဖြင့် မျက်နှာ မငယ်၊ ဖအေမရှိ၍လည်း ဝမ်းနည်းရမှန်းမသိ။ ယခု ဒွေးလေးငိုမှသာ သူလည်း ရောယောင်ငိုရှိုက်လေတော့၏။

"ကိုင်း ကိုင်း။ ဆွမ်းခံတွေ ကျောင်းရောက်တော့မယ်၊ ကလေးကို လွှတ်လိုက်ကြ"

ဦးမိုးကောင်း သတိပေးမှ မိအိုးသည် ထွန်းလူကို တစ်ချက်နမ်းပြီး လွှတ်လိုက်သည်။ ကလေးသည် ရှေ့က ဆွမ်းခံတန်းကိုမီအောင် ပြေး၏။ သူပြေးတိုင်း အင်္ကျီအိတ်ထဲမှ ဒင်္ဂါးသုံးပြားဘာ ခုန်၏။ ဆွမ်းခံ သံဃာတန်းကို မီလျှင် သပိတ်ကို အဖော်တစ်ယောက်ထံပေးထားပြီး သူ့ပခုံးတွင် စလွယ် သိုင်းထားသည့် အဝတ်ဟောင်းတွင် အစအနရှာ၏။

www.facebook.com/NyisayEbookCreator
www.nyisay.com



စလွယ်သိုင်းထားသော နံငယ်ပိုင်းမှာ သပိတ်ဒဏ်ဖြင့် အင်္ကျီ 'မယိ' စေရန် ခုထားခြင်းဖြစ်၏။ ထိုနံငယ်ပိုင်းမှာ အနားစုတ်ဖွာနေသဖြင့် ချည်မျှင်ရရန် မခဲယဉ်းပေ။ ထွန်းလူသည် ချည်မျှင်ရှည်ရှည်ရလျှင် အင်္ကျီအိတ်ကို ဖိသည်။ ဒင်္ဂါးသုံးပြား၏ ပုံပေါ်လာသည်အထိ စုကိုင်ပြီး၊ ချည်မျှင်ဖြင့် သုံးလေးပတ်ချည်သည်။ ကျမည်ကို မစိုးရိမ်ရပြီ။ ပြေးလျှင်လည်း မခုန်မပြည်တော့ပေ။ သို့ရာတွင် အိတ်ထဲ၌ ဒင်္ဂါးကြီးရှိနေကြောင်း ပြူးပြူးကြီး ပေါ်နေသည်။

ဦးမိုးကောင်းသည် ထင်းတုံးကြီး ကုန်သွားသဖြင့် အိမ်အောက်သို့ ဝင်လာခဲ့သည်။ ကျော၊ ရင်ဘတ်၊ လက်မောင်း၊ လည်ပင်း၊ မျက်နှာမှချွေးတွေ စက်စက်ကျနေ၏။ မိအိုးသည် အဝတ်သန့်သန့်ဖြင့် သုတ်ပေး၏။

"ရှင်မရေ။ အဖေနဲ့ အမေ့ကို ကန်တော့ရအောင်ဟေ့"

မိဒေါင်းလှမှာ သည်အသံကိုစောင့်ရင်း ချက်ပြုတ် ထည့်သိုနေခြင်းဖြစ်ရာ ငွေထုပ်တစ်ထုပ်ဆွဲလျက် ချက်ချင်းရောက်လာ၏။

"အမေ့ ဆေးတောင်းကြီး ခဏဖယ်ထားပါဦးခင်ဗျာ"

ဖက်တွေ၊ ကပ်ကြေးစာတွေ၊ အစီခံတွေ ပတ်ဝိုင်းစီနေသည့် ဒေါမင်းဘော်ကို မောင်မောင်လှိုင်းက မသည်။ အဖေ့ဘေးတွင် ထားသည်။

"ကန်တော့သာပဲ လူလေးရာ။ ဘယ်လိုပဲ နေနေပေါ့"

မိဒေါင်းလှထံမှ ငွေထုပ်ကို မောင်မောင်လှိုင်း လှမ်းယူသည်။ အမေ့လက်ထဲသို့ထည့်ပြီးမှ မြေကြီးပေါ်တွင် ဆောင့်ကြောင့်ထိုင်ကာ ကန်တော့သည်။ မိဒေါင်းလှလည်း ကလေးကို ရင်ခွင်တွင် ထည့်လျက် ကျုံ့ကျုံ့ထိုင် ကန်တော့သည်။

"ကျုပ်သားနဲ့ ကျုပ်ချွေးမ အိုအောင်မင်းအောင် ပေါင်းရပါစေတော်။ ကျုပ်မြေးလေးနဲ့ ရာသက်ပန် ပျော်ရွှင်ကြပါစေ။ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ"

ဒေါ်မင်းဘော်၏ ဆုတောင်းသည် ရှည်လျား၏။ သူဖြစ်စေချင်သမျှကို နှုတ်မြွက်ခြင်းဖြစ်သဖြင့် စုံလည်းစုံစေ၏။

ဦးမိုးကောင်းသည် "လိုရာဆန္ဒပြည့်ဝပါစေ"ဟု တိုတိုသာဆုပေးပြီး ဒေါ်မင်းဘော်၏ရှေ့ရှိ ငွေထုပ်ကို သတိထားမိ၏။ သမီးကန်တော့သော ငွေထုပ်များနှင့် မည်သည့်အတွက် အရောင်ချင်းတူနေရသနည်း။

'ကေန္တ သူ့မောင်နဲ့ သူ့ယောင်းမ မျက်နှာမငယ်ရအောင်၊ ငါတို့ဝမ်းသာရလေအောင်၊ သူကန်တော့မယ့်ငွေကို တစ်ဝက်များ မိအိုး၊ ခွဲပေးရော့သလား'

သို့စဉ်တွင် မိအိုးလည်း သားနှင့်သမီးကိုခေါ်ကာ နောက်ပါးမှ ယို့ယို့ကလေး ကန်တော့နေသည်။

"အေးကွယ်။ ဓားကို ဘယ်တော့မှ မချနဲ့လူလေး"

"မချပါဘူး အဖေခင်ဗျာ"

"ဓားဆိုသာ ကုလားကိုခုတ်ဖို့။ ကုလားဆိုသာ ငါတို့ ဓားစမ်းဖို့ဆိုသာ သားစဉ်မြေးဆက်မှာခဲ့ဟေ့"

"ဟုတ်ကဲ့ပါ အဖေခင်ဗျာ"

သို့စဉ်တွင် မြဖူးနှင့် မိရိုးကလည်း မောင်မောင်လှိုင်းကို တဘက်တစ်ထည်နှင့် ကန်တော့သည်။ ထို့နောက် မိရိုးတစ်ယောက်တည်းက မိအိုးအား 'ခေါင်းတင်တဘက်'၊ တောနာ့နတ်ယိုများနှင့် ကန်တော့သည်။

"လိမ္မာလိုက်သဲ့ ငါ့ညီမလေး၊ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းပါစေ။ မတောင့်မတ မကြောင့်မကြ နေနိုင်ပါစေရှင်"

သူလည်း သူ့အမေနှယ် စိတ်ထဲရှိသမျှ သွန်ချကာ ဆုပေးနေရာ၊ ဦးမိုးကောင်းက သတိပေးရသည်။

"သဘော်ာမမိဘဲနေမယ်ဟေ့။ ခရီးလမ်းပန်းဆိုသာ ကိုယ် အစိုးမရဘူး။ တင်ကြိုပြီး ရောက်နေသာကောင်းသဟေ့"

www.facebook.com/NyisayEbookCreator
www.nyisay.com


မြတ်သာဦးသည် နွားနှစ်ကောင်ကို ချွတ်ထားခဲ့ပြီး၊ လှည်းဦးတွင် လှုဝင်လျက် လှည်းနောက်မြီးကို အိမ်အောက်သို့ထိုး၏။ ဆွေနီးမျိုးစပ်များက ပေးသောလက်ဆောင်များ၊ အမျိုးမတော်သူများ၏ လက်ဆောင်များဖြင့် လှည်းတစ်စီး ပြည့်သွားသည်။

မိအိုးက ရွှေလက်ကောက်တစ်ဖက် ပေးသည့်သတင်း၊ တစ်ရန် ပေးသည့်သတင်းသည် သွေးသောက်စုရွာထဲ၌ပြန့်နေပြီ။ သို့အတွက် မိအိုးမှာ ရွာထဲ၌ မျက်နှာအလွန်ကြီးသည်။ လာရောက်နှုတ်ဆက်သူများမှာ အိမ်ရှေ့၌ ပြည့်နေ၏။ မိရိုးလည်း ကလေးကိုချီပြီး ငနှင်းအား မျှော်နေ၏။ သူတို့ လင်မယားကမူ သဘော်ဆိပ်အထိ လိုက်မည့်သူများဖြစ်သည်။

ငနှင်း ဖားဖားဖားဖားနှင့် ပြေးလာချိန်တွင် မြတ်သာဦးသည် လှည်းတွင် နွားတပ်ပြီ။ မောင်မောင်လှိုင်းလင်မယားနှင့် မိအိုးမိသားစုလည်း မိဘများအား ရှိခိုးကန်တော့ကြပြန်ပြီ။

"ခလုတ်မထိ ဆူးမငြိကြပါစေနဲ့ဗျား။ သားတို့ သမီးတို့ရေ၊ ဓား ကိုတော့ ဘယ်အခါမှ မချကြနဲ့ဟေ့"

ဦးမိုးကောင်း၏ ဆုပေးနှင့်အမှာသည် တို၏။ မိ၏။ ဒေါ်မင်းဘော်မှာ သားကြီးအား နောက်ဆုံးအကြိမ် မြင်ရခြင်းဟူ၍ မသိရှာ။ မသိသော်လည်း ရင်ထဲတွင် လေးလံနေ၏။ မျက်ရည်ဝဲလာသည်ကို မျက်တောင်မခတ်ခြင်းဖြင့် တားဆီးသည်။ မျက်လုံးကို တဘက်ဖြင့်တို့သည်။ ပေး၍မဝ၊ ပေး၍အားမရ သော ဆုတောင်းစကားကို နှုတ်ခမ်းဖျားလှုပ်ရုံသာ ဆိုနိုင်တော့သည်။

လှည်းပေါ်မှ ကလေးတွေ ဆူညံစွာအော်ဟာစ်ကြား၊ မည်သူမျှ မပြုံးနိုင်။ မောင်မောင်လှိုင်းသည်ပင် ငိုင်နေမိသည်။ မအေနှင့် ဖအေအား တစ်ကြိမ်သာ လှည့်ကြည့်ရဲ၏။ ဒေါ်မင်းဘော်မှာ သားသမီးမြေးများနှင့် နွားလှည်းပါ မြင်ကွင်းမှ ပျောက်ကွယ်သွားသည်အထိ ငြိမ်သက်ငေးမောနေမိရှာသည်။

⁂

# အပိုင်း ၄

# ၁

"ဦးပဥ္စင်းရဲ့ဒကာကြီး ဘုရားတစ်ဆူလည်းတည်၊ ကျောင်းတစ်ဆောင်လည်း ဆောက်နေပါသဘုရား။ အခု ဒကာကြီး မမာဘူးဘုရား။ အရှင်ဘုရား ကြွလာပြီး ကြီးမှူးနိုင်ရင်တော့ ဒါယကာကြီး စိတ်ဖြောင့်ပါလိမ့်မယ်ဘုရား"

ဦးပဥ္စင်း ရှင်ကေလာသအား လာရောက်လျှောက်ထားသူမှာ ညီတစ်ဝမ်းကွဲ မြတ်သာဦးဖြစ်သည်။

ညီတစ်ဝမ်းကွဲပင် ဖြစ်စေကာမူ ရှင်ကေလာသသည် တရင်းတနှီး မဆက်ဆံ။ သူသည် လူတို့ကြားတွင်သာ အများဆုံးဖြစ်ပေါ်သော မီးများကို ကြောက်သည်။ သို့ကြောင့် ခပ်ဝေးဝေး ရှောင်နေခြင်းဖြစ်ကာ၊ သူစိမ်းနှင့် ဆက်ဆံသကဲ့သို့သာ ဆက်ဆံသည်။ သို့ကြောင့် မြတ်သာဦးကလည်း ရဟန်းနှင့် လူအဖြစ်သာ ဆက်ဆံခြင်းဖြစ်၏။

"အရှင်ဘုရားမယ်တော်က တစ်ခါတစ်ခေါက် ကြွခဲ့ပါလို့ မှာပါသဘုရား"

www.facebook.com/NyisayEbookCreator
www.nyisay.com



ရှင်ကေလာသသည် လူကိုမြင်တိုင်း ဆင်ပေါင်ဝဲတိုက်ပွဲမှ ရှင်ဟက်တက်ကြီးကို မြင်သည်။ မြင်လျှင် စိတ်နှလုံးနောက်ကျိသည်။ ယခု ထိုအနိဋ္ဌာရုံကြီး ပျောက်ကွယ်သွားပြီ။ ရဟန်းတရားနှင့် ပျော်မွေ့နေရသဖြင့် ချမ်းသာသည်။

သို့ရာတွင် ညီဝမ်းကွဲ လာရောက်ပျောက်ထားသောကိစ္စမှာ ဖအေ မမာကြောင်း၊ ဖအေ့ကောင်းမှုကို ဦးစီးရေး၊ ဖအေက မှာလိုက်ကြောင်းတို့ဖြစ်သဖြင့် စဉ်းစားရပြီ။

မအေသည် ကိုးလလွယ်ပြီး မွေးဖွားပေးသည်။

ဝမ်းတွင်လွယ်ထားသည့် ကိုးလအတောအတွင်း၌ စားချင်သည်ကို မစားဘဲ၊ နေချင်သည့်အတိုင်းမနေဘဲ သန္ဓေသားကို စောင့်ရှောက်ခဲ့သည်။ စောက့်ရှောက်ခဲ့သည်မှာ တစ်နေ့မဟုတ်၊ တစ်ရက်မဟုတ်။ ရက်ပေါင်း ၂၇၀ ကျော်။

မွေးလာပြီးနောက်တွင် အမေသည် ကလေးငယ်ကို ချထားခဲ့၍မရပေ။ နို့တိုက်မွေးမြူရင်း၊ အသက်နှင့်လဲပြီး စောင့်ရှောက်သည်။ ထိုသို့ စောင့်ရှောက်နိုင်ရန်အတွက် အဖေသည် လိုလေသေးမရှိအောင် ကူညီ၏။ စောင့်ကြပ်၏။

အကယ်၍သာ အမေနှင့်အဖေသည် နို့တိုက်ရွယ်တွင် နို့တိုက်၊ ထမင်းကျွေးသည့်အရွယ်တွင် ထမင်းကျွေးရုံမှအပ၊စကားတစ်ခွန်းမျှ မပြောဆို မချော့မြူလျှင် မိမိစကားပြောတတ်ပါမည်လောဟု ရှင်ကေလာသ စဉ်းစားသည်။

အမေသည် ဆိတ်ကို ဆိတ်ဟု သင်မပေးဘဲ၊ ဆိတ်ကို နွား။ နွားကို ဝက်။ဝက်ကို ကြက်။ကြောင်ကို လူ။ခွေးကို စွန်ဟုသာ သင်ပေးခဲ့ပါမူ မိမိ လူတောတိုး၍မရ၊မည်သို့မျှ လူတွေနှင့် ဆက်ဆံ၍မဖြစ်သော သတ္တဝါဘဝသို့ ကျရောက်တော့မှာပါတကားဟုရှင်ကေလာသဆက်လက်တွေးတော၏။

သည်အမိ သည်အဖကသာ ကျောင်းသို့မပို့လျှင် မိမိသည် ကကြီးခကွေးသော်မျှ သိမည်မဟုတ်။ သည်အမိ သည်အဘက ကျောင်းသို့

ပို့သောကြောင့်သာ စာမှန်းပေမှန်း သိသည်။ ရတနာသုံးပါးကို သိသည်။

ရတနာသုံးပါး၏ အနှစ်သာရကို သည်မိဘနှစ်ပါးကြောင့် သိရသည့်အတွက် ယခုကဲ့သို့ အေးချမ်းသော ရဟန်းမြတ်ဘ၀ကို ခံယူနိုင်ခြင်းဖြစ်၏။

ကျေးဇူးတော်ရှင်ဖြစ်ကြသော သည်မိဘက မိမိအား ဖူးမြော်လိုသည်။ မိမိ မသွားသင့်သလော။ သွားသင့်သည်။

သည်မိဘတို့၏ ကောင်းမှုကုသိုလ်ပြုရာတွင် ထမြောက်အောင်မြင်စေရန် မကူညီသင့်သလော။ ကူညီသင့်ပါသည်။

သို့သော် သံယောဇဉ်ကို အရှင်ကေလာသဖြတ်တောက်သည်။

ကြောက်ရမှန်း မသိသူတို့ ဖက်တွယ်ထားသော သံယောဇဉ်ကြိုးကို ပညာမဲ့သူတို့ မမြင်ရပါ။ ပညာရှိသူတော်ကောင်းတို့သာ ထိုကြိုးကိုမြင်သည်။ ထိုကြိုးမျှင်ကြီးမှာ မီးဟုန်းဟုန်းတောက်လောင်နေသည်။

ရှင်ကေလာသ အထပ်ထပ်စဉ်းစားပြီးမှ ကျောင်းထိုင်ဆရာတော်ဘုရားအား အကျိုးအကြောင်းလျှောက်ထားခွင့်ပန်သည်။ ခွင့်ပြုချက်ရသဖြင့် ဦးချကန်တော့သည်။ ထိုသို့ ဆရာတော့်ထံပါးမှ ခဏတစ်ဖြုတ် ခွာရန် အစပြုခြင်းသည် ဒုက္ခပျိုးခင်းကို မျိုးစေ့များ ကြဲချခြင်းပါတကားဟု ရှင်ကေလာသ သိတော်မမူ။

သပိတ်တစ်လုံးလွယ်၊ ယပ်တစ်ချောင်းထမ်း၊ သင်္ကန်းကြီးကို ပခုံးတင်လျက်၊ ဝါးတောင်ဝှေးတစ်ချောင်းဖြင့် ကျောင်းပေါ်မှ ရှင်ကေလာသ ဆင်းလာသည်။

"ဦးဇင်း၊ လှည်းပေါ်ကြွပါဘုရား"

"ဟဲ့ ငါ့မှာခြေနှစ်ချောင်းရှိလျက်နဲ့ ဘာကြောင့် တိရစ္ဆာန်ကို နှိပ်စက်ရမှာတုန်း။ လမ်းခရီးမှာ ငါမသေရင် ရွာကိုရောက်လာမယ်။ သွားတော့"

မြတ်သာဦးမှာ လှည်းခွက်ချည်းသာ ပြန်သွားရလေ၏။

ဦးပဥ္စင်းကျိုင်းသည် နောက်တစ်နေ့ နံနက်တွင် ဦးမိုးကောင်း၏

www.facebook.com/NyisayEbookCreator
www.nyisay.com



ရှေ့သို့ ရောက်သွားတော့သည်။ ဦးမိုးကောင်းသည် "ဖြည်းဖြည်းထပါလေ"ဟု ပြောသည့်ကြား၊ "ချမ်းသာသလို နေပါဘိ" ဆိုနေသည့်ကြားမှ ချက်ချင်း ထထိုင်ပြီး လက်အုပ်ချီ၏။

"နေမကောင်းသာတောင် ဇွက်မဖြောင့်ပါဘူး မောင်ပဋ္ဌင်းရယ်"

"အပူရှပ်သာ ဦးဇင်းရေ့"

မယ်တော်ကလည်း ဆွဲမိဆွဲရာ အဝတ်တစ်ထည်ကို ပခုံးပေါ်တင်ပြီး ဦးချရင်း ရှင်းပြသည်။ ထို့နောက် ခေါင်းရင်းဘက်တွင် စောင်တစ်ထည်ကို သုံးထပ်ခေါက်ပြီး ခင်းပေးသဖြင့် ဦးဇင်းကျိုင်း ဝင်ထိုင်သည်။ သပိတ်ကို ဘေးမှာချလျက် ယပ်တောင်ကို ရှေ့တွင်ထောင်ထားရာ ခေါင်းငုံ့လိုက်လျှင် မျက်နှာကို မမြင်ရတော့ပေ။

"မြတ်စွာဘုရား ဟောကြားတော်မူသဲ့ ဗောဇ္ဈင်သုတ် ပရိတ်တော်ကို အာရုံပြုပါဒကာကြီး"

"မှန်ပါဘုရား"

သို့စဉ်တွင် လယ်ထဲယာထဲသို့ ရောက်နေကြသည့် ဆွေမျိုးသားချင်း များလည်း အပြေးအလွှား စုရုံးရောက်ရှိလာကြသည်။ ယပ်ကွယ်ထားသည့် အတွက် ဘေးဘက်သို့လာပြီး ကြည့်ကြရ၏။ ကြည့်သော်လည်း ဘေး တိုက်မို့ အားမရကြ။

"ဒကာကြီးရဲ့ ကုသိုလ်ကောင်းမှုကို သွားကြည့်ချေဦးမယ်"

ဦးဇင်းကျိုင်းသည် ပြောပြောဆိုဆို ထသည်။

"မောင်ပဋ္ဌင်း။ ဆွမ်းဘုဉ်းပေးချိန်အမီ ပြန်ကြွခဲ့ပါဘုရား"

ဦးပဋ္ဌင်း ဝန်မခံမိပေ။ လာစဉ်ကအတိုင်းပင် သပိတ်လွယ်၊ ယပ်ထမ်း လျက် ပြန်ထွက်လာခဲ့သည်။ ကျောင်းမှာ ကျောင်းဟောင်းသုံးဆောင်ကို ဖျက်ပြီး ကျောင်းကြီးတစ်ကျောင်းအဖြစ် ဆောက်လုပ်နေခြင်းဖြစ်ရာ ကျောင်း ဆောက်သူ ဦးမိုးကောင်းမှာ လက်သမားခနှင့် သံဖိုးသာသာမျှသာ ကုန်ကျသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com


ပန်းပဲသမားသည် လုပ်ခွင်အတွင်းဖိုထောင်ကာ သံမယ်နကြီးတွေ ပတ္တာကြီးတွေ လုပ်ဆောင်ပေးနေ၏။ သူလည်း လက်သမားများနှင့်အတူ ကျောင်းက ကျွေးသောထမင်းကိုစားပြီး ကုသိုလ်ယူနေသူ ဖြစ်၏။

စေတီကြီးအတွက် အုတ်ကိုကား အသစ်ဖုတ်ရ၏။ စေတီတော်၏ ထီးကအစ၊ သည်ပန်းပဲဖိုတွင် လုပ်မည်ဖြစ်သည်။ စေတီဟောင်း ၄တ်တို တစ်ဆူကို ငုံပြီးတည်ထားသည့် စေတီတော်ကြီးမှာ ကြီးမားလွန်းခြင်း မရှိစေကာမူ အုတ်အပြည့်မစီပေ။ အလယ်ခေါင်မှ ဝမ်းစာအဖြစ် သွေးသောက်စု တစ်ရွာလုံးက ကုသိုလ်ပါဝင်သောအားဖြင့် မြေသယ်ကာ ဝမ်းစာထည့်ကြသည်။ အုတ်စီရာတွင်အသုံးပြုသော အင်္ဂတေအတွက် ထုံးကိုပင်လျှင် တောထဲဝင်ပြီး ထုံးဖုတ်ပေးသူရှိနေ၏။ ဥသျှစ်၊ တင်လဲ၊ ကျွဲကော်၊ အုံတုံ စသည်များလည်း ကုသိုလ်ပါဝင်လိုသူများ အသင့်ရှိနေသဖြင့် မပူရပေ။

ခေါင်းဆောင်ခေါင်းရွက်လုပ်ကာ၊အုတ်ဖိုးစိုက်ထုတ်နိုင်သော ဒါယကာ ပေါ်လာသည်နှင့် တစ်ပြိုင်နက်တည်း တစ်ယောက်တစ်လက် ဝိုင်းဝန်းကြရာ လစ်သည်၊ ဟာသည် မရှိချေ။ အုတ်မှုန့်များမှာလည်း ရွာထဲမှ မိန်းမကြီးငယ်များ အားလပ်သည်နှင့် လာထောင်းကြရာ၊လိုသည်ထက် ပိုနေဟန်ရှိ၏။

ဦးပဥ္စင်းကျိုင်းသည် အင်္ဂတေဖျော်သည့်နေရာရှိ ကန္နားဖျင်းအောက်တွင် ဘုန်းကြီးတစ်ပါးကို မြင်သဖြင့် ဝင်ရောက်ဝတ်ပြည့်၏။ ဆောက်လုပ်ဆဲကျောင်းမှ ဆရာတော်ဖြစ်၏။ တစ်ချက်ကြည့်ခါမျှဖြင့် ဆရာတော် သိ၏။

"ဒကာကောင်းရဲ့သား ဦးပဥ္စင်းထင်ပါ့"

"မှန်ပါဘုရား"

"သည့်လိုပဲ မောင်ပဥ္စင်းရေ့။ ပူမှာစိုးလို့ အေးရာမှာ ခိုနေပေမယ့် မိဝတ်ဖဝတ်၊ သားသမီးဝတ်က ရှိနေပြန်တော့ လာရသာပါ့လေ"

"မှန်ပါဘုရား"

"ဒကာကောင်း ဘယ့်နှယ်နေသတုန်း မောင်ပဥ္စင်း"

www.facebook.com/NyisayEbookCreator
www.nyisay.com



"ထူထူထောင်ထောင်ပါပဲဘုရား"

"ကဲ ကဲ သည်နေရာက မကောင်းပါဘူး။ ကျောင်းကိုလိုက်ခဲ့ပါဦး ဘုရား"

ဤသို့ဖြင့် ဦးဇင်းကျိုင်းမှာ သွေးသောက်စုကျောင်း ကျောင်းထိုင်ဆရာတော် ခေတ္တသီတင်းသုံးရာနေရာသို့ လိုက်ပါခဲ့ရသည်။ ကျောင်းကိုဖျက်ထားသဖြင့် ဇရပ်ပေါ်တွင် သီတင်းသုံးရခြင်း၊ ကျဉ်းကျဉ်းကျပ်ကျပ်မဟုတ်။ ကိုးပင်ဇရပ်ကြီးဖြစ်သည်။

ဆရာတော်ကြီးသည် ဦးဇင်းကျိုင်းအား ရေနွေးကြမ်း၊ မုန့်ဆီကြော်၊ နှမ်းပျစ်၊ ငါးပေါင်းကြော်များဖြင့် ဧည့်ခံရင်း "မောင်ပဋ္ဌင်းရဲ့နှမ လာသာဖြင့် တစ်ရွာလုံး အုတ်အော်သောင်းနင်းပါပဲ" ဟု မိန့်တော်မူ၏။

မိအိုးကိုရည်ရွယ်ကြောင်း ဦးဇင်းကျိုင်း မသိပါ။သူသည် သည်ရွာသို့ သူ့အစ်ကိုနှင့် သူ့နှမ ရောက်သွားကြောင်းကို မသိလိုက်ပေ။

"သူက ရေနံချောင်းမှာ၊ ရေနံတွင်းစားဆို"

"တပည့်တော် မသိပါဘုရား"

ကျောင်းထိုင်ဆရာတော်ဘုရားကြီး အလွန်အံ့ဩသည်။ ဦးပဋ္ဌင်းမှာမူ ဆရာတော်ဘုရား၏ဘေးတွင် ပုံထားသောအရာများ၌သာ အာရုံရောက်နေသည်။ အလျားတောင်ဆုပ်၊ အနံတစ်ထွာသာသာ စက္ကူတွေဖြစ်သည်။

"အဲဟိုဟာတွေကို ဘာခေါ်ပါသတုန်း အရှင်ဘုရား"

"သတင်းစာခေါ်သယ်မောင်ပဋ္ဌင်းရဲ့။သာသနာပြုမင်းများလက်ထက်တုန်းက 'ရတနာပုံနေပြည်တော်' အမည်နဲ့ သတင်းစာ ထုတ်ခဲ့သယ်လေ။ အဲသာမျိုးတွေပါပဲ ရန်ကုန်ကထုတ်သာ"

ထိုသို့ ရှင်းပြပြီးမှ အနည်းငယ်ပြုံးသည်။ သတင်းစာ သုံးလေးထပ်ကို မောင်ပဋ္ဌင်းရှေ့သို့ချပေးသည်။

"မောင်ပဋ္ဌင်းက တောကျောင်းဘုန်းကြီးပဲ၊ လက်တွေ့ ဖတ်ကြည့်ရင်

www.facebook.com/NyisayEbookCreator
www.nyisay.com



ရှင်းသွားမှာပါ့။ ကဲ ဖတ်ဖတ်”

ဆရာတော်ဘုရားသည် ဇရပ်ခြေရင်း၌ ကျောင်းသားတွေ လုံးထွေးနေပုံကို ရိပ်ခနဲမြင်ရသဖြင့် ထသွား၏။ ထသွားသည်ကို ဦးဇင်းကျိုင်း မသိပါ။ သတင်းစာမျက်နှာဖုံးမှ ဖိနပ်ကြော်ငြာ၊ ဦးထုပ်ကြော်ငြာ၊ ဆေးကြော်ငြာများကို နားမလည်သဖြင့် အတွင်းသို့ လှန်သည်။

အတွင်းသို့ လှန်သောအခါတွင်လည်း၊ တောကျောင်းရဟန်းမှာ ‘စည်းစိမ်ခံသင်္ဘောကြီး ဆိုက်ရောက်လာတော့မည်’ ကဲ့သို့သော စာလုံးမည်းကိုသာ အဆင်ပြေစွာ ဖတ်နိုင်၏။ သတင်းစာသားကိုကား ဖတ်၍မရ။

အဘယ်မှာ ဖတ်၍ရပါမည်နည်း။ သတင်းစာတွင် ကော်လံများခွဲထားသည် မဟုတ်သလော။

လက်ဝဲအစွန်ဆုံးကော်လံ၏ ပထမစာကြောင်းတွင် ‘သိပ္ပံပညာရပ်များထူး’ ဟူ၍ပြတ်သွား၏။ ထိုစာကြောင်း၏ အောက်ရှိ ဒုတိယစာကြောင်းသို့ တောကျောင်းရဟန်း ဆက်မဖတ်။ ဒုတိယကော်လံ၏ ပထမစာကြောင်းနှင့် ဆက်ပြီးဖတ်ရာ ‘သိပ္ပံပညာရပ်များထူး သမုဒ္ဒရာကြီးများကို ဖြတ်’ ဟူ၍ ဖြစ်နေ၏။ မည်သို့မျှ နားမလည်။

တတိယကော်လံ ပထမစာကြောင်း၊ စတုတ္ထကော်လံ ပထမစာကြောင်းများကိုပါ ဆက်ပြီးဖတ်ကြည့်ပြန်သည်။ နားမလည်ခြင်းတွင် စိတ်ညစ်ညူးခြင်းပါ ထပ်လောက်လာပြန်၏။

ဦးဇင်းကျိုင်းသည် ဆရာတော်ဘုရားကြီးထံ လျှောက်ထားမေးမြန်းရန် လှမ်းကြည့်၏။ ဆွမ်းခံပြန်လာသည့် ရဟန်းသာမဏေများ၊ ကျောင်းသားများကိုသာ မြင်ရသည်။ ကေသီလှမ်းသူ၊ အံ့သကိုင်ငှက်ချတ်သူများဖြင့် ရှုပ်ယှက်ခတ်နေချေတော့သည်။

ဦးဇင်းကျိုင်းသည် သူဖတ်၍မရသော စာမျက်နှာကို စိန်းစိန်းကြီးကြည့်ရင်း စဉ်းစား၏။

www.facebook.com/NyisayEbookCreator
www.nyisay.com



'ဖတ်လို့မရဘဲနဲ့တော့၊ ဆရာတော် ဘုရားကြီးရဲ့သေးမှာ ဒါလောက် အများကြီး ရှိနေမှာ မဟုတ်ပါဘူး'

စေ့စေ့ကြည့်သောအခါ ဦးဇင်းကျိုင်း မြင်ရပြီ။ ကော်လံအဖြစ် ခွဲထားသောနေရာတွင် စာလုံးတွေ တညီတည်းတဖြောင့်တည်း ကွဲနေခြင်းဖြစ်သည်။ သို့အတွက် ပထမကော်လံ၏ ပထမစာကြောင်းကို ဒုတိယ စာကြောင်းနှင့် ဆက်ပြီး ဖတ်ကြည့်မိသည်။ စိတ်ရှုပ်ထွေးသဖြင့် ကြဲရာမရ ဖြစ်နေသော မျက်နှာမှာ တောအုပ်တွင်း၌ လမ်းပျောက်နေရာမှ လမ်းစတွေ့သူနှယ် ကြည်လင်လာလေ၏။

"သိပ္ပံပညာရပ်များ ထူးခြားဆန်းကြယ်မှုများ"

'လက်စသတ်တော့ သည်လိုကိုး'

တတိယစာကြောင်းအထိပါ ဆက်ဖတ်မိသောအခါ တောကျောင်းရဟန်းတော်သည် သဘောပေါက်သွားလေပြီ။

"ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကြီး ဖွဲ့စည်းရန်အကြောင်း"

'နနယ်ပျိုမျစ်သော ဗုဒ္ဓဘာသာ လူငယ်တွေ အသင်းအပင်း ဖွဲ့စည်းတော့မယ်ဆိုပါကလား' ဟူသည့် အသိကြောင့် ဦးဇင်းကျိုင်းသည် ဝမ်းလျားထိုးပြီး အားရပါးရဖတ်တော့သည်။

"အမျိုးဘာသာ သာသနာ ပညာ ကြီးပွားရာကြီးပွားကြောင်း၊ တိုးတက်ရာတိုးတက်ကြောင်းကိုအလိုရှိကြကုန်သော လူငယ်ကလေးများသည်"

"ဦးဇင်းဘုရား ဦးဇင်း။ ဆွမ်းစား ကြွတော်မူပါတဲ့ဘုရား"

လာရောက်လျှောက်ထားသူမှာ ယောက်ဖတော် ငနှင်း ဖြစ်သည်။

"ဦးဇင်းဘုရား၊ ဆွမ်းဘုဉ်းပေး"

"မယ်တော်ကြီးကိုပြောလိုက်။ သည်တစ်နပ်တော့ နေပေ့စေလို့"

ငနှင်း အခက်ကြုံသည်။

နှမလင်ယောက်ဖသည် နှမမောင်ယောက်ဖအား လေးစားရမြဲဖြစ်ရာ

www.facebook.com/NyisayEbookCreator
www.nyisay.com


ဆက်လက်လျှောက်ထားရန် မရဲဝံ့ချေ။ ဤအခက်အခဲကို ကျောင်းထိုင်ဆရာတော်ဘုရားကြီး ရိပ်မိဟန်တူသဖြင့် လှမ်းကြွလာ၏။

"မောင်ပဥ္စင်း၊ အိမ်ပြန်စားရမှာ ဝေးသယ်ထင်ရင်လည်း သည်မှာ စားပေါ့၊ ဆွမ်းကွမ်းမျှတပါသယ်"

ထိုအခါတွင်ကား ဦးဇင်းကျိုင်း ထရတော့သည်။ ဆရာတော်ဘုရားကြီးအား ဝတ်ဖြည့်ပြီး ယောက်ဖနောက်သို့ လိုက်လာခဲ့ရလေ၏။ ဤသို့လျှင် တောပျော်ရဟန်းခမျာ ဖမ်းစားတုပ်နှောင်ခြင်းခံရ၏။ ထိုအရာကား မိဘ၊ ဆွေမျိုး စသည့် သက်ရှိမဟုတ်။ သတင်းစာဖြစ်သည်။

အင်္ဂလိပ်တို့၏ ဖိစီးနှိပ်စက်မှုအောက်တွင် ဆင်းရဲကျပ်တည်းစွာ နေကြရသည်။ လူမျိုးခြားတို့ ခြယ်လှယ်သမျှကို ဗုဒ္ဓဘာသာ မြန်မာ အများ မလူးသာမလွန့်သာ ခံစားနေကြရသည် စသော အရေးအသားများသည် တောပျော်ရဟန်း၏ အိပ်မောကျနေသော မျိုးချစ်ပြည်ချစ်စိတ်ကို လှုပ်နှိုး လေတော့သည်။

ဦးဇင်းကျိုင်းသည် သွေးသောက်စုရွာ၌ ခုနစ်ရက်နေခဲ့သည်။

အရုဏ်ဆွမ်း ဘုဉ်းပေးသောအကျင့် မရှိသဖြင့် တာဝန်တစ်ခုငြိမ်း၏။ ဘုရားကိစ္စ၊ ကျောင်းကိစ္စတွင် သူ့ခမည်းတော်က ကြောင့်ကြနေပြီး ဆရာတော်ဘုရားကြီးနှင့် ရွာလူကြီးတွေ နိယံမပြတ် ကြပ်မတ် ဆောင်ရွက် နေကြသည်။ သို့အတွက် ဆွမ်းတစ်ထပ် ဘုဉ်းပေးချိန်မှအပ၊ ဦးဇင်းကျိုင်းမှာ သတင်းစာချည်း ကုန်းဖတ်နေလေတော့၏။

ထိုသို့ဖြစ်စေကာမူ ဦးမိုးကောင်းမှာ သားရဟန်းကို ဖူးရသဖြင့် ကျန်းမာလာသည်။သားရဟန်းက နေကောင်းထိုင်သာအခြေအနေကို နေ့စဉ် မေးမြန်းသဖြင့် အားအင်တိုးလာသည်။

သူ့ခမည်းတော်ဖြစ်သူ ဘုရားဝင်းထဲ ကျောင်းဝိုင်းထဲ၌ မားမားကြီး ရပ်နိုင်ချိန်၌ ဦးဇင်းကျိုင်းအား ရဟန်းစိတ်က သတိပေးသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com


'လူ့ရပ်ရွာကို ခွာဖို့တော်ပြီ'

သို့ကြောင့် ဦးဇင်းကျိုင်းသည် မိမိပျော်မွေ့ရာက ချောင်းဦးကျောင်းသို့ ပြန်ကြွခဲ့သည်။

'လန်ဒန်မြို့ အိန္ဒိယကွန်ဂရက် အသင်းကြီးက အိန္ဒိယပြည်အား ကိုယ်ပိုင်အုပ်ချုပ်ရေး ဟုမ္မရူးပေးရန် တောင်းဆိုတယ်ဆိုပါကလား။ သည်လို အသင်းအဖွဲ့ ဖွဲ့စည်းပြီး အရေးဆိုရင် ရသယ်ဆိုသာ၊ ငါတို့အမျိုးသားတွေ မသိကြသေးဘူး'

ဦးဇင်းကျိုင်း၏ ရဟန်းတရား အားထုတ်မှုများကို ထိုအတွေးများက လာရောက်ဖိစီးသည်၊ နှောင့်ယှက်သည်။

အနက်ထည်ကန့်လန့်ကာကြီး ရိပ္ပနံးနေသည့်နေရာမှ ဖြစ်ပေါ်လာသည့် အပေါက်ကလေး၏ အလင်းပေါက်ကို မြင်လိုက်ရသူသည် အပေါက်ကလေး နေရာကို ဆွဲဖြဲသကဲ့သို့ ဦးဇင်းကျိုင်း ဆွဲဖြဲချင်၏။ ဆွဲဆုတ်ချင်၏။

လူ့အကြောင်း၊ လောကအကြောင်းသည် တောပျော်ရဟန်းအား အပမိုခြင်းဖြစ်ရာ ဦးဇင်းကျိုင်းခမျာ တောမှာမပျော်ပိုက်တော့ပါ။ ခုနစ်ရက်ခန့် အထိကြိတ်မှိတ်နေနိုင်ငြား၊ကိုးရက်မြောက်နေ့တွင် "ကျောင်းနှင့် ဘုရားပြီးစီးမှု အခြေအနေကို ကြည့်ရှုဦးမည်ဘုရား" ဟု ကျောင်းထိုင်ဆရာတော်အား လျှောက်ထားခွင့်ပန်ကာ ရွာသို့လာခဲ့သည်။

ဦးပဥ္စင်းကျိုင်းသည် ကျောင်းကြီးနှင့် စေတီတော်ကြီးကို မျှော်ကြည့် ရှုံသာကြည့်ပြီး ဇရပ်ပေါ်သို့တက်သည်။ ရတနာသုံးပါးနှင့် ကျောင်းထိုင် ကိုယ်တော်ကြီးအား ဝတ်ဖြည့်ပြီးနောက် သတင်းစာပုံဆောင်းသို့ အရူးလျားဖားလျား ချဉ်းကပ်သည်။

ချဉ်ခြင်းမပြေ။ သတင်းစာအသစ် တစ်စောင်သာရောက်နေသည်။ သူမျှော်လင့်အားထားသော ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကြီး ဖွဲ့စည်းသည့်သတင်း မပါချေ။ မည်သို့ လုပ်ရပါမည်နည်း။

www.facebook.com/NyisayEbookCreator
www.nyisay.com


"ဆရာတော်ဘုရား။ သည်သတင်းစာတွေ ဘယ်လိုရပါသတုန်းဘုရား"

မစုံစမ်းဘဲ မနေနိုင်ပြီ။

"ပွဲစား ကျော်ဇံအေး လှူသာ မောင်ပဥ္စင်းရဲ့။ သူလည်း လူကြုံရှိမှ ပို့ပေးနိုင်သာကလား"

"တပည့်တော် သွားလိုက်ပါမယ်ဘုရား။ သူ ဖတ်ပြီးသားတွေကို အရှင်ဘုရားအတွက် ယူခဲ့ပါရစေဘုရား"

"ကောင်းသာပေါ့ကွယ်၊ သွားလိုက်ပါ"

သတင်းစာအလှူခံသူက ခွင့်ပြုသောအခါ ဦးဇင်းကျိုင်းသည် မယ်တော်၊ ခမည်းတော်တို့ ထံသို့ပင် မဝင်တော့ဘဲ လေ့ဆိပ်သို့လာသည်။ ခမည်းတော်၊ မယ်တော်တို့မှာလည်း သားရဟန်း ကြွလာသည်ကြားသဖြင့် နေရာထိုင်ခင်း ဆွမ်း၊ ကွမ်း ပြင်ဆင်ထားသည်။ ရောက်ချိန်တန်၍ ရောက်မလာသဖြင့် မြတ်သာဦးနှင့် ငနှင်းကို အရှာခိုင်းရတော့သည်။

လေ့ဆိပ်သို့ လျှာ အလျှားလိုက်ထွက်လျက် ရောက်လာသူမှာ ညီတော်မောင် မြတ်သာဦး။

"ကိုယ်တော်ဘုရား။ ဘကြီးနဲ့ ဒေါ်ကြီးက အပင့်ခိုင်းလို့ပါဘုရား"

"မြို့ကို သွားစရာရှိလို့ပျော့၊ အပြန်မှ ဝင်မယ်"

"သာဖြင့် ကိုယ်တော်၊ ဆွမ်းဘုဉ်းပေးပြီးပလားဘုရာ့"

ကြည့်စမ်း။ ဆွမ်းကိစ္စကို ဦးဇင်းကျိုင်း မေ့လျော့နေသည်။ တစ်နေ့လျှင် တစ်ထပ်သာ မှီဝဲသောဆွမ်း။ သည်ဆွမ်းလွတ်သွားလျှင် တစ်နေ့လုံး မွတ်သိပ်ဝေဒနာကို ခံစားနေရတော့မည်။

မြတ်သာဦး သတိပေးသဖြင့် ဦးဇင်းကျိုင်းသည် ရွာသို့ ပြန်လိုက်လာသည်။ မွန်းမတည့်မီ အလျင်အမြန် ဆွမ်းဘုဉ်းပေးရသည်။ သည်တွင် မအေက မျက်ရည်ခံထိုးတော့သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"သားတော်ဘုရားရယ်။ မိဘကို သာလောက် မစိမ်းကားသင့်ပါဘူး ဘုရား"

ဦးဇင်းမှာ ကိုယ့်ဝေဒနာနှင့် ကိုယ်ဖြစ်သည်။ သည်အကြောင်းကို ရှင်းပြသော် မယ်တော် နားလည်ပါမည်လော။ သို့အတွက် သင့်အောင် ဖြေရသည်။

"ဒကာမကြီးကို စိမ်းကားသာ မဟုတ်ပါဘူးလေ။ အရေးတကြီးကိစ္စ ရှိနေလို့ပါ"

သို့စဉ်တွင် မောင်းသံသဲ့သဲ့ကြားရသည်။

"ဘာမောင်းပါလိမ့် ဒကာမကြီး"

"သစ်ကြိုသဲ့ မောင်းပါဘုရား။ ကိုယ်တော့်နမလေ အိမ်ဆောက်ဖို့ အတွက် အိမ်တစ်လုံးဝယ်ထားသာ၊ ကနေ့မှ သစ်တိုက်သာဘုရာ့"

ဦးပဥ္စင်းသည် တစ်စုံတစ်ရာ မမိန့်ငြား၊ အိမ်နောက်ဖေးရှိ မိရိုးတို့၏ ထန်းသားအိမ်ကလေးကို လှမ်းကြည့်ဖြစ်သည်။ အခြေပြတ်သည်က ပြတ်ကာ ယိုင်နဲ့နေသဖြင့် ကျားကန်ထားရပြီ။

ဦးဇင်းကျိုင်းသည် နမ၏အိမ်အိုကလေးကို ငေးမောကြည့်နေစဉ်၊ ဒေါ်မင်းဘော်က ဝတ်ဖြည့်ပြီး "ဟိုဘက်ကမ်းကို ကူးရင်လည်း၊ မနက် စောစောကျမှ ကူးပါဘုရား။ တပည့်တော်မ သစ်ကြိုချေဦးမယ်ဘုရား" ဟု လျှောက်ထားသွားသည်။

သစ်ကြိုသည် ဆိုခြင်းမှာ မျက်မြင်အားဖြင့် သစ်တိုက်လာသော လှည်းသမားများကို ဆေးလိပ်နှင့် မုန့်ဖက်ထုပ်၊ မုန့်စလင်းထောင့်၊ ဆပ်ပြာ စသည်များ ကမ်းလှမ်းခြင်းဖြစ်၏။ သို့ရာတွင် စိတ်နေပိုင်းအရမူ မိမိရွာသား တစ်ယောက် အိုးသစ်အိမ်သစ် တည်ထောင်သည်ကို တစ်ရွာလုံးက ဝမ်းသာ အားရ ကြိုဆိုသည့်အဓိပ္ပာယ်သက်ရောက်၏။

သို့ကြောင့်ပင် လှည်းများရပ်ရန်၊ သစ်ချရန်နေရာများကို အပြေး

www.facebook.com/NyisayEbookCreator
www.nyisay.com


အလွှား ညွန့်ပြနေသည့် နေ့ှင်းနှင့် လှည်းများကို နံ့သာရည်ဆွတ်သည့် သပြေခက်ဖြင့် ပက်ဖျန်းပေးနေသည့် မိရိုးထံသို့ ရွာသူရွာသားများ တဖွဲဖွဲ ရောက်လာကြခြင်းဖြစ်သည်။

လှည်းသမားများ၊ လက်သမားများ လက်ငင်းစားရန် မုန့်ပဲသားရေစာများ လာရောက်ပို့ကြသည်။ ငွေကြေးကူညီကြသည်။ ငွေမလွယ်သူများကမူ ပဲ၊ ပြောင်း၊ နှမ်း၊ ဝါ၊ ငရုတ်၊ စပါး စသည်ဖြင့် ကူညီကြသည်။

ငနှင်း၊ မိရိုးတို့ကို အကြောင်းဩ၍ သွေးသောက်စုတစ်ရွာလုံး ရွှင်ပြုံးဝမ်းသာနေကြစဉ် ဦးဇင်းကျိုင်းမှာလည်း ထိုယောက်ဖနှင့် နမကို အကြောင်းပြုလျက် စိတ်ရှုပ်ထွေးနေလေ၏။

သူသည် အခြေပြတ် ထန်းသားတိုင်များကို ငေးကြည့်ရင်းက "အိမ်ပြီးရင် သူတို့ သည်အိမ်ဝိုင်းထဲက ထွက်သွားကြတော့မှာပါကလား"ဟု အတွေးပေါက်သည်။

ထိုအခါတွင် အမိအဖတို့အား ဦးဇင်းကြည့်မိသည်။

'အဖေတို့ အမေတို့နဲ့ ဘယ်သူရှိသေးသတုန်း'

မရှိတော့ပါ။

နနယ်ပျိုမျစ်သည့် မောင်မိုးကောင်း၊ မယ်မင်းဘော်တို့ နှစ်ယောက်တည်းဖြင့် တည်ထောင်ခဲ့သော အိမ်ထောင်ကြီးသည် သားသမီးငါးယောက် ငလှိုင်း၊ ငသိုင်း၊ ငကျိုင်းနှင့် မိအိုး၊ မိရိုးတို့ဖြင့် စည်ပင်ဖွံ့ဖြိုးခဲ့၏။

သည်ထဲမှ ငလှိုင်းသည် ငယ်စဉ်ကပင် ပုံထွက်သွား၏။ တစ်ယောက်လျော့ကာမျှဖြင့် မသိသာသေး။ ငသိုင်းအိမ်ထောင်ကျပြီးနောက် လေလွင့်သွားငြား၊ ကိုယ်စားအဖြစ် သားနှင့်မယား ချန်ထားခဲ့၍ မသိသေး။ သို့သော် မိအိုး အိမ်ထောင်ကျပြီး ဝက်မစွတ်သို့ ပါသွားသောအခါ သိသာပြီ။

သည်နောက်တွင် သားငကျိုင်း ရဟန်းပြုသွားပြီ။ ယခု နောက်ဆုံးလက်ကျန်သမီးထွေးနှင့် သမက်တို့ အိမ်ဝိုင်းထဲမှ ထွက်သွားသောအခါ

www.facebook.com/NyisayEbookCreator
www.nyisay.com



နှစ်ယောက်တည်းသာ ကျန်ခဲ့သည်။ ကျန်ခဲ့သူမှာ နနယ်ပျိုမျစ်သော ငမိုးကောင်း၊ မယ်မင်းဘော် မဟုတ်။ အဘိုးကြီး ဦးမိုးကောင်းနှင့် အမယ်ကြီးအို ဒေါ်မင်းဘော်တို့သာ။

ပထဝီ၊ တေဇော၊ အာပေါ၊ ဝါယောတို့ ထောက်ကန်မှု မချွတ်ယွင်းသေး၍ တောင်ဝှေး မဆွဲရသေးငြား၊ တောင်ဝှေးဆွဲချိန်ရောက်ပြီ။ သွေး၊ သည်းခြေ၊ လေ၊ သလိပ်တို့ မဖောက်ပြန်သေး၍သာ ကိုယ့်ထမင်းကို ကိုယ်ယူစားနိုင်ငြား၊ တစ်ချက်ဖောက်ပြန်လျှင် လဲပြိုမည့်အရွယ်။

'သည်မိ သည်ဖကို ဘယ်သူ ပြုစုပါမတုန်း။ သည်လယ် သည်ယာတွေကို ဘယ်သူဦးစီးပါမတုန်း'

သံယောဇဉ်နယ်ကို ဥပေက္ခာ မပြုမိသည့်အတွက် တောကျောင်းရဟန်း ပူပန်ရပြီ။ မီးကြီးသည် စွဲလောင်ချေပြီ။

မီးတောက်ထဲတွင် လူးလွန့်နေရာက ဦးဇင်းကျိုင်းသည် ဝမ်းသာအားရ ဖျာကိုပုတ်လိုက်မိသည်။ "ဟာ၊ ထွန်းလူတို့သားအမိ ရှိနေသားကပဲ" ဟု ရေရွတ်မိသည်။ သို့ရာတွင် သူ့တူ ထွန်းလူမှာလည်း သျှောင်ချောကြီးကို အုန်းဆီတသသဖြင့် ပလွေသံတပေးပေးဖြင့် ကြင်ဖက်ရှာနေပြီကိုကား ဦးဇင်းကျိုင်းမသိ။

မသိသောကြောင့်လည်း အနည်းငယ် ရင်အေးရသည်။ ကျောင်းတွင် တစ်ညကျိန်းပြီးနောက် နောက်တစ်နေ့တွင် မြို့သို့သွားတော့သည်။

သွေးသောက်စုကျောင်းသို့ သတင်းစာ လှူနေသူမှာ ပွဲစား ဦးကျော်ဖေအေးနှင့် သား ကိုတောက်ထိန်ဖြစ်သည်။ သူသည် ဦးဇင်းကျိုင်းအား သတင်းစာအဟောင်းတွေ မပေးသေးဘဲ အိမ်သို့ ပင့်သွားပြီး ဆွမ်းကပ်သည်။ ရေငတ်နေသော ဦးဇင်းကျိုင်းအတွက် ကိုတောက်ထိန်ဟူသည့် ရေတွင်းထဲသို့ လိမ့်ကျခြင်းဖြစ်တော့သည်။

"မသိလို့ မေးပါရစေပွဲစားလေး။ ကျုပ်က တောကျောင်းဘုန်းကြီး

www.facebook.com/NyisayEbookCreator
www.nyisay.com



ဖြစ်လေတော့ သတင်းစာကို မကြာခင်ကမှ သွေးသောက်စု ဘုန်းကြီးကျောင်းမှာ ဖတ်ရသာဗျာ့"

"မေးပါဘုရား။ တပည့်တော်ကလည်း မေးမယ့်ပုဂ္ဂိုလ် ရှာနေသာပါ"

ကိုတောက်ထိန်သည် သူ့စကားကိုသူ သဘောကျစွာ ရယ်မောနေသဖြင့် ဦးဇင်းကျိုင်းလည်း ပြုံးရသည်။

"ကျုပ်ဖတ်သဲ့ သတင်းစာထဲမှာ ဒါယကာသုံးယောက် မတည်ပြီး၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းဆိုတာ ဖွဲ့မလို့တဲ့။ သူတို့နာမည်တွေကိုတော့ မှတ်မိသယ်"

"ကိုဘဘေနဲ့ ကိုဘရင်၊ ကိုမောင်ကြီးပါဘုရား"

"အဲသည်အသင်း ဖွဲ့ပြီးပြီလား ပွဲစားလေး"

"ဖွဲ့ပြီးပါပြီဘုရား။ ဗမာလိုတော့ ဗုဒ္ဓဘာသာကလျာဏယုဝအသင်း၊ အင်္ဂလိပ်လို အတိုကောက်ကတော့ ဝိုင်အမ်ဘီအေပေါ့ဘုရား။ အရှည်ကောက်ကတော့ ယန်းမင်းဘုဒစ်စ်ထ် အက်ဆိုရှီအေးရှန်း"

"သည်ကုလားဖြူလို အတိုကောက် မမှည့်ရင် မရဖူးလား။ ကျွန်စော်နံသဗျာ"

"ရပါသယ်ဘုရား၊ ဗုဒ္ဓဘာသာကလျာဏယုဝအသင်းခေါ်လည်း ရပါသယ်။ သို့သော်လည်း၊ သူတို့သူငယ်ချင်းသုံးယောက် စိတ်ကူးရသာကိုက 'ခရစ်ယာန်လူငယ်များအသင်း'လို့ မြန်မာလိုအဓိပ္ပာယ်ရသဲ့ ဝိုင်အမ်စီအေ ဆိုင်းဘုတ်ကိုမြင်ပြီး 'ငါတို့လည်း သလိုအသင်း ဖွဲ့ရရင်ကောင်းမလား' စိတ်ကူးပေါက်ရာက စခဲ့သာကိုးဘုရာ့"

"အင်း အင်း။ ကျုပ်တို့နိုင်ငံမှာ သူတစ်ပါးက အသင်းအပင်းတွေ ဖွဲ့စည်းထားပြီး၊ ကျုပ်တို့မှာ ဘာမျှမရှိသေးဘဲကိုး အင်းအင်း"

ဦးဇင်းကျိုင်း ခေါင်းတညိတ်ညိတ်ဖြင့်ပြောရာက မေးခွန်းထုတ်ပြန်၏။

"ဘာလုပ်မလို့ သည်အသင်း ဖွဲ့ကြသာတုန်း ပွဲစားလေးရဲ့"

www.facebook.com/NyisayEbookCreator
www.nyisay.com



"ဘာသာရေး သာသနာရေးကိစ္စတွေမှာ တစ်ဦးချင်းတစ်ယောက်ချင်း ပြောသဲ့အခါ အရေးတယူ မရှိဘူးဘုရား။ အများစုပေါင်းပြီး အများကိုယ်စား အသင်းကြီးကပြောရင် ပိုပြီးထိရောက်ဖို့ပါဘုရား။ အမျိုးဘာသာ သာသနာ ပညာ ကြီးပွားတိုးတက်ရေးအတွက် ဆောင်ရွက်ကြမှာပါ ကိုယ်တော်"

"တယ်လည်း ကောင်းသကိုး ပွဲစားလေးရဲ့"

"မှန်ပါဘုရား။ တပည့်တော်တို့ မြန်မာအမျိုးသားတွေမှာ ကျွန်စိတ်ပိပြီး ကျွန်မှိုင်းသင့်နေသယ်ဘုရား။ အမျိုးပျောက်မယ့်အရေးကိုလည်း မသိကြဘူး။ သည်အသင်းကြီးကသာ သတိပေးနှိုးဆော်နိုင်မှာဘုရာ့"

မေးစရာတွေသည် ကိုတောက်ထိန်၏ စကားအနည်းငယ်ထဲမှ ထိုးထွက်လာ၏။ ဦးဇင်းကျိုင်းမှာ မွန်းတိမ်းသော်ငြား၊ အချိုပွဲကို မတို့ထိမိ။ ဇကသီကို ပခုံးပေါ်ဆွဲတင်ရင်း မေးပြန်သည်။

"အမျိုးပျောက်မယ့်အရေး၊ ဟုတ်လား ဒကာတောက်"

"တပည့်တော်တို့ ဖာသာလဝါနေရင် ပျောက်တော့မယ်ဘုရာ့။ သူတို့တိုင်းပြည်မှာ ရေတောင်ဝအောင် မသောက်ရသူတွေ၊ တစ်လတစ်လ ထောင်သောင်းချီပြီး ရောက်လာနေကြပြီဘုရား"

"ပွဲစားလေးနဲ့တွေ့ရသာ ကျုပ်အဖို့ နတ်သိကြားများက လမ်းညွှန်လိုက်သလား မှတ်ရသဗျာ။ ဆက်ပါဦး"

ဦးဇင်းကျိုင်းမှာ ဝမ်းသာလွန်းသဖြင့် ရွှင်လန်းစွာပြောမိသည်။

"တပည့်တော်တို့ မြန်မာတွေဟာ ရှေးပဝေသဏီကတည်းက ကိုယ့်မင်း ကိုယ်ချင်းနဲ့ နေလာခဲ့သဲ့ လူမျိုးဘုရာ့။ သတ္တိလည်းကောင်းသယ်၊ ဇာတိမာန်လည်း ထက်သန်သဲ့အတွက် ယိုးဒယားနဲ့ အာသံမဏိပူရကိုတောင် ပိုင်ခဲ့သာကလား"

"မှန်သပေါ့ ပွဲစားလေးရာ"

"သည်လူမျိုးကိုလာပြီး စော်ကားသဲ့ ကုလားဖြူအင်္ဂလိပ်ဟာ၊ နိုင်ရှုံး

www.facebook.com/NyisayEbookCreator
www.nyisay.com



ကြီးဘုရား။ ပထမ ရခိုင်တနင်္သာရီကို ရအပြီးမှာ ပြန်ပေးချင်စိတ် ပေါက်လာသတဲ့ဘုရား။ ဆီးပြီး တိုက်သာ ခိုက်သာပဲခံရပြီး၊ အကျိုးခံစားစရာ ပြောပလောက်အောင် မရှိလို့ပဲ"

"သာဖြင့် ဘာကြောင့် ပြန်မပေးသတုန်း"

"သူကပြန်ပေးရင် တပည့်တော်တို့ကလည်း တစ်ခုခုပေးရမယ်ဘုရား။ သာပေသည့် အဲသည်ကိစ္စကလေး ဆွေးနွေးဖို့တောင် အဆင်မပြေခဲ့ဘူးဘုရား။ အဲ.... ပဲခူးနယ်ကို သိမ်းအပြီးမှာတော့ သစ်တစ်ခုတည်းနဲ့ပဲ အရသာတွေ့သွားပြီကိုးဘုရား။ မင်းတုန်းမင်းတရားကြီး ပြန်တောင်းသာတောင် မိုက်မိုက်ရိုင်းရိုင်း ပြန်ဖြေသာပဲ။ သည်လိုနဲ့ သီပေါမင်းလက်ထက်မှာ တစ်မျိုးသားလုံး ခွေးဖြစ်သာကလား"

"ခွေးဖြစ်ရမှာစိုးလို့ ကျုပ်တို့ အသေခံပြီး တိုက်ကြသာပဲ ပွဲစားလေးရ"

ကိုတောက်ထိန်က လက်ဝါးဖြင့်လေကိုပုတ်ကာ "အဲသာ ပြောချင်သာပဲဘုရား" ဆိုပြီးမှ စကားဆက်၏။

"တပည့်တော်တို့နိုင်ငံဟာ ကုလားပြည်နဲ့စာရင် တကယ့်သေးသေးကလေး။ အင်္ဂလိပ်ဟာ အဲသည်သေးသေးကလေးကို ရဖို့အတွက် ကုလားပြည်ထက် ပင်ပန်းသယ်။ သေသယ်။ သည်တော့ သာလောက် ဇာတိမာန်ကြီးသဲ့လူမျိုးကို အမျိုးပျောက်အောင် လုပ်မယ်ဆိုသဲ့ စေတနာဆိုးနဲ့ တခြားက လူမျိုးတွေ သွင်းလာသာပဲဘုရား"

"အင်္ဂလိပ်ဟာ တယ်လည်း အကြံပက်စက် ယုတ်မာပါကလားနော်"

ထိုအခါတွင် ငစော၏စားဖြင့် လည်ပင်းမှ ဆီးစပ်အထိ ခွဲချခဲ့သော ကုလားဖြူ အင်္ဂလိပ်စားပြ၏ ရုပ်သွင်သည် ဘွားခနဲပေါ်လာ၏။ သည်အခါတွင်ကား ဦးဇင်းကျိုင်းမှာ နလုံးနောက်ကျိုမှု မဖြစ်တော့ပေ။

"အကြံပက်စက် ယုတ်မာသာကတော့ အများကြီးပဲကိုယ်တော်။ သို့သော် လိုရင်းစကား ပျောက်သွားမှာစိုးလို့ နောက်မှ ပြောတော့မယ်"

www.facebook.com/NyisayEbookCreator
www.nyisay.com


"ပြော ပြော။ ပွဲစားလေးပြောသမျှ အဖိုးတန်ချည်းပဲ"

"တပည့်တော်တို့နဲ့ ဘာသာမတူ စကားမတူ ယဉ်ကျေးမှုမတူ ဓလေ့စရိုက်မတူသဲ့ လူတွေကို ခေါ်လာပြီး တပည့်တော်တို့ရဲ့ ခေါင်းပေါ်မှာ တင်ထားသဘုရား။ ကဲ ကြည့်။ မာရဝါရီတွေ ရောက်လာသယ်၊ ကုန်ပစ္စည်း ရောင်းဝယ်သယ်။ စက်ရုံတွေတည်ပြီး တပည့်တော်တို့ရဲ့ ပိုက်ဆံတွေ ကျုံးယူသယ်"

"သူကလည်း ကုလားဖြူပဲလား"

"မဒ္ဒိမဒေသက ဘုရား။ ပန်ချာပီကျတော့ အမ်းပလိပ်၊ အရပ်ပုလိပ် အလုပ်ခိုင်းပြီး မြန်မာတိုင်းရင်းသားတွေကို နှိပ်စက်ခိုင်းသဘုရား။ 'မဒရာစီနဲ့ ဘင်္ဂါလီ' လူမျိုးတွေက စာတိုက်၊ ကြေးနန်း၊ ငွေတိုက်၊ မီးရထား၊ တရားရုံးတွေမှာ အလုပ်ခိုင်းပြီး၊ တပည့်တော်တို့ မြန်မာတိုင်းရင်းသားတွေအပေါ်မှာ နိုင့်ထက်ကလူ အလုပ်ခိုင်းသယ်လေ"

"မြန်မာတိုင်းရင်းသားတွေက မလုပ်လို့လား"

"မြန်မာတွေက လုပ်ချင်ပါသကောဘုရား။ မြန်မာအချင်းချင်း ချစ်ခင် ညီညွတ်သွားမှာစိုးလို့ပါ"

"အင်္ဂလိပ်၊ အင်္ဂလိပ်။ ဒါကြောင့်လည်း အဖေကပြောသာပဲ။ ဓား ဆိုသာ ကုလားကိုခုတ်ဖို့၊ ကုလားဆိုသာ ဓားနဲ့ခုတ်ဖို့လို့"

"သားစဉ်မြေးဆက် လိုက်နာရမယ့် အဖိုးတန်စကားပါဘုရား။ ပြီးတော့ ရေကြောင်းဘက်ကြည့်ဦးမလား။ 'ချစ်တစ်ကောင်း' တွေချည်းပါပဲ ဘုရား။ စားကုန်သောက်ကုန် အသေးအနုတ် အသုံးအဆောင် ပစ္စည်းတွေ ရောင်းဝယ်ရာမှာ "ကျူလယာ"တွေဘုရား။ ဟော လယ်ယာသီးနှံ စိုက်ပျိုးတာ၊ ကုန်တင်ကုန်ချ၊ လမ်းဖောက်တာကိုတော့ 'ဂေါ်ရင်ဂျီနဲ့ ဝူလယာ' တွေချည်း ကြီးစိုးခိုင်းထားသဘုရား"

"တစ်မိုးလုံး ဖျောက်ဆိပ်ချည်းပါကလား ဒကာတောက်ရဲ့"

www.facebook.com/NyisayEbookCreator
www.nyisay.com


"ရိုးရိုးဖျောက်ဆိပ်သာ မဟုတ်ဘူးဘုရား။ မြန်မာ့လည်ပင်း တက်နင်းပြီး အဆီစား အသားမျိုဖို့အတွက် 'ချစ်တီး' ကုလားတွေကလည်း ငွေချေး 'ဂုမ္ဘဏီ' ပေါင်း ၁၆၀၀ ဖွဲ့ပြီး၊ မြန်မာပိုင်လယ်တွေကို မတရားသိမ်းသဘုရား"

"မတရားသိမ်းသာ၊ သည်လိုပဲ ငုံ့ခံကြရသလား"

"ဓာတ်သိမ်းတော့မှသာ မတရားလုပ်သယ်ဆိုသာ ပေါ်တာကိုးဘုရား။ ရှေ့ပိုင်းမှာတော့ အရေးမကြီးလေဟန် နားလည့်ပါးလည့်လုပ်။ အရေးပေါ်တော့မှ ခုနက အရေးမကြီးဘူး ထင်ခဲ့သာက အရေးကြီးလာသာဘုရား"

ဦးဇင်းကျိုင်း တောက်ခေါက်သည်။

"အရှင်ဘုရား ဒေါသကို အသာထားဦးဘုရား"

"ခံပြင်းလွန်းလို့ပါဗျာ"

"ပြောလက်စနဲ့ ဆက်ပြောရဦးမယ်။ ဘုရားဝိုင်းကျောင်းဝိုင်းတွေမှာ အဲသည်မျက်နှာဖြူတွေ ဖိနပ်စီးစီးပြီးဝင်သယ်ဘုရား။ အဲသာကြောင့် ဘုရားဂေါပကလူကြီးတွေက 'ဘုရားမြေအတွင်း၌ မည်သူမျှ ဖိနပ်မစီးရ'လို့ မြန်မာလိုရော အင်္ဂလိပ်လိုပါ ဆိုင်းဘုတ်ရေးသယ်ဘုရား"

"ရေးဖို့တောင် မလိုပါဘူးဗျာ။ ထမင်းစားနေသဲ့လူ၊ လူကမွေးသဲ့လူဆိုရင် ဘုရားဝိုင်းကျောင်းဝိုင်းမှာ ဖိနပ်မစီးရသာ သိပါသယ်"

ကိုတောက်ထိန်သည် "သူတို့က ပေါင်မုန့်စားသာဘုရား"ဆိုကာ ရယ်မောၵ၏။ ရယ်မောပြော၊ ဦးဇင်းကျိုင်း မပြုံးရယ်။

"ဂေါပကအဖွဲ့က သလိုရေးထားသဲ့ ဆိုင်းဘုတ်ကို ပြင်ရေးဖို့ သူတို့က အမိန့်ထုတ်သဘုရား။ 'ဘုရားမြေအတွင်း၌ ဥရောပတိုက်သားများမှအပ၊ မည်သူမျှ ဖိနပ်မစီးရ' လို့ ပြင်ရေးကြရသယ်"

"ဥရောပတိုက်သားများမှ အပတဲ့ ဟင်း ဟင်း"

ဦးဇင်းကျိုင်းသည် နာကျည်းစွာ အသံပြုသည်။

"မြန်မာတစ်မျိုးသားလုံးကို အဲသလို စော်ကားသလို၊ မြန်မာ

www.facebook.com/NyisayEbookCreator
www.nyisay.com



ပျောက်အောင်၊ သို့မဟုတ် မြန်မာကျန်နေသေးရင် ကျွန်စိတ်ပေါက်အောင် လုပ်သာ ရှိသေးသယ်ဘုရား"

ဦးဇင်းကျိုင်းသည် အချိန်ကို သတိမထားမိ။ ရေနွေးကြမ်းတစ်ခွက် ငှဲ့မိပြီးမှ နေရိပ်ကိုလှမ်းကြည့်သည်။ မွန်းတိမ်းနေပြီဖြစ်သဖြင့် ပြန်ချထားလိုက်လေ၏။

သို့အတွက် ကိုဘောက်ထိန်က သောက်ရေအိုးစင်မှ ရေတစ်ခွက် ခပ်လာပြီးကပ်သည်။

"အခုမြို့တွေပေါ်မှာ စာသင်ကျောင်းတွေ တည်ထောင်ပေးပြီး၊ ကျောင်းသားကလေးတွေကို ခေါင်ညှပ်ဖိနပ်၊ ကွင်းထိုးဖိနပ်မစီးရ၊ နောက်ပိတ်ဖိနပ်သာ စီးနင်းရမည် စည်းကမ်းသတ်မှတ်သယ်ဘုရား။ ခေါင်ညှပ်ဖိနပ်သာလျှင် စီးသဲ့ မိမိတို့ဇာတိကို ကလေးတွေ မသိအောင် လုပ်ပုံကဖြင့် အလွန်ကောက်ကျစ်ပါသဘုရား"

"ဦးဇင်းလည်း ပြန်ရဦးမှာ။ ဒကာတောက်ရဲ့ စကားအစကို ပြန်ကောက်ပြီး နိဂုံးချုပ်ပေတော့"

"တပည့်တော်တို့မှာ သည်လိုဖြစ်နေသာကို သတိထားမိသူ နည်းပါးသဘုရား။ အဲသာကို သတိထားမိသူတွေက တိုင်းပြည်ကို သတိပေးပြီး 'အမျိုးဘာသာ သာသနာ ပညာ ကြီးပွားရေး' အတွက် ဆောင်ရွက်နိုင်အောင် ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကြီး ဖွဲ့စည်းသာပါဘုရား"

"သာဓု ဒကာတောက်၊ သာဓု သာဓု"

ဦးဇင်းကျိုင်းသည် ကျေနပ်ရွှင်လန်းစွာ ကောင်းချီးပေးရာက "ကျုပ်တို့လည်း သည်အသင်းမျိုး မဖွဲ့သေးဖူးလား"ဟု မေးသည်။

"တပည့်တော်တို့ လူငယ်တွေဖွဲ့စည်းထားသဲ့ 'မာဃလူငယ်အသင်း' ရှိသယ်ဘုရား။ အဲသာကြောင့် ဝိုင်အမ်ဘီအေအသင်း ဘယ်လိုဖွဲ့ရမတုန်း စုံစမ်းဖို့ အဖေနဲ့ဘကြီးတို့ ရန်ကုန်ဆင်းသွားသယ်ဘုရား"

www.facebook.com/NyisayEbookCreator
www.nyisay.com


"ကျုပ်ကော မပါရဖူးလား ဒကာတောက်"

"ဘုန်းကြီး ပါခွင့် မပါခွင့်လည်း အဖေတို့ပြန်လာမှ သိမှာပါဘုရား။ ဘုန်းကြီးသော ဘာသောညာသောမကျန် မြန်မာနိုင်ငံသား တိုင်းရင်းသားတိုင်း ဝင်နိုင်သယ်ဆိုရင်တော့၊ ဟိုဘက်ကမ်းမှာဖွဲ့ဖို့ ကိုယ်တော့်ကို တာဝန်ပေးရမှာပဲ"

ဦးဇင်းကျိုင်းမှာ အလွန်တက်ကြွ ရွှင်လန်းစွာဖြင့် သတင်းစာတွေ ပွေ့လျက် ပွဲစားလေး ကိုတောက်ထိန်အိမ်မှ ထွက်ခွာလာခဲ့လေ၏။

www.facebook.com/NyisayEbookCreator
www.nyisay.com

# ၂

တောပျော်ရဟန်းအား မြို့စိတ်ဝင်ကာ 'အပ' မှိနေကြောင်းကို ကာယကံရှင် ဦးဇင်းကျိုင်း မရိပ်မိပေ။

သူသည် ချောင်းဦးကျောင်းဆရာတော်အား "ခုနစ်ရက်လောက် မယ်တော်၊ ခမည်းတော်တို့ ကောင်းမှုကို သွားကြည့်ပါရစေဘုရား" ဟု ခွင့်တောင်းခဲ့သည်။ သတင်းစာတွေဖတ်လိုက်၊ သွေးသောက်စုဆရာတော် ဦးသာသနနှင့် ဆွေးနွေးလိုက်၊ ကိုတောက်ထိန်ထံ တရားသွားနာလိုက်ဖြင့် ပျော်မွေ့နေ၏။ ခုနစ်ရက်ဖြင့်လည်း မပြန်ဖြစ်၊ တစ်လဖြင့်လည်း မပြန်နိုင်။ သုံးလဖြင့်လည်း မပြန်အားဘဲ တောကျောင်းပျော်ဘဝ၏ အရသာကို မေ့လျော့စပြုပြီ။

သို့ရာတွင် ဦးဇင်းကျိုင်းတွင် အကြောင်းပြစရာတွေ များစွာရှိပါသည်။ ဘုရားရေစက်ချ၊ ကျောင်းရေစက်ချ ပြုပြီးသွားသော်ငြား၊ မိဘနှစ်ပါးမှာ ဇရာဖိစီးမှုဒဏ်ကို ခံနေကြရပြီ ဖြစ်သောကြောင့်ပေတည်း။

www.facebook.com/NyisayEbookCreator
www.nyisay.com



မိဘနှစ်ပါးအား ဇရာဖိစီးပြီဖြစ်ငြား၊ ဦးဇင်းကျိုင်းမှာ လူထွက်ရန် မလိုပါ။ ထွန်းလူတို့သားအမိ ရှိနေသည်။ ထွန်းလူ၏မိခင် မြဖူးမှာ နှစ်ကာလ သည်မျှကြာမြင့်ငြား ချစ်လင် ငသိုင်း မသေသေး၊ တစ်နေ့တွင် မုချပြန်ရောက် လာလိမ့်မည်ဟု ယုံကြည်မျှော်ကိုးဆဲရှိသေးသည်။

တစ်နေ့တွင် သွေးသောက်စုရွာတွင်း၌ အုတ်အုတ်ကျက်ကျက်ဖြင့် လူတကာ ရင်ဘတ်စည်တီးဖြစ်ရသော ကိစ္စတစ်ရပ် ပေါ်ပေါက်လာသည်။ ပေါ်ပေါက်လာရခြင်းမှာ ထွန်းလူနှင့် ချက်စူ၊ ငပိုက်၊ စံဖေတို့သည် တောတက် ရာမှအပြန်တွင် ဆားသိပ်ကျပ်တင်ထားသော အသားများနှင့် အရိုးအရေများ ယူလာသောကြောင့်တည်း။

သူတို့သည် ဝါးခုတ်ရန်အတွက် လှည်းကိုယ်စီနှင့် စားအိုးစားခွက် ရိက္ခာအစုံတင်ကာ၊ တောတက်သွားကြသည်။ တောသည် များစွာမလှမ်းလှ။ အရဏ်တက်တွင် ထသွားကြရာ မွန်းတည့်ခါနီးတွင် ဝါးတောသို့ ဝင်မိ ကြသည်။

သို့ဖြင့် ရောက်လျှင်ရောက်ချင်း၊ ရေ၊ မိုးကောင်းရာ နေရာကိုရှာကာ ပါလာသည့် ထမင်းပခြုပ်များချပြီး ဦးခေါင်းလေးလုံးဆိုင်ပြီး ထမင်းစား ကြသည်။ ထမင်းစား၍ပြီးခါနီးတွင် လှည်းဦးတွေ ပြိုကျသည်။ နွားတွေ လန့်သောကြောင့်ဖြစ်၏။

ထွန်းလူကား လှည်းဦးပြိုကျခြင်းမှာ နွားကြောင့်ဟု သိပြီးဖြစ်သဖြင့် လှည်းဦးကို အချိန်ကုန်ခံပြီး မကြည့်။ ဝါးပင်များကြားသို့ မျှော်ကြည့်သည်။ မြောက်လေသင့်နေသည်။ နွားတွေလန့်ခြင်းမှာ မြောက်ဘက်မှ မကောင်းသော အနံ့ရသောကြောင့်ဖြစ်ရပေမည်။

အဝါတွင် အနက်တန့်များ ကျားထားသောအရာကို ရိပ်ခနဲမြင်လိုက် ရသဖြင့် "ညတော့ အိပ်ရတော့မယ် မထင်ဘူးဟေ့" မြည်တမ်းသည်။ ချက်စူ ကလည်း "အေးကွ၊ ငါလည်း မြင်လိုက်သလိုပဲ" ဟုပြောသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



သူတို့သည် ဝါးရုံပင်ရွေးချယ်ရမည့်အစား၊ အပြန်တွင် နွားတစ်ဖက်ဖြင့် မပြန်ရမည့်အရေးကို အရေးတကြီး တိုင်ပင်ကြရတော့သည်။ သို့ဖြင့် ဝါးတွေ ချွန်ကာ မီးသင်းသည်။ လှည်းလေးစီးကို ဦးချင်းဆိုင်ထားကာ နွားတွေကို အလယ်တွင်သွင်းပြီး ဒူးလေး လေးလက်ဖြင့် အရပ်လေးမျက်နှာသို့ စောင့်ကြည့်နေကြရလေ၏။

သူတို့ဘေးတွင် မြွေနေအောင် ချွန်ထားသော အသားမှာ နစ်ဖက်ချွန်များ၊ ဝါးချွန်များနှင့် ခက်ရင်းတွေ၊ ဓားတွေ ချထားသည်။ စောသေး သော်ငြား၊ ချောင်းမြောင်းသော အကောင်သည် လစ်လိုလစ်ငြား လာဦးမည်သာ။

ထွန်းလှသည် ဒူးလေးတွင် မြားထည့် မောင်းတင်လျက်၊ ဝါးခက်များ ရှုပ်ထွေးနေသည့် ဝါးရုံနစ်ရုံကြားသို့ အာရုံစိုက်နေ၏။

တောသားသတ္တဝါသည် သူတစ်ပါးအား ရန်မူရန်အတွက် အလွန် သိမ်မွေ့၏။ အလွန် စိတ်ရှည်၏။ ထိုသူကို တုံ့ပြန်မည့်လူသည်လည်း ထို သတ္တဝါနှယ် စိတ်ရှည်ရ ကျစ်လျစ်ရလိမ့်မည်။

အစိမ်းရင့်များကြားသို့ ခါချဉ်ထုပ်ယောင်ယောင် ပျားစွဲယောင်ယောင် အရာကြီးတစ်ခု ညင်သာစွာ ရောက်လာ၏။ ထွန်းလှသည် ဒူးလေးကို ပခုံး တွင် အသာအယာထောက်သည်။ ဘယ်မျက်လုံးကို မှိတ်သည်။ ညာ မျက်လုံးနှင့် မြားအလျားနှင့် ဝါလျှော်လျှော်ကြီးကို တဖြောင့်တည်းကျအောင် ချိန်ပြီး ခလုတ်ကို ဖြုတ်ချလိုက်လေသည်။

ဒေါင်ခနဲ အသံနှင့် ဝေါင်းခနဲ အော်သံသည် ပြိုင်တူနီးပါး ကျ၏။ နာကျင်လွန်းသဖြင့် ဒေါသတကြီး အော်လိုက်သော အသံကြီးသည် တစ်တောလုံးညံသည်။

"ထိသွားပြီဟေ့"

ထွန်းလှ တစ်ဟုန်ထိုး ပြေးသွားသည်။ ကျွမ်းပစ်ပြီး ထွက်ပြေးရန် ကြိုးစားသော တောကောင် မပြေးနိုင်ပြီ။ ဝါးကိုင်းတစ်ကိုင်းကို ဒေါသတကြီး

www.facebook.com/NyisayEbookCreator
www.nyisay.com


ခဲထားပြီး အော်နေသည်။

ထွန်းလူပြေးလျှင် ကျန်လူများပါ ညီညာဖျဖျ ပါလာကြသည်။ ဝါးချွန်ဆွဲလျက်၊ ဓား၊ ခက်ရင်းဆွဲလျက်။

ထွန်းလူသည် ရှေ့ဆုံးမှရောက်လာသည်။ ကျားကြီးတစ်ကောင်သည် အော်ဟစ်လူးလိမ့်နေ၏။ ထွန်းလူ ခက်ရင်းဖြင့် လှမ်းပစ်သည်။ ကျားက ထခုန်သည်။ သို့သော် များများမခုန်နိုင်။ သို့ရာတွင် ခက်ရင်းကို လက်ဖြင့် ပုတ်ချနိုင်သည်။

"အံမာ အစွမ်းကောင်းလှချည်လားဟ"

အော်ဟစ်ပြီး ငှက်ကြီးတောင်ဓားကို တစ်အားမြှောက်လျက် အားရပါးရ ခုတ်ချသည်။ ဝါးကိုင်းတွေပါ ပြတ်ထွက်သည်။ ကျား၏ လည်ပင်းမှ ဒုတ်ခနဲမြည်သည်။ ဝေါခနဲ သွေးချောင်းကြီး ပန်းထွက်လာသည်။ နောက်တစ်ချက် ထပ်ခုတ်သည်။ လည်ပင်း ပိုင်းပိုင်းပြတ်သွားပြီ။

ခက်ရင်းတွေ၊ လှံတွေ၊ ဝါးချွန်တွေ ကျား၏ကိုယ်ပေါ်တွင် သီးနေသည်။ ခြေလက်မလှုပ်နိုင်ငြား၊ အမြီးက ချာချာယမ်းနေသေးသည်။

ဝါးခုတ်သူများသည် ကျားကို အလျင်အမြန်ဖျက်ကာ အရိုးတွေကို ရွာရှိကလေးအမေတွေ သူငယ်နာကောင်း အဆောင်အဖြစ် သုံးစွဲရန် ပုံထားသည်။ အသားကို ကြပ်တင်သည်။ အရေခွံကို ကားကြက်ပြီးပြာဖျူးသည်။ ဤသို့ဖြင့် သူတို့သည် နောက်ရက်များတွင် အေးချမ်းစွာ ဝါးခုတ်နိုင်ကြသည်။

ရွာထဲတွင် ကျားရေနှင့် ကျားသားခြောက်များကို ဝိုင်းအုံကြည့်နေကြ၏။ အကျိုးအကြောင်း မေးမြန်းသံ၊ ဖြေကြားသံများဖြင့် ဆူညံနေသည်။ "ထွန်းလူ မဟုတ်ဘူး၊ ကျားမနိုင်ဟဲ့" အော်သူက အော်သည်။

ထိုသတင်းသည် သွေးသောက်စုကျောင်းသို့လည်း ရောက်လာသည်။

"ဦးဇင်းတူတော့ ကျားမနိုင်ဖြစ်သွားပြီဘုရား"

ပဉ္စင်းငယ်တစ်ပါးက လာရောက်လျှောက်ထားသဖြင့် ဦးဇင်းကျိုင်းမှာ

www.facebook.com/NyisayEbookCreator
www.nyisay.com



"ဩော် အင်း အင်း" ဟု တုံ့ပြန်ရသည်။

"နည်းတဲ့ကျားကြီး မဟုတ်ဘူးဘုရား။ အမြီးမပါဘဲ ခုနစ်တောင်တောင် ရှည်သတဲ့ဘုရား"

"အင်း အင်း"

တောသူတောင်သားများ အလွန်ကြောက်ရွံ့သော တောဘုရင် ကျားကြီးကို သတ်ဖြတ်နိုင်ခြင်းသည် တောင်သူလယ်သမားတို့အတွက် သည်းထိတ်ရင်မ ခန်းဖြစ်ငြား၊ ဦးဇင်းကျိုင်းအဖို့ကား သတင်းစာပါ ဝိုင်အမ်ဘီအေအသင်းကြီး ဖွဲ့စည်းသည့်သတင်းကိုသာ စိတ်ဝင်စားသည်။

ဝါးခုတ်ရန် တောတက်သူတွေ ကျားသတ်သည့်သတင်းကို ဦးဇင်းကျိုင်း စိတ်မဝင်စားငြား၊ ရွာထဲသို့မှု ကြွလာခဲ့သည်။ လက်ထဲတွင် သတင်းစာတစ်စောင် ပါလာသည်။

ရွာသူရွာသားများမှု ယခုညနေစောင်းသည်အထိ ကျားသတင်းကို ပြော၍ မပြီးကြသေးချေ။ ဦးဇင်းကျိုင်းကား မိဘအိမ်သို့ တန်းပြီးလာခဲ့သည်။ လာခဲ့ခါမှ ပိုဆိုးသည်။ လူနစ်ကျိပ်ခန့်သည် ထွန်းလူအား ဝိုင်းအုံနေသည်။ သို့သော် ယဉ်ကျေးသော တောသူတောင်သားများမှာ၊ ဦးဇင်းကျိုင်းကို မြင်ကာမျှဖြင့် အသံတိုးသွားကြ၏။ ဝိုင်းဝန်းဦးချ၏။ သိမ်မွေ့စွာ ထိုင်ကြ၏။

"ဒကာကြီး၊ အကျီဝတ်မှပေါ့"

ဦးမိုးကောင်းသည် ဝါးနီးမျှင်များဖြင့် ဆန်ဆေးတောင်းရက်နေရာမှ ထလာပြီးဝတ်ဖြည့်စဉ် ဦးဇင်းက ဆီးကြိုပြောခြင်း ဖြစ်၏။

"အကျီကျွတ်နဲ့ တစ်သက်လုံး နေလာသာပဲဘုရား"

"တစ်သက်လုံး နေခဲ့တုန်းကတော့ ငယ်ရွယ်သူပေကိုး ဒကာကြီးရဲ့။ အဆီစားလို့ အသားဖြစ်သဲ့ အရွယ်ကလား။ အခုအရွယ်မှာဖြင့် အဆီစားလို့ အသားမဖြစ်တော့ဘူး၊ အမှားအယွင်း မခံဘူး"

"တပည့်တော် မာပါသေးသယ်ဘုရာ့။ စားကောင်းအိပ်ကောင်းပါပဲ"

www.facebook.com/NyisayEbookCreator
www.nyisay.com


ထိုအခါတွင် မယ်တော်က တဘက်တစ်ထည် ပခုံးတင်ကာ ကျုံ့ကျုံ့ ထိုင်နေရာက ဝင်ပြော၏။

"တပည့်တော်မ ပြောသာတော့ မရပါဘူးဘုရား"

"မိကျောင်းမင်း ရေကင်းပြသယ်လည်း မထင်ပါနဲ့ဒကာကြီး။သတ္တဝါ တစ်ခု အသက်ရှင် ရပ်တည်နေနိုင်ရေးမှာ ကံ၊ စိတ်၊ ဥတု၊ အာဟာရက ပြုပြင်သလို၊သတိတမန် ဉာဏ်မြေကတုတ် ပညာချွန်းလို့လည်း ဆိုထားသယ်။ ဥတုသပ္ပါယ မျှတစွာနေနိုင်အောင် သတိပေးသာပါလေ"

အဖေဖြစ်သောကြောင့် သည်မျှသာပြောနိုင်၏။

ဖအေကလည်း အရှေ့အနောက် တောင်မြောက်ကအစ မိမိ သင်ပေး ခဲ့ရသည့် သား၏စကားကို မလေးစားလှချေ။

"ကဲပါလေ၊ သတ္တဝါတစ်ခု ကံတစ်ခုလို့ပဲ သဘောထားလိုက်ကြ ပါစို့။ ဟုတ်ဘူးလား၊ ပြောလို့မှ မရဘဲကိုး"

မိမိ၏ အလေးအနက်စကားကို မိမိ၏အရယ်အမောဖြင့် ဖျက်သိမ်း ရင်း၊ မယ်တော်အား ငဲ့စောင်းကြည့်သည်။ ဒေါ်မင်းဘော်၏ဘေးတွင် ကလေးတစ်ယောက်ခါးထစ်ခွင်၊ ကလေးတစ်ယောက်လက်ဆွဲလျက် မိရိုး ရောက်နေ၏။ တီးတိုးလည်း ပြောနေ၏။ လက်ထဲတွင်လည်း စက္ကူတစ်ရွက်။

"ကဲ ကဲ။ ကျုပ်လာသာက ဒကာကြီးကို ပြောစရာရှိလို့ဗျာ"

"အမိန့်ရှိပါဦးဗင်း"

"ရန်ကုန်မြို့မှာ 'ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်း' ဆိုသာ ဖွဲ့လိုက် ပြီဗျ။ ကုလားလိုတော့ ဝိုင်အမ်ဘီအေတဲ့"

"တပည့်တော်နဲ့ ဘာဆိုင်သတုန်းကိုယ်တော်"

"ဆိုင်ပြီလား ဒကာကြီးရာ။ အမျိုးဘာသာ သာသနာ ပညာကြီးပွား ရေးအတွက်၊ တိုင်းချစ်ပြည်ချစ် မျိုးချစ်မြန်မာတွေ စုပေါင်းဆောင်ရွက်ကြမှာ တစ်ယောက်အားနဲ့ ယူသော်မရ၊ တစ်သောင်းအားနဲ့ ယူသော်ရသတဲ့"

www.facebook.com/NyisayEbookCreator
www.nyisay.com


ပုဂံမင်းလက်ထက်ကတည်းက ရန်သူအင်္ဂလိပ်စားပြများကို စားကိုင်တိုက်ခဲ့သော မျိုးချစ်ပြည်ချစ် စစ်သားအိုကြီး ခေါင်းခါ၏။

"သူတစ်ထူးရဲ့ တိုင်းနိုင်ငံကို မတော်လောဘတိုက်ပြီး လိုချင်လွန်းလို့ လူအသေခံ ငွေကြေးအကုန်အကျခံပြီး တိုက်ခိုက်လုယူထားသာပဲ ကိုယ်တော်ရာ။ ပါးစပ်နဲ့ပြောလို့ဖြင့် သည်ကမ္ဘာမဟုတ်ဘူး၊ နောက်ကမ္ဘာတောင် မရဘူး"

ဦးဇင်းကျိုင်းမှာ ဆွံ့အသူနယ် ဖြစ်သွားသည်။ ပြောစရာစကားကို မနည်းရှာကြံပြောရသည်။

"ကျုပ်တို့ ဗုဒ္ဓဘာသာတွေ အထွတ်အမြတ်ထားသဲ့ ရွှေတိဂုံ မြတ်စွာဘုရားကြီးရဲ့ ရင်ပြင်တော်ပေါ်မှာ ကုလားစစ်ဗာရီတွေ ဖိနပ်စီးနေကြသယ်၊ သည်နေရာမှာပဲ အညစ်အကြေးစွန့်နေကြသယ်။ ဘယ်သူသွားပြီး တားမြစ်နိုင်သတုန်း"

"သူက အနိုင်ရနေသာကိုးဘုရာ့၊ သူလုပ်ချင်ရာ လုပ်မှာပေါ့"

"အဲသည်လို မလုပ်ပါနဲ့၊ သည်လိုလုပ်သာကို တားမြစ်ပေးပါ။ ကုန်းတော်ပေါ်က သာသနာ့ဖျက်တွေ ဖယ်ရှားပေးပါလို့ အဲသည် အသင်းကြီးက အရေးဆိုနေပြီဗျ"

"အရေးဆိုတော့ ရရော့လား"

ချက်ကောင်းကိုထိသော မေးခွန်းဖြစ်သည်။ ဦးဇင်းကျိုင်းမှာ ကသိကအောက်ဖြစ်သွားပြီးမှ အားယူပြီး ဖြေရ၏။

"မရပေမယ့် သည်အသင်းကြီးရဲ့ အစည်းအဝေးကြီးက သည်လို အရေးဆိုသဲ့အကြောင်း သတင်းစာတွေထဲမှာပါတယ်။ ပါတာကို ဖတ်ရသဲ့ လူတွေက 'ဩော်.... ငါတို့အထွက်အမြတ်ထားသဲ့ ရွှေတိဂုံဘုရားပေါ်မှာ သင်းတို့ မတော်တရော် လုပ်နေပါကလား' လို့ လူတွေသိသယ်။ သိတော့ အကြည်ညို မပျက်ပေဖူးလား"

စစ်သားအိုကြီး ခေါင်းညိတ်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



လက်နက်ကိုင်ပြီး အင်္ဂလိပ်စားပြအား တိုက်ခိုက်ခြင်းသည် ထိုရန်သူ ပျောက်ကွယ်သွားရေးဖြစ်၏။ လက်နက်မကိုင်ဘဲ ရန်သူအား တိုင်းသူပြည်သားတို့ အထင်အမြင်သေးအောင် မုန်းတီးအောင်လုပ်ခြင်းသည်လည်း တိုက်ခိုက်ခြင်းတစ်မျိုးဟု စစ်သားအိုကြီး သဘောပေါက်သည်။

"မောင်ပဥ္စင်း အမိန့်ရှိသာ မှန်သင့်သလောက်မှန်ပါသယ်။ သာပေမယ့် သူ့ကို မထိခိုက်သေးလို့ ခွင့်ပေးထားသာဖြစ်မှာပေါ့"

"ခွင့်ပြုရမယ်၊ ဒကာကြီး။ သူတို့က ကျုပ်တို့လို သက်ဦးဆံပိုင် ပဒေသရာဇ်စနစ် မဟုတ်ဘူး။ ဒီမိုကရေစီစနစ်"

"ဘာပါလိမ့် မောင်ပဥ္စင်းပြောသာ"

"ဒီမိုကရေစီ စနစ်လေ။ လွတ်လပ်စွာ ပြောဆိုနိုင်ခွင့်၊ လွတ်လပ်စွာ ရေးသားနိုင်ခွင့်၊ လွတ်လပ်စွာ ဟောပြောနိုင်ခွင့်၊ လွတ်လပ်စွာ အသင်းအပင်း ဖွဲ့စည်းခွင့်ရှိသာကို ဒီမိုကရေစီခေါ်သာ။ ဘုရားပေါ်က ကုလားတွေကို ဖယ်ပေးပါပြောသာ၊ မပြောရဘူးဆိုရင် ဘယ်မှာ ဒီမိုကရေစီ ဟုတ်တော့မတုန်း ဒကာကြီးရ"

ဦးမိုးကောင်း သရော်ပြုံး ပြုံးသည်။

"ကိုယ်တော် အမိန့်ရှိသနော်။ လွတ်လပ်စွာ ဟောပြောနိုင်ခွင့် ရှိသယ်လို့၊ ဟုတ်လား"

"ဟုတ်ပါသယ်"

"တပည့်တော် မြို့ပေါ်က ဈေးလယ်ခေါင်ကိုသွားပြီး 'လာကြဟေ့၊ ငါတို့ဘုရားတွေဖျက် ဘုန်းကြီးတွေသတ်သဲ့ ကုလားကိုတိုက်ကြရအောင်' လို့ ဟောပြောမယ်။ ကိုင်း မဖမ်းဘဲ နေမလား"

"သေသေချာချာ ဖမ်းသာပေါ့ဒကာကြီးရာ။ ဥပဒေတွေ ပုဒ်မတွေအရ ဖမ်းမှာပေါ့"

ဦးမိုးကောင်း ရယ်မောလိုက်ကာ "ကိုယ်တော်ပြောတော့ ဒီမိုကရေစီဆို

www.facebook.com/NyisayEbookCreator
www.nyisay.com



ဘုရား" ဟု သရော်၏။

"အဲသာကြောင့် တပည့်တော်ပြောသာပေါ့။ သူ့ကို ထိထိခိုက်ခိုက်ကြီး မရှိသေးလို့ နေသာပါဘုရား"

ဦးပဥ္စင်းကျိုင်း ရင်မောသွားစဉ် "ကျောင်းဒကာရေ့။ ကျွန်မ ပြောစရာ ရှိလို့" ဟု ဒေါ်မင်းဘော်က အသံအေးဖြင့် ဝင်ပြော၏။ ဦးမိုးကောင်းသည် မိရိုးအား လှမ်းကြည့်ခြင်းဖြင့် အကဲဖမ်း၏။

"ပြောလေ၊ ဘာများပါလိမ့်"

"သမီးကြီးဆီက စာလာသယ်။ စာတိုက်ဆိုသာက ထည့်လိုက်သာတဲ့။ အခု စာတိုက်ကတစ်ခါ ဈေးကြုံနဲ့ပေးလိုက်သာ"

"စာတိုက်၊ ဟုတ်လား"

ဦးမိုးကောင်းက သေချာအောင်မေးသောအခါ ဒေါ်မင်းဘော်မှာလည်း မိရိုးအား လှည့်မေးရပြန်သည်။ ပြီးမှ ဖြေသည်။

"ဟုတ်ပါသယ်။ စာတိုက်က ထည့်လိုက်သာ"

"ဟုတ်ပါပြီ၊ ဘာတဲ့တုန်း"

"ကျုပ်တို့ မြေးမကလေး သင်းထုံ"

'ဩော်၊ အရွယ်နဲ့မလိုက်အောင် လိမ္မာယဉ်ကျေးသဲ့ မြေးကလေးပါကလား။ ရလိုက်သဲ့ဘုရားရှိခိုးတွေက အရွယ်နဲ့မလိုက်ဘူး။၃၂ ကောဋ္ဌာသများ အမြီးပြန် ခေါင်းပြန်တောင်ရသေး။ အခုဆို အရွယ်ရောက်ကရောပေါ့'

ဖျတ်ခနဲ ဝင်ရောက်လာသောအတွေးကို ဦးမိုးကောင်း ဖြတ်ရ၏။

"သင်းထုံ ဘာဖြစ်သတုန်း၊ ကျောင်းအမရ"

"စာရေးကလေးတစ်ယောက်နဲ့ လိုက်ပြေးသတဲ့"

"ဟေ၊ မအေ့နို့နံ့မှ ပျောက်သေးရဲ့လား ကျောင်းအမရယ်" ဟု ဦးမိုးကောင်းညည်းသည်။

"မြေစာပင် ပခက်လွှဲသဲ့ ဆုတ်ကပ်ကို ရောက်ပြီလားမောင်ပဥ္စင်း"

www.facebook.com/NyisayEbookCreator
www.nyisay.com



"မိစ္ဆာဒိဋ္ဌိ ပါပမင်း အုပ်စိုးမှတော့၊ ကလိယုဂ် ဆုတ်ကပ်ရောက်ပြီပေါ့ ဒကာကြီးရာ"

သားအဖ အတိုင်အဖောက်ညီစွာ ပြောပြီးသည်အထိ စောင့်ဆိုင်းပြီးမှ မိရိုးသည် စာရွက်ကိုဖတ်ပြ၏။

"သူ့အဖေမှာ ရက်လွန်း၍ အိမ်ထဲမှ မထွက်သည့်နည်းတူ၊ သမီးမှာလည်း အအိပ်အစားပျက်နေပါပြီ။ သူ၏မောင်မှာလည်း ဒေါသထွက်ပါသဖြင့် တွေ့ရာသချိုင်း ဓားမဆိုင်းဆိုကာ လိုက်လံရှာဖွေနေပါသည်ရှင့်။

ကျေးဇူးတော်ရှင် မိခင်ကြီးရှင့်။

ကလေးများမှာ ကြောက်ကြောက်နှင့် ပြေးကြပြီထင်ပါသည်။ ဝက်မစွတ်ဘက်သို့ သတင်းစုံစမ်းရာ ရောက်မလာဟု သိရပါသည်။ အမေတို့ထံသို့ရောက်လာပါက ရှေ့လျှောက်ပြီး ပြေး မသွားစေရန် လက်ခံသိမ်းဆည်းထားလိုက်စေလိုပါသည်ရှင့်။

သမီး မိအိုး
ရေနံချောင်းမြို့

"သူ့မောင်ပေါ်လာက ရိုင်းလည်းရိုင်းသယ် အဖေရှင့်။ ကိုယ့်နှမလေးဆိုပြီးကြင်ကြင်နာနာလည်းမရှိဘူးရှင့်။ကြောက်မယ်ဆိုလည်းကြောက်မှာပဲရှင့်"

မိရိုးသည် စာရွက်ကို ပြန်ခေါက်ရာက ဖြည့်စွက်ပေး၏။

"စိတ်ဆိုးသဲ့မောင်ကလည်း ရက်သကိုး၊ စိတ်ဆိုးမှာပေါ့။ ဖအေကလည်း ရက်စရာမို့ ရက်သာပဲ၊ ဘာမှ အပြစ်ပြောစရာ မရှိပါဘူး။ အေးလေ၊ ရောက်လာရင်လည်း ပြင်လွင်တစ်ပါး ဝေးဝေးလံလံ ရောက်မသွားအောင် သိမ်းရ စောင့်ရှောက်ရမှာပေါ့လေ"

ဦးမိုးကောင်းက အေးဆေးစွာပြောနိုင်ငြား၊ ဒေါ်မင်းဘော်မှာမူ ရင်ကိုဖိနေသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"မိုက်လိုက်သဲ့ ကလေးမ။ မိဘပေးစားသာများ စောင့်ပါတော့လား"

"သန့်ရှင်းစင်ကြယ်သဲ့ ရေကြည်ရေသန့်ထဲကို ရွှံ့တွေ၊ နွံတွေ၊ နွားချေးချပ်တွေ မစင်ပုပ်တွေရောနှောသဲ့အခါ၊ ရေကောင်းရေသန့်ဟာ ပျက်စီးရသယ်။ အဲသလိုပဲ၊ မြင့်မြတ်စင်ကြယ်သဲ့ မြန်မာလူမျိုးတွေကြားကို ကုလားဖြူ ကုလားမည်းတွေ ဝင်ရောက်ရောနှောသဲ့အတွက် အကျင့်ဆိုးဓလေ့ဆိုးတွေ ကူးစက်ပြီး ပျက်ပြီပေါ့"

ဦးဇင်းကျိုင်းက လေးလေးကြီးပြောရာ၊ ဒေါ်မင်းဘော်က မျက်ရည်သုတ်ရင်း "သလိုတော့ ဟုတ်မထင်ပါဘူး မောင်ပဥ္စင်းရယ်"ဆိုကာ ရှိုက်နေ၏။

"မြတ်စွာဘုရား လက်ထက်တော်တုန်းကတောင်၊ ပဋာစာရီဆိုသာ ရှိခဲ့သေးသာပဲ။ စာရေးတောင် မဟုတ်ဘူး၊ ကျွန်နဲ့လိုက်ပြေးသာ"

"ဒကာမကြီးတို့ လူတွေပဲရှုပ်ပါသယ်ဗျာ၊ သွားတော့မယ်"

ဦးဇင်းကျိုင်း ပြောပြောဆိုဆို ထသဖြင့် "ကြွကြွ၊ အေးရာကိုကြွ" ဆိုရင်း ဒေါ်မင်းဘော် ဝတ်ဖြည့်သည်။ဦးဇင်းကျိုင်းလည်း အမှန်ပင် သုံးရက်ခန့် အိမ်သို့ကြွမလာချေ။ မြို့ပေါ်သို့ ကြွသည်ကိုပင် ရွာထဲသို့မဝင်။

သို့သော် ရွာထဲသို့မကြွဘဲ သူ မနေနိုင်။

သူ့မိခင် ဒကာမကြီး နေမကောင်းဟု သတင်းရသဖြင့် ကြွလာရသည်။ သားရဟန်း၏မျက်နှာတော်ကို ဖူးမြင်ရသောအခါ ဒေါ်မင်းဘော်မှာ ထူထူထောင်ထောင်ရှိ၏။ "မယ်တော်ကြီး ဘယ်လိုနေတုန်း၊ ဘာစားချင်သတုန်း"မေးသောအခါ လက်မှသွေးကိုစမ်းသောအခါ လန်းဆန်းလာသည်။

စင်စစ်အားဖြင့် ဒေါ်မင်းဘော်မှာ ရောဂါမရှိပါ။ ရေနံချောင်းရှိ မြေးမ၏ သတင်းကိုအကြားတွင် သောကဖိစီးခြင်းဖြစ်၏။

'ငါ့မြေးကို ခိုးပြေးသဲ့သူငယ်ဟာ မေတ္တာစစ်မေတ္တာမှန်နဲ့မှ ဟုတ်ရဲ့လား။ ပစ္စည်းမက်ပြီး ချစ်ဟန်၊ ကြင်ဟန်ဆောင်မှဖြင့် အခက်။ ပစ္စည်းလည်း ကုန်ရော နိပ်စက်ရင်'

www.facebook.com/NyisayEbookCreator
www.nyisay.com


တောင်စဉ်ရေမရတွေ လျှောက်တွေးသဖြင့် အိပ်မပျော်။ ထိုအခါ အစားပျက်ရာမှ စတင်ခြင်းဖြစ်၏။ ရုပ်ကိုစောင့်သော အစာ ကောင်းစွာ မဝင်သောအခါ နာယောင်ဖျားယောင် ထင်ရခြင်းဖြစ်၏။

လူတွေက ဒေါ်မင်းဘော် တရှောင်ရှောင် ဖြစ်နေသည်ကိုသာ သိကြ၏။ မြင်ကြ၏။ "သေများ သေတော့မည်လား" တစေ့တစောင်း ကြည့်ကြ၏။ စုံစမ်းမေးမြန်းကြ၏။ မည်သူကမျှ မဥပါဒ်သော သတင်းဆိုးကို ကြားရသောအခါ ဟယ်ခနဲ အော်မိကြလေတော့၏။

အကြောင်းအရာ၏ အစမှာ မောင်မောင်လှိုင်းဖြစ်၏။

မောင်မောင်လှိုင်း၏အစမှာ လူစိမ်းတစ်ယောက်ဖြစ်၏။

www.facebook.com/NyisayEbookCreator
www.nyisay.com

# ၃

ပိန်ချည့်ဖြူရော်နေသော လူတစ်ယောက်သည် ကျိုးကြည့်ကြောင်ကြည့် ကြည့်ရင်း အသံဝဲဝဲဖြင့်မေး၏။

"ကိုလှိုင်းရဲ့ မိဘများ ရှိကြသလားဗျာ"

ကျားမနိုင်၏ဇနီး မယ်မှုန်သည် နောက်ဖေးဘက်မှထလာကာ "ရှိပါသယ်ရှင်၊ ကြွပါ၊ ကြွပါ" ပြောသည်။ ကွပ်ပျစ်ပေါ်တွင် သင်ဖြူးခင်းရင်း "သာလေးတောင် မကြားကြဘူး" ဟု ဆီမန်း မန်းသည်။

"ကြွပါရှင့်၊ ထိုင်ပါရှင့်"

ညော့်သည်ကိုကား ကောင်းမွန်ဖော်ရွေစွာ ပြောပြီးလျှင် သူ၏ မူလနေရာသို့ ပြန်သွားလေ၏။

"အမောင် ဘယ်သူတုန်း၊ ဘာကိစ္စပါလိမ့်ကွယ်"

ဦးမိုးကောင်းသည် ပုတီးစိပ်ရာမှ ထထိုင်ရင်း၊ ကွမ်းအစ်၊ ဆေးလိပ်ဗန်း၊ အကြွမ်းအိုး၊ လက်ဖက်ခွက်များ ထိုးပေးကာ၊ အိပ်ရာဘေးသို့ ရွှေ့လာ၏။

www.facebook.com/NyisayEbookCreator
www.nyisay.com



ဒေါ်မင်းဘော်မှာလည်း မြေးချွေးမ ကျွက်စီကျွက်စီလုပ်သဖြင့် ခြေရင်းရှိ ကွပ်ပျစ်တွင် ထထိုင်၏။

"ကျွန်တော့်နာမည် ရှလိုင်းစံထွန်းပါဦး"

သို့သော် ဦးမိုးကောင်းမှာမူ 'ဆလိုင်းစံထွန်း'ဟုသာ နားလည်သဖြင့် "ဆလိုင်းစံထွန်းဆိုတော့၊ ကျုပ်သားနဲ့ နက်မောက်တောင်တွင်းဘက်မှာ သိကြသာထင်ပ့ါ"ဟု ဝမ်းသာသံဖြင့်မေး၏။

"မှန်ပါသယ်ဦး။ ကျွန်တော်နေသာက တောင်တွင်းကျွန်းပင်သာရွာမှာပါ။ ကိုလှိုင်းတို့ ပျော်ဘွယ်ဘက်ကို ပြန်သွားကြပြီး မကြာခင်မှာ မင်းကြီးရွှေလရောင်ကျဆုံးသဲ့အတွက် ကျွန်းပင်သာကို ပြန်သွားပါရော"

မိစ္ဆာဒိဋ္ဌိ ကုလားဖြူများပြသုတ်သင်ရေး မျိုးချစ်ပြည်ချစ် ချင်းရဲမက်ကြီး၏ စကားများတွင် စိတ်ဝင်စားနေသဖြင့် ဦးမိုးကောင်းမှာ နပျိုနေ၏။ မျက်လုံးတွေ တောက်ပ၏။

"ရွာပြန်ရောက်သဲ့အခါမှာ ပုလိပ်နဲ့ သူကြီးက နှောင့်ယှက်သယ် ဦး။ ကျွန်တော် မနည်းသည်းခံရသယ်။ နောက်ဆုံး သည်းမခံနိုင်သဲ့အဆုံး ယောနယ်ဘက် ထွက်သွားရာက 'ညောင်ရွာ ဖိုးအောင်ဘော်၊ ထီးလင်းဗိုလ်သဲကြီး'တို့နဲ့ တွေ့ပြီး ကုလားဖြူကို ချပြန်သာပေ့ါ။ ဒါပေသည့် တစ်နှစ်လောက်လည်း ကြာရော၊ ထီးလင်းတိုက်ပွဲမှာ အဖမ်းခံရပြီး ထောင်အနှစ် ၂၀ ကျသွားရာက ကိုလှိုင်းနဲ့တွေ့သာပါ"

ကိုလှိုင်းမှာ မောင်မောင်လှိုင်းဖြစ်သည်။

မောင်မောင်လှိုင်းသည် မည်သည့်အတွက် ထောင်ကျရသနည်း။ မည်သည့်မြို့မှ မည်သည့်ထောင်တွင်နည်း။

စစ်သားအိုကြီးသည် ယင်းအချက်ကို အထိတ်တလန့် မေးရမည့်အစား၊ မိစ္ဆာဒိဋ္ဌိ သုတ်သင်ရေးစစ်ပွဲ၌သာ အာရုံရောက်နေ၏။

"ထီးလင်းဘက်မှာ အမောင်ပြောသဲ့ နှစ်ယောက်တည်း မကပါဘူး။

www.facebook.com/NyisayEbookCreator
www.nyisay.com



ငါကြားဖူးသာဖြင့် ဗိုလ်တစ်ကျိပ်လောက် ရှိမလားပဲ"

"ယောဆောနဲ့ ထီးလင်း ဂန့်ဂေါမှာရော ချင်းတောင်မှာပါ၊ ကျွန်တော်မရောက်ခင်ကတည်းက ကုလားရောက်နေပြီ။ ချင်းခေါင်းဆောင်တွေနဲ့ မြန်မာခေါင်းဆောင်တွေ ပူးပေါင်းပြီး ရန်သူကို တိုက်နေနှင့်ပြီ"

"ဟုတ်ပါပြီ။ ဖိုးအောင်ဘော်၊ ဗိုလ်သဲကြီးအပြင်...."

"ဗိုလ်နေတင်က ထီးလင်းမြို့သူကြီးခင်ဗျာ့။ ဗိုလ်မှတ်ကြီးကတော့ ပေါက်မြို့သူကြီး၊ဗိုလ်စကားက ယောနယ်က သူကြီးခင်ဗျာ့။ ဗိုလ်ကြာဆင့်က ဂန့်ဂေါမြို့သူကြီးခင်ဗျာ့"

"တယ်လည်း မြိုင်ပါကလားကွယ်"

ဦးမိုးကောင်းသည် ရွှင်လန်းစွာ ရယ်မောသည်။ လက်ဖက်ခွက်ကို ဖွင့်ပေး၊ ရေနွေးငှဲ့ပေးသည်။

"ညောင်ရွာက ဖိုးအောင်ဘော်၊ ထီးလင်းက ဗိုလ်သဲကြီး၊ ဗိုလ်ကူးနဲ့ ဗိုလ်ဖိုးမှီ၊ ဗိုလ်သာရင်၊ ဗိုလ်ဖိုးကျော်၊ ဗိုလ်မြကြီးတို့ကတော့ မြင်းစီးမြင်းခေါင်းတောကဲတွေပဲခင်ဗျာ့"

ဦးမိုးကောင်းမှာ ခေါင်းတညိတ်ညိတ်ဖြင့် ပီတိဖြစ်နေရာမှ မြေးချွေးမကို လှမ်းကြည့်ပြီး မမြင်သဖြင့် ငြိမ်နေရ၏။

"ချင်းစစ်ဗိုလ်တွေလည်း ပါသယ်ခင်ဗျာ့။ ရိုးဖောင်ရွာက ဦးလုန်ထမ်းနဲ့ ဦးဆွဲလွေ။ ပြီးတော့ ကီးသာရွာက ကီးရောင်ဂေနဲ့ မင်းဟာမောင်း။ နောက်ပြီးတော့ ကီးရောင်နိန်း၊ ဦးမောင်ထန်းပက်၊ ကီးဂေရှယ်၊ လိန်းတန်ဟုန်၊ နိန်းခန်းမနား၊ လိန်းမန်တန်း၊ မောင်ကီးဒမန်း။ ပြီးတော့ ရှိသေးတယ်ဦး ရှိန်းကီးရှိန်၊ တမ်းကင်နိုင်၊ ပူကီးဂေ၊ ငိုင်းတန်မန်၊ လွေချားထန်းတဲ့ခင်ဗျာ့"

"မောင်မောင်လှိုင်းလို့ ပြောသံကြားလိုက်ပါသယ် မောင်ကြီး"

ဒေါ်မင်းဘော် ကြားဖောက်ပြီးမေးပြီး၊ ဦးမိုးကောင်းရော ဆလိုင်းစံထွန်းတို့ မကြားလိုက်ပါ။

www.facebook.com/NyisayEbookCreator
www.nyisay.com


"အလွန်ကျက်သရေရှိသဲ့ သတင်းပါပဲ ဆလိုင်းစံထွန်းရာ။ ငါတို့ ချင်းတွေ၊ မြန်မာတွေက သူယုတ်မာတွေကို တိုက်ပုံလေးဆက်ပါဦး"

"နေပြည်တော်ကို ရန်သူသိမ်းလိုက်ပြီ၊ ဘုရင်ကိုဖမ်းသွားပြီဆိုသာကို သုံးနှစ်လောက်ကြာမှ ချင်းတောင်ကလူတွေ သိကြပါသယ်။ ယောနယ်ကို ကျွန်တော်ရောက်သွားချိန်မှာ ခုနကပြောသဲ့ မြန်မာတွေ၊ ချင်းတွေက လက်နက် စုနေပြီ၊ လူစုပြီး ပြင်ဆင်နေပြီ။ ကျွန်တော်ပြောလို့ ပိုပြီး ယုံသွားကြပြီ"

"သေနတ်ကော ရှိကြရဲ့လားကွယ့်"

"တူမီးသေနတ်ပဲ ရှိကြပါသယ်။ ကုလားသေနတ်ကို ကျွန်တော် ယူသွားမှ မြင်ဖူးကြပါသယ်"

ကုလားသေနတ်ကို မမြင်ဖူးသော ချင်းမြန်မာများသည် ၁၂၅၀ ပြည့်နှစ် ပြာသိုလတွင်ကား မြင်ဖူးကြရလေပြီ။

လူသုံးရာပါသော ကုလားဖြူစားပြအဖွဲ့တစ်ဖွဲ့ကို မေဂျာတစ်ယောက် ခေါင်းဆောင်လျက် လုတ်ခေးရွာဘက်သို့ ရောက်လာကြသည်။ ထိုအဖွဲ့မှ သုံးကျိပ်ပါ အစုတစ်စုသည် လုတ်ခေးရွာရှိ ပူနိမ်ဟာ၏အိမ်သို့ ဝင်ရောက် စခန်းချကြသည်။ ထိုရွာသည် မောင်းချောင်းတိုက်နယ်အတွင်း၌ရှိကာ၊ မင်းတပ်မှ ၆ တိုင်ခွဲ ကျော်ကျော်ဝေးသည်။

သက်ငယ်မိုး သက်ငယ်ကာပြီး အင်ပေါက်များခင်းထားသော ချင်း အိမ်သည် အမြင်နတ်ကြား၊ စည်းကမ်းစနစ်နှင့် ထည်ဝါစွာနေသည်။ အချမ်း အအေးဒဏ်ကို မခံနိုင်လွန်းသဖြင့် သူတစ်ပါးအရိပ်ကို ဝင်ခိုသောဓားပြများ သည် လူ့စည်းကမ်းကို ရှိသေရန်မသိ၊လူ့သိက္ခာကို လေးစားရန် နားမလည်ချေ။

ညသည်ရောက်လာသဖြင့် လာရောက်ညှိခံသော အွမ်ပိုင်မန်းဟာဖေ၊ မန်းဟာရှယ်နှင့် ထန်းနိုင် ငွေဧ ခေါလောကီးရှယ်တို့အား မထီမဲ့မြင်ပြုသည်။ အမြတ်တနိုးထားသော ခေါင်အိုးတွေကို ကန်ကျောက်ပစ်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ချင်းဓားသည်လည်း မြန်မာဓားနှယ်ထက်သည်ကို မသိယောင်တကား။

"သွား သွား။ နင်တို့သွားကြ၊ ရေခြားမြေခြားက ဓားပြတွေ"

ပူနိမ်ဟာသည် စိတ်ကိုချုပ်တီးလျက် နင်ထုတ်သည်။ ဤတွင် ကုလားဖြူတစ်ယောက်က သေနတ်ကိုဆွဲပြီးပစ်သည်။ ပစ်သော်ငြား၊ အွမ်ပိုင်၏ဓားက ကုလား၏လည်ပင်းကို စူးဝင်သွားပြီ။

မာန်သွင်းဟစ်ကြွေးသံများ ချက်ချင်းညံသည်။ ရန်သူတွေ အဝတ်တစ်ထည် ကိုယ်တစ်ခုဖြင့်ပြေးရသည်။ လေနှယ်ပေါ့ပါးသော ချင်းဓားများသည် အင်ပေါက်ခင်းကြမ်းပြင်ကို မိစ္ဆာသွေးဖြင့် ဆေးသည်။

အသေကောင်များကို ထားပစ်ခဲ့ပြီး သစ်ပင်ရှိရာသို့ ထွက်ပြေးသူများမှာ လင်းလေးဖြင့် အပစ်ခံရသည်။ အိမ်ပေါ်တွင် ငါးလောင်း၊ အိမ်အောက်တွင် နှစ်လောင်း၊ တောစပ်တွင် သုံးလောင်းထားကာ အယုတ်တမာတွေ ထွက်ပြေးလေ၏။

ရွာဟုခေါ်ငြား အိမ်တွေ ပြွတ်သိပ်စုဝေးမနေပါ။ မျက်စိတစ်ဆုံးအတွင်းရှိ ကုန်းများ၊ ကမူများတွင် ဟိုတစ်အိမ် သည်တစ်အိမ် မြင်ရသဖြင့် ရွာဟုခေါ်ခြင်း ဖြစ်ပေသည်။ ရန်သူတို့ ပြေးပစ် ပစ်သော သေနတ်သံကိုကြားရခါမှသာ ကူညီရန် ပြေးလာကြ၏။ ထိုအချိန်မှာင် ရန်သူများမရှိတော့ပြီ။

ရန်သူတွင် သေနတ်ကောင်းများပါသည်။ လူလည်း သုံးရာပါသည်။ သို့ရာတွင် တစ်ကျိပ်မျှသာရှိသော ချင်းများကို မတိုက်ရဲကြပါ။ ပူနိမ်ဟာတို့တွင် ဓားနှင့် လင်းလေးသာရှိသည်။

သို့ရာတွင် ရန်သူသည် ယောနှင့် ပဆုတ်ရွာအထိ ထွက်ပြေးပြီးမှ အင်အားထပ်ဖြည့်သည်။ ပူနိမ်ဟာကို လက်စားချေရန် ငါးရာတပ်ကြီးဖြင့် ပြန်လာလေသည်။

ရန်သူဦးတည်သောနေရာမှာ လုတ်ခေးရွာဖြစ်၏။ သို့ရာတွင် ချင်း

www.facebook.com/NyisayEbookCreator
www.nyisay.com


မြန်မာသည် လုတ်ခေးရွာမှာသာ ရှိသည်မဟုတ်။ ကီးသာရွာတွင်လည်း ရှိသည်သာ။ လုတ်ခေးရွာတွင် စော်ကားသွားသည့်သတင်းကို ရပြီးဖြစ်သော ချင်းမြန်မာများသည် ကီးသာရွာအနီး နေရာကောင်းမှ ဆီးကြိုတိုက်ခိုက်ကြတော့သည်။

ကုလားဖြူအင်္ဂလိပ် စားပြများသည် တိုက်ခိုက်သူများ ဆုတ်ခွာသွားအောင် မလုပ်နိုင်သောအခါ ကီးသာရွာဘက်သို့ လှည့်သွားသည်။ အိမ်တွေကို မီးရှို့သည်။ မီးဘေးကြောင့် ထွက်ပြေးသော ကလေးတွေ၊ မိန်းမတွေကို တစ်ယောက်မကျန် သတ်ဖြတ်ပစ်သည်။

သူတို့အား မည်သို့မျှ ရန်မပြုသော ကလေးများနှင့် မိန်းမသားများကို မည်သည့်အတွက် သတ်ရပါသနည်း။

ကြောက်ရွံ့စေရန်ဖြစ်ပါသည်။ ထိုကဲ့သို့ ကမ်းကုန်အောင် ရက်စက်ပြပါက ချင်းမြန်မာများသည် အခွဲမာဖုံးပြီး တရွေ့ရွေ့သွားနေသည့် လိပ်သတ္တဝါကိုပင် စေ့စေ့ကြည့်ဝံ့ကြလိမ့်မည် မဟုတ်ဟု ရန်သူကထင်သည်။ မျှော်လင့်သည်။

သို့သော် ချင်းမြန်မာတို့ကား သွားကလေးဖြဲကာ ဆလံပေးသော ရှိခိုးသောသူများမဟုတ်။ ပိုမိုရဲရင့် တက်ကြွလာကြကာ၊ ယောမြို့ရှိ ကုလားဖြူ စားပြခံတပ်ကို စီးနင်းတိုက်ခိုက် မီးရှို့သည်။ ပဆုတ်ရွာရှိ မိစ္ဆာဒိဋ္ဌိ စားပြစခန်းတွေကို တိုက်ခိုက်သိမ်းပိုက်သည်။

ယုတ်မာရက်စက်ပြခါမှ ပိုပြီးထက်မြက် အင်အားကောင်းလာသော ချင်းမြန်မာတပ်တွေ ချင်းတောင်ဘက်သို့ ပြန်လည်ဆုတ်ခွာသွားရပြီ။ ကပ္ပတိန်ရယ်နီသည် ခုခံရန်ပြင်ဆင်ထားရာမှ အလျင်အမြန် လိုက်လံတိုက်ခိုက်သည်။ ထိုသို့ လိုက်လံတိုက်ခိုက်ခြင်းသည် ရယ်နီ ကြမှားင်ခြင်းဖြစ်သည်။

ချင်းမြန်မာတပ်များသည် အဖွဲ့ငယ်များခွဲကာ ပြန်လည်တိုက်ခိုက်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ဆုတ်ခွာသွားသည်။ တစ်ဖန် တပ်ကြီးဖွဲ့ကာ အလုံးအရင်းဖြင့် ပြန်လည်တိုက်ခိုက်ပြန်သည်။ ဤသို့ ခွာချေပူးချေလုပ်ပြီး မှူးခေါ်လာရာ၊ လုတ်တက်စခန်းသို့ ရောက်လာတော့သည်။

မြင်းဟီသံများ၊ကြောက်လန့်တကြား ကုလားအော်သံများ၊ ရမ်းသမ်းပစ်ခတ်သော သေနတ်သံများ အဝီစိပွက်သည်သို့ ပေါ်လာလေ၏။

မောင်းဆင်ထားသော ကျောက်တုံးကြီးတွေ လိမ့်ဆင်းလာခြင်းဖြစ်သည်။ တင်းတောင်းရွယ် ကျောက်တုံးတွေ၊ ငါးတင်းဝင်၊ ဆယ်တင်းဝင်ပုတ်အရွယ်ရှိ ကျောက်တုံးတွေ လိမ့်ဆင်းလာသည်။ သေသူသေ၊ ရှောင်သူရှောင် ဖြစ်နေစဉ် ခေါင်းပေါ်တည့်တည့်မှ ပြုတ်ကျပြန်သည်။

"ကျား၊ ကျား၊ ကျား ဘသား"

"ခုတ်ဟ သတ်ဟ၊ ကျားဘသား"

ကျောက်တုံးလွတ်ရာသို့ ဆုတ်ပြေးသော ရန်သူများမှာ ချင်းမြန်မာတို့၏ ဓားစာ လုံစာမိသည်။ ရန်သူသည် ကပ္ပတိန်ရယ်နီနှင့် အလောင်းငါးဆယ်ကို ထားခဲ့ကာ၊ ရေရှင်ရွာဘက်သို့ တရကြမ်းထွက်ပြေးသည်။ ရန်သူ ထွက်ပြေးငြား၊ ချင်းမြန်မာတို့ ဝမ်းမသာပါ။ ကပ္ပတိန်ရယ်နီထက် အဆများးစွာ မြင့်မြတ်ယဉ်ကျေးသော လိန်းမန်ဟာနှင့် ဦးလောဟာရှယ်တို့ ကျဆုံးခဲ့ရသောကြောင့်တည်း။

ရန်သူသည် ပခုက္ကူနယ် ရေရှင်ရွာသို့ရောက်မှ အပြေးရပ်သည်။ အသက်ဝအောင်ရှူရင်း အကြံထုတ်သည်။ ချင်းမြန်မာ မျိုးချစ်ပြည်ချစ်ရဲမက်တွေ နင်းလိုက်လာလျှင် ခံနိုင်ဖွယ်မရှိ။ ကုလားဖြူရော ကုလားနက်ပါ သွေးပျက်နေကြပြီ။ သို့အတွက် ရေရှင်ရွာ၏ အကြီးအမှူး ဦးအောင်ဘော်ထံ ချဉ်းကပ်သည်။

စင်စစ် ဦးအောင်ဘော်မှာ မျိုးချစ်ပြည်ချစ်ရဲမက်များ၏ ဘက်တော်သားဖြစ်သည်။ သူသည်ကုလားနက်ကိုးယောက်နှင့် ကုလားဖြူတစ်ယောက်ကို

www.facebook.com/NyisayEbookCreator
www.nyisay.com


ကီးရောက်ဂေနှင့် ဗိုလ်မိုးကျော်တို့ထံ အလံဖြူလွှင့်လျက် ခေါ်သွားသည်။

'အင်္ဂလိပ်တို့အား ချင်းတောင် တောင်ပိုင်းသို့ ခြေချခွင့်ပြုပါက ယခု ခုခံတိုက်ခိုက်နေသော ခေါင်းဆောင်အားလုံးကို ရာဇဝတ်အုပ်ရာထူးပေးမည်'

ခေါင်းဆောင်ကြီး ကီးရောက်ဂေက ထွီခနဲ တံတွေးထွေးကာ ထသွားခြင်းဖြင့် ပြတ်သားသော အဖြေကို ပေးသည်။ ဗိုလ်မိုးကျော်က "သွား သွား၊ အမြန်ထွက်သွား"ဟု မောင်းထုတ်သည်။

"အဲသည်တော့ ကုလားဖြူက ဘာလုပ်သတုန်း"

"ရန်သူကလည်း အားဖြည့်ပြီးတော့ ပြန်လာသလို၊ ကျွန်တော်တို့ကလည်း အဆင့်ဆင့်ခုခံဖို့ နေရာတွေ အသင့်စီမံထားပါသယ်။ တုတ်ဝတိုက်ပွဲမှာ အမြောက်နဲ့အပစ်ခံရလို့ လူတစ်ရာကျော်သေပြီး၊ ၁၅၀ လောက် ဒဏ်ရာရကတည်းက ကျွန်တော်တို့ဟာ တရကြမ်းတိုက်ပြီးတာနဲ့ လူစုခွဲရင် ခွဲ၊ မခွဲရင်လည်း နေရာပြောင်းသယ်ခင်ဗျာ့"

"သာလည်း ကောင်းသဲ့ပရိယာယ်ပါပဲ"

"ကျွန်တော်တို့နောက်ကို လိုက်လာသဲ့ကုလားဟာ တူမီးသေနတ်နဲ့ အပစ်ခံရလို့သေတာ၊ မြားမှန်လို့သေတာ၊ ဓားခုတ်လှံထိုးခံရလို့ သေတာထက်၊ အဆိပ်မိပြီး သေတာက များသဗျာ့"

"ဟင် ဘယ်လိုအဆိပ်မိပါလိမ့်"

လှုပ်လှုပ်ရှားရှား ဖြစ်သွားသော ဦးမိုးကောင်း၏ တအံ့တသြအမေး။

"ကျွန်တော်တို့ သွားရာလမ်းတစ်လျှောက် တွေ့သမျှရေအိုင်တွေ စမ်းတွေမှာ အဆိပ်ခတ်ပစ်ခဲ့သယ်။ ချင်းတွေ၊ မြန်မာတွေ မသောက်မိအောင် သင်္ကေတ လုပ်ထားခဲ့သယ်"

"ကုလားဖြူ ကုလားနက်တွေ ကျတော့ကော"

"သူတို့က ကျွန်တော်တို့လူမျိုး မဟုတ်ဘူးလေ။ ကျွန်တော်တို့ဓလေ့ကို မသိဘူးလေ။ ပြေးပြီး မသောက်နဲ့ဦး၊ မျက်နှာသစ်ရုံ ပါးလုတ်

www.facebook.com/NyisayEbookCreator
www.nyisay.com



ကျင်းရုံနဲ့ သေသာပဲ။ နောက် ကျွန်တော် အဖမ်းခံရတော့မှ သိသာလေ၊ အဆိပ်မိလို့သေသဲ့ ကုလား နှစ်ရာလောက်ရှိသယ်တဲ့"

"မောင် အဖမ်းခံရသယ် ဟုတ်စ"

ဆလိုင်းစံထွန်းသည် ထီးလင်းတိုက်ပွဲတွင် ရန်သူ့လက်တွင်း ရောက်သွားရာက ထောင် အနှစ် ၂၀ ကျသွားကြောင်းကို ဦးစွာကပင် ပြောခဲ့ပြီးဖြစ်၏။ ဤသည်ကို ဦးမိုးကောင်း သတိမထားမိသဖြင့် တအံ့တသြ မေးခြင်းဖြစ်၏။

"မောင်မောင်လှိုင်းနဲ့ တွေ့ခဲ့သယ် ပြောသလားလို့"

ဒေါ်မင်းဘော်၏အသံသည် ယခုမှ ထိုးဖောက်ဝင်ရောက်လာနိုင်၏။ ဆလိုင်းစံထွန်းလည်း နေရာပြင်ထိုင်ပြီး ဖြေရ၏။

"ဟုတ်ပါသယ်ခင်ဗျာ၊ ဟုတ်ပါသယ်"

သည်အချိန်ထိ ဦးမိုးကောင်းသည် လှုပ်လှုပ်ရှားရှား မရှိ၊ စိတ်ဝင်စားဟန် မပြပေ။ ညှော်ဝတ်ပြုရန်သာ စိတ်အားသန်နေ၏။

"ကိုင်းကိုင်း၊ ထမင်းသုံးဆောင်ပြီးမှ ဆက်ပြောသာပေါ့"

မြေးချွေးမ မယ်မှုန် အလိုက်မသိငြား၊ မမြဖူးက သိသည်။ ယာထဲမှ ပြန်ရောက်လျှင်ရောက်ချင်း ညှော်သည်ကို မြင်သည်။ ထမင်းကျွေးချိန်တွင် ရောက်လာသည့် ညှော်သည်ကို ထမင်းကျွေးရန် နားလည်သည်။

ညှော်သည်အား လိုက်လှဲပျူငှာစွာ ဦးမိုးကောင်း ခေါင်ငင်ကျွေးမွေးနိုင်ခြင်းမှာ မမြဖူး လိမ္မာသဖြင့် ဖြစ်ပေ၏။

ကိုစံထွန်းသည် ထမင်းကို မြိန်ရှက်စွာစား၏။ စားပြီးနောက်တွင်လည်း ဒေါ်မင်းဘော် ပါးစပ်တပြင်ပြင်ဖြစ်နေသည်ကို မသိကျိုးကျွံပြုကာ "ခရီးကလည်း ပန်းသနဲ့၊ ထမင်းဆိပ်လည်း တက်ရောပေါ့။ တစ်ရေးတစ်မော အိပ်ပါဦး" ဟု ခိုင်းသေးသည်။

သို့ရာတွင် ကိုစံထွန်းက အလိုက်သိသည်။

"ကိုလှိုင်းက မန္တလေးမှာ ကျန်ခဲ့သဲ့ သားနဲ့ မယားဆီပဲဖြစ်ဖြစ်၊

www.facebook.com/NyisayEbookCreator
www.nyisay.com


ဆင်ပေါင်ဝဲတစ်ဖက်ကမ်းက အဖေ အမေတို့ဆီပဲဖြစ်ဖြစ် ပို့ပေးပါလို့ပြောပြီး ဟောသည် ပုတီးလေး ပေးလိုက်ပါသယ်"

ထိုအခါတွင်မှ ဦးမိုးကောင်းသည် ထိတ်လန့်ရန်သတိရ၏။

"ဘယ်လိုလုပ်ပြီး ထောင်ထဲရောက်လာရသတုန်းမောင်။ သိသမျှ ပြောပါကွယ်"

"သိပါသယ်ခင်ဗျာ။ ပြောပါမယ်။ ကျွန်တော် ထောင်ကလွတ်လာလို့ ကိုလှိုင်းရဲ့ပစ္စည်းတွေ ဘူးဝမှာတောင်းတော့ မရပါဘူး။ အဲသာကြောင့် သည်ပုတီးပဲ ပေးနိုင်တာပါ"

ည ထမင်းစားပြီးချိန်ဖြစ်သဖြင့် အိမ်ရှိလူကုန် အိမ်အောက်တွင် ရောက်နေကြ၏။ ဦးဝဲမိသားစုနှင့် ဦးချွဲ၏မိသားစုလည်း ခဏတစ်ဖြုတ် ရောက်နေကြသည်။

"မောင်မောင်လှိုင်းသတင်း ကြားရသာ မကောင်းလိုက်သာ အမောင် ရယ်။ သိသမျှ ပြောပြစမ်းပါ"

"ကျွန်တော်က ထောင် အနှစ် ၂၀ ကျသယ်ခင်ဗျာ့။ လျှော့ရက်တွေ ဘာတွေနဲ့ဆိုရင် အခုလောက် မကြာဘူး။ မကြာခဏ အမှုဖြစ်ပြီး ထောင်ဒဏ် တိုးလာလို့ အခုလောက် ကြာနေသာပါ"

"ကျုပ်တို့သားအကြောင်း ကြားပါရစေ အမောင်"

ဒေါ်မင်းဘော်က သူ့ကွပ်ပျစ်မှ လှမ်းပြီး ပွဲတောင်းသည်။ မိရိုးက မအေကို နှိပ်ပေးနေရာမှ "ကြားရမှာပေါ့ အမေရာ။ ရေရေလည်လည် ပြောပါစေ" ဟု နှစ်သိမ့်၏။

"ကျွန်တော်လွတ်ဖို့ ကိုးလလောက်အလိုမှာ၊ နှစ်ကလေး၊သမားတချို့ တစ်နှစ်၊ နှစ်နှစ်၊ သုံးနှစ်သမားတွေပေါ့ခင်ဗျာ၊ ရောက်လာကြသယ် ခင်ဗျာ့။ ဘူးထဲမှာ ပုံစံထိုင် ထိုင်ပြီး အစစ်ဆေးခံနေတုန်းမှာ ဘာယာတွေက နှိပ်စက်သယ် ခင်ဗျာ့"

www.facebook.com/NyisayEbookCreator
www.nyisay.com



"ဘာယာဆိုသာက ဘယာကြော်လိုမုန့်လား"

"ထောင်သားတွေကို ပြန်ပြီးအုပ်ချုပ်သဲ့ နှာကြီးသမား ထောင်သား တွေပါ ခင်ဗျာ"

ကိုစံထွန်း ရယ်မောပြီးမှ စကားဆက်သည်။

"အမှန်ကတော့ ပါလာသဲ့ပစ္စည်းတွေကို စာရင်းအင်းနဲ့ ရေးမှတ်ပြီး လက်ခံသိမ်းဆည်းသာပါ။သို့ပေမယ့် ထောင်စာရေးတွေ၊ဘာယာတွေကိုပေးဖို့ မပါရင် ရိုက်နှက်နှိပ်စက်သယ်။ ကျွန်တော်လည်း ပစ္စည်းတွေ သိမ်းနေရာက ကိုလှိုင်းကိုတွေ့တော့ ကောင်းကောင်းမမှတ်မိဘူး။ ခပ်ရေးရေး ဖြစ်နေသာနဲ့"

"မင်းကြီးရွှေလရောင်တပ်မှာ မြင်ဖူးသလားလို့" လို့ မေးတော့

"ရောင်းရင်းက ဘယ်ကတုန်း" ပြန်မေးသယ်။

"သူ့မှာ ဘာယာတွေကို ပေးစရာမပါပေမယ့် အနှိပ်စက်မခံရပါဘူး။ ကျွန်တော် ရှိနေသာကိုး။ အဲသာနဲ့ ကျွန်တော်နေသဲ့နေရာကို ခေါ်သွားပြီး မေးတော့မှ မတရားထောင်ကျလာသာကလား"

နားထောင်သူတွေ တိတ်ဆိတ်နေကြ၏။ ဦးမိုးကောင်း မတိတ်ပါ။

"ဘယ်လို မတရားထောင်ကျသာပါလိမ့်မောင်ရာ"

"ကလဗျိမှာ စံနေတော်မူရသဲ့ မင်းတရားကြီးရဲ့ သမီးတော်တွေကို နားထွင်းမင်္ဂလာ ကျင်းပရာမှာ သူတို့ဆိုင်းအဖွဲ့က သွားပြီး အသုံးတော်ခံသာ ခင်ဗျာ့။ ကြီးကျယ်ခမ်းနားသဲ့ ရွှေနန်းတော်ကြီးထဲမှာ ရုံရွှေတော်ပေါင်း သောင်း ခြောက်ထောင်ဝန်းရံပြီး မှူးမတ်တွေခစားပြီး နေရမယ့် ဘုရင်မင်းမြတ်နဲ့ မိဖုရားကြီး၊ သမီးတော်တွေမှာ အခွေရုံကလေးမဖြစ်စလောက်နဲ့ တိုက်သေးသေး ကလေးမှာ စံစားနေကြရတာ မြင်ခဲ့ရပြန်တော့လည်း စိတ်မချမ်းသာဘူးခင်ဗျာ့"

"ဟုတ်ပါပြီလေ၊ ထောင်ကျပုံကလေး"

"စိတ်မချမ်းမသာနဲ့ ပြန်လာကြပြီး၊ လူစုခွဲပြီး ရန်ကုန်မှာ တည်းကြ သယ်ခင်ဗျာ့။ ကိုလှိုင်းတို့ တစ်ကျိပ်က တောင်ဘီလူးကျောင်းမှာ တည်းကြ

www.facebook.com/NyisayEbookCreator
www.nyisay.com


ရာက စုရတီဈေးမှာ ခါးပိုက်နှိုက် အနှိုက်ခံရသယ်"

"ခါးပိုက်နှိုက်ဆိုသာ ဘာတုန်း"

ဦးဝဲက တုန်ယင်သောအသံဖြင့်မေး၏။

"အင်္ကျီအိတ်ထဲ ခါးပိုက်ထောင်ထဲ တောင်းထဲ၊ အိတ်ထဲကပစ္စည်းကို နှိုက်သဲ့လူပါ"

"သူခိုးပေါ့"

"မှန်ပါသယ် သူခိုးပါ။ ကိုလှိုင်းတို့ လူစုထဲကို အတင်းဝင်တိုးပြီး၊ ကိုလှိုင်းရဲ့အိတ်ထဲက ပိုက်ဆံကို ခါးပိုက်နှိုက်ကနှိုက်ရော။ ကိုလှိုင်းက လက်ကို ဖမ်းလိမ်ပြီး ကိုင်ပေါက်လိုက်သာ ခါးပိုက်နှိုက် လက်ကျိုးသွားသဲ့အတွက် ပုလိပ်က ကိုလှိုင်းကို ဖမ်းပါလေရောခင်ဗျာ"

"လက်စသတ်တော့ ပုလိပ်ဆိုသာ သူခိုးရဲ့ အစောင့်အရှောက်ပါ ကလား"

ကျားမနိုင်၏ မှတ်ချက်ချသံဖြစ်၏။

"ဟုတ်သပါ့ညီလေးရာ။ ဘယ်ခါးပိုက်နှိုက် ဘယ်မှာနှိုက်သွားသယ် ဆိုသာ ပုလိပ်က ချက်ချင်းသိသယ်။အဲသည်ခါးပိုက်နှိုက် ရှိတတ်သဲ့နေရာကို ပုလိပ်က လိုက်သွားလေ့ရှိသယ်"

"ဖမ်းရောဆိုပါတော့"

"မဖမ်းဘူးခင်ဗျာ့။ မင်းနှိုက်သွားသဲ့ ပစ္စည်းတန်ဖိုးရဲ့ တစ်ဝက် ငါ့ကို ပေးပါဆိုပြီး တောင်းသာပါ။ အဲ မပေးတော့မှ ဖမ်းသာပါခင်ဗျာ"

"တယ်ကြောက်စရာကောင်းသဲ့ ရန်ကုန်ပါကလား"

"ကိုလှိုင်းကိုဖမ်းသဲ့ ပုလိပ်ကိုလည်း တစ်မတ်ငါးမူးပေးလိုက်ရင် လွတ်သယ် ခင်ဗျာ့။ လူရိုးလူကောင်းတွေက အဲသာကိုမသိတော့ မပေးဘူး။ ပုလိပ် ဌာနကို လိုက်သွားကြတော့၊ အကုန်လုံး ဖမ်းထားပါလေရောခင်ဗျာ"

"ဩော် ဖြစ်မှဖြစ်ရလေနော်။ ပုလိပ်ဟာ အလွန်ယုတ်မာပါကလား"

www.facebook.com/NyisayEbookCreator
www.nyisay.com



မိရိုးမှာ စုတ်တသတ်သတ် ညည်းညူရှာ၏။

"အဲသလိုနဲ့ ကိုလှိုင်းကို ပုလိပ်က ရုံးတင်သယ်ခင်ဗျာ့။ ကိုလှိုင်းမှာလည်း ဆိုင်းဆရာဆီ လွှတ်စရာလူမရှိ၊ အဖော်တွေလည်း အချုပ်ထဲ ရောက်နေတော့ အခက်တွေ့ပြီး၊ သူတစ်ပါးအား ကိုယ်အင်္ဂါချွတ်ယွင်းစေမှုပုဒ်မ ဘယ်လောက်ဆိုလားနဲ့ ထောင်သုံးနှစ်ကျလာသာတဲ့ခင်ဗျာ့"

ဦးမိုးကောင်းသည် တောက်တစ်ချက်ခေါက်ကာ သူ့အိပ်ရာပေါ်သို့ သွားရောက် ကျောခင်းနေလိုက်တော့သည်။

"ကျွန်တော်နဲ့ ကိုလှိုင်းနဲ့တွေ့ချိန်မှာ ကျွန်တော်က လွှတ်ဖို့ ကိုးလုပဲ လိုတော့သာခင်ဗျာ့။ ကိုလှိုင်းက ကျွန်တော့်မိတ်ဆွေမို့ အုန်းဆံပဲ ထုရသယ်။ ပင်ပင်ပန်းပန်း မလုပ်ရပါဘူး။ အဲသာကြောင့် အမှတ်တရ အုန်းပုတီးလေး ကျွန်တော့်ကို ပေးနိုင်သာ"

"ဘယ်တော့လွှတ်မယ်ထင်ပါတုန်းရှင်"

"ကျွန်တော်တို့ အတူနေကြရင်းနဲ့၊ ဘုရင်မင်းမြတ်ဆီကို အသုံးတော်ခံဖို့သွားသဲ့ အတွေ့အကြုံတွေ၊ မြင်ခဲ့ကြားခဲ့ရသာတွေကို နည်းနည်းချင်း ပြောပြသာ ကျွန်တော်ပါ စိတ်မကောင်းဘူးခင်ဗျာ"

"သူက ဘာတွေပြောလို့တုန်း မောင်ရင်ရဲ့"

ဒေါ်မင်းဆော်သည် ပက်လက်အနှိပ်ခံရာမှ မှောက်လျက်သို့ ပြောင်းလိုက်ရင်း စိတ်ဝင်စားစွာ မေး၏။

"အရှင်နှစ်ပါးဟာတဲ့၊ ရန်သူ့လက်ထဲမှာ သမီးတော်လေးပါးနဲ့ အခြံအရံ မဖြစ်စလောက်နဲ့ ညှိုးညှိုးငယ်ငယ် စံနေရပေမယ့် မဆင်းရဲဘူးတဲ့။ အင်္ဂလိပ်စစ်ဗိုလ် မလိမ့်တပတ်ယူသွားလို့ ပြန်တောင်းထားသဲ့ ပစ္စည်းတွေ ပြန်ရရင် ကမ္ဘာပေါ်မှာ အချမ်းသာဆုံးဖြစ်မှာတဲ့"

"အလို ဘာကြောင့်ပါလိမ့်ကွယ်"

မောင်မောင်လှိုင်းသည် အရှင်နှစ်ပါးနှင့် သမီးတော်လေးပါးအား

www.facebook.com/NyisayEbookCreator
www.nyisay.com



ဖူးမြင်ရသဖြင့် ဝမ်းသာငြား၊ အပါးတော်မြဲ၏ စကားကိုကြားရသောအခါ စိတ်ဆင်းရဲရသည်။ အရှင်နှစ်ပါး ချီးမြှင့်သော ဆုတော်များကိုပင် မယူရက်အောင်ဖြစ်၏။

"မောင်တို့ရ၊ အင်္ဂလိပ်ကို နည်းနည်းမှ အထင်မကြီးနဲ့၊ မျိုးနဲ့ရိုးနဲ့ စားပြတိုက်စားလာကြတာ။ အခု ငါတို့အရှင်နှစ်ပါးနဲ့ မယ်တော် မိဖုရားကြီးရဲ့ ပစ္စည်းတွေကို လုံလုံခြုံခြုံနဲ့ သည်ကို ရောက်အောင် ပို့ပေးမယ်ပြောပြီး၊ ပို့မပေးဘဲ ခိုးထားသယ်။ မလွှဲသာလို့ တန်ဖိုးဖြတ်ရရင် ကုဋေတစ်သောင်းဖိုးကျော်ကျော်ရှိသယ်"

နားထောင်နေသော မောင်မောင်လှိုင်းတို့မှာ သည်အကြောင်းကို ယခုကြားရသဖြင့် မျက်လုံးအဝိုင်းသား ဖြစ်နေကြရ၏။ အပါးတော်မြဲ ရုတ်တရက် စကားမဆက်သဖြင့် မောင်မောင်လှိုင်းက မရဲတရဲမေး၏။

"ဘယ်လိုဖြစ်သာပါတုန်းခင်ဗျာ"

"သည်လိုကွယ်တို့ရဲ့။ ပရင်ဒါဂတ်ဆိုသဲ့ မျောက်ဖြူနဲ့အတူ စလေဒင်ဆိုသဲ့ ခွေးဖြူလည်း ပါသကွယ့်။ အဲသည်ခွေးဖြူက....

'မယ်တော်မိဖုရားကြီးနဲ့ အရှင်နှစ်ပါးတို့ ယူဆောင်တော်မူမယ့် ပစ္စည်းတွေကို ကျွန်တော်စောင့်ရှောက် သယ်ဆောင်ပေးပါမယ်။ ကျွန်တော့်ထံ အပ်နှံကြပါ'

"လို့ ပြောသဲ့အတွက် မင်းတရားကြီးနဲ့ မိဖုရားကြီး၊ ညီအစ်မရဲ့ ကိုယ်ပိုင်ပစ္စည်းတစ်ချို့နဲ့၊ တကောင်းအဘိရာဇာမင်းက လက်ရှိမင်းတရားကြီးအထိ ၁၇၈ ပါးသောမင်းတို့ရဲ့ နန်းစဉ်ရတနာတွေကို သေတ္တာကြီးငယ်နဲ့ ထည့်ပြီး စလေဒင်ထံ လွှဲအပ်တော်မူခဲ့သယ်။ အဖိုးမဖြတ်နိုင်ပေမယ့်၊ မလွှဲသာလို့ တန်ဖိုးဖြတ်ရရင် ကုဋေငါးထောင် အသာကလေးပဲ"

နားထောင်သူများမှာ ခေါင်းတညိတ်ညိတ်ရှိငြား၊ မောင်မောင်လှိုင်းမူ အံကို ခဲနေမိလေသည်။ ဘုရင်မင်းမြတ်၏ သားတော် သမီးတော်များ

www.facebook.com/NyisayEbookCreator
www.nyisay.com



ပိုင်ဆိုင်သော ရေနံတွင်း ၁၄၆ တွင်းကိုလည်း ဘီအိုစီသို့ရောင်းစားပြီး၊ ကာယကံရှင်သို့ တစ်ပြားတစ်ချပ်မျှ မပေးကြောင်း ကြားထား၍ဖြစ်သည်။

"သူခိုးစားပြပဲ ဝန်မင်းရာ"

"နောက်ပြီးတော့ မယ်တော်မိဖုရားကြီးရဲ့ ရွှေဒင်္ဂါး၊ ငွေဒင်္ဂါးတွေနဲ့ ရှစ်သိန်းကျော်တန် ဘဏ္ဍာပစ္စည်းတွေ ထည့်ထားသဲ့ သေတ္တာတစ်လုံးကို လည်း ခွေးဖြူရဲ့ လက်ထဲပဲ အပ်လိုက်သယ်"

"မယ်တော်မိဖုရားကြီး မတွေ့ရပါကလားခင်ဗျာ"

မေးသူမှာ မောင်မောင်လှိုင်းပင်ဖြစ်သည်။

"မြန်မာပြည် မော်လမြိုင်မြို့မှာ စံနေတော်မူရသကွယ့်။ ပြီးတော့ ရှိသေးသယ်။ ဘုရင်မင်းမြတ်နဲ့ မိဖုရားကြီးနှစ်ပါးရဲ့ ကိုယ်ပိုင်ပစ္စည်းတွေကို ကနုကမ္ဘ (ကနုကမာ) သေတ္တာထဲထည့်ပြီး ခွေးဖြူရဲ့လက်ထဲ အပ်လိုက်သာ ကလည်း မလွှဲသာလို့ ကြေးဖြတ်ရရင် ကုဋေငါးထောင်ပါပဲကွယ်"

အပါးတော်မြဲမှာ ဝမ်းနည်းသံပါလာသဖြင့် မောင်မောင်လှိုင်းတို့မှာ ဆက်လက် မမေးရက်တော့ပေ။ သို့ရာတွင် သူသည် အသံမှန်အောင် ကြိုးစားပြီးနောက် ရှင်းပြပြန်သည်။

"အမောင်တို့ စဉ်းစားကြည့်ကွယ်။ မင်း ၁၇၈ ပါးရဲ့ နန်းစဉ် ပစ္စည်းတွေ လွှဲလိုက်သယ်ဆိုတာဟာ၊ အင်္ဂလိပ်ရဲ့ တာဝန်ခံအရာရှိကြီး ဆိုပြီး ယုံကြည်လို့ ယာယီလွှဲအပ်သာပဲ။ ခိုးပါလုပါလို့ ပြောပြီး ပေးသာမှ မဟုတ်သာကပဲ"

သို့စဉ်တွင် နဲ့သမားသည် ခေါင်းငုံ့စဉ်းစားနေရာက "အကျွန်ုပ်ရို့ ငယ်ငယ်တုန်းက ကြားဖူးခဲ့သဲ့ ငမောက်ပတ္တမြားကြီးဟာကောဘုရား"ဟု မေး၏။

"အေး။ တောင်ဥယျာဉ်တော်ကိုဆင်းပြီး၊ မင်းတရားကြီးနဲ့ မိဖုရားကြီး နှစ်ပါး၊ မယ်တော်မိဖုရားကြီးရောပေါ့လေ။ စံနေတုန်းမှာ စလေဒင်တို့

www.facebook.com/NyisayEbookCreator
www.nyisay.com


ရောက်လာတယ်။ ပစ္စည်းတွေကို စိတ်မချရသဲ့အတွက် သူ သယ်ခဲ့ပါရစေ တင်လျှောက်အပြီးမှာ 'ငမောက်ကျောက်၊ ငမောက်ကျောက်လို့ ကြားသာ ကြားဖူးပါသယ်ဘုရား။ တစ်ခါမျှ မမြင်ဖူးလို့ ကြည့်ပါရစေ' လျှောက်တော့၊ မိဖုရားခေါင်ကြီးက ကောက်ပေးလိုက်သယ်။ ဘယ်နားက ကောက်ယူပေး လိုက်သယ် ထင်သတုန်း"

နားထောင်နေသူများ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်နေကြ၏။ သို့ကြောင့် အပါးတော်မြဲက သူ့အမေးကို သူဖြေ၏။

"ကွမ်းအစ်ထဲက ယူပေးသာမောင်တို့။ ပြည်တန်သဲ့ပတ္တမြားကို ခက်ခက်ခဲခဲ လုံလုံခြုံခြုံထားသာ မဟုတ်ဘူး။ ကွမ်းသီးစိတ်တွေ ကွမ်းသီး တွေထဲမှာထားသာ"

ညိုးညိုးငယ်ငယ်ဖြင့် စကားစခဲ့ပြီး၊ အပါးတော်မြဲသည် ပေါင်ကို ပုတ်ကာရယ်မော၏။

"စလေဒင်က အဲသာကို ဖင်ပြန်ခေါင်းပြန်ကြည့်ပြီး၊ မေ့သလို လျှော သလိုနဲ့ သူ့အင်္ကျီအိတ်ထဲ ထည့်လိုက်သယ်။ ကွမ်းသီးတစ်လုံးလောက်ပဲ သဘောထားသဲ့ မင်းဧကရာဇ်က ပြန်ပေးပါလို့ ဘယ်မှာမိန့်တော်မူပါမတုန်း မောင်တို့ရာ။ သာပေမယ့်၊ အရှင်မပေးသဲ့ ပစ္စည်းကိုယူသာ သူခိုးပေါ့။ အင်္ဂလိပ်သူခိုးပဲ"

ထို့နောက် အပါးတော်မြဲသည် စလေဒင် နားလှည့်ပါးလှည့်လုပ်ကာ ခိုးထားသော ပစ္စည်းစာရင်းကို ချပြပြန်၏။

"ငါတို့မြန်မာတွေက ကုလားဖြူအင်္ဂလိပ် သူခိုးဆီမှာ ရစရာရှိသဲ့ ပစ္စည်းကို မောင်တို့သားစဉ်မြေးဆက် ပြန်တောင်းဖို့ မှာကြားပစ်ခဲ့နိုင်အောင် ငါပြောပြမယ်။ အဲသာတွေကတော့...."

"ပထမ စိန်နားတောင်းတော် ရန်စုံတစ်ကွယ်"

"ဒုတိယ စိန်နားတောင်းတော် ရန်စုံတစ်"

www.facebook.com/NyisayEbookCreator
www.nyisay.com



"တတိယ စိန်နားတောင်းတော် ရန်စုံတစ်ကွယ့်"

"စတုတ္ထ စိန်နားတောင်းတော် ရန်စုံတစ်ကွယ့်"

"ပဥ္စမ နားတောင်းတော် ရန်စုံတစ်"

"မောင်တို့မေးစရာ ရှိသကွယ့်။ နားတောင်းငါးစုံလို့ပြောရင် ပြီးပါလျက်နဲ့ ဘာကြောင့်တစ်ခုစီ ခွဲပြောနေရသာတုန်း"

"မှန်ပါသယ်ဝန်မင်းခင်ဗျာ။ အမိန့်ရှိတော်မူပါခင်ဗျာ"

မောင်မောင်လှိုင်း၏ အမေးဖြစ်သည်။

"ပထမ စိန်နားတောင်းတော်၊ ဒုတိယ စိန်နားတောင်းတော်လို့ ခွဲပြီးခေါ်သလို၊တန်ဖိုးကွဲသယ်၊လက်ရာကွဲသယ်။ သုံးဆောင်တော်မူရာမှာလည်း အခမ်းအနားပွဲလမ်း ကွဲပြားသကွယ့်။ ရှင်းကြလား"

"သူ့နေရာနဲ့သူ ခွဲခြားသုံးဆောင်သာ ရှင်းပါပြီဝန်မင်းခင်ဗျား"

"အေး ဆက်ပြောရရင်...."

"ပါရစ်၊ ဖရန်စစ် ပြင်သစ်ပေါ့ကွယ်။ အဲသည် နားတောင်းရန်စုံတစ်"

"ငွေယ်လုပ် နားတောင်းတော် ရန်စုံတစ်"

"စိန်၊ ပတ္တမြား ထိပ်တပ်၊ နားတောင်းတော် ရန်စုံတစ်"

"ရွှေဟင်္သာညီနောင် နားတောင်းတော် ရန်စုံတစ်"

"ပတ္တမြား နားတောင်းတော်ကလည်း ရန်စုံတစ်ကွယ့်"

"မြညီနောင် နားတောင်းတော် ရန်စုံတစ်"

"မြနားတောင်းတော် ရန်စုံတစ်"

"နောက်ပြီးတော့ပတ္တမြားစလွယ်တော်။ နဝရတ်ကိုးပါး စီခြယ်ထားသဲ့ ဓာတ်တော်ကြီး။ ဓာတ်တော်ငယ်။ စိန်ခါးစည်းတော်၊ စိန်ပန်းခွေတော်။ ထိပ်စိုက်ပန်းခိုင်တော်"

မောင်မောင်လှိုင်း သမ်းဝေချင်လာသည်။ သမ်းသည်ကို အပါးတော်မြဲမြင်လျှင် ဆက်မပြောဘဲ နေမည်စိုးသဖြင့် သွားစေ့ထားမိ၏။

ပုဂံစာအုပ်တိုက်

www.facebook.com/NyisayEbookCreator
www.nyisay.com


"အင်း ငါလည်း နောင်လာနောင်သားတွေ သိကြရအောင် ပြောသာ ပါကွယ်။ မောင်တို့ နားညောင်းပြီထင်ပါ့"

အပါးတော်မြဲမှာ အသက်အရွယ် ရင့်ကြီးငြား၊ အလွန်ပါးနပ်သည်။ သို့ကြောင့် မောင်မောင်လှိုင်းနှင့် နဲ့သမားတို့၊ မတိုင်ပင်ဘဲ ပြိုင်တူဖြေမိကြ၏။

"မညောင်းပါဘူး ဝန်မင်းခင်ဗျာ့။ တစ်ညလုံး ပြောပါခင်ဗျာ့"

သို့သော် မောင်မောင်လှိုင်း၏ အပြောမှာမူ သည်မျှဖြင့်ရပ်တန့် မသွားချေ။

"ခုအခါမှာ ရန်ကုန်မြို့နဲ့တကွ အချို့သော မြို့တွေမှာ အသင်းအဖွဲ့ အနည်းငယ် ပေါ်ပေါက်နေရာ၊ အရှင်ဂျော့ဘုရင်မင်းမြတ် အုပ်စိုးသဖြင့် အေးချမ်းပါကြောင်း ကျေးဇူးကြီးလှပါကြောင်းနဲ့ ပြောပြောပြီး ကျွန်မွေး ထောင်နေကြပါသယ်။ သာကြောင့် အင်္ဂလိပ်သူခိုးဓားပြတွေ ယုတ်မာပုံ၊ သိက္ခာမဲ့ပုံ၊ အရှက်မရှိပုံကို များများမိန့်တော်မူပါမှ တန်ကာကျပါမယ်ခင်ဗျား"

"သာဓု သာဓု၊ သာဓုပါမောင် သာဓု သာဓု"

အပါးတော်မြဲ၏ ရီဝေမျက်လုံးတွေ ရွှန်းလက်လာသည်။ သို့ဖြင့် စကားဆက်ဖြစ်သည်။

"ဘယ်ရောက်သွားပါလိမ့်၊ ခုနက ပစ္စည်းစာရင်း။ အဲ အင်း ထိပ်စိုက် စိန်ပန်းခိုင်တော်၊ ပါရစ်လုပ် စိန်ပန်းခိုင်တော်၊ စိန်လက်ကောက်တော် ရန်စုံ တစ်။ စိန်လည်ကပ်တော် ကုံးရေ ၂၀။ စိန်ခရာသီ လည်ကပ်တော် လေးကုံး။ စိန်ကြိုးက ဆယ်ကုံး။ စိန်လက်စွပ်တော်ကြီး။ ရိုးရိုးလက်စွပ် မဟုတ်ဘူးနော်၊ အဲသာက ကွင်းရေနှစ်ဆယ်ကွယ့်"

"အဲသာတွေ ပြန်တောင်းဖို့ကောင်းပါသယ် ဝန်မင်းခင်ဗျာ့။ အရှင် နှစ်ပါးက မတောင်းစေကာမူ ဝန်မင်းက တောင်းသင့်ပါသယ် ခင်ဗျား။ ဘာကြောင့်ဆိုတော့၊ မတောင်းလို့ မပေးဘူး ဆင်ခြေပေးမှာစိုးလို့ပါ။ သူတို့က သာမျိုးကို မမြင်ဖူးသဲ့ သူခိုးတွေ မဟုတ်လား"

www.facebook.com/NyisayEbookCreator
www.nyisay.com



"ရွှေနန်းတော်ထဲက နဝရတ်ကိုးပါး စီခြယ်ထားသဲ့ အသုံးအဆောင်တွေမျိုး မဟုတ်ဘူးကွယ့်။ သာတွေက ကိုယ်ပိုင်ပစ္စည်းတွေ"

"မှန်ပါသယ် ဝန်မင်းခင်ဗျာ့။ ကျန်သေးရင် မိန့်တော်မူပါဦး"

"အေး၊ လှော်ကားနဲ့ တင်ပြီး လာရောက်ဆက်သလို့ လှော်ကားတင်လို့ခေါ်သဲ့ ပတ္တမြားနဲ့ကွင်းထားသဲ့ 'လှော်ကားတင် ပတ္တမြားလက်စွပ်တော်'၊ ပြီးတော့ ဘုရင်မင်းမြတ်က အခမ်းအနားနဲ့ ကြိုဆိုပြီး အဆက်အသခံလို့ ကြိုကျောက်တော်ခေါ်သဲ့ 'ကြိုကျောက်ပတ္တမြားကြီး'၊ နောက်ပြီး နန်းစဉ်မောက်လိုပဲ အဖိုးမဖြတ်နိုင်အောင် တန်ဖိုးကြီးသဲ့ 'မောက်ကြီးပတ္တမြား' စုစုပေါင်း အရေအတွက် ၇၉ လကွယ့်"

"စလေဒင် မေ့ချင်ယောင်ဆောင်ပြီး ခိုးသွားသဲ့ မောက်အပြင်၊ လှော်ကားတင်လေးတို့ လှော်ကားတင်ကြီးဆိုသဲ့ ပတ္တမြားတွေလည်း ကျွန်တော့်ဆရာ မိန့်တော်မူဖူးလို့ မှတ်သားဖူးပါသယ် ဝန်မင်း"

မောင်မောင်လှိုင်းက မေးခြင်းဖြစ်သည်။ အပါးတော်မြဲ ဝန်မင်းမှာလည်း ထိုအခါတွင်မှ သတိရဟန်ဖြင့် ခေါင်းညိတ်သည်။

"ဟုတ်သယ် ဟုတ်သယ်။ 'လှော်ကားတင်လေး' ခေါ်သဲ့ ကျောက်တော်ဟာ ရတီ ၂၀ ရှိသကွယ့်။ ဘိုးတော်ဘုရားဘုရင်ရဲ့ လက်ထက်တော်မှာ လှော်ကားနဲ့တင်ပြီး ဆက်သသဲ့အတွက် သည်အမည်ရသကိုး"

"ရတီ ၂၀ ဆို အကြီးကြီးပေါ့နော် ဝန်မင်းခင်ဗျာ့"

"ကြီးပါဘိလားဗျာ။ သို့သော်လည်း သူ့ထက်နှစ်ဆကြီးသဲ့ ပတ္တမြားကြီး ရောက်လာပြန်လေတော့၊ လှော်ကားတင်အမည်က လှော်ကားတင်လေးဖြစ်သွားရသယ်။ ရွှေဘိုဘုန်းပွင့် ကုန်းဘောင်မင်းတရားကြီး ရွှေလက်ထက်တော်မှာ လှော်ကားနဲ့တင်ပြီး ကျောက်ကြီးတစ်ပွင့် လာရောက် ဆက်သပြန်ပါလေရော။ သူ့ကို 'လှော်ကားတင်ကြီး' ခေါ်သကွယ့်။ ရတီ ၄၀ တောင် ရှိသကိုး"

"ဧရာမဟာကြီး နေမှာပါကလား"

www.facebook.com/NyisayEbookCreator
www.nyisay.com


နားထောင်နေသူများ တစ်ယောက်တစ်ပေါက် ရေရွတ်ကြ၏။

"ဆင်မတော်နဲ့ တင်လာပြီးဆက်သဲ့ 'ဆင်မတော်ကျောက်'ဆိုသာ လည်း ရတီ ၄၀ပဲရှိသကွယ့်။ သို့သော်လည်း 'စံကျောက်တော်' ဆိုသာ ကျတော့ ခြောက်ရတီပဲရှိပေမယ့်၊ အရည်အသွေးကောင်းလွန်းလို့ 'စံ'အဖြစ် လက်ကိုင်ပြုရသယ်မောင်တို့"

ခေတ္တငြိမ်သက်သွားပြီးမှ အပါးတော်မြဲ၏အသံ ပေါ်လာပြန်သည်။

"ကုန်းဘောင်မင်းဆက် ရွှေရုပ်တုတော်တွေလည်း ရှိသေးသကွယ့်။ ကျော့ဘုရင် အသက်ရှည်ပါစေ၊ မေရီမိဖုရား ဘုန်းကြီးပါစေ ဆုတောင်းနေကြ သာဟာ၊ သူခိုးဓားပြကို သူခိုးဓားမြမှန်းမသိလို့ ဖြစ်ပါလိမ့်မယ်။ သာကြောင့် အင်္ဂလိပ်ကုလားဖြူဟာ ဓားပြတိုက်သလို ခိုးလည်းခိုးကြောင်း သားစဉ် မြေးဆက် မှာခဲ့ကြပါကွယ်"

မောင်မောင်လှိုင်းမှာ ထိုအမှာစကားကို ကြားယောင်နေသဖြင့် စိတ် မကြည်လင်ပါ။ မြန်မာပြည်သို့ ပြန်လာရ၍လည်း ဝမ်းမသာပါ။ ဤသို့ ရှိနေစဉ် ပုလိပ်များ၏ ရွံ့ရှာစက်ဆုတ်ဖွယ် အပြုအမူနှင့် ကြုံရသောအခါ ပြင်းထန်စွာ ဒေါသဖြစ်၏။ ဒေါသဖြစ်သော်ငြား မျိုသိပ်နေသည်။

ထောင်ထဲတွင် နှစ်ကြီးသမား ကိုစံထွန်းက စောင့်ရှောက်ထားသဖြင့် ဒေါသသည် ပါးပျဉ်းထောင်နေရာမှ ကျစပြု၏။ သူမြင်ရသော ထောင်ကျ လူသစ်များမှာ ဘုတ်ကိုင်၊ သန်ဒေ၊ ၁၂ မှတ်စသူတို့၏ မတရားနှိပ်စက်မှုကို အလူးအလဲ ခံကြရသည်ကို နေ့စဉ်မြင်နေရသဖြင့် ဖြစ်၏။

တစ်နေ့တွင် လူသစ်တစ်ယောက်ရောက်လာ၏။ ဒုစရိုက်မှု ကျူးလွန် သူဟု ပြော၍ ယုံစရာမရှိ။ မိန်းမချော ချော၏။ ဤလူငယ်ကိုကြည့်ကာ ဘုတ်ကိုင်တွေ၊ သန်ဒေတွေ၊ ဘာရာတွေ သွားရည်ကျ၏။

အုန်းဆံထုဖက် ဖိုးဆယ်ကား ရင်ထဲကအဖြစ်ကို မြုံမထားနိုင်။ ဖွင့် ပြောသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"ငလှိုင်းတို့တော့ စားရက်ကြလို့ မှတ်ဆိတ်ကိုပျားစွဲပြီဟေ့"

"ထောင်ထဲမှာ ဘယ်ကပျားလာစွဲရမှာတုန်းဟ"

"ဟိုလူသစ်လေ။ မင်းတို့ တစ်တန်းလုံးက ဝိုင်းပြီး 'အိုးစားဆွယ်' ကြမှာ မြင်ယောင်သေးသကွာ"

"အိုးစား ဟုတ်လား"

"အ ပါ့ကွာ၊ ထောင်သားလုပ်နေပြီး"

ဖိုးဆယ်သည် ယောကျ်ားအချင်းချင်း လိင်ဆက်ဆံမှုပြုသည်ကို ထောင်ဝေါဟာရဖြင့် အိုးစားဆွယ်သည်ခေါ်ကြောင်း ရှင်းပြလိုက်၏။

"အိုးစား အိုးစား"

မောင်မောင်လှိုင်းမှာ တောင့်တောင့်ကြီး ဖြစ်သွား၏။

"သာဟာ သာဟာ၊ ငါတို့ မြန်မာ့တပ်မတော်သားတွေကို စော်ကားသာကွ။ ငါတို့မှာ မရှိအတူ ရှိအတူ သေဖော်ရှင်ဖက် ငါးယောက်အစုကို 'တစ်အိုးစား' ခေါ်သကွ။ ငါးယောက်အစုခေါင်းကို 'အိုးစားကြီး' ခေါ်သယ်။ အခု ယုတ်မာအောက်တန်းကျသဲ့အမှုကို အိုးစားခေါ်သာဟာ တမင်သက်သက်"

ဒေါသဆို့လာသဖြင့် မောင်မောင်လှိုင်း ဆက်မပြောနိုင်။

"အလကားပါ၊ မင့်မြန်မာ့တပ်မတော်"

စကားအဆုံးတွင် ဖိုးဆယ် ပုံကျသွားသည်။

မောင်မောင်လှိုင်းမှာ လက်သီးဖြင့် ထိုးရသည်ကို အားမရသေးဘဲ ဖနောင့်ဖြင့်ပေါက်ပြား၊ ဒုတိယအချက် ပေါက်ခွင့်မရ။ ဘေးနှင့်ရှေ့နောက်မှ ဝိုင်းဆွဲကြသောကြောင့်ဖြစ်သည်။ အရပ်လေးတောင်ရှိသော ထိုးကွင်းမြေစိုက်နှင့် လူရှည်ကြီးသည် ဆွဲလွဲသူများအား ရန်မမူစေကာမူ ယက်ကန်ယက်ကန်ဖြင့် ရုန်းသည်။

"ဟေ့ ဟေ့ လွှတ်လိုက်ကြစမ်း"

အော်ဟစ်သံများကြောင့် ဝါဒါတွေပြေးလာသည်။ ထိုအခါတွင်ကား

www.facebook.com/NyisayEbookCreator
www.nyisay.com


မောင်မောင်လှိုင်းသည် ဆောင့်ကြောင့်ထိုင်လျက် လက်နှစ်ဖက်တန်းလျက် ဒူးပေါ်တွင်တင်ထား၏။

ဆလိုင်းစံထွန်း၏လူလည်းဖြစ်၊ကလန်ကဆန်လည်း မလုပ်သူလည်း ဖြစ်သဖြင့် ဝါတာများမှာ ရိုက်နှက်ကန်ကျောက်ရန် ခက်သွား၏။ သို့ရာတွင် အရေးမယူ၍ကား မဖြစ်ပေ။ သို့အတွက် အလုံတိုက်သွင်းကာ၊ ကော်ကျွေး ထားပြီး နောက်တစ်နေ့တွင်မှ အမှုစစ်ဆေးသည်။

"ကြိမ်ဒဏ်အချက်သုံးဆယ် ကျခံစေ။ မောင်မင်း ဘာ လျှောက်ထား ချင်သလဲ"

"ကျွန်တော်တို့ မြန်မာ့တပ်မတော်သားများကို စော်ကားသဲ့အတွက် ဆုံးမသာမို့ ကျွန်တော့်မှာ အပြစ်မရှိပါဘူး"

"ဟဲ့ကောင်၊ ကျွန်တော်မျိုးလို့ ပြောရသယ်။ အဆုံးသပ်မှာ ဘုရား ထည့်သုံးရသယ်။ ပြင်ပြောလိုက်"

ဝါဒါတစ်ယောက်က တုတ်ဖြင့်ထိုးပြီး သတိပေးငြား၊ မောင်မောင် လှိုင်းသည် ပါးစပ်ပိတ်ထား၏။ ထိုအခါ ကုလားဖြူထောင်ပိုင်ကြီးသည် အမိန့် ထပ်မံ ချမှတ်ပြန်၏။

"တပ်မတော်သားဆိုပါကလား။ သည်ကောင် သူပုန်ဖြစ်ရမယ်။ ဒါကြောင့် နောက်ထပ်ကြိမ်ဒဏ်ဆယ်ချက်တိုးစေ။ ကျွန်တော်မျိုးလို့ မပြောတဲ့ အတွက် နောက်ထပ်ငါးချက်၊ ဘုရား မသုံးတဲ့အတွက် နောက်ထပ် ငါးချက်။ စုစုပေါင်း ကြိမ်ဒဏ်အချက်ငါးဆယ် ကျခံစေ"

"ကုလားဖြူဟာ ကြိမ်ဒဏ်ပေးသာကို စောင့်ကြည့်လေ့ကြည့်ထ မရှိပါဘဲနဲ့၊ ကနေ့ကျမှ စောင့်ကြည့်သဗျာ။ ကြိမ်ရိုက်သဲ့ အကောင်မှာ ကျွန်တော့်ကို အားနာပေမယ့် ညာပြီး မရိုက်ရဲတော့ဘူးခင်ဗျာ"

နားထောင်နေသူအပေါင်းမှာ အသက်သော်မျှ မရှူရဲအောင် စိတ်ဝင် တစား နားထောင်နေကြသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



"မြန်မာ့တပ်မတော်သားတွေကို အညှိုးကြီးလွန်းလို့ ရပ်ကြည့်သာ နေမယ် ထင်ပါသကွယ်"

ဦးဝဲက တုန်တုန်ယင်ယင်ဖြင့် ထင်မြင်ချက်ပေး၏။ ထိုအခါတွင် လျှာရှည်သူမှာ ကျားမနိုင်။

"ကြိမ်ဒဏ်ဆိုသာ ဘယ်လိုပေးပါလိမ့် ဘကြီးခင်ဗျာ"

"အဝတ်တွေချွတ်ပစ်ပြီး၊ တိုင်မှာ လက်နှစ်ဖက် အဖက်ခိုင်းပြီး ကြိုးချည်ထားသကွယ့်။ ပြီးတော့မှ ရေဆွတ်ထားသဲ့အဝတ်ကို ကျောနဲ့တင်ပါးပေါ်မှာ ဖုံးသကွယ့်။ ရိုက်သဲ့အခါမှာ ကြိမ်ကို ဝိုးဝိုးဝိုးဝိုးနဲ့ မွှေ့နေသေးသကွ။ ကိုယ်ပေါ်ကျသွားသဲ့ ကြိမ်ဟာ လူကို ပတ်မိသကွ။ အဲသာကို ဆောင့်ဆွဲသဲ့အတွက် ရင်ဘတ်ပါ စုတ်ကုန်သာပေါ့"

ကျားမနိုင် တောက်တက်ခတ် (တောက်ခေါက်) သည်။ "မတရားသဖြင့် လုပ်တာပါဗျာ" ဟု မြည်ရွတ်သည်။

"ကဲပါကွယ်၊ ဆက်ပြောပါစေ"

မိရှိးက နှပ်ညှစ်ရင်း ငိုသံဖြင့် ပြောသည်။

"အားလုံး စိတ်မကောင်းအောင်လုပ်ရာ ရောက်နေပါပေါ့လားဗျာ။ ဘကြီး ပြောခိုင်းလို့ ပြောရသာပါ။ ကျွန်တော်လည်း...."

ဆလိုင်းစံထွန်းမှာလည်း အက်ကွဲတစ်ဆို့သံကြီးဖြင့် ပြောရာက အသံတိမ်ဝင်သွားလေ၏။

အိမ်ကြီးအောက်ထပ်ဝယ် ခဏတာမျှ တိတ်ဆိတ်သွားရာ အသက်ရှူသံများသာ ကြီးစိုးနေပေ၏။ အတန်ကြာမှ ပေါ်လာသော ဒေါ်မင်းဘော်၏ အသံမှာ "မပြောရင် မဖြစ်လို့ ပြောရသာပဲမောင်ရင်ရယ်။ သလိုမှ မပြောရင် အဒေါ်တို့ ဘယ်လိုလုပ် သိနိုင်ပါမတုန်း" ဟူ၍ ဖြစ်၏။

"စိတ်မကောင်း မရှိပါနဲ့ကွယ်၊ ပြောသာပြောပါ"

ဒေါ်မယ်ငြိမ်းကလည်း နှစ်သိမ့်သည်။

www.facebook.com/NyisayEbookCreator
www.nyisay.com


"ကျွန်တော်တို့ ထောင်သားတွေဆိုသာ၊ လူကြမ်းစိတ်ကြမ်းတွေ ဖြစ်ကြပေမယ့် မကြည့်ရဲလို့ မျက်နှာလွှဲနေသူက များသယ်။ ကာယကံရှင် ဖိုးဆယ်ကိုယ်တိုင်က "တော်ကြပါတော့၊ ကျွန်တော် ကျေနပ်ပါသယ်" သွား ပြောသာတောင် "ဒါ ဥပဒေကွ" ဆိုပြီး ကန်လွှတ် ဆဲလွှတ်ကြသခင်ဗျာ့"

"အလကားပါ ဘကြီးရာ။ လုသဲ့သူခိုးကိုတော့ မဖမ်းဘဲနဲ့ သူခိုးကို ရိုက်သဲ့လူကို ထောင်ချသဲ့ ခွေးဥပဒေ၊ အရူးဥပဒေပါ"

ကျားမနိုင်၏ ဒေါသသံဖြစ်၏။

"တစ်ကိုယ်လုံး သွေးတွေရဲနေပေမယ့်၊ ကိုလှိုင်း တစ်ချက် မတွန့်ဘူး။ အော်ဖို့ဆိုသာ ဝေးရော။ အံ့သဗျာ"

"ဦးမိုးကောင်းရဲ့သားပါကွယ်၊ ဘယ်အော်လိမ့်မတုန်း"

ထိုသို့ ပြောသူမှာ ဦးမိုးကောင်းမဟုတ်။ ဦးဝဲသာဖြစ်၏။

"သို့ပေသည့် အချက်ငါးဆယ်ပြည့်လို့ ကြိုးလည်းဖြုတ်လိုက်ရော၊ အရုပ်ကြိုးပြတ် ပုံကျသွားသာနဲ့ ကျွန်တော် ပြေးပွေ့သယ်။ အဲသာလည်း ကြိုတင် အသနားခံထားလို့ ပြုစုခွင့်ရသာခင်ဗျာ့။ အဲဒါနဲ့ အရိပ်ထဲရွှေ့၊ ယပ် ခတ်ပေး၊ သွေးတွေဆေးနေတုန်းမှာ ထောင်ပိုင်ကြီးက မသွားသေးဘူးခင်ဗျာ့"

"သူက ကုလားဖြူလား"

"ဟုတ်ပါသယ်။ သူက 'ဆေးထည့်ပြီးရင်၊ အလုံထောင်ထဲထည့်၊ ခုနစ်ရက် ကော်ကျွေးထား' လို့လည်းပြောလိုက်ရော၊ အံ့သဗျာ၊ ကိုလှိုင်း ထထိုင်သဗျာ"

"နင်..., နင် မိုက်ရိုင်းလှချည့်လား ခွေး"

"အသံနက်ကြီးနဲ့အော်ပြီး ခုန်လိုက်သာ၊ ထောင်ပိုင်ကြီးအပေါ်ကို ကျသွားပါလေရောခင်ဗျာ"

နားထောင်နေသူများမှာ "ဟယ်" ခနဲ အော်ရုံမှအပ၊ စကားသံ ထွက်မလာပေ။

www.facebook.com/NyisayEbookCreator
www.nyisay.com



"ဘယ်လိုမှ မထင်မှတ်သဲ့အတွက် အမှုမဲ့အမှတ်မဲ့ နေကြတာကလား။ သာကြောင့် မတားဆီး မကာကွယ်နိုင်ကြဘူး။ ကိုလှိုင်းမှာလည်း ဒေါသကြောင့်သာ တစ်ချက်ကောင်း ခုန်နိုင်ပေမယ့်၊ ထိုးကြိတ် သတ်ပုတ်နိုင်သဲ့ အားခွန်ဗလ နည်းနည်းလေးမှ မရှိတော့ဘူးခင်ဗျာ့။ သာပေမယ့် ကိုလှိုင်း ဘာလုပ်သယ် မှတ်သတုန်း"

"ဟုတ်ကဲ့၊ ဘာလုပ်ပါသတုန်းခင်ဗျာ့"

ကျားမနိုင်က စိတ်လှုပ်ရှားစွာမေး၏။

"ကုလားဖြူရဲ့မျက်လုံးကို နှိုက်ပြီး ကုတ်ထားသယ်။ ကုလားဖြူ အော်ဟစ်တွန်းထိုးနေတုန်းမှာ လည်မျိုကို ငုံ့ကိုက်သယ်။ မျက်လုံးကို နှိုက်ထားသဲ့လက် ဘယ်လောက်မြဲသတုန်း၊ လည်မျိုကိုခဲထားသဲ့ ပါးစပ် ဘယ်လောက်ခိုင်သတုန်းဆို၊ သေသာသွားရော ဖြုတ်လို့မရဘူးခင်ဗျာ့"

"ကောင်းသယ်။ ရန်သူကို သလိုလုပ်ရမယ်"

ကျားမနိုင် ဝမ်းသာအားရအော်ပြေား၊ သူ့အမေ မအော်နိုင်ရှာ။ "ဘယ်သူ သေတာတုန်းဟင်" မေး၏။

"နှစ်ယောက်လုံး သေသယ်"

"ဟင် ကိုရင်သေသွားပြီ"

"ဘာယာတွေ၊ ဝါဒါတွေ ဝိုင်းရိုက်လိုက်ကြသာ စိစိညက်ညက် ကြေပေမယ့်၊ ကုလားဖြူရဲ့အသက်ကို မကယ်နိုင်ကြပါဘူး"

ထိုအခါတွင်မှ မိရိုးခမျာမှာ "အမယ်လေး ကိုရင် ဆုံးပါပေါ့လား၊ ကိုရင်ရေ ကိုရင်ရဲ့"ဟု အော်ဟစ်ငိုကြွေး မိလေတော့၏။ မြဖူး၊ မယ်မှုန်တို့ သာမက မိဆယ်၊ ရွှေခက်နှင့် ဒေါ်ဝါး၊ မြမြူး၊ ဒေါ်ငြိမ်းတို့ပါ ကျုံးငိုကြရာ၊ သွေးသောက်စုရွာ၏ ညဦးယံမှာ ငိုသံများလွှမ်းလေ၏။

ဆလိုင်းစံထွန်းနှင့် ဦးဝဲတို့လည်း တဟီးဟီး အသံထွက်လျက် ငိုကြွေးကြပြေား၊ ကျားမနိုင်သည် အံကြိတ်၏။ လက်သီးဆုပ်၏။ တောက်

www.facebook.com/NyisayEbookCreator
www.nyisay.com



ခေါက်၏။ အံကို ကျွတ်ကျွတ်မြည်အောင် ကြိတ်၏။

ဒေါ်မင်းဘော်ကား သတိရှိ၏။ ငိုသံစဲလျှင် "ကဲ ကဲ မောင်စံထွန်း လည်း ခရီးပန်းလာရှာသယ်၊ အိပ်ပါစေ။ ဒါထက် နှစ်ရက်သုံးရက် နားနား နေနေ နေပါဦးလားကွယ်" ဟု ပြောသည်။

"ကျွန်တော့်ဇနီး၊ သားသမီးတွေကို ရှာရဦးမှာမို့ မနက်စောစောပဲ ခရီးဆက်ပါရစေတော့အမေ"

"အေးကွယ်။ သာဖြင့်လဲ ဟဲ့ သမီးမြဖူး။ ညည့်ခဲအိုရဲ့ မိတ်ဆွေ အတွက် လမ်းမှာစားဖို့ ထမင်းဟင်း စီမံထားပါအေ"

ကိုစံထွန်းလည်း မယ်မှုန်တို့လင်မယား ပြင်ပေးသော အိမ်ပေါ်ထပ်ရှိ အိပ်ရာသို့တက်ခဲ့၏။ မိသားစုကြီး သုံးစုလုံး ငိုကြွေးအောင် လုပ်ရာရောက် ချေပြီလော သူ သံသယဖြစ်၏။ သို့ရာတွင် "ငါ့ရောင်းရင်း မှာခဲ့သာကို ငါ သစ္စာရှိရှိ ဆောင်ရွက်သာပဲ"ဟု စိတ်ကိုဖြေမိချိန်တွင်ကား သူ အိပ်ပျော်လေပြီ။

အိပ်ရာမှ နိုးလာချိန်တွင်လည်း ဤအိမ်တွင် အနိဋ္ဌာရုံတစ်ရပ် ဖြစ်ပွား နေပြီကို သူ မသိ။

မသိသည့်အလျောက် နံနက်စောစောထကာ ခရီးဆက်သည်။ ကျားမနိုင် လှည်းပြင်ထားသည်ကိုပင် သူ ငြင်းသည်။ အဘိုးကြီးအိုနှင့် အဖွားကြီးအိုတို့ အိပ်နေသည်ကို ကန်တော့ပြီးနောက် လာလမ်းအတိုင်း ပြန်သွားလေ၏။

www.facebook.com/NyisayEbookCreator
www.nyisay.com

# ၄

"သမီးရေ ညည့်အဖေ အိပ်လှချည်လား၊ ဘယ်အချိန်ရှိပတုန်း"

"နေထန်းတစ်ဖျားကျော်ပြီ အရီးရေ့"

မမြဖူးသည် ချွေးမအား မျက်စောင်းတစ်ချက်ခဲကြည့်လိုက်ပြီးနောက် ဒေါ်မင်းဘော်၏ရှေ့သို့ ရောက်လာသည်။ မီးညှိအောင် ညှိလာသည့် ဆေးလိပ်ကို ဒူးတုပ်လျက် လက်နှစ်ဖက်ဖြင့် ကမ်းပေး၏။

"နေများ မကောင်းရှာ့လားအေ။ နိူးစမ်းပါဦး"

ဥနဲ့ရိုးနှင့် ဆေးရိုးစစ်ရောထားသည့် ဆေးစပ်ကို အရသာခံ ဖွာရှိုက်ရာက ပြောသည်။ မီးဖိုဘက်သို့ ခြေဦးလှည့်ရာက မမြဖူးသည် ဦးမိုးကောင်း၏ အိပ်ရာခြေရင်းသို့ရောက်သွား၏။

"အဖေ။ နေမြင့်ပြီ အဖေရေ့၊ မထသေးဖူးလား"

ချောင်းဟန့်သံ ပေါ်မလာ၊ ချိုးချိုးချွတ်ချွတ် မကြားရ။

"အဖေ၊ အဖေ"

www.facebook.com/NyisayEbookCreator
www.nyisay.com



မမြဖူးသည် ပိတ်ခြင်ထောင်ထဲသို့ လက်နှိုက်ပြီး ခြေထောက်ကို ဆုပ်နယ်လိုက်ရာ တုန်ခနဲဖြစ်သွားကာ အလျင်အမြန် ဆုတ်သည်။ "အမေ၊ အမေ" အော်ကာ ဒေါ်မင်းဘော်ရှေ့သို့ရောက်သွားသည်။ တုန်ယင် ထစ် ခိုက် ပြောသည်။

"အမေ၊ အမေ ဘယ်… ဘယ်လိုဖြစ်သယ် မသိဘူး၊ အေး… အေးစက် နေသာပဲ။ အမေ ကြည့်… ကြည့်… ကြည့်ပါဦး"

"ခြေထောက်ကို စောင်မပတ်ဘဲ အိပ်သာကိုး"

မြည်တွန်သံတစ်ဝက်ဖြင့် ဒေါ်မင်းဘော် ထလိုက်လာသည်။ အသံ ပြုရင်း ခြေထောက်ကိုပုတ်သည်။ ဆောင်းတွင်းညသိပ်ရေနွယ် အေးစက်နေပါ တကား။

ရင်ထဲတွင် အိုးထိန်းစက်ကြီး လည်ပတ်နေသည်သို့ ခံစားရငြား၊ ဒေါ်မင်းဘော်သည် ကွပ်ပျစ်ပေါ်သို့ တက်သည်။ ခြင်ထောင်ကို တွန်း ဖယ်သည်။

"မောင်ကြီး၊ နေမြင့်ပြီလေ"

လက်မောင်းကို ကိုင်လှုပ်ပြီးပြောသည်။ ဒေါ်မင်းဘော် ကိုင်လိုက် သော လက်မှာ ပျော့ပျော့အိအိ ပူပူနွေးနွေး မဟုတ်။ အေးစက် မာကြော နေသည်။

"ဦးဇင်းကို သွားပင့်ချေကြစမ်း။ ဟဲ့ မိဝါးတို့၊ မိငြိမ်းတို့၊ ငဝဲ"

ဒေါ်မင်းဘော် တုန်လှုပ်စွာ အော်သည်။ မျက်နှာ၊ လည်ပင်းတို့ကိုပါ တစ်ဆက်တည်း ကိုင်တွယ်စမ်းသပ်သည်။ ဆောင်းနံနက်စောစော ကိုင်တွယ် မိသော သောက်ရေအိုးရေနွယ်ပါတကား။

မိရိုး အပြေးအလွှားရောက်လာသည်။ ဖအေကို ပွေ့ထူသည်။ လူ တစ်ယောက်အဖြစ် ပါမလာ။ ဝါးခြမ်းပြားတစ်ချောင်းအလား အတောင့်သား ပါလာ၏။

www.facebook.com/NyisayEbookCreator
www.nyisay.com


"အဖေ အဖေ။ အမယ်လေး အမေရဲ့၊ အဖေမရှိတော့ဘူး"

မိရိုးနှင့် မြဖူးတို့၏ငိုသံသည် သွေးသောက်စုရွာ၏ နံနက်ခင်းကို ဖုံးလွှမ်းသွားပြန်လေ၏။

မကြာမီ ဦးဇင်းကျိုင်းကြွလာကာ ကမ္မဋ္ဌာန်းကျောင်းကြီး၏ ခေါင်းရင်းတွင် ထိုင်သည်။ သူသည် သူ့အထက်က တစ်ယောက်ကျော် နောင်တော်ကြီး ကွယ်လွန်သည်ကိုလည်း မသိသေး။

"ဘယ်လိုက ဘယ်လို စဖြစ်သာတုန်း။ ဘာရောဂါတုန်း"

"ဘာရောဂါမှ မည်မည်ရရ မရှိပါဘူးဘုရား။ တပည့်တော်မအထင်ကို ပြောရရင် ရင်ကွဲနာကျပြီး အသက်ပျောက်သယ် ထင်သာပါပဲ။ အိပ်ရာထဲ ဝင်လှဲကတည်းက အသံထွက်မလာပုံထောက်ရင် သူ့သားကြီး ငရွှေလှိုင်း အသေဆိုးသေရပုံကိုကြားရပြီး ရင်ကွဲနာကျသယ် ထင်သာပါပဲဘုရား"

ဒေါ်မင်းဘော်မှာ သမီးနှင့် ချွေးမကဲ့သို့ကား သည်းသည်းထန်ထန် မငိုကြွေး၊ မျက်ရည်တစ်စမ်းစမ်းဖြင့်ကား ငိုသည်။ ငိုရင်းက ပြောသည်။

ကမ္မဋ္ဌာန်းကောင်ကို ရေချိုးပေးနေသူများ၊ ကန္နားဖျင်းထိုးသူများ၊ အသုဘပြင်ရန် ကုတင်ထမ်းလာသူများ၊ အမေးအမြန်း လာသူများသည် စုတ်တသပ်သပ်နှင့် တအံ့တသြဖြစ်ကြရသည်။

ဒေါ်မင်းဘော်သည် ခါးပိုက်နှိုက်ခံရမှုဖြင့် ထောင်ကျသော သား သတင်းကို သားပဥ္စင်းအား ဖောက်သည်ချသည်။ ဦးပဥ္စင်းမှာ တရားရှင် ဖြစ်သောကြောင့် အံ့မကြိတ်၊ တက်မခေါက်။ သို့ရာတွင် မျက်နှာညှိုးသည်။ မယ်တော်ကြီး၏စကားအဆုံးတွင်ကား တရားစကား ဆိုနိုင်ပါသေးသည်။

"ဥပစ္ဆေဒကကံပါလို့ နောင်တော်ကြီးခမျာ သည်လိုသေရပါကလား၊ သေနေ့စေ့လို့ ဒကာကြီး သေရပါကလားလို့ တရားသဘောနဲ့ ဆင်ခြင်ရင် အပူသက်သာသံပေါ့။ သို့ပေမယ့် နောင်တော်ကြီး ထောင်ကျရသာ မတရား သလို သေရသာလည်း မတရားဘူး။ ဦးဇင်းတို့ သာသနာပြုမင်းများရဲ့

www.facebook.com/NyisayEbookCreator
www.nyisay.com

လက်ထက်တော်မှာ သည်ဟာမျိုးမရှိဘူး။ သည်လို မတရားလုပ်သာကို ခံရသာဟာ သူတစ်ပါးလက်အောက်"

"အရှင်ဘုရား။ အစိုးရဆန့်ကျင်ရေး မပြောပါနဲ့ဘုရား"

ကြားဖြတ်ပြောသူမှာ သူကြီးကိုပွေးဖြစ်သည်။ အသံလာရာသို့ ဦးပဥ္စင်း လှမ်းကြည့်သည်။

"ဩော် ဒကာ ငပွေးပါလား"

"မှန်ပါသယ်ဘုရား။ ပြည်ပိုင်အစိုးရမင်းများကိုဆင်းရဲသားကျွန်တော်မျိုးများ အကြည်ညိုပျက်အောင် ပြောဟောရင် ပုဒ်မ တစ်ရာ့ဘယ်လောက်ဆိုလားနဲ့ အဖမ်းခံရပါလိမ့်မယ်။ ရပ်ဆွေရပ်မျိုးလို ဖြစ်နေတာမို့ သတိပေးသာပါ"

"ပုဒ်မ ၁၂၄ (က)ပါ သူကြီးရာ။ အခု ဘုန်းကြီးပြောသဲ့အထဲမှာ ပါပမင်းကို ထိခိုက်သာ ဘာများပါလို့တုန်း"

"သာသနာပြုမင်းလက်ထက်မှာ သာမျိုးမရှိဘူး။ မတရားလုပ်သာဆိုသဟာတွေဟာ ထိခိုက်သဘုရာ့"

"သည်လိုမတရားလုပ်သာကို ခံရသာဟာ၊ သူတစ်ပါးလက်အောက်မှာ ကျွန်သားပေါက်ဖြစ်နေရလို့ပဲလို့ နှလုံးသွင်းရင်လည်း ဖြစ်သယ်လို့ ကျုပ်ပြောမလို့ပါသူကြီး။ ဆုံးအောင် နားထောင်မှပေါ့"

"စကားတတ်တိုင်း လှည့်ပြောမနေနဲ့ကိုယ်တော်။ ဘုန်းကြီးနဲ့ လူ့ကိစ္စနဲ့ ဘာမှ မဆိုင်ဘူး။ တပည့်တော်ဟာ အရေးပိုင်မင်း ချီးမြှင့်တော်မူသဲ့ ငွေဖလားနဲ့ ငွေဓားရ သူကြီးမင်းဘုရာ့။ နှစ်လုံးပြူးကြီးလည်း ရှိသာကို သတိထားပါ"

ဒေါ်မင်းဘော်မှာ သူကြီးကိုမနှစ်မြို့ပြား၊ မတားဆီးရဲပေ။ သို့အတွက် မျက်ရည်သုတ်ရင်းက "မောင်ပဥ္စင်း၊ မန္တလေးနဲ့ ရေနံချောင်းက မြေးနဲ့သမီးကို စာရေး အကြောင်းကြားပြီး စောင့်ဦးမလား" ဟု ကြားဖြတ်မေး၏။

www.facebook.com/NyisayEbookCreator
www.nyisay.com



"စာသွားဦးမှာနဲ့၊ လူလာနေရဦးမှာနဲ့ ခုနစ်ရက်လောက် ကြာမယ် ထင်သယ် ဒကာမကြီး။ သူတို့ရောက်လာတော့လည်း သေသူက ပြန်မရှင်နိုင်ပါဘူးလေ။ ရပ်ထဲရွာထဲမှာ အလောင်းကြီးထားရသာ မတင့်တယ်ဘူး"

"ဟုတ်သယ် ဟုတ်သယ်။ ဘုန်းကြီးပြောသာ မှန်သယ်။ တပည့်တော်ကလည်း သုံးရက်ထက်ပိုပြီး ခွင့်ပြုဘူး"

သူကြီး ဦးငပွေး၏စကားကို ဦးဇင်းကျိုင်း မတုံ့ပြန်ပေ။

"ကျုပ်သဘော ပြောရရင် ဒကာမကြီးရေ၊ အခု ကံကုန်သယ်။ ချက်ချင်း သုဿန်ပို့ သင်္ဂြိုဟ်။ ပြီးပြီ။ မတင့်တယ်လို့ အသုဘခေါ်သဲ့ အသုဘကြီးကို ရေမိုးချိုး ဝတ်ကောင်းစားလှတွေ ပြင်ဆင်ထားကော အသုဘက သုဘဖြစ်လာမှာ မဟုတ်ပါဘူးလေ"

ဒေါ်မင်းဘော်မှာ သားပဥ္စင်း၏စကားကို ပယ်ရှားရန် ဆန္ဒမရှိပြား၊ ရပ်ဝေလေ့ရွာဝေလေ့နှင့် လူငယ်လူလတ်တို့၏ သဘောထားကို မသိပေ။

"မောင်ပဥ္စင်းပြောသာ မှန်ပါရဲ့။ သို့သော်လည်း ရပ်နဲ့ရွာနဲ့ နေသာ ဘုရား။ သူတို့ဆန္ဒကို ပယ်လို့သင့်ပါ့မလား"

ထိုသို့စကားစလိုက်သည်နှင့် ကာလသားခေါင်းကြီးက ဒေါ်မင်းဘော်၏ ဘေးသို့ လာရောက်ထိုင်၏။

"တပည့်တော်တို့ရွာရဲ့ ရွာမိရွာဖ ဘုရားဒကာ၊ ကျောင်းဒကာကြီးကို သူလိုငါလို မသင်္ဂြိုဟ်နိုင်ဘူးဘုရား"

"ဟုတ်သယ်၊ အနည်းဆုံး သုံးဆောင်တွဲပြာသာဒ်နဲ့မှ တင့်တယ်မယ်"

"မင်းလှနဲ့ ဆင်ပေါင်ဝဲက ဆိုင်းနှစ်ဖွဲ့ ငှားမယ်"

ကာလသားခေါင်းက စတင်လိုက်သည်နှင့် နောက်ပါကာလသား များ၏ သဘောထားများ ပွင့်လာကြသည်။

"မင်းလှဆိုင်းကို ငှားမှဖြစ်မယ်။ ယောင်ကျူးသဲ့ မင်းသားမင်းသမီးက အဲသည်ကမှ ကောင်းသာတော့"

www.facebook.com/NyisayEbookCreator
www.nyisay.com


ဆင့်ထပ်လာသူမှာ အပျိုခေါင်း မယ်ကြွက်ဖြစ်၏။

"ဆိုင်းပြိုင် ငှားမယ့်အစား၊ ပွဲငှားရ မကောင်းဖူးလား"

"ကောင်းသာပေါ့တော်။ ဘုရားဒကာ၊ ကျောင်းဒကာကြီးကို နောက်ဆုံး အနေနဲ့ ပြုစုကြရသာ"

ဦးဇင်းကျိုင်း မနေသာတော့ပါ။ လျှောဆင်းနေသည့် ကေသီကို ပခုံးပေါ် ပစ်တင်သည်။ လက်ဝါးကာပြသည်။

"တော်ကြ၊ တော်ကြ။ သေသူရဲ့ ရုပ်ကလာပ်ကိုကြည့်ပြီး မရဏာနုဿတိကို ဆင်ခြင်ရမယ့်အစား၊ မမြဲသောတရားကို ရှုပွားထိတ်လန့်ရမယ့် အစား ပျော်ပါးမြူးထူးသာ မတော်ပါဘူးလေ"

"တပည့်တော်တို့ရဲ့ ရုပ်မိရုပ်ဖမို့ နောက်ဆုံးပြုစုသာပါဘုရား"

ကာလသားခေါင်းက ဆင်ခြေပေး၏။ ဦးဇင်းကျိုင်း ခေါင်းညိတ်ပြ သော်ငြား လက်ခံခြင်းမဟုတ်။

"ဒကာတို့ ဆိုင်းသွားငှားမှာနဲ့ ဆိုင်းသွင်းပွဲသွင်းနေဦးမှာနဲ့ဆို အနည်းဆုံး ငါးရက်ထားမှဖြစ်မယ်။ သူကြီးပွေးက သုံးရက်ပဲ ထားခွင့်ပြုမယ်တဲ့ ကဲ"

"ဆိုင်းပါရင် ပွဲပါရင်၊ တပည့်တော် စဉ်းစားပေးမှာပေါ့ကိုယ်တော်"

သူကြီး၏စကား ရှေ့နောက် မညီ။ ဦးပဥ္စင်းသည် သူကြီးအား တစ်ချက် စိုက်ကြည့်လိုက်ပြီးမှ အုံလာသူများကို လည်ဆန့် ဖြန့်ကြက် ကြည့်၏။

"ဘုန်းကြီးတို့ရဲ့ ဂျီစီဘီအေ မြန်မာအသင်းချုပ်ကြီးဟာ သည်အချက်ကို မကြာခဏ သတိပေးခဲ့သယ် ဒါယကာ၊ ဒါယိကာမတို့။ အသင်း ချုပ်ကြီး ပေါ်ပေါက်မလာခင်၊ ဗုဒ္ဓဘာသာ ကလျာဏယုဝအဖွဲ့ ဘဝတုန်းကလည်း ဦးဇင်းတို့တစ်တွေ တစ်လွဲဆံပင်ကောင်းသဲ့ သည်အချက်ကို ကွန်ဖရင့်ကြီးတွေမှာ မကြာခဏ ထည့်သွင်းသတိပေးခဲ့သယ်"

သူကြီးသည် စိတ်ဝင်စားစွာဖြင့် နေရာပြင်ထိုင်၏။

www.facebook.com/NyisayEbookCreator
www.nyisay.com


"ဘယ်လို သတိပေးသတုန်းဘုရား၊ ကြားပါရစေ"

"လူအသုဘ၊ ဘုန်းကြီးပျံတွေ၊ အလှူအတန်းတွေမှာ အပျော်အပါးတွေကို ဦးစားပေးသဲ့အတွက်၊ စီးပွားဥစ္စာ ကုန်ခန်းလျော့ပါးသယ်တဲ့။ သည်ပွဲလမ်းသဘင်တွေမှာ ပျော်ရွှင်နေသဲ့အတွက် အလုပ်အကိုင်ပျက်သယ်။ အဲသလို ကျုပ်တို့က ပျော်ရွှင်ပြီး စီးပွားဥစ္စာကုန်ခမ်းနေတုန်းမှာ၊ လူမျိုးခြားတွေက စီးပွားဥစ္စာကို ကျုံးပြီးရှာသဲ့အတွက် ကျုပ်တို့မြန်မာ တိုင်းရင်းသားတွေမှာ သူတို့ရဲ့ လက်အောက်ခံဖြစ်လာရသယ်"

"တစ်ခါတလေ ပျော်သာနဲ့တော့ မမွဲပါဘူးဘုရား"

သူကြီးက ပြောခြင်းဖြစ်သည်။

"ကွင်းပြင်ကြီးထဲမှာ နှင်းအစိုစို လေအတိုက်တိုက်နဲ့ ညဉ့်လုံးပေါက်ပွဲကြည့်သာကြောင့် ကျန်းမာရေးလည်း ထိခိုက်ပြန်ကရော။ သို့လို စီးပွားရေး၊ ကျန်းမာရေးပါ ထိခိုက်သဲ့အတွက် ကျုပ်တို့ ဂျီစီဘီအေ အဖွဲ့ချုပ်ကြီးက အဲသာတွေကို ဆင်ခြင်ဖို့ သတိပေးသာ သူကြီးရေ့"

"မြို့သားတွေက လူနုတွေဘုရား။ နေထိမခံ လေထိမခံတွေ။ တပည့်တော်တို့ တောသူတောင်သားတွေက နှင်းကျတာများတော့ အပျော့အပျော့"

သူကြီးက ဟားတိုက်သောအခါ ကာလသားများ ရယ်မောကြသဖြင့် သူကြီး အားတက်လာသည်။ "လုပ်ကြပါစေဘုရား၊ တစ်ခါတလေဟာကို"ဟု ဆိုသည်။

"မဟုတ်ဘူးသူကြီး၊ မဟုတ်ဘူး"

ဦးပဋ္ဌင်း ခေါင်းတယမ်းယမ်းပြောသည်။

"ဇာတ်ပွဲကို အကြောင်းပြုပြီး လောင်းကစားဝိုင်းတွေ၊ ခိုက်ရန်ဒေါသဖြစ်မှုတွေ၊ ခိုးဝှက်လုယက်မှုတွေ"

"ကိုယ်တော် ဘာမှမပူနဲ့။ အထူးအာဏာရ ငွေမား၊ ငွေဖလားရ၊ နှစ်လုံးပြူးရ သူကြီးကိုယ်တိုင် စောင့်ရှောက်သွားမှာ။ ပွဲခင်းထဲမှာ ထိတ်တုံး

www.facebook.com/NyisayEbookCreator
www.nyisay.com


ငါးတုံးလောက်ချထားမယ် ဟင်း"

"တယ်လည်း အပြောရခက်ပါကလား။ ကဲ ကျုပ် ရှင်းရှင်းမေးမယ်။ ကျုပ်ခမည်းတော် ကံကုန်သာကို သူကြီး ဝမ်းသာသလား ဝမ်းနည်းသလား"

"ကိုယ်တော်ဟာ ဝံသာနုဘုန်းကြီးပီပီ အတော်ကတတ်ဖွဲ့ မေးတတ်ပါကလား"

ပါးစပ်တွင်း သွင်းလုလုကွမ်းယာကို မသွင်းသေးဘဲ "မေးသာပဲ ဖြေပါလေ" ပြောပြီးမှ ကွမ်းဝါး၏။

"ဘယ်လိုလုပ်ပြီး ဝမ်းသာမှာတုန်းကိုယ်တော်"

"ဟိုကာလသားခေါင်းနဲ့ ကာလသမီးခေါင်းတို့လည်း ဖြေကြပါဦး"

"သူကြီး အမိန့်ရှိသလိုပါပဲဘုရား"

"ဦးဇင်းကလည်း ကိုယ့်ရပ်မိရပ်ဖ သေတာ ဝမ်းသာပါ့မလား"

စဉ့်ထွေးခံကို လှမ်းယူကာ ကွမ်းတွေးထွေးပြီးမှ ဦးပဋင်း စကားတုံ့ပြန်သည်။

"ဆိုင်းတည်ညဲ ပွဲတခြိမ့်ခြိမ့်ဟာ၊ ပျော်ရွှင်သဲ့ လက္ခဏာပဲဒကာ။ သွေးသောက်ကြီးဦးမိုးကောင်း သေသဲ့အတွက် တစ်ရွာလုံး ပျော်သဲ့သဘောမဆောင်ပေဖူးလား"

စကားဝိုင်းမှာ ရုတ်ချည်း အ သွားလေ၏။ ကာလသား ကာလသမီးများ တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ကြသည်။ သူကြီးမူ ဝံသာနုဘုန်းကြီးကို အညံ့မခံလို။

"ရပ်တကာရွာတကာမှာ တတ်နိုင်ရင် သလိုပဲ လုပ်ကြသာပဲဘုရား။ ပူဇော်ထိုက်သူကို ပူဇော်သာပါ"

"ဟုတ်ပါပြီလေ။ ဂုဏ်လဲကြီး အသက်လည်း ကြီးလို့ဆိုပါတော့"

သူကြီး ခေါင်းညိတ်သည်။

"သလိုဆိုရင် ကျုပ် ဒကာကြီးဆီကို သဿမေခွန်တောင်းသဲ့ စာထဲမှာ

www.facebook.com/NyisayEbookCreator
www.nyisay.com



ဘာပြုလို့ ဦးမိုးကောင်းမရေးဘဲ 'ငမိုးကောင်း' လို့ ဘာကြောင့် ရေးသတုန်း"

"အဲသာ ထုံးစံဘုရာ့"

"ဦးမိုးကောင်းလို့ မရေးရဘူးဆိုပြီး ကုလားမင်းက အမိန့်ထုတ်မထား ပါဘူး သူကြီးရာ။ ကျုပ်တို့ ဂျီစီဘီအေ မြန်မာအသင်းချုပ်ကြီးက သည်လို အဂါရဝဖြစ်သဲ့ အရေးအသားကို ကန့်ကွက်ထားသယ်"

"အရှင်ဘုရားဟာ ဝံသာနုဘုန်းကြီးပဲ"

ဦးဇင်းကျိုင်းသည် နီရဲနေသည့် သွားတွေပေါ်အောင် ပြုံး၏။

"ဝံသဆိုသာ အမျိုးကိုခေါ်သယ်သူကြီး။ အနုရက္ခိတဆိုသာ အစဉ် စောင့်ရှောက်သာ။ အဲသာကြောင့် ဝံသာနုရက္ခိတ တရားဆိုသာ 'အမျိုး ဘာသာ သာသနာ ကြီးပွားကြောင်း' အစဉ်စောင့်ရှောက်သာလေ။ အဲသာကို အတိုကောက် ဝံသာနုခေါ်သာပဲ။ ကျုပ် ဝံသာနုဘုန်းကြီး ဘာဖြစ်သတုန်း"

သို့စဉ်တွင် ဒေါ်မင်းဘော်က "ခေါင်းပျဉ်အတွက် ဘယ်အပင်လှဲရ ကောင်းမတုန်းဦးဇင်း" ဟု ဖြတ်မေး၏။

"ခေါင်းပျဉ်နဲ့ ကျုပ်နဲ့ ဘာဆိုင်သတုန်း"

ထိုသို့ တုံ့ပြန်ခံရသဖြင့် ဒေါ်မင်းဘော်မှာ သူ့တူမြတ်သာဦးကို လှမ်း ကြည့်သည်။ မြတ်သာဦးသည် ငမန်းစွယ် လွှကြီးကိုထမ်းထား၏။ သူ့ ဘေးတွင် ရဲတင်းကိုင်၊ ဓားကိုင်၊ ပုဆိန်ကိုင်၊ သပ်အိတ်လွယ်များ ရပ်လျက်၊ ဒေါ်မင်းဘော်၏ အဆုံးအဖြတ်ကို စောင့်နေကြ၏။

"ချောင်းနားလယ်က လက်ပံပင်ကြီး မကောင်းဖူးလား အမေကြီး"

ကျားမနိုင်၏အမေး ဖြစ်၏။

"အရိပ်အာဝါသ ကောင်းက ကောင်းသနဲ့ နမြောစရာ"

မိရိုးက ဝင်ပြောသည်။

"တောင်ဘက်လယ်က သရက်ပင် မကောင်းဖူးလား။ ပိုသဲ့ပျဉ်ကို ဇရပ်မှာ သုံးရသာပေါ့"

www.facebook.com/NyisayEbookCreator
www.nyisay.com



"အေး အေး၊ ကောင်းသယ်"

မြတ်သာဦးတို့ သစ်ပင်လှဲမည့် ပျဉ်ခွဲမည့် အဖွဲ့ထွက်သွားသောအခါ နောက်တစ်ဖွဲ့က ရှေ့သို့တိုးလာ၏။ 'စပ်' သမားများဖြစ်၏။

"သုံးဆောင်တွဲဆိုရင် ဝါးတစ်ရာတော့ ကုန်မယ်"

"ခဏဆိုင်းပါဦးနော်"

ဒေါ်မင်းဘော်သည် ဦးဆောင်ပြောသူအား တောင်းပန်ပြီးနောက် ဦးဇင်းကျိုင်းဘက်သို့ မျက်နှာပြန်လှည့်လာ၏။

"ဘယ့်နှယ်လုပ်မတုန်းမောင်ပဥ္စင်း။ ကလေးတွေက စပ်သမားတောင် ခေါ်လာပြီ။ 'တစ်လုံးခေါင်း' လုပ်မလား၊ သုံးဆောင်တွဲ လုပ်မလား"

"အများသဘောသာ မေးပြီးလုပ်ပါလေ"

မကြည်မသာ လိုက်လျောပြီးမှ "အလဟဿ ငွေကြေးကုန်ကျရဦး မှာပါကလား" ညည်းတွား၏။

"သူတို့ဘာသာသူတို့ နှမ်းစုပဲစု ရေတတ်စုပြီး ငှားလာသာပါ ကိုယ်တော်။ ကိုယ်တော်တို့က ကုန်ကျရမှာ မဟုတ်ပါဘူး"

သူကြီးက ထရန်ဟန်ပြင်ရင်း ပြော၏။

"ဘယ်သူပဲကုန်ကုန် အလဟဿဖြစ်သာကို ကျုပ်ပြောနေသာ သူကြီးရ။ ကျုပ်တို့ ဂိုစီဘီအေ အသင်းချုပ်ကြီးက အမြော်အမြင်ကြီးစွာနဲ့၊ သည်ကိစ္စ တွေမှာ သဘောထားမမှားဖို့ တိုင်းသူပြည်သားတွေကို သတိပေးထားသာ ပါကလား"

"ကိုယ်တော့်မလဲ တစ်ခါလာ ဂိုစီဘီအေ၊ တစ်ခါလာ ဂိုစီဘိုအေနဲ့ တစ်နေ့နေ့ ဒုက္ခတွေ့မနော"

"ပါပမင်းလုပ်သမျှ ခေါင်းငုံ့ခံနေရသဲ့ဘဝက၊ မြန်မာအမျိုးသားတွေ ခေါင်းထောင်ဝံ့အောင် နှိုးဆော်ပေးသဲ့ ကျုပ်တို့ အသင်းကြီးအကြောင်းကို ပြောသာဟာ ဒီမိုကရေစီဗျ၊ သူကြီးရ"

www.facebook.com/NyisayEbookCreator
www.nyisay.com



သူကြီး၏မျက်နှာတွင် ရွံရှာစက်ဆုတ်သည့် အရိပ်အယောင် ပေါ်လာတော့သည်။ မိမိပင်လျှင် ဒီမိုကရေစီဟုပြောသံကို တစ်ကြိမ်သာကြားဖူး၏။ ယခု သည်ဘုန်းကြီး စွာလုချည့်ငါကားဟု အတွေးဝင်၏။ သို့အတွက် ခြေတစ်လှမ်း လှမ်းပြီးခါမှ ပြန်လှည့်၏။

"ဒီမိုဂလေဇီ'ဟုတ်လား ကိုယ်တော်"

"ဒီမိုကရေစီပါ သူကြီးမင်းရဲ့"

"ဟုတ်ပြီ။ အဲသာက ဘာတဲ့တုန်း"

"လွတ်လပ်စွာ အသင်းအပင်း ဖွဲ့စည်းခြင်း၊ လွတ်လပ်စွာ ဟောပြောတာ၊ လွတ်လပ်စွာ စည်းဝေးတာ၊ လွတ်လပ်စွာ ရေးသားတာ၊ လွတ်လပ်စွာ တွေးခေါ်ကြံဆတာ၊ အဲ သူတစ်ပါးကိုတော့ မထိပါးရဘူးပေါ့သူကြီးရာ"

သူကြီးမှာ ချေပစရာစကား၊ နောင့်ယှက်စရာစကားကို တွေး၍မရသဖြင့် "ဟင်း"ခနဲ နှာမှုတ်သံပေးလျက် ထွက်ခွာသွားလေလျှင် သူ့ကျောနား၌ ကပ်လျက်ရပ်နေသူနှစ်ယောက်လည်း လိုက်ပါသွားလေ၏။

ထိုအချိန်တွင် ကုတင်ရောက်လာသဖြင့် ဦးမိုးကောင်း၏ ရုပ်ကလာပ်ကို ကုတင်ပေါ်သို့တင်ကြ၏။ အဝတ်သစ်ကို ကိုယ်ပေါ်တွင်လွှားလျက်၊ ခြေမနှစ်ချောင်းကို ကြိုးဖြင့် ပူးချည်ထား၏။ အသက်ကုန်ချိန်က ဟနေသော ပါးစပ်ကို ပိတ်၍မရ။ သို့အတွက် မေးစေ့အောက်တွင် အဝတ်ခုထားရသည်။

ဦးပဥ္စင်းကျိုင်းမှာ ကွပ်ပျစ်အနီးရှိ ခုံတန်းလျားပေါ်သို့ ရွှေ့ထိုင်၏။ သူနှင့် သူကြီး အချီအချ ပြောနေကတည်းက စိတ်ဝင်စားစွာ နားထောင်နေခဲ့သူ သုံးဦးသည် ဖျာကြမ်းတစ်ချပ်ဆွဲလာပြီး ခုံတန်းလျားဘေးတွင် ထိုင်ကြ၏။ မောင်ဘဟန်နှင့် ဦးသောင်၊ ငမြတို့ဖြစ်ကြ၏။

"ခုနက ဦးဇင်း မိန့်တော်မူသဲ့ အသင်းချုပ်တို့၊ အဖွဲ့တို့ဆိုသာ ဘာတွေတုန်းဘုရား"

ဤသို့ဖြင့် ဦးဇင်းကျိုင်းမှာ ဝံသာနုတရားကို မဟောနိုင်မပန်းနိုင်

www.facebook.com/NyisayEbookCreator
www.nyisay.com


ဟောပြောဖြစ်ရာ ကိုယ်ပိုင်အုပ်ချုပ်ရေးအတွက် အရေးဆိုသော ဒယ်လီဂိတ်များ အကြောင်းနှင့်၊ ဂျီစီဘီအေ ဖွဲ့စည်းပြီးနောက်၊ အသင်းပေါင်းနှစ်ထောင်အထိ တိုးတက်လာပုံ၊ ဆရာတော်ဦးဥတ္တမ ဟောပြောပုံ၊ ထောင်ကျပုံတို့အထိ မှတ်မိသမျှတို့ ပါဝင်သည်။ ဆွမ်းဘုဉ်းပေးချိန်သို့သာ မရောက်သေးလျှင် နေဝင်သည်အထိ ဟောဖြစ်ဖွယ်ရှိ၏။

★

www.facebook.com/NyisayEbookCreator
www.nyisay.com

# ၅

ဦးပဥ္စင်းကျိုင်းမှာ ဆွမ်းဘုဉ်းပေးပြီးနောက် အိမ်ပေါ်သို့တက်ကာ လဲလျောင်းစဉ် ဦးသောင်နှင့် မြေ၊ မောင်ဘဟန်တို့ ရောက်လာကြပြန်၏။ သူတို့နှင့်အတူ နောက်ထပ်လည်း လူသုံးယောက် ပါလာပြန်သေး၏။ သို့ဖြင့် ဝံသာနု တရားများ ဆက်လက်ဟောကြားဖြစ်ပြန်၏။

"သူကြီးကို ဘာမှ ကြောက်မနေနဲ့။ သူ့သေနတ်ကြီးနဲ့လည်း အကြောင်းမဲ့ မပစ်ရဲဘူး"

တိုက်နယ်အဖွဲ့ ဖွဲ့စည်းရေးသို့အရောက်တွင် ကြောက်ရွံ့မနေကြစေရန် ဦးပဥ္စင်းက သွေးထိုးပေးခြင်းဖြစ်၏။

"တခြားနည်းနဲ့ အမှုဆင်ရင်ကော ဘုရား"

"အကျိုးအကြောင်းရှင်းပြပြီး ပြန်တရားစွဲမှာပေါ့ မြေရ။ ရုံးပြင်ကနွားမသွားတတ်မှာ မပူနဲ့။ မင်းလှမြို့က ငါတို့အဖွဲ့မှာ ရှေ့နေတွေ ပွဲစားကြီးတွေ ပါသယ်။ အခမဲ့ လိုက်သင့်သူကို အခမဲ့လိုက်ပေးသေးသယ်"

www.facebook.com/NyisayEbookCreator
www.nyisay.com



"ဆရာတော် ဦးဥတ္တမ ဆိုတာကရောဘုရာ့"

စောစောက တရားတစ်ပွဲတွင် ပါသွားခဲ့ပြီးသော အမည်ကို ဦးသောင်းက မေးခြင်းဖြစ်၏။

"ရခိုင်အမျိုးသား ဘုန်းတော်ကြီးပါ ဒကာသောင်း။ ရခိုင်ဆိုသာ ကျုပ်တို့ မြန်မာလိုပဲ စကားရော ကိုးကွယ်သဲ့ဘာသာပါ အတူတူပဲ။ ရခိုင် ရိုးမ တောင်ကြီးခြားသွားလို့ လေသံနည်းနည်းကွဲသာ"

"ရခိုင်ပုဆိုးများ ရေထည့်လို့ရအောင် ကောင်းသယ်ဘုရာ့"

"ကောင်းရမှာပေါ့။ ကျုပ်တို့ မြန်မာတွေဟာ အစွမ်းအစမှာ သင်းတို့ ကုလားဖြူတွေထက် သာပါသယ်ဗျာ။ နိုးကြားမှု နည်းနည်းလေးနောက်ကျ သွားလို့၊ မညီညွတ်လို့ ကျွန်ဖြစ်ရသာပါ။ အဲသာကြောင့်လည်း ကျုပ်တို့ ဂိုဏ်းဘီအေကို ထောက်ခံသဲ့ သတင်းစာတွေမှာ လောကဓာတ်ပညာအကြောင်းတွေ ရေးပေးနေကြသာပေါ့"

"ဦးဥတ္တမကနေ ဘယ်ရောက်သွားသတုန်းဘုရား"

ဘဟန်က ကြားဖြတ်သတိပေးမှ ဦးဇင်းကျိုင်း ဟဲခနဲ ရယ်၏။

"ဟုတ်ပါရဲ့။ ကျုပ်ကလည်း ပြောချင်လောကြီးနေသကိုး။ ကျောင်းမှာ သတင်းစာတွေရှိသယ်၊ ယူပြီးဖတ်ကြစမ်းပါ" ဆိုပြီးမှ စကားဆက်၏။

"ဆရာတော်ဦးဥတ္တမဟာ အိန္ဒိယကွန်ဂရက်ကြီးမှာတောင် မင်ဘာ ဖြစ်ခဲ့ဖူးသာ နှယ်နှယ်မဟုတ်ဘူး။ ကမ္ဘာပေါ်မှာရှိသဲ့နိုင်ငံတွေကို အနှံ့ရောက်ဖူး သဲ့အတွက်၊ ကမ္ဘာမှာ ဥရောပတိုက်သားတွေသာ တော်သာတတ်သာမဟုတ်ဘူး။ ကျုပ်တို့နဲ့ ဘာသာတူ အာရှတိုက်သား ဂျပန်တွေလည်း လေယာဉ်ပျံတဝီဝီနဲ့ ပျံသန်းနိုင်တယ်။ ရေငုပ်သင်္ဘောတွေ၊ ပင်လယ်ကူးသင်္ဘောတွေ လုပ်တတ် သယ်ဆိုသာ မြင်လာသဲ့အတွက်၊ တရားပွဲတစ်ခုမှာ 'ဘုရင်ခံ ကရက်ဒေါက်၊ ငါတို့နိုင်ငံထဲက ထွက်သွား' လို့ အင်္ဂလိပ်လိုပြောသာ"

"အာဇာနည်ကိုယ်တော်ကြီးပါကလား"

www.facebook.com/NyisayEbookCreator
www.nyisay.com



"မဖမ်းဖူးလားဘုရား"

"ဥပဒေဘောင်ထဲက ပြောသာကလား။ ဒီမိုကရေစီစံနစ်အရ ပြောခွင့်ရှိသယ်လေ"

"စောစောကပြောသဲ့အထဲမှာ ကိုင်ဇာဘုရင်တို့၊ ဇာဘုရင်တို့လည်း ပါပါသေးသယ်ဘုရား"

ဘဟန်၏ အမေးဖြစ်သည်။

"အင်္ဂလိပ်လို ကုလားဖြူတွေပဲဒကာရဲ့။ ကိုင်ဇာဆိုသာက ဂျာမဏီ။ ဇာဘုရင်ဆိုသာက ရုရှ်ရုပ်။ အဲသည်ရုတ်ရုပ်ဆိုသာ အကျယ်ကြီးပဲ။ သာပေမယ့် ရုတ်ရုပ်နဲ့စာရင် အလွန်သေးငယ်သဲ့ ဂျပန်၊ အဲ... ဇာပန်ပေါ့လေ။ အဲသည် ဂျပန်နဲ့ ရုတ်ရုပ် စစ်ဖြစ်တာ ဂျပန်ကနိုင်သွားသယ်။ အဲသာကြောင့် ကျုပ်တို့ အာရှတိုက်သားတွေက ဥရောပတိုက်သား အင်္ဂလိပ်ကို ဘာမှ အရေးလုပ်စရာ မရှိဘူး"

တရားနာသူ ခြောက်ယောက်သာရှိသော ဝံသာနု တရားပွဲမှာ အရှိန်ကောင်းနေစဉ် အဖျက်တရားဝင်ရောက်လာ၏။ ဤသည်မှာ စည်တိုကို နှင်တံခေါင်းဖြင့် ခေါက်သောအသံဖြစ်၏။

မင်းလှသို့သွားရောက်ကာ ဆိုင်းပစ္စည်း ကိရိယာတန်ဆာပလာများကို နွားလှည်းဖြင့် တင်ဆောင်လာကြသည်။ သေတ္တာဖြင့် ထည့်၍ မရသော အရာများကို လှည်းရုံတိုင်၌ ချိတ်သည်။ လှည်းဦး၌ တင်သည်။ လှည်းဦး၌တင်သော ဗုံကြီးနှစ်လုံးအနက် ပတ်မကြီးမှာ ပတ်စာထည့် တီးရသဖြင့် လှည့်သမား မခေါက်။ စည်တိုမှာကား တုတ်ဖြင့် တအားနက်ရသော အရာ ဖြစ်သည့်အလျောက် လှည်းသမားက နှင်တံခေါင်းဖြင့်ခေါက်ကာ အသံပေးခြင်းဖြစ်၏။

စည်တိုသံကြားလျှင် တစ်ရွာလုံး လှုပ်လှုပ်ရွရွဖြစ်တော့သည်။

"ဆိုင်းလှည်းလာပြီဟေ့၊ ဆိုင်းလှည်း"

www.facebook.com/NyisayEbookCreator
www.nyisay.com


ကလေးလူရွယ်များ၊ လူလတ်များသည် မင်းလှသွား လှည်းလမ်းဘက်သို့ စုပြုပြေးထွက်လာကြ၏။ ပွဲလမ်းသဘင် ရှားပါးသောအရပ်ဖြစ်သဖြင့် အုန်းအုန်းကျွက်ကျွက် ပြေးထွက်ကြခြင်းဖြစ်၏။

ဦးပဥ္စင်းကျိုင်းသည် သင်္ကန်းကို လက်ကတော့ပြင်ထိုးရင်း "တရားဟောလို့တော့ ကောင်းပါရဲ့ဗျာ။ သို့သော်လည်း လူစုခွဲမှ တော်မယ် ထင်ပ" ဟု ဆို၏။

"နိဗ္ဗာန်ရောက်ကြောင်း တရားမဟုတ်ပေမယ့် နာရသာ မဝဘူး ဘုရား"

နောက်ထပ်ပါလာသူသုံးယောက်အနက် တစ်ယောက်က ပြောသည်။

"လောကီရေးရာတရားပေမယ့်၊ ဒါလည်း ကျွန်ဘဝက လွတ်လပ်ရေး တရားပဲ မဟုတ်လား"

"မှန်ပါသယ်ဘုရား။ တပည့်တော်တို့ကိုလည်း ဝံသာနုလို့ မှတ်ယူတော်မူပါဘုရား။ သူက စိန်မှတ်၊ တပည့်တော်က ထွန်းပြည့်၊ သူက ငွေခဲပါ ဘုရား။ တစ်ယောက်မှ သူကြီးလူ မပါပါဘူးဘုရား"

ဦးပဥ္စင်း ပြုံးသည်။

"သူကြီးလူ ပါလျှင်လည်း ဘုန်းကြီး မကြောက်ပါဘူး။ အခု ဘုန်းကြီးတို့ ဆွေးနွေးသဲ့အထဲမှာ ပြည်ပိုင် အစိုးရမင်းကို အကြည်ညိုပျက်အောင် ပြောသာ တစ်စွန်းတစ်စ မပါပါဘူး။ ထကြွပုန်ကန်ဖို့ ဟောသာလည်း မပါဘူး။ ဒကာတို့ မသိသေးသာတွေသိအောင်၊ မကြားဖူးသေးသာ ကြားဖူးအောင် အင်္ဂလိပ်ကို အထင်တကြီးနဲ့ ကြောက်မနေအောင် ဗဟုသုတ ပေးသာပဲ ရှိပါကလား"

"မှန်ပါဘုရား"

ဦးပဥ္စင်းသည် ဝံသာနုများ ပြန်သွားပြီးနောက် အတန်ကြာမှ အိမ်ပေါ်မှ ဆင်းလာသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com


အိမ်ရှေ့မျက်နှာစာတွင် လှူပင်လယ်ကြီးဝေနေသည်။ ခြံထောင့်တစ်နေရာတွင် သရက်ပျဉ်များကိုချကာ မသာသေတ္တာစပ်နေကြသည်။ မနီးမဝေးတွင် မသာချရာ၌ သုံးမည့် သုံးဆောင်တွဲ တလားလုပ်ရန် စပ်သမားတစ်စု ဝါးခွဲသူခွဲ၊ ကင်ပျစ်ချည်သူ ချည်နေကြ၏။

ဝင်းခြံ၏အပြင်မှာသော် လူတစ်စုဇာတ်စင်ဆောက်နေကြ၏။ ဇာတ်စင်ရှေ့တွင် ဆိုင်းပစ္စည်းသေတ္တာနှင့် ဗုံများကို ကလေးလူကြီး အထူးအဆန်းသဖွယ် အုံကြည့်နေကြသည်။

အိမ်၏ခြေရင်းဘက်တွင်ကား၊ ဖိုခုံလှောက် သုံးလုံးဆိုင် မီးဖိုကြီးများမှ မီးတောက်များ ဟိန်းဟိန်းထနေသည်။ မသာ့ဝေယျာဝစ္စလုပ်သူများ၊ ဆိုင်းသမား၊ ဇာတ်သမားများကိုကျွေးရန် ထမင်းဟင်း ချက်နေကြခြင်းဖြစ်သည်။

ဇာတ်စင်ရှေ့တွင် တိုးမပေါက်အောင်စည်ကားနေပြေား၊ အကြောင်းရင်းခံဖြစ်သော ကမ္ဘာ့ဒွာန်းကောင်အနီးတွင်ကား ဦးဝဲလင်မယားနှင့် ဒေါ်မင်းဘော်သာရှိသည်။

အိမ်ပေါ်မှဆင်းလာသော ဦးပဥ္စင်းကိုမြင်လျှင် မိန်းမတိုင်းသည် တဘက်ကို ပခုံးပေါ်တင်ပြီး ရှိခိုးကြ၏။

"ဦးဇင်း ကြွတော့မလားဘုရား"

"ကြွမှသင့်မယ်ထင်သယ် ဒကာမကြီး။ ငိုပွဲကို ရယ်ပွဲလုပ်သာတယ်ပြီး ကြည့်ရမြင်ရ မကောင်းဘူးလေ"

"အများဆန္ဒကိုးဘုရား" ဟု ဦးဝဲက ပြောသည်။ ဒေါ်မင်းဘော်ကလည်း "ရေနံချောင်းနဲ့ မန္တလေးကို ကြေးကြိုးရိုက်လိုက်သတဲ့ ဘုရား"ဟု လျှောက်သည်။

"ကြေးကြိုးရောက်လို့ လာနိုင်ရင် ကောင်းသာပေါ့လေ"

"ညဦးလည်း ကြွခဲ့ပါဦးဘုရား"

"မကြွတော့ဘူး စိတ်ကူးသယ် ဒကာမကြီး။ ကဲ ကဲ"

www.facebook.com/NyisayEbookCreator
www.nyisay.com


ဦးပဥ္စင်းသည် တစ်စုံတစ်ရာ မှာကြားရန် စကားစပြီးမှ ဆက်မပြော တော့ဘဲ ထွက်ခွာသွားလေ၏။

ဆိုင်းဝိုင်း၏ပန်းပြားများကို ဟသ်ာပြဒါး မသုတ်ပါ။ အ မင်္ဂလာ ပွဲတွင် တီးမည့်ဆိုင်းဖြစ်သဖြင့် စစ်စေး (သစ်စေး) သာ သုတ်ထားသည်။ ပတ်မနှင့် စခွဲ့ကအစ မျက်နှာဝကို သစ်စေးအပြည့်လိမ်းထားသည်။ ဤအမြင်မလှသော အရာကြီးကိုပင် အထူးအဆန်းအဖြစ် အုံကြည့်နေ ကြသည်။

မင်းသားမင်းသမီး ရောက်လာပြန်သောအခါတွင်မူ ကာလသား ခေါင်းချည်း မထိန်းနိုင်တော့ပါ။ ရွာခေါင်း ဆယ်အိမ်ခေါင်းများပါ ဝင်ရောက် ထိန်းရတော့သည်။ မထိန်း၍လည်း မဖြစ်။ မင်းသားမင်းသမီးမှာ ထမင်း သော်မျှ ဖြောင့်ဖြောင့်မစားရ။ အပေါ့အပါးသော်မျှ လွတ်လွတ်လပ်လပ် သွားခွင့်မရသောကြောင့် ဖြစ်ပေသည်။

ပတ်မ 'တုတ်' ပြီ။

ပို၍ မြည်အောင် မထုရဘဲလျက် ပတ်မ 'တုတ်' သံသည် ခရီး တစ်သောင်းခန့်ပြေးသည်။ ကြားရသူတို့ကလည်း ပတ်မသံကို ကြားခါမျှဖြင့် ဤပတ်မသံကား တုံးလုံးပွဲပေတည်းဟု အတတ်သိ၏။

နေမဝင်မီကပင် လှည်းတွေ ခြေကျင်တွေ လာကြပြီ။

ရွာခေါင်းနှင့် ဆယ်အိမ်ခေါင်းများက ရွာအဝင်မှစောင့်ကြိုပြီး ဓားတွေ၊ တုတ်တွေကိုသိမ်းသည်။ ဓားကောင်းပါသူများမူ ဓားကို နှမြောသောကြောင့် ပြန်သွားကြသည်။

လှည်းတွေကို ပွဲခင်းတွင် မချွတ်ရ။ လွတ်ရာ အိမ်ဝိုင်းများတွင်သာ ချွတ်ရသည်။ ရွာလယ်လမ်းတွင် ပွဲကြည့်ပရိသတ်ကြီး တဖြည်းဖြည်း ပြည့်လာသည်။ ဇာတ်စင်ကို မြင်သာသော အိမ်များပေါ်တွင်လည်း ရွာထဲက လူနှင့် ဝေးနီးမိတ်ဆွေများ ပြည့်နေပြီ။

www.facebook.com/NyisayEbookCreator
www.nyisay.com



ပွဲဦးနတ်ကတော် ထွက်လျှင်ထွက်ချင်း၊ အုတ်အုတ်ကျက်ကျက် အသံကြီး ပျောက်သွားပြီ။ ကြေးသံ၊ ပတ်သံနှင့် နဲ့သံသာ ဖုံးသည်။

မူရင်း အသုဘဘေးတွင်ကား ဦးဝဲလင်မယားနှင့် ဒေါ်မင်းဘော်သာ ရှိသည်။ သမီးရင်းဖြစ်သော မိရီးနှင့် ကလေးများ၊ ကျားမနိုင်တို့ သားအမိ တစ်တွေပင် သူကြီးကုတင်ဘေး နေရာကောင်းရှိကွပ်ပျစ်တွင် ရောက်နေကြပြီ။

သူကြီးဦးငပွေးနှင့် မိသားစု၊ တပည့်တပန်းများသည် ကုတင်ပေါ်၌ ခေါင်းတထောင်ထောင် ရှိကြ၏။ သူကြီး၏နောက်လိုက် ဆယ်အိမ်ခေါင်း သည် နှစ်လုံးပြူးကြီးကိုထမ်းလျက် ပွဲခင်းကို မျက်စိကစားနေ၏။

နတ်ကတော် ဝင်သွားပြီ။

ညှော်ခံဆိုင်းမှ ငိုပွဲကို ရယ်ပွဲလုပ်ထားသဖြင့် အသုဘသညာ အသုဘ နိမိတ်ကို မေ့လျော့မထားရန် စကားပြေတစ်လှည့်၊ တေးချင်းတစ်ကြော့ဖြင့် ညှော်ခံနေစဉ် ထောင်းခနဲ အပုပ်နံ့ကြီး ထွက်လာ၏။

ပရိသတ်ကြီး ဝုန်းခနဲ ထ၏။

"သရဲ သရဲ သရဲချောက်သာ"

"ဘုရားဒကာကြီး မကျွတ်ဘူး။ သရဲအဖြစ်နဲ့ ပွဲလာကြည့်သာ"

ကလေးဆွဲပြီး ပြေးသူပြေး၊ ထိုင်နေသူများကို တက်နင်းသူနင်း အထိတ်တလန့်ပြေးကြသည်။

ကုတင်ပေါ်တွင် သူကြီး မားမားကြီးရပ်၏။

"ဟေ့ ငြိမ်ကြစမ်း"

သူ့အသံသည် ပါးစပ်ပေါက်သောင်းကျော်ကို ပိတ်စေစွမ်းမရှိ။နှစ်လုံး ပြူးထဲသို့ ယမ်းတောင့် တစ်တောင့်ထည့်ကာ လေထဲသို့ ထောင်ဖောက်၏။ ပြောင်းဝမှ စက္ကူစတွေ ဖွားခနဲစင်ထွက်၏။ ကျွက်စီကျွက်စီအသံများ တိခနဲ ပျောက်၏။ ချက်ချင်း ငြိမ်ဝပ်၏။

"ဘာသရဲမှ မဟုတ်ဘူး။ အလောင်းကို ကျပ်စည်းဖို့ ရင်ခွဲသာ။

www.facebook.com/NyisayEbookCreator
www.nyisay.com


ငြိမ်ငြိမ်ကြည့်ကြ။ တစ်ချက်လှုပ်သာနဲ့ ထိတ်တုံးထဲ ဖမ်းထည့်မယ်။ ဟော့ ဆိုင်းသမား၊ ဆက်တီး"

ပရိသတ်သည် တုတ်တုတ်မျှ မလှုပ်တော့ချေ။ ဆိုင်းသံ ပြန်လည် ပေါ်လာသည်။ သို့ရာတွင် သူကြီးကုတင်နှင့် ဝါးတစ်ရိုက်ကွာတွင် စောင်ခြုံ ကိုယ်စီဖြင့်ထိုင်နေသော လူတစ်စုကား သေနတ်ကို သူကြီး လှမ်းယူ ကတည်းက မျက်တောင်မခတ်ဘဲ ကြည့်နေခဲ့ကြ၏။ သေနတ်မောင်းချိုးပုံ ယမ်းတောင့်ထည့်ပုံကအစ အသေးစိတ် မှတ်သားထားကြ၏။

"သူ့သေနတ်ပြောင်းက အရှည်ကြီးကွ။ အနားဝင်ကပ်ရင် သူ့ သေနတ် ဘာမှ မတတ်နိုင်ဘူး"

အသက်လေးဆယ်ရွယ်လူက တီးတိုးပြောသည်။

"ဟုတ်သဗျာ့။ အနားဝင်ပူးပြီး ဓားနဲ့ခုတ်လိုက်ရရင် သင်းလည်းသေ၊ သေနတ်လည်းရ"

"တော်တော့၊ ကြမ်းကြားလေကြား"

ထောင်းခနဲ ထလာသော ဆိုးရွားသည့် အပုပ်နံ့ကြီးမှာ သူကြီး ပြော သကဲ့သို့ ရင်ခွဲခြင်းဖြစ်၏။ ဘုရားဒါယကာ သွေးသောက်ကြီးမှာ နာတာရှည် လူမမာ မဟုတ်သောကြောင့် ဝဝဖြိုးဖြိုးကြီးဖြစ်သည်။ သို့အတွက် ညနေ စောင်းသည်နှင့် အပုပ်နံ့ထွက်စပြုပြီ။

မန္တလေးရှိ ချွေးမနှင့် မြေး၊ ရေနံချောင်းရှိသမီးတို့ ရောက်သည်အထိ လည်း စောင့်ဦးမည်။ သည်မှာလည်း အနံ့ထွက်နေပြီ။ မကြာမီ အပုပ်ရည် တွေ ထွက်လာတော့မည်။ သူမကိုင်ချင် ငါမကိုင်ချင်ဖြစ်မည်။

ထိုသို့ မဖြစ်စေရန် ရင်ခွဲပြီး ဝမ်းတွင်းသားတွေကို ထုတ်ပစ်ရသည်။ ကျန်သောအကောင်ကိုလည်းပုပ်ပွမလာနိုင်စေရန်ကျပ်စည်းသည်။ ပါးစပ် ထဲသို့ ယမ်းစိမ်းထည့်သည်။ ကျပ်အပြင်တွင် ဖွဲပြာ၊ ကောက်ရိုးပြာများ ခံထားသည်။

www.facebook.com/NyisayEbookCreator
www.nyisay.com



ထိုအစီအမံဖြင့် ခေါင်းသွင်းလိုက်သောအခါ ဘုရားဒါယကာ သွေးသောက်ကြီးမှာ မှတ်မိစရာဟူ၍ မျက်နှာသာကျန်တော့၏။ အောက်ပိုင်းတစ်ပိုင်းလုံး ကျပ်စည်းခံရကာ ပြာဖုံးနေပြီ။

ဦးပဥ္စင်းကျိုင်းကား အသုဘအိမ်သို့ ရောက်မလာတော့ပါ။ သို့တစေစိတ်ညစ်ပြီး ကျောင်းပေါ်၌ အိပ်မနေပါ။ သူမလာသောကြောင့် သူ့ထံသို့ လူသုံးကျိပ်ရောက်သွားသည်။ ညောင်ပင်စောက်၊ ဆပ်ပြာကျင်း၊ ဆင်မာန်၊ တားမကောက်၊ မင်းပြေးရွာမှ လူများဖြစ်ကြသည်။ သူတို့ကို ဦးဆောင်ခေါ်ငင်သွားသူများကား ဦးသောင်နှင့် ဘဟန်၊ ငမြ၊ စိန်မှတ်၊ ထွန်းပြည့်၊ ငွေခဲတို့ပေတည်း။

သူကြီး၏ သေနတ်မှ သေနတ်သံ ထိန်းခနဲ မြည်ဟိန်းချိန်သည် သွေးသောက်စုတိုက်နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်းကို အောင်မြင်စွာဖွဲ့စည်းလိုက်ချိန်ပေတည်း။ ထိုအသင်းတွင် ဥက္ကဋ္ဌအဖြစ် သွေးသောက်စုဆရာတော် ဦးသာသန၊ အကျိုးဆောင် ဦးကေလာသဖြစ်ရာ၊ ဥက္ကဋ္ဌ၏ဘွဲ့တော်မှာ ဆင်သေရွာမှ ဘုန်းကြီးဗိုလ် ဦးသာသနနှင့်တူနေသည့်အတွက် နိမိတ်ကောင်းယူပြီး ဝမ်းသာနေကြလေ၏။

"အသင်း ဖွဲ့စည်းပြီးရုံနဲ့ မပြီးသေးဘူး ဝံသာနုတို့။ အသင်းလူကြီးလုပ်ဖို့ သည်အသင်းကြီးကို ငါတို့ဖွဲ့သာမဟုတ်ဘူး။ မြေတိုင်းစာရေး၊ ပုလိပ်၊ သူကြီးဆိုတာတွေ လုပ်သမျှကို မပြောရဲမဆိုရဲဘဲ ငုံ့ခံနေရသဲ့ဘဝက လွတ်အောင် ညီညွတ်ကြရမယ်။ အသင်းသားတွေ တိုးပွားအောင် ဆော်ဩရမယ်။ အဆုံးတစ်နေ့မှာ အမျိုးဘာသာသာသနာတော်ကြီး ကြီးပွားတိုးတက်ရေးအတွက် လမ်းစဖြစ်သဲ့ ကိုယ်ပိုင်အုပ်ချုပ်ရေး ဟုမ္မရူး ရသည်အထိ ဆောင်ရွက်သွားကြရမယ်"

ဆရာတော်၏ ဩဝါဒတွင် နစ်မြုပ်နေသဖြင့် ကျောင်းပေါ်သို့ လူတစ်စုတက်လာသည်ကို တံခါးစောင့်များ မတားဆီးမိ။ "ဒါ.... ဒါ....

www.facebook.com/NyisayEbookCreator
www.nyisay.com



အင်္ဂလိပ်အစိုးရမင်းကို ပုန်ကန်ဖို့ တိုင်ပင်နေကြသာ မဟုတ်လား" မေးသံပေါ်လာတော့မှ အစောင့်များ အသက်ဝင်လာ၏။

ဝင်လာသူများ၏ဦးဆောင်ခေါင်းရွက်မှာ တောကျော်။ သွေးသောက်စုရှာသူကြီး ဦးငပွေး၏ သားအငယ်ကောင်ဖြစ်၏။

"ဟဲ့ကောင်၊ နင်ဘာကောင်တုန်း၊ ဆင်းသွားစမ်း"

ကိုရင်ကြီးသည် တံမြက်စည်းဆွဲလျက် ထလာသည်။

"ဟဲ့ ဘယ်သူတုန်း၊ လာပေ့စေ လာပေ့စေ"

ဆရာတော် လှမ်းအော်သဖြင့် တောကျော်နှင့် နောက်ပါနှစ်ယောက်တို့သည် အစည်းအဝေး ပရိသတ်ဘေးသို့ ရောက်လာကြ၏။

"ဟဲ့ နင် ငပွေးသား မဟုတ်လား"

ဆရာတော်သည် နှာခေါင်းရှုံ့သည်းခံလျက် မေး၏။

"ကိုယ်တော် သူပုန်ထဖို့ စည်းဝေးနေသာ မဟုတ်လား"

"သူကြီးသားဆိုပြီး မိုက်မိုက်ရိုင်းရိုင်းတွေ လာပြောမနေနဲ့ကွာ၊ ထွက်သွား ထွက်သွား"

မင်းပြေးရွာသား ဝံသာနုတစ်ဦးက ထရပ်ပြီး၊ ခြေဖြင့်ကန်မည်ရွယ်သဖြင့် "ဟဲ့ဟဲ့ ထိုင်စမ်း" ဟု ဆရာတော်က လှမ်းတား၏။ ထိုဝံသာနုထိုင်သွားမှ ဆရာတော်က အမိန့်ရှိ၏။

"ငပွေးရဲ့သား နင့်နာမည်ဘယ်သူ"

"တောကျော်"

"ငါတို့ဟာ ကုလားမင်းကို လက်နက်ကိုင်ပုန်ကန်ဖို့ စည်းဝေးနေကြသာမဟုတ်ဘူး တောကျော်။ မိမိတို့ တောသူတောင်သား လယ်သမားတွေရဲ့ နစ်နာချက်တွေကို တရားဥပဒေအတွင်းက အေးချမ်းစွာ ပြောပြတောင်းဆိုဖို့၊ အမျိုးဘာသာ သာသနာကြီးပွားဖို့ ဗုဒ္ဓဘာသာ ကလျာဏယုဝအသင်းကြီးကို ဖွဲ့စည်းသာကွယ့်"

www.facebook.com/NyisayEbookCreator
www.nyisay.com



"ဘာတွေ နစ်နာသတုန်း၊ တပည့်တော် လုပ်ပေးမယ်"

"အံမာ ကကြီးကို ပုတ်လောက်ရေးပြလို့မှ ထင်းတစ်ချောင်း မခွေတတ်သဲ့ လူကများ"

ဓားမကောက်ရှာသား ဝံသာနုတစ်ဦးက ငေါက်ငမ်း၏။ ထိုသူအား ဆရာတော်က လက်ဝါးကာပြ၏။

"တောကျော် သေသေချာချာ နားထောင်ကွယ့်။ မင်းတို့ ငါတို့ဟာ သူတစ်ပါးရဲ့ ကျွန်တွေချည်းပဲ။ ကျွန်အချင်းချင်း ရန်မလိုပါနဲ့လေ။ ကျွန်အချင်းချင်း စည်းလုံးညီညွတ်မှသာ၊ သူတစ်ပါးလက်အောက် ကျွန်သားပေါက်ဘဝက လွတ်မြောက်မယ်ကွယ့်"

"ဒါ.... ဒါ.... သူပုန်ထသဲ့စကားပဲ။ အားလုံး ဖမ်းသယ်"

ရပ်ထဲရွာထဲတွင် မည်မျှဆိုးသွမ်းနေသူဖြစ်စေ၊ မည်မျှဂုဏ်ဒြပ်ကြီးမားနေသူဖြစ်စေကာမူ ကျေးလက် ယဉ်ကျေးမှုအရ ငယ်ဆရာဘုန်းကြီးကို ကြောက်ရွံ့ရိုသေကြ၏။ သားမြေးရသည့် အရွယ်တိုင်စေကာမူ ဆရာဘုန်းကြီးဟု ကြားလိုက်လျှင် ငြိမ်ဝပ်သွား၏။

တောကျော်သော်ကား၊ ကြောက်ရွံ့ရန် မသိ။ ရိုလည်း မရိုသေချေ။ အကြောင်းမူ သူသည် ဘုန်းကြီးကျောင်း မနေခဲ့ရ၍ဖြစ်သည်။ ဘုန်းကြီးကျောင်းမနေခဲ့ရသည့်နည်းတူ မိုးနတ်ကုန်းရှိ လူကျောင်းတွင်လည်း သင်ပုန်းကြီး ကုန်ရုံမျှသာ နေခဲ့သဖြင့် မယဉ်ကျေးချေ။

မယဉ်ကျေးသဖြင့် ရိုင်းစိုင်းသည်။သည်ရိုင်းစိုင်းမှုကို ဥက္ကဋ္ဌဆရာတော်သည်းခံနိုင်ငြား၊ ညောင်ပင်စောက်ရွာသား ဝံသာနုကြီး မခံနိုင်ပြီ။ ဝုန်းခနဲ ထသည်။

"ဖမ်းကွာ ဖမ်း ဖမ်း"

လက်ထိပ်အခတ်ခံဟန် လက်နှစ်ဖက်ပူးပြီး၊ တောကျော်၏ရှေ့သို့ တိုးကပ်သွားသည်။ ဦးပဥ္စင်းကျိုင်းက အကြမ်းဖက်တော့မည့် သဘော

www.facebook.com/NyisayEbookCreator
www.nyisay.com



သကန်ကို ရိပ်မိသဖြင့် ဖမ်းဆွဲသည်။

"မဟာတ္တမ ဂန္ဓိကြီးရဲ့ သစ္စာပြုဟန်သည်းအတိုင်း အကြမ်းမဖက် အနုသက်သက် ဆောင်ရွက်ရမယ်လေ ဒကာဝင်းရဲ့။ အကြမ်းဖက်လိုက်တာနဲ့ တစ်ပြိုင်နက်တည်း သူတို့အကြိုက် ဖြစ်သွားမယ်၊ သတိထားမှပေါ့"

ဦးဝင်းကိုဆွဲထားရာက "ကဲ ကဲ သွားပါတော့ ဒကာရယ်။ ငါတို့ဟာ အကြမ်းမဖက် အနုသက်သက် ဆောင်ရွက်ဖို့ စည်းဝေးနေကြတာပါ" ဟု တောကျော်ကိုပါ တစ်ဆက်တည်း လှမ်းပြောသည်။

"သိမယ်၊ ဘုန်းကြီးတွေပါ ထောင်ချပစ်မယ်"

တောကျော် ထသည်။ သူ့နောက်လိုက်များလည်း ဒယီးဒယိုင် ထကြသည်။ ဆရာတော်သည် လှေကားစောင့် တံခါးစောင့်များ၏ လက်ချက်ဖြင့် တောကျော်တို့ ဒကာ္ခရောက်မည်စိုးသဖြင့် ပရိဝုဏ်အပြင်သို့ ရောက်သည်အထိ လိုက်ပို့ပေးသည်။

(ပဉ္စမတွဲ ပြီးပါပြီ။)

NYI SAY
MYANMAR EBOOK CREATOR

# ရေမင်းတစ်ကောင်

[ပဌမတွဲ]

ဆင်ဖြူကျွန်းအောင်သိန်း

